# အမေ

ဗန်းမော်တင်အောင်



မြန္မာစာအုပ် - ၄၆ -

# ဗန်းမော်တင်အောင်

# အမေ

[ ထုတ်ဝေကာလ
ဇူလိုင်လ၊ ၂၀၁၃။ ]

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးမြင့်ဦး (ရွှေကျေးစာပေ) ( မြဲ ၀၉၁၀)၊ အမှတ်(၁၂၆)၊ ၃၄ လမ်း၊ ကျောက်တံတား။ ပုံနှိပ်သူ– ဦးမြင့်ဦး (သိန်းသန်းဦးပုံနှိပ်တိုက်)၊ အမှတ်(၁၂၁)၊ ၃၄–လမ်း၊ ကျောက်တံတား၊ ကွန်ပျူတာ–မြန်န္တာ၊ မျက်နှာဖုံး – မှတ်သုံ ။

●

| | | |
|---|---|---|
| အကြိမ် | – | တတိယအကြိမ် |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | 2000 |

ဝန်းမောင်တင်အောင် – ၈၉၅ .၈၃

အမေ /ဝန်းမော်တင်အောင်။ –ရန်ကုန်၊ ရွှေကျေးစာပေ၊ ၂၀၁၃။

၁၉၈–စာ၊ ၁၃.၅×၂၀.၅ စင်တီ။

(၁) အမေ

ဖြန့်ချိရေး

မြန်န္တာစာအုပ်တိုက် – အမှတ် ၃၃/၄၉၊ Shine Condo၊ ၇–လွှာ၊ ဘဏ်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၈၇၁၉၃

## မာတိကာ


| | | |
|---|---|---|
| အခန်း (၁) | မောင်ရိုပ်နှင့် နောက်ဖေးလမ်းကြားဝယ် | ၁ |
| အခန်း (၂) | အငြင်းပယ်ခံတို့၏လောက | ၂၇ |
| အခန်း (၃) | ပြည်သူ့အာထာသစ် | ၄၅ |
| အခန်း (၄) | တောရွာနှင့်မြို့တော် | ၇၅ |
| အခန်း (၅) | တစ်ခုသောဘဝနှင့် ငြိမ်း | ၉၉ |
| အခန်း (၆) | အမျိုးသားရေးနှင့်မုန်တိုင်းပြင်ဝယ် | ၁၁၅ |
| အခန်း (၇) | ဖက်ဆစ်တော်လှန်ရေး ထို့နောက် | ၁၄၃ |
| အခန်း (၈) | သစ္စာဖောက်လွတ်လပ်ရေး | ၁၆၅ |
| အခန်း (၉) | ချစ်လှစွာသောအမေ | ၁၇၉ |

## ရည်ညွှန်းချက်

ဗမာ့တစ်မျိုးသားလုံး၏ လွတ်မြောက်ရေးအတွက် တိုက်ခိုက်ခဲ့ကြသော
လင်၊ သား၊ မောင်ဖွားများ၏
နောက်ပိုင်းတွင် ဖြစ်သလို ကြုံဖန်နေ၍ အငတ်ငတ် အပြတ်ပြတ် နှင့်
ကူညီကာ အမျိုးမျိုးပါရမီ ဖြည့်ခဲ့ကြရှာသော
**ဗမာ အမျိုးသမီးများအား**
ဤအမေဝတ္ထုဖြင့် ရိုသေလေးမြတ်စွာ ဦးညွှတ်ဂုဏ်ပြုပါ၏။

**ဗန်းမော်တင်အောင်**

# မောင်ရိပ်နှင့် နောက်ဖေးလမ်းကြားဝယ်

(က)

အပြင်ပန်းနှင့် အပေါ်ယံကြောက စိန်ရွှေပိုးဖဲများ မော်တော်ကားသစ်ကြီးများနှင့် ဖိတ်ဖိတ်တောက်လှပ၍ ဝင့်ဝါမောက်မာနေသည့် မြို့တော်ရန်ကုန်၏ မြောင်းပုတ်နံ့များ မိလ္လာနံ့များနှင့် ညစ်ပတ်ပေရေ လိမ်းကျံကာပုတ်သိုး၍ ဟောင်စော်နံလှသည့် တစ်ခုသော နောက်ဖေးလမ်းကြားကလေးထဲသို့ ဈေးတောင်းကိုခေါင်းရွက်၍ အမေသည် ပင်ပန်းနွမ်းရိစွာ ချည့်နဲ့ချည့်နဲ့နှင့် ဝင်၍လာ၏။

ဘေးမှတစ်ယောက်သော လူအတွက်ပင် အမေက ကြည့်ရမြင်ရခြင်း၌ စိတ်ညစ်ညူးပင်ပန်းစရာဖြစ်နေ၏။

နေ့ရှိသ၍ နေပူပူမိုးရွာရွာ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးမရွေး တစ်နေကုန်တစ်နေခန်း ဈေးတောင်းကိုခေါင်းရွက်၍ အလုပ်ရုံစက်ရုံများအနံ့အပြားနှင့် ဆင်းရဲသား အလုပ်သမားများနေထိုင်ရာ နောက်ဖေးလမ်းကြိုလမ်းကြားများ၌ တလှုပ်လှုပ်နှင့် လိုက်လံ၍ ပဲပြုတ်နှင့် ကောက်ညှင်းပေါင်းများကို အော်ဟစ်ရောင်းချရင်း မငြိမ်းနိုင်သေး၍ ဆက်နေရသော အသက်မီးအတွက် အမေသည်အသက်ရှင်နေရသော တစ်နေ့တာ၏ ကုန်ဆုံးချိန်၌ ယခုကဲ့သို့ ခြေကုန်လက်ပန်းကျ၍ မောဟိုက်နွမ်းနယ်စွာနှင့် မိမိအသိုက်တည်ရှိရာ နောက်ဖေးလမ်းကြားထဲသို့ ပြန်လာရသည်သာဖြစ်လေ၏။ နေလောင်မိုးပက်ခြင်းများကို ဖန်တရာတေခံရဖန်များသော အမေ၏မျက်နှာသည် ညှိုးနွမ်းမည်းခြောက်နေ၍ အသက်အရွယ်နှင့် မမျှသော အားခွန်ကိုရုန်းကန်စိုက်ထုတ်နေရတုန်းလည်း ဖြစ်သောကြောင့် အိုစာကျဆင်းနေ၏။ လန်းဆန်းနုပျိုခြင်းများနှင့် သွက်လက်ကြည်လင်ခြင်းများတို့သည် နှုတ်ပင်မဆက်ခဲ့ကြတော့ဘဲ အမေ့ထံပါးမှ ထွက်ခွာသွားကြသည်မှာ ကြာပဲကြာလှချေပါပကော။

မြန်နန္ဒာစာအုပ်တိုက်

ယခုအခါဝယ် အမေသည် အသက်ငါးဆယ်ပင်ကျော်လွန်လာခဲ့ပြီဖြစ်၍ လူ့အသက်ကလေးတစ်ချောင်းရှင်နိုင်ပါမည့်အရေးအတွက် သဘာဝနှင့် နင်လားငါလားရုန်းကန်တိုက်ခိုက်ရခြင်း၌ ရှေးငယ်ရွယ်နုပျိုစဉ်ကာလများတုန်းကကဲ့သို့ ခံနိုင်စွမ်းရည်သည်ကား မရှိလှတော့။ အသားအရည်များ လျော့ပါးခန်းခြောက်၍ နားနှင့်မျက်စိတို့သည်လည်း ထိုင်းမှိုင်းမွဲတေကြလေပြီဖြစ်၏။ ခန္ဓာကိုယ်ကို သယ်ဆောင်လှုပ်ရှားပေးကြသောခြေနှင့်လက်တို့သည်ပင်လည်း အကြောအခြင်များဆိုင်း၍ တုန်ယင်စပြုကြလေပြီဖြစ်၏။ ငါးဆယ်ကျော်သောအရွယ်သည် တစ်နေ့လျှင်သုံးကြိမ်မျှ သချိုင်းကုန်းအားမျက်စောင်းထိုးနေသည်ဟု ဆိုရိုးစကားသည်ရှိသော်လည်း ဇရာထောင်း၍ ငါးဆယ်ကျော်လွန်လာပြီဖြစ်သော အမေ့အတွက် ဆယ့်လေးငါးနှစ်သမီးအရွယ်မှစ၍ လုပ်လာခဲ့ရသောအလုပ်သည် ပြီးဆုံးခြင်းသို့ပင် မရောက်နိုင်သေးတော့။ ထိုအလုပ်သည် ပြီးဆုံးခြင်းသို့မှပင် ရောက်ပါဦးတော့မည်လောဟု ပင်ပန်းသောကာလများ၌ အမေကနာကျင်စွာတွေးကြည့်တတ်လေသည်။ သို့ရာတွင် အမေ၌တွေးကြည့်နေရန်အချိန်များများမရှိလှ၊ ခုလုပ်မှခုစားရသောဘဝ၊ အရိုးများသလေးချေးခါးသလေး လုပ်နေ၍မဖြစ်သေး။ ခုမနက်ကပင် ကြည့်လိုက်ပါဦး။ မိုးရွာနေသည့်အကြားက ဈေးတောင်းကိုခေါင်းရွက်၍ ထွက်လာခဲ့ရသည် မဟုတ်လော။ တစ်ကိုယ်လုံးလည်း ရွဲရွဲစို၍ ခိုက်ခိုက်တုန်တုန်နှင့်ပင် သွားလာရောင်းချခဲ့ရ၏။ မွန်းတည့်လောက်တွင်မိုးစဲ၍ နေသည်သာလာ၏။ နှစ်ချက်တီးလောက်၌ နေသည်ချစ်ချစ်တောက်ပူလာ၏။ နေချစ်ချစ်တောက်ပူလောင်နေသည့်အောက်၌လည်း အမေသည် "ပဲပြုတ် ... ကောက်ညှင်းပေါင်း" ဟူ၍ အော်ဟစ်ခဲ့ရ၏။ နေပူသောအခါ အမေ၏ဘဝသည် အခြောက်ဖြစ်၍ မိုးရွာသောကာလ၌ အစိုပြန်လေသည်။ အမေ့အတွက် အပူအအေးမရှိ။ ဥတုသုံးပါးဆိုသည်မှာလည်းမရှိ။ အမေ့အတွက်ဈေးတောင်းခေါင်းရွက်ရခြင်းသာရှိ၏။ ဒါသည်ပင် အမေ့အလုပ်ဖြစ်၏။ ဒါသည်ပင် အမေ့ဘဝလော။

မှောင်ရိပ်များယှက်ဖြာရောက်နေသော နောက်ဖေးလမ်းကြားကလေးထဲသို့ စမ်းတဝါးဝါးနှင့် တစ်လှမ်းချင်း အမေသည်လှုပ်လှုပ်ဝင်၍လာလေသည်။ ကာလ များမကြာမီ လူတို့၏ယဉ်ကျေးမှုနှင့် အားစိုက်ကြိုးပမ်းမှုများကို ဟုန်းဟုန်းတောက်လောင် ကျွမ်း၍ ပျက်စီးခဲ့ရသောစစ်မီး၏ အမွေအနှစ်အဖြစ်နှင့်သာ ကျန်ရစ်ခဲ့သည့် တိုက်အို တိုက်ပျက်ကြီးများသည် တစ္ဆေပြင်မှအရိုးစုကြီးများသဖွယ် ၎င်းတို့၏အကြား၌ တလှုပ်လှုပ်တိုးဝင်နေသော အမေ့ကို မတုန်မလှုပ်ကြည့်နေကြသကဲ့သို့ ထင်မှတ်ရ၏။ မျက်စိကမွဲသောကြောင့် လမ်းစကိုမနည်းပင် စမ်းသပ်ကြည့်၍ သွားနေရသဖြင့် တစ္ဆေ ပြင်မှအရိုးစုများကို အမေသည် သတိထားရှိပုံမရ၊ အားစိုက်၍သာရှေ့သို့သွားနေရှာ၏။ ထို့ကြောင့် အမေ

သည် ရေမြောင်းကလေးတစ်ခုကို စမ်းတဝါးဝါးနှင့်ဖြတ်၍ လှမ်းကျော်ရာ၌ မြောင်းကလေးထဲသို့ ခြေတစ်ဖက်သည် ချော်၍ကျသွားလေသည်။

"အလိုလေး မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ"ဟု အမေ့ပါးစပ်မှ ပေါ့ပါးစွာ ယောင်ယမ်းလိုက်၏။ သိတတ်လာခဲ့သော အသက်အရွယ်မှစ၍ အမေကသာသိ၍ အမေကသာချဉ်းကပ်ကိုးကွယ် ဝတ်ပြုနေခဲ့ရသည့်တိုင်အောင် ယခုထက်တိုင် အမေ၏ဖူးမြော်မာန်လျှော့ကန်တော့သံကို နားမညောင်းနိုင်သေးသော မြတ်ရှင်တော်အား အမေသည်မြည်တမ်းဟစ်ခေါ်နေရှာ၏။

ဗိုက်ပူနံကားနှင့် အသားအရေဖြူဖပ်ဖြူရော် ကလေးနှစ်ယောက်သည် တစ်ခုသော လေမလုံမိုးမလုံတင်းကုပ်ရှေ့ မြေကြီးပေါ်တွင် ဆော့ကစားနေကြရာမှ အမေကမမြင်မကန်းနှင့် မြောင်းထဲသို့ခြေချော်ကျခြင်းကို လှမ်း၍ရယ်မောလိုက်ကြလေသည်။ ကလေးများတို့သည် မသိရှာကြသေးသောကြောင့် အမေ၏ဆင်းရဲဒုက္ခကို ရယ်မောစရာကဲ့သို့မြင်ကြရှာ၏။ ထို့ကြောင့် သူတို့သည် မသိမိုက်မဲစွာဖြင့် ရယ်မောပျော်ရွှင်လိုက်ကြခြင်းပင်ဖြစ်တန်ရာ၏။ သို့ရာတွင် ရန်ကုန်မြို့၏မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားများ၏ရလဒ်ဖြစ်သော ထိုကလေးနှစ်ယောက်၏ ပျော်ရွှင်ရယ်မောသံသည် စာသင်ကျောင်းမှ ခေါင်းလောင်းထိုးသံကဲ့သို့ သာယာစွာထွက်ပေါ်၍မလာဘဲ သင်္ချိုင်းကုန်းမှ သုဘရာဇာ၏တလားခေါက်သံကဲ့သို့ ကြားရ၏။ နောက်သားစဉ်တစ်ဆက်၏ ဖခင်လောင်းလျာဖြစ်ရမည့် ထိုနောက်ဖေးလမ်းကြားထဲမှ ကလေးများသည် အဘယ်ကဲ့သို့ လူဖြစ်ကြီးပြင်း၍ လူဖြစ်ကြီးပြင်းသောကာလ၌ အဘယ်ကဲ့သို့သော သားသမီးများကို မြေကြီးအားပေးအပ်ကြပါမည်နည်း။

အမေခြေချော်ကျသောရေမြောင်းက မနက်လှချေ။ ခြေမျက်စိသာသာရှိသောကြောင့် အမေ့အတွက် သက်သာပေသည်။ သို့မဟုတ်က အမေသည်ကျွမ်းထိုး မှောက်ခုံဖြစ်သွားပေတော့မည်။ ဈေးတောင်းတခြား လူတခြားနှင့် ထိခိုက်၍ကွဲပြဲသွားနိုင်၏။ အမေ့အတွက် သက်သာလှသည်ကားမဟုတ်။

"ဟဲ့ သေနာကောင်ကလေးတွေ၊ ဒါ ရယ်စရာလား ဟင်။ ငါလာလုပ်ရရင် သေခြင်းဆိုး မလှမပနှင့် သေကုန်ကြတော့မယ်" အသက်သုံးဆယ်ခန့် မီးယပ်ပိန်မီးယပ်ခြောက် လိုက်နေသော မိန်းမတစ်ယောက်သည် ၎င်း၏ရင်ခွင်တွင်းရှိ နို့စို့ကလေးအား ၎င်း၏နို့ပိန်ကလေးကို ပစ်စလက်ခတ်လှန်၍ တိုက်နေရာမှ လှမ်း၍အော်လိုက်၏။

"ဟဲ့ မြခင် ကိုယ့်သားသမီးတွေကို ဒီလိုပဲ ဆဲရဆိုရသလားဟယ်" အမေသည် စောစောက အမေ့အားရယ်မောကြသော ကလေးနှစ်ယောက်၏ မိခင်ဖြစ်သူအား အပြစ်တင်လိုက်၏။ အမေက ဆုံးမလိုက်၏။

မြန်မာစာအုပ်တိုက်

" ဒီဟာကလေးတွေက ဒါလောက်အော်ငေါက် ရိုက်နှက်နေတာတောင် ပြောလို့ဆိုလို့ရချင်တာ မဟုတ်သေးဘူး အမေရဲ့။ စောစောကလဲ ကျွန်မအဝတ်လျှော်နေတုန်းလမ်းဘေးကအမှိုက်ပုံမှာ ဘာတွေသွားကောက်စားကြတယ်မသိဘူး ကံကောင်းလို့ကားမတိုက်မိတာ။ ဒီလိုတဟဲ့ထဲဟဲ့နေတဲ့ကြားထဲကတောင် ကဲကိုကဲလွန်းအားကြီးပါတယ်" မြခင်သည် မိဘတို့က ရှာဖွေမရသဖြင့် မကျွေးမွေးနိုင်၍ ငတ်မွတ်ဆာလောင်သောကြောင့် လမ်းဘေးအမှိုက်ပုံများ၌ သူများတကာစွန့်ပစ်ထားတတ်သော စားကြွင်းစားကျန်များကို သွားရောက်ရှာဖွေစားသောက်ကြသော ၎င်း၏သားအကြီးနှစ်ယောက်အား ကရုဏာဒေါသောနှင့် အပြစ်တင်ပြောဆိုနေလေသည်။

"တော်စမ်းပါတော့ မြခင်ရယ်၊ ငါ့မှာလဲ မောလာလို့ပါကွယ်။ သြော် ဒါထက် ညည်းယောက်ျားထွန်းတင်တစ်ယောက်ကော အလုပ်ကပြန်ရောက်ပြီလား" အမေသည် မြခင်တို့၏ တင်းကုတ်ရှေ့၌ ဈေးတောင်းကိုအသာချရင်း မေးနေ၏။

"ကိုထွန်းတင်တစ်ယောက်အကြောင်းကို အမေလဲသိရက်သားနဲ့ အဆန်းလုပ်ပြီး မေးနေရသေးတယ်။ ဒီနေ့သူတို့ လခထုတ်မယ့်နေ့ မဟုတ်လား။ မူးလောက်မေ့လောက်အောင်သောက်ပြီးမှ ပြန်လာတော့မပေါ့ အမေ" အမေ၏ ဈေးတောင်းကိုဘာများ ဝယ်ခြမ်းလာသေးသလဲဟူသော စူးစမ်းရှာဖွေခြင်းမျိုးဖြင့် လှန်လှောကြည့်ရှုရင်း မြခင်ညည်းညူနေလေသည်။

"ဘာမှမပါပါဘူးမြခင်ရယ်" အမေသည်ခေါင်းဖုကိုဖြည်၍ အဆီပြန်နေသော မျက်နှာကိုသုတ်ရင်း ပြောလိုက်၏။

"ကနေ့ညနေ ကမ်းနားဈေးမှာ ငါးတွေဈေးပေါလိုက်တာ အမေရယ်။ တစ်ပိဿာမှ ငါးမတ်ထဲတဲ့၊ ငါးမစားရတာလဲ တော်တော်ကြာလို့ ဝယ်ချက်စားချင်ပေမယ့် ပိုက်ဆံပါတာက ခြောက်မူး၊ ဆန်ကလဲမရှိ၊ ဆီကလဲမဝယ်နိုင်မို့ ပဲဆန်နှင့် ခရမ်းချဉ်သီးပဲ မျှဝယ်လာရတယ်" မြခင်သည် တစ်ပိဿာငါးမတ်မျှသာပေးရ၍ ဈေးပေါလှသော ငါးကိုပင် မဝယ်စားနိုင်ရှာသဖြင့် တောင့်တောင့်တတနှင့် ညည်းညူပြောဆိုနေလေသည်။

"သြော် ဒါထက် ငါမရှိမှ ငါ့တဲကို ဘယ်သူများလာမေးကြသေးသလဲ" အမေသည် ဆေးပေါ့လိပ်အတိုကို ဈေးတောင်းထဲမှလှမ်းယူကာ မီးညှိရင်း မေးရိုးမေးစဉ်မေးသကဲ့သို့ မေးလိုက်ပြန်၏။

"ဘယ်သူလာတာမှတော့ ကျွန်မမတွေ့မိဘူး။ ဘုံဘိုင်မှာ ကျွန်မ နေ့ခင်းက အဝတ်သွားလျှော်နေတုန်း လာသွားရင်တော့မပြောတတ်ဘူးအမေ" မြခင်သည် အမေသောက်နေသော ဆေးပေါ့လိပ်အတိုကို ငေးမျှော်၍ကြည့်ရင်း ပြန်ပြောလေ၏။

ထိုအခိုက်ဝယ် စောစောက သူတစ်ပါးစွန့်ပစ်ထားသော အကြိုအကြားမှ လိုက်လံရှာဖွေ၍ ကောက်ယူရလာဟန်ရှိသော ကစားစရာမြင်းရုပ်အပျက်ကလေးနှင့် ဆော့ကစားနေကြသော ညီအစ်ကိုကလေးနှစ်ယောက်သည် မျက်နှာကလေးများ ရှုံ့ရှုံ့မဲ့မဲ့နှင့် ထလာပြီးလျှင် ၎င်းတို့၏မိခင်အနီးတွင် မရဲတရဲနှင့် လက်ကလေးများနောက်ပစ်၍ ငြိမ်သက်စွာရပ်နေကြလေ၏။

"ဘာလဲ ဆော့လို့အားရကြပြီလား" မိခင်သည် သားများအား အပြစ်ပြ၍ မာန်မဲနေ၏။ ကလေးတို့သည် ဆော့ကစားမှသာ အစာကျေညက်ကာ ကျန်းမာဝဖြိုးကြမည် မဟုတ်လော။ သို့ရာတွင် မြခင်သည် ၎င်း၏သားများ ကျန်းမာဝဖြိုးမည်ကို များစွာ ထိတ်လန့်ပုံရလေသည်။ သူတို့ကျန်းမာ၍ ဆော့ကစားတိုင်း အစာသည်ကျေလွယ်သဖြင့် မကြာခဏအစားအစာတောင်းစားခဲ့သော် မြခင်သည်ကလေးများအား အာဟာရဖြစ်သောအစားအစာကို မပေးနိုင်ဘဲ ဆဲဆိုအော်ငေါက်လွှတ်ရ၏။ တုတ်ပေး၍လွှတ်ရ၏။ အခြားပေးစရာမရှိ သူတို့အဖေ ကိုထွန်းတင်ပုလိပ်လုပ်၍ ရသောလခကလေး ၈၂ ကျပ်နှင့် မြခင်သည် ဂရိတ်ဗြိတိန်မှ တင်သွင်းရောင်းချသော ဘီစကွတ်မုန့်များကို မဆိုထားပါနှင့်၊ တစ်ထုပ်လျှင်တစ်ပဲပေးရသော တောင်ငူပဲလှော်ကိုပင် အဘယ်သို့ ဝယ်ခြမ်းကျွေးမွေးနိုင်ပါမည်နည်း။

"ထမင်းဆာတယ်အမေ" အကြီးဖြစ်သောကလေးက မပွင့်တပွင့်နှင့် အရဲစွန့်၍ ပြောလေသည်။

"နေ့ခင်းကပဲ ထမင်းကြမ်းနဲ့ဆီနဲ့ ကျွေးထားသေးတယ် မဟုတ်လား။ ဆာပဲဆာနိုင်လွန်းတယ်" မြခင်က မာန်နေပြန်၏။

"ငါ့ နားမချမ်းသာလွန်းလို့ပါ မြခင်ရယ်၊ ကလေးတွေဆာရင်လဲ ကျွေးလိုက်စမ်းပါ"ဟု အမေသည် ဘေးမှနားမချမ်းမြေ့စွာနှင့် ဝင်ရောက်ပြောဆိုလာရ၏။

"ဟင်းက နည်းနေလို့ အလီလီခွဲကျွေးနေရင် မလောက်မငဖြစ်နေမှာမို့ မကျွေးသေးတာပါ အမေရဲ့"ဟု ပြောပြောဆိုဆိုနှင့်ပင် အမေ့လက်ထဲမှ ဆေးပေါ့လိပ်တိုကို မြခင်သည် လှမ်းယူ၍အားရပါးရ ဖွာနေလိုက်၏။

အမေသည် တစ်နေကုန်တစ်နေခန်း ဈေးတောင်းခေါင်းရွက်၍ သွားလာရောင်းချခဲ့ရသဖြင့် မောပန်းလာရသည့်အထဲ အသိုက်အမြုံသို့ပြန်လည်ရောက်ရှိသော ကာလ၌လည်း ဝန်လေးစရာများကို မလွှဲသာမရှောင်သာ တွေ့နေရသောကြောင့် သက်မကြီးကိုချကာ ဈေးတောင်းကိုမ၍ မြခင်တို့တင်းကုတ်နှင့် မလှမ်းမကမ်းတွင်ရှိသော ၎င်း၏တဲကလေးဆီသို့ ထွက်လာခဲ့ရလေ၏။

(၁)

အမေသည် မောပန်းလာသောကြောင့် လုပ်စရာရှိသောအလုပ်များကို ထားလိုက်ပါဘိဦး၊ ရေပင်မချိုးနိုင်သေးဘဲ ဖျာကြမ်းကလေးပေါ်တွင် အသာလှဲနေလိုက်ရ၏။ မောပန်းခြင်းဆိုသည်ကို ငယ်စဉ်ကမသိသော်လည်း ယခုအခါ၀ယ် အမေသည် သိရှိနေလေပြီ။ အမောနှင့်အတူလိုက်ပါလာတတ်သော ချောင်း၏ဒဏ်ကိုလည်း အမေသည် ခံရစပြုပြီဖြစ်၍ ကြပ်ထုတ်များကိုလည်း ထားရှိရလေပြီ။

အမေသည် မောပန်းလှသောကြောင့် ဖျာကြမ်းကလေးပေါ်တွင် အဘယ်မျှကြာမြင့်သည့်တိုင်အောင် တုံးလုံးပတ်လက်လှဲနေသည်ကိုမှပင် အမေသည် သတိမရှိလိုက်၊ "မီးမထွန်းသေးဘူးလားအမေရဲ့ မှောင်ပဲမှောင်နေပါပကော"ဟူ၍ တစ်ဖက်တဲမှ ဆိုက်ကားနင်းသောသူငယ်၏ မိန်းမက လှမ်း၍သတိပေး မေးမြန်းလာခါမှ မှောင်နေသော ညဦးအချိန်သို့ ရောက်ရှိနေမှန်းကို အမေကသတိရလာ၏။

"အေးကွယ် ငါလဲမောမောရှိတာနဲ့ လှဲနေလိုက်တာ မီးထွန်းရမှာတောင် မေ့နေတာအံ့ပါရဲ့" အမေက ညည်းညူပြောဆိုကာ လှဲနေရာမှအသာအယာထ၍ ခေါင်းရင်းဘုရားစင်မှ မီးခြစ်ကိုစမ်းယူပြီးလျှင် အခန့်သင့်ပြင်ထားခဲ့သော ရေနံဆီမီးခွက်ကို ထွန်းညှိလိုက်လေ၏။

ရေနံဆီမီးခွက်ငယ်သည် အမေ၏တဲအတွင်း၌ လင်း၍သွားလေသည်။

အမေသည် ဖျာကြမ်းကလေးပေါ်၌ ငုတ်တုတ်ထိုင်ကာ လုပ်ရကိုင်ရမည့် အလုပ်များကို စဉ်းစားရပြန်၏။ ရေမချိုးရသေး၍ ရေကလည်းချိုးချင်၏။ မဖွတ်ရသေးသော အဝတ်ဟောင်းအစားဟောင်းကလေးများကိုလည်း မလျှော်ဘဲထား၍မဖြစ်သေး။ ညစာထမင်းအတွက်က မနက်မှကျန်ခဲ့သော ထမင်းကြမ်းနှင့် လမ်းမကြီးဘက်တွင်ထွက်ဝယ်၍ရနိုင်သော အကြော်အလှော်တစ်ခုခုဖြင့် ကိစ္စပြီးနိုင်၏။ သို့ရာတွင် မနက်ဈေးထွက်ရောင်းဖို့အတွက် ကောက်ညှင်းနှင့်ပဲများကို ဘာမျှမလုပ်ရသေး။ ထင်းလဲခွဲရဦးမည်ဖြစ်၏။

အိုမင်းလှပြီဖြစ်သော အမေ့အတွက် သက်သာနားနေခွင့်များသည် အဘယ်မှာရှိပါသေးသနည်း။ ညဦးမှစ၍ လုပ်ကိုင်စရာရှိရှိသမျှကို လုပ်ကိုင်ပြီးစီးသွားသောအခါ၌ကား ဆယ်နာရီထိုးလုနီးနေပေပြီ။ သို့ရာတွင် အမေသည် ကြက်ဦးတွန်လောက်တွင်ထ၍မီးမွှေးကာ ကောက်ညှင်းနှင့်ပဲများကိုပေါင်းရပြုတ်ရဦးမည်ဖြစ်၏။ သို့နှင့် ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်များ အဆင့်သင့်ဖြစ်သောအခါ မိုးလည်းလင်းလေပြီဖြစ်၍ အမေသည် ဈေးတောင်းကိုခေါင်းရွက်ကာ ထွက်ရိုးထွက်စဉ်အတိုင်း "ပဲပြုတ်. . .ကောက်ညှင်းပေါင်း ပူပူနွေးနွေး"ဟု အော်ဟစ်ရင်း တစ်လမ်းပြီးတစ်လမ်း တစ်ကွက်ပြီးတစ်ကွက်

ထွက်ရပေဦးမည်။ သို့နှင့်သာ နောက်တစ်နေ့ နေထွက်မှနေသာဝင်ခဲ့သည့်တိုင်အောင် အမေ့အတွက် မဆုံးနိုင်သေးသော ဘဝ၏တည်တံ့မှု လုံခြုံရေးတိုက်ပွဲကို ဆက်လက်ရုန်းကန်နေရပေဦးတော့မည်။ ဇရာထောင်း၍ သက်ရွယ်အိုမင်းသော ကာလများ၌ လူ့ဘဝ၏တိုက်ပွဲမှာ ဖျတ်လတ်နုပျိုစဉ်ကာလများတုန်းကကဲ့သို့ သွက်လက်ပေါ့ပါးခြင်းကား မရှိလှတော့။

"အသက်ကြီးမှဖြင့် လူဟာတယ်ပြီး အဟုတ်မဟုတ်တော့ပါဘူးကွယ်"ဟူသော အမေ၏တစ်ခါတစ်ရံ ညည်းတွားသံမှာ ဘဝ၏အတွေ့အကြုံနှင့် ခံစားရခြင်းများမှ ရရှိသောအသိဖြစ်လိမ့်မည် ထင်ရ၏။ အမေသည် ခံနိုင်ရည်ရှိသော မိန်းမကြီးတစ်ယောက်ဟုဆိုနိုင်၏။ တော်ရုံတန်ရုံလောက်နှင့် အမေသည်ညည်းညူခြင်းမရှိ။ ၎င်း၏ ဘဝတစ်လျှောက်လုံး ထုထားထောင်းထား ခံရဖန်များခဲ့သဖြင့် သာမန်နာကျင်ရခြင်းများအတွက် အမေ၏အရေသည် ထူနေပေပြီ။ တော်ရိရော်ရိနေပူမိရုံ အအေးမိရုံလောက်များနှင့် အမေသည်နာစေးခေါင်းကိုက်လိမ့်မည်မဟုတ်။ သို့ရာတွင် အမေအိမ်ထောင်ကျခဲ့ရသော အသက်နှစ်ဆယ်အရွယ်မှစ၍ ယခု အသက်အရွယ် ငါးဆယ်ကျော်လွန်လာသည်အထိ နှစ်ပေါင်းသုံးဆယ်ကျော်မျှ ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲနှင့် ငတ်ငတ်ပြတ်ပြတ်နေထိုင်ရုန်းကန်လာခဲ့ရသော ဘဝ၏ဒဏ်ရာဒဏ်ချက်များသည် ယခုအခါဝယ် အမေ့ကိုကိုင်တွယ်ဖမ်းဆီးခြင်း ပြုလေပြီ။ အမေသည် ယခုအခါ မောတတ်လေပြီ။

အမေသည်မော၍လှဲနေရာက တစ်ဖက်တဲမှ သတိပေးသောကြောင့်ထကာ မီးထွန်းညှိပြီးနောက် လုပ်စရာကျန်နေသေးသော အလုပ်များကို တွေးတောရင်း ဖျာကြမ်းကလေးပေါ်၌ ငုတ်တုတ်ထိုင်နေတုန်းပင် ဖြစ်လေသည်။ မလုပ်၍မဖြစ်သော အလုပ်များဖြစ်သောကြောင့် အချိန်ကလည်းမရှိသဖြင့် အမေသည် အစီအစဉ်များကို စဉ်းစားနေရသော်ငြားလည်း အမေသည် ရင်ထဲ၌မောပန်းလျက် ရှိနေသေး၏။ ထို့ကြောင့် အမေသည် တစ်သက်နှင့်တစ်ကိုယ် ဘယ်သောအခါကမျှ မရှိခဲ့ဖူးသောစိတ်သည် ယခုအခါ အမေ၏ရင်တွင်း၌ ဖြစ်ပွားလာ၏။ ထိုစိတ်မှာ အမေသည်ပင်ပန်း၍ မောနေရသည့်အကြားမှ အလုပ်ကိုလုပ်ရမှာ ကြောက်ရွံ့သောစိတ်ပင်ဖြစ်လေ၏။

အလုပ်ကိုကြောက်သောစိတ်သည် အမေ၌ တစ်ကြိမ်သောအခါကာလမျှ မရှိခဲ့စဖူးပေ။ အမေသည် လူမှန်းသိတတ်လာခဲ့သော အသက်အရွယ်ကစ၍ မိဘများရှေ့ဆင့်နောက်ဆင့်ကွယ်လွန်၍သွားကြသဖြင့် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချသော ဆွေမျိုးလင်မယားအိမ်၌ မှီခိုကပ်ရပ်နေထိုင်ရင်း အလုပ်လုပ်မှထမင်းစားရမည်ကို ကောင်းကောင်းကြီး နားလည်လာခဲ့ရ၏။ ငယ်စဉ်ကစ၍ အမေသည်အလုပ်ကို ပင်ပင်ပန်းပန်းလုပ်လာခဲ့ရသဖြင့် အလုပ်သည် ကာလရှေ့လျောလာသောအခါ အမေ့အတွက် ပင်ပန်းစရာကဲ့သို့ မဖြစ်တော့၊ ကျင့်သားရ၍ အကျင့်ကဲ့သို့ ဖြစ်လာလေ၏။

မြန်မာစာအုပ်တိုက်

အမေသည် ဈေးရောင်းရင်း လင်ရ၍ လင်ရသောအခါ၌လည်း ဈေးရောင်းရ၏။ လင်ထောင်ကျသောအခါ၌ အမေသည် သားတစ်ယောက်အမေဘဝနှင့်လည်း ဈေးရောင်း၍ လုပ်ကိုင်စားသောက်ခဲ့၏။ လင်သေ၍ အမေမုဆိုးမဖြစ်ရသောဘဝ၌လည်း အမေသည် ဈေးရောင်း၍ ဖြစ်သလိုလုပ်ကိုင်စားသောက်ခဲ့၏။ အားကိုးစရာရှိသော သားဖြစ်သူသည် အမေ့အားခွဲခွာ၍သွားသော ကာလများ၌လည်း အမေသည်ဖြစ်သလို လုပ်ကိုင်စားသောက်၍၊ သားထောင်ကျသောအခါ၌ အမေသည်ဈေးရောင်း၍ စားခဲ့ရ၏။ ထို့ကြောင့် အမေသည် ပင်ပင်ပန်းပန်းလုပ်ရသော အလုပ်များကို ကျင့်သားရခဲ့၏။ ထိုကဲ့သို့သော အသက်ရှင်ရေးအတွက် အစားအသောက်ရရှိရေး အလုပ်များသာလျှင် မကသေးဘဲ အမေသည်လင်နှင့်သားဖြစ်သူတို့၏ လွတ်မြောက်ရေးလုပ်ငန်းများ၌လည်း အကြိမ်အခါပေါင်းများစွာ ဝင်ရောက်ကူညီလုပ်ကိုင်ခဲ့သေးတော့၏။

အလုပ်သည် အမေ့အတွက် ယခင်ကာလများက ပင်ပန်းစရာလည်းမဟုတ်။ စိုးရွံ့စရာလည်းမဟုတ်ခဲ့။

ဗြိတိသျှနယ်ချဲ့သမား၏ ရက်စက်ကြမ်းကြုတ်နေသော ကိုလိုနီအကျဉ်းထောင်ထဲ၌ ကျရောက်နေခဲ့ရသော လင်ဖြစ်သူအား အမေသည် သွားရောက်တွေ့ဆုံကာ လင်ဖြစ်သူမှာကြားလိုက်သော ဗြိတိသျှနယ်ချဲ့သမားအား လျှို့ဝှက်ဆန့်ကျင်ရေးလုပ်ငန်းများကို အမေသည်ပုလိပ်နှင့် စုံထောက်များအကြားမှ တိုးဝှေ့လုပ်ကိုင်ခဲ့ရစဉ်ကာလများက အမေသည် ဘာမျှကြောက်ရမှန်း မသိခဲ့ပေ။

ဖက်ဆစ်ဂျပန်များ ယောက်ျားမိန်းမပါမချန် ရက်ရက်စက်စက်ညှဉ်းပန်းနှိပ်စက်နေသော ကာလများကလည်း ဖက်ဆစ်ဆန့်ကျင်ရေး သားကောင်းသမီးကောင်းများကို အမေသည် သားဖြစ်သူ၏ ညွှန်ကြားချက်အတိုင်း လျှို့ဝှက်ကူညီခဲ့၏။ မျိုးချစ်သားကောင်းများအား အမေသည် ဂျပန်ကင်ပေများ၏ ဘေးရန်မှကာကွယ်ဝှက်ထားပေးခဲ့၏။ ထိုစဉ်ကာလကလည်း အမေသည်ကြောက်ရခြင်းကို မသိခဲ့ပေ။

ယခုထက်တိုင်လည်း အမေသည် ပြည်သူ့သားကောင်းများအား တတ်နိုင်သလောက်ကူညီအားပေးနေတုန်းလည်း ဖြစ်လေသည်။ အမေသည် ရုံဖန်ရုံခါစွန့်စား လုပ်ကိုင်ရသောအလုပ်များကိုလည်း ပြုလုပ်နေသေး၏။ လှောင်ချိုင့်ထဲသို့ ကျရောက်သွားရမည့်အရေးသည် အမေ့အတွက် အချိန်မရွေးဖြစ်နိုင်၏။ သို့ရာတွင် သည်ဟာများအတွက် အမေသည် ထိတ်လန့်ခြင်းမဖြစ်ခဲ့။

ယခုမူ အမေသည် မနိုင်တော့သောဝန်ကို ဆက်လက်ထမ်းရဦးမည့်အတွက် ကြောက်ရွံ့သောစိတ် ဝင်လာခြင်းနှင့်တူပေသည်။ နှစ်ပေါင်းသုံးဆယ်ကျော်မျှ အလုပ်လုပ်ခဲ့ပြီး သူသည်နားနေသက်သာခွင့်ကိုကား ရထိုက်လေပြီ။ ငြိမ်သက်ခြင်းကိုလည်း

ရထိုက်လေပြီ။ သို့ရာတွင် ထိုရသင့်ရထိုက်လှသော အခွင့်အရေးများအတွက် အမေ့မှာ ဘဝ၏တည်တံ့မှုလုံခြုံရေးသည်မရှိသေး။ အမေတစ်ယောက်သာမဟုတ် အမေ၏ပတ်ဝန်းကျင်၌ လူဖြစ်ရမည့်ကလေးနှင့် လူအဖြစ်ကုန်ဆုံးနေသော သေခါနီးတို့အထိ အဘယ်လုံခြုံရေးများကော ရှိပါသေးသနည်း။

ခန်းခြောက်နေသော နို့ပိန်ကလေးကို အားအင်စိုက်ထုတ်၍ စုပ်ယူနေရရှာသော မြခင်၏နို့စို့ကလေးမှ သင်္ချိုင်းသို့ တစ်နေ့လျှင်သုံးကြိမ်မျှ မျက်စောင်းထိုးနေရသောအမေ့အထိ လုံခြုံရေးသည် အဘယ်မှာနည်း။ မြို့တော်၏မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားများသည် လုံခြုံရေးလား။ မြောင်းပုပ်နှင့်မိလ္လာနံ့များသည် ကျန်းမာရေးလား။

ကြောက်နေ၍ အမေ့မှာမဖြစ်သေး။

အမေသည် ရေမိုးချိုး၍ ကောက်ညှင်းဆန်နှင့် ပဲများရေဆေးရလေ၏။ ညစ်နေသော အဝတ်များကိုလည်း လျှော်ရ၏။ လမ်းဘေးရေဘုံဘိုင်တွင် အမေ၏ကိစ္စဝိစ္စများပြီးသောအခါမှ အမေသည်မနက်မလင်းမီ ကောက်ညှင်းပေါင်းဖို့နှင့် ပဲပြုတ်ဖို့ထင်းမခွဲသေးခြင်းကို သတိရမိ၏။

"အသက်ကလေးကြီးလာမှဖြင့် သတိများလဲမကောင်းတော့ပါဘူး"

အမေသည် တဲသို့ပြန်ရောက်လာပြီးနောက် ထဘီရင်လျားရင်းနှင့် ထင်းခွဲခြမ်းများကို အလောတော်ရအောင် ဓားမတစ်ချောင်းဖြင့် ခွဲရပြန်လေ၏။ မျက်စိကလည်းမှုန်၍ အသက်ကြီးလေ အားကုန်လေဖြစ်သောကြောင့် ထင်းခွဲခြမ်းတစ်စကိုကုန်အောင်အမေ့မှာမနည်းကြီးအားကစိုက်၍ခွဲရ၏။

"ခုမှ ထင်းခွဲနေရသလားအမေရဲ့။ မိုးကလဲချုပ် မမြင်မကန်းနဲ့ ထိမိခိုက်မိပါ့မယ်ဗျာ"ဟူသော တစ်စုံတစ်ယောက်၏အသံကို ကြားရသဖြင့် အမေကလှမ်း၍ကြည့်လိုက်မိ၏။

မိုးချုပ်မှအလုပ်ခွင်က ပြန်လာရသော ပင်လယ်ကူးသင်္ဘောကုန်တင်ကုန်ချအလုပ်သမား ထွန်းခိုင်သည် အမေ့လက်ထဲမှဓားမကိုလှမ်းဆွဲယူကာ ထင်းခွဲခြမ်းများကို ခွဲပေးလေ၏။

"နင်အခုမှပြန်လာရသလား ထွန်းခိုင်ရဲ့"ဟု ခါတိုင်းထက်မိုးချုပ်မှ ပြန်လာသော ထွန်းခိုင်ကို အမေကမေးနေလေ၏။

"ဗိုလ်တထောင်ဘက်က အလုပ်သမားတွေကတော့ သပိတ်မှောက်နေကြပြီ မဟုတ်လား ထွန်းခိုင်ရဲ့"

"အမေဈေးရောင်းရင်း ရောက်ခဲ့တယ်ထင်တယ်"

"ဓနိတောဘီအိုစီ အလုပ်သမားများတွေလဲ တလှုပ်လှုပ်ဖြစ်နေကြတယ်ဆို ထင်ပကွယ်"

"ဘယ်အလုပ်သမားကြည့်ကြည့် ငတ်သထက်ငတ်ပြီး မကျေနပ်သထက် မကျေနပ် ဖြစ်နေကြကုန်ပြီ အမေ။ ရှေ့လျှောက် ငတ်ရင်းသေမလား တိုက်ရင်းသေမလားဆို တဲ့ လမ်းကိုသာရွေးကြရမှာပဲ"

"ပြည်ညှဉ်းရင် ဘယ်မင်းများခံနိုင်ခဲ့ဖူးလို့တုံးကွယ်၊ အလောင်းတော်ဝေဿန္တရာ တောင် ဝက်ပါပြေးရသေးတာ"

ထွန်းခိုင်သည်ဇာတ်တော်လာ ဥပမာနှင့်ထား၍ ပြောကြားသောစကားကို များစွာ အားရကျေနပ်သကဲ့သို့ ဘာမျှပြန်မပြောတော့ဘဲ ထင်းကိုသာဂရုစိုက်၍ ခွဲနေလေသည်။

"မနက်ဘက်က ငါးဈေးရောင်းရင်း ကမ်းနားသစ်စက်ဘက်ကို ရောက်ခဲ့တယ်။ အဲဒီမှာလဲ ချစ်တီးတို့၊ အောင်ဘတို့လူသိုက်က သူတို့သမဂ္ဂအလုပ်သမားတွေကို နိုင့်ထက်စီးနင်းဖြုတ်ပစ်လို့တဲ့၊ ဆူညံဆူညံနဲ့ကြားခဲ့ရသေးတယ်"

"လွတ်လပ်ပြီး အချုပ်အခြာအာဏာလဲပိုင်တဲ့ သမ္မတနိုင်ငံကိုး အမေ။ တိုင်းပြည် ရဲ့ အဓိကအင်အားစုကြီး ဖြစ်နေကြတဲ့ အလုပ်သမားတွေကို အချုပ်အခြာအာဏာနဲ့ လွတ်လွတ်လပ်လပ်ကြီးပဲ သွေးစုပ်ညှဉ်းဆဲနှိပ်စက်ပြီး လွတ်လွတ်လပ်လပ်ကြီးပဲ အငတ် ထားတော့မပေါ့" ထွန်းခိုင်သည် နာကြည်းစွာ အမေ့ကို တိုင်ကြားပြောဆိုလိုက်လေ သည်။ အမေသည် တစ်ကြိမ်က သပိတ်မှောက်၍ ရပ်နက်တပ်သားများ၏ လက်ချက် ဖြင့် သေရာပါမည့် ထွန်းခိုင်၏ချိုစောင်းမှ ဆံပင်မပေါက်နိုင်သော နှစ်လက်မခန့် အမာရွတ်ကိုကြည့်နေ၏။ ဘာမျှတော့မပြော။

"ကျွန်တော်တို့ ဆင်းရဲသားအလုပ်သမားတွေမှာသာ ထမင်းနပ်ကျော်စားရပြီး တစ်နေ့တခြားငတ်သေဖို့ ဖြစ်နေရပေမယ့် သူတို့ပထွေးနိုင်ငံခြားက ကုမ္ပဏီကြီးတွေ ကတော့ တစ်နေ့တခြား ကြီးပွားတာထက် ကြီးပွားနေကြပါပကောအမေရဲ့။ သူတို့နဲ့ နီးစပ်ရာနီးစပ်ကြောင်း လူသိုက်တွေမှာလဲ တိုက်တွေအိမ်တွေနဲ့တင်မကတော့ဘဲ ကား တွေဘာတွေနဲ့တောင် ဖြစ်ကုန်ကြပြီ" ထွန်းခိုင်သည် သူ့ဝမ်းထဲ၌ရှိနေသော မကျေချမ်း မှုများကို အမေ့အားဆက်လက်၍ တိုင်ကြားနေလေသည်။

အမေသည် မောပန်းရသည့်အထဲတွင် ချိုစောင်း၌သေရာပါအမာရွတ်နှင့် အလုပ် သမားတစ်ယောက်၏ စိတ်မချမ်းမြေ့ဖွယ်ရာကောင်းသော ဝတ္တုကိုနားထောင်ရပေ၏။

ထင်းခွဲခြမ်းများကို ထွန်းခိုင်ခွဲပေးပြီး၍ သူ၏တဲသို့ထွက်သွားသောအခါ အမေ သည် အကျီဝတ်၍ ထမင်းစားဖို့အတွက် အကြော်အလှော်တစ်ခုခုကိုဝယ်ရန် နောက်ဖေး လမ်းကြားထဲမှ ရေနံဆီမီးခွက်ကို အားကိုးပြု၍ လမ်းမကြီးဘက်သို့တလှုပ်လှုပ်နှင့် ထွက်ခဲ့လေသည်။

ရန်ကုန်မြို့၏ လမ်းမကြီးများပေါ်၌တော့ အမေရိကန်ပြည်မှခက်ခဲသော ဒေါ်လာငွေပေါင်းများစွာဖြင့် မှာယူဝယ်ချမ်းရသော ကားသစ်ကြီးများသည် တငြိမ့်ငြိမ့် ပြေးလွှားသွားနေကြလေသည်။ မှန်ကားကြီးများထဲတွင်ကား အလုပ်သမားများ နပ်ကျော်စားနေရသောခေတ်၌ ပါးစုန့်ကြီးများထွက်နိုင်လောက်အောင် စည်းစိမ်ယစ်၍ ဝဖြိုးနေကြသူများသည် ရယ်ကာမောကာ လက်ခုပ်လက်ဝါးတီးသွားကြသည်ကိုလည်း အမေက မြင်လိုက်ရ၏။ အမေသည် မျက်စိရှုပ်လောက်သော လမ်းမကြီးဘေးရှိ အပေါ်စားထမင်းဆိုင်တစ်ဆိုင်မှ ချဉ်ပေါင်ရွက်ကြော်နှင့် ငါးခူကြော် ငါးပဲဖိုးကို ဝယ်ယူပြီးနောက် နောက်ဖေးလမ်းကြားထဲသို့ ပြန်ဝင်၍လာခဲ့ရလေသည်။

"သေခြင်းဆိုး"

"ကမြင်းမ"

"နင့်အမေသေရာ . . ."

မီးမရှိသော မြခင်တို့တဲအတွင်းမှ ဝုန်းဝုန်းဒိုင်းဒိုင်း ရိုက်ပုတ်ထိုးကြိတ်သံများနှင့် မကြားဝံ့မနာသာ ဆဲဆိုသောအသံများကို အမေသည် ရုတ်တရက် ကြားလိုက်ရသဖြင့် ထွန်းတင်လခထုတ်၍ အပြည့်မပါဘဲ မူးလာသောကြောင့် လင်မယားရန်ဖြစ်နေကြသောအဖြစ်ကို အမေသည် တစ်ခါတည်းစဉ်းစားတွက်ဆမိလေ၏။ လင်မယားထိုးသတ်ဆဲဆိုသံများအကြားမှ နားမချမ်းမြေ့ဖွယ်ရာ ကလေးများ၏ ထိတ်လန့်စွာစူးစူးဝါးဝါး အော်ငိုသံများကိုလည်းကြားရ၏။

အမေသည် ထိုပုလိပ်လင်မယားနှင့် ကလေးများအတွက် စိတ်နောက်၍သွားမိ၏။ သက်ပြင်းကိုလည်း ချလိုက်မိ၏။ သို့ရာတွင် အမေသည် တုံဏှိဘာဝေလုပ်နေ၍တော့ မဖြစ်သေး။ သည်အနီးအနားတစ်ဝိုက်၌ အမေ့ကိုအားလုံးကပဲ "အမေ အမေ" နှင့် ရှိသေကြသောကြောင့် အမေကဝင်၍ ဆုံးမဦးမှဖြစ်ပေမည်။ သို့မဟုတ်က လင်မယားရန်ဖြစ်သည့်အကြား၌ ကြားမှအပြစ်မရှိသော ကလေးများပါ ဒုက္ခရောက်၍ တဲနီးချင်းများလည်း စိတ်အနှောင့်အယှက်ဖြစ်ကြပေလိမ့်မည်။

"ဟဲ့ ထွန်းတင်တို့ မြခင်တို့ နင်တို့လင်မယားကလဲ တရားမလွန်လွန်းဘူးလား ဟယ်" အမေက တင်းကုတ်ရှေ့မှလှမ်း၍ အော်ပြောလိုက်ရလေသည်။

လင်မယားနှစ်ယောက်သည် ထိုးကြိတ်ခြင်းနှင့် ဆဲဆိုခြင်းကိုရပ်စဲလိုက်ကြ၏။ သို့ရာတွင် ကလေးများ၏ ငိုယိုသံကတော့ နားမချမ်းမြေ့ဖွယ်ပင်ကြားနေရတုန်းဖြစ်ပေသည်။

"နင်တို့ကြီးကောင်ကြီးမားနဲ့ မိုက်တာကအရေးမကြီးပါဘူးဟယ်။ ကြားက ကလေးတွေ ထိမိခိုက်မိလို့ ကျိုးကန်းပဲ့ရွဲ့ပြီး ဒုက္ခရောက်ကုန်ကြပါမယ်" အမေက ဆက်၍မြည်တွန်လိုက်ရလေ၏။

ထွန်းတင်သည် တဲအပြင်သို့ ထွက်လာကာ အမေ့အားဦးချ၍ အမေ့အနီးတွင် အပြစ်မရှိသူကဲ့သို့ ကျုံ့ကျုံ့ကလေးရပ်လိုက်၏။ သို့ရာတွင် သူ့ပါးစပ်မှ ထွက်လာသော ချက်အရက်အနံ့ကို သူသည်ဖုံးကွယ်ခြင်းတော့ မတတ်နိုင်ပေ။

"နင် တယ်မိုက်ပါလား ထွန်းတင်ရယ်။ ဒီအရက်ကိုသောက်သောက်လာတာ ငါသိပ်မုန်းတာပဲ"

"စိတ်ညစ်လို့ ခံသာမလားဆိုပြီး စိတ်ပြေလက်ပျောက် သောက်မိတာပါ အမေ ရယ်"

"အရက်သောက်လို့ စိတ်ပြေတယ်ဆိုတာ နင့်ကိုဘယ်ဘုရားက ဟောခဲ့လို့လဲ ထွန်းတင်။ သောက်တဲ့ပိုက်ဆံနဲ့ ဟင်းကောင်းကျွေးကောင်းကလေး ချက်စားတော့ နင့်မယားရော ကလေးတွေရော ဝဝလင်လင်မစားရပါကလားဟဲ့"

ထွန်းတင်သည် အမေ့ကိုနောက်ထပ်၍ ဆင်ခြေမပေးတော့ဘဲ ငြိမ်သက်စွာ နားထောင်နေသည့်အခိုက် စောစောကနဖူးကို အထုခံထားရသော မြခင်သည် ထ၍လာ လေ၏။

"အမေပဲ စဉ်းစားကြည့်ပါ၊ သူဘယ်လောက်ဖိုးတောင် သောက်လာတယ်မသိ ဘူး။ ကျွန်မကို သူ့လခရှစ်ဆယ့်နှစ်ကျပ်ထဲက ခုတစ်ဆယ်တောင်လျှော့ပြီး ခုနှစ်ဆယ့် နှစ်ကျပ်ပဲပေးတယ်။ ဒါနဲ့ဆန်ကြွေး၊ ဆီကြွေးနဲ့ ကုလားဆိုင်အကြွေးတွေကို ဘယ်လို ဆပ်ပြီး နောက်လအတွက် ဘာနဲ့သွားစားမလဲ။ ပြီးတော့ကလေးတွေအတွက် အင်္ကျီ မဝယ်ပေးနိုင်လို့ တုံးလုံးနေရတာကော ဘယ်နှစ်လရှိနေပြီလဲ။ ကျွန်မအတွက်ဖင်ပေါ် တာက ရှိပါစေဦးတော့" မြခင်သည် ငိုကြီးချက်မနှင့် အမေ့ကိုတိုင်နေ၏။

"နင့်ဟာက ဒီလိုဆိုတော့ တရားမလွန်ဘူးလား ထွန်းတင်။ နင့်မယားဖင်ပေါ် တာ နင်မရှက်တတ်ရင်တော့ ထားလိုက်ပါဦးဟယ်။ နင့်ကလေးတွေ တုံးလုံးနေရတာ ကိုတော့ စဉ်းစားတတ်ဖို့ကောင်းပါတယ်" အမေက ထွန်းတင်ကိုမဲ၍မာန်လေ၏။

"အမေက မြခင်ပြောတာပဲ တစ်ဖက်သက်ယုံနေတာကိုး"

"တော် ဘာမတရားပြောချင်သေးလို့လဲ"

အမေသည် ဘာပြောရမှန်းမသိအောင် စိတ်နောက်၍သွားမိ၏။

"ကဲ ထွန်းတင် မင်းငါနဲ့လိုက်ခဲ့စမ်း။ မြခင် ညည်းတဲမှာ မီးထွန်းပြီး ကလေးတွေနဲ့ နေခဲ့" ဟု ရာဇသံချမှတ်ကာ အမေသည် ထွန်းတင်အား ၎င်း၏တဲဆီသို့ ခေါ်ခဲ့ရ ပြန်လေ၏။

(ဂ)

ပုလိပ်ထွန်းတင်သည် အရက်သောက်၍ သူ၏မယားမြခင်ကို ကမြင်းမဟု ခေါ်ကာ ရိုက်နှက်ရဲသော်လည်း အမေ့ရှေ့တွင်မူကား မခုတ်တတ်သောကြောင်လို ဣန္ဒြေလုပ်နေ၏။ သူသည် နောင်တရရန် ကြိုးစားနေခြင်း မဟုတ်သည်ကိုတော့ အမေက သိပြီးသားဖြစ်လေ၏။

အမေသည်လမ်းမဘက်မှ ခုတင်ကဝယ်လာခဲ့သော အကြော်များကို ထမင်းအိုးပေါ်တွင် တင်ထားလိုက်ပြီးနောက် ထွန်းတင်၏ဘေးတွင်လာ၍ ငုတ်တုတ်ထိုင်လိုက်၏။

"ကျွန်တော့် အဆိုးလားဆိုတာ အမေပဲစဉ်းစားကြည့်ပါဦး"ဟု ထွန်းတင်က ဦးအောင် သူ၏ဇာတ်ထုတ်ကို လှန်ရန်စလေ၏။

"နင်တို့လင်မယားဟာ ပေါင်းလာကြတာပဲ ကလေးသုံးယောက်တောင်ရှိမှပဲ လိမ္မာဖို့ကောင်းပါပြီဟယ်"

"အမေတစ်ခုစဉ်းစားကြည့်စမ်းပါ။ ကျွန်တော်ရတဲ့လခ ၈၂ ကျပ်ထဲက အိုးနာစာတို့ နာရေးသာရေးတို့ နုတ်လိုက်တာက ၅ ကျပ်၊ ပြီးတော့ လက်ဖက်ရည်ကြွေးက သုံးကျပ်ဆိုတော့ ရှစ်ကျပ်ကုန်သွားပြီ မဟုတ်လားအမေ။ ကျန်တဲ့ နှစ်ကျပ်ကတော့ ကျွန်တော်လဲအိမ်မှာ ကောင်းကောင်းမစားရတာကြာတော့ တရုတ်ဆိုင်မှာ ထမင်းဝင်စားရင်း အပေါင်းအသင်းတွေကလဲ တိုက်ကြတာနဲ့ သောက်မိတာပါ" ထွန်းတင်သည် သူ၏ဇာတ်စုံကို ခင်းကျင်း၍တွက်ချက်ပြောပြလျက်ရှိ၏။

"ပြီးတာဟာတော့ ပြီးပါစေကွယ်၊ နင်ဟာ နောက်ထပ် ဒီလိုကိုယ့်သားမယားကို နိုင်လိုမင်းထက်လုပ်ဖို့မတော်ဘူး။ မြခင်ဟာ နင်ထားသလိုနေရပြီး နင်ကျွေးသလို ငတ်ငတ်ပြတ်ပြတ်စားနေရတာ သနားဖို့ကောင်းပါတယ် ထွန်းတင်ရယ်"

"ကျွန်တော့်မယားကို ကျွန်တော်လဲသနားတာပါပဲ အမေ။ ဒါပေမယ့် သူက ဆူဆူပူပူလုပ်တော့ ကျွန်တော်လဲ နဂိုကစိတ်ညစ်ရတဲ့အထဲ ညစ်သထက်ညစ်ပြီး လက်ကပါသွားတာပါ"

"မြခင် ဆူဆူပူပူလုပ်တာကို နင်ကတစ်ဖက်သတ် ရမယ်ရှာမနေပါနဲ့ ထွန်းတင်။ တစ်လလုံး ယူစားထားတဲ့ ဆီဖိုး၊ ဆန်ဖိုးနဲ့ ကုလားဆိုင်ကကြွေးဟာ တစ်နေ့က ငါကြားရတော့ တစ်ရာတောင်ကျော်နေပြီဆိုပဲ မဟုတ်လား။ ဒီကြွေးကို မဆပ်နိုင်ရင် နောက်လ ဘယ်ကသွားယူစားဦးမလဲဟင်။ နင်တို့လူကြီးတွေက မစားရတာ ဗိုက်မှောက်နေလို့ရပေမယ့် နင်တို့ကလေးတွေက နေမှာတဲ့လားဟယ်"

"ကျွန်တော်လဲ ဒီအပြင်ဘာမှ မကြံတတ်တော့ဘူး အမေ" ထွန်းတင်သည် ဦးခေါင်းကိုငိုက်စိုက်ချကာ ပုလိပ်အမူအရာပျောက်၍ တရားခံအမူအရာနှင့် ပြောဆိုလေ၏။ တကယ်တော့လည်း သူသည် ပုလိပ်လုပ်စားဖို့ အရည်အချင်းရှိလှသူကားမဟုတ်။ ယောက်ျားဖျင်းသောကြောင့် ပုလိပ်လုပ်စားရသည်ဟု သိမ်းကျုံး၍ပြောရပါက စိတ်ကောင်းနှလုံးကောင်းရှိကြသော ပုလိပ်များလည်း ရှိတန်သလောက်ရှိနေကြသေးသဖြင့် ထိုစွပ်စွဲချက်မှာ ရက်စက်နေပေလိမ့်မည်။ သူသည် အခြားဘာမျှလုပ်စရာ အသက်မွေးဝမ်းကြောင်း အလုပ်ကိုရှာဖွေမရနိုင်သည့်အဆုံး၌ ပုလိပ်လုပ်ရခြင်းဖြစ်ရလေသည်။ ပုလိပ်တစ်ယောက်ရသောလခမှာ တစ်အိမ်ထောင်အတွက် မဆိုထားပါနှင့်၊ တစ်ယောက်အတွက် တစ်လစာပင် လုံလောက်နိုင်သည်ကားမဟုတ်။ ထို့ကြောင့် ပုလိပ်ကလေးများသည် ပုလိပ်ကြီးများကဲ့သို့ ဥပဒေပြင်ပက ငွေချောင်းစီးနေသော ကုန်သည်ကြီးများထံမှ လခကလေးများနှင့် လာဘ်လာဘကြီးများလည်း ပူဇော်ခြင်းမခံရသောကြောင့် ဘူဘူချင်းစားနေကြရသည်သာများ၏။ အလုပ်မရှိသော ခါးပိုက်နှိုက်သူခိုးနှင့် ဆိုက်ကားသမားများထံမှ ခြောက်လှန့်၍ လက်ဖက်ရည်ဖိုးယူရသော ၎င်းတို့ကာကွယ်ရမည့် ဥပဒေကို ၎င်းတို့ကိုယ်တိုင် ကျူးလွန်နေကြရ၏။ ဘိန်းခန်း၊ ဆေးခြောက်ခန်းနှင့် ဆောင်ကြာမြိုင်များမှ ဝေစုကိုတောင်းယူရ၏။ သို့ရာတွင် ထွန်းတင်သည် ထိုကဲ့သို့ လုပ်ရဲရှာရဲသော ပုလိပ်အမျိုးအစားထဲကလည်း မဟုတ်ပေ။ တစ်ကြိမ်သောအခါက သူသည် မျိုးချစ်တပ်မတော်မှ တပ်သားတစ်ယောက်ဖြစ်ခဲ့ဖူး၍ ဤကဲ့သို့သော ပြစ်မှုမျိုးကို ကျူးလွန်ရမှာ လိပ်ပြာမလုံဖြစ်နေ၏။ နိုင်ငံရေးအသိကလည်း အနည်းကျဉ်းရှိ၍ တစ်လ (၈၂)ကျပ်ရသော လခကလေးများဖြင့် သူ့မယားသည် ဖင်ပေါ်နေရကာ သမီးကလေးအင်္ကျီမဝတ်ရဘဲ သားရေစာကို သူတစ်ပါးကြွင်းကျန်၍ စွန့်ပစ်ထားတတ်ကြသော အမှိုက်ပုံများတွင် လိုက်လံရှာဖွေ ကောက်စားနေကြရရှာခြင်းဖြစ်လိမ့်မည်။

"ကျွန်တော်လဲ ဒီအပြင်ဘာမှ မကြံတတ်တော့ဘူး အမေ"

လူသားတစ်ယောက်စင်စစ်ဖြစ်သော ထွန်းတင်သည် အရှုံးပေးလွယ်လှပါကလားဟု အမေက စဉ်းစားနေမိ၏။ အမေသည် ထွန်းတင်၏ ပျော့စိပျော့ညံ့ဖြစ်နေခြင်းကို အားမရသကဲ့သို့ဖြစ်မိ၏။

" ဩော် ခုမှသတိရလို့ နင့်ကိုမေးရဦးမယ်။ ငါ့သားအကြောင်းကို နင်စုံစမ်းတာဘာများနောက်ထပ်ကြားရသေးသလဲ" ဟု အမေသည် များမကြာမီက ပဲခူးနယ်ဘက်တွင် တိုက်ပွဲများပြင်းပြင်းထန်ထန် ဖြစ်ပွားရာမှ အစိုးရလက်နက်ကိုင်များက ဖမ်းဆီးရမိသွားသော ၎င်း၏သား သူပုန်တပ်သားကြီး ချစ်ဦးအကြောင်းကိုမေးလေ၏။

"အမေက မေးမှသတိရတယ်။ ကနေ့ပဲ ပဲခူးထောင်ကြီးက စစ်တပ်ကားနဲ့ ရန်ကုန်ထောင်ကြီးထဲကို ပို့လိုက်ပြီလို့ ပဲခူးက တရားခံလာပို့တဲ့ နယ်ပုလိပ်တွေက ပြောသွားတယ်ဗျ။ စာသင်တစ်ယောက်ရဲ့ အပြောကတော့ ဗိုလ်လေးချစ်ဦးကို အစိုးရက နိုင်ငံတော်လုပ်ကြံပုန်ကန်မှု၊ သစ္စာဖောက်ဥပဒေရယ်၊ လက်နက်မှုရယ် ပြီးတော့ နာမည်ကို ပျက်အောင် စားပြမှုပါတပ်ပြီး ရုံးတင်လိမ့်မယ်တဲ့ အမေ" ထွန်းတင်သည် ယခုအခါ၌ အရက်မူးပြေကာ ယခင်မျိုးချစ်တပ်မတော်တုန်းက ၎င်း၏တပ်စိတ်မှူး ဗိုလ်လေးချစ်ဦး၏အကြောင်းကို ၎င်းစုံစမ်းကြားသိခဲ့ရသမျှ အမေ့ကိုပြောပြလေ၏။

"ငါ့သားကို သူတို့ကစားပြမှုနဲ့တောင်ဖွဲ့ပြီး နာမည်ဖျက်ကြဦးမလို့တဲ့လား ထွန်းတင်ရဲ့" ဟု အမေက ရုတ်တရက် ဒေါသကလေးထွက်လာကာ မေးလိုက်လေသည်။

"ဒါကတော့ သူတို့လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်တာကိုး အမေ။ လယ်ကွက်ထဲမှာ ပလွေမှုတ်ရင်း နွားကျောင်းနေတဲ့ နွားကျောင်းသားကလေးကိုတောင် ပစ်သတ်ပြီး သောင်းကျန်းသူဗိုလ်ကြီး ဘယ်သူ့ကို တိုက်ပွဲမှာ အသေပစ်သတ်၍ ဖမ်းဆီးရလာခြင်းလို့ သတင်းစာတွေ ရေဒီယိုတွေမှာတောင် ကြေညာနေကြသေးတာပဲအမေရယ်"

အမေသည် အံကိုကြိတ်လိုက်မိလေသည်။ ရင်ထဲ၌လည်း ကတုန်ကယင်ဖြစ်နေလေသည်။ တကယ်ဆိုသောအခါ အမေသည် မကျေမချမ်းနိုင်လောက်အောင် ဒေါသထွက်နေခြင်းသာလျှင်ဖြစ်လေ၏။ အမေဒေါသထွက်မည်ဆိုကလည်း ထွက်လောက်စရာပင် မဟုတ်ပါသလော။

ကြည့်စမ်းပါ။ အမေ့သားချစ်ဦးသည် သက်ရှယ်အိုမင်းလုပြီဖြစ်သော အမေမုဆိုးမကြီးကိုပင် ဆင်းဆင်းရဲရဲနှင့် ထားပစ်ခဲ့ကာ အညှဉ်းဆဲခံပြည်သူတို့၏ လွတ်မြောက်ရေးအတွက် အသက်ပေးတိုက်ခိုက်နေသော ပြည်သူ့သားကောင်းကြီးတစ်ယောက်ပင် မဟုတ်ပါသလော။ သူသည် ရာထူးစည်းစိမ်နှင့် သူတစ်ယောက်တည်း၏ ကောင်းစားစွာ ချမ်းသာရေးအတွက် တောတောင်များအကြား၌ အဆင်းရဲအငတ်ပြတ်ခံနေခြင်း မဟုတ်။ သတ္တဝါအပေါင်းတို့၏ ထာဝစဉ်ငြိမ်းချမ်းရေးအတွက် သူသည်အငတ်ငတ်အပြတ်ပြတ်နှင့် အဆင်းရဲခံနေသူဖြစ်၏။ သည်လို အမေ့သား ချစ်ဦးကိုသူတို့က ဖမ်းဆီးရမိ၍ အနိုင်ရနေသောကြောင့် သတ်မည်ကိုပင် အေးအေးဆေးဆေးနှင့် မသတ်လိုက်သေးဘဲ သူခိုးစားပြကြီးအနေနှင့် ဂုဏ်အသရေညှိုးနွမ်းအောင် မဟုတ်ကဟုတ်က လုပ်ကြံ၍ဖျက်ဆီးလိုက်ချင်ကြသေး၏။

ကြည့်စမ်းပါ။ အမေသည်ဒေါသထွက်မည်ဆိုကလည်း ထွက်လောက်စရာပင် မဟုတ်ပါသလော။

"လူသတ်သမားတွေကများ ငါ့သားကို ဂုဏ်အသရေ ညှိုးနွမ်းအောင် လုပ်နိုင်ရင်လုပ်ကြစမ်းပါစေ။ ဒင်းတို့လား သိကြစေမယ်" ဟု အမေသည် ဘေးတွင်ထိုင်နေသော ထွန်းတင်ကို မေ့လျော့ကာ ကြုံးဝါးနေလေ၏။ စောစောက ပင်ပန်းဆာလောင်၍ ညှိုးနွမ်းမှေးမှိန်နေသော အမေ၏မျက်လုံးများသည် အရောင်တောက်၍လာလေသည်။

အမေသည် တောက်တစ်ချက်ခေါက်လိုက်ပြန်လေ၏။ အမေ့အာစက်မှာ သန်တုန်းဖြစ်ပေသည်။

ထွန်းတင်သည် အမေ့အားနှုတ်မဆက်ဘဲ အမေ့အနီးမှဖြည်းညင်းစွာ ထလာပြီးနောက် ထွက်သွားမည်အပြု "နင်ပြန်သွားပြီးရင် မြခင်ကိုငါ့ဆီလွှတ်လိုက်စမ်း ထွန်းတင်" ဟု အမေကမှာလိုက်သဖြင့် ထွန်းတင်သည် ၎င်း၏တဲသို့ပြန်သွားပြီးနောက် မြခင်အား အမေကမှာလိုက်ကြောင်း ပြောဆို၍လွှတ်လိုက်၏။

"နင့်ကလေးတွေ ထမင်းကျွေးပြီးပြီလားဟဲ့ မြခင်"

"ကျွေးပြီးပါပကောအမေရဲ့"

"ဒါဖြင့်လဲ ငါ့မီးဖိုက ထမင်းအိုးရော ထမင်းအိုးပေါ်က ချဉ်ပေါင်ကြော်နဲ့ ငါးကြော်တွေပါ ညည်းတို့စားဖို့ယူသွားကြတော့"

"အို အမေမစားရသေးဘူး မဟုတ်လား" ဟု မြခင်က အံ့သြသလိုမေးနေလေ၏။

"ရှည်မနေစမ်းနဲ့ မြခင်ရယ်။ ငါခိုင်းတာသာလုပ်စမ်းပါဟယ်"

မြခင်သည် အမေ့ကိုနောက်ထပ်၍ စကားမရှည်ဝံ့တော့ဘဲ အမေယူသွားရန်ခိုင်းနေသော ထမင်းအိုးနှင့် ၎င်းမစားရသည်မှာ ကြာပြီဖြစ်သော ငါးကြော်ရော ချဉ်ပေါင်ကြော်များပါယူ၍ ၎င်းတို့တဲဘက်သို့ထွက်သွားလေသည်။

အမေသည် မြခင်ထွက်သွားသောအခါ စိတ်မောလူမောဖြစ်ကာ နံး၍ကျန်ရစ်ခဲ့ရလေ၏။

## (ဃ)

အမေသည် မောနေရလေသည်။

စိတ်ရောလူရောပါ မောနေခြင်းဖြစ်၏။ ထမင်းပင်မစားနိုင်လောက်အောင် မောသွား၏။

သားကိုအာဏာပိုင်များက ဖမ်းဆီးသွားကြသောသတင်းကို ကြားသိရစဉ်က အမေသည် မောပန်းပူပန်ခြင်းမဖြစ်မိ။ လင်နှင့်သားတို့အား အစိုးရလုပ်သူများ၏ မကြာခဏဖမ်းဆီးခြင်း၊ ညဉ်းပန်းနှိပ်စက်ခြင်းများကို အမေသည် တာတေလန်အောင် ခံခဲ့ရလှဖူး၍ ဖမ်းဆီးနှိပ်စက်ရုံညဉ်းပန်းရုံလောက်တော့ အမေသည် လားလားမျှမဖြို အပျော့

ထင်၏။ အမေ၏ချစ်လင်သည် မကွယ်လွန်ခဲ့မီအထိ ဗြိတိသျှနယ်ချဲ့သမား၏ အကျဉ်းထောင်ထဲ၌ ငါးကြိမ်မျှဖမ်းဆီးချုပ်နှောင်ခြင်း ညှဉ်းပန်းနှိပ်စက်ခြင်းများကို ခံခဲ့ရ၏။ နောက်ဆုံး ဗြိတိသျှနယ်ချဲ့သမားသည် ဂျပန်ဗမာပြည်သို့အဝင်တွင် အမေ၏ ချစ်လင်အား အိန္ဒိယသို့ပင် ခေါ်ဆောင်သွားကာ အိန္ဒိယအကျဉ်းထောင်ထဲ၌ ညှဉ်းပန်း သတ်ဖြတ်လိုက်သည်အထိ အမေသည်းခံခဲ့ရ၏။

တစ်တိုင်းတစ်ပြည်၏ အကျဉ်းထောင်ထဲ၌ ချစ်လင်ဆင်းရဲနာကျင်စွာ သေဆုံးရသောသတင်းကို အမေကြားသိရသောအခါ အမေသည် ရင်ကိုထု၍ ငိုလိုက်ရတော့မလားဟု တုန်လှုပ်ခဲ့မိ၏။ ချစ်လင်ကို အမေသည် မျက်စိကွယ်ရာအရပ်၌ ဆုံးပါးရခြင်းတွင် ငယ်စဉ်တောင်ကျေးကစ၍ ဆိုးတူကောင်းဖက် ချစ်ချစ်ခင်ခင်နှင့် ဒုက္ခဆင်းရဲအမျိုးမျိုးကို ရင်ဆိုင်၍ ပေါင်းသင်းလာခဲ့ရသော အမေ့ကမ္ဘာ၌ တစ်ယောက်တည်းရှိသော ချစ်သူကိုသာ ဆုံးရှုံးရခြင်းမဟုတ်သေး။ အမေချစ်သော ဗမာအမျိုးသားများ၏ လွတ်မြောက်ရေးအတွက် အသက်ပေးစွန့်စားလုပ်ကိုင်ခဲ့သော မျိုးချစ်သူရဲကောင်းကြီး တစ်ယောက်ကိုပါ အမေ့မှာဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ သို့ရာတွင် ဆို့၍တက်လာသော အလုံးကို အမေသည်အတင်းသိပ်၍မျိုချခဲ့၏။ ဝိုင်းလာသောမျက်ရည်ကို အမေသည် ပြန်၍သွင်းခဲ့၏။ အမေသည် မငိုလိုက်ချေ။ မငိုဘဲချုပ်တည်းရသောကြောင့် အမေသည် ဆို့ရုံမျှသာဆို့ခဲ့၏။

လင်သားတို့အား စိုးမိုးနေသောလူတန်းစားများက ဖမ်းဆီးညှဉ်းပန်းခြင်းနှင့် နှိပ်စက်ခြင်းများသည် အမေ၏ဘဝ၌ ဖြစ်ရိုးဖြစ်စဉ်လောက်သာဖြစ်၏။ အမေ့အတွက် စိုးရွံ့ပူပန်စရာနှင့် ထိတ်လန့်စရာများကား မဟုတ်တော့။ နောက်ဆုံးချစ်လင်သည် ရန်သူနယ်ချဲ့သမား၏ သံဖနောင့်အောက်၌ နောက်ဆုံးသောထွက်သက်ကို မွန်းကျပ်စွာ ရှူထုတ်သွားခဲ့ရသော အဖြစ်သည်ပင် အမေ့အတွက် ခံနိုင်ရည်ရှိခဲ့၏။ ယခုတစ်ဖန် အမေ့ကမ္ဘာ၌ တစ်ယောက်တည်းရှိသော သွေးမျိုးဖြစ်သည့်သားကို ဗြိတိသျှနယ်ချဲ့သမား၏ကိုယ်စား ဆက်လက်၍ စိုးမိုးနေသော လူတန်းစားများက ဖမ်းဆီးရမိခြင်းနှင့် ထိုသားအား သူတို့၏လုပ်ရိုးလုပ်စဉ်အတိုင်း သတ်ဖြတ်ပစ်လိုက်သည့်တိုင်အောင် အမေကတော့ ယခုကဲ့သို့ သချိုင်းကုန်းအား မျက်စောင်းထိုးနေရသည့်ကာလ၌မှာပင် ရင်ကိုကော့၍ လှလှကြီးခံပြနိုင်ပါ၏။ ထုသားထောင်းသားခံရဖန်များလှသော အမေ၏ နှလုံးသားသည် ကျောက်ဆောင်ကဲ့သို့ မာကျောနေလေပြီ။ အဘယ်မျှသော မုန်တိုင်းသည် အမေ၏နှလုံးသားကျောက်ဆောင်ကို လှုပ်ရှားသွားအောင် တိုက်ခိုက်နိုင်လိမ့်မည်ကား မဟုတ်တော့။

"လူသတ်သမားတွေက ငါ့သားကိုသတ်တာလောက်နဲ့ပဲ အားမရသေးလို့ ဂုဏ်အသရေညှိုးနွမ်းသွားအောင်လဲ လုပ်ကြဦးမလို့တဲ့လား။ တောက် ဒင်းတို့လား တစ်နေ့

သိမပေါ့ဟယ်" အမေသည် မှောင်မည်းနေသော အိပ်ရာထက်တွင် တရှူးရှူးတရှဲရှဲ ဖြစ်နေရာမှ တစ်ယောက်တည်းပင် အသံထွက်အောင်ကြုံးဝါးနေပြန်၏။

ခါတိုင်းညစဉ်ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်တတ်သော အမေသည် ခုညတော့ ဘုရားကိုပင် မေ့လျော့သွားလေသည်။ ဘုရားသည် အမေမသိရသေးသော နောင်တမလွန်ဘဝအကြောင်းနှင့်သာဆက်စပ်နေ၍ ယခုလောလောဆယ် အမေခံနေရသည့် အကြောင်းများလောက်ဆိုသော် အမေ့ကိုလွှမ်းမိုးနိုင်ဖွယ်ရာကားမရှိပေ။

"ဒကာမကြီး တရားနဲ့ဖြေမှပေါ့"ဟူ၍သာ ဘုရား၏သားတော်တစ်ပါးပါးက လာရောက်၍ အမေ့ကိုတရားပြသည့်တိုင်အောင် အမေသည် ထိုဝမ္မကထိကအား နားကန်းနေလိမ့်မည်သာဖြစ်တော့၏။

စက္ကန့်ကလေးများသည် မရပ်မနေ မိနစ်၏အရည်အချင်းသို့ ကူးပြောင်းနေကြရာမှ မိနစ်တို့သည်နာရီစက်ဝန်းကိုဖွဲ့ကြလေ၏။ သို့ရာတွင် လျင်မြန်စွာကုန်၍ ကုန်၍သွားနေကြလေသော စက္ကန့်ကလေးများကို အမေသည်မသိလိုက်၍ မိနစ်နှင့်နာရီတို့သည် အမေ့ကိုကျော်လွန်သွားကြလေ၏။

နာရီပြန်တစ်ချက်တီးသောအခါ အမေသည်အိပ်ရာထက်တွင် ညောင်းညာလှသောကြောင့် မီးမထွန်းတော့ဘဲ ခေါင်းရင်းမှဆေးပေါ့လိပ်တိုကို စမ်း၍ယူကာ မီးညှိ၍သောက်နေလေသည်။ အသက်အရွယ်အိုမင်းသော ကာလ၌ တစ်ယောက်ထီးတည်းနေရသော လူကြီးများ၏ခြောက်ကပ်မှုကို အမေသည်ရိုးတာနေပြီဖြစ်၍ ဆေးပေါ့လိပ်ကို မီးရဲရဲနှင့် ခပ်အေးအေးပဲဖွာနေပေသည်။

ထိုအခိုက်မှာပင် တစ်ဖက်သောနောက်ဖေးလမ်းကြားဘက်ဆီမှ လူသံသူသံများကို အမေသည်ကြားရလေ၏။ တိတ်ဆိတ်သောညအချိန်ဖြစ်၍ စကားပြောသံများကို ပီပီသသကြီးမဟုတ်သည့်တိုင်အောင် မသဲမကွဲတော့ကြားရလေသည်။ ထို နောက်ဖေးလမ်းကြားဘက်ဆီမှ ယခုကဲ့သို့ သန်းခေါင်ကျော်အချိန်၌ တစ်ရေးနိုးသောအခါတိုင်း အမေသည်ကြားနေကျ စကားများကိုသာ ကြားရခြင်းဖြစ်လေ၏။

တစ်ဖက်မှ နောက်ဖေးလမ်းကြားထဲ၌ ဆောင်ကြာမြိုင်ရှိလေသည်။ တောမှ မရှိဆင်းရဲသော ကလေးမများနှင့် စားရသောက်ရမဲ့ဖြစ်နေသော ကလေးမများကို ခေါ်ယူမွေးမြူကာ ပိုက်ဆံပေး၍ တိရစ္ဆာန်လို အလေလိုက်သူများနှင့် ပျော်ပါးခိုင်းစေသော လုပ်ငန်းဖြစ်၏။ စီးပွားရေးကျပ်တည်း၍ စားရမဲ့မဲ့နေရမဲ့မဲ့ဖြစ်နေရသော မိန်းကလေးပေါင်းများစွာသည် ၎င်းတို့၏လွတ်မြောက်ရေးကို မရှာဖွေတတ်ကြသဖြင့် ရန်ကုန်မြို့၏ နောက်ဖေးလမ်းကြားများထဲ၌ ၎င်းတို့၏ကာမဖြင့်အရင်းပြု၍ အခိုက်အတန့်အတွက် စားဝတ်နေရေးကို ရှာဖွေကြံကြရလေ၏။ ထိုကဲ့သို့ ကာမကိုအရင်းပြုသော

မိန်းမသားများနှင့် တိရစ္ဆာန်လို အလေလိုက်ကြသူများတွေ့ဆုံရာ နောက်ဖေးလမ်းကြားများထဲမှပင် လူ၏သားစဉ်မျိုးစက်ကို လူစဉ်မမီ လူချင်းမတူအောင် ဖျက်ဆီးမည့် ကာလသားရောဂါသည် ပေါ်ပေါက်ကြီးထွား၍လည်းလာနေ၏။ ကူးစက်ပြန့်ပွားနေ၏။ အဘယ်မျှ ထိတ်လန့်ရွံရှာစရာ ကောင်းလှသော ဘေးအန္တရာယ်ကြီးဖြစ်ပါသနည်း။ သို့ရာတွင် အပေါ်ယံကြောက ရွှေမှုံကြဲထားသော ရန်ကုန်မြို့တော်၏ နောက်ဖေး လမ်းကြားများထဲ၌ အခေါ်အားဖြင့် သုတိသာယာလှသော ဆောင်ကြာမြိုင်ခေါ် ဖာအိမ်ဖာခန်းများသည် ဒလကြမ်းပင် တိုးပွား၍သောင်းကျန်းနေ၏။

ဆိုင်ရာဂါတ်မှ အကြီးအကဲများသည် တောမှ အသစ်စက်စက်ကလေးများနှင့် မိတ်ဆက်ရအောင် ကြွရောက်တတ်သော သန်းခေါင်ကျော်အချိန်များနှင့် စက်ဘီးပတ်တရောင်များ ဆာလောင်၍ လက်ဖက်ရည်ဖိုး ဝင်တောင်းတတ်သောအချိန်များ၌ အမေသည် တစ်ဖက်နောက်ဖေးလမ်းကြားထဲမှ မိန်းမပေါ့၏ရွှင်သံနှင့် ဂျစ်ကားသံ၊ စက်ဘီးဟွန်းသံများကို ကြားရတတ်လေသည်။ တဝုန်းဝုန်းနှင့် ဆူညံရယ်မောသံများကို ညကြီးအချိန်မတော်မှ အမေသည် တစ်ရေးနိုးတိုင်းကြားရတတ်လေသည်။

ယခုညသည်လည်း အမေသည်ဆောင်ကြာမြိုင်၏ ဂီတသံကိုကြားရခြင်းပင်ဖြစ်လေ၏။

အမေနေထိုင်၍ လုပ်ကိုင်စားသောက်နေရသော ပတ်ဝန်းကျင်မှာ သည်ကဲ့သို့သော စိတ်မချမ်းမြေ့ဖွယ်ရာများနှင့် နောက်ကျူထိတ်လန့်စရာတို့သည်သာ ဝိုင်းရံပိတ်ဆို့လျက်ရှိကြလေသည်။ သို့ရာတွင် သည်လိုဓားမနောက်ပိတ်ခွေးများ၏ ပတ်ဝန်းကျင်မှလွဲ၍လည်း အခြေအနေမရှိ ဈေးတောင်းခေါင်းရွက်နေရသော အမေကဲ့သို့ မုဆိုးမကြီးတစ်ယောက်အား အဘယ်ရိပ်သာနှင့်အဘယ်ဂေဟာများကကော အရေးတယူ ဂရုတစိုက်နှင့် လက်ခံကြပါဦးမည်နည်း။

အမေ၏ပတ်ဝန်းကျင်ဖြစ်သော မြို့တော်၏နောက်ဖေးလမ်းကြားများထဲ၌ စားဝတ်နေရေးလမ်းဆုံး၍ ဖာဖြစ်နေရရှာသော မိန်းကလေးများရှိကြ၏။ ထိုနောက်ဆုံးလွှာမှ ဖာကလေးများသည် အမေ့အား သူတို့၏ ပေရေသောပတ်ဝန်းကျင်၌ သဘောကောင်းသော အမယ်ကြီးတစ်ယောက်အနေဖြင့် လက်ခံကြ၏။ ရိုလည်းရိုသေ၏။ တစ်ခါတစ်ရံငင်းတို့၏ ကိုကိုများက စွန့်ကြဲပေးကမ်းသွားတတ်ကြသော မုန့်ဖိုးပဲဖိုးကလေးများ ရွှင်သောအခါ ဘိုင်စကုတ်သွားကြည့်ကြရာမှအပြန်တွင် အမေ့အတွက် မှတ်မှတ်ရရလက်ဖက်သုပ်၊ ဂျင်းသုပ်ကလေးများကို ဝယ်ခြမ်းယူလာတတ်ပြီးလျှင် အမေ့အား လေးလေးမြတ်မြတ်လာ၍ ပေးကြလေ၏။ ယခုခေတ်၏ ပညာတတ်ဟု ခေါ်ဝေါ်ထားသော ယဉ်ကျေးမှု၏သမီးများက နိမ့်ချရွံရှာသော မျက်လုံးများဖြင့်ကြည့်ကာ “အဘွားကြီး”ဟု ခေါ်ဝေါ်ကြသလို၊ ထိုဘဝဆုံးနေသော လူမကလေးများသည် အမေ့

ကို မလေးမခံ့နှင့် ပေါ့ပေါ့ဆဆလည်း မခေါ်တတ်ကြ။ သူတို့သည် အမေ့ကို လေးလေးစားစားနှင့် ချစ်ခင်စွာ "အမေ" ဟုသာ ခေါ်ကြရာ၏။ သည်လိုလူ့ဘောင်၏အမြင့်မြတ်ဆုံး ဂုဏ်ထူးဖြစ်သော မိခင်ဘဝအဖြစ် အမေခေါ်ခံရခြင်းကို အမေကလည်း နှစ်သိမ့်ကြည်နူးခြင်းဖြစ်မိ၏။ ထိုအခါ ဗမာ့သမီးကောင်းကြီးပီသစွာ အမေက ထိုအငြင်း ပယ်ခံကလေးမတို့အား "သမီးတို့" ဟု ပြန်လည်၍ နှစ်သိမ့်ခေါ်ဝေါ်ခြင်းပြုလေသည်။

ခပ်စောစောက တစ်ဖက်တဲမှ ထွန်းတင်ထံက နောက်ထပ်ကြားသိရသော အမေ့သား၏သတင်းနှင့် ပတ်သက်၍ အမေသည်တွေးတောပူပန်ခြင်းဖြစ်နေရာမှ ဆေးပေါ့လိပ်ကို မီးတရဲရဲနှင့်ဖွာရင်း တစ်ဖက်လမ်းကြားထဲတွင် မိန်းမသားတို့၏အမှောင်ဆုံးအလွှာ၌ နစ်မွန်းနေရရှာသော သမီးတို့၏ဘဝကိုရင်နာနာနှင့် ဆက်လက် စဉ်းစားမိပြန်လေသည်။ မလှုပ်သာမလွန့်သာအောင် ကျပ်တည်းလာလျက် တစ်နေ့တခြား ဆိုးဝါးသည်ထက် ဆိုးဝါးလာနေရာမှ အဆိုးဆုံးသောချောက်ထဲသို့ ဦးတိုက်ထိုးဆင်းနေသည့် လက်ရှိ "စားဝတ်နေရေး" စနစ်ကြီး၏ သားကောင်ကလေးများအဖြစ်သို့ မရုန်းနိုင်၊ မဖယ်နိုင်ကျရောက်နေရကာ မိမိတို့၏ကာမအရင်းပြု၍ လူတကာနှင့် ပလူးနိုင်မှ အသက်ရှင်နေရရှာသော သမီးငယ်တို့သည် ထိုကဲ့သို့ဘဝဆိုးမှ လွတ်မြောက်ရေးလမ်း အစစ်အမှန်ကို မရှာဖွေမသိနိုင်ကြသေးဘဲ ၎င်းတို့၏အခိုက်အတန့် လွတ်မြောက်ရေးအတွက် ၎င်တို့၏အိပ်မက်ထဲမှ သဘောကောင်းလှသော သူရဲကောင်းများကို သနားဖွယ်ရာမျှော်ကိုး၍ နေတတ်ကြရှာသည်ကိုလည်း အမေ့အား သူတို့က ယုံယုံကြည်ကြည်လေးလေးစားစားနှင့် တိုင်ပင်ပြောကြားကြသောကြောင့် အမေသည်ကြားသိခဲ့ရ၏။

"ဟိုရုံးကစာရေး ကိုဘတင်ဆိုတဲ့လူက ကျွန်မကို တကယ်သနားပြီး တကယ့်ကို ယူပါ့မယ်လို့ ပြောသွားတယ်အမေ။ သူ့မှာလဲ ရတဲ့လခကလေးနဲ့ မိန်းမတစ်ယောက်ကို မထားနိုင်သေးလို့ ခုလိုနေရတာတဲ့။ အဲဒါကျွန်မက လိမ်လိမ်မာမာနဲ့ ပိပိရိရိနေရင်တော့ သူမကြာခင်လာခေါ်မယ်တဲ့ အမေရဲ့"

ထိုကဲ့သို့ စိတ်ကူးအယဉ်လွန်ပြီး မိမိတို့ဖြစ်ချင်ရာကိုသာ လာရောက်ပြောဆိုတိုင်ပင်ကြသော စကားများကို အမေသည်ကြားရဖန်လည်း များလှပေပြီ။ "အေးဟုတ်လား" ဟု အမေက ဒါလောက်ပဲ ပြန်၍ပြောလိုက်ရ၏။

"ကျွန်မလင်နဲ့သားနဲ့ ကောင်းကောင်းနေတဲ့အခါ အမေ့ကို ကျွန်မခေါ်ထားပါ့မယ် အမေရယ်" အမိုက်မကလေးတို့သည် စိတ်ကူးယဉ်ဝတ္ထုကိုပြော၍ပင် အားမရနိုင်ကြသေးတော့။

"သာဓုပါကွယ် သာဓုပါ" အမေကလည်း ဆုတောင်းလိုက်ရချေ၏။

အမေသည် ဆေးပေါ့လိပ်ကိုဖွာရင်း ထိုဘဝဆိုးကြီးထဲ၌ လွတ်မြောက်ရေးကို အိပ်မက်မက်သလိုရှာနေသော သမီးတို့၏ရင်နာစရာအဖြစ်အပျက်များကို အဘယ်မျှ အချိန်ကုန်အောင် စဉ်းစားနေမိသည်ကို သတိမထားမိလိုက်၊ နို့စို့ကလေး၏ စူးစူးဝါးဝါး နှင့် ရုတ်တရက်အော်ငိုလိုက်သောအသံသည် မြခင်တို့တဲဘက်က ရုတ်တရက်ထွက် ပေါ်လာမှ အတွေးသည်ပြတ်၍သွားလေသည်။

မြခင်၏နို့စို့ကလေးသည် စူးစူးဝါးဝါးနှင့်ကျယ်လောင်စွာ ငိုနေလေသည်။ နို့ ဆာသောကလေး၏ငိုနေကျ အငိုမျိုးတော့ကားမဟုတ်၊ ကင်းကိုက်လိုက်သကဲ့သို့ လည်းကောင်း၊ ဗိုက်ထဲကထိုး၍ နာသကဲ့သို့လည်းကောင်း နာကျင်သောကြောင့် ငိုခြင်း မျိုးထဲကဟု အမေကထင်၏။

အမေသည် ကလေး၏ငိုသံကို ဆက်လက်နားစွင့်ရင်း မြခင်တို့လင်မယား၏ အသံကိုအကဲခတ်နေ၏။ နို့စို့ကလေးငယ်သည် အလွန်တရာနာကျင်းစွာနှင့် ၇ အိမ် ကြား ၈ အိမ်ကြား ရုန်းကန်ငိုယိုနေသော်လည်း မြခင်တို့လင်မယား အသံကိုကား မကြားရ။

အမေသည် ကလေး ဒါလောက်ငိုနေသည့်အကြားက အိပ်မောကျနိုင်သောက လေး၏မိဘများကို ဒေါသထွက်လာမိလေ၏။

"ဟဲ့ မြခင်တို့ ထွန်းတင်တို့၊ ကလေးဒါလောက်ငိုနေတာများ နင်တို့မနိုးကြဘူး လားဟယ်။ ငါဖြင့်အံ့ပါရဲ့၊ နင်တို့မို့ဒါလောက် အိပ်နိုင်ကြပလေ" အမေသည် လှမ်း ၍အော်လိုက်လေ၏။

သို့ရာတွင် ခေတ်သစ်ကာလနဂါးတို့ လင်မယားသည် တုတ်တုတ်မျှပင်မလှုပ် ကြ။ နေ့လည်ခင်းများက ပင်ပန်းအားကြီး၍ အားအင်ကုန်ခန်းကာ ကုလားသေ ကုလား မော ဆိုသကဲ့သို့ အိပ်မောကျ၍နေပုံရလေသည်။

အမေသည် မနေနိုင်တော့သဖြင့် တဲအတွင်းမှထ၍ မြခင်တို့တဲဘက်ဆီသို့ မီးခွက် ကိုထွန်းညှိပြီးနောက် မျက်စိကမှုန်ရီမှုန်မွားနှင့် တလှုပ်လှုပ်ထွက်လာခဲ့ရပြန်၏။ မြခင် တို့တဲအနီးသို့ ရောက်လျှင်ပင်ကလေးငိုသံအကြားမှ ထွန်းတင်၏ဟောက်သံကိုကြား ရ၏။

"ဟဲ့ မြခင် ထစမ်းပါဦးဟဲ့" ဟု အမေက တဲထရံကိုလက်ဝါးဖြင့်ပုတ်၍ နှိုးရလေ သည်။

"ရှင် ဘယ်သူတုံး အမေလား" အိပ်မှုန်စုံမွားနှင့် မြခင်၏အသံကို စ၍အမေကြား ရ၏။

မြန်မာစာအုပ်တိုက်

"နင့်ကလေး ငိုလိုက်တာဟယ်၊ မီးကလေးဘာကလေးထွန်းပြီး ထမျှားကြည့်စမ်းပါဦး။ နင့်နှယ် သားသည်အမေလုပ်ပြီး ကိုယ့်ကလေး ၇ အိမ်ကြား ၈ အိမ်ကြား ငိုတာတောင် မသိအောင်များ အိပ်နိုင်ရန်ကော"ဟု အမေကဆက်လက်နှိုးကာ မြည်တွန်နေ၏။

ကလေးသည် ဆာဆာလောင်လောင်ပင်ငိုနေတုန်း ဖြစ်လေ၏။

မြခင်သည် အင်းအင်းအဲနင့်ထကာ မီးခြစ်ကိုတော်တော်နှင့် ရှာဖွေစမ်းသပ်နေရပြီးမှ မီးခွက်ကိုထွန်းညှိလိုက်ပြီးနောက် အိပ်မှုန်စုံမွှားနှင့်သာ ၎င်း၏ဂျိုးများပေကျန်နေသော နို့ပိန်နို့ကပ်ကလေးကို ထုံးစံအတိုင်းပစ်စလက်ခတ်လှန်၍ တစာစာငိုနေသော ကလေးအား အတင်းတိုက်လေ၏။ ကလေးသည် အမေ့နို့ချိုကိုထွေးထုတ်ကာ ရှန်းကန်၍ ငိုမြဲသာငိုနေ၏။ မြခင်သည် ကလေးကမစို့၍ ထွေးထုတ်ဖယ်ရှားပစ်သောနို့ကို အိပ်ချင်မူးတူးနှင့် ဖွတ်တရွတ်တိုက်နေပြန်ရာမှ ကလေးကဖယ်ပစ်ပြီး ငိုမြဲပင်ငိုနေသောကြောင့် စိတ်တိုလာကာ " ဒီဟာကလေးကလဲ နို့တိုက်တာမစို့သေးဘဲ ဘာလို့များ ဒါလောက်ငိုနေရသေးတာလဲဟင်း၊ ငါစိတ်မရှည်တော့ဘဲ လုပ်လိုက်ရရင် အသက်သေသွားတော့မယ်"ဟု မာန်မဲခြိမ်းခြောက်နေလိုက်ချေ၏။

အမေသည် မောသွားရပြန်၏။

" နို့စို့ကလေးကို ပြောနေလို့ကော နားလည်မှာတဲ့လား မြခင်။ ညည်းကလေးက နို့ဆာလို့ငိုတာမှဟုတ်ရဲ့လား။ ညည်းတွေ့ကရာတွေစားလို့ ကလေးဗိုက်ထဲက လေထိုးပြီထင်တယ်"

"တွေ့ကရာစားရအောင် ဘာမှလဲစားစရာမရှိပါဘူးအမေရယ်။ ကလေးကိုက ကဲပါတယ်"

"မနေ့က ထွန်းခိုင်တို့တဲက ညည်းခရမ်းသီးသွားတောင်းတာ ငါမြင်ပါတယ်အေ။ ညည်းခရမ်းသီးစားလို့ ကလေးလေထိုးတာ"

"ဟင်းမရှိလို့ မနက်က ကျွန်မငါးပိရည်နဲ့ တို့စားတာကလဲ မဖြစ်လောက်ပါဘူးအမေရဲ့"

"ဒါဖြင့် ကလေးလေထိုးလို့ ငိုတာပါပဲ။ ညည်းတို့က အစားမှမဆင်ချင်တာ ဟယ်"

"ဆင်ခြင်ရင်လဲ ငတ်ဖို့ပဲရှိတော့မှာပေါ့"

"တော်စမ်းပါ မြခင်ရယ်၊ ညည်းတို့ဆီမှာ ကလေးဆေးဝါးကလေးဘာကလေးများကော ရှိရဲ့လား"

"ဒီဆေးမဝယ်နိုင်လို့ အရင်ကလေးတစ်ယောက်လဲ ပစ်လိုက်ရတာ အမေသိသားနဲ့"

"ကိုင်းကလေးဗိုက်ကို အသာကလေးဖိထားပေးနှင့် ငါနမ်းဆီသွားယူလိုက်ဦးမယ်"ဟု ပြောပြောဆိုဆိုနှင့် အမေသည် ၎င်း၏တဲသို့ ပြန်ခဲ့ပြီးနောက် လက်စောင့်ခြေစောင့်သိမ်းထားရသော နမ်းဆီစစ်စစ်ပုလင်းကိုယူကာ မြခင်တို့တဲဘက်သို့ တစ်ဖန်ကူးလာခဲ့ရလေ၏။

အမေသည် မြခင်၏လက်မှ ရှန်းကန်ငိုယိုနေသောကလေးကို လှမ်းယူကာဗိုက်ကိုနမ်းဆီနှင့်သပ်၍ လိမ်းပေးရင်းနှိပ်နယ်ပေးလေ၏။ မြခင်သည် ခေါင်းစုတ်ဖွားနှင့် ဘောမှင့တ်တုတ်ထိုင်ရင်း ငိုက်နေ၏။ ထွန်းတင်ကတော့ ဖျာကြမ်းပေါ်တွင် အိပ်မောကျကာ ဟောက်မြဲဟောက်နေ၍ ကလေးအကြီးနှစ်ယောက်သည် သူတို့အဖေ၏ရေလဲပိုင်းကလေးကိုခြုံ၍ ကွေးကွေးကလေးအိပ်နေကြလေ၏။

အမေက နမ်းဆီဖြင့် ဗိုက်နှိပ်ပေးသဖြင့် ကလေးသည်သက်သာသွားသကဲ့သို့ အငိုရပ်၍သွားသော်လည်း လုံးလုံးမပျောက်သေးဘဲ တအယ်အယ်နှင့်ညည်းရှာလေ၏။

အမေသည် အသက်အရွယ်နှင့် မမျှအောင်နာကျင်စွာညည်းနေသော ကလေးကိုကြည့်နေရင်းက မြခင်ကိုသာ စိတ်ဆိုးမိလေ၏။

"သားသည်အမေဆိုတာ အငတ်ခံရတယ်မြခင်။ ခုကြည့်စမ်း ညည်းတွေ့ကရာတွေစားတဲ့အတွက် ညည်းကလေးဟာ မပြောတတ်မဆိုတတ်နဲ့ ခံနေလိုက်ရတာ ဘယ့်လောက်သနားဖို့ကောင်းသလဲ"ဟု အမေသည် မြခင်ကို မကျေမချမ်းနိုင် အပြစ်တင်ရင်း ဆုံးမနေ၏။

"အမေကလဲ ဆူမနေပါနဲ့တော့ ကျွန်မဟင်းမရှိလို့ သူများဆီက တောင်းလို့ရတာကို စားရတာပဲ" မြခင်ကလည်း ၎င်း၏အပြစ်ကို ကာကွယ်ခြင်းပြုလေ၏။

အမေသည် စားစရာမရှိ၍ တောင်းရသမျှကိုစားရသော ကလေးအမေအား ဘာများပြောနိုင်ပါဦးမည်နည်း။

ကလေးသည် အမေနှိပ်ပေးသဖြင့် သက်သာသွားသကဲ့သို့ မညည်းညူတော့ဘဲ မှိန်း၍ငြိမ်သွားလေ၏။

"ကဲ မြခင် ညည်းကလေးသက်သာလို့တော့ မှိန်းသွားပြီ။ ကလေးကို နွေးနွေးထွေးထွေးသိပ်နော် ကြားလား"ဟု အမေသည် မြခင်အား ကလေးကိုလှမ်းပေးရင်း နောက်ထပ်သတိပေးမှာကြားပြီးနောက် တဲအပြင်ဘက်သို့ထွက်၍အလာတွင် အမေတို့အစုအဝေးရှိရာ နောက်ဖေးလမ်းကြားထဲသို့ လူတစ်ယောက်ဝင်လာသည်ကို တွေ့

ရသောကြောင့် မီးခွက်နှင့်အသာမြှောက်၍ကြည့်ရင်း"ဟဲ့ ဘယ်သူလဲ"ဟု လှမ်း၍ အော်မေးလိုက်မိ၏။

"ကျွန်တော်ပါ အမေရဲ့ စိန်သန်းရယ်"

စိန်သန်း၏အသံကို အမေကကျက်မိ၏။ စိန်သန်းသည် ဆိုက်ကားနင်းသော သူငယ်ဖြစ်လေ၏။ အမေ၏ တဲအနောက်နားကတဲတွင် ကနဖျင်းထိုး၍နေသူဖြစ်၏။

"ဟဲ့ နင်ဆိုက်ကားနင်း မထွက်ဘူးလား စိန်သန်း"

"ကျွန်တော်ပြန်ခဲ့တာလေ အမေ"

"ဟင် နင်ခုဆိုက်ကားနင်းပြီးလို့ ပြန်ခဲ့တာဟုတ်လား။ ဘယ်အချိန်များရှိသေး လို့လဲ စိန်သန်းရဲ့"

"လေးနာရီတောင် ခွဲသွားပြီလေ၊ အမေကော ခုကောက်ညှင်းပေါင်းတော့မလို့ မဟုတ်လား"

"ဟေ ဟုတ်လား၊ ငါဖြင့် လေးနာရီခွဲသွားမှန်းတောင် မသိလိုက်ပါဘူးဟယ်"

"လေးနာရီခွဲသွားတာ တော်တော်ကလေးတောင် ကြာသွားမှပဲအမေ"

"မပြောတတ်တော့ပါဘူး စိန်သန်းရယ်။ ငါဖြင့် ခုထက်ထိ တစ်မှေးတောင်မှ မမှေးရသေးဘူး။ ဒါထက် နင့်ဆိုက်ကားအလုပ်ကကော ဘယ်နဲ့လဲဟဲ့ နေ့တွက်စီ ကောစီရဲ့လား"

"နေ့ခင်းဘက်နင်းရတာ လူတွေမှာ စီးပွားရေးကျပ်တည်းလို့ မစီးနိုင်တဲ့အတွက် ဆိုက်ကားငှားခတောင်မပေးနိုင်တာနဲ့ ညဘက်နင်းပြန်တော့မှ သာဆိုးနေသေးတယ် အမေရဲ့"

"ဘာပြုလို့တုံးဟဲ့ စိန်သန်းရဲ့"

"မပြောချင်တော့ပါဘူးအမေရယ်။ ခါတိုင်းညဘက်ပိုက်ဆံပေါတဲ့ လူတွေက အလေလိုက်ရင်း ဆိုက်ကားစီးနိုင်ပေမယ့် ခုတလောအဲဒီပိုက်ဆံပေါတဲ့လူတွေက မပေါ နိုင်ကြတော့ဘူးထင်ပါရဲ့ဗျာ။ တစ်ညလုံးလူရှာလို့မှ စီးမယ့်လူတစ်ယောက်တလေ တောင်မရဘူး။ ဒီအထဲက ပတ်တရောင်ကညှဉ်းလို့ ရထားတဲ့တစ်ကျပ်ငါးမတ်ကလေး ထဲက လက်ဖက်ရည်ဖိုးပေးလိုက်ရသေးတယ်"

"ဩော် ဒီလိုလားဟဲ့ ဒီလိုဆိုတော့လဲ နင့်အလုပ်က ဒုက္ခပါပဲဟယ်"

"ဘယ်သူမှ ဟန်တယ်လို့ ပြောသံမကြားပါဘူး အမေရယ်"ဟု ညည်းညည်း ညူညူနှင့် ပြောဆိုရင်း ရိုးသားစွာဆိုက်ကားနင်းစားသော စိန်သန်းသည် ၎င်း၏တဲ ဘက်သို့ လေးကန်စွာထွက်သွားသဖြင့် အမေသည် ၎င်း၏တဲအတွင်းသို့ ပြန်ဝင် လာခဲ့ရလေ၏။

အမေသည် လေးနာရီသာခွဲသွားခဲ့ပြီး တစ်မေးမျှမမေးခဲ့ရသေး။ ခေါင်းထဲတွင်လည်း မူးနောက်နောက်ဖြစ်နေ၏။ သို့ရာတွင် အမေ့မှာအိပ်နေရန် အချိန်ကမရှိတော့။ လေးနာရီခွဲသွားသည်မှာပင် တော်တော်ကလေးကြာသွားပြီဟု စိန်သန်းကပြောသွားခဲ့၏။ လေးနာရီခွဲလောက်ကစ၍ မီးမွှေးကာမှ အမေ၏ကောက်ညှင်းနှင့် ပဲပြုတ်တို့သည် ငါးနာရီသာသာလောက်တွင် ကိစ္စပြီးနိုင်၏။ ထိုကဲ့သို့ငါးနာရီသာသာလောက်ပြီးပါမှ အမေသည် ဈေးသို့တော်ရုံကျပေမည်။ ထို့ကြောင့် အမေ့အတွက် တစ်မေးမျှပင်မေးနေရန်အချိန်က ပြေးလေပြီ။

အမေသည် အနည်းငယ်လန်းဆန်းကြည်လင်လာရန် မျက်နှာသစ်ပြီးနောက် မီးမွှေးကာ ညဦးကစိမ်ထားသော ကောက်ညှင်းဆန်များနှင့်ပဲများကို လုပ်ကိုင်၍ ပေါင်းအိုးကိုလည်း ပြင်ရတော့၏။

အိုမင်းသောအဘွားကြီးအတွက် နေ့နှင့်ည၏ မျက်စိသည် ဆက်သွားရပါပကောလား။

သို့နှင့်အမေသည် ကောက်ညှင်းပေါင်းအိုးကျသောအခါ ပဲအိုးကိုတည်ပြန်လေ၏။ ထင်းက ကောင်းကောင်းမခြောက်၍ မီးကလည်းကောင်းကောင်း မတောက်သောကြောင့် အမေသည်မီးပြောင်းနှင့် ကုန်း၍ကုန်း၍မှုတ်လိုက်ရသေး၏။ မီးခိုးများသည် အူ၍အူ၍အန်ထွက်နေ၏။ အမေသည် မီးခိုးသောကြောင့် မျက်ရည်များပင် ထွက်လာ၏။ သို့ရာတွင် မီးကိုကား မတောက်တောက်အောင် မျက်စိများကျိန်းစပ်နေရသည့်အကြားမှ ကုန်း၍ကုန်း၍ မှုတ်ရရှာ၏။ သည်လို အမေ့မှာ မီးခိုးများအကြား၌ လုံးထွေးနေရစဉ် ဗိုက်ထဲကရုတ်တရက်အောင့်၍ နာလာရပြန်လေ၏။ သို့ရာတွင် အမေသည် ၎င်း၏ဝမ်းဗိုက်ထဲ၌ အစာမရှိ၍လေထိုးလာသောအဖြစ်ကို သတိမေ့ကာ "ဘုရားဘုရား" ဟူ၍သာ မြတ်ရှင်တော်အား တိုင်ကြားမြည်တမ်းလိုက်၏။ တကယ်တမ်းသာပြောရမည်ဆိုခဲ့ချေသော် ပဲပြုတ်ပြီးသော ကာလ၌ အမေသည် မငြိမ်းနိုင်သေးသော ၎င်း၏ အသက်မီးဖွားကလေးအား ဆက်လက်၍ တောက်လောင်နိုင်စေရေးအတွက် ဗိုက်ထဲကပဲနာနာ ကျောထဲကပဲအောင့်အောင့် အဘယ်သို့ပင် မြတ်ရှင်တော်အား တောင်းပန်တိုးလျှိုးစေကာမူ အမေ့ဘဝကအမေ့ကို ချမ်းသာပေးလိမ့်မည်မဟုတ်။ လွတ်ငြိမ်းခွင့်လည်းပေးလိမ့်မည်မဟုတ်။

အမေသည် ဈေးတောင်းကို ခေါင်းရွက်ရမည်သာဖြစ်၏။ နေပဲပူပူ မိုးပဲရွာရွာ။

မြောင်းပုပ်နှင့် မိလ္လာနံ့များ သင်းပျံ့ကြိုင်လှိုင်နေသော မြို့တော်၏နောက်ဖေးလမ်းကြားထဲမှ အမေသည် ဥတုသုံးပါးမရွေး ထွက်လာမည်သာဖြစ်၏။ ချမ်းလွန်းသည်ဖြစ်စေ၊ ပူလွန်းသည်ပင်ဖြစ်စေ။

အမေ၏ပဲပြုတ်ကိုသာ ဝယ်စားနိုင်ကြရှာသော အလုပ်သမားများရှိရာ စက်ရုံများနှင့် ဆင်းရဲသားများရှိရာ နောက်ဖေးလမ်းကြိုလမ်းကြားများကြားပါမကျန် တစ်နေကုန်ကုန် တစ်နေခန်းခန်း အမေသည် "ပဲပြုတ် ... ကောက်ညှင်းပေါင်း" ဟု လိုက်လံ အော်ဟစ်ရောင်းချရဦးမည် မဟုတ်ပါသလော။

ဒါသည်သာ အမေ့အလုပ်ဖြစ်၏။

ဒါသည်ပင် အမေ့ဘဝဖြစ်ရတော့မည်လား။ ဒါနှင့်သာ အမေ့ဘဝသည် ဆုံးရတော့မည်လား။

# အငြင်းပယ်ခံတို့၏ လောက

## (က)

မနေ့ကတစ်ညလုံး တစ်မှေးကလေးမျှပင် မမှေးခဲ့ရသော အမေသည် ဈေးတောင်းကို ခေါင်းရွက်၍ ၎င်း၏တဲကလေးထဲမှ ထွက်လာခဲ့ရပြန်၏။ အမေသည် နောက်ဖေး လမ်းကြားထဲမှထွက်၍ လမ်းမကြီးပေါ်သို့တက်လာသောအခါ မိုးသည်အုံ့မဲ၍နေ၏။

"မိုးက ရွာပဲရွာနေဦးတော့မလို့လား ဟယ်" သဘာဝအလျောက် သူ့ရာသီဥတုနှင့်သူ ရွာသွန်းသောမိုးကိုပင် အမေက စိုးရွံ့ထိတ်လန့်စွာ မြည်တမ်းမေးမြန်းနေ၏။ "မနေ့မနက်ကရွာပြီးရင်လဲ တော်ပဲတော်ရောပေါ့ကိုရွှေမိုးရယ်" ပင်လယ်ဘက်ဆီမှ မည်း၍မည်း၍အလိပ်အလိပ်နှင့် တက်လာသော မိုးသားတိမ်တိုက်များကို လှမ်း၍ကြည့်ရင်း အသိဉာဏ်မရှိသော မိုးတိမ်ကိုအမေက တောင်းပန်ပြောကြားနေ၏။

မိုးသက်လေသည် ရန်ကုန်မြစ်ဘက်ဆီမှ ပြေးလာကာဖော့ရမ်းတိုက်ခတ်၍ သွားလေ၏။

"ဘုရား ဘုရား" သိမ့်ခနဲအေးသွားသောကြောင့် မြတ်ရှင်တော်အား တသမိ၏။

သို့ရာတွင် အမေ၏တောင်းပန်တိုးလျှိုးသံကိုမူ မိုးနတ်ဒေဝါနှင့် မြတ်ရှင်တော်တို့သည် နားမညောင်းကြ။ မိုးသည်ကြင်နာခြင်းကို မသိတော့သည့်အတိုင်း တစ်ဟုန်ထိုးရွာသွန်းချလိုက်လေ၏။

"ဟော့တော့ မိုးကလည်းနော်"အမေသည် ဒါပဲညည်းနိုင်၍ တိုက်ပျက်ကြီးတစ်ခု၏ တံစက်မြိတ်စွန်းဘေး၌ ဝင်ရောက်ခိုကပ်လိုက်ရသည်။ မနေ့မနက်ကလည်း မိုးမိခဲ့ရသဖြင့် ယခုမနက်ပါ မိုးမိပြန်သော်ခက်ချေမည်။ ထိုကဲ့သို့ တိုက်ပျက်ကြီးတစ်ခု၏ တံစက်မြိတ်စွန်းတွင် ကပ်ရပ်မှီခိုနေရသည့်အခိုက် ဗိုက်ထဲက လေထလာပြန်၏။

အမေသည်ရှုံ့ရှုံ့မဲ့မဲ့နှင့် ညည်းညူနေစဉ် ရန်ကုန်မြို့၏နောက်ဖေးလမ်းကြားနှင့် စွန့်ပစ်ထားသော အမှိုက်သရိုက်ပုံများတွင် နို့ဆီဘူးအလွတ်များကို လိုက်လံရှာဖွေ ရောင်းချရင်း အသက်မွေးဝမ်းကြောင်းပြုနေသော လူကြီးတစ်ယောက်သည် လုံကွင်း နံငယ်ပိုင်းကလေးဖြင့် ၎င်းရှာဖွေရသမျှသော ခွက်ဟောင်းကလေးများကို တောင်းစုတ် တစ်ခုနှင့်ထမ်းကာ အမေကဲ့သို့ မိုးခိုကပ်ရန် အမေ့အနီးတွင်လာလာ၍ ငြိမ်သက်စွာ မိုးကောင်းကင်အားကြိမ်းနေလေ၏။

"ကမြင်းမသားမိုး၊ တရားကိုလွန်အားကြီးတယ်။ ဒီလိုသာရွာနေရင် မရှိဆင်းရဲ သား လုပ်စားကိုင်စားတွေ ဘယ်နဲ့သွားလုပ်ကိုင်စားရဦးမှာလဲ" မိုးကောင်းကင်ကို မော့ကြည့်ကာ မိမိတစ်ယောက်တည်းပြစ်တင်ပြောဆိုနေရာမှ ထိုလူသည် အမေကို သတိရလှမ်းကြည့်ကာ အားနာသောအမူအရာဖြစ်ပေါ်လာ၏။

အမေသည်မိုက်ထဲက လေနာထသော်လည်း ထိုလူ၏ကြိမ်းသံပြစ်တင်ခြင်းကို သဘောတူကျေနပ်မိလေ၏။ ထို့ကြောင့် ထိုနို့ဆီဘူးအဟောင်းရှာဖွေရေး အသက်မွေး ဝမ်းကြောင်း ပြုနေရသူကိုလှမ်း၍ ကြည့်လိုက်၏။ ထိုလူမှာ အသက် ၄၀ သာသာ ခန့်မျှသာရှိလိမ့်ဦးမည်ဖြစ်သော်လည်း စားဝတ်နေရေးချို့ငဲ့လွန်းအားကြီးသောကြောင့် ဘိန်းစားတစ်ယောက်ပမာ အသားအရေများခန်းခြောက်ကာ အရိုးများကြည့်မကောင်း လောက်အောင်ပင် ငေါ်၍ထွက်နေ၏။ ဆံပင်များလည်း ရှည်လျားလှကာ မျက်လုံး များသည် ဟောက်နေကြ၏။ ထိုသူအား တစ်ကိုယ်လုံး ခြုံကြည့်လိုက်ရလျှင် သင်္ချိုင်း ကုန်းမှ အရိုးစုများနှင့် ဘာမျှခြားနားခြင်းမရှိတော့ပေ။ ထိုသူသည် ရန်ကုန်မြို့၏ နောက်ဖေးလမ်းကြားများထဲ၌ သေဆုံးနေသောလူသာဖြစ်၏။ အသက်ရှင်ရေးကို အင်မ တန်တပ်မက်မောသောကြောင့်သာလျှင် ထိုသူသည် အလုပ်လက်မဲ့ဖြစ်ကာ ငတ်နေရ သည်၏အဆုံးမှ အသက်မွေးဝမ်းကြောင်းသစ်ကို ရှာဖွေလုပ်ကိုင်နေပုံ ရလေသည်။ ထိုကဲ့သို့သော ရန်ကုန်မြို့၏ နောက်ဖေးလမ်းကြားထဲ၌ သေဆုံးနေရသောလူပေါင်း မြောက်မြားစွာကိုလည်း အမေသည် တွေ့ခဲ့ရပေါင်းများ၍ မြင်ရိုးမြင်စဉ်ကဲ့သို့ရှိနေပေ ပြီ။

လုံကွင်းနံငယ်ပိုင်းနှင့် မိုးကလည်းစိုထားသောကြောင့် ထိုသူသည်တုန်နေ၏။ မိုး၏ဒဏ်ခံနေရခြင်းကို လက်တွေ့ခံစားနေရခြင်းမှ အသိရနေသောကြောင့် မိုးရွာမှ လယ်စ၍ လယ်စမှ ထမင်းစားရသောအကြောင်းအချက်ကို သတိမရနိုင်တော့ဘဲ ထို သူသည် မိုးကိုတတွတ်တွတ်ကြိမ်းဆဲ၍ နေပြန်၏။ ထိုသူကျိန်ဆဲနေခြင်းအား မိုးခိုနေ ရသော အမေသည်ကိုယ်ချင်းစာနာစွာ သဘောတူကျေနပ်စွာနားထောင်နေမိ၏။

အတန်ကြာသောအခါ မိုးသည်စဲ၍တိတ်သွား၏။

မိုးစဲ၍တိတ်သွားသည်နှင့် ထိုနို့ဆီဘူးကောက်သူနှင့် ဈေးတောင်းခေါင်းပေါ်ရွက်ရသော အမေတို့သည် မိမိတို့၏မလျှောက်၍မပြီးသေးသော မိမိတို့၏လမ်းများအတိုင်း အသီးသီးခွဲထွက်၍ လျှောက်သွားကြလေ၏။

လူ့ဘဝဆိုသည်မှာ မဆုံးနိုင်သော လမ်းမကြီးကိုလျှောက်သွားနေရခြင်းဆိုသည်မှာ ဟုတ်များဟုတ်နေရော့သလား အမေရယ်။

(ခ)

မိုးစဲ၍နေသာလာသောအခါ အမေသည်ဈေးတောင်းကိုခေါင်းရွက်၍ ထွက်လာခဲ့ရပြန်လေ၏။ ဗိုက်ထဲကတစ်ချက်တစ်ချက်တွင် လေနာထနေသည့်အကြားမှပင် "ပဲပြုတ် ... ကောက်ညှင်းပေါင်း" ဟူ၍ အားစိုက်အော်ဟစ်နေရင်း အမေသည်တလှုပ်လှုပ် လျှောက်သွားရ၏။ ထိုကဲ့သို့မှ မလုပ်နိုင်မကိုင်နိုင်ခဲ့လျှင် တစ်ထွာသောအမေ၏ သမုဒ္ဒရာ၌ လှိုင်းလေကျ၍ မုန်တိုင်းကထန်ပေတော့မည်။ လူ့ဘဝတည်တံ့ရေး၏ လုံခြုံမှုများသည် အချို့လူများဟိုပြောင်းဒီရွှေ့ လုပ်နေတတ်သော (ဘုရားဈေး)ထက် ရှားပါးနေသော လက်ရှိလူနေမှုစနစ်ကြီးအတွင်း၌ အမေသည် သည်လိုမှ မသွားနိုင်မလာနိုင်၍ မလုပ်နိုင်မကိုင်နိုင်ခဲ့လျှင် အသက်တစ်ချောင်းကို အဘယ်ကဲ့သို့များ ဖုတ်လှိုက်ဖုတ်လှိုက်နှင့် ရှင်နိုင်ပါ့မတုံး။

အမေ့အတွက် လူ့ဘဝဆိုသည်မှာ အမေမှတ်မိသိရှိခဲ့ရသလောက် ခံခဲ့ရသလောက်တွင် အဘယ်သက်သာခံသာသော တစ်ကွက်တစ်လေမျှပင် မရှိခဲ့ပါကလား။ ဆာလောင်တော်မွတ်နေခြင်းများ၊ ပင်ပန်းနာကျင်ရခြင်းများ၌ ထိတ်လန့်ကြောက်ရွံ့နေရခြင်းများတို့ဖြင့်သာလျှင် ချာချာလည်နေခဲ့ပေ၏။ ဘဝ၏ကြမ်းတမ်းဆိုးဝါးလှသော ရက်စက်လှသော ဥတုရာသီနှင့်မုန်တိုင်းပြင်းများ၌ အမေသည်အားမာန်ခဲ၍ တလှုပ်လှုပ်တနဲ့နဲ့နှင့်သာ၊ လျှောက်ခဲ့ရပေ၏။ ထိုသို့သာ လျှောက်လိုက်လာခဲ့ရသော အမေ့ဘဝ၏ လမ်းခရီးတစ်လျှောက်၌ ရံဖန်ရံခါဥတုရာသီဆိုးဝါးပြင်းထန်လှ၍ ခံနိုင်ရည်မရှိတော့လောက်အောင် အမေ့မှာနာကျင်လှသော အခါကာလများ၌ အမေသည် ချောင်တစ်ချောင်ချောင်၌ ခေတ္တခဏလောက်ဝင်၍ကုပ်ကာ "ဘုရား ဘုရား" ဟူ၍ ၎င်း၏ အားထားခြင်းပြုရာ မြတ်ရှင်တော်အား တသခေါ်ဝေါ်ကာ မြည်တမ်းနေတတ်ရှာ၏။ ဥတုရာသီကောင်းမွန်လာ၍ လှိုင်းလေတို့ငြိမ်သက်လာလျှင် အမေသည် ထိုချောင်မှတစ်ဖန်ပြန်၍ ဦးခေါင်းအထက်၌ရှိနေသော ဝန်ထုပ်ဝန်ပိုးကိုရွက်ကာ မဆုံးနိုင်သော လမ်းခရီးကိုဆက်ရပြန်၏။ သည်လိုသက်ညှာခြင်းကင်းသော ဘဝ၏ဥတုရာသီများက အမေ့အားထုသားတေသားရ၍ ခံနိုင်စွမ်းရည်ရှိလှသော ဗမာ့သမီးကောင်းကြီးတစ်ဦးအဖြစ်ဖြင့် ဖန်တီးပေးခဲ့လေသည်။

အမေ့ကိုသိကျွမ်းဆက်ဆံခဲ့ဖူးသူတိုင်းက အမေ၏ခံနိုင်စွမ်းရည်များကို လေးစားအံ့သြကြရ၏။ လေးစားအံ့သြရခြင်းမှ အမေ့အားသူတို့သည် ချစ်ခင်၍လာခဲ့ကြသည်။ အမေသည်သူတို့အတွက် စံပြဖြစ်၏။ တစ်ပါးသူအတွက် ထားလိုက်ပါတော့။ အမေ့အား လင်နှင့်သားတို့ကပင် လက်ဖျားခါယူခဲ့ကြရပေ၏။ အမေ၏ ချစ်လင်သည် သူ၏မယားအား အလွန်တရာလေးစားခဲ့ရ၏။ အားထားခဲ့ရ၏။ အမေ၏ချစ်သော သားကလည်း သူ၏မိခင်အတွက် များစွာလေးမြတ်ဂုဏ်ယူခဲ့ရ၏။

"ဒါက ကျွန်တော့်ဇနီးငြိမ်းလေ။ ရှားပါတယ်၊ ကျွန်တော့်အတွက် ငြိမ်းဟာ မယားလဲမယား အမေလဲအမေပဲ" ဟု အမေ၏ချစ်လင်သည် ၎င်း၏မိတ်ဆွေများ အပေါင်းအသင်းများနှင့် လုပ်ဖော်ကိုင်ဖက်များအား အမေနှင့်ဤကဲ့သို့ မိတ်ဆက်ပေးတတ်၏။

"ဒါ ကျွန်တော့် အမေပဲ၊ အမေကသိပ်သဘောကောင်းတာ။ ပြီးတော့ ကျွန်တော်တို့ တော်လှန်ရေးရဲ့ ရဲဘော်မကြီးတစ်ယောက်လို့လဲ ဆိုနိုင်ပါလိမ့်မယ်။ ဂျပန်ဝင်စကင်ပေတွေ ရဲဘော်သန်းဖေကို လိုက်ဖမ်းတုန်းက အမေဖွက်ထားတာပေါ့"ဟူ၍ အမေ၏ချစ်သားသည် ၎င်း၏မိတ်ဆွေများ အပေါင်းအသင်းများနှင့် ရဲဘော်များအား အမေနှင့်ဤကဲ့သို့ ဂုဏ်ယူ၍ မိတ်ဆက်ပေးတတ်၏။

လင်သားတို့နှင့် ပတ်သက်ဆက်စပ်သော လူများအား အမေသည် ၎င်းမီးဖိုချောင်၌ ရှိတတ်သောအစားအစာများကို တည်ခင်း၍စေတနာသဒ္ဓါတရားကောင်းကောင်းနှင့် ကျွေးမွေးတတ်ပေ၏။

အလွန်တရာစိတ်လက်ရှည်၍ အများတကာအပေါ်၌ အလွန်တရာစိတ်ကောင်းနှလုံးကောင်း ထားရှိတတ်သော အမျိုးသမီးတစ်ဦးအဖြစ် အမေ့အားတွေ့ဖူးသူတိုင်းက သဘောထားခဲ့ရသော အမေသည် မိမိ၏တစ်အိုးတစ်အိမ်အတွက်လောက်နှင့်သာ အချိန်ကုန်နေသူမဟုတ်ဘဲ အများ၏ကောင်းကျိုးနှင့် သက်သာချောင်ချိမှုအတွက်ပါ လုပ်ကိုင်တတ်ပေ၏။ အများအတွက် ပင်ပန်းရခြင်း၌ အမေသည်မောပန်းခြင်းမရှိ။ ညည်းညူခြင်းလည်း မပြုတတ်။

အလုပ်လုပ်ရာ၌ အများတကာက စံပြအလုပ်လုပ်နိုင်သူအဖြစ် အမေ့ကိုရိုသေအံ့သြခဲ့ကြရလေသည်။ မနက်လင်း၍ မျက်လုံးနှစ်လုံးဖွင့်ကတည်းက ညအိပ်ရာဝင်မျက်လုံးနှစ်လုံးမှိတ်သွားခဲ့ရသည်အထိ အမေ၏လက်သည် အလုပ်နှင့်ပြတ်သည်ဟူ၍ကား မရှိခဲ့သလောက်ဖြစ်၏။ တစ်နေ့လျှင် ၂၄ နာရီရှိသည့်အနက် အမေသည် ၁၆ နာရီထက်မနည်း အလုပ်လုပ်နေခဲ့ပေသည်။ အလုပ်လုပ်နေရခြင်း၌ အမေသည် ပျော်ရွှင်တတ်၏။

သန်မာနုပျို၍ ငယ်ရွယ်ဖျတ်လတ်စဉ် အချိန်ကာလများက အများတကာ နူတ်အရှေးမောကြည့်ရှုရလောက်အောင် မီးပွင့်မတတ်အလုပ်လုပ်ခဲ့သော အမေ့ကို ယခုအသက်ငါးဆယ်ကျော်၍ မုဆိုးမဖြစ်နေရပြီဖြစ်သော အိုမင်းမစွမ်းအရွယ်၌လည်း ကြည့်လိုက်စမ်းပါဦး။

ဆိုးဝါးသောဥတုရာသီများအကြား၌မှာပင် ဈေးတောင်းကိုခေါင်းရွက်လျက် တစ်မှေးမျှမမှေးခဲ့ရသော မျက်လုံးကိုအနိုင်နိုင်ဖွင့်ကာ ဗိုက်ထဲကလေနာကို မေ့ပျောက်၍ "ပဲပြုတ် ကောက်ညှင်းပေါင်း၊ ပဲပြုတ် ကောက်ညှင်းပေါင်း"ဟူ၍ ဖျစ်ညှစ်အော်ဟစ်ရာရင်း အမေသည်ဆုံးပဲမဆုံးနိုင်သေးသော လူ့ဘဝ၏လမ်းအကြိုလမ်းအကြားများထဲ၌ ပျောက်သွားနေရတုံးပါပကောလား။

(ဂ)

အမေ၏ ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်အား တိုက်ကြီးပေါ်၌ နေထိုင်ကြသူများကဝယ်၍မစားကြပေ။ ထိုတိုက်ကြီးများ၏ နောက်ဖေးလမ်းဘက် အမှိုက်သရိုက်များ ဍှန့်ပစ်သွန်ချရာ နောက်ဖေးလမ်းအကြိုအကြားထဲမှ လူများကသာ စောင့်မျှော်၍ ဝယ်ဘားကြလေသည်။ အမေ၏ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်သည် မှန်ကားကြီးထဲတွင် အငြိမ့်သားထိုင်၍ ခရီးသွားနေကြသူများအတွက် အာဟာရမဟုတ်ပေ။ အငြင်းပယ်ခံငမွဲတေဆင်းရဲသားတို့အဖို့သာ ကျပ်ကျပ်တည်းတည်းနှင့် ခဲခဲယဉ်းယဉ်းဝယ်ယူ စားသောက်ကြရရှာသော အာဟာရဖြစ်လေသည်။ တိုက်ကြီးပေါ်မှလူများနှင့် မှန်ကားကြီးများထဲမှ လူများကဲ့သို့ နိုင်ငံခြားမှအဆမတန်ဈေးကြီးပေး၍ တင်သွင်းဝယ်ယူစားသောက်သော ထောပတ်၊ အိုဘာလ်တင်း၊ ချောကလက်နှင့် ဘီစကွက်များကိုကားသည်အများဆုံးလူထုဖြစ်သော အစုတ်အပြတ်နှင့် အမွဲအတေတို့အဖို့ အိပ်မက်ပင်မက်၍ရကောင်းသောကိစ္စမျိုးမဟုတ်ပေ။ ထိုကဲ့သို့သောသူတို့သည် တစ်ပဲခြောက်ပြားပေးရသော ပဲပြုတ်နှင့် ကောက်ညှင်းပေါင်းကို စားနိုင်တစ်ချက် မစားနိုင်တစ်ချက်နှင့် အနိုင်နိုင်ဖြစ်နေရသော်လည်း သူတို့၏အသွေးနှင့်အသားများကို နိုင့်ထက်စီးနင်း သတ်ဖြတ်မျိုဆို့နေကြသော လူ့လက်တစ်ဆုပ်စာမျှဖြစ်သည့် တိုက်ကြီးထဲကလူများနှင့် မှန်ကားကြီးထဲကလူများမှာတော့ ဝဖြိုး၍ယစ်အီနေကြ၏။

ကောင်းပေ့ဆိမ့်ပေ့ဆိုသော အာဏာရအဆီခဲ ထောပတ်များဖြင့် စည်းစိမ်တက်နေကြ၏။ ပါးစုန့်ကြီးများပြူးကာ ဗိုက်ကြီးများ ရွှဲနေကြ၏။

အမေ၏ ပဲပြုတ်နှင့် ကောက်ညှင်းပေါင်းကို အသိအမှတ်ပြု၍ ဝယ်စားကြသော ဆာ့ပြောင်တို့၏ လောက၌ မကြာခဏပင် အမေသည် စိတ်မချမ်းမြေ့စရာများကို

တွေ့ကြုံရင်ဆိုင်ရပေသေး၏။ သို့ရာတွင် အမေကတော့ အများစိတ်ချမ်းသာအောင် ဖြေရှင်းခဲ့သည်သာ ဖြစ်ပေသည်။

နေ့လုပ်နေ့စားများ လက်ထဲတွင် တစ်ပဲခြောက်ပြားမှပင် မကပ်ကြသောအခါ၌ လူကြီးဖြစ်ကြသူများသည် လိန်ပိန်၍နေနိုင်ကြသော်လည်း ရှိမှန်းမရှိမှန်းကို မသိရှာကြဘဲ ဆာလောင်နေရခြင်းကိုသာသိသော ကလေးများကမူကား "ပဲပြုတ်ဝယ်ပေး၊ ကောက်ညှင်းပေါင်းစားမယ်"ဟူ၍ ဆူဆူပူပူနှင့်တစာစာငိုယိုကြတော့၏။ ဆာလောင်နေသဖြင့် ငိုယိုကြသောကလေးများ၏အသံကို အမေသည်သည်းညည်းမခံနိုင်ပေ။ ထိုကဲ့သို့ မိဘမွဲငတေတို့က တစ်ပဲခြောက်ပြားမျှပင် မကပ်နိုင်ကြ၍ ဝယ်မကျွေးနိုင်သောကြောင့် ငိုယိုနေကြသောကလေးများ၏ မိဘတို့က အကြွေးခံသည်အထိ အမေသည် သည်းညည်းခံစောင့်ဆိုင်း၍ မနေနိုင်တော့ဘဲ၊ ၎င်းဖာသာ၎င်းထုတ်၍ "အေးခင်ရေ၊ ညည်းသားအကြီးနှစ်ယောက်ရော သမီးအငယ်အတွက်ပါ ငါတစ်ပဲဖိုးစီထုပ်ပေးခဲ့ပြီအေ့" အဲဒါ ညည်းတို့ဖာသာ မှတ်ထားလိုက်ကြပေတော့"ဟု တဲအတွင်းမှ ကလေးများ၏ မိခင်ကိုလှမ်းပြောကာ အကြွေးပေးခဲ့ရလေ၏။

"ဈေးဦးပေါက်မှန်းမပေါက်မှန်းမသိတာနဲ့ အကြွေးမယူရဲလို့ အမေ။ ကိုရင်မောင်လဲ သူ့အလုပ်ချိန်နောက်ကျသွားတာနဲ့ သူဌေးကလုပ်ခကလေး ဖြတ်လိုက်လို့ ခုမနက်တောင် အလုပ်သာဆင်းသွားရပေမယ့် ဘာမှမစားသွားလိုက်ရဘူး"ဟု အလုပ်ချိန်နောက်ကျမိသည့်အတွက် အလုပ်ရှင်က နိုင့်ထက်စီးနင်းလုပ်ခအဖြတ်ခံရသဖြင့် ကလေးများအား ကောက်ညှင်းပေါင်းမှ ဝယ်မပေးနိုင်ရှာသော နေ့လုပ်နေ့စားအလုပ်သမား ရင်မောင်၏မယားဖြစ်သူ အေးခင်က ၎င်း၏သားသမီးကလေးများအား မနက်သရေစာမဝယ်ကျွေးနိုင်သောကြောင့် ဟင်းကျန်ကလေးနှင့် ထမင်းစောစောကျွေးရန် ခုတင်ကမှ သွားဈေးယူလာခဲ့ရသည့် ဆန်ကလေးကိုရေဆေးနေရာမှ လှမ်း၍ပြောရှာ၏။

အမေကမကျေမချမ်းဖြစ်မိလေ၏။

"ဒီသူဌေးကလဲ မရှိလို့လုပ်စားရတဲ့ ဆင်းရဲသားဆီက ဒါလောက်ပဲ တစ်ဖြတ်ထဲဖြတ်ရသလားဟယ်"

"ဒီလထဲမှာ အဖြတ်ခံရတာ ငါးခါရှိပါပကောလား အမေရဲ့။ ကိုရင်မောင်တစ်ယောက်သာ မဟုတ်ပါဘူး။ ဒီအပြင် အလုပ်သမားတွေ အားလုံးလိုလိုပဲ ဒီလိုခံနေကြရသတဲ့"

အမေသည် ထိုသူဌေးအား ရင်ထဲမှကျိန်ဆဲရင်း အေးခင်တို့တဲရှေ့မှ ထွက်လာခဲ့ပြီးနောက် သားသမီးငါးယောက်မျှရှိသော ပင်လယ်ကူးသင်္ဘောကြီး ကုန်တင်ကုန်ချ ညဘက်အလုပ်သမား လှထွန်းတို့တဲဘက်သို့ လျှောက်လာ၏။ တဲရှေ့တွင်ခါတိုင်း

အမေ့အား မျှော်နေကြဖြစ်သော ကလေးများကို အမေသည်မတွေ့ရသဖြင့် အနည်းငယ် ထူးခြားသလိုရှိသည်ဟုထင်ရာမှ "ဟဲ့ လှထွန်းတို့ စိန်ရင်တို့၊ ကလေးတွေ မမြင်ပါလား ဟဲ့ "ဟု တဲအတွင်းသို့လှမ်း၍ မေးလိုက်မိ၏။

"ရှိသားပဲ အမေ "ဟူသော ကလေးငါးယောက်၏ မိခင်ဖြစ်သည့် စိန်ရင်၏မှုမ မှန်သော အသံကို ကြားရပေသည်။

"ခါတိုင်းလို မမြင်မိလို့ပါဟယ်၊ ဒါဖြင့်လဲ ကောက်ညှင်းပေါင်းယူရအောင် လွှတ် လေ"

"ကနေ့ နေပါစေအမေရယ်၊ တစ်နေ့လာလဲ အကြွေးယူယူစားနေရတာနဲ့ အမေ့ ကိုတောင် တော်တော်တင်နေပြီ"

"မလွယ်တုန်းစားရတာပေါ့ဟယ်၊ ကလေးတွေသာလွှတ်လိုက်ပါ"

ထိုအခိုက်မှာပင် တဲအတွင်းမှ ကလေးတစ်ယောက်ရှိုက်သံကို မသဲမကွဲကြား လိုက်မိသလိုရှိသောကြောင့် အမေသည် ဈေးတောင်းကိုအသာချကာ တဲအတွင်းသို့ ပြုန်းခနဲဝင်၍ ကြည့်လိုက်သောအခါ၌ အသံထွက်အောင်မငိုရဲဘဲ ကြိတ်၍ငိုရှိုက်နေ ရသော ကလေးများကိုစုပြုံ၍ တွေ့နေရလေ၏။

"ဟဲ့ စိန်ရင် ညည်းကလေးတွေကို ဘာလုပ်နေရတာလဲ "ဟု အမေကအော်၍ မေးလိုက်မိ၏။

ပင်လယ်ကူးသင်္ဘော ကုန်တင်ကုန်ချအလုပ်သမား၏ မယားဖြစ်သူစိန်ရင်သည် ၎င်း၏သားသမီးကလေးများအား တဲအတွင်း၌ကြိတ်၍ ဝမ်းတွင်းကြောဆွဲလိမ်နေရာမှ အမေကိုယ်တိုင်သိရှိသွားသဖြင့် ရှက်ကြောက်ဝမ်းနည်း၍သွားသည့်အလား မျက်နှာ တစ်ခုလုံးညိုမည်း၍ မျက်ရည်များလည်လာကာ အမေ့အားကြက်သေသေကြည့်နေ၏။

"ဟဲ စိန်ရင် ငါမေးတာဖြေစမ်းပါဦး၊ ညည်းသားသမီးကလေးတွေကို ဒါဘာလုပ် နေတာလဲဟင် "ဟု အမေက ရုတ်တရက်ဆက်စပ်၍ နားမလည်သကဲ့သို့ ဆက်လက်၍ သာ မေးနေလေ၏။

စိန်ရင်လည်း အမေ့အားဘာမျှပြန်၍ မဖြေနိုင်ဘဲအတန်ကြာ ကြက်သေသေ၍ ငိုင်နေရာမှ မျက်ရည်များကျဆင်းလာပြီးလျှင် ရှိုက်၍အသံမထွက်ဘဲ ငိုချလိုက်လေ သည်။

"ဘယ်လိုဖြစ်ကြတာလဲ စိန်ရင်ရဲ့၊ ငါ့ကိုပြောစမ်းပါဦးဟယ် " အလွန်တရာ ညှိုးနွမ်းဆင်းရဲလှသော စိန်ရင်နှင့်ကလေးငါးယောက်တို့၏ မျက်ရည်နှင့်မျက်ခွက်များ ကို အမေသည်နားမလည်နိုင်သလိုကြည့်ရင်း ထပ်၍မေးနေမိလေ၏။

စိန်ရင်သည် မျက်ရည်များကို ၎င်း၏ညစ်ပေနွမ်းရိနေသော အင်္ကျီလက်မောင်းဖြင့် သုတ်နေရာမှ "ကိုလှထွန်းရယ် တစ်နေ့ညကထဲက အိမ်လဲပြန်မလာ၊ ဘာအကျိုးအကြောင်းမှမသိရတော့ ကျွန်မမှာဒီကလေးငါးယောက်နဲ့"ဟု စကားကို အဆုံးမသတ်နိုင်ရှာဘဲ ဆက်လက်၍ငိုရှိုက်နေ၏။

"လှထွန်းနဲ့နင်နဲ့ စိတ်ဆိုးကြလို့လား၊ ဒီအထိလဲ လှထွန်းဟာမိုက်မှာတော့ မဟုတ်ပါ ဘူးဟယ်"

"ရန်ဖြစ်လို့ မဟုတ်ဘူးအမေရဲ့။ ဟိုနေ့က လူပိုတဲ့အတွက် အလုပ်လျှော့တဲ့အထဲ သူပါလို့၊ အဲဒါအလုပ်မှ မရှိရင်ကလေးငါးယောက်နဲ့ ငတ်သေရဲ့ဆိုပြီး အလုပ်ရှာလို့ မရမခြင်း မပြန်ဘူးဆိုပြီး ထွက်သွားတာပဲ အမေ။ အိမ်မှာက စားစရာရှိတာလဲမဟုတ်ဘူး၊ သူကတစ်နေ့လုပ်မှ တစ်နေ့ဆန်ဝယ်စားရတာ။ တစ်နေ့ကတစ်နေ့လုံးနဲ့ မနေ့က မနက်အတွက်တော့ ကျွန်မလဲဟိုအနားကလိုက်ချေးပြီး ရှာကြံလို့ရတာကလေးနဲ့ ကလေးတွေကို အဝမဟုတ်ပေမယ့် အမျှတော့ကျွေးနိုင်ခဲ့သေးတယ်။ မနေ့ညကတော့ ဘာမှမရှိတော့လို့ ကလေးတွေလဲမစားရဘူး။ မနက်ကျတော့ အမေလာရင် ကလေးတွေက ငိုငိုယိုယိုနဲ့နားပူမှာစိုးလို့ အမေ့အကြွေးတွေကလဲများတာနဲ့ ကျွန်မလဲ" စိန်ရင်သည် ၎င်း၏ရင်နာစရာကောင်းလှသော ဝတ္ထုကိုအဆုံးမသတ်နိုင်သေးဘဲ ရှိုက်၍ရှိုက်၍သာ ငိုလေတော့၏။

အမေသည် ရင်ကိုမ၍ နားထောင်နေရာမှ သက်ပြင်းကိုချလိုက်ရလေသည်။

စိန်ရင်သည် အမေ့ထံ၌ အကြွေးများနေ၍ ကလေးများအား မပူဆာရအောင် အခန်းထဲ၌ကြိတ်၍ ဝမ်းတွင်းကြောဆွဲလိမ်ကာ ခြိမ်းခြောက်နေသောအဖြစ်ကို အမေသည်အဘယ်သို့ဖြေရှင်းရပါမည်နည်း။ မနေ့ကညစာငတ်ခဲ့၍ ယနေ့မနက်၌စားနေကြသရေစာကလေးကိုလည်း ငတ်ရဦးမည့်ကလေးတို့၏ လူ့ဘဝကလေးများမှာ အဘယ်မျှ ရင်နာစရာကောင်းလိုက်ပါသနည်း။ လူ့ဘောင်၏တည်တံ့မှုအတွက် အပင်ပန်းဆုံးနှင့် အလုပ်လုပ်ပေးရဆုံးဖြစ်သော အလုပ်သမားတစ်ယောက်၏ သားမယားတို့ ယခုကဲ့သို့ ငတ်မွတ်နာကျင်နေရခြင်းအတွက် တရားခံကိုရှာဖွေသုတ်သင်ခြင်း မပြုဘဲ ဘေးမဲ့လွှတ်ထားပေးကြမည်လော။

စိန်ရင်နှင့် ၎င်း၏ကလေးများကျရောက်နေရသော အဖြစ်မျိုးမှာ အမေ့အတွက် တွေ့ရိုးတွေ့စဉ်ကဲ့သို့သာ ဖြစ်လေ၏။ ထူးဆန်းနေသောအဖြစ်ကားမဟုတ်တော့ပေ။ အမေ၏လူ့လောကပတ်ဝန်းကျင်၌ သည်လိုအငတ်၏သားသမီးကလေးများ၏ စိုးရွံ့ထိတ်လန့်စွာငိုကြွေးနေရခြင်းများသည် ဖြစ်ရိုးဖြစ်စဉ်သာဖြစ်၏။ သည်လိုငတ်ပြတ်ချူချာရင်းသေကြေပျက်စီးခဲ့ရသော လူ့ဘောင်၏အသီးအပွင့်ကလေးများသည် အဘယ်

မျှရှိလိမ့်မည်နည်း။ အဘယ်သဘောကောင်းသူတစ်ယောက်တလေကမျှပင် ထိုအငြင်း ပယ်ခံ ဖွတ်မြေးကလေးများ၏ ဝေါ်ပြတ်ချူချာ၍ သေကြေပျက်စီးရသော စာရင်းအင်းကို လိုက်လံစုံစမ်းခြင်း စုဆောင်းမှတ်သားခြင်းလည်း မပြုလုပ်ကြသည့်အတွက် အဘယ်သူကမျှ အတိအကျသိရှိနိုင်ကြလိမ့်မည်ကားမဟုတ်။ လူလောက်အသိဉာဏ် မရှိကြသော တိရစ္ဆာန်တို့၏သားငယ်မြေးငယ်ကလေးများသည်ပင် သည်လူ့ဘောင်၏ အဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာကလေးများလောက် ပစ်စလက်ခတ် တန်ဖိုးမရှိ ပျက်စီးခဲ့ရဖွယ်ကားမရှိပေ။ သို့ရာတွင် လက်ရှိလူနေမှုစနစ်ကြီးအတွင်း၌ ထိုကဲ့သို့ အလုပ်သမား၏ သားငယ်သမီးငယ်ကလေးများသည် သားကောင်ကလေးများအဖြစ်၌ ကျရောက်နေရရှာပါပကော။

အမေသည် နောက်ထပ်၍စိန်ရင်အား ဘာမျှမေးမြန်းပြောဆိုခြင်းမပြုလုပ်တော့ဘဲ၊ တဲအပြင်ဘက်သို့ထွက်လာကာ ကလေးငါးယောက်အတွက်သာမက စိန်ရင်အတွက်ပါထည့်၍ ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ခြောက်ထုပ်မှ ခပ်များများထုပ်ကာ အလကားပေးထားခဲ့ပြီးနောက် ထွက်လာခဲ့ရလေသည်။

အမေ၏ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ကိုအသိအမှတ်ပြု၍ ဝယ်စားကြသော ကျောင်းပြောင်တို့၏လောက၌ မကြာခဏပင် အမေသည် ဤကဲ့သို့ စိတ်မချမ်းမြေ့မကြည်လင်နိုင်စရာများကို တွေ့ကြုံရင်ဆိုင်ခဲ့ရလေ၏။ သို့သော် အမေကတော့ ဝေနေယျာတို့အတွက်တတ်နိုင်သလောက် အကောင်းဆုံးဖြေရှင်းလုပ်ကိုင်ပေးခဲ့သည်သာ ဖြစ်လေသည်။

ထို့ကြောင့်ပင် သည်အငြင်းပယ်ခံတို့၏ ပတ်ဝန်းကျင်၌ အမေသည်သူတို့အားလုံး၏ ချစ်လှစွာသောအမေဖြစ်၏။ အမေ၏ "ကောက်ညှင်းပေါင်း ... ပဲပြုတ်" ဆိုသော ချမ်းမြေ့ စရာအသံကို ကြားလိုက်ရလျှင် ငိုနေသောကလေးများသည်လည်းတိတ်၍ ညှိုးငယ်နေသော ကလေးများသည်လည်း သွက်လက်ကြည်လင်၍ လာလေသည်။ သည် အငြင်းပယ်ခံလောက၌ ဆက်လက်ကျွန်ခံဖို့ မွေးဖွားလာရသောကလေးများ အားလုံးတို့ အတွက် အမေသည်သူတို့၏ ချစ်သောဘွားဘွားပင်ဖြစ်နေရပေတော့သည်။

(ဃ)

အမေ၏ကောက်ညှင်းပေါင်း ပဲပြုတ်ကိုစောင့်မျှော်၍ ဝယ်စားကြသောလောကမှာ သည်မျှသာလျှင် မဟုတ်သေးပေ။ ရှိပါသေး၏။

စက်ရုံအလုပ်ရုံကြီးများ အနှံ့အပြားနှင့် ကမ်းနားသင်္ဘောဆိပ်ဘက်များတွင်လည်း အမေ၏သားတို့သမီးတို့သည် အမေ့ကိုတမျှော်မျှော်နဲ့ စောင့်နေကြသေး၏။

အမေသည် မသွား၍လည်းမဖြစ်သေး။ ဒီသား ဒီသမီးတို့က အမေ့အား စောင့်မျှော်၍ နေကြသည့်နည်းတူ၊ အမေကလည်း သူတို့ဆီသို့မရောက်ဘဲကား မနေနိုင်ပေ။ ယုတ်စွအဆုံး လမ်းတွင်ရောင်းရင်း ကောက်ညှင်းပေါင်းနှင့်ပဲပြုတ်တို့ကုန်သွားခဲ့သည့်တိုင်အောင်၊ အမေသည် ဒီသားဒီသမီးများဆီသို့ မရောက်ရောက်အောင် ဆက်၍သွားရကာ၊ ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်များကုန်သွားသည့်အကြောင်းလည်းပြောရင်း အခြားအခြားသော အကြောင်းများကိုလည်း စုံစေ့နေအောင်ပြောရကြားရပေသေး၏။

ဗမာပြည်၌ အလုပ်ရုံစက်ရုံကြီးများ တည်ဆောက်ကြီးပွားနေကြသူများမှာ နိုင်ငံခြားသားများဖြစ်ကြသော်လည်း ထိုအလုပ်ရုံစက်ရုံကြီးများ၌ မိမိတို့၏လုပ်အားကလေးများကို မနက်နေထွက်မှ ညမိုးချုပ်နေဝင်သည်အထိ ဖျစ်ညှစ်ရောင်းချ၍ ဈေးအပေါဆုံးအလုပ်သမားများအဖြစ် လုပ်ကိုင်ပေးရင်းတစ်နေ့တခြား အသွေးအသားခန်းခြောက်နေကြသူများမှာ တိုင်းရင်းသားများဖြစ်ကြ၏။

အမေသည် ထိုအလုပ်ရုံနှင့် စက်ရုံကြီးများထဲသို့ ဝင်ရောက်သွားပြီးနောက် အဆီအသွေးခန်းခြောက်၍ ဖြူဖတ်ဖြူရော်နှင့် လူမမာရုပ်ပေါက်နေကြသော သားများသမီးများကို တွေ့ဆုံရသေးသည်။ သူတို့ဆီသို့ အမေဝင်၍လာလျှင်ပင် သွေးအစုပ်ခံနေရသော သားကောင်အထီးအမကလေးများတို့သည် အမေ့ဆီသို့ ဝိုင်းအုံ၍ပြေးလာကြ၏။ သူတို့သည် သူတစ်ခွန်းငါတစ်ခွန်းနှင့် အားရဝမ်းသာ အမေ့ကိုစကား ပြောစရာရှိတာများကိုပြော၍ မေးစရာရှိတာများကို မေးကြ၏။ ပြီးတော့မှ ၎င်းတို့၏ သရေစာဖြစ်သော ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ကို အမေထုတ်ပေးသရွေ့ ရယ်မောကာ စားသောက်ကြလေ၏။

အမေသည် ၎င်း၏သားများသမီးများအပေါ်၌ အလွန်တရာစိတ်ရှည်လှ၏။ သူတို့ပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်၍ သူတို့မေးသမျှကိုလည်း စိတ်ရှည်လက်ရှည်ဖြေကြားတတ်လေ၏။

"နောက်ထပ် ဘာတွေများ သတင်းထူးသေးသလဲ အမေရဲ့"

"တောကလူတွေရော မာမာချာချာပဲတဲ့လား အမေရဲ့"

"ကိုဘစိန်တစ်ယောက်ကော အေးအေးချမ်းချမ်းမှ ရောက်ရဲ့လားအမေ"

"သတင်းစာတွေထဲမှာရေးကြသလို ကိုတင်တစ်ယောက်သေတယ်ဆိုတာ ဟုတ်ပါ့မလားအမေရဲ့"

အမေ၏သားတို့သမီးတို့က စိတ်ပါဝင်စားစွာမေးလာကြသော မေးခွန်းများကို အမေသည်တစ်ဦးစီတစ်ဦးစီ ၎င်းသိရှိသလောက် ဖြေကြားတတ်လေသည်။

"ဒါထက် အမေ့သားကြီးချစ်ဦးကို ဖမ်းမိထားတယ်ဆိုတာကကော ခုဘယ်မှာထားကြသတဲ့လဲ"

ထိုမေးခွန်းကို အမေသည်သွက်လက်စွာ မဖြေကြားနိုင်ရှာပေ။ တတ်နိုင်သလောက်တော့ သိလိုသူ၏မေးခွန်းကို အမေကကြိုးစား၍ဖြေရှာ၏။ သို့ရာတွင် အမေ၏အသံမှာ ကတုန်ကယင်ဖြစ်နေလေသည်။ ခြောက်ကပ်လှုပ်ရှားနေလေသည်။

သူတို့သည် အမေ့ကိုသနားနေကြလေ၏။

"ငါ့သားကို သူတို့က ကြိုးပေးပြီးသတ်ကြမှာတောင် ရီးရီးမသတ်လိုက်သေးဘဲ၊ လူဆိုးကြီးဓားပြကြီးတစ်ယောက်ဆိုပြီး ဂုဏ်အသရေညှိုးနွမ်းအောင် လုပ်လိုက်ကြဦး မလို့တဲ့ဟယ်"ဟု အမေသည် မကျေမချမ်းသံဖြင့် ပြောနေရှာ၏။

သူတို့သည် အမေ့သားချစ်ဦးအတွက် အမေ၏မကျေမချမ်းဖြစ်ရသည့်နည်းတူ မကျေမချမ်းဖြစ်နေမိကြလေသည်။ အမေသည်သားချစ်ဦးအတွက် ခံစားနေရခြင်းနှင့် မခြား၊ သူတို့သည်လည်း အလားတူခံစားနေကြရလေသည်။ ဟုတ်ပေလိမ့်မည်။ တစ်ကြိမ်သောကာလက ဘယ်သူ၏စာရင်းသွင်းခြင်းကိုမျှ မခံခဲ့ရသော သူတို့အလုပ်သမားများဘက်မှ အမြဲတစေခုခံကာကွယ်၍ ကူညီတိုက်ခိုက်ခြင်းပြုခဲ့သော သူတို့၏ရဲဘော်ကြီးချစ်ဦးအတွက်၊ သည်ရိုးသားလှသော လူသားများသည် မကျေချမ်းဖြစ်မိကြပေလိမ့်မည်သာဖြစ်ပေသည်။

အမေ၏ပြောကြားချက်အရ သူတို့၏ ရဲဘော်ကြီးချစ်ဦးကို ဖမ်းဆီးရမိသွားကြပြီဖြစ်သောကြောင့် ရုံးတင်စစ်ဆေးလုပ်ကြံ၍ ကြိုးပေးသတ်ဖြတ်ရန် ကြံစည်နေခြင်းများ အကြောင်းကိုလည်း ယခုအခါ၌ သူတို့သည် ကောင်းစွာသိရှိ၍လာကြလေ၏။ လူ့ဘောင်၏တရားမျှတခွင့်နှင့် ကောင်းကျိုးချမ်းသာအတွက် ကိုယ်ရေးစွန့်၍ လုပ်ကိုင်နေခဲ့သူ တစ်ဦးတစ်ယောက်အား သည်လိုလုပ်ကြံသတ်ဖြတ်ရန် ပြုလုပ်နေခြင်းမှာ အဘယ်မျှ တရားမျှတလိုက်ပါသနည်း။ အဘယ်မျှပင် ဆိုးဝါးရက်စက်လှပါသနည်း။

လူ့ဘောင်၏ အောက်ဆုံးအလွှာမှ အငြင်းပယ်ခံရသည့် ပစ္စည်းမဲ့အလုပ်သမား လူတန်းစားများအတွက် တရားမျှတခွင့်ကို ရှေ့ဆောင်တိုက်ခိုက်ခဲ့သောကြောင့် အမေ့သားချစ်ဦးသည် ၎င်း၏မုဆိုးမအမေအိုကြီးအား တစ်ယောက်တည်း ခွဲထားပစ်ခဲ့ရပြီးနောက်၊ ၎င်း၏အသက်ဘေးအတွက် ပထမဦးဆုံး ပုန်းလျှိုးထွက်ပြေးသွားခဲ့ရသော အချိန်မှစ၍ သည်ရိုးသားသောအလုပ်သမားများသည် မသေရုံတမယ် စားနေရသော သူတို့၏လုပ်စာကလေးများထဲမှ ဝိုင်းဝန်းစုဆောင်းကာ အမေ့အား မကြာခဏ ကူညီထောက်ပံ့ခြင်းပြုတတ်ကြလေသည်။ လုံချည်၊ အင်္ကျီနှင့် တဘက်၊ မျက်နှာသုတ်ပဝါကလေးကအစ အမေ့အတွက်သူတို့အချင်းချင်း စုဆောင်း၍ရသမျှကလေးနှင့် ဝယ်ခြမ်း၍ ကန်တော့တတ်ကြလေသည်။ ဝါဝင်ဝါထွက်များ၌လည်း အမေဘုရားသွား ကျောင်းတတ်နိုင်ရန် သူတို့က တတ်အားသလောက် အချိုအချဉ်နှင့် ဖယောင်းတိုင် ကလေးများကအစ ရှာဖွေစုဆောင်း၍ ပို့တတ်ကြလေသည်။

အမေ့အား သားချစ်ဦးက ခွဲခွာသွားသော်လည်း သည်ကျန်ရစ်ခဲ့ကြသော သားကောင်းသမီးကောင်းများသည် ဝိုင်းဝန်း၍ [illegible] ၏။ အသက်ကကြီး၍ အခန့်မသင့်ရာမှ နေထိုင်မသာရှိလှသဖြင့် အမေသည်တစ်ရက်မျှ သူတို့ဆီသို့မရောက်တတ်လျှင် ထိုမရောက်မိသော ညနေ အလုပ်မှအပြန်တွင်ပင် သူတို့သည်အမေ့နောက်ဖေးလမ်းကြားထဲသို့ ရောက်လာကြလေ၏။ လင်မရှိ သားမရှိသော ကူလီမကလေးများသည် အမေနေသာထိုင်သာမရှိလျှင် အမေ၏တဲ၌ညဥ့်အိပ်ညဥ့်နေ လာရောက်အိပ်စက်ကာ စောင့်ရှောက်ပြုစုတတ်ကြ၏။ ခြေဆုပ်လက်နယ်ပြုကြ၏။ အမေ၏အဝတ်ဟောင်းအစားဟောင်းများကို ဖွပ်လျှော်ပေးကြ၏။

သို့ရာတွင် ယခုအခါ၌ အမေ့သားချစ်ဦးအား ဖမ်းဆီးရမိသွားကြပြီဖြစ်သည့်အတွက် ရိုးရိုးသားသားပင် မဟုတ်လိုက်သေးဘဲ၊ လူဆိုးသူဆိုးကြီးအနေနှင့်သတ်ဖြတ်ကြတော့မည့်အကြောင်းကို သူတို့သည်အမေ့ထံမှ ကြားသိရလေပြီ။ သူတို့သည်နောက်ထပ်၍ အမေ့အား သားချစ်ဦးအကြောင်းနှင့် ပတ်သက်၍ မမေးနိုင်တော့လောက်အောင် ဖြစ်လာကြလေ၏။ သူတို့သည် အမေ့ကိုသနားခြင်းမက သနားနေကြလေ၏။

"ငါ့သားကိုသတ်လို့ကော သေမှာတဲ့လား။ချစ်ဦးသေလို့ကော ငါ့သားတွေအကုန်လုံး ဒင်းတို့ကသတ်နိုင်ကြမတဲ့လား၊ ငါစိတ်မကောင်းတာတစ်ခုက လူကောင်းကြီးငါ့သားချစ်ဦးကို လူဆိုးသူဆိုးကြီးလို သတ်မှာတစ်ခုပါပဲဟယ်"

အမေသည် မာန်ကိုတင်း၍ပြောဆိုနေပြန်လေသည်။

သူတို့သည် ဘာမျှပြန်၍ မမေးကြမပြောကြဘဲ အမေပြောသမျှကိုသာ ငေးစိုက်၍နားထောင်နေကြ၏။ အမေကတက်ကြွဖွယ်ရာ ပြောဆိုနေသည့်အတွက် သူတို့သည်လည်း စောစောကကဲ့သို့မဟုတ်တော့ဘဲ လှုပ်လှုပ်ရှားရှားဖြစ်လာကြလေ၏။

"နောက်ပြီးတော့ ဒီလိုလူကောင်းသူကောင်းတွေကို ဒင်းတို့က သရဲမရဲစီးပြီးသတ်ပစ်ချင်တိုင်း သတ်ပစ်လို့လွယ်လွယ်နဲ့ ရမှာတဲ့လား။ ပြည်သူတွေကလဲ ဒင်းတို့လုပ်နေသမျှကို လက်ပိုက်ပြီးရေငုံကြည့်နေမှာတဲ့လားဟယ်"

အမေ၏အသံမှာ စောစောကကဲ့သို့ ချောက်ချားခြင်းမရှိတော့ဘဲ လှုံ့ဆော်နိုင်စွမ်းသော တန်ခိုးအာနိသင်များပါလာ၏။

အမေ၏ဘေးတွင် ငြိမ်သက်စွာငေးမော၍ နားထောင်နေသော ကူလီမကလေးနှစ်ယောက်သည် အံသွားများကိုခဲလာကြပြီးလျှင် အလုပ်သမားသုံးလေးယောက်တို့ကမူ ၎င်းတို့၏လက်သီးများကို တင်းကျပ်စွာ ဆုပ်လာကြကာ တောက်ခေါက်လိုက်ကြလေသည်။

“ဒီလို မတရားသတ်တာ ဘယ်ကောင်းမလဲ”ဟု အသက်ငါးဆယ်ခန့် အလုပ်သမားအိုကြီးတစ်ယောက်က ၎င်း၏ဘေးတွင်ရပ်နေသော အသက်သုံးဆယ်သာသာခန့် အလုပ်သမားတစ်ယောက်အား ပြောဆိုနေစဉ်၊ ထိုလူရွယ်အလုပ်သမားက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရာမှ “ရဲဘော်ချစ်ဦးကိုမသတ်ရဘူး မသတ်ရဘူး”ဟု ဒေါသမာန်ကလေးဖြင့် ခပ်ကျယ်ကျယ်အော်၍ ပြောဆိုလိုက်လေသည်။

အမေ့ဘေးအနီးအနားတစ်ဝိုက်၌ ရှိနေကြသောလူပေါင်းဆယ့်လေးငါးယောက်ခန့်သည် စောစောကကဲ့သို့ ပျော့ညံ့ညံ့ ဖြစ်မနေကြတော့ဘဲ၊ စစ်မြေပြင်၏တပ်ဦးမှ စစ်သားများကဲ့သို့ တက်တက်ကြွကြွလှုပ်ရှားလာကြလေ၏။

အမေ၏မျက်လုံးများသည် ညကတစ်ညလုံး တစ်မှေးမျှမမှေးခဲ့ရသော်လည်း ပစ္စည်းမဲ့တပ်ဦးမှ ပြည်သူ့တပ်သားကောင်းများ၏ တက်ကြွလှုပ်ရှားလာခြင်းကို တွေ့ရပြီဖြစ်သောကြောင့် သမင်မငယ်၏မျက်လုံးကဲ့သို့ တောက်ပ၍ကြည်လင်လာ၏။ အမေသည် ဝမ်းသာ၍ချမ်းမြေ့ခြင်းတစ်မျိုးကို တွေ့ရှိလာ၏။

အမေသည် သည်လိုရိုးသားလှသော လူသားများအား အမှန်တရားကိုသိကြားစေ၍ သူတို့၏စိတ်ဓာတ်တက်ကြွမှုကို လှုံ့ဆော်ပေးခဲ့ပြီးသည့်နောက် အခြားစက်ရုံနှင့် အလုပ်ရုံကြီးများ တစ်ခုပြီးတစ်ခုသို့ ဝင်ရောက်၍ ၎င်း၏သားများသမီးများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အထက်ပါစက်ရုံ၌ ပြောကြားလှုံ့ဆော်ခဲ့သည့်နည်းတူ လိုက်လံလှုံ့ဆော်ပေးပြီးနောက် သင်္ဘောဆိပ်ကမ်းဘက်သို့ ထွက်လာခဲ့ရပြန်လေ၏။

## (င)

မြို့တော်၏ဆိပ်ကမ်းမှာ စည်ကားလှပေသည်။ သာယာခြင်းလည်း ရှိပေသည်။

အမေသည် ပင်လယ်ကူးသင်္ဘောကြီးများဘက်သို့ ဈေးတောင်းကိုခေါင်းရွက်၍ လျှောက်လာစဉ် မြို့တော်၏ဆိပ်ကမ်းအား စည်ကားသည်ထက်စည်ကား၍ သာယာသည်ထက်သာယာနိုင်စေရန်၊ ချဲ့ထွင်လုပ်ကိုင်နေသည်ကို သတိထား၍ကြည့်ရှုမိလေ၏။ မကြာမီက ဗမာနိုင်ငံနှင့်မိုင်ထောင်ပေါင်းမြောက်မြားစွာဝေးကွာ၍ ပင်လယ်ကြီးများ အတန်တန်ခြားနေသော နိုင်ငံကြီးတစ်နိုင်ငံမှ စီးပွားရေးအကူအညီပေးလာသည့်အတွက်၊ ထိုပေးလာသောအကူအညီများဖြင့် မြို့တော်၏ဆိပ်ကမ်းကို လိုအပ်သည်ထက်အဆမတန်တိုးချဲ့နေကြခြင်းမှာ အမေ့အတွက်အကဲခတ် နားမလည်နိုင်အောင် ဖြစ်လာရလေသည်။ မြို့တော်၏ ဆိပ်ကမ်းမှာ ကောင်းမွန်စွာ အသုံးပြုနိုင်ပြီကားဖြစ်ပေ၏။ သို့ရာတွင် ထိုနိုင်ငံကြီး၏အကူအညီဖြင့် အဘယ့်ကြောင့်များ ဆက်လက်ချဲ့ထွင်နေရပြန်သေးသနည်း။ ဗမာနိုင်ငံ၌ အဓိကလိုအပ်နေသော စက်မှုလုပ်ငန်းကြီးများ

တည်ဆောက်ရေးအတွက် ထိုအကူအညီကို ဘာကြောင့် လျစ်လျူရှုနေသည်ကိုတော့ အမေသည်မတွေးတောတတ်ရှာပေ။ လိုသည်ထက်ပို၍ လုပ်နေခြင်းလောက်ကိုသာ အမေကသိ၏။

ရန်ကုန်မြစ်လယ်၌ နိုင်ငံခြားမှ ပင်လယ်ကူးသင်္ဘောကြီးများသည် ရေသရဲကြီးများကဲ့သို့ မြို့တော်အားခြောက်လှန့်နေသည်ဟု အမေကထင်မိ၏။ သင်္ဘောပေါင်းမြောက်မြားစွာသည် မြစ်လယ်၌ကျောက်ချကာ ဧရာမစက်မောင်းကြီးများဖြင့် ဗမာနိုင်ငံ၏ရိုးတွင်းခြင်ဆီမှ ဖျစ်ညှစ်ထုတ်ယူလိုက်သော သဘာဝပစ္စည်းများကို ဝါးမျိုနေကြ၏။ သူတို့၏ဝမ်းဗိုက်၌ထည့်၍ပင် မပြည့်နိုင်ကြ။ မရောင့်ရဲနိုင်ကြ။

အမေသည် ဈေးတောင်းခေါင်းရွက်၍ ကမ်းနားလမ်းအတိုင်းလျှောက်လာရစဉ် ဗမာနိုင်ငံ၏အသက်သွေးခဲဖြစ်သော ဆန်စပါး၊ ကျွန်းသစ်နှင့် သတ္တုစသော ပစ္စည်းများကို ကရိန်းကြီးများဖြင့် သယ်ယူဝါးမျိုနေကြသော နိုင်ငံခြားမှပင်လယ်ကူးသင်္ဘောကြီးများကို တစ်ခုစီကြည့်၍ လာခဲ့ရလေ၏။

နိုင်ငံခြားမှ သင်္ဘောကြီးများသည် ဗမာနိုင်ငံမှ အဖိုးထိုက်တန်လှသော ဆန်စပါး၊ ကျွန်းသစ်နှင့် သတ္တုစသော သဘာဝပစ္စည်းများကို ကရိန်းကြီးများဖြင့် ၎င်းတို့၏ဝမ်းဗိုက်မပြည့်မချင်း မျိုဆို့နေကြစဉ် ဗမာနိုင်ငံ၏ဈေးအပေါစား အလုပ်သမားများဖြစ်နေကြရသော တိုင်းရင်းသားကုန်တင်ကုန်ချ အလုပ်သမားများနှင့် ပစ္စည်းမဲ့အိန္ဒိယအလုပ်သမားများသည် ကျောပြောင်ကြီးများဖြင့် ပင်ပန်းကြီးစွာဆန်အိတ်များကို သယ်ပိုးထမ်းဆောင်၍ ပေးနေကြရ၏။ သည်တရားမမျှတလှသော မြင်ကွင်းသည် ရန်ကုန်ဆိပ်ကမ်း၌ အမေ့အတွက် နေ့စဉ်မြင်နေရသော ပန်းချီကားတစ်ချပ်ဖြစ်၏။

ဆိပ်ခံသမ္ဗန်များပေါ်၌ ကုန်တင်ကုန်ချအလုပ်သမားများသည် အဘယ်မျှပင် အလုပ်များနေကြစေကာမူလည်း ဈေးတောင်းခေါင်းရွက်လာသော အမေ့ကိုမြင်လိုက်လျှင် အိန္ဒိယရော၊ ဗမာအလုပ်သမားများပါ အမေ့ဆီသို့ဝိုင်းအုံ၍ လာကြလေ၏။ အမေ့ဘေးတွင် ချွေးတဒီးဒီးနှင့်ဝိုင်း၍ထိုင်ကာ ကောက်ညှင်းပေါင်းနှင့်ပဲပြုတ်များကို သူ့ထက်ငါ အလုအယက် မှာယူစားသောက်ကြလေ၏။

ဗမာအလုပ်သမားများကသာ အမေ့ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ကိုဝယ်စားကြသည်မဟုတ်၊ အိန္ဒိယအလုပ်သမားများကလည်း ဝယ်စားကြကာ အမေ့အား ဗမာအလုပ်သမားများခေါ်ကြသကဲ့သို့ "အမေ"ဟု ခပ်လေးလေးခေါ်တတ်ကြပေသည်။ သူတို့သည် အမေ့သားချစ်ဦးအား သူတို့ခေါင်းဆောင်အဖြစ် သိရှိကြသူများဖြစ်၍၊ သူတို့ခေါင်းဆောင်၏အမေကို အလွန်တရာရိုသေကိုင်းရှိုင်းကြလေသည်။ ချစ်ဦး၏အကြောင်းကိုလည်း သူတို့သည်အောက်မေ့လွမ်းဆွတ်စွာ ပြောဆိုတတ်ကြလေသည်။

အမေသည် ကောက်ညှင်းပေါင်းနှင့်ပဲပြုတ်ကို လူစုံစေအောင်ထုတ်ပေးပြီးနောက်။ သူတို့၏နေရေးထိုင်ရေးနှင့် အခြားအကြောင်းအရာများကို ပြောဆိုမေးမြန်းလေသည်။ အလုပ်သမားသားမယားများ နေထိုင်မကောင်း၍ တရှောင်ရှောင်မမာမကျန်းဖြစ်ရသည့် အကြောင်းများကို သူတို့အသီးသီးထံမှ အမေသည်ကြားနာရလေသည်။ အာဟာရနှင့် ဆေးဝါးချို့တဲ့လွန်းသော သည်အလုပ်သမားတို့၏ သားမယားများတို့သည် အဘယ်သို့ကျန်းမာနိုင်ကြပါမည်နည်း။

နာစီးယားနှင့်ဂန်ဂရားတို့ကလည်း ၎င်းတို့ကလေးများ ချူချာလှသော အကြောင်းများကို အမေ့အားပြောဆိုကြလေ၏။ စားကုန်သောက်ကုန်များ တစ်နေ့တခြား ဈေးတက်၍ တစ်လနှင့်တစ်လ အလျဉ်မမီဘဲ ကြွေးများတင်ရှိနေကြောင်းကိုလည်း ညည်းတွားပြောဆိုကြ၏။

အမေသည် ဒီသားများ၏ နာကျင်ရခြင်းဖြစ်သော ဝတ္ထုကလေးများကို စိတ်ရှည်လက်ရှည် နားထောင်ရပေသည်။ သူတို့အသီးသီး၏ ဝတ္ထုကလေးများ၌ သာယာခံသာသောအကွက်ကားမရှိ။ ဆိုစရာနှင့် မသက်သာစရာများဖြင့်သာ လုံးချာလိုက်နေ၏။

သည်အထဲမှ အိန္ဒိယအလုပ်သမား ချက်တရီးက ၎င်း၏ရဲဘော်ကြီး ချစ်ဦး၏ အကြောင်းကို အမေ့အားလာမေး၏။ အမေက စိတ်ရှည်လက်ရှည်နှင့် အဖြစ်အပျက်များအားလုံးကို ပြောပြလိုက်သောအခါ ကြားရသောအလုပ်သမားများအားလုံးသည် လက်သီးလက်မောင်းတန်းကာ အာဏာပိုင်များအား ကြိမ်းမောင်းကျိန်ဆဲကြလေ၏။ သူတို့သည်အလွန်တရာ ဒေါသထွက်လာကြပုံရ၏။ ဒေါသထွက်မည်ဆိုကလည်း ထွက်လောက်စရာပင် ဖြစ်လေသည်။ သူတို့အတွက် တရားမျှတမှုကို ရှေ့ရှုတိုက်ခိုက်နေသော လူကောင်းတစ်ယောက်အား နိုင့်ထက်စီးနင်းပြု၍ မတရားသတ်ဖြတ်ခြင်းကို အဘယ်သို့ ငြိမ်သက်စွာခံနိုင်ပါမည်နည်း။

ချစ်ဦးသည် တစ်ကြိမ်သောအခါက သူတို့၏ချစ်မြတ်နိုးသော ခေါင်းဆောင်တစ်ယောက်ဖြစ်၏။ သူသည် ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားများအား စည်းရုံးခဲ့သူဖြစ်၏။ ထိုအလုပ်သမားများအတွက်လုပ်ချိန်လျှော့လုပ်ရေးနှင့် လုပ်ခပိုရရေးအတွက် ရှေ့ဆောင်တိုက်ခိုက်ရယူပေးခဲ့သူဖြစ်၏။ ယခုအခါ၌၎င်းတို့၏ ချစ်မြတ်နိုးလှသောခေါင်းဆောင်ကို တရားလက်လွတ်လုပ်ကြံနေခြင်းအတွက် သူတို့သည်အဘယ်သို့ငုံ၍ ခံနေနိုင်ကြပါမည်နည်း။ အဘယ်သို့လျှင် နှုတ်ပိတ်ရေငုံ၍ နေနိုင်ပါမည်နည်း။

အမေသည် ပင်ပန်းခြင်းကြီးလှစွာ လုပ်ကိုင်ရရင်းနှင့် မသေရုံတမယ် အသက်ရှင်နေရသော ပင်လယ်ကူးသင်္ဘောကြီး ကုန်တင်ကုန်ချအလုပ်သမားများအား ခွဲခွာလာခဲ့ပြီးနောက် ဗိုလ်တထောင်ဘက်တွင် နာရီပိုခိုင်း၍ လုပ်ခလျှော့သည့်အတွက် သပိတ်မှောက်နေကြသော အလုပ်သမားများဆီသို့ သွားရောက်ခဲ့ရပြန်လေ၏။

သူတို့၏ သပိတ်စခန်းသို့ အမေသည် ဈေးတောင်းခေါင်းရွက်၍ ဝင်လာလျှင် တရားမျှတသော သပိတ်အားအသိအမှတ်မပြုသည့်အပြင် ခေါင်းဆောင်အချို့ကို ရိုက်နှက်ဖမ်းဆီးခြင်းခံနေရရှာသော ဗိုလ်တထောင်အလုပ်သမားများသည် အမေ့ဆီသို့ဝိုင်းအုံ၍ စုဝေးလာကြကာ အမေထုတ်ပေးသော ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်များကို ဝမ်းသာအားရစားသောက်ကြလေ၏။

ထိုအလုပ်သမားများ၏သပိတ်မှာ ဆယ်ရက်ခန့်မျှကြာမြင့်သည့်တိုင်အောင် အလုပ်ရှင်များက အရေးယူခြင်းကိုမခံရသည့်အပြင် အလုပ်ရှင်များဘက်မှပင် ရုပ်နက်တပ်သားများက အကာအကွယ်ပေးနေ၏။ သပိတ်ဘက်မှ ဆယ်ရက်မျှသာရှိသေးသော်လည်း နောက်ပိုင်းမှာ သားမယားလုပ်သူများ နပ်ကျော် စားသူက စားနေကြရလေပြီ။

အမေသည် သည်ကိုးကွယ်ရာမဲ့နေရှာသော လူသားများ၏ဒုက္ခအဝဝကိုလည်း ကြားနာရပြန်လေ၏။ အဘယ်သက်သာခံသာဖွယ်ရာ တစ်ကွက်ကလေးမျှပင် မရှိပါကလားဟု အမေကဒီသားငယ်တို့အတွက် ဝမ်းထဲ၌သာညည်းညူရ၏။

ဓနိတောဘီအိုစီဘက် အလုပ်သမားများဆီသို့ရောက်သောအခါ နေသည်ပင် ဝင်လုနီးလေပြီ။ အမေ၏ဈေးတောင်း၌ ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်တို့သည် မကျန်တော့ပေ။ သပိတ်မှောက်ရက် ဆယ်ရက်ရှိ၍ ငတ်နေပြီဖြစ်ကြသော ဗိုလ်တထောင်အလုပ်သမားများကို အမေကပိုက်ဆံမယူတော့ဘဲ အကုန်ချ၍ကျွေးပြီးခဲ့လေပြီ။

မရောက်ဘဲမနေနိုင်သော ဓနိတောဘက်သို့ အမေကလူချင်းလည်းတွေ့၍ အကျိုးအကြောင်းနှင့် အခြေအနေကလေးများ သိတန်သလောက်သိသာရန် ထွက်လာခဲ့ခြင်းဖြစ်လေ၏။

အလုပ်သမားများသည် လုပ်ခွင်မှဆင်းကာ ၎င်းတို့၏နေအိမ်သို့ပြန်ကြလေပြီဖြစ်၍ အမေသည်အလုပ်သမားအများအပြားကိုကား မတွေ့ရပေ။ အိမ်ပြန်ရာမှ အချို့အလုပ်သမားများသည် အမေ့ကိုနှုတ်ဆက်ကြလေ၏။ ထိုသို့အမေ့ကို နှုတ်ဆက်ကြသော အလုပ်သမားများကို အမေက ၎င်းတို့၏ တောင်းဆိုချက်များ ရ မရအခြေအနေကို မေးမြန်းကြည့်လေ၏။

ဘီအိုစီ၏ သဘောထားနှင့် အလုပ်သမားများ၏အခြေအနေကို အမေသည် ကြားသိရပြီးနောက် ဓနိတောဘက်မှ ပြန်၍လှည့်ကာ ၎င်း၏အသိုက်အမြုံရှိရာသို့ အားကုန်နွမ်းနယ်စွာ နားနားနေနေနှင့်ပြန်ရလေ၏။

မနက်နေထွက်မှ ညနေ နေဝင်ခဲ့ပေပြီ။ သည်လိုနေထွက်မှနေဝင် မိုးချုပ်သည်အထိ ဈေးတောင်းခေါင်းရွက်၍ လမ်းအကြိုလမ်းအကြားများနှင့် စက်ရုံအလုပ်ရုံကြီးများ တစ်ခုပြီးတစ်ခု သွားလာဝင်ထွက်ကာ ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ကိုရောင်းချနေရခြင်းသည်သာ အမေ၏ဘဝလော။

(စ)

သည်ကဲ့သို့ ကြည့်ရမြင်ရသောအခါ၌ မဆုံးနိုင်ဟုအပေါ်ယံကြောက ကြည့်မြင်၍ပြောကြသော လူ့ဘဝ၏လမ်းမကြီးပေါ်ဝယ် အမေသည်လျှောက်သွားနေရသည်နှင့်သာတူနေပေ၏။ အကယ်စင်စစ်ကား ထိုကဲ့သို့မဟုတ်ပေ။ လူ့ဘဝသည် မဆုံးနိုင်သော လမ်းမကြီးပေါ်ဝယ် လျှောက်သွားနေရခြင်းဟု ပြောဆိုကြသူများမှာ အလွန်တရာသနားစရာကောင်းသော ကလေးသူငယ်များသာ ဖြစ်ကြပေ၏။ ထိုသူတို့သည် မိမိတို့စီးနေသောမြင်းအား အထီးမှန်းအမမှန်းမသိရှာသေးခြင်းသာ ဖြစ်ကြပေလိမ့်မည်။

အမေသည် ၎င်းလျှောက်သွားနေသောလမ်းသည် အဘယ်အရပ်သို့ မျက်နှာမူလျက် အဘယ်အရပ်၌ လမ်း၏အဆုံးရှိ"အိမ်သာယာ"အား တွေ့လိမ့်မည်ကို ကောင်းစွာသိရှိ၍ ကောင်းစွာယုံကြည်ပြီးသား ဖြစ်လေသည်။ ထိုကဲ့သို့မှ အမေ၌ အသိနှင့် ယုံကြည်မှုသည် မရှိပါလျှင် သည်အသက်အရွယ်၌ အမေသည် သည်မျှလောက် အသက်ရှင်နေနိုင်စရာလည်း ရှိလိမ့်မည်မဟုတ်။ အမေနေထိုင်ရသော လူနေမှုစနစ် အပုပ်အသိုးကြီး၏ ဒဏ်ရာဒဏ်ချက်များကိုလည်း ရပ်တည်နိုင်ဖွယ်ရာမရှိပေ။

နေဝင်မှနေထွက်၍ နေထွက်မှနေသည်ပင် တစ်ဖန်ပြန်၍ဝင်သွားခဲ့လေပြီ။

အမေ့ကိုကြည့်လိုက်စမ်းပါဦး။ ဈေးတောင်းကိုခေါင်း၌ရွက်လျက် ၎င်း၏အသိုက်အမြုံရှိရာသို့ မညည်းမညူတလှုပ်လှုပ်နှင့် ပြန်နေ၏။

အဘယ်အမယ်အိုသည် သည်မျှလေးလံသောဝန်ပိုးကို ထမ်းဆောင်နိုင်ပါမည်နည်း။ ယခုလောက်အမေခံယူနေရသော ဒဏ်ရာဒဏ်ချက်များကို အဘယ်သာမန်အမျိုးသမီးတစ်ဦးတစ်ယောက်သည် တော်ရုံတန်ရုံဖွဲ့သတ္တိနှင့် ခံယူနိုင်ပါ့မည်နည်း။

အမေသည် အဘယ်ဆိုးဝါးသောရာသီဥတုနှင့် အဘယ်မုန်တိုင်းသည် ခက်ထန်နေစေကာမူလည်း ၎င်း၏လမ်းမကြီးအတိုင်း တနဲ့နဲ့နှင့်လျှောက်နေလိမ့်မည်သာ ဖြစ်လေသည်။ နောက်တွန့်နေလိမ့်မည်ကားမဟုတ်။

နေ့ရှိသမျှ နေပူပူမိုးရွာရွာ နွေ၊ မိုး၊ ဆောင်းစသော ဥတုသုံးပါးကိုလည်း အမေသည်မသိ။ အမေသည် ၎င်းခေါင်းအထက်၌ရှိသော ဈေးတောင်းကို ၎င်းလမ်း၏အဆုံးရှိ"အိမ်သာယာ"ကသာသိ၏။ လမ်းအဆုံး၌ရှိသော "အိမ်သာယာ"၏ တံခါးဝသို့

မရောက်မချင်း ခေါင်းအထက်မှဈေးတောင်းကို မချရသေးဘဲ လမ်းလျှောက်နေရမည်ကိုသိ၏။

အမေသည် ဘဝကိုသိ၍ အလုပ်ကိုသိလေသည်။ အလုပ်နှင့်ဘဝကို ခွဲခွာ၍မဖြစ်နိုင်ကြောင်းကိုလည်း သိလေသည်။ ထို့ကြောင့် အိမ်သာယာ၏ဝင်းတံခါးသို့ မဝင်ရောက်ရမီကာလပတ်လုံး ခေါင်းအထက်မှဈေးတောင်းနှင့်လျှောက်နေရဦးမည့် လမ်းခရီး၏အနက်အဓိပ္ပါယ်တို့ကို အမေကကောင်းကောင်းကြီးပင် သိနားလည်လျက်ရှိပေသည်။ ထိုသူတို့ကပင် အမေ၏ခံနိုင်စွမ်းရည်များကို မာကျောစေခဲ့ပေသည်။

အမေသည် တစ်နေကုန်တစ်နေခန်း ဈေးတောင်းကိုခေါင်းရွက်လျက် ရန်ကုန်မြို့၏အနှံ့အပြား၌ လျှောက်ပြီးခဲ့၍ ယခုအခါ၌၎င်း၏အသိုက်အမြုံသို့ ပြန်ခဲ့ပေပြီ။ အားအင်တို့သည်ကား ကုန်ခန်း၍နေ၏။

အပြင်ပန်းနှင့် အပေါ်ယံကြောက စိန်ရွှေပိုးဖဲများ၊ မော်တော်ကားသစ်ကြီးများနှင့် ဝင့်ဝါမောက်မာနေနိုင်သော မြို့တော်ရန်ကုန်၏ မြောင်းပုပ်နံ့များ မိလ္လာနံ့များဖြင့် ညစ်ပတ်ပေရေလိမ်းကျံကာ ပုပ်သိုး၍ဟောင်စော်နံလှသော နောက်ဖေးလမ်းကြားကလေးထဲရှိ အသိုက်အမြုံသို့ တောင်းကိုခေါင်းရွက်၍ အမေသည်ပင်ပန်းနွမ်းရိစွာ ချည့်နဲ့ချည်နဲ့ဝင်၍လာလေ၏။

ဘေးမှတစ်ယောက်သောလူအတွက်ပင် အမေ့ကိုကြည့်ရမြင်ရခြင်း၌ စိတ်ညစ်ညူးပင်ပန်းစရာဖြစ်နေပေသည်။

အမေကတော့မူ ၎င်း၏ဘဝကိုသိ၍ ၎င်း၏အလုပ်ကိုလည်း သိရှိနေလေသည်။

# ပြည်သူ့အာဏာသစ်

## (က)

အမေ့သားချစ်ဦးအား သုံးလကျော်ခန့်မျှ တရားရုံးတစ်ခု၌ လုပ်ကြံစစ်ဆေးကြပြီး နောက် တရားအာဏာပိုင်ဆိုသူများက သေဒဏ်နှင့်ထောင်အနှစ် ၂၀ ချမှတ်လိုက်ကြသော စီရင်ချက်ကို သတင်းစာများက ရေးသားဖော်ပြကြလေ၏။ သို့ရာတွင် အမေ့သားချစ်ဦးက လက်ရှိတရားရုံးများ၌ တရားမျှတမှုမရှိဟု ယုံကြည်သဖြင့် ရုံးတော်သို့ ထွက်၍ အစစ်မခံသော သတင်းမှန်တစ်ရပ်ကိုမူ သတင်းစာများသည် အရေးမကြီးဟု ထင်၍လားတော့ မပြောတတ်၊ ချန်လှပ်ထားခဲ့ကြ၏။ ထိုသို့ချန်လှပ်ထားခဲ့သည့်အတွက် တရားရုံးက အမေ့သားချစ်ဦးအား တစ်ဖက်သတ်စစ်ဆေး၍ တစ်ဖက်သတ် ချမှတ်လိုက်ခြင်းကိုပါ ကာကွယ်ဖုံးဖိထားလိုက်ပေသည်။

ထိုအချက်အလက်များကိုသာ သတင်းစာများက အထက်မှအမိန့်အတိုင်း ချန်လှပ်ဖုံးဖိ၍ ထားလိုက်ကြသော်လည်း၊ ၎င်းတို့၏ထင်မြင်ချက်အနေဖြင့် အမေ့သား ချစ်ဦးကဲ့သို့ သောင်းကျန်းဆိုးသွမ်း၍ လူသတ်၊ ဓားပြတိုက်၊ ငွေတိုက်ဖောက်၊ မီးရထားလမ်းဖျက်၊ တံတားချိုး၊ ရွာမီးနှင့်ရှို့နေသော လူဆိုးကြီးတစ်ဦးအား သေဒဏ်ချမှတ်လိုက်သော တရားရုံးများသည် အလွန်တရာ အမျှော်အမြင်ကြီး၍ ချီးကျူးဖွယ်ရာကောင်းကြောင်း စသည်ဖြင့် ၎င်းတို့၏အသိအမြင်ကလေးများဖြင့် တွေ့ကရာမြင်ကရာ လျှောက်၍ ရေးသားထားလိုက်ကြပေသေး၏။

အကယ်စင်စစ်မူကား သတင်းစာများသည် အမှန်ကိုဖုံးကွယ်၍ လုပ်ကြံထားသော မဟုတ်တန်းတရားသတင်းများဖြင့် အများပြည်သူတို့က အမေ့သားချစ်ဦးအား အထင်လွဲအမြင်လွဲဖြစ်စေရန်သာ ရေးသားဖော်ပြကြခြင်းမှာ လယ်ပြင်၌ဆင်သွားသကဲ့

သို့ ထင်ရှားလှပေသည်။ သတင်းစာ၏ တာဝန်ကြီးတစ်ရပ်မှာ လက်ရှိလူနေမှုစနစ်ကြီးအတွင်းမှ လူသားတို့နေ့စဉ် ဖြစ်ပျက်ခံစားနေရသော အကြောင်းအရာများကိုသာ ဟုတ်မှန်သည့်အတိုင်း တိကျစွာ သစ္စာရှိရှိနှင့် ဖော်ပြဖို့သာဖြစ်ပေသည်။ ထိုကဲ့သို့သော အကြောင်းအရာအဖြစ်အပျက်များကိုသာ ရိုးဖြောင့်စွာဖော်ပြရမည့်အစား ၎င်းတို့အား ကြော်ငြာပေး၍ ဝယ်ထားသောအုပ်ချုပ်ရေးအဖွဲ့များ၊ နိုင်ငံခြားကုမ္ပဏီနှင့် အကျိုးစီးပွားများနှင့် သူဌေးကုန်သည်ကြီးများ၏ အလိုရှိနေကြသော၊ ဖတ်ချင်နေကြသော သတင်းနှင့် အကြောင်းအရာများကိုသာ ရှာဖွေလုပ်ကြံဖော်ပြ အသုံးတော်ခံနေကြလေ၏။ ထိုအရှင်သခင်များအကြိုက်နှင့် အလိုဆန္ဒကိုလိုက်လျောလုပ်ပြကြရာ၌ သတင်းစာ၏ ရှေ့ဆုံးမျက်နှာ၌ အရေးတကြီးဇော်ပြတ်၍ လိုအပ်လှသော လယ်သမားများ အမတော်ကြေးမရရှိသေးသောသတင်းကိုဖြစ်စေ၊ အလုပ်သမားလေးငါးရာမျှ လိုလားချက်မရ၍ သပိတ်မှောက်နေကြသော သတင်းကိုပင်ဖြစ်စေ ချန်လှပ်၍ ဗမာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်လှသော အမေနှင့်မောင်ဖြစ်သူတို့ မျက်စိမှိတ်နေရသည့် မယ်ဒဂုန်နှင့်မယ်ဗမာ၊ မယ်တက္ကသိုလ်များ၏ မလုံ့တလုံအဝတ်အစားကလေးများနှင့် ဓာတ်ပုံများကိုပုံကြီးချဲ့၍ ဘလောက်ဖိုးအဆမတန်အကုန်ခံကာ တခမ်းတနားဖော်ပြကြပေ၏။ ထိုကဲ့သို့ ဓာတ်ပုံမျိုးမှမရတတ်လျှင် သောင်းကျန်းသူများက ဗမာပြည်မြေပုံ၌မရသော ရွာတစ်ရွာကိုဓားပြတိုက်၍ လူများကိုလည်းသတ်ဖြတ်ရုံနှင့် အားမရသေးသဖြင့် ရွာကိုပင် လက်အားခြေအားနှင့် မီးရှို့သွားသောသတင်းကို မင်းဘူးဦးသြဘာသ၏ အဖွဲ့အနွဲ့မျိုးထက် မတိမ်းမယိမ်းလိုက်၍ ဖွဲ့နွဲ့ရေးသားဖော်ပြတတ်ကြ၏။

အမေ့သားချစ်ဦးအား တိုင်းပြည်နှင့် ပြည်သူတို့က အထင်လွဲမှားစေ၍ စိုးမိုးနေသူများက ယခုကဲ့သို့ သတ်ဖြတ်ရန်ပြုလုပ်ခြင်းအား တရားမျှတမှန်ကန်သည်ဟု အထင်ရောက်စေရန်၊ ချစ်ဦးအားအလွန်တရာ ဆိုးသွမ်းသောင်းကျန်းလှသော တကယ့်လူဆိုးကြီး၊ ဓားပြကြီးတစ်ဦးအနေဖြင့် အဘယ်ကဲ့သို့ဆေးရောင်အမျိုးမျိုးခြယ်ကာ လုပ်ကြံရေးသားကြစေကာမူလည်း "အီးစီအေသည် အနန္တငါးပါး၏ ဂုဏ်ကျေးဇူးထက်ကြီးပါပေသည်ဟူ၍လည်းကောင်း၊ ယမ်းတောင့်နှင့်လက်နက်များကို ဘုရားရဟန္တာဓာတ်တော်ဟူ၍လည်းကောင်း" ရေးဝံ့ရေးရဲနေကြသော သတင်းစာများ၏ ရေးသားချက်ကိုမူ ရိုးသားသောပြည်သူတို့က ချင့်၍ယုံကြည်လိမ့်မည်သာ ဖြစ်ပေသည်။

သို့ရာတွင် ယခုအခါ၌ တရားဥပဒေနှင့်တည်ထောင်ထားသည်ဟု အဆိုရှိသော အစိုးရအား လက်နက်နှင့်တိုက်ခိုက်၍ ဖြုတ်ချရန်ကြံစည်သဖြင့် နိုင်ငံတော်သစ္စာဖောက်ဥပဒေဖြင့်လည်းကောင်း၊ တရားမဝင်သောလက်နက်ကို ကိုင်ဆောင်မှုများဖြင့်လည်းကောင်း၊ အမေ့သားလူကောင်းကြီးချစ်ဦးအား သုံးလကျော်ခန့်မျှ တရားခုံရုံးတစ်ခု၌

တစ်ဖက်သတ်စစ်ဆေးပြီးခဲ့သည့်နောက် သေဒဏ်နှင့်ထောင်အနှစ် ၂၀ ဟူသော စီရင်ချက်ကိုကား ချမှတ်လိုက်ပြီးခဲ့ကြလေပြီ။ တော်လှန်ရေးသားကောင်းများအား လုပ်ကြံတပ်ဆင်တတ်သည့် ဓားပြမှုဥပဒေဖြစ်သော ပုဒ်မ ၃၆၅ သည်ကား အလွန်အမင်းယုတ္တိက မရှိလှသောကြောင့် ဖြုတ်ထားခဲ့ရလေသည်။

အမေ့ဘဝ၌ အမေမွေးထုတ်ခဲ့ရသော ဒီသားချစ်ဦးတစ်ယောက်သာရှိ၏။ သားချစ်ဦးကလွဲလျှင် ဤကမ္ဘာမြေဝယ် အမေနှင့်သွေးသားဟာဖြင့် တော်စပ်သောဆွေမျိုးဉာတိတစ်ယောက်တမြီးမှတော့မရှိ။ သွေးသားအားဖြင့်မဟုတ်သော်လည်း ဘဝ၏သားသမီးများတော့ များပြားစွာအမေ၌ရှိပါ၏။ အမေ့သားချစ်ဦးကို သတ်ရက်သူများက သတ်လိုက်ကြဦးတော့၊ အမေ့အားသက်ရှယ်အိုမင်းချိန်၌ ကြည့်ရှုစောင့်ရှောက်မည့် ဘဝ၏သားသမီးများရှိပေ၏။ ပူပန်ကြောင့်ကြစရာ အမေအတွက်မလိုပါ။ ထမင်းကိုလက်ဆေး၍ အမေသည်အေးအေးစားမည်ဆိုက စားနိုင်ပါ၏။

အမေ့သားချစ်ဦးကို သတ်ဖြတ်လိုက်ကြတော့မည့်အရေး၌ အမေက မိမိတစ်ယောက်အတွက်သာ စဉ်းစားခြင်းပူပန်ခြင်းမဟုတ်ပေ။ ကိုးလလွယ်၍ ဆယ်လ၌မွေးဖွားရကာ ဖဝါးလက်နှစ်သစ်အရွယ်မှစ၍ မွေးမြူလာခဲ့ရသော သားအားသတ်ဖြတ်ကြတော့မည် ဆိုခြင်းအတွက် ဆင်းရဲဒုက္ခအမျိုးမျိုးခံ၍ မွေးကျွေးလာခဲ့ရသော အမေတစ်ယောက်၏ ပူပန်ခံစားရခြင်းမျိုးသက်သက်လောက်မျှသာ မဟုတ်ပေ။ အငြင်းပယ်ခံလူများစု၏ ကောင်းကျိုးချမ်းသာတစ်ခုတည်းအတွက်သာ အမြဲတစေလုပ်ကိုင်လာခဲ့သော လူကောင်းတစ်ယောက်အား ဆုံးရှုံးရလုလုဆဲ လူများစုထဲမှတစ်ယောက်အဖြစ်လည်း စိုးရိမ်ပူပန်ခြင်းဖြစ်ပေသည်။

အမေက သားချစ်ဦးအား မိမိမွေးထုတ်ခဲ့ရသော သားအဖြစ်နှင့်သာ သဲ၍ချစ်ရသည်မဟုတ်သေးပါ။ လူအများစု၏ကောင်းကျိုးချမ်းသာရေးနှင့် တရားမျှတမှုရရှိရေးအတွက် မနားမနေလုပ်ကိုင်လာခဲ့သော လူကောင်းတစ်ယောက်အဖြစ်နှင့်လည်း သားချစ်ဦးကိုသိနားလည်လျက် လေးမြတ်ခဲ့ရပါ၏။ အမေသည် မျက်မှောက်လူနေမှုစနစ်ကြီးအတွင်းမှ အငြင်းပယ်ခံထားရသော လူအများစုထဲက တစ်ယောက်မျှလျှင်ဖြစ်ရကား အမေပါ အပါအဝင်ဖြစ်သော လူအများစု၏တရားမျှတမှု ရရှိရေးနှင့် ကောင်းကျိုးချမ်းသာအတွက် ကာကွယ်တိုက်ခိုက်ပေးနေသောသူသည် အများ၏သူရဲကောင်းပါ ဖြစ်နေလိမ့်မည်မဟုတ်ပါသလော။

ချစ်ဦးသည် အမေမွေးရသော သားတစ်ယောက်မျှသာလျှင်မဟုတ်။ အမေမျှော်လင့်အားထားနေရသော သူရဲကောင်းတစ်ယောက်လည်း ဖြစ်နေပေ၏။ သို့ရာတွင် အမေ့သားနှင့် သူရဲကောင်းချစ်ဦးကို ယခုအခါ၌ အဆုံးစီရင်ကြချေတော့မည်။ သည်

လူကောင်းတစ်ယောက်အား အဘယ်ကြောင့်များ သူတို့သည် သတ်ပစ်ချင်ရလောက်အောင် ဖြစ်ကြရသနည်း။ အမှန်မှာသူတို့သည် လူကောင်းကြီးချစ်ဦးအား အလွန်တရာကြောက်ရွံ့ထိတ်လန့်နေသောကြောင့်သာ ယခုကဲ့သို့ဖြစ်ခဲ့လေသော လူ့အသက်တစ်ချောင်းအား ဖျက်ဆီးပစ်ရန်ပြုလုပ်ခြင်းဖြစ်ပေသည်။ လူကောင်းတစ်ယောက်အား သတ်ဖြတ်ရမည်အထိ ကြောက်ရွံ့ထိတ်လန့်နေကြသူများသည် အဘယ်ကဲ့သို့သော လူစားမျိုးဖြစ်မည်ကို စဉ်းစားတတ်သူတိုင်းစဉ်းစားချိန်ဆနိုင်၏။ ခေါ်မကောင်းစားသော ရာဇဝင်၏အချိန်က အမှန်ကိုပြောဆိုသောပညာရှိ ဆိုကရေးတီးအား ခေါမရာဇပလ္လင်ထက်မှ လူများကယခုကဲ့သို့ သတ်ဖြတ်ခဲ့ဖူးကြပေပြီ။

နေ့ရက်နှင့်နာရီတို့သည် အမေ၏သားချစ်ဦးအား ကြိုးစင်ထက်၌ လည်ပင်းကို ကြိုးကွင်းစွပ်၍ မသေမချင်းသတ်ဖြတ်ကြတော့မည့်အချိန်သို့ တရွေ့ရွေ့တိုးဝင်ကာနေကြ၏။ စက္ကန့်ကလေးများတို့သည် အလွန်တရာလျင်မြန်စွာပြေးလျက် ကုန်လွန်နေကြသည်ဟု အမေသည်ထင်မှတ်မိလေ၏။

အမေ့သားချစ်ဦးအား စီရင်ချက်ချမှတ်လိုက်သော သတင်းကိုကြားသိရပြီးသော အချိန်မှစ၍ အမေ့စိတ်ဝယ်များစွာထိခိုက်လှုပ်ရှားခြင်းရှိနေ၏။ ဝမ်းနည်းပူပန်ခြင်းသက်သက်မျှသာမဟုတ်ဘဲ၊ ခံရခက်၍ဒေါသထွက်ခြင်းများတို့သည်လည်း အမေ့ရင်တွင်း၌ ဆူပွက်နေလေသည်။ ထိုကဲ့သို့ အမေသည် ခံစားနေရခြင်းမှ သက်သာစေရန် အလွန်တရာခက်ခဲစွာဖြင့် ကြိုးတိုက်ထဲ၌ရောက်ရှိနေသော သားချစ်ဦးကိုသွားရောက်တွေ့ဆုံရလေ၏။ အသတ်ခံရလုဆဲ တရားခံ၏အမေအား တွေ့ဆုံခွင့်မှမပြုလျှင် လူ့ရာဇဝင်၌ ကျော်မကောင်းကြားမကောင်းဖြစ်တော့မည်ကို ထိတ်လန့်၍ အမေ့အား သားချစ်ဦးနှင့် တွေ့ဆုံခွင့်ကိုပေးသော်လည်း သံတိုင်များခြားထားလေသည်။ ဘေးမှ စုံထောက်များ အကြပ်များ ဝိုင်းရံစောင့်ကြပ်ထားလေသည်။

သားအမိချင်း မတွေ့ရသည်မှာပင် ငါးနှစ်မျှရှိသွားပေပြီ။

ငါးနှစ်ကြာမျှကွေကွင်းကွဲကွာနေသော သားနှင့်အမေတို့ပြန်လည်တွေ့ဆုံကြရသော နေရာအချိန်နှင့် အခြေအနေများမှာ ကြေကွဲလွမ်းဆွတ်စရာကောင်းလှသည်။

အမေသည် သားကိုငေးကြည့်နေ၏။ သားကလည်းအမေ့ကို ငေးကြည့်နေ၏။ ပါးစပ်မှဘာမျှမပြောနိုင်ကြ။ စိတ်ထဲနှလုံးထဲကသာ ပြောနေကြ၏။

သားချစ်ဦးကို အမေသည်ငေးကြည့်နေရာမှ ရင်ထဲ၌ဆို့လာသဖြင့် မျက်ရည်များလည်လာ၏။

"မငိုပါနဲ့ အမေရ"ဟု အမေ့သားချစ်ဦးက နူးညံ့သိမ်မွေ့စွာတစ်လုံးချင်းစီ၍ ခပ်လေးလေးပြောလေသည်။

အမေသည် အံကိုခဲထားလိုက်ရပြီးမှ "အမေမငိုပါဘူးကွယ်"ဟု ကြိုးစား၍ ပြောလိုက်ရလေသည်။

သည်စကားနှစ်ခွန်းပြောကြပြီးနောက် အမေနှင့်သားတို့သည် ရှေ့ဆက်၍စကား မပြောနိုင်ကြဘဲ တစ်ယောက်ကိုတစ်ယောက် ငေးစိုက်၍ကြည့်နေကြရှာ၏။

ကြိုးတိုက်အတွင်းမှ သားနှင့်အမေတို့၏ မြင်ကွင်းမှာ ဘေးမှရပ်စောင့်နေကြသော အာဏာပါးကွက်သားများအဖို့ပင် လှုပ်ရှားကြေကွဲစရာကဲ့သို့ ရှိနေပေသည်။ အာဏာ ပါးကွက်သားများပင်ဖြစ်ကြစေကာမူ လူသတ္တဝါများဖြစ်ကြသဖြင့် လူ၏ကြင်နာတတ် သော နှလုံးသားများ ရင်ထဲ၌ရှိနေကြသည့်အလျောက် သူတို့သည် မျက်နှာကလေး များ ညှိုးငယ်စွာဖြင့်ခေါင်းငုံ့ကာ တစ်ဖက်သို့မျက်နှာလွှဲထားကြလေသည်။

အတန်ကြာမျှအမေသည် သားချစ်ဦး၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်နေပြီးမှ "ငါ့သား နေလို့တော့ကောင်းရဲ့မဟုတ်လားကွယ်"ဟု ဖြည်းညင်းစွာမေးလိုက်နိုင်လေ သည်။

သံတိုင်များ၏နောက်ကွယ်မှ ချစ်ဦးသည်တောက်ပကြည်လင်စွာ ပြုံးလိုက်၏။

"နေကောင်းပါတယ် အမေရဲ့။ အခု ကြိုးတိုက်ထဲ ကျွန်တော်ရောက်တာမှ ထောင် ကပေးတဲ့ ပုံစံတောင်မလောက်လို့ ပိုပေးဖို့ပြောထားရသေးတယ်။ ညညကျရင်လဲ အမေသတိပေးထားတဲ့အတိုင်း ကျွန်တော်စောစောအိပ်တာပဲ"ဟု ချစ်ဦးက ကြုံဖြေရရ နှင့် ပြောပြနေ၏။

ခြသေ့်ကဲ့သို့ ခိုင်မာသောနှလုံးသားနှင့် လင်းယုန်ငှက်ကဲ့သို့ ရဲရင့်လှသော သား ချစ်ဦးကို အမေသည်ကြည့်ရင်းကြည့်ရင်း တက်ကြွမှုကိုတစ်စထက်တစ်စ ရရှိလာလေ ၏။ သားအားမြုန်းခနဲ တွေ့ရခါစကဲ့သို့ ဝမ်းနည်းခြင်းကား ကြွေလွင့်၍ သွားလေပြီ။ စောစောက ဝိုင်းလျှံလာသော မျက်ရည်များလည်း ခန်းခြောက်၍သွားကြလေပြီ။

အမှန်ကိုလုပ်ကိုင်ရင်း သေခြင်းတရားကို ပမာမခန့်ပြုနေသော သားငယ်အား စိမ့်စိမ့်ကြည့်ရင်း အမေသည် ကျေနပ်နှစ်သိမ့်သလိုလည်း ခံစားရမိ၏။ ဒီသားသေရ ခြင်းသည်ပင် အမေ့အတွက်မြင့်မြတ်သော အာဇာနည်မိခင်ဘဝကို ရရှိခြင်းမဟုတ်ပါ သလော။

သားအားကြိုးတိုက်တွင်း၌ တွေ့ဆုံ၍စကားပြောရန်အတွက် အချိန်များများ တော့မရပေ။

"အမေကတော့ မာမာချာချာပဲမဟုတ်လား။ ဈေးတော့ရောင်းနေရတုန်းပဲ မဟုတ် လား" သားက အေးချမ်းစွာမေးနေ၏။

"အမေ့အတွက်တော့ ထားလိုက်ပါဦးသားရယ်။ ငါ့သားအတွက် အမေဘာလုပ် ရမလဲဆိုတာသာ အမေ့ကိုနားလည်အောင်ပြောပြစမ်းပါ"

"ကျွန်တော့်အတွက် အမေဘာမှ လုပ်စရာမှမလိုတော့တာပဲအမေ။ အေးအေးသာ အမေနေပါ"

"ငါ့သားကိုကြိုးပေးတော့မှာ။ အမေက ဘယ်လိုအေးအေးနေနိုင်ပါ့မလဲ လူက လေးရယ်"

အမေ၏ထိုမေးခွန်းကို ချစ်ဦးသည် ရုတ်တရက် ပြန်၍မဖြေနိုင်ဘဲ ငိုင်နေမိ၏။ အသတ်ခံရမည့်ဆဲဆဲ သား၏အမေအား "အေးအေးနေပါအမေ"ဟု အကြံပေးပြောဆိုလိုက်ခြင်းမှာ ရက်စက်ရာကျလွန်းနေမည်လားဟု မိမိပြောဆိုခဲ့ပြီးသောစကားကို ပြန်၍စဉ်းစားနေပုံရလေသည်။ သားဖြစ်သူမိမိအတွက် "ကမ္ဘာပစ္စည်းမဲ့ တော်လှန်ရေးအောင်ပါစေ၊ ဗမာအရေးတော်ပုံအောင်ပါစေ"ဟူ၍ အော်ဟစ်ကြွေးကြော်ကာ ကြိုးစင်ထက်သို့ စစ်သူကြီးကဲ့သို့ တက်သွားနိုင်သော်လည်း ထိုသားကို ကိုးလလွယ်၍ ဆယ်လဥ္စမွေးထုတ်ခဲ့ရသော သက်ဆိုင်သူအမေ့အတွက် မစဉ်းစားပါက တရားမမျှတရာကျနေလေမည်လားဟု သူကချိန်ဆနေလေ၏။

အမေသည် သားအားကြိုးစင်ထက်၌ ဆုံးပါးရတော့မည့်အရေးကို ယခုမှ ရင်ဆိုင်နေရခြင်းမဟုတ်ပေ။ တစ်ကြိမ်သောကာလကလည်း အမေသည်ဗြိတိသျှနယ်ချဲ့သမား၏ အကျဉ်းထောင်ထဲ၌ ချစ်လင်ကိုမျက်စိကွယ်ရာတွင် ဆုံးပါးခဲ့ရဖူးလေပြီ။ ထိုကဲ့သို့သော မိန်းမသားတစ်ဦးထံမှ ယခုတစ်ဖန် တန်ဖိုးကြီးကြီးတောင်းဦးမည်ဆိုလျှင်ကား ထိုမိန်းမသားတစ်ဦးအပေါ်၌ ရက်စက်နှင့်သီးရာကျပေလိမ့်မည်။ ချစ်လင်အား ထိုမိန်းမသားတစ်ယောက်သည် မျက်စိကွယ်ရာနားကွယ်ရာအရပ်၌ ဆုံးပါးခဲ့ရစဉ်က အသက်အရွယ်ကလည်းငယ်၍ ဖြေစရာသားတစ်ယောက်ကလည်း ကျန်ရှိရစ်သေး၍ ဖြေသာခံသာနိုင်မည်ဆိုက ဖြေစရာရှိသေး၏။ ယခုအခါ၌ ထိုမိန်းမသားအား ဇရာကလည်းထောင်း၍ တစ်ယောက်ထီးတည်းမျက်လုံးသူငယ်နှင့်လည်း ကျန်ရှိရစ်စေခဲ့လေပြီ။ အချစ်ဆုံးလင်အား ထိုမိန်းမသားထံမှ လုယူသွားပြီးသည့်နောက် ဘာမှမပြောမဆိုရဘဲ ကျန်ရစ်နေရသောသားကို အလုခံရဦးမည်ဆိုခဲ့လျှင် ထိုမိန်းမသားသည် အဘယ်သို့များ အသက်ရှင်နိုင်ပါဦးမည်နည်း။

"အမေ့မှာ ဆွေမျိုးအရင်းအချာဆိုလို့ ငါ့သားတစ်ယောက်ပဲရှိတာပါကွယ်။ ငါ့သားကို တရားရုံးကသတ်စေလို့ စီရင်ချက်ချလိုက်တာကို အမေကတော့ အထက်ရုံးတွေမှာ အယူခံချင်သေးတယ်"

ချစ်ဦးက ဘာမျှပြန်မပြောဘဲ ငိုင်နေသောကြောင့် အမေထပ်၍ပြောဆိုနေလေ၏။

အောက်ခြေမှတရားရုံးကို မကျေနပ်၍ ရှီးသားလှသောအမေသည် အထက်ရုံးများ၌ တရားမျှတမှုရှိလိမ့်ဦးမည်ဟူသောအထင်ဖြင့် ပြောဆိုလာခြင်းအား ချစ်ဦးသည်

ထိတ်လန့်တုန်လှုပ်၍ သွားမိပေ၏။ သူသည်အမေ့ကို အဘယ်သို့လွယ်ကူစွာနားလည်နိုင်စေရန် ရှင်းလင်းပြနိုင်ပါမည်နည်း။ လင်ကိုဆုံးရှုံးခဲ့ရပြီးနောက် သားပါထပ်မံ၍ဆုံးရှုံးရဦးမည့် ထိုမုဆိုးမအမျိုးသမီးကြီးအား ကြိုးတိုက်ထဲမှ တရားခံသည် အဘယ်ကဲ့သို့ ရှင်းလင်း၍ပြရပါမည်နည်း။

"အထက်တရားရုံးတွေမှာသာ အမေအယူခံရင် ငါ့သားကိုတော့ သတ်တန်ကောင်းမယ် မဟုတ်ပါဘူးကွယ်"ဟု ရိုးသားသောအမေသည် သတ်လိုသူထံမှ ကရုဏာကို မျှော်လင့်ခြင်း မကုန်သေးသကဲ့သို့ ပြောဆို၍နေပြန်၏။

"အစိုးရက ကျွန်တော့်ကို သနားပြီးလွှတ်လိုက်မယ်လို့များ အမေထင်နေသလား" ဟု ချစ်ဦးက ဖြည်းညင်းစွာမေးလေ၏။

"တရားဥပဒေနဲ့ လမ်းရှိသလောက်ကလေးတော့ လုပ်ဦးမှပေါ့သားရယ်" ဟု အမေကပြန်၍ဖြေလေ၏။

"ဥပဒေဆိုတာကို သူတို့ထင်သလို လုပ်နေကြပြီး တရားရုံးတွေဆိုတာကိုလဲ သူတို့ကြိုက်သလို ခြယ်လှယ်ကြိုးကိုင်နေတဲ့ ခေတ်သမယမှာ အမေကဘယ်အထက်တရားရုံးတော်ကိုသွားပြီး အယူခံလို့ကော ရပါဦးမှာလဲအမေ"

အမေသည် ပကတိအေးချမ်းလှသော ဣန္ဒြေဖြင့်ပြောပြနေသော သားဖြစ်သူ၏ မျက်နှာကိုတစိမ့်စိမ့်ကြည့်နေရှာ၏။

"သူတို့လုပ်ထားတဲ့ ဥပဒေအရ သူတို့ခန့်ထားတဲ့ တရားသူကြီးတွေက ကျွန်တော့်ကိုကြိုးပေးသတ်ရမှာပဲ အမေ။ မသတ်လို့ကိုမဖြစ်လို့ သတ်ရတာ။ အဲဒီတော့ အပြစ်ရှာလိုတဲ့ ဝံပုလွေဆီမှာအယူခံနေတဲ့ သိုးငယ်ထဲကဝတ္ထုလို အမေကအယူခံတာဟာ အချည်းနှီးဖြစ်နေမှာပဲ"

"အယူခံလို့မှမရရင်လဲ အသနားခံလို့ကောမဖြစ်နိုင်ဘူးတဲ့လား သားရယ်"ဟု အမေသည်ရိုးသားလှစွာ မေးလိုက်ပြန်ပေသည်။

"အယူခံတာလဲသူတို့ဆီ၊ အသနားခံတာလဲ သူတို့ဆီဆိုတော့ ဘယ်လိုများ ထူးခြားလာဦးမှာမို့လဲ အမေရယ်"

"ဒါဖြင့် ငါ့သားကို သူတို့မသေသေအောင်ပဲ သတ်တော့မလို့ ထင်ပါရဲ့ကွယ်"

"ဒါက သူတို့လုပ်ရမယ့်အလုပ်ပဲ အမေ။ တတ်နိုင်ရင်ကျွန်တော့်လို လူတွေ အကုန်လုံးကိုတောင် သူတို့က အစိမ်းကိုက်စားပစ်လိုက်ချင်ကြသေးတာပဲ"

"ဒါဖြင့် အမေ ဘာလုပ်ရမလဲကွယ်။ ငါ့သားကပဲ ပြောစမ်းပါဦး"

"အမေအေးအေးနေပါလို့ ကျွန်တော်စောစောကပဲ ပြောပြီးခဲ့ပါပကောလား အမေရယ်"

"ငါ့သားကို သတ်ကြတော့မယ့်အချိန်မှာ အမေကပဲ ဘယ်လိုအေးအေးနေလို့ ရပါမတုံးဆိုတာ ငါ့သားပဲစဉ်းစားကြည့်စမ်းပါဦးကွယ်"

"အမေ ဘာမှမတတ်နိုင်လို့ တခြားတတ်နိုင်တဲ့နည်းလမ်းရှိရင်လဲ အမေ့ကိုပြော စမ်းပါဦး လူကလေးရယ်"

အမေသည်သားအတွက် ပရိဒေဝမီးတောက်လောင်ကာ အရူးမကြီးကဲ့သို့ ဖြစ်နေရှာသော အမေ့အား ရုတ်တရက် အဖြေမပေးနိုင်ဘဲ ငေးမောကြည့်နေမိလေ၏။ သူသည် မုဆိုးမ မိခင်အိုအတွက် စိတ်မကောင်းဖြစ်မိပေသည်။ သူ့အား သတ်ပစ်လိုက်ပြီးသည့်နောက်ကွယ်၌ သည်မုဆိုးမကြီးသည် အဘယ်ကဲ့သို့ဖြစ်၍ ကျန်ရစ်ခဲ့မည်ကို တွေးတောမှန်းဆ၍ ကြည့်မိပေသည်။

"အမေ မေးနေတာကို ငါ့သားကြားရဲ့လားဟင်" အမေသည် အတန်ကြာစောင့်ဆိုင်းနေရပြီးမှ မေးလာပြန်ချေ၏။

"ကျွန်တော်ကြားပါတယ် အမေရဲ့"ဟု ချစ်ဦးကအေးချမ်းတည်ငြိမ်စွာ ပြန်၍ဖြေ၏။

"ဒါဖြင့် အဲဒီနည်းလမ်းကို အမေ့ကိုပြောပြစမ်းပါကွယ်။ အမေ နေရခက်လွန်းလို့ပါ"

" ဒီနည်းလမ်းက အမေတစ်ယောက်တည်းလုပ်လို့ ဖြစ်နိုင်တာတော့မဟုတ်ဘူး။ ပြည်သူတွေနဲ့ လုပ်ရမှာအမေ"

" ပြည်သူတွေနဲ့ ဘယ်လိုလုပ်ရမှာလဲ ဟင်။ အမေ့ကို လိုရင်းရောက်အောင် ပြောပြစမ်းပါဦး။ အမေ့သတ္တိနဲ့ လုပ်ရည်ကိုင်ရည်ကို ငါ့သားသိတယ်မဟုတ်လား။ ပြောမှာသာ ခပ်မြန်မြန်ပြောပြစမ်းပါကွယ်"အမေ့အသံမှာတက်ကြွလှုပ်ရှားလာလေ၏။

"ခုလို ကျွန်တော့်ကို ကြိုးပေးသတ်ကြမယ့်အရေးမှာ ပြည်သူလူထုကြီးက အမှန်အကန်အတိုင်း မတရားဘူးဆိုတာကို သိရှိလာကြပြီး ချစ်ဦးကိုမသတ်နဲ့လို့ တညီတညွတ်ထဲ ကန့်ကွက်ဆန္ဒပြတောင်းဆိုကြတဲ့အချိန်မှာ၊ ကျွန်တော်ဟာ ဘယ်သူမှသတ်လို့ မသေနိုင်တော့ဘူးဆိုတာပဲ အမေ"

ထိုစကား၏အနက်အဓိပ္ပာယ်ကို အမေသည်ကောင်းစွာငုံမိ၏။ နားလည်၏။ အမေသည် ထိုနည်းလမ်းကိုလည်း ယုံကြည်၏။ ဝေဿန္တရာဇာတ်တော်လောက်ကို ဖတ်ဖူးသောအမေသည် ပြည်ညှဉ်းလျှင် မတင်းနိုင်သောမင်းတို့၏ အခက်ကိုတော့နားလည်ပေသည်။ ဝေဿန္တရာသည် ဝင်္ကပါတောသို့ ပန်းမာလာနှင့်ကျေးငှက်တို့အားကြည့်ရှုရင်း ချီးကျူးရန် အပျင်းပြေသွားရောက်လည်ပတ်ခြင်းမဟုတ်။ ပြည်သူတို့၏ဆန္ဒနှင့်ဆန့်ကျင်၍ ဆင်ဖြူတော်ကိုလှူလိုက်တော်မူသောကြောင့် ပြည်သူတို့ကနှင်

ထုတ်၍ ထွက်ပြေးရခြင်းသာဖြစ်လေ၏။ ပြည်သူတို့ကသာ တကယ်တမ်းသိရှိ၍ နိုးကြားလှုပ်ရှားလိုက်ကြသော အခါသမယ၌ အဘယ်ရာဇပလ္လင်နှင့် အဘယ်ဘုန်းရှင်သမ္မာရှင်တို့သည်ကော ရပ်တည်နိုင်ခဲ့ဖူးပါသနည်း။ ပြည်သူတို့အား မိုက်မဲစွာညှဉ်းပန်းနှိပ်စက်ခဲ့သော လွီနှင့်ဇာဘုရင်တို့အား ရာဇဝင်၏အချိန်က ခေါင်းဖြတ်သုတ်သင်ခဲ့ကြသည်မှာ ပြည်သူတို့သာဖြစ်၍၊ မကြာမီကလေးက ပြည်သူတို့အားညှဉ်းပန်းနှိပ်စက်ခဲ့သော အာဏာရှင်မူဆိုလိုနီအား ပြည်သူ့ခုံရုံးတွင် အဆုံးစီရင်ခဲ့ကြသည်ပင် မဟုတ်ပါလော။

ကြိုးတိုက်အတွင်းမှ သားဖြစ်သူအား သည်ကဲ့သို့တွေ့ဆုံ၍ မိမိသည်သိရှိလိုသော အကြောင်းအရာများကို လုံလောက်ခိုင်မာစွာ သိရှိခဲ့ပြီးသည့်နောက် အမေသည် ပြန်လှည့်၍ ထွက်လာတော့မည်အပြု –

“ပြန်တော့မလို့လားအမေ။ မြန်လှချည်လား”ဟု အမေ့သားချစ်ဦးက အံ့ဩစွာလှမ်း၍ မေးနေ၏။

“အမေ့မှာလုပ်စရာကိုင်စရာရှိတာတွေ လုပ်ရဦးမယ်။ ဒီမှာငါ့သားမျက်နှာကိုကြည့်နေလို့လဲ ကိစ္စကပြီးတာမှ မဟုတ်သေးတာကွယ်”ဟုသာ အမေကပြန်ပြောခဲ့ပြီးလျှင် တစ်ယောက်ထဲရှိသောသားဖြစ်သူအား ငါးနှစ်ခန့်မျှကွဲကွာနေခဲ့ရသည့် တိုင်အောင်လည်း နောက်ထပ်၍ တစ်ချက်မျှပင်လှည့်ကြည့်ဖော်မရဘဲ၊ ချာခနဲလှည့်၍ထွက်သွားသည်ကို တစ်ချိန်လုံးဘေးမှစောင့်ကြပ်ကြည့်ရှုနေကြသော စုံထောက်နှင့်အကြပ်များသည် အံ့ဩငေးမော၍ ကြည့်နေကြရ၏။

ကြိုးတိုက်ထဲ၌ မိမိ၏သေဆုံးရတော့မည့် နေ့ရက်နှင့်နာရီကိုသိရှိစောင့်စား၍နေရသော သားချစ်ဦးအား သွားရောက်တွေ့ဆုံ၍ ပြန်လာခဲ့ပြီးနောက်ဝယ် အမေ့တွင် ယခင်ကကဲ့သို့ စိတ်ထိခိုက်ခြင်းနှင့် လှုပ်ရှားခြင်းများသည် တစ်စထက်တစ်စ လွင့်စဉ်စပြုလာကြတော့၏။ ဝမ်းနည်းပူပန်ခြင်းနှင့် ဒေါသထွက်ကာ မကျေမချမ်းဖြစ်နေခဲ့ခြင်းများသည်လည်း တဖြည်းဖြည်းတည်ငြိမ်စပြုလာကြလေ၏။ အမေ့သားချစ်ဦးအား ကြိုးပေးသတ်စေဟူသောသတင်းကို ရုတ်တရက်ကြားသိရခါစကဲ့သို့ကား မဟုတ်တော့ချေ။

သတင်းစာများ၌ အမေ့သားချစ်ဦးအား သေဒဏ်နှင့် ထောင်ဒဏ်အနှစ် ၂၀ ချမှတ်လိုက်သောသတင်းကိုဖတ်၍ ကြားသိလိုက်ရခါစက အမေသည်မွှန်ထူ၍ ကတုန်ကယင်ဖြစ်သွားခဲ့ရလေ၏။ ချောက်ချားလှုပ်ရှားသွားခဲ့ရလေ၏။ ငိုပဲငိုလိုက်ရတော့မလို၊ အော်ပဲအော်လိုက်ရတော့မလိုပင် အမေ့မှာဖြစ်ခဲ့ရပါ၏။ သို့ရာတွင် လူ့ဘဝတစ်လျှောက်လုံး၌ နာကျင်လာခဲ့ရသော အမေက ဒါလောက်ကိုတော့ ချုပ်ထိန်းနိုင်ခဲ့ပေ

သည်။ ချုပ်ထိန်းနိုင်ခဲ့သည်ဟုသာ ဆိုလိုက်ရသည့်တိုင်အောင် ဈေးတောင်းခေါင်းရွက်နေကျဖြစ်သော အလုပ်ကိုကား ရပ်ဆိုင်းထားလိုက်ပြီးလျှင် အမေသည်တဲအတွင်းမှ ဘယ်ကိုမျှမထွက်တော့ဘဲ အိပ်ရာထက်တွင် တခွေတည်းခွေကာ ငြိမ်သက်စွာ မှိန်းနေခဲ့မိပေ၏။

အားလုံးက အမေ့အတွက် စိတ်မကောင်းဖြစ်မိကြ၏။ ဝိုင်း၍လည်း အမေ့ကို သနားနေကြလေသည်။

အငြင်းပယ်ခံနေရသော ကျောမွဲလောကမှအမေ၏ သားများသမီးများသည် အမေ့ထံသို့ လာရောက်ကြလေ၏။ အမေ့သားချစ်ဦးအတွက် အကျိုးအကြောင်းမေးမြန်း၍ အားပေးနှစ်သိမ့်သော စကားများကိုပြောကြ၏။ လင်သားမရှိကြသော အလုပ်၏ သမီးနှစ်ယောက်သည် အမေ၏တဲ၌ လာရောက်အိပ်စက်၍ အမေအားစောင့်ရှောက် ပြုစုကြလေသည်။

မသေရုံတမယ်ကလေးသာ စားနေရသည့်အကြားမှပင် စက်ရုံအလုပ်သမားများသည် အမေ့အတွက် အာဟာရဖြစ်စေရန် ဟောလစ်နှင့်ထောပတ်စသည်တို့ကို ၎င်းတို့အချင်းချင်းစုဆောင်း၍ ဝယ်ယူလာပေးကြ၏။ လူမျိုးခြားဖြစ်သော အိန္ဒိယအလုပ်သမားများတို့ကပင်လျှင် အမေ့အတွက် ပန်းသီးနှင့်စပျစ်သီးကလေးများကအစ တတ်အားသလောက်ဝယ်ယူ၍လာပေးရင်း အမေ့အားနှစ်သိမ့်ကြသည်။

"နင်တို့ကလဲဟယ်၊ ကိုယ့်မှာရှိကြတာမဟုတ်ဘဲနဲ့ တယ်ပြီးဒုက္ခရှာကြသကိုး"

သူတို့၏အလူးအလဲကန်ကျောက်ရင်း မသေရုံတမယ်အသက်ရှင်နေကြရသော ဘဝကို ကောင်းစွာသိရှိနားလည်နေသော အမေက ထိုကဲ့သို့ ပိုက်ဆံအကုန်အကျခံ၍ စေတနာတရားဖြူစင်လှစွာနှင့် ဝယ်ယူလာပေးကြခြင်းကို ညည်းညူတတ်လေ၏။

အမေ့သားချစ်ဦးနှင့် ကြိုးတိုက်ထဲ၌သွားရောက်၍ လူချင်းမတွေ့ဆုံရမိရက်များက အမေသည် ထိုကဲ့သို့တဲအတွင်း၌ တခွေထဲခွေကာ မှိန်းနေခဲ့ရာမှ တစ်ညသ၌ အမေ့ဆီ ပုန်းလျှိုးကွယ်လျှိုးနှင့် မကြာခဏဆိုသကဲ့သို့ လာရောက်ကြည့်ရှုစောင့်ရှောက်လေ့ရှိသော အမေ့သားချစ်ဦး၏သူငယ်ချင်းတစ်ယောက်သည် လာရောက်ပြီးလျှင် အမေ့အား ချစ်ဦးနှင့်ကြိုးတိုက်ထဲ၌ သွားရောက်တွေ့ဆုံသင့်ကြောင်းအပြင် ချစ်ဦး၏သဘောထားနှင့် ဆန္ဒများကို စုံစမ်းမေးမြန်းကြည့်သင့်ကြောင်းများကို ပြောဆိုတိုက်တွန်းသွားခဲ့ရာမှ အမေသည် မွန်ထူ၍နေရာမှ ရုတ်တရက်သတိရလာကာ သားချစ်ဦးအား သွားရောက်တွေ့ဆုံခဲ့ခြင်းသာ ဖြစ်လေသည်။

ကြိုးတိုက်ထဲ၌ သေဆုံးရအံ့ဆဲဆဲ နာရီကိုစောင့်စားနေရသော သားချစ်ဦးအား အမေသည်သွားရောက်တွေ့ဆုံ၍ ပြန်လာခဲ့ပြီးသည့်နောက်၌ အမေသည် တည်ငြိမ်ခြင်း

ကို ရရှိလာခဲ့ခြင်းဖြစ်လေ၏။ စိတ်ဝမ်း၏တည်ငြိမ်ခြင်းကို ရရှိခဲ့သည့်ထိုအချိန်မှစ၍ အမေသည် တခွေတည်းခွေနေခဲ့သောအိပ်ရာထက်မှ ထတော့၏။ တဲ၏အပြင်သို့ အမေသည်ထွက်လာ၏။

အမေ၏သား သူရဲကောင်းချစ်ဦး၏ လွတ်မြောက်ရေးအတွက် အမေသည်လုပ်ကိုင်တော့မည်ဖြစ်၏။ ဒီသား၏လွတ်မြောက်ရေးအတွက် အမေအလုပ်လုပ်နိုင်ခြင်းသည် အမေ့အတွက်ရော အငြင်းပယ်ခံလူများစုကြီးအတွက်ပါ အလုပ်လုပ်ခြင်းဖြစ်ပေ၏။ အမေသည် မိမိချစ်သော သားအတွက် အလုပ်လုပ်ကိုင်ခြင်းသည် အမေ့အတွက်မျှသာမဟုတ်။ အညှဉ်းဆဲခံပြည်သူလူထုကြီးတစ်ရပ်လုံး၏အတွက်ပါ အလုပ်လုပ်ခြင်းသာဖြစ်ပေ၏။

သည်လိုအများ၏ ကောင်းကျိုးချမ်းသာအတွက် မအိပ်မနေလုပ်ကိုင်လာခဲ့ရသော အမေ့အတွက် အများစုအတွက်သာဆိုခဲ့ရလျှင် အဘယ်မျှပင်လုပ်ရစေကာဦးမူ မောပန်းခြင်းရှိလိမ့်မည်လည်းမဟုတ်။

"ခုလိုကျွန်တော့်ကို ကြိုးပေးသတ်ကြမယ့် အရေးမှာ ပြည်သူလူထုကြီးက အမှန်အကန်အတိုင်း မတရားဘူးဆိုတာကို သိရှိလာကြပြီး ချစ်ဦးကိုမသတ်နဲ့လို့ တညီတညွတ်ထဲ ကန့်ကွက်ဆန္ဒပြတောင်းဆိုလာကြတဲ့အချိန်မှာ ကျွန်တော်ဟာဘယ်သူကသတ်လို့မှ မသေနိုင်တော့ဘူးဆိုတာပဲအမေ"

ကြိုးတိုက်၏သံတိုင်များနောက်ကွယ်မှ ပြည်သူလူထုကြီးကိုသာ ယုံကြည်ကိုးစားသော သားချစ်ဦး၏လေးလေးနက်နက်ပြောဆိုမှာကြားလိုက်ခဲ့သော စကားများကို အမေသည်တစ်လုံးမကျန်မှတ်မိလေ၏။ သို့ရာတွင် ပြည်သူလူထုကြီးမှာ သတင်းစာရေဒီယိုများကတစ်ဆင့် မဟုတ်မမှန်ဘဲလုပ်ကြံထားသော သတင်းများဖြင့် လိမ်လည်လှည့်ဖျား၍ မှိုင်းတိုက်ထားသဖြင့် အမှန်ကိုမသိရှိကြသောအဖြစ်ကို အမေကရှေးဦးစွာစဉ်းစားမိလေ၏။ ထိုကဲ့သို့ အမှန်ကိုမသိရှိရသေးသော ပြည်သူတို့အားလုပ်ကြံမှိုင်းတိုက်ထားသော မှိုင်းလုံးကြီးများအကြားမှ ဖောက်ထွင်းဖယ်ရှား၍ အမှန်ကိုသိရှိစေရန် ပြုလုပ်ရန်မှာ မလုပ်လျှင်မဖြစ်သော အလုပ်မှန်း အမေသည် စဉ်းစားချိန်ဆမိလေ၏။

ရိုးသားသောပြည်သူတို့အား အမှန်ကိုသိကြားစေနိုင်သောအချိန်၌ ပြည်သူတို့သည် မတရားပြုလုပ်နေခြင်းကို အဆိပ်မရှိသောရေမြွေကဲ့သို့ မလှုပ်မယှက်ကြည့်နေကြလိမ့်မည်ကားမဟုတ်ပေ။ တရားမျှတ၍ မှန်ကန်ခြင်းနှင့် ရိုးဖြောင့်ခြင်းကိုချစ်မြတ်နိုးသော ပြည်သူတို့သည် မတရားပြုလုပ်ခြင်းကို တခါတည်းဆွဲဖျက်ချေမှုန်းပစ်လိုက်ကြမည်သာဖြစ်၏။

သို့ရာတွင် အမေ့သားချစ်ဦးအား ကြိုးစင်ထက်၌လည်ပင်းကို ကြိုးကွင်းစွပ်၍ မသေမချင်း သတ်ဖြတ်ကြတော့မည့်အချိန်ကား နီးကပ်၍လာလေပြီ။ စက္ကန့်ကလေးများသည် မိနစ်သို့ လျင်မြန်စွာခုန်ကျော်ကူးပြောင်းလျက် မိနစ်တို့သည် နာရီကိုတစ်ပတ်ပြီးတစ်ပတ်ဖွဲ့နေကြလေပြီ။ နာရီဝန်းသည်ရက်ကို တတိတိမျိုနေ၏။

အချိန်သည်များများမရှိလှ။ ရှိနေသေးသော အချိန်ကလေးအနည်းငယ်အတွင်းမှ ကြီးမားလှသောလုပ်ကြံမှုပိုင်းလုံးကြီးများအား ဖြိုဖျက်ဖောက်ထွင်းရမည်မှာလည်း သာမန်အလုပ်မဟုတ်ပေ။ သေးငယ်သောအလုပ်လည်းမဟုတ်ပေ။

အမေသည် အလုပ်လုပ်ရပေမည်။ အချိန်ကား များများမရှိ။

ရှိနေသေးသော အချိန်ကလေးအတွင်း၌ အမေသည်လျင်မြန်စွာအလုပ်လုပ်မှ အချိန်ကမီရုံမျှရှိလိမ့်မည်။ လုပ်ရမည့်အလုပ်ကလည်း မသေးငယ်လှ။

အမေသည် အလုပ်လုပ်ရပေပြီ။ လျင်မြန်စွာလည်း လုပ်ရလိမ့်မည်။ နှေးနှေးလေးနေ၍ကား မဖြစ်ပေ။

ယခု အသက်အရွယ်နှင့် အမေသည် အိုမင်းလှပေပြီ။ သို့ရာတွင် အမေသည် ၎င်း၏ဘဝကိုသိ၍ အလုပ်ကိုလည်းသိရှိပါ၏။

(ဂ)

အမေသည် ရှေးဦးစွာ ပြည်သူ့အဖွဲ့အစည်းများအား သွားရောက်၍ ၎င်းသားချစ်ဦးအားမတရားလုပ်ကြံသတ်ဖြတ်တော့မည့်အကြောင်းကို သေသေချာချာစေ့စေ့စပ်စပ်အစမှအဆုံးအထိ တိုင်ကြားပြောကြားလေ၏။

ယခုအချိန်သည် တစ်ပါတီအာဏာရှင်ကြီးစိုးလွှမ်းမိုး၍ လူ့အခွင့်အရေးများဆိတ်သုဉ်းနေသောအခါသမယဖြစ်သောကြောင့် ပြည်သူ့အဖွဲ့အစည်းဆို၍ များများစားစားတော့ကားမရှိလှပေ။ ရှိနေသေးသော အဖွဲ့အစည်းအနည်းငယ်မှာလည်း တော်တော် ထုသားထောင်းသားခံထားခဲ့ရပြီးဖြစ်သောကြောင့် အသက်ငွေ့ငွေ့လောက်သာ ဖုတ်လှိုက်ဖုတ်လှိုက်နှင့် ရှိနေကြရရှာသော အဖွဲ့အစည်းများသာ ဖြစ်လေ၏။

အမေသည် အလုပ်သမားအဖွဲ့အစည်းများ၊ ဒီမိုကရေစီအဖွဲ့အစည်းများနှင့် လူထုအဖွဲ့အစည်းများသို့လည်း ရောက်ရှိခဲ့၏။ ပြောစရာတိုင်စရာရှိသမျှကို သေသေချာချာလုံးစေ့ပက်စေ့တိုင်ကြားပြောဆိုခဲ့၏။ အမေ၏တိုင်ကြားချက်ကိုလည်း သူတို့က သက်ညှာစွာ နားထောင်လိုက်ကြပေသည်။

အမေသည် တိုင်းပြည်၏ရှေ့ဆောင်ရှေ့ရှုက် လုပ်ငန်းရှိနေကြသော သတင်းစာဆရာများ၏ အဖွဲ့အစည်းများအား ခဲခဲယဉ်းယဉ်းသွားရောက်၍ တိုင်ကြားလိုက်သေး၏။

အမေသည် မောပန်းရခြင်းကိုမသိ။ မေ့လျော့နေ၏။

တစ်နေကုန်ကုန် တစ်နေခန်းခန်း အမေသည် ပြည်သူ့အဖွဲ့အစည်းတစ်ခုမှ တစ်ခုသို့ ကူးသန်းသွားရောက်၍ မိမိ၏တိုင်ကြားစရာပြောကြားစရာများကိုသာ တိုင်ကြားပြောဆိုခြင်းဖြင့် ပြည်သူလူထုကြီးက အဖြစ်မှန်ကိုသိရှိလာစေရန် လုပ်ကိုင်နေ၏။ အမေ့အဖြစ်ကို လက်ခံကြားနာသူတိုင်းတို့သည် စုတ်တသပ်သပ်နှင့် အမေ့ကိုသနား၍မဆုံးနိုင်အောင် ဖြစ်နေကြ၏။ ပြည်သူ့အဖွဲ့အစည်းအများအပြားကပင် အမေ့သားချစ်ဦး၏အရေးအား တရားမျှတစွာဖြစ်မြောက်စေရန် အစွမ်းကုန်ကူညီလုပ်ဆောင်ပေးကြမည့်အကြောင်းကို အမေ့အားကတိစကားပြောကြားကြလေ၏။

သစ္စာတရားအတွက် ပြေးလွှားတိုက်ခိုက်နေရသော အမေသည် မောပန်းရသည်ဆိုခြင်းကို အဘယ်သို့သိနိုင်ပါမည်လဲ။ အမေသည် သစ္စာတရားအတွက် လုပ်ကိုင်ရင်း ဆာလောင်ခြင်းကိုမသိ။ အပူအအေးတို့ကိုလည်းမသိ။

အမေ၏မနားမနေ ပြေးလွှားကြိုးပမ်းချက်ကြောင့် ပြည်သူ့အဖွဲ့အားလုံးလိုလိုပင်အမေ့သားချစ်ဦးအား တစ်ဖက်သတ်လုပ်ကြံသတ်ဖြတ်ကြတော့မည့်အရေးကို သိရှိလာကြကာ ထိုအရေးအားထိထိရောက်ရောက်နှင့် ညီညီညွတ်ညွတ်ကာကွယ်ဟန့်တားမှဖြစ်တော့မည်ကို နားလည်သဘောပေါက်လာကြလေ၏။ အမေ့သားချစ်ဦး၏အရေးမှာ သူတို့၏အရေးဖြစ်သည်ကိုလည်း သူတို့သည်ကောင်းစွာသိရှိကြပြီးကားဖြစ်၏။ သည်ကဲ့သို့တစ်ဖက်သတ်ပြောင်ပြောင်ကြီး သတ်ရဲဖြတ်ရဲလာသည့်အထိလက်ရဲဇက်ရဲဖြစ်လာသော အန္တရာယ်ကိုအချိန်မီတားဆီးနိုင်မှဖြစ်ပေမည်။ ဆိုခဲ့သည့်အန္တရာယ်ကို အချိန်မီ မတားဆီးမကာကွယ်နိုင်ခဲ့လျှင် ရှေ့လျှောက်ယခုထက်သောင်းကျန်းပြီးလျှင် လမ်းလယ်ခေါင်၌ လူတစ်ယောက်အား ကြက်ကလေးငှက်ကလေးများအား လွယ်လင့်တကူသတ်ရဲသကဲ့သို့ ပစ်သတ်လာမည်မဟုတ်ပါသလော။ တစ်ပါတီအာဏာရှင်လွှမ်းမိုး၍ အာဏာကိုလက်ဝါးကြီးအုပ်ထားခဲ့ဖူးသော ဖက်ဆစ်နာဇီနိုင်ငံများ၌ သည်ကဲ့သို့ပင် လမ်းလယ်ခေါင်၌ ပစ်သတ်ခဲ့ဖူးပြီ မဟုတ်ပါသလော။ ယနေ့တွင်တောမှ လူကိုသတ်လျှင် မနက်ဖြန်၌မြို့မှ လူကိုသတ်ရန် ဝန်လေးလှမည်ကားမဟုတ်။ နှစ်ယောက်စလုံးမှာ လူချင်းအတူတူသာ ဖြစ်ကြ၏။ တစ်ယောက်ကို သတ်ပြီးသောအခါ၌ နောက်တစ်ယောက်ကို သတ်တော့မည်မှာ လွယ်လင့်တကူချုပ်နိုင်သော နိဂုံးသာဖြစ်၏။ ထိုနိဂုံးကို ပြည်သူ့အဖွဲ့အစည်းများသည် သဘောပေါက်ပြီးသားဖြစ်ကြလေသည်။

အမေ၏မနားမနေ ဝီရိယကောင်းကောင်း ဇွဲကောင်းကောင်းနှင့် လိုက်လံလှုံ့ဆော်ကြိုးပမ်းမှုကြောင့် ပြည်သူ့အဖွဲ့အစည်းများ၊ ဒီမိုကရေစီအဖွဲ့အစည်းများ၊ အလုပ်သမား

အဖွဲ့အစည်းများနှင့် လူထုအဖွဲ့အစည်း အများအပြားသည် အမေ့သားချစ်ဦးအရေးအား ၎င်းတို့အချင်းချင်းအရေးတကြီး ဆွေးနွေးလာကြလေ၏။ အစည်းအဝေးများလုပ်လာကြလေ၏။

အမှန်ကိုအစဉ်သဖြင့် ဖုံးကွယ်လေ့ရှိသော သတင်းစာများသည်ပင် ယခုအခါ၌ ပြည်သူ့အဖွဲ့အစည်းများကဦးစီး၍ လှုပ်ရှားစပြုလာသည့် အမေ့သားချစ်ဦး၏အရေးအား သတင်းစာ၏ချောင်ကလေးတစ်ချောင်ချောင်မှ မဖော်ပြဘဲမဖြစ်တော့သည့်အတွက် ဖော်ပြစပြုလာကြရလေ၏။

ထိုကဲ့သို့ အမေ့ကြိုးပမ်းလုပ်ဆောင်မှု၏ အကောင်အထည်ဖော်စပြုလာချိန်၌လည်း အမေသည်လုပ်အားကိုအနည်းငယ်မျှ အညှာမပေးသေးပေ။ စိတ်ကောင်းနှလုံးကောင်းရှိတတ်သော နိုင်ငံရေးခေါင်းဆောင်ကြီးအချို့ဆီသို့ အမေသည် တစ်ယောက်ပြီးတစ်ယောက် သွားရောက်တွေ့ဆုံကာ ၎င်း၏သားချစ်ဦးအား တစ်ဖက်သတ်လုပ်ကြံစစ်ဆေး၍ သတ်ဖြတ်ကြတော့မည့်အရေးကို တိုင်ကြားပြောဆိုလျက်ရှိပေ၏။ ၎င်းတို့ထံမှ အကြံဉာဏ်များကိုလည်းတောင်းခံလေ၏။

သည်လို မနားမနေ အမြဲတစေပြေးလွှားလုပ်ကိုင်နေရင်းမှာပင် အမေ့သားချစ်ဦးအား ကြိုးစင်ထက်၌ သတ်ဖြတ်ကြတော့မည့်နေ့ရက်မှာ နီးကပ်သည်ထက်နီးကပ်၍လာခဲ့လေသည်။

ပြည်သူ့အဖွဲ့အစည်းများအသီးသီးများမှလည်း တစ်ဖက်သတ်ချုပ်ချယ်ထားသော ဥပဒေအမျိုးမျိုးအကြားမှပင် ခက်ခဲကျပ်တည်းစွာ လှုံ့ဆော်လုပ်ကိုင်နေကြရသောကြောင့် လူထုလုပ်ငန်းများမှာ တွင်ကျယ်သင့်သလောက်ကား မတွင်ကျယ်ကြသေးပေ။ တစ်ဖက်သတ်နှိပ်ကွပ် ခြိမ်းခြောက်၍ထုတ်ပြန်ထားသော အရေးပေါ်အက်ဥပဒေများသည်လည်းကောင်း၊ အကြမ်းပတမ်းဖက်၍ နှိပ်ကွပ်ရိုက်နှက်ခဲ့ခြင်းများသည်လည်းကောင်း အချို့သောလူတန်းစားအဖွဲ့အစည်းများကို ခပ်တွန့်တွန့်ဖြစ်နေစေပေ၏။

ထိုသို့ အခက်အခဲအမျိုးမျိုးများ၏အကြားမှ အရဲရင့်ဆုံးနှင့် အတက်ကြွဆုံးအစိတ်အပိုင်းမှာ အလုပ်သမားလူတန်းစားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများသာဖြစ်ကြ၏။ ဗမာပြည်အလုပ်သမား လူတန်းစားများသည်ကား အနာဂတ်ဗမာနိုင်ငံသစ်အားဦးဆောင်၍ တည်ဆောက်ကြမည့်လူတန်းစားပီပီ အတိုးတက်ဆုံးနှင့်တော်လှန်ရေးအကျဆုံးဖြစ်ကြပေသည်။ တိုက်ပွဲအရပ်ရပ်နှင့် ရာဇဝင်ပြောင်ခဲ့ကြသော လူတန်းစားများ ဖြစ်ကြပေသည်။ အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်ခြင်း ညှဉ်းပန်းရိုက်နှက်ခြင်းများကို အခါခပ်သိမ်းခံနေရသည်၏ အကြားမှာပင် အမြဲတစေ ဦးခေါင်းကိုထောင်လျက်တိုက်ပွဲကိုဆက်လက်၍သာ ဆင်နွှဲနေကြသော လူတန်းစားများဖြစ်ကြပေသည်။

ပြည်သူ့အဖွဲ့အစည်းများက စုပေါင်း၍အမေ့သားချစ်ဦးအား ကြိုးစင်မှကယ်တင် လွတ်မြောက်ရေးတိုက်ပွဲ၌ အလုပ်သမားလူတန်းစားအဖွဲ့အစည်း အများအပြားကသာ လျှင် အဓိကအင်အားစုကြီးအဖြစ်နှင့် ပါဝင်မည်ဖြစ်၍၊ အခြားအခြားသောတရားမျှတ မှုနှင့် ဒီမိုကရေစီအရေးအခွင့်ကို လိုလားကြသော ကျောင်းသား၊ အမျိုးသမီးစာရေး စာချီ၊ ကုန်သည်ပွဲစားဈေးသည်နှင့် လူမျိုးစုအဖွဲ့အစည်းများက အရံအင်အားစုများ လောက်သာဖြစ်ကြလေ၏။

ထိုသို့ အမေ့သားချစ်ဦးအား ကြိုးစင်ထက်၌ မသေမချင်းလည်ပင်းကို ကြိုးကွင်း စွပ်၍ သတ်ဖြတ်ရန်တစ်နေ့တခြား နီးကပ်သည်ထက် နီးကပ်၍လာခဲ့လေရာ။ သတ် မည့်ရက်မတိုင်မီ ၃ ရက်နေ့၌ ပြည်သူ့အဖွဲ့အစည်းများက စုပေါင်းကြီးမှူး၍ ဗန္ဓုလ ပန်းခြံ၌ လူထုဆန္ဒပြကန့်ကွက်စည်းဝေးပွဲကြီးကို ကျင်းပပြုလုပ်ကာ မြို့တွင်း၌လှည့် လည်ဆန္ဒပြရန် ဆုံးဖြတ်လိုက်ကြသောအခါ အမေသည်အေး၍မနေနိုင်သေးဘဲ ထိုဆန္ဒ ပြကန့်ကွက် စည်းဝေးပွဲကြီးအား လူတိုင်းသိရှိရန်ပြုလုပ်ဖို့ စဉ်းစားကြံစည်ရပြန်လေ ၏။

ပြည်သူလူထုကြီးတစ်ရပ်လုံးမှာ တစ်နေ့တခြား ကျပ်တည်းသည်ထက်ကျပ် တည်းလာသော စီးပွားရေးအခက်အခဲများကြောင့် စိတ်ဓာတ်များချောက်ချားကာ မ ချမ်းမသာဖြစ်နေကြ၏။ တိုင်းပြည်မှာ လွတ်လပ်ရေးရသည်ဟု ဆိုသော်လည်း ဘယ်လို လွတ်လပ်ရေးမှန်း အရသာမခံစားနိုင်အောင် လွတ်လပ်ရေးကြေညာခဲ့ပြီးသော အချိန်မှ စ၍ တစ်နေ့တခြားချုပ်ချယ်သည်ထက် ချုပ်ချယ်ခြင်းများ၊ ဖိနှိပ်ခြင်းများကို ဆက်တိုက် တွေ့ကြုံခံစားလာခဲ့ကြရသောကြောင့် နိုင်ငံရေးဆိုလျှင်မကြားချင်လောက်အောင် အော့နှလုံးနာ၍နေကြ၏။ ထိုကဲ့သို့ စိတ်ဓာတ်ချောက်ချား၍ မချမ်းမသာဖြစ် နေရသည့် အကြားမှ ပြည်သူလူထုကြီးအား အမျိုးမျိုးသောပျော်ပွဲရွှင်ပွဲမှိုင်းများဖြင့် လည်းကောင်း၊ လုပ်ကြံလိမ်လည်ထားသော သတင်းမှိုင်းများဖြင့်လည်းကောင်း တိုက်၍ထားသေးရာ ထိုကဲ့သို့ဘေးကျပ်နံကျပ်ဖြစ်နေရရှာသူများကို ဘေးချင်းကပ်ပြော ဆိုရသောအလုပ်မှာ လွယ်ကူရမည်တော့ကား မဟုတ်ပေ။

အမေသည် မိမိကိုယ်ကိုယုံကြည်စိတ်ချရသော အမျိုးသမီးကြီးဖြစ်၍ ထိုမျှလောက် သော အလုပ်မျိုးကို လုပ်ကိုင်ရန်ဝန်လေးခက်ခဲလှသည်ဟု မယူဆပေ။ ကြိုးစား၍ လုပ်နိုင်လျှင် လူထုကြီးသိတန်သလောက် သိလိမ့်မည်ဟု အမေကယုံကြည်လေ၏။ ထိုသိတန်သလောက် သိရှိသွားစေခြင်းဖြင့် အကျိုးဖြစ်ထွန်းဖို့ရန်သာ ရှိကြောင်းကို လည်း အမေသည် ၎င်းစဉ်းစားတတ်သလောက်သော အသိဉာဏ်ဖြင့် စဉ်းစားချင့် ချိန်မိလေသည်။

သို့နှင့် ဗန္ဓုလပန်းခြံ၌ လူထုဆန္ဒပြကန့်ကွက်စည်းဝေးပွဲကြီး ပြုလုပ်မည့်နေ့ရက်သည် တစ်စထက်တစ်စ နီးကပ်လာခဲ့လေ၏။

(ဃ)

ထိုသို့ဗန္ဓုလပန်းခြံ၌ လူထုဆန္ဒပြ ကန့်ကွက်စည်းဝေးပွဲကြီးပြုလုပ်ရန် ၂ ရက်ခန့်မျှသာ လိုတော့သောတစ်ညသ၌ အမေ့သားချစ်ဦး၏ သူငယ်ချင်းသည် အမေ့ထံသို့ မကြာခဏ ပုန်းလျှိုးဝှက်လျှိုးလာနေကျအတိုင်း လာရောက်လည်ပတ်လေသည်။ ထိုသူသည် အမေ့သားချစ်ဦးနှင့် ရွယ်တူတန်းတူဖြစ်လေ၏။ အေးချမ်းသိမ်မွေ့သော အမူအရာနှင့် ဣန္ဒြေရှိ၏။ စကားတော့များများမပြော။ အနည်းငယ်သာပြောသော စကားမှာလည်း နည်းနည်းနှင့် မိမိရရရှိပေသည်။

ထိုသူသည် ရောက်လာလျှင် အမေသည် ဝမ်းသာတတ်လေသည်။ သားချစ်ဦးကို တွေ့ရသလိုရှိပေသည်။

အမေ့တဲသို့ရောက်လျှင် ထိုသူကအမေ၏ ကျန်းမာရေးအခြေအနေနှင့် အလုပ်အကိုင်အကြောင်းများကို စ၍မေးတတ်လေ၏။ အမေကလည်း ပြောစရာရှိတာများကို ပြန်၍ပြောရင်း အခြားသိချင်သောအကြောင်းအရာများကိုလည်း မေးမြန်းတတ်သည်။ အမေသိလိုသောအကြောင်းအရာများကို အမေ့သားချစ်ဦး၏ သူငယ်ချင်းက စကားလုံးနည်းနည်းနှင့် အမေနားလည်အောင် ရှင်းပြတတ်လေ၏။

ထိုညကမူ ထိုသူသည်လွယ်အိတ်တစ်ခုကို မလွယ်မစဖူးလွယ်၍လာသဖြင့် ထိုသူတဲအတွင်းသို့ရောက်လျှင်ရောက်ချင်း "လွယ်အိတ်ကြီးနဲ့ပါလားသားရဲ့၊ ဘာတွေများလဲ" ဟု အမေကဆီး၍မေးလေသည်။

"ရဲဘော်ချစ်ဦးအတွက် ဒီနေ့ညလျှောက်ဝေဖို့ စာရွက်စာတမ်းတွေပါအမေ" ဟု ထိုသူကလွယ်အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူကာ အမေ့အားလှမ်း၍ပေးရင်း ပြောပြလေ၏။

အမေသည် ထိုသူကလှမ်းပေးသောစာရွက်ကို ယူလိုက်ပြီးနောက် ရေနံဆီမီးခွက်အားအနီးသို့ဆွဲယူကာ မျက်စိမွဲမွဲနှင့်အားပြု၍ ဖတ်ကြည့်လေသည်။ စာရွက်မှာမကြီးလှပေ။ စာရွက်၏ထိပ်ခေါင်းစဉ်၌. . .

**ပြည်သူ့သားကောင်းကြီးချစ်ဦးအား**
**ကြိုးစင်မှကယ်တင်ကြလော့**

ဟူ၍မည်းနက်သောစာလုံးကြီးများဖြင့် ပုံနှိပ်၍ထားလေ၏။

အမေသည် မီးအလင်းရောင်ကလည်းအားနည်း၊ သဘာဝမျက်လုံးကလည်းမွဲသောကြောင့် မနည်းကြီးအားစိုက်၍ ကြိုးစားကာဖတ်ရှုရလေသည်။ အမေက ထိုစာရွက်ကို ဖတ်ရှုနေစဉ် ထိုသူသည်ဆေးပေါ့လိပ်တစ်လိပ်ကို ၎င်း၏အင်္ကျီအိတ်ကပ်ထဲမှ ထုတ်ယူကာ မီးညှိ၍ဖွာရင်း အမေ့အားလေးစားအံ့သြစွာ အမှတ်တမဲ့ကြည့်နေလေသည်။

အမေသည် စာရွက်ကိုဖတ်၍ ပြီးစီးသွားသောအခါ၌ တက်ကြွလာသော ထိုသူအားလှမ်း၍ ကြည့်လိုက်၏။

"ဖတ်နိုင်သေးရဲ့လား အမေ"ဟု ထိုသူက အမေ့ကိုပြုံး၍မေးလေသည်။

"ကိုယ့်သားအကြောင်းမို့လား မသိပါဘူးကွယ်။ ဖတ်လို့တော့ရသေးသား"

"ဒီစာရွက်တွေကို ဒီနေ့ည ကျွန်တော်တို့သူငယ်ချင်းတွေစုပြီး ရန်ကုန်တစ်မြို့လုံး အနှံ့အပြားလျှောက်ဝေကြမလို့။"

"အမေ့အတွက်လဲ ပေးဦးမယ်မဟုတ်လား"

"ခါတိုင်းအမေ့အတွက် ဝေစုတော့ရမှာပေါ့လေ"

"အို ... စက်ရုံအလုပ်ရုံတွေမှာ ဝေလောက်ဖို့နဲ့ ဘယ်ပြီးမှာလဲ၊ အရပ်ထဲမှာလဲ အမေ လျှောက်ဝေပေးချင်သေးတယ်"

"အရပ်ထဲမှာ အမေဝေလို့ မဖြစ်ဘူးထင်တယ်။ တော်တော်ကြာ အမေ့ကိုမိသွားလိမ့်မယ်"

" အို ... မိချင်လဲမိပါစေဟယ်။ အမေတော့ အရပ်ထဲတွေမှာလဲ ဝေပေးချင်သေးတယ်"

"မိလို့ ဘယ်ဖြစ်ပါ့မလဲ အမေ။ အမေ့ဘာသာ ခါတိုင်းဝေနေကျ အမေဈေးရောင်းနေတဲ့ စက်ရုံအလုပ်ရုံတွေမှာ ဝေရင်တော်လောက်ရောပေါ့"

"ဒါဖြင့်လဲ အမေ့ကိုခါတိုင်းထက်ပိုပြီး နှစ်ဆယ်အစိတ်လောက်တော့ ပေးခဲ့ပါလားသားရယ်။ လူများများဖတ်ရသိရအောင်လို့"

"ပိုပေးတာတော့ မခဲယဉ်းပါဘူး အမေ။ အရပ်ထဲမှာ အမေကိုယ်တိုင် လျှောက်မဝေဖို့သာ အရေးကြီးတာပါ"

"ဒီလိုဆိုရင်လဲ အမေမဝေပါဘူးဟယ်။ အစိတ်နှစ်ဆယ်လောက်သာ ခါတိုင်းထက်ပိုပေးခဲ့ပါ"

"ဒါဖြင့် ခါတိုင်းအမေ့အတွက် ဝေစု ရွက်ရေလေးဆယ်အပြင် နှစ်ဆယ်တိုးပြီး ခြောက်ဆယ်ပေးထားခဲ့မယ်။ ဟုတ်လား"

အမေသည် အားရဝမ်းသာခေါင်းညိတ်ပြလိုက်လေ၏။

ထိုသူသည် ၎င်း၏လွယ်အိတ်ထဲမှ စာရွက်ရေခြောက်ဆယ်တိတိရေတွက်၍

အမေ့အားပေးသောအခါ၊ မုန့်ဖိုးပဲဖိုးရရှိသော ကလေးသူငယ်မ၏ အားရဝမ်းသာခြင်းမျိုးဖြင့် အမေသည်သွက်လက်စွာလှမ်းယူလိုက်၏။

အမေ့အား သတိဝီရိယနှင့် ဝေခြမ်းရန်အတန်ငယ်သတိပေး ပြောဆိုခဲ့ပြီးလျှင် ထိုသူသည် အမေ့အားရိုရိုသေသေ နှုတ်ဆက်စကားပြောကြားပြီးနောက် ထွက်သွားလေ၏။

အမေသည် သားချစ်ဦးအား ကြိုးမိန့်ပေးပြီးသည့်နေ့မှစ၍ ဈေးမရောင်းနိုင်ဘဲ ရှိခဲ့ရာ ထိုစာရွက်စာတမ်းများကို ရရှိလိုက်သောအခါ ဝေခြမ်းရေး၌ ခါတိုင်းကဲ့သို့ ပိပိရိရိနှင့် လွယ်လွယ်ကူကူဖြစ်စေရန် မနက်ဖြန်မနက် ဈေးရောင်းထွက်မှဖြစ်မည်ကို ထိုသူထွက်သွားပြီးနောက် စဉ်းစားမိလေ၏။ ထို့ကြောင့် အမေသည် မိမိအတွက် ဝေစုရလိုက်သော စာရွက်များကို သေသေချာချာရေတွက်၍ လုံခြုံလောက်သောတစ်နေရာ၌ သိမ်းဆည်းပြီးနောက် ကောက်ညှင်းဆန်နှင့် စားတော်ပဲများကို တောင်းနှင့်ထည့်ကာ ရေဆေးဖို့ပြင်ဆင်ရလေ၏။

အတန်ကြာမျှ ဈေးမရောင်းဘဲ နေခဲ့ရာမှ ညကြီးအချိန်တွင် အမေသည် ကောက်ညှင်းဆန်များနှင့် ပဲများပြာခတ်နေသံကို ကြားရသောအမေ့ပတ်ဝန်းကျင်မှ သားသမီးများအတွက် အထူးအဆန်းကဲ့သို့ ဖြစ်နေလေ၏။

"အမေ မနက်ဖြန်ဈေးရောင်းထွက်မလို့လားဟင်" ဟူသော မြခင်၏မေးသံကိုပင် အမေသည်ဆန်ပြာနေရာမှ မကြားနိုင်လိုက်ပေ။

ပင်လယ်ကူးသင်္ဘောကြီး ကုန်တင်ကုန်ချအလုပ်သမားထွန်းခိုင်တို့လင်မယားသည် ဘာမှပြောသံဆိုသံမကြားဘဲ၊ ညကြီးအချိန်၌ ဆန်ပြာနေသော အမေ့တဲကိုလာရောက်ကြည့်ရှုကြလေသည်။

"အမေ မနက်ဖြန်ဈေးရောင်းတော့မလို့လားဟင်၊ အမေ့ဟာက ညကြီးမင်းကြီး ဆန်ပြာနေရတာ"

တဲ၏တံခါးဝက ထွန်းခိုင်၏မေးသံကိုကြားရမှ အမေသည်သတိရကာ ဆန်ပြာနေရာမှ လှမ်း၍ကြည့်လေ၏။

"အေး ဟဲ့ ထွန်းခိုင်၊ ငါလဲခုနကမှ စိတ်ကူးရတာနဲ့ ညကြီးမင်းကြီးပဲ ထလုပ်နေရတာ"

"ဒါဖြင့် ကျွန်တော်ထင်းခွဲပေးမယ် ဓားဘယ်မှာထားသလဲ"ဟု ထွန်းခိုင်က မေးနေလေ၏။

"ဈေးမရောင်းတာလဲ ကြာသွားတော့ ဘယ်မှာထားမိသလဲ မသိပါဘူးဟယ်။ နင့်ဘာသာနင်ရှာပြီးတော့ ခွဲပါတော့ဟယ်"

ထွန်းခိုင်၏မိန်းမကလည်း ကြားထဲမှမနေနိုင်တော့သဖြင့် အမေ့လက်တွင်းမှ စကောနှင့်ဆန်တောင်းကိုယူ၍ ပြာနေသည့်အခိုက် တစ်ဖက်တဲမှ မြခင်သည် ၎င်း၏ယောက်ျားထွန်းတင်လည်း မပြန်လာသေး၍ ကလေးများလည်း အိပ်ပျော်နေကြသဖြင့် အမေ့တဲဘက်သို့ကူးလာကာ မနက်စောစော၌ အမေအဆင်သင့်ဈေးရောင်းထွက်နိုင်ရန် ထွန်းခိုင်တို့လင်မယားနှင့်အတူ လုပ်စရာကိုင်စရာများကို ဝင်ရောက်ကူညီ၍ လုပ်ကိုင်ပေးလာလေ၏။

အမေသည် ဘာမျှမလုပ်ရတော့ဘဲ ထိုင်ကာကြည့်နေရ၏။

အမေ၏ သားသမီးများက လုပ်ပေးနေကြပေပြီ။

(င)

နောက်တစ်နေ့မိုးလင်းသည်နှင့်တစ်ပြိုင်နက် အမေသည်ဈေးတောင်းကို ခေါင်းရွက်ကာ လမ်းမပေါ်၌ ရောက်နေလေ၏။

ထိုနေ့အဖို့ ဈေးရောင်းထွက်ရသည်မှာ အမေ့အတွက်ပေါ့ပါးသွက်လက်လှပေသည်။ အမေသည် မိမိ၏တာဝန်ကို ကျေပွန်စွာလုပ်ဆောင်ခွင့် ရရှိခြင်းအတွက် တက်ကြွနေပုံရ၏။ ဝမ်းသာနေပုံလည်းရပေ၏။

"ကောက်ညှင်းပေါင်း … ပဲပြုတ်"ဟူသော အမေ၏အသံမှာ ခါတိုင်းထက်စူးရှခြင်းရှိသည်ဟု ထင်ရလေ၏။

ထိုအသံကိုမကြားရသည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်၍ ကြားနေကျသူများအတွက် ယခုတစ်ဖန်အတန်ကြာ မြုပ်ကွယ်နေရာမှ ပြန်ပေါ်လာခြင်းသည် ကြည်နူးလွမ်းဆွတ်ဖွယ်ရာကဲ့သို့ရှိနေကြပေသည်။

နောက်ဖေးလမ်းကြားတစ်ခုထဲသို့ အမေသည်ချိုး၍ ဝင်လာသောအခါ အမေ၏ သားသမီးများနှင့် မြေးများသည် ၎င်းတို့၏တဲတံခါးအသီးသီးမှထွက်၍ စောင့်မျှော်ကြိုဆိုနေကြ၏။ တဲတစ်ခုရှေ့၌ ဈေးတောင်းကိုချလိုက်သောအခါ အနီးအနားတဲများမှ အမေ့သားသမီးများနှင့် မြေးများသည် အမေ့ဆီသို့ ဝိုင်းအုံ၍လာကြလေ၏။

များလှစွာသော မေးခွန်းအားပြန်လည်မဖြေကြားနိုင်အောင် အမေမှာဖြစ်နေရ၏။ မေးခွန်းကတော့ အကြောင်းအရာတစ်ခုတည်းအပေါ်၌သာ မဏ္ဍိုင်တည်ထား၏။ ထိုမဏ္ဍိုင်မှာ အမေ့သားချစ်ဦး၏အရေးပင်ဖြစ်လေ၏။

ထိုကျောမွဲနှင့်မှောင်ရိပ်၏ သားသမီးများသည် တစ်ကြိမ်သောအခါကာလက သူတို့၏ နစ်နာချက်များနှင့် မတရားခံရချက်များကို လူသိရှင်ကြားဖော်ထုတ်၍ တရားမျှတစွာဖြစ်စေရန် မဖြစ်မနေတိုက်ခိုက်ပေးခဲ့သော အမေ့သားချစ်ဦး၏အရေး သူတို့၏ အရေးဟူ၍ သဘောထားနားလည်ကြလေသည်။

**မြန်မာ့စာအုပ်တိုက်**

အမေသည် မေးသမျှမေးခွန်းများကို ကုန်စင်အောင်ဖြေမနေနိုင်ပေ။ သွားရလာရပေဦးမည့်ခရီးက ရှိနေပေ၏။ ထို့ကြောင့် နောက်တစ်နေ့တွင် ဗန္ဓုလပန်းခြံ၌ လူထုဆန္ဒပြကန့်ကွက်သော စည်းဝေးပွဲကြီးပြုလုပ်ကြမည့် အကြောင်းကိုသာ ခြုံ၍ပြောပြရပေ၏။

ဆန္ဒပြကန့်ကွက်ပွဲကြီးသို့ ၎င်းတို့တဲစုမှ အားလုံးတက်ရောက်ကြမည်ဖြစ်ကြောင်းကို အနည်းငယ်သတ္တိကောင်း၍ ခေါင်းဆောင်မှုပေးနိုင်သော အလုပ်လက်မဲ့ ဘိုးထွန်း၏မယား မိငယ်က အမေ့အား ပြောကြားသည်။ အမေသည် ဈေးတောင်းထဲ၌ အသင့်ပါလာသော စာရွက်တစ်ခုကို မိငယ်အားလက်တို့၍ ပေးထားခဲ့ပြီးနောက် နောက်ဖေးလမ်းကြားထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့လေသည်။

"ကောက်ညှင်းပေါင်း ... ပဲပြုတ်"

အမေသည် ခါတိုင်းဝင်နေကျ နောက်ဖေးလမ်းကြားကလေးများ တစ်ခုပြီးတစ်ခု ဝင်ရောက်ကာကောက်ညှင်းပေါင်း၊ ပဲပြုတ်စားနေကျဖြစ်သော သားသမီးများအား ထုတ်ပေးရင်း ဗန္ဓုလပန်းခြံ၌ပြုလုပ်မည့် လူထုဆန္ဒပြကန့်ကွက်ပွဲအကြောင်းကို ပြောပြကာ ထိုတဲစုများတွင် ထထကြွကြွနှင့် ပိပိရိရိရှိသူ တစ်ယောက်ကို တစ်ရွက်တစ်ရွက်စီ လက်ကုတ်၍ပေးကာ ထွက်လာခဲ့လေ၏။

ထိုကဲ့သို့ တစ်လမ်းပြီးတစ်လမ်း ကုန်သလောက်ရှိသွား၍ နေမွန်းတည့်လောက်သောအချိန်၌ အမေသည်နံနက်စာကိုပင် စားရမှန်းမသိနိုင်ဘဲ စက်ရုံများဘက်သို့ ရောက်ရှိလာခဲ့လေသည်။

"ကောက်ညှင်းပေါင်း ... ပဲပြုတ်"

သည်အသံကို စက်ရုံ၏ ကျေးကျွန်များသည် မှတ်မိနေကြ၏။ စက်ရုံဝင်းထဲသို့ အမေရောက်လာလျှင် ဝိုင်းအုံ၍စုဝေးရောက်ရှိလာကာ အမေထုတ်ပေးသော ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ကို မြိန်ရေယှက်ရေစားသောက်ကြရင်း အမေပြောဆိုသော ဗန္ဓုလပန်းခြံလူထုဆန္ဒပြ ကန့်ကွက်ပွဲကြီး၏အကြောင်းကို အလွန်တရာစိတ်အားထက်သန်စွာ နားထောင်နေကြလေ၏။

"အဲဒီနေ့ကျရင် ကျွန်မတို့အလုပ်မဆင်းဘူး၊ ကျွန်မတို့လဲ အလုပ်မဆင်းဘူး၊ ဆန္ဒပြမယ်၊ ကန့်ကွက်မယ်" စသော ပြောသံဆိုသံများကို အမေသည် ကြည်နူးနှစ်သိမ့်စွာ ကြားနာရပေ၏။

အမေသည် ပေးစရာရှိသောစာရွက်ကို တစ်ယောက်ယောက်အား ပေးကမ်းခဲ့ပြီးနောက် နောက်ထပ်အလုပ်ရုံတစ်ခုဘက်သို့ ထွက်လာခဲ့ရပြန်လေ၏။

မွန်းတိမ်း၍နေသည်စောင်းသွားပြီဖြစ်သော်လည်း အမေသည် ဆာလောင်နေမှန်းမသိ မောပန်းရခြင်းကိုလည်း မေ့နေ၏။

"ကောက်ညှင်းပေါင်း ... ပဲပြုတ်"

အမေ၏အသံမှာ ဒါလောက်အော်လာခဲ့ရသည့်အကြားမှပင် မဝင်နိုင်သေး။

အမေ့အသံကို ကြားလိုက်ရလျှင် အမေ၏သားများသမီးများသည် အားလုံးဝမ်းသာစွာနှင့် နို့ချိုချိုကိုစို့ရအံ့သောကလေးများကဲ့သို့ ပြေးလွှား၍ဝိုင်းအုံလာကြမြဲပင်ဖြစ်လေ၏။

အမေက ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်များကိုထုတ်ပေးရင်း သူတို့မေးသမျှကို တစ်ဦးစီ ဖြေကြားနေရလေသည်။

သူတို့က မေးကြသောအကြောင်းများမှာ အမေ့သားချစ်ဦး၏အကြောင်းသာပဲဖြစ်၏။ အမေကလည်း ဗန္ဓုလပန်းခြံ၌ ပြုလုပ်မည့်လူထုအစည်းအဝေးအကြောင်းကို ရှင်းလင်းပြောကြားကာ ပေးစရာရှိသောစာရွက်ကို ပေးခဲ့ပြီးနောက် ထွက်လာခဲ့ရပြန်လေ၏။

စက်ရုံအလုပ်ရုံများအနှံ့အပြား ရောက်ပြီးသောအခါ၌ အမေသည် သင်္ဘောဆိပ်ဘက်သို့ ထွက်လာ၏။ သင်္ဘောဆိပ်သို့ အမေရောက်သောအခါ၌ နေသည်ပင် ဝင်လုနီးလျက်ရှိနေပေပြီ။ နေ့ပိုင်းကုန်တင်ကုန်ချ အလုပ်သမားများသည်ပင် အိမ်သို့ပြန်ကြ၍ ညဘက်အလုပ်သမားများသည် အလုပ်ဆင်းစပြုနေ၏။ သင်္ဘောဆိပ်မှ ဗိုလ်တထောင်ခနိတောများတစ်ခွင်သို့ ပြိုပြစင်အမေရောက်ခဲ့ပြီးသောအခါ၌ နေဝင်မိုးချုပ်၍ မီးများပင်ထွန်းညှိကြလေပြီ။

အမေရောင်းသော ကောက်ညှင်းပေါင်းနှင့်ပဲပြုတ်တို့သည် ကုန်ပြီဖြစ်သော်လည်း အမေ့ဈေးတောင်းထဲ၌ ဝေစရာကျန်နေသေးသော စက္ကူက ဆယ့်လေးငါးရွက်ခန့် ရှိနေသေးသဖြင့်၊ အမေသည်တဲသို့မပြန်ချင်သေးပေ။ ကုန်အောင်ဝေပြီးမှ ပြန်ချင်သောကြောင့် မိုးချုပ်ကာ မီးထွန်းနေကြပြီဖြစ်သည့်တိုင်အောင် မမောမပန်းမညောင်းညာနိုင်သေးဘဲ၊ ကျန်ရှိနေသေးသော စာရွက်များကို ဝေငှရန် မေမြို့ကွက်သစ်ဘက်သို့ ဆက်လက်၍ ထွက်လာခဲ့ပြန်၏။

မေမြို့ကွက်သစ်မှာ ဆင်းရဲသားနှင့်အလုပ်သမားများ ဈေးသက်သာစွာနေထိုင်ကြရသော အပေါစားရပ်ကွက်တစ်ခုဖြစ်လေ၏။ ဆပ်ပြာစက်နှင့် ဘီအိုစီမှနေ့စားအလုပ်သမားအများအပြားနေထိုင်ကြသော ရပ်ကွက်ဖြစ်၍ အမေကကောင်းကောင်းသိရှိပေသည်။

အမေသည် မေမြို့ကွက်သစ်ဘက်သို့ ချိုး၍အဝင် ကားနက်ကြီးတစ်စီးသည် အမေ့ရှေ့တည့်တည့်၌ ညင်သာစွာရပ်လိုက်ပြီးလျှင် ကားနက်ကြီးထဲမှ ရာဇဝတ်အုပ်တစ်ယောက်၊ စာသင်နှစ်ယောက်နှင့် ပုလိပ်နှစ်ယောက်တို့သည် ဆင်းလာကြလေ၏။

အမေသည် ကွန္တြေမပျက် ထိုပုလိပ်အမှုထမ်းများအား ရှောင်ကွင်း၍ ကွက်သစ်ထဲသို့ဝင်တော့မည်အပြု၊ အမေ့ရှေ့မှပုလိပ်အမှုထမ်းများသည် တားဆီးထားကြသဖြင့် အမေသည်ရှေ့တိုးရအခက် နောက်ဆုတ်ရအခက်ဖြစ်နေစဉ် "အဒေါ်ကြီး ခဏနေပါဦး၊ ခင်ဗျားကို ကျုပ်တို့ရှာချင်လို့"ဟု ရာဇဝတ်အုပ်လုပ်သူက ခပ်ထန်ထန်ပြောဆိုလာလေ၏။

အမေသည် သတိကောင်းလေသည်။

"ဈေးရောင်းစားနေရတဲ့ အမယ်ကြီးဆီက ဘာများရှာစရာရှိလို့ပါလိမ့်မောင်ရင်တို့ရယ်"ဟု အမေက ချိုသာစွာမေးလိုက်မိလေသည်။

"အဒေါ်ကြီး သိပ်စကားပြောမနေနဲ့ ခင်ဗျားဈေးတောင်းအောက်ကို ချလိုက်စမ်းပါဦး"ဟု ရာဇဝတ်အုပ်က ဆက်လက်၍ ခပ်မာမာခိုင်းနေ၏။

"အမေသည် မည်ကဲ့သို့မျှရှောင်ကွယ်၍ မရနိုင်သောအကျဉ်းအကြပ်ထဲ၌ ကျရောက်နေပြီဖြစ်သောကြောင့်။ နောက်ထပ်စကားပြောမနေတော့ဘဲ ဈေးတောင်းကိုအသာချ ပေးလိုက်ရလေ၏။

"ကဲ သေသေချာချာရှာကြစမ်းဟေ့၊ ဒီအဒေါ်ကြီး၊ ဒီလိုစက္ကူတွေဝေနေတာ ဒီတစ်ခါတော့ ဘယ်ပြေးလွတ်မလဲ"ဟု ရာဇဝတ်လုပ်သူက တရားခံဘဝသို့ကျရောက်လုလုဆဲဆဲ အမယ်ကြီးအိုရှေ့၌ သူရဲကောင်းလုပ်၍ ငယ်သားများကို အမိန့်ပေးခိုင်းစေနေ၏။

အမှုထမ်းလေးယောက်သည် ဈေးတောင်းကလေးတစ်လုံးအား သူ့ထက်ငါအားကျိုးမာန်တက် ဟိုလှန်ဒီလှန်ရှာဖွေကြရာမှ အမေမဝေရသေးဘဲကျန်နေသော စာရွက်ဆယ့်လေးငါးရွက်ကို လွယ်လင့်တကူတွေ့ရှိကြလေ၏။

"တွေ့ပြီဆရာ ဒီမယ်"ဟု စာသင်တစ်ယောက်က အမေ့ဈေးတောင်းထဲမှရသောစက္ကူများအား ရာဇဝတ်အုပ်အား အားရဝမ်းသာလှမ်း၍ပေးရင်း ပြောလာလေ၏။

ရာဇဝတ်အုပ်သည် စာသင်လှမ်းပေးသော တရားဥပဒေဝေါဟာရအခေါ်အားဖြင့် သက်သေခံပစ္စည်းများကို လှမ်းယူလိုက်ပြီးနောက် အသင့်ပါလာသောလက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ဖတ်ကြည့်လေ၏။

## ပြည်သူ့သားကောင်းကြီးချစ်ဦးအား
## ကြိုးစင်မှကယ်တင်ကြလော့

ရာဇဝတ်အုပ်သည် ခေါင်းစဉ်စာတမ်းကို ခပ်ကျယ်ကျယ်ကလေးဖတ်ကာ ရယ်သွမ်းသွေးလိုက်လေ၏။

အမေသည်ရာဇဝတ်အုပ်က ထိုကဲ့သို့ ရယ်သွမ်းသွေးကာ မခိုးမခန့်လှောင်ပြောင်

လိုက်ခြင်းကို ခံရခက်လှသော်လည်း မိမိကိုယ်ကိုချုပ်တည်းကာ ဣန္ဒြေရရပင် ငြိမ်သက်စွာရပ်နေ၏။

"ကဲ အဒေါ်ကြီး ခင်ဗျားကို သက်သေခံပစ္စည်းနဲ့မိနေပြီ။ ဘာများပြောချင်သေးသလဲ" ဟု ရာဇဝတ်အုပ်က မေးလာ၏။

"မောင်ရင်တို့ ဥပဒေအတိုင်းပေါ့ကွယ်။ အမေကြီးကဘာမှပြောစရာမရှိပါဘူး" ဟု အမေကခပ်အေးအေးပဲ ဖြေ၏။

"အဒေါ်ကြီး ဒုက္ခမဖြစ်ချင်ရင် ကျုပ်မေးတာ မှန်မှန်ပြောမလား"

အမေသည် ပြန်၍အဖြေမပေးလိုက်ချေ။

"ကျုပ်မေးနေတာကြားသလား အဒေါ်ကြီး"

"ကြားတာပဲ မောင်ရင်ရဲ့"

"ဒါဖြင့်ကျုပ်မေးတာ ပြောစမ်းပါ"

"ပြောဖို့ကခက်သားကလားကွယ်" လူတစ်ယောက်အတွက် အဆိပ်ဟာ နောက်လူတစ်ယောက်ရဲ့ အာဟာရဖြစ်တတ်တာမျိုးပဲ။

"ခင်ဗျားကို ဒီလိုမေးမရရင် ရတဲ့နည်းနဲ့ မေးရသေးတာပေါ့လေ။ ကဲ အချိန်သိပ်မရှိဘူး။ ကားပေါ်ကိုသာတက်ပါ"ဟု ရာဇဝတ်အုပ်က ခပ်ထန်ထန်ပြောဆို၍ အမေအား ကားနက်ကြီးပေါ်သို့ အတက်ခိုင်းနေ၏။

အမေသည် နောက်ထပ်၍ဘာမျှပြောဆိုမနေတော့ဘဲ မိမိအားဖမ်းဆီးထားပြီးဖြစ်သော ရာဇဝတ်အုပ်၏အမိန့်အတိုင်း ကားပေါ်သို့ခပ်မှန်မှန်ပင်တက်၍ ထိုင်လိုက်လေ၏။

ကားနက်ကြီးသည် ပြည်သူလူထုကြီးအတွက် အလွန်တရာကြောက်မက်ဖွယ်ဆိုးသွမ်းသောင်းကျန်းလှသော လူဆိုးကြီးတစ်ဦးအား လက်ရဖမ်းဆီးခဲ့သောဟန်ဖြင့် ဝူးခနဲစက်နှိုးကာ တရှိန်ထိုးထွက်၍သွားလေသည်။

ကားနက်ကြီးသည် အမေ့အားအဘယ်အရပ်သို့ ခေါ်ဆောင်၍သွားနေသည်ကို မျက်လုံးသူငယ်နှင့် လိုက်ပါသွားရရှာသော အမေကတော့ မသိရှာပေ။ သုဘရာဇာကားကဲ့သို့ မဲနက်နေသောကားကြီးသည် အမေ့အားသုသာန်ဆီသို့များ ခေါ်ဆောင်၍သွားနေလေပြီလော။

ကားနက်ကြီးသည် လမ်းပေါင်းများစွာကို ဖြတ်သန်းကျော်လွန်လာပြီးသည့်နောက် အမေမသိသော ဂိတ်တဲတစ်ခုထဲသို့ ကွေ့ဝင်၍သွားကာ အတွင်းသို့ရောက်သောအခါ ရပ်လိုက်လေ၏။

ကား၏စက်သံရပ်သွားသည်နှင့် ရာဇဝတ်အုပ်၏အမိန့်ကို အမေသည်ရှေးဦးစွာကြားရ၏။

**မြန်မာ့စာအုပ်တိုက်**

"အဒေါ်ကြီးကို ခါတိုင်းနေရာသို့ ခေါ်သွားကြဟေ့" ထိုအမိန့်သည် ငယ်သား ကိုပေးသော အမိန့်ဖြစ်၍ တရားခံအဖြစ်သို့ကျရောက်နေရပြီဖြစ်သော အမေ့ကိုပေးရ သောအမိန့်မှာကား "ကျုပ်မေးတာကိုမှန်မှန်ပြောရင်ပြော၊ မပြောရင်အဒေါ်ကြီးသေဖို့သာ ပြင်ပေတော့"ဟူ၍ပင် ဖြစ်လေသတည်း။

(စ)

***ဤအခန်းကို အခါအခွင့်မသင့်ဟု ယူဆသဖြင့် ချန်လှပ်ထားခဲ့ရသည်။ ထုတ်ဝေသူ**

(ဆ)

အမေသည် သတိလစ်သွားခဲ့သည့်အချိန်မှစ၍ အဘယ်မျှကြာမြင့်သည့်တိုင် အောင် အသက်မရှိတော့သကဲ့သို့ ပက်လက်ကြီးသတိမေ့လျော့နေသည်ကို သတိပြန် မရမိပေ။ အနည်းငယ် အမေသတိရစပြုသောအခါ၌လည်း အမေ၏နှာခေါင်းနှင့် ပါးစပ် ထဲမှ ရေအန်နေသေး၏။

ပြန်၍သတိရစပြုနေသည့် အချိန်၌မှာပင် အမေသည် အသက်ကိုမှန်မှန်ရှူ၍ မရသေး။ အလွန်တရာမောပန်း၍ မှိန်နေသေး၏။ အမေ၏ဗိုက်ထဲ၌လည်း ရေတွေတော် တော်ကျန်နေသေးပုံရ၏။

" မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရားတပည့်တော်မကို ကယ်တော် မူပါ "

အမေသည် သတိစ၍ ရလျှင်ရချင်း အမေအားထားရာ မြတ်ရှင်တော်အား တသ တောင်းပန်နေရှာ၏။ သို့ရာတွင် အမေအားထားသော မြတ်ရှင်တော်အား လက်ရှိခေတ် ၏ စိုးမိုးနေသောလူတန်းစားများက အမျိုးမျိုးမျက်လှည့်ပြ၍ ရောင်းစားဖောက်ကားနေ ကြပြီဖြစ်ရကား အမေ၏နာကျင်ရခြင်း လျှောင်ချိုင့်အတွင်းမှ တောင်းဆုသံကို သုံးလူ တို့၏နတ်သည် ကြားနိုင်ဟန်မရှိတော့။ ပဉ္စမသင်္ဂါယနာတင်ခဲ့သော ဘဝရှင်ဟု ရာဇဝင် ဆရာများ ချီးကျူးကြသည့် မင်းတုန်းဘုရင်လက်ထက်က ရေနံအလောင်းခံရသဖြင့် အနိုင်ရှုံး၍ ခံတော်မူခဲ့ရသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သည်းခံ လက်စနှင့် ဆက်လက်၍ယခုခေတ်၌လည်း ရှုံ့ကာငုံ့ခံနေတော်မူဟန်ရှိပေ၏။

---

*ထိုအခန်းသည် ၁၉၅၃ခုနှစ်တွင် ဒုတိယအကြိမ် စာအုပ်ထုတ်ဝေစဉ်ကတည်းက ပင် ယခင်ထုတ်ဝေသူက ချန်လှပ်ထားခဲ့သည့် အခန်းဖြစ်သည်။

"ဘုရားကိုးကွယ်ပါ၏၊ တရားကိုးကွယ်ပါ၏" အမေသည် အခံရကျပ်လွန်း၍ ညည်းတွားနေရှာ၏။ သည်အခိုက် သန်းခေါင်ကျော်၍ နာရီပြန်တစ်ချက်တီးသော သံချောင်းသံကိုကြားရ၏။

အမေသည် သတိမေ့ကာ ပက်လက်ဖြစ်နေရာမှ ကုန်ခန်းနေသော အားကလေး အားဖျစ်ညှစ်၍ ထုတ်ယူရင်း ထထိုင်ရန် ကြိုးစားလေသည်။ သို့ရာတွင် အမေသည် ထိုင်နိုင်ဖို့ရန် တစ်ဝက်သာရောက်၍ ပြန်၍ပက်လက်ကျသွားပြန်၏။

အသက်ကလည်းကြီး၊ ပင်ပန်းကလည်းပင်ပန်းထားသော အမေ့အား အကြင်နာ ကင်းမဲ့စွာ ရေလောင်း၍ တစ်နာရီခန့်မျှ စစ်ဆေးခဲ့သဖြင့် အမေသည်အဘယ်သို့များ ခံနိုင်ပါဦးမည်နည်း။ အသက်အရွယ်နှင့်မမျှသော ညှဉ်းပန်းကြသည့်ဒဏ်အား အမေ သည် အံကိုခဲ၍ခံရင်း ဘာမျှမသိဟုသာ တစ်ခွန်းတည်းသောစကားကို ပြောလေ၏။ ထိုသို့ ၎င်းတို့သိမြင်ကြားမြင်ကြသောအဖြေကို အမေ့ထံမှမရသောကြောင့် အဘွားကြီး အိုအား ငရဲသားများကဲ့သို့ ညှဉ်းပန်းကြလေ၏။

အမေ့အား ၎င်းတို့ရေလောင်း၍ညှဉ်းသဖြင့် သတိလစ်သလောက်ရှိသောအခါ ၌ ဖျာကြမ်းကလေးတစ်ခုသာရှိသော အခန်းကျဉ်းကလေးတစ်ခုတွင်းကို ဆွဲသွင်းပစ် ထားခဲ့ပြီးနောက် အပြင်မှသံတံခါးကို သော့ပိတ်ကာထွက်သွားကြခြင်းဖြစ်လေသည်။

အမေသည် စောစောကတစ်ခါလဲကျသွားရာမှ အတန်ကြာမျှအားယူ၍ထိုင်ရန် ကြိုးစားခြင်းပြုပြန်လေ၏။ အမေသည်မောပန်း၍ အားကုန်နေသော်လည်း ဖွဲကောင်း ကောင်းနှင့် ထိုင်ရန်ကြိုးစားခြင်းသည် ခုတစ်ခါတွင် အောင်မြင်၍ သွားလေ၏။

ထိုင်မိသောအခါ ရေများသည် ပါးစပ်ထဲမှရော၊ နှာခေါင်းထဲမှရော ထွက်လာကြ ပြန်လေ၏။

အမေသည် မရှူနိုင်၊ မရှိုက်နိုင်ဖြစ်သွားရပေ၏။

အမေ့အား ချုပ်နှောင်ထားသောအခန်းမှာ ကျဉ်းမြောင်း၍ညစ်ပတ်ပေရေလှ၏။ လျှပ်စစ်ဓာတ်အားဖြင့် ထွန်းညှိထားသော ဖယောင်းတိုင်ခြောက်ဆယ်အား မီးလုံးတစ် လုံးရှိ၍ သောက်ရေအိုး၊ နို့ဆီခွက်အလွတ်တစ်ခု ထားရှိပေးလေသည်။ အပေါ့အလေး သွားရန်လည်း ရေနံဆီသံပုံးတစ်ပိုင်းပြတ် တစ်ခုကိုတော့ အခန်း၏ထောင့်၌ ထားရှိ လေ၏။

အမေသည် ၎င်းနေရသော အခန်းကိုစေ့စေ့စပ်စပ်ကြည့်ပြီးနောက် မနက်ဖြန်ခါ ဗန္ဓုပန်းခြံ၌ပြုလုပ်မည့် လူထုစည်းဝေးပွဲကို ရုတ်တရက်ပြန်၍ သတိရလေ၏။ လူထု စည်းဝေးပွဲကို သတိရလာသဖြင့် စောစောကမောပန်းနာကျင်ခဲ့ရခြင်းများနှင့် မိမိအား ချုပ်နှောင်ထားသော အခန်းကိုပါမေ့လျော့သလိုရှိသွား၏။

မနက်ဖြန် ဗန္ဓုလပန်းခြံလူထုကန့်ကွက်ပွဲကြီးအား မိမိသည် ပါဝင်တက်ရောက်ခြင်းမပြုနိုင်သောဘဝကို စဉ်းစားမိလာသဖြင့် အမေ၏မျက်နှာသည် ညှိုးငယ်၍သွားလေသည်။ သို့ရာတွင် အမေသည်မိမိစိတ်ကို ပြန်၍တားထားလိုက်နိုင်၏။ မိမိတစ်ယောက်မတက်ရုံမျှနှင့် ထိုလူထုစည်းဝေးပွဲကြီးသည် ဘာမျှဖြစ်သွားမည်မဟုတ်ပေ။ ထိုပြည်သူ့အာဏာပြပွဲကြီး ချောမောစွာအောင်မြင်သွားခြင်းသည်သာ အဓိကအရေးဖြစ်လေသည်။

ပြည်သူတို့၏အာဏာကို လုယူ၍အလွဲသုံးစားပြုကာ ပြည်သူတို့အား ခြိမ်းခြောက်ညှဉ်းပန်းနေခြင်းအား ယခုအခါ၌ ပြည်သူတို့က အာဏာပြကြတော့မည်။ ကန့်ကွက်ဆန္ဒပြကြပေတော့မည်။ ပြည်သူတို့က တောင်းဆိုသမှုများ ပြုလုပ်လာကြပေတော့မည်။

အမေသည် ထိုပြည်သူ့အာဏာပြပွဲကြီး၏ အောင်မြင်ရေး၌ တစ်စိတ်တစ်ဒေသမှ ပါဝင်လုပ်ဆောင်ခဲ့ရသဖြင့် ထိုဗန္ဓုလပန်းခြံ၌ မနက်ဖြန်တွင်ပြုလုပ်မည့် ပြည်သူ့အာဏာပြပွဲအကြောင်းကို ဆက်လက်၍စဉ်းစားကြည့်နေမိလေ၏။

အမျိုးမျိုးသော ချုပ်ချယ်နှိပ်ကွပ်မှုများနှင့် မှိုင်းလုံးကြီးများအကြားမှ အမှန်ကို သိရှိလာကြပြီဖြစ်သော ပြည်သူတို့က ၎င်းတို့၏သားကောင်းကြီးချစ်ဦးအား ကြိုးတိုက်တွင်းမှလွှတ်ပေးရန် တောင်းဆိုကြပေတော့မည်ဖြစ်ပေ၏။

"ပြည်သူ့သားကောင်းကြီးချစ်ဦးအား ကြိုးစင်ထက်မှ ကယ်တင်ကြလော့" ဟူသော တစ်ခဲနက်ကြွေးကြော်သံများကို အမေသည်ကြားယောင်လာ၏။ အလုပ်သမားကျောင်းသားနှင့် ဒီမိုကရေစီအဖွဲ့အစည်းများ၏ မြင့်မားစွာလွှင့်ထူထားသော အလံတော်များကို အမေသည်မြင်ယောင်လာ။

အမေသည် ယခုအချိန်အခါ၌ အချုပ်ခန်းအတွင်း၌ ညှဉ်းပန်းချုပ်နှောင်ခြင်းကို ခံနေရသော်ငြားလည်း ၎င်း၏စိတ်သည် မနက်ဖြန်ဗန္ဓုလပန်းခြံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော လူထုစည်းဝေးပွဲ၌ ရှေ့ပြေးရောက်ရှိနေ၏။

အမေသည် မျက်လုံးကိုမှေး၍ ထားလိုက်သည်။

ဗန္ဓုလပန်းခြံ လူထုအစည်းအဝေးပွဲ၌ အမေသည်ရောက်ရှိသွားပေပြီ။ ဧရာမလူထုကြီးသည် စည်းကမ်းသေဝပ်စွာ မိမိတို့သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အလံတော်အောက်၌ အသီးသီးရှိနေကြလေ၏။ သူတို့အားလုံး၏ မျက်နှာသည်တစ်ခု တည်းသော ဆန္ဒကိုသာ ဖော်ပြလျက်ရှိကြ၏။

သူတို့အဖွဲ့အစည်းအသီးသီးနှင့် လူမျိုးစုအဖွဲ့အစည်းအသီးသီးတို့ကလည်း မိမိတို့၏အလံတော်များအပြင် ကြွေးကြော်သံစာတမ်းကြီးများကိုလည်း ဝင့်ဝင့်ကြွားကြွားလွှင့်ထူ၍ ကိုင်ဆောင်ထားကြလေသည်။

အမေသည် အားရရွှင်မြူးစွာ ထိုလွှင့်ထူထားသော ကြွေးကြော်သံစာတမ်းများကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ လျှောက်၍ လိုက်လံကြည့်ရှုကာ ဖတ်ရှုလေ့လာမိ၏။

လူထုအဖွဲ့အစည်းများအားလုံးနှင့် လူမျိုးစုအဖွဲ့အစည်းများအားလုံးတို့၌ မိမိတို့သက်ဆိုင်ရာဆန္ဒပြတောင်းဆိုချက်များ၌ အခြေအနေအရမတူညီကြသော်လည်း တစ်စုံတစ်ခု၌မူကား အားလုံးတစ်စိတ်တစ်ဝမ်းတည်း၊ တစ်သဘောတည်း တောင်းဆိုကြသည်ကို အမေကတွေ့ရှိရလေသည်။ ထိုတူညီမှုသည်ကား " ပြည်သူ့သားကောင်းကြီးချစ်ဦးအား မတရားမသတ်နဲ့၊ လွှတ်လော့ " ဟူသောအချက်ပင် ဖြစ်၏။

အလုပ်သမားအဖွဲ့အစည်းများသည် "အလုပ်သမားများတို့ ညီညွတ်ကြလော့" ဟူသော ကြွေးကြော်သံကိုလွှင့်ထူကြ၍ ကျောင်းသားသမဂ္ဂများက ကျောင်းသားများ ညီညွတ်၍ ဒီမိုကရေစီပညာရေးကို တောင်းဆိုကြလော့ ဟူ၍လှုံ့ဆော်ထားကြ၏။ ကုန်သည်၊ ပွဲစား၊ စာရေး၊ ဈေးသည်များနှင့် အမျိုးသမီးတို့သည် "တစ်မျိုးသားလုံး ညီညွတ်စွာဖြင့် ငြိမ်းချမ်းရေးကိုအရယူလော့ "ဟူသော တောင်းဆိုချက်ကို ပြလာကြ၏။ လူမျိုးစုအဖွဲ့အစည်းတို့ကလည်း ၎င်းတို့၏ငြင်းပယ်ထားသော " ပြည်နယ်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုပေးလော့ " ဟူ၍ တညီတညွတ်တည်းပင် တောင်းဆိုကြလေ၏။ နောက်ဆုံးပြည်သူတို့ ကိုယ်စားပြုသော နိုင်ငံရေးပါတီများက "တတိယကမ္ဘာစစ်ကြီးကို အချိန်မီတားဆီးနိုင်ရေးအတွက် ပြည်တွင်းစစ်ကိုရပ်စဲ၍ ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရဖွဲ့လော့ "ဟူသော တောင်းဆိုချက်ကို ပြလာကြ၏။

အမှန်စင်စစ် အမေသည် ဗန္ဓုလပန်းခြံ လူထုစည်းဝေးပွဲကြီးသို့ တကယ်မရောက်ရှိပေ။ လူထုစည်းအဝေးပွဲသည် မနက်ဖြန်မှကျင်းပမည်ဖြစ်၍ အမေမှာမူကား အချုပ်ခန်းထဲ၌ အညှဉ်းပန်းခံနေရသော သားကောင်ဘဝ၌ ကျရောက်နေရခြင်းဖြစ်၏။ ယခုကဲ့သို့ သားကောင်ဘဝ၌ ကျရောက်ညှဉ်းပန်းခြင်းခံနေရသော အမေသည် မနက်ဖြန်လူထုစည်းဝေးပွဲသို့ တက်ရောက်ခွင့်မရှိပေ။

စိတ်ကူး၌သာထင်မြင်၍ရသော လူထုစည်းဝေးပွဲကြီးသို့ အဘယ်သို့မျှတက်ရောက်ခွင့်မရှိတော့သော မိမိ၏လောလောဆယ်ဆယ် ကျရောက်ဖြစ်ရှိနေသော ဘဝကို အမေသည်သတိရစဉ်းစားမိလာသောအခါ ဝမ်းနည်းပက်လက်ဖြစ်နေရှာပေ၏။ အမေ့သားနှင့် သူရဲကောင်းချစ်ဦးအတွက် ဆန္ဒပြကန့်ကွက်ကြသော စည်းဝေးပွဲသို့တက်ရောက်ခွင့်မရသော အမေ့အဖြစ်မှာအဘယ်မျှ အသည်းနာစရာကောင်းပါသနည်း။ အဘယ်မျှ ရင်နာစရာလည်းကောင်းလိုက်ပါသနည်း။

အမေသည် မိမိကျရောက်နေရသော အချုပ်ခန်းထဲမှ သားကောင်ဘဝသို့ တွေ့ထိစပြုလာသည်နှင့် နာကျင်ခြင်းသည် ရိုးတွင်းခြင်ဆီထဲမှ ၎တ်လျှိုးနေရာမှ လူးလွန့်လှုပ်ရှားလာ၏။ ရင်ထဲအသည်းထဲကပွက်လာ၏။

အမေသည် မခံမရပ်နိုင်အောင် ဖြစ်လာသောကြောင့် ထိုင်၍နေရာမှ ပက်လက်အသာလှဲကာ နေလိုက်ရလေ၏။ ပက်လက်လှဲလိုက်သောအခါ၌ ဗိုက်ထဲ၌မကုန်သေးသောရေများသည် ပြန်၍အန်ထွက်လာသောကြောင့် မောဆို့၍သွားရပြန်၏။

ကျဉ်းမြောင်းညစ်ပေလှသော အချုပ်ခန်းကလေးထဲတွင် ဖျာကြမ်းကလေးပေါ်၌ အမေသည်မောပန်းနာကျင်စွာ ပက်လက်မှိန်း၍နေရရင်း မိမိ၏ဘဝ၌တစ်လျှောက်လုံး ကြားခဲ့ရသောအကြောင်းအရာများနှင့် ငိုယိုပင်ပန်းခဲ့ရသော အဖြစ်အပျက်များကို တစ်ခုပြီးတစ်ခု အစီအရီပြန်၍သတိရစဉ်းစားမိလာလေ၏။

လူမှန်းသူမှန်းသိတတ်လာခဲ့သော အသက်အရွယ်မှစ၍ လူ့ဘဝဆိုသည်မှာ အမေ့အတွက်သာယာပျော်မွေ့စရာဟူ၍ကား ဝေးလေစွ။ သက်သာခံသာသော အကွက်ကလေးများပင် တစ်ကွက်တလေမျှ မရှိခဲ့ရပါကလား။

လူ့ဘဝဆိုသည်မှာ အင်မတန်ရခဲ့သည်ဟု အမေ့မှာပြောသံသာကြားဖူးခဲ့ရသည်။ အမေနေထိုင်လာခဲ့ရသော လူ့ဘဝဆိုသည်မှာ တိရစ္ဆာန်တစ်ကောင်၏ဘဝထက် ဘာမျှလည်း ထူးခြားကောင်းမွန်ခြင်းကိုကား မတွေ့ခဲ့မိ။ သက်သာခံသာခြင်းလည်းမရှိခဲ့။ ဘယ်မှာလဲဒုလ္လဘ။

ရာစုနှစ်၏ တစ်ဝက်ကျော်မျှ အမေနေထိုင်လာခဲ့ပြီးသော လူ့ဘဝသည်ကား ဆာလောင်ငတ်မွတ်၍ ချို့တဲ့ရခြင်းများနှင့် ပင်ပန်းနာကျင်ရခြင်းများဖြင့်သာ သံသရာလည်၍နေ၏။ အညှဉ်းပန်းခံနေခဲ့ရခြင်းများနှင့် စိုးရွံ့ထိတ်လန့်နေခဲ့ရခြင်းများဖြင့်တို့သာ ချာချာလည်၍နေ၏။

လူ့ဘဝဆိုသည်မှာ "စား၊ ဝတ်၊ နေရေး"အတွက် အလုပ်လုပ်ရခြင်းကို အမေကကျေကျေနပ်နပ်လက်ခံခဲ့၏။ သို့ရာတွင် အလုပ်ကိုနေထွက်မှနေဝင်အထိ ပင်ပန်းကြီးစွာလုပ်ကိုင်ခဲ့ရသည်၏ အကြား၌မှာပင် ဆာလောင်ငတ်မွတ်၍ ချို့တဲ့နေရခြင်းများသည် အမေ့ဘဝမှထွက်ခွာသွားခြင်း မရှိခဲ့ပေ။ ထိုသို့ငတ်မွတ်ချို့တဲ့နေရသည့် အကြား၌လည်း အညှဉ်းပန်းအနှိပ်စက်ကိုနာကျင်စွာခံလိုက်ရသေး၏။ ထိုသို့အသက်ရှင်လာခဲ့ရသော အမေ၏ဘဝမှာ တိရစ္ဆာန်တစ်ကောင်၏ဘဝထက် ဘာများကောင်းမွန်နိုင်ပါသေးသနည်း။

တိရစ္ဆာန်တစ်ကောင်ထက် များစွာထူးခြားခြင်း၊ သက်သာကောင်းမွန်ခြင်း မရှိလှသော လူ့ဘဝဖြင့် အမေသည် ရာစုနှစ်၏တစ်ဝက်ကျော်မျှ နေထိုင်ရုန်းကန်လာခဲ့ရပြီးနောက် ထိုဘဝဆိုးမှ လွတ်မြောက်ရေးအတွက် လမ်းစကိုတွေ့ရှိကာ ထိုလမ်းစအတိုင်း လျှောက်လိုက်လာခဲ့ရင်း ယခုကဲ့သို့သားကောင်အဖြစ် ကျရောက်လာခဲ့ရသော အဖြစ်အပျက်များကို အမေသည်စဉ်းစားကြည့်မိလေ၏။

ထိုကဲ့သို့ မိမိကျရောက်နေရသော သားကောင်အဖြစ်ကို စဉ်းစားရင်း အမေနှင့် တစ်ချိန်တည်းမှာပင် သားကောင်အဖြစ်ကြိုးတိုက်ထဲ၌ ကျရောက်နေရသောသားဖြစ်သူ ချစ်ဦး၏ဘဝကို ဆက်စပ်၍စဉ်းစားလာမိ၏။ သားချစ်ဦး၏ဘဝကို စဉ်းစားလာမိသောအခါ၌ အမေသည် ရန်သူအကျဉ်းထောင်ထဲ၌ သားမယားတို့မျက်ကွယ်ရာတွင် သေဆုံးသွားခဲ့ရသော ချစ်လင်၏ဘဝကိုပါ ဆက်လက်၍မစဉ်းစားဘဲမနေနိုင်အောင် ရှိလာ၏။

အမေ၏ချစ်လင်နှင့်ချစ်သားတို့သည် ယခုအမေကျရောက်နေရသော သားကောင်အဖြစ်ကဲ့သို့ ကျရောက်ခဲ့ပြီးသူများနှင့် ကျရောက်နေဆဲသူများသာဖြစ်ကြ၏။ ထိုသားအဖသည် သူတို့တစ်အိုးတစ်အိမ်၏ သက်သာချောင်ချိရေးနှင့် ကောင်းစားချမ်းသာရေးအတွက်၊ အရိုက်အနှက်အညှဉ်းပန်းခံခဲ့ကြရသော သားကောင်များမဟုတ်ကြပေ။ လူအများစု၏ သက်သာချောင်ချိရေးနှင့် ကောင်းစားချမ်းသာရေးအတွက် အညှဉ်းပန်းအနှိပ်စက်ခံခဲ့ကြရသော လူသားများသာဖြစ်ကြ၏။ သည်အချက်ကို အမေ့ထက် အဘယ်သူသည် ပိုမို၍သိနိုင်ပါဦးမည်နည်း။

အမေ့ချစ်လင်သည် မိစွန့်ဖစွန့်ကို ခံခဲ့ရပြီးသည့်နောက် သားကွဲမယားကွဲနှင့် လူအများ၏ကောင်းကျိုးချမ်းသာနှင့် လွတ်မြောက်ရေးအတွက် တိုက်ခိုက်ရင်း၊ ရန်သူ၏သုံ့ပန်းဘဝ၌ သေဆုံးသွားခဲ့ရ၏။ သူ၏အလောင်းကိုပင် သူ၏အရင်းနှီးဆုံး ဆွေမျိုးဖြစ်သည့် သားနှင့်မယားတို့လည်း မတွေ့မမြင်လိုက်ကြရချေ။ ဝေးလံသော တစ်တိုင်းတစ်ပြည်၌ သူ၏အရိုးသည်ပင် ဆွေးမြည့်နေလောက်ပေပြီ။

အမေ့ချစ်သားသည်လည်း သူ၏ဖခင်ကဲ့သို့ မုဆိုးမအမေအိုကိုပင် ခွဲခွာ၍ အများ၏ကောင်းကျိုးချမ်းသာနှင့် လွတ်မြောက်ရေးအတွက် ထမ်းဆောင်လုပ်ကိုင်ရင်း ကြိုးစင်ထက်၌ အသတ်ခံရလုလုဆဲဆဲ သားကောင်အဖြစ်သို့ ကျရောက်နေ၏။

အမေသည် လင်သားတို့၏ ဘဝများကိုတွေးရင်း မိမိ၏ဘဝကိုပြန်၍တွေးမိ၏။ ဆက်စပ်၍ကြည့်မိ၏။ ညဥ့်သည် အိုမင်းလျက်ရှိနေ၏။

အမေကတော့ တခြားဘာကိုမျှ သတိမရ။ စဉ်းလည်းမစဉ်းစားမိ။ မိမိ၏ဘဝနှင့် လင်သားဖြစ်သူတို့၏ အသီးသီးသောဘဝများကိုသာ ဆက်စပ်စဉ်းစားနေမိ၏။ တို့ဘဝများသည် တစ်ခုနှင့်တစ်ခု ခွဲခွာ၍လည်းမရ၊ တို့သုံးဦးစလုံး၏ အသီးသီးသော ဘဝများသည်လည်း တစ်ခုကိုတစ်ခုက ထောက်ပံ့၍အမှီသဟဲပြုနေကြပေ၏။ တစ်ခုသာမရှိခဲ့လျှင် ကျန်နှစ်ခုသည် ရှိနိုင်မည်မဟုတ်။ ထိုသုံးခုသည် တစ်ခုတည်းကဲ့သို့သာရှိနေ၏။ ထိုလူသားသုံးဦးတို့၏ ဘဝများသည် တစ်ခုတည်းသောဘဝကဲ့သို့သာ ဖြစ်နေ၏။

ထိုကဲ့သို့စဉ်းစားတွေးတောနေရခြင်း၌ အမေသည် နာကျင်ရခြင်းများကို မေ့လျော့၍သက်သာခြင်းကိုတွေ့ရှိ၏။

အမေသည် မိမိလောလောဆယ် ကျရောက်နေရသောဘဝမှ သားဖြစ်သူ၏ ဘဝသို့ဆက်စပ်သွားပြီးလျှင် သားမှတစ်ဆင့် ထိုသူ၏ဖခင်ဖြစ်သော မိခင်၏ချစ်လင်ဘဝအကြောင်းသို့ တစ်ဆင့်စဉ်းစားကူးစက်လာခြင်းဖြစ်လေ၏။

အမေကချစ်လင်အား သူ၏နာမည်ရင်းအတိုင်း "ကိုရင်"ဟူ၍ ခေါ်လေ့ရှိသကဲ့သို့ အမေ့ချစ်လင် ကိုရင်မောင်ကလည်း အမေ၏နာမည်ရင်းဖြစ်သော မငြိမ်းအား မကိုဖြုတ်၍ " ငြိမ်း"ဟူ၍ ချစ်မြတ်နိုးစွာခေါ်တတ်လေ၏။

လွန်ခဲ့ပြီးသော အနှစ် ၂၀ ကျော်ခန့်က တက္ကသိုလ်သပိတ်မှောက် ကျောင်းသားကိုရင်မောင်နှင့် လယ်သမားမိဘနှစ်ပါးသေဆုံး၍ ခိုကိုးရာကင်းမဲ့နေသူကလေး ငြိမ်းတို့၏ အဖြစ်အပျက်ကို အမေကပြန်၍ စဉ်းစားလျှင် ဗဟန်းရပ်ကွက်ကိုအခြေပြု၍ စဉ်းစားမှပြန်၍ရုပ်လုံးပေါ်နိုင်မည်ဖြစ်သကဲ့သို့ ထိုဗဟန်းရပ်ကွက်အား တိတိကျကျရုပ်လုံးပေါ်လာနိုင်ရန်မှာ ၁၉၂၀ ခုနှစ် တက္ကသိုလ်သပိတ်ကြီးမမှောက်မီနှင့် ငြိမ်း ဗဟန်းသို့မရောက်မီ အချိန်ကာလများကိုလည်း အမေကပြန်၍စဉ်းစားရပေလိမ့်မည်။

ဗဟန်းဘက်တွင် နေထိုင်ကြသော မြေပိုင်ရှင်အိမ်သို့ ငြိမ်းလာပြီးကျွန်မခံရမီ ငြိမ်း၏မိဘများနှင့်အတူ ကွမ်းခြံကုန်းဘက်တွင် လယ်လုပ်ကိုင်ရင်း ဝတ်ဝတ်ပြတ်ပြတ်နေထိုင်ခဲ့ရသော ငြိမ်း မှတ်မိသလောက် အရွယ်မှစ၍ အမေက ပြန်လည်စဉ်းစားရပေလိမ့်ဦးမည်။

ညည်းအဖြစ်ဟာ အသည်းနာစရာကောင်းလှပကလား " ငြိမ်း" ရယ်။

အမေသည် ငြိမ်း၏ဘဝကို စ၍စဉ်းစားမိလျှင် ညည်းတွားရခြင်းဖြင့်ပင် ခံနေရရှာ၏။

# တောရွာနှင့် မြို့တော်

(က)

မိုးဦးကျမှစ၍ ရွံ့နွံဗွက်ထဲဝယ် နေမထွက်မီက နေဝင်မိုးချုပ်သွားသည်အထိ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် နင်လားငါလား ပခုံးချင်းယှဉ်ကာ အသက်ထွက်လုမတတ်၊ လူသားသည် ရုန်းကန်ထွန်ယက် လုပ်ကိုင်ခဲ့သောကြောင့် ရှုမျှော်၍မဆုံးနိုင်သော လယ်တောသည်လည်း ရွှေရောင်ဝင်းလာပေပြီ။ လယ်ကန်သင်းဘေးမှ လှမ်း၍မျှော်ကာသာ ကြည့်လိုက်လျှင် ရွှေရောင်ဝင်းနေသောလယ်ကွင်းကို အားရကြည်နူးဖွယ် တွေ့မြင်ရလိမ့်မည် ဖြစ်ပေသည်။ လူသားသည် မိမိ၏ကြိုးပမ်းလုပ်ကိုင်ခဲ့ရခြင်းမှ ပွင့်ဖူးလာသော သည်အသီးအားအဘယ်မျှ အားရဝမ်းသာစွာကြည့်လိုမြင်လိုပါမည်နည်း။

သို့ရာတွင် ငြိမ်းတစ်ယောက်တော့ ငိုနေ၏။ လယ်ကန်သင်းဘေးရှိ သပြေပင်ရင်းဝယ် ခြေပစ်ထိုင်ကာ ရှိုက်ကြီးတငင်နှင့် ဝမ်းနည်းပက်လက်ငိုနေ၏။

တစ်ဖက်တောအစပ်ဆီက ဖော်ကွဲနေသောချိုးတစ်ကောင်သည် ချွဲချွဲပြစ်ပြစ်ကူနေ၏။

ခုလို တိမ်တွေတောက်နေသော နေဝင်ချိန်ဝယ် ချိုးကူသံမှာ ခါတိုင်းဆိုလျှင် ငြိမ်းအတွက် ကြည်နူးချမ်းမြေ့စရာ ဖြစ်သော်လည်း ထိုနေ့ညနေစောင်း၌ ငြိမ်းသည် ဖော်ကွဲနေရှာသော ချိုးငှက်၏လွမ်းဆွတ်ဖွယ်ကူသံအား နားကန်းနေပုံရလေသည်။ ငြိမ်း ခြေပစ်လက်ပစ်နှင့် စိတ်မောလူမောဖြစ်နေရသော သပြေပင်ထက်ဝယ် ချစ်နယ်ချဲ့နိုင်သော ငှက်ဖိုးခေါင် မောင်နှံစုံတို့၏ ခွန်းတွဲ့တွဲ့ချိုတေးသံတို့မှာလည်း ငြိမ်း တစ်ယောက်သည် မကြားမိတော့။

ဘာ့ကြောင့် ခုလောက်ဝမ်းနည်းပန်းနည်းနှင့် တစ်ယောက်တည်းငိုနေရပါလိမ့် ငြိမ်းရယ်။

အမေသည် မှတ်မိသလောက်အား ပြန်လှန်စဉ်းစားလိုက်သောအခါဝယ် ဆံရစ်ဝိုင်း ကလေးနှင့် အသက် ၁၃ နှစ်သမီးခန့်မျှသာ ရှိသေးသော ငြိမ်း၏ ရှိုက်ကာငင်ကာနှင့် ဝမ်းနည်းပက်လက်ငို၍ နေခဲ့ရခြင်းများမှစ၍ ခပ်ရေးရေးသတိရလာ၏။

လူမှန်းသူမှန်း သိတတ်လာသောအချိန်အရွယ်မှစ၍ မိဘများနှင့် တစ်ကြိမ်တစ် ခါမှ၊ တစ်ရက်တလေမှပင် ခွဲခွာ၍မအိပ်မနေခဲ့ဖူးသော ငြိမ်းသည် ယခုအခါဝယ် မိဘ များနှင့် သည်အရပ်ဒေသကိုခွဲခွာ၍ မြို့ဦးသွားရောက်ကာ နေထိုင်ရမည့်အရေးအား ဝမ်းနည်းအားငယ်၍ မိမိတို့၏လယ်တဲနှင့်ဝေးရာ သည်သပြေပင်ရင်း၌ တစ်ယောက် တည်းလာရောက်ငိုယိုနေခြင်းသာဖြစ်လေ၏။ မိမိဘာသာတစ်ယောက်တည်း ဝမ်း နည်းအားငယ်၍ ငိုယိုနေခြင်းမှာ ငြိမ်းသည် ၎င်း၏မိဘများကိုလည်း အနည်းငယ်မျှ ပင် မသိစေချင်ပါ။ သိသွားမည်ကိုလည်း ငြိမ်းကအလွန်တရာစိုးရွံ့ ပူပန်မိလေသည်။ ထိုသို့ ငြိမ်း၏ငိုယိုနေခြင်းအဖြစ်ကို မိဘတို့မတော်တဆသိရှိသွားခဲ့လျှင်လည်း သူတို့ အဖို့တိုး၍သာ စိတ်မကောင်းဖြစ်ကြရန်သာ အကြောင်းရှိ၍ အကယ်ဆိုတော့လည်း ဘာမျှတတ်နိုင်ကြလိမ့်မည်ကား မဟုတ်ပေ။ ထို့ကြောင့် အသက်အရွယ်နှင့် မလိုက် အောင်သိတတ်၍ အားနာတတ်သောငြိမ်းသည် လူကြီးမိဘတို့၏ မျက်ကွယ်ရာ လယ် ကန်သင်းဘေး သပြေပင်ရင်း၌ မိမိဘာသာတစ်ယောက်တည်း တိတ်ဆိတ်လာရောက် ငိုနေရခြင်း၌မှာပင် သည်သိတတ်စအရွယ်ကစ၍ ငြိမ်းတစ်ယောက်မှာ အော်၍လည်း ငိုရ၏။ ကျိတ်၍များပင်လည်း ငိုခဲ့ရသေးတော့၏။ ငြိမ်းမှာ မသက်သာလှပါတကား။

လူသား၏လုပ်အားနှင့် စွမ်းပကားကြောင့် လယ်တောသည် ရွှေရောင်ဝင်းလျက် အားရကြည်နူးစရာကောင်းနေ၏။

ငြိမ်းသည်ငို၍နေရာမှ မိမိတို့၏မိသားဖသားသုံးယောက်တို့ နေပူပူမိုးရွာရွာ ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရသော လယ်တောအား တစ်ချက်တစ်ချက်တွင် လှမ်းမျှော် ၍ကြည့်မိ၏။

လေချိုဖြန်းလျက်ရှိသော နေညိုချမ်းဝယ် ကောက်ပင်တို့သည် တအိအိလှိုင်းထ နေကြလေသည်။ အိ၍အိ၍လှိုင်းထနေသော ကောက်ပင်များကို အမှတ်မထင်ငေးမော ၍ကြည့်နေရာမှ ငြိမ်း၏နားအကြည်ဓာတ်အတွင်းသို့ ဖော်ကွဲနေသည့်ချိုးမကို လှမ်း ဆွတ်စဖွယ်ဖိုသံပေး၍ ကူနေရှာသောချိုးဖို၏ တမ်းတသံသည် တငြိမ့်ငြိမ့်စီး၍ဝင်လာ လေသည်။

ငိုရလွန်း၍ မောနေသောငြိမ်းသည် ချိုးကူသံလာရာ တောစပ်ဆီသို့ လှမ်းမျှော် ၍ ကြည့်လိုက်မိပြန်၏။ နဖူးချုံထိပ်တွင်ချိုးဖိုတစ်ကောက်ထဲပါ ချွဲချွဲပျစ်ပျစ်ကူနေ၏။

သစ်ပင်ထက်မှ ချစ်နယ်ချဲ့နိုင်ကြသော မောင်နှံစုံတို့ကလည်း ခွန်းတွဲ့တွဲ့ချိုနေ တုန်းပင်ဖြစ်လေသည်။

သည်ပတ်ဝန်းကျင်က ငြိမ်း၏အတွင်းရှိ အကြည်ဓာတ်ကိုလှုံ့ဆော်လိုက်ပြန်၏။

သို့ရာတွင် ငိုခဲ့ပြီဖြစ်၍ မောနေသောကြောင့် မငိုချင်တော့။ သို့ရာတွင် ရင်ထဲမှာတော့ လှိုင်းပုတ်နေ၏။

"အမေတို့ အဖေတို့ရေ၊ ကျုပ်ဒီအရပ်ကိုခွဲပြီး တော်တို့ကလွှတ်ကြတဲ့မြို့ဆိုတဲ့အရပ်ကို မသွားချင်ဘူးတော့။ ပြီးတော့လဲ တော်တို့ကိုကျုပ်ခွဲလဲမခွဲနိုင်ပါဘူးတော့"

ရင်ထဲ၌ ပုတ်ခတ်နေရာမှ တက်လာသောအလုံးကို မျိုမချနိုင်တော့သဖြင့် ငြိမ်းသည် ဖွင့်ပေးလိုက်လေ၏။ ကျိတ်၍ငိုနေခြင်းထက်တော့ သက်သာခံသာသလိုကားရှိသွားပေသည်။

"တော်တို့က လုံမရယ်မြို့က လယ်ရှင်အိမ်မှာသာ သွားနေပါကွယ်။ လုံမသွားနေမှ အမေတို့အဖေတို့ကို လယ်ရှင်ကကျေနပ်ပြီး သူတို့လယ်ကိုဆက်ချမှာဆိုလို့ တော်တို့ရှေ့မှာပြောခဲ့ပေမယ့် ကျုပ်စိတ်ထဲမှာတော့ နည်းနည်းမှမကောင်းဘူးတော့"

ရင်ထဲ နှလုံးများထဲ၌ ကျိတ်ခဲမျိုသိပ်ထားခဲ့သမျှကို မိဘများအားသက်ညှာ၍ ငြိမ်းသည် သူတို့၏မျက်စိကွယ်ရာ သပြေပင်ရင်းမှာ တစ်ယောက်တည်းလာ၍ အန်ထုတ်နေရှာ၏။

ငြိမ်းသည် ၎င်းမွေးဖွား၍ ကြီးပြင်းလာခဲ့ရသော သည်အရပ်ဒေသနှင့် အမေတို့အဖေတို့အား တစ်ကြိမ်တစ်ခါကမျှ ခွဲခွာ၍ အခြားအရပ်တစ်ပါးသို့ သွားရောက်နေထိုင်ခဲ့ဖူးခြင်း မရှိခဲ့ပေ။ ၎င်းမွေးဖွား၍ ကြီးပြင်းနေထိုင်လာခဲ့ရသော သည်အရပ်ဒေသကို ငြိမ်းသည် အလွန်တရာမှခုံမင်ချစ်ခင်၏။ သည်အရပ်ဒေသတွင် ငြိမ်းတို့ကဲ့သို့ဆင်းရဲပင်ပန်းစွာလုပ်ကိုင်စားသောက်၍ နေထိုင်ကြသော တောင်သူတောင်သားဆင်းရဲသားများကိုလည်း ငြိမ်း အင်မတန်ခင်မင်နှစ်သက်၏။ ရိုးရိုးသားသားနှင့် ရင်းရင်းနှီးနှီးပေါင်းသင်းဝင်ထွက်နေကြသောကြောင့် ဆွေသားလိုဖြစ်နေ၏။ တစ်ယောက်မရှိလျှင် တစ်ယောက်ကမျှ၍ပေးလျက် တစ်ယောက် ဒုက္ခရောက်လျှင် တစ်ယောက်က ဝင်ရောက်ကူညီတတ်လေရာ ဆွေမျိုးရင်းချာလိုလည်းဖြစ်နေ၏။

သို့ရာတွင် ယခုအခါဝယ် ငြိမ်းသည် ပြောသံဆိုသံလောက်သာလျှင် ကြားဖူး၍ ၎င်းတစ်ခါတစ်ခေါက်မျှ မရောက်ဖူးသော မြို့သို့သွားရောက်နေထိုင်ရမည့်အရေးကို အလိုလိုကြောက်ရွံ့နေမိလေ၏။ မိဘရပ်ရွာတို့ကို ခွဲခွာ၍သွားရမည့်အတွက် ဝမ်းနည်းကြေကွဲရခြင်းများနှင့်သာ မပြီးဆုံးလိုက်သေးဘဲ မသိသောအရပ်ဒေသ၌ သူစိမ်းများအလယ်တွင်လည်း စွန့်စားနေထိုင်ရမည့် အလုပ်ဖြစ်လေသည်။ မိဘနှင့်ရပ်ရွာဒေသကိုအဘယ်မျှ ငြိမ်းသည်ခင်တွယ်စေကာမူလည်း ငြိမ်းသည် ထိုစွန့်စားရသောအလုပ်ကိုရင်မဆိုင်ဘဲနေ၍ကား မဖြစ်တော့ချေ။

နေညိုချမ်းဝယ် လေချိုကဖြန်းနေတုန်းပင် ဖြစ်လေသည်။

ကောက်ပင်တို့သည် တအိအိလှိုင်းထနေကြလေသည်။

ငြိမ်းသည် ၎င်းတို့မိသားဘသားသုံးဦးတို့ ပင်ပင်ပန်းပန်းလုပ်ကိုင်၍ လာခဲ့ရသော ရွှေရောင်ဝင်းနေသည့်လယ်ကွင်းကို အမှတ်မထင်ငေးမော၍ ကြည့်နေမိ၏။ သည်လယ်တောနှင့် အသီးအပွင့်တို့သည် ငြိမ်းတို့လုပ်ကိုင်ခဲ့ပေမယ့် ငြိမ်းတို့စားရမည့် အသီးအပွင့်များမဟုတ်ကြတော့။ ငြိမ်းတို့အတွက် သည်လောက်အပင်ပန်းအဆင်းရဲခံကာ မိုး၊ နွေ၊ ဆောင်း လုပ်ခဲ့ကိုင်ခဲ့ရပေမယ့် လယ်ရှင်တို့ကချန်ထားပေးခဲ့သလောက်သာ ရကြပေတော့မည်။ လယ်ရှင်ဆိုသောလူတစ်မျိုးကား ၎င်းရဖို့လောက်သာ သိနားလည်၍ လုပ်ကိုင်ပေးရသော လူများအတွက်အနည်းငယ်မျှ သိနားလည်ကြသူများတော့ မဟုတ်ပေ။ ရမည်ဆိုလျှင် လယ်သမား၏လည်ပင်းကိုနင်း၍ ယူတတ်ကြသူများသာ ဖြစ်၏။ လယ်သမား၏ သွေးသားသည် ခန်းခြောက်နေသော်လည်း ရနိုင်လျှင် ထို လယ်သမား၏နှလုံးနှင့် အသည်းများကို မြိန်ရည်ရှက်ရေ စားသောက်တတ်ကြသော လူစားမျိုးဖြစ်၏။

စောစောက မိဘများနှင့် ခွဲခွာ၍မြို့သို့သွားနေရမည့်အတွက် ဝမ်းနည်းငိုယိုနေခဲ့ရသော ငြိမ်းသည်ရွှေရောင်ဝင်းနေသော မိမိတို့လုပ်ကိုင်ခဲ့ရသည့် လယ်တောကိုငေးမော ကြည့်ရှုရင်း မိမိတို့၏အဖြစ်ကိုစဉ်းစားတတ်သလောက်ပြန်၍ စဉ်းစားကြည့်နေလေသည်။

(၈)

သည်ရွှေရောင်ဝင်းနေသော လယ်တောမှာတစ်ကြိမ်သောအခါက မိမိတို့၏ပစ္စည်းမှန်း ငြိမ်းသိ၏။ သို့ရာတွင် စပါးဈေးများဆက်ကာဆက်ကာ ဖိနှိပ်ခြင်းခံလာခဲ့ရသောကြောင့် လယ်လုပ်ရင်းကြွေးတင်သည်ထက်တင်ကာ ထိုလယ်ကိုမြို့မှမြေပိုင်ရှင်ထံတွင် ပေါင်နှံထားခြင်းပြုခဲ့ရရာမှ နောက်ဆုံးအတိုးများ များသည်ထက်များကာ မရွေးနိုင်တော့ဘဲ ဆုံးရှုံးအပ်နှံလိုက်ရခြင်းဖြစ်လေသည်။ မိမိတို့၏လယ်ကို မြေပိုင်ရှင်များက အဆမတန်သောအတိုးကြီးဖြင့် ယူငင်သွားကြပြီးသည့်နောက် သူတို့တောင်းသလောက် လယ်ထောက်ခနှင့် အလူးအလဲထွန်ယက်လုပ်ကိုင်ခဲ့ရာမှ တစ်နှစ်နှင့်တစ်နှစ် ချောင်သည်ဟူ၍ကားမရှိခဲ့။ စပါးဈေးမှာလည်း ဖိနှိပ်မြဲဖိနှိပ်ထားသောကြောင့် ဆိုးဝါးသည်ထက်ဆိုးဝါး၍လာခဲ့ရာ ၁ နှစ်ခန့်လယ်ထောက်ခနှင့် လုပ်ကိုင်ရပြီးနောက် လယ်ဆုံးရသည်နှင့်ပင် မပြီးသေးဘဲ နွားတစ်ရှဉ်းခွဲမှာလည်း ဆုံးပါးခဲ့ပြန်လေ၏။

မိုးထဲလေထဲတွင် အမြဲတစေအလုပ်လုပ်နေရသည့်အကြားမှ လယ်နှင့်နွားများ ဆက်ကာဆက်ကာ ဆုံးခဲ့ရသည့်အကြောင်းရင်း အဖြစ်အပျက်ကိုကား ငြိမ်းသည် ထိုကာလများက နားမလည်ခဲ့ရှာပေ။

လယ်ထောက်ခနှင့် မြေပိုင်ရှင်၏လယ်ကို နွားရှိစဉ်က လုပ်နိုင်ကိုင်နိုင်ခဲ့သေးသော်လည်း နွားမရှိသောကာလ၌ ထိုလယ်ကိုဆက်လက်လုပ်ကိုင်ရန် အလွန်တရာအကျပ်အတည်း တွေ့နေရပေတော့၏။ နွားမရှိတော့သဖြင့် လယ်ပိုင်ရှင်က အခြားနွားရှိ၍ လုပ်ကိုင်နိုင်သူတစ်ဦးအား ပြောင်းလွဲချထားရန် စီစဉ်ထားသဖြင့် ငြိမ်း၏ဖခင်သည် မြေပိုင်ရှင်များရှိရာမြို့သို့ ရွှေငှက်ပျောတစ်ခိုင်ကောင်းကောင်းကို ရှာဖွေကာလိုက်သွား၍ အမျိုးမျိုးအောက်ကျနောက်ကျခံကာ အသနားခံခဲ့ရသော အဖြစ်အပျက်များကို ငြိမ်းသိရှိ၏။

ရိုးသား၍ ဝီရိယကောင်းလှသော ငြိမ်း၏အမေနှင့် အဖေတို့သည် သေလုမြောပါးလုပ်ကိုင်နေရသည့်အကြားမှ လယ်နှင့်နွားများ တစ်ခုပြီးတစ်ခု ဆုံးပါးလာခဲ့ကြပြီး နောက်ရှေ့လျှောက်လုပ်စားကိုင်စားစရာပင် မရှိတော့သလောက်ဖြစ်နေကြရသည့် အလျောက်လေးလေးနက်နက်တော့ မစဉ်းစားမိပေ။

ငြိမ်း၏ဖခင်သည် အလွန်တရာဝီရိယရှိ၍ အလုပ်ကိုမနားမနေ လုပ်တတ်သည်ကို ငြိမ်းသည်ကောင်းကောင်း သိလေ၏။ နွေ၊ မိုး ဆောင်း၊ ဥတုသုံးပါးမရွေး အလုပ်နှင့်လက်ပြတ်သည်ဟူ၍ မရှိခဲ့။ အလုပ်လုပ်ရာ၌ ချမ်းလွန်းသည်၊ ပူလွန်းသည်ဟူ၍လည်း ညည်းတွားခြင်းမပြုတတ်။ သူသည်အိပ်သောမျက်စိကိုသာ အနားပေး၍ မျက်လုံးနှစ်လုံးပွင့်နေသော အချိန်များတွင် တစ်ခုခုကိုတော့ တလှုပ်လှုပ်နှင့်လုပ်နေ သည်သာဖြစ်လေ၏။

ငြိမ်း၏မိခင်သည်လည်း သူမ၏လင်သားနှင့်အတူ ဒိုးတူပေါင်ဖက်လုပ်ကိုင်နိုင်သော လယ်သူမတစ်ဦးဖြစ်လေ၏။ လင် ဦးကထမ်းလျှင် မယားက ပဲ့ကထမ်း၏။ အေးအတူပူအမျှ စားရအတူ ငတ်လည်းအတူ။

သည်လင်မယားမှာ ပေါင်းစပ်၍မွေးလာခဲ့သော ငြိမ်းသည် မိန်းကလေးဖြစ်သော်လည်း မိဘများဆင်းရဲကြသဖြင့် ဆင်းရဲသား သားသမီးပီပီ သိတတ်လာခဲ့သောအရွယ်မှစ၍ မိမိအားနှင့်နိုင်သောဝန်ကို ထမ်းခဲ့ရလေသည်။ မိန်းကလေးတန်မဲ့ ငြိမ်းသည်မြက်ရိတ်နွားကျောင်းခဲ့ရ၏။ ပျိုးထောင်ပျိုးနုတ် ကောက်စိုက်ကောက်ရိတ်စသော လယ်သမားသားသမီး၏ အလုပ်များကိုကား ငြိမ်းသည် ကျင်လည်စွာလုပ်ကိုင်နိုင်၏။

ငြိမ်းသည် မိဘများ၏ဆင်းရဲဒုက္ခကို နားလည်စာနာတတ်သော မိန်းကလေးတစ်ယောက်ဟု ဆိုရပေမည်။ ထို့ကြောင့်လည်း ဘေးပတ်ဝန်းကျင်မှ ငြိမ်းကိုသာအလွန်တရာ သနားစရာကောင်း၍ လိမ္မာသောမိန်းကလေးဟု ချီးမွမ်းခြင်းကို ပြုကြလေသည်။

လယ်လုပ်ချိန်ပြီးစီး၍ ဝမ်းစာအတွက်ပင် မကျန်နိုင်လောက်အောင်ပင် ဖြစ်ခဲ့ရသော လွန်ခဲ့သည့်လေးငါးနှစ်က ငြိမ်း ၈ နှစ်သမီးအရွယ်လောက်မှစ၍ နွေရာသီများ၌ ငြိမ်းသည် ဈေးတောင်းကလေးကို ခေါင်းရွက်၍ ရွာနီးချုပ်စပ်များတွင် ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်းနှင့် ပြောင်းဖူးပြုတ်၊ ကန်စွန်းဥပြုတ်များကို လိုက်လံအော်ဟစ်ရောင်းချရင်း ဆင်းရဲလှသောမိဘများအတွက် အစားအစာကိုကူညီရှာဖွေပေးခဲ့ရ၏။ မိဘတို့အား ညာတာတတ်သောစိတ်သည် ဆင်းရဲလွန်းလှသောဘဝနှင့် ပတ်ဝန်းကျင်တို့၏ ပြုပြင်ဖန်တီးပေးချက်များအရ ငြိမ်း၌ရှိလာခဲ့ရသည်ဟု ဆိုရပေလိမ့်မည်။

ငယ်ရွယ်သော မိန်းကလေးမျှသာဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်စားသောက်နေထိုင်ခဲ့ရသည့်အကြားမှ တစ်နေ့တခြား ဆိုးဝါးကျပ်တည်းသည်ထက် ကျပ်တည်းလာနေသော မိမိ၏ဘဝကို၊ ငြိမ်းသည် မကြာခဏ စဉ်းစားမိတတ်လေသည်။ တကယ်ဆိုသောအခါ၊ သည်လယ်လုပ်စားရသော အရပ်ဒေသ၌ ငြိမ်းတို့ မိသားစုတစ်စုသာ ယခုကဲ့သို့ ပင်ပန်းဆင်းရဲ၍ ငတ်ငတ်ပြတ်ပြတ်ဖြစ်နေရခြင်းတော့ မဟုတ်ပေ။ ငြိမ်းတို့၏ အရပ်ဒေသနှင့် ပတ်ဝန်းကျင်ရွာနီးချုပ်စပ်၌ လယ်လုပ်ကိုင်စားသောက်နေထိုင်ရသူတိုင်းလိုလို ငြိမ်းတို့လိုဆင်းရဲနေကြရသည်သာ ဖြစ်ပေ၏။ မိမိတို့မိသားစုတစ်စုမျှသာ မဟုတ်ဘဲ လယ်လုပ်ကိုင်စားသောက်ရသူတိုင်းလိုလို မိမိတို့ကဲ့သို့ အကျပ်အတည်းအမျိုးမျိုး ဒုက္ခအမျိုးမျိုးကို ခံနေရခြင်းများအား ငြိမ်းသည်တွေ့ကြုံသိရှိလာသောအခါ စဉ်းစားမိတိုင်း နားမလည်နိုင်အောင်သာ ရှိခဲ့ရလေသည်။

ငြိမ်းတို့တစ်ဦးတည်းသာ လယ်နှင့်နွားများ ဆုံးကြရသည်မဟုတ်။ အခြားအခြားသော လယ်လုပ်ကိုင်ကြသူများပါ လယ်ရောနွားပါဆုံးရှုံး၍ ကြွေးတင်ကျွန်ဖြစ်နေကြရသောအကြောင်းကိုလည်း ငြိမ်းသည် တစ်စထက်တစ်စ သိရှိလာရလေသည်။ ဒါလောက်ကျယ်ပြောသောမြေကြီးတွင် တောင်ပုံရာပုံစပါးများ ရရှိလာအောင် ကျွဲ၊ နွားတိရစ္ဆာန်များနှင့် နင်လားငါလားဖက်၍ ရုန်းကန်လုပ်ကိုင်လာကြရသော သည်လူသားများမှာ မိမိလုပ်အားမှ ဘာမျှမခံစားရဘဲ တစ်နေ့တခြားမွဲသည်ထက် မွဲနေရသောအဖြစ်အား ငြိမ်းသည်၎င်း၏ ထိုစဉ်ရှိသောအသိဉာဏ်ဖြင့် မပိုင်းခြားမသိမြင်နိုင်သေးချေ။

"ဘဝကအလျှုရေစက်နည်းလို့ပေါ့ဟယ်" ဟူသော တရားချသံများကိုသာ ကြားနေရသော ငြိမ်းသည် ရိုးသားသောလူကြီးများ ညည်းတွားပြောဆိုကြသည့် အတိုင်းပင် မိမိဘာမျှမသိရသော ဘဝက အလှူဒါနနည်းပါးဆင်းရဲရသည်ဟု နားလည်သိမြင်ခဲ့၏။ သို့ရာတွင် ဘဝကအလှူရေစက်နည်းပါးလှသောကြောင့် ငြိမ်းတို့လယ်ရောနွားပါ လယ်ပိုင်ရှင်လက်ထဲသို့ လွှဲအပ်လိုက်ခဲ့ရပြီးနောက်၌ လူလုံးကြီးသက်သက်နှင့် အခြား

ဘာမျှ လုပ်စရာကိုင်စရာမရှိဘဲ ဝေါ်ရတော့မည့်ဆဲဆဲဝယ် ငြိမ်းအားမြို့မှ မြေပိုင်ရှင်များ၏ အိမ်တွင်သွားရောက်အခိုင်းအစေခံစေရင်း ထိုငတ်၍ ဒုက္ခကြီးဆိုက် ရောက်ရတော့မည့်အကျဉ်းအကျပ်မှ ထွက်ပေါက်ရရန်နည်းလမ်းကို မလွဲမရှောင်သာ ပြုလုပ်ရှာကြရသော မိဘ၏ဖွတ်မျက်စိမှိတ်လိုက်ရသည့်ဘဝကိုလည်း မိဘများအား နားလည်သက်ညှာတတ်သော လုံမကလေးအဖြစ်သိရှိပါသေး၏။

အမေနှင့်အဖေတို့က မိမိအားမည်မျှချစ်ခင်၍ အားကိုးကြသည်ကို ငြိမ်းမသိမဟုတ်ပေ။ ကောင်းစွာသိပါ၏။ ကမ္ဘာမီးလောင်လာ၍ သားကောင်ချနင်းရသော မိဘတို့၏အပြစ်ကိုလည်း လိမ္မာသောလုံမကလေးငြိမ်းက ကြည်ဖြူခွင့်လွှတ်နိုင်ပါ၏။ အပြစ်မမြင်မိ။

ငြိမ်းသည် မိမိကိုယ်ကို ဖွတ်မှိတ်နိုင်ပါ၏။ သို့ရာတွင် တစ်သက်နှင့်တစ်ကိုယ် အေးအတူပူအမျှမခွဲမခွာ နေထိုင်လာခဲ့ရသော မိဘများနှင့်ခွဲခွာ၍ ၎င်းဘာမျှမသိသော မြို့အရပ်ရှိသူစိမ်းများအကြား၌ သွားရောက်နေထိုင်ရမည့်အရေးကိုကား သူငယ်မမျှဖြစ်သော ငြိမ်းသည် မည်သို့လျှင် ဝမ်းမနည်းဘဲနေနိုင်ပါမည်နည်း။ မိမိမွေးဖွားချက်မြှုပ်ရာ အရပ်ဒေသနှင့် နေထိုင်ကြီးပြင်းလာခဲ့ရသော သည်လယ်တောပတ်ဝန်းကျင်ကို ခွဲခွာ၍ သွားရမည့်အတွက်လည်း လူသတ္တဝါဖြစ်သောငြိမ်းသည် သံယောဇဉ်ရှိကာ ဝမ်းနည်းတသခြင်းရှိရှာပေလိမ့်မည်သာဖြစ်လေသည်။ သို့ရာတွင် အမေတို့အဖေတို့ ဒုက္ခမရောက်ကြရဖို့အတွက် မြို့မှမြေပိုင်ရှင်များအိမ်တွင် သွားရောက်အခိုင်းအစေခံရန် အကျိုးသင့်အကြောင်းသင့်နှင့် မိဘလုပ်သူများက နားချပြောဆိုကြစဉ်က လိမ္မာသော လုံမကလေး ငြိမ်းသည် အဖေနှင့်အမေတို့ရှေ့ဝယ် မျက်နှာအမူအရာကိုပင် အနည်းငယ်မျှမပျက်စေဘဲ ခေါင်းညိတ်ဝန်ခံခဲ့ပြီးမှ မိဘများမျက်ကွယ်ရာ သည်လယ်ကန်သင်းဘေးတွင် တစ်ယောက်တည်းလာ၍ ငိုယိုနေရှာခြင်းဖြစ်လေသည်။

သည်လိုငြိမ်းတစ်ယောက်တည်း မိမိရင်ထဲ၌မျိုသိပ်ထားရသော အလုံးများကို မိဘတို့မျက်ကွယ်ရာ၌ လာရောက်ပုန်းလျှိုးအန်ထုတ်နေရစဉ် ဆည်းဆာသည် အိုမင်းကြွေလွင့်ကာ အမှောင်ဓါတ်တို့သည် တစ်စထက်တစ်စ ပျက်ပြားထိုးဖောက်၍ ဝင်လာနေကြလေ၏။ သို့ရာတွင် လေချိုကတော့ ဖေ့ယမ်းဆော့ကစားနေတုန်းပင် ဖြစ်လေ၏။

သည်အခိုက်မှာပင် တစ်ဖက်လယ်ကွင်းဆီမှ နွားအုပ်သွင်းလာသော နွားကျောင်းသားပလွေသံသည် လေသင့်၍ပျံ့လွင့်လာ၏။ လယ်ကွင်းနှင့်တောအစပ်၏ ပတ်ဝန်းကျင်ဝယ် ပလွေသံသည် လွမ်းဆွတ်စရာကောင်းလေသည်။

"ငယ်ကကျွမ်းမို့. . .လွမ်းလို့ခွေကာယိုင်. . ."

ခါတိုင်း ငြိမ်း အင်မတန် သာယာမိသော ပလွေသံသည် ထိုနေ့အဖို့တော့ လွမ်းစရာ သက်သက်မျှဖြစ်နေလေ၏။ ထို့ကြောင့် ငြိမ်းသည် မျက်နှာကိုလက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ငိုချလိုက်ပြန်၏။

ကိုရွှေနွားကျောင်းသားကတော့ ဒါကိုသိနိုင်ရှာမည်ကား မဟုတ်ပေ။ ပလွေကိုသာ ကြူ၍ကြူနေ၏။

"အမေတို့အဖေတို့ရေ၊ ကျုပ် ဒီအရပ်ကိုခွဲပြီး တော်တို့ကလွှတ်ကြတဲ့ မြို့ဆိုတဲ့ အရပ်ကိုမသွားချင်ဘူးတော့။ ပြီးတော့ တော်တို့ကိုလဲ ကျုပ်ခွဲလဲမခွဲနိုင်ပါဘူးတော့"

ရင်ထဲ၌ပုတ်ခတ်နေရာမှ တက်လာသော အလုံးကိုမျိုမချနိုင်သော ငြိမ်းသည် ဖွင့်ပေးလိုက်ရရှာလေ၏။

"တော်တို့က လုံမရယ် မြို့က လယ်ရှင်အိမ်မှာသာ သွားနေကြပါကွယ်၊ လုံမသွားနေမှ အမေတို့အဖေတို့ကို လယ်ရှင်ကကျေနပ်ပြီး သူတို့လယ်ကိုဆက်ချမှာဆိုလို့ တော်တို့ စိတ်ကောင်းအောင် ကျုပ်ကသွားနေပါမယ်လို့ တော်တို့ရှေ့မှာ ပြောခဲ့ရပေမယ့် ကျုပ်စိတ်ထဲမှာတော့ နည်းနည်းမှမကောင်းပါဘူးတော့"

မိဘတို့နားမျက်စိကွယ်ရာ သပြေပင်ရင်းဝယ် ငြိမ်းသည်ရင်ထဲမှအလုံးကို အန်ထုတ်နေရှာ၏။

လယ်တောကိုကား အမှောင်သည် ဖုံး၍သွားလေပြီ။

သပြေပင်ထက်မှ ချစ်နယ်ချဲ့နေကြသော မောင်နှံစုံတို့သည်လည်း အိပ်တန်းသို့ ပျံကြလေပြီ။ တစ်ကောင်တည်း ဖော်ကွဲနေရတုန်းဖြစ်သော ချိုးဖိုကသာ လွမ်းလွမ်းဆွတ်ဆွတ် ချွဲချွဲပျစ်ပျစ်ကူနေရှာ၏။

အမေသည် မှတ်မိသလောက်ပြန်၍ စဉ်းစားလိုက်သောအခါ ဆံရစ်ဝိုင်းကလေးနှင့် အသက် ၁၃ နှစ်သမီးခန့်မျှသာ ရှိသေးသော ငြိမ်း၏ရှိုက်ကာငင်ကာနှင့် ဝမ်းနည်းပက်လက်ငိုယိုနေခဲ့ရရှာသောဘဝကို ခပ်ရေးရေးသတိရလာ၏။

လူမှန်းသိတတ်လာစအရွယ်မှပင် ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ် နေခဲ့ရသော ငြိမ်း။

အသက်အရွယ်နှင့်မမျှအောင် ပင်ပန်းကြီးစွာမနိုင်သောဝန်ကို ထမ်းခဲ့ရသော ငြိမ်း။

မိဘတို့အား မိမိကိုယ်ကိုကျွန်ခံ၍ လုပ်ကိုင်ကျွေးမွေးခဲ့သောငြိမ်း။

ဒါနှင့်ပဲ ငြိမ်းမှာမပြီးရသေး။

မိဘတို့အား သက်ညှာရာ၌ သူတို့၏နား၊ မျက်စိကွယ်ရာအရပ်မှာ တစ်ယောက်တည်းသာ ကြိတ်၍ငိုနေရသော ငြိမ်းပါ။

အမေ၏ဝတ္ထုသည် စရကတည်းကပင် ဘယ်တစ်ကွက်များ သက်သာတာ ဘာရှိသေးသလဲ အမေ။

(ဃ)

လူ့သမိုင်း၏ ကျေးပိုင်ကျွန်ပိုင်တစ်ခေတ်က ကျေးကျွန်တို့ရဲ့ သဘာဝအလျောက် မွေးဖွားလာသော သားသမီးကလေးများသည် ကျေးပိုင်ကျွန်ပိုင်ကြီးများအတွက် အလကား အမြတ်ရလိုက်ကြသော "သားပေါက်" ကလေးများဖြစ်လာခဲ့ကြရသကဲ့သို့ လယ်သမား သားသမီးကလေးများမှာလည်း ယခုခေတ် မြေရှင်မြို့ရှင်တို့အတွက် မေတ္တာရိ အခိုင်းအစေ တို့ မွေးဖွားလာရသည်ဆိုခြင်းမှာ ငြိမ်း၏ဘဝတွင် လက်တွေ့ဖြစ်လေသည်။

မိမိ၏ဘဝသည် ငိုကြွေးရခြင်းများဖြင့် ဖိစီးထားခြင်းကို ခံနေရသော်လည်း ငို ကြွေးနေကာမျှနှင့် မပြီးနိုင်သောမိမိ၏လူ့ဘဝကိုလည်း ငြိမ်းသည်နားလည်၍လာရပေ ၏။ မထမ်းလျှင်မပြီးသေးသော ဝန်ထုပ်ကို ငြိမ်းသည်သိရှိလာရပေ၏။ ထို့ကြောင့် ငြိမ်းသည် မျက်ရည်စများကို သိမ်းဆည်းကာ သပြေပင်ရင်းမှထ၍ မပူရပ်ပြုလုပ်ပြီး နောက် မိမိတို့တဲဘက်ဆီသို့ပြန်ခဲ့ရလေ၏။

ငြိမ်းသည် သူတို့တဲသို့ပြန်ရောက်လာသောအခါ မနက်ဖြန် ငြိမ်းကို မြို့သို့လိုက် ပို့ရန်အတွက် ပြင်ဆင်လုပ်ကိုင်နေသော အမေဖြစ်သူကိုသာ တစ်ယောက်တည်းတွေ့ ရလေသည်။ ငြိမ်း၏အဖေသည် တဲ၌မရှိချေ။ သူသည် ညဥ့်တော်တော်ကြီးနက်မှ ထန်းရည် များမူးအောင်သောက်ကာ ပြန်လာပြီးနောက် မည်သူ့ကိုမျှ စကားမပြောဘဲ သူ့အိပ်ရာထက်တွင် အသေကောင်လို ထိုးအိပ်လိုက်၏။

ထိုညက ငြိမ်းတို့သားအမိနှစ်ယောက်သည် တော်တော်နှင့်အိပ်၍ မရကြချေ။

မြို့သို့သွားရောက်နေထိုင်သောအခါ အိမ်ရှင်များသဘောကျ လိမ်လိမ်မာမာနှင့် ပိပိရိရိနေဖို့အကြောင်းများကို ငြိမ်းအား ဆုံးမပြောကြားနေလေ၏။

အမေပြောသမျှကို ငြိမ်းကနားထောင်နေဟန် ပြုရသော်လည်း ငြိမ်းသည် ရွာထဲမှ ငှင်းနှင့်ကစားဖော်များအကြောင်းကို စဥ်းစားနေလေ၏။ သည်ငယ်ပေါင်းကြီးဖော် များနှင့် ခွဲခွာ၍မြို့၌ဘယ်လိုမှန်းမသိသေးဘဲ အသစ်ပေါင်းဖော်ရမည့်လူများအကြောင်း ကို တွေးနေမိ၏။

ထိုညက တစ်ညလုံးလိုလိုပင် ငြိမ်းသည်တောင်တွေးမြောက်တွေးနှင့် အိပ်၍မရခဲ့။

မိမိမွေးဖွား၍ ကြီးပြင်းနေထိုင်လာခဲ့သော သည်အရပ်ဒေသနှင့် သည်ရိုးသား၍ ချစ်စရာကောင်းသောသူများကို မခွဲခွာစဖူး ခွဲခွာသွားရတော့မည့်အရေးအတွက် ငြိမ်း သည်များစွာလှုပ်ရှားဝမ်းနည်းနေရသလောက်၊ မိမိအတွက်အသစ်ဖြစ်၍ အဘယ်သို့မျှ စိတ်ကူးရာ၌ပင် ရုပ်လုံးမပေါ်နိုင်သော အရပ်ဒေသကို စိုးရွံ့ထိတ်လန့်နေရပြန်လေ၏။

"မြို့ဆိုတာ တို့တောလိုမဟုတ်ဘူးအေရဲ့" ဟု ရွာတွင်းမှာ အချို့မြို့သို့ရောက် ဖူးကြသော မိန်းမကြီးများ၏ပြောလေ့ပြောထရှိသော စကားများကိုငြိမ်းသည် ကြား ယောင်နေမိ၏။

"မြို့သားတွေဆိုတာက ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားတွေပဲ။ ပြီးတော့လူလိမ်လူညာနဲ့ ကြမ်းပိုးခါးပိုက်နှိုက်တွေလဲပေါသတဲ့တော့"ဟူ၍ တစ်ဆင့်စကားဖြင့် ပြောကြားကြသံများကိုလည်း ငြိမ်းကအမှတ်တမဲ့ကြားလိုက်ရဖူး၏။

တောမှလူများသည် မြို့အရပ်အားအဘယ့်ကြောင့် ကြောက်လန့်နေခဲ့ကြရသနည်း။

တောနှင့်မြို့ ကင်းလွတ်၍ တည်တံ့နိုင်လိမ့်မည်ကား မဟုတ်ချေ။ တောမှထွက်သော ပစ္စည်းနှင့် မြို့မှပြုလုပ်သောပစ္စည်းများ လဲလှယ်ပေါင်းစပ်ပေးနိုင်မှသာ နှစ်ဦးနှစ်ဖက်အတွက် သက်သာချောင်ချိနိုင်လိမ့်မည် မဟုတ်ပါသလော။ တောဘက်မှလူသားတို့ ထွန်ယက်စိုက်လိုက်ကြသော ပစ္စည်းများနှင့် မြို့မှလူများပြုလုပ်ကြသော ပစ္စည်းချင်း ညီတူမျှတူသဘောထား၍ လဲလှယ်ဆက်ဆံနိုင်မှ နှစ်ဦးနှစ်ဖက်၏ လုံလောက်မှုသည် ရှိနိုင်လိမ့်မည် မဟုတ်ပါသလော။ လူအားလုံးတို့ စားသုံးကြရသော ဆန်စပါးသည် တောမှရရှိ၍၊ အဝတ်အစားသည် မြို့ရှိ စက်ရုံများမှပြုလုပ်ပေးနိုင်၏။

သည်လိုတစ်ဦးနှင့်တစ်ဦး မကင်းနိုင်ကြသောတောသည် မြို့အားကြောက်လန့်သော အကြောင်းများဖြစ်ပေါ်နေရခြင်းမှာ ဘာ့ကြောင့်ဖြစ်လိမ့်မည်နည်း။ ဗမာပဒေသရာဇ်သက်ဦးဆံပိုင်ရွှေလက်ထက်တော်ကစ၍ ရွှေမြို့တော်ဆိုလျှင် ရွံရှာကြောက်ရွံ့ခဲ့ ကြသော ကျေးတောသားများခေတ်ကို ပြန်၍တူးဖော်ကြည့်ရန်လိုပေ၏။

မြို့အရပ်သည် စိုးမိုးနေသောလူတန်းစားများ၏ အချက်အချာဒေသဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ တောအရပ်ဒေသသည်ကား အစိုးမိုးခံနေရသော လူတန်းစားများ၏ အချက်အချာဒေသဖြစ်သည်ကို တွေ့ရလိမ့်မည်သာဖြစ်၏။ သည်အဓိကအသွင်သဏ္ဌာန်ဖြစ်သော စီးပွားရေးအခြေအမြစ်သည် ဗမာဘုရင်များခေတ်ကုန်ဆုံး၍ ကိုလိုနီခေတ်သစ်၌လည်း ပြောင်းလွဲခြင်းမရှိခဲ့။ ဗမာ့ဘုရင်များ၏နေရာ၌ ဝင်ရောက်လာသော လူတန်းစားအသစ်ဖြစ်သည့်နယ်ချဲ့စနစ်က ၎င်း၏အကျိုးစီးပွားအတွက် အနည်းငယ်ပြုပြင်မွမ်းမံခြင်းလောက်သာ ရှိခဲ့၏။ ယခင် ဗမာဘုရင်များခေတ်က မြေပိုင်ရှင်ကြီးများဖြစ်ကြသော ဘုရင်မင်းမြတ်နှင့်တကွ နယ်စားမြို့စားမှူးကြီးမတ်ကြီးတို့သည် မြို့တော်၌နေထိုင်ကြ၏။ ဆင်းရဲသားကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်ကြသော တောသူတောင်သားများကသာ မြေရှင်မြို့ရှင်တို့၏ တောဘက်ရှိလယ်မြေများကို ထွန်ယက်လုပ်ကိုင်ခဲ့ရ၏။ အချိန်တန်လျှင် အခွန်တော်ဘဏ္ဍာတော်များကို အရှင်သခင်များ၏ ကျီတော်သို့သွားရောက်ပေးသွင်းရ၏။ သည်အဓိကအသွင်သဏ္ဌာန်ဖြစ်နေသော စီးပွားရေးအခြေအနေသည် ကိုလိုနီခေတ်၌လည်း ပြောင်းလွဲခြင်းကား မရှိခဲ့ပေ။

စီးပွားရေးအားဖြင့် မြို့သည် တောအား ဖိနှိပ်ညှဉ်းပန်းထားသောကြောင့်သာ တောသည်မြို့ကိုရွံ့ရှာကြောက်ရွံ့ခြင်းဖြစ်လေ၏။

ငြိမ်းသည် မြို့ကိုစိုးရွံ့ကြောက်နေသော်လည်း အခြေအမြစ်ကိုကား မသိရှာပေ။ ရွာထဲမှ အချို့လူကြီးများပြောကြသော မြို့မှလူညာများ၊ ကြမ်းပိုး၊ ခါးပိုက်နှိုက်များ လောက်နှင့်သာ လမ်းဆုံး၍ တရားခံအစစ်ဖြစ်သော ရာဇဝတ်ကောင်ကြီးကိုကား မျက်ခြည်ပြတ်နေကြလေ၏။

သို့ရာတွင် ငြိမ်းသည် ၎င်းကြောက်ရွံ့သောမြို့ကို မသွား၍ကားမဖြစ်တော့။ မနက် မိုးလင်းလျှင်ပင် အမေနှင့်အတူ မြို့သို့သွားရပေတော့မည်။ မြို့တွင်တိုက်ကြီးနှင့် နေထိုင်ကြသည်ဆိုသော မြေပိုင်ရှင်များထံတွင် ၎င်းတို့အခိုင်းအစေခံရန်အတွက် မျက်လုံးသူငယ်နှင့်နေရစ်ခဲ့ရပေတော့မည်။ မည်သည့်ကာလဒေသသို့တိုင်အောင် ထိုကဲ့သို့နေထိုင်ရမည်ကိုကား ငြိမ်းကိုးကွယ်သော ဘုရားရှင်သာ သိကောင်းသိနိုင်လိမ့်မည်။

ငြိမ်းသည် မိုးစင်စင်လင်းသည်အထိ အိပ်သောမျက်စိမရှိ။ တစ်ညလုံး ဟိုစောင်းသည်စောင်းနှင့် လူးလွန့်ရင်းမိုးလင်းခဲ့ရလေ၏။ မိုးလင်းသောအခါ ငြိမ်းသည်၎င်း၏ အမေဖြစ်သူအားဦးချ၍ တဲနီးချင်းအချို့ကိုလိုက်၍ နှုတ်ဆက်ပြီးနောက် ၎င်း၏အမေနှင့်အတူ ၎င်း၏ချက်မြှုပ်ရာအရပ်ဒေသဖြစ်သော ဤတောလက်ကိုခွဲခွာ၍ ထွက်လာခဲ့လေသည်။

စပါးတွေမှည့်နေကြပြီဖြစ်သဖြင့် ရွှေရောင်ဝင်းနေသော လယ်တောများကိုဖြတ်လာရစဉ် ချိုးကူသံကိုကြားရသည်မှာ ခါတိုင်းများထက် ကြေကွဲလွမ်းဆွတ်စရာကောင်းသည်ဟု ငြိမ်းကထင်မှတ်မိလေသည်။ ကြက်တွန်သံ၊ ခွေးဟောင်သံနှင့် မောင်းထောင်းဆန်ဖွပ်သံများ ခါတိုင်းအဖို့ကြားနေကြသဖြင့် ရိုးသားနေသလိုရှိသော်လည်း ခုတစ်ခေါက်ရွာမှထွက်လာရစဉ် ကြားရသည်မှာ လွမ်းဆွတ်စရာ ကဲ့သို့ရှိနေလေ၏။

ရွာကိုလွန်လာသောအခါ ဘုန်းကြီးကျောင်းမှ ကုလားတက်ခေါက်သံကို ကြားလိုက်ရ၏။

ငြိမ်းသည် ဘုန်းကြီးကျောင်း၌ စပါးစျေးများကိုးယိုးကားယားမဖြစ်မီ ၆ နှစ် ၇ နှစ်သမီးခန့်က နေခဲ့ဖူးရာ ရွာမှအထွက် ရွာဦးဘက်ရှိ ဘုန်းကြီးကျောင်းမှ ကုလားတက်ခေါက်သံကို ကြားလိုက်ရသောအခါ ရင်ထဲ၌လှိုက်ဖို၍သွားလေသည်။ ပြီးမှ မိမိ၏ဆရာရင်း ဆရာတော်ဦးတိက္ခအား မကန်တော့ခဲ့ရသည်ကို သတိရကာ စိတ်မကောင်းဖြစ်နေမိ၏။

သည်အခိုက်မှာပင် မိမိတို့ရွာထဲမှ ကိုဖိုးလုံးတို့ မိသားဖသားသုံးယောက် ဝေလီဝေလင်းငါးပက်၍ ပြန်လာကြရာ လမ်း၌တွေ့နေသဖြင့် ကစားဖော် အေးခင်က "ဟေး မိငြိမ်း ညည်းမြို့က ဘယ်တော့လောက်မှ တို့ဆီကိုပြန်လာရမှာလဲအေ့၊ ကြာကြာတော့ မနေနဲ့ ကောင်မရေ"ဟု မေးမြန်းခြင်းကိုခံရလေသည်။

ငြိမ်းသည် အေးခင်ကိုမကြည့်ဘဲ မျက်နှာလွှဲ၍နေလိုက်မိ၏။ အဖြေလဲမပေးချင်ပါ။

"မိုးမကျခင်ပြန်လာခဲ့ပေါ့ဟယ်။ ပျိုးနုတ်ကောက်စိုက်ရတဲ့အလုပ်တွေက အများသား" ဟု အေးခင်သည် ကစားဖော်တို့ဘာဝ ၎င်းပြောချင်ရာကိုသာ ပြောဆိုနေပြန်လေ၏။

ငြိမ်းသည် အေးခင်ပြောနေမေးနေသမျှကို နောက်ထပ်၍မကြားချင်တော့ပေ။ ၎င်း၏ ရင်ထဲတွင်မကောင်းဖြစ်နေ၏။ ထို့ကြောင့် ကိုဖိုးလုံးတို့လင်မယားနှင့် စကားပြောနေသော အမေဖြစ်သူအားကျော်လွန်ကာ ငြိမ်းသည်ရှောင်ကွင်း၍ ထွက်သွားလေ၏။

အေးခင်သည် ငြိမ်းကိုနားမလည်သလိုဖြစ်ကာ ငေးစိုက်၍ကြည့်နေရာမှ "ကောင်မက မြို့ကိုသွားနေရမယ်ဆိုလို့ ငါ့ကိုတောင်အဖက်မလုပ်ချင်တော့ဘူးထင်ပါရဲ့" ဟု တစ်ယောက်တည်းတီးတိုးပြစ်တင်ပြောဆိုနေ၏။

သို့ရာတွင် ငြိမ်း၏ကစားဖော် အေးခင်တစ်ယောက်ကတော့ ဘာမျှမသိရှာပေ။

ငြိမ်းမြို့ကိုသွားရခြင်းမှာ သည်အရပ်ဒေသမှအပြီးအပိုင် ထွက်ခွာသွားရခြင်းဖြစ်သည်ကိုကား အေးခင်သည်ဘယ်လိုလုပ်၍များ သိနိုင်ပါမည်လဲ။ အေးခင်ကိုကားထားလိုက်ပါဦး။ ကာယကံရှင် ငြိမ်းကလေးမှ သိနိုင်ပါမည်တဲ့လား။

မိမိ၏ချက်မြှုပ်ရာ အရပ်ဒေသနှင့် မိဘတို့အားအပြီးအပိုင် ခွဲခွာသွားခဲ့ရသော ငြိမ်း၏ဘဝကို ပြန်လည်သတိရစဉ်းစားရင်း အမေ့မှာရင်နာနေရပေသည်။

( င)

သားကောင်ဖြစ်လာရသောဘဝ၌ ကျားနှင့်မုဆိုးတို့ထံ၌ ငိုကြွေးတောင်းပန်နေ၍ကား ရလိမ့်မည်မဟုတ်တော့။ လွတ်အောင်ပြေးနိုင်ကပြေး၍၊ မပြေးနိုင်ပါက ရင်ဆိုင်ဖို့သာရှိလေ၏။

"ထိုတော၏ဥပဒေအရပင် မြို့တော်မှအရှင်သခင်များအတွက် အလုပ်အကျွေးပြုကာ ခြေတော်အတင်ခံရန် ကျရောက်သွားခဲ့ရပြီဖြစ်သော ငြိမ်းသည် ငိုကြွေးပူလောင်နေ၍ကား အေးငြိမ်းသွားလိမ့်မည်မဟုတ်။ ထွက်ပြေးခြင်းငှာ မတတ်သာသောဘဝ၌ ကျားနှင့်မုဆိုးတို့အား ငြိမ်းသည်ရင်ဆိုင်လိုက်ရဖို့သာရှိပေ၏။

မြို့တော်၏ထင်ရှားကျော်ကြားလှသော ရွှေတိဂုံဘုရားခြေတော်ရာဘက်တွင် ခမ်းနားသောဝင်းခြံရေကန်နှင့် ခံ့ညားထည်ဝါစွာဆောက်လုပ်ထားသော မြေပိုင်ရှင်များအိမ်တော်သို့ ငြိမ်း၏အမေသည် ငြိမ်းအားလာရောက်ပို့ပေးထားခဲ့ပြီးသည့်နောက် ငြိမ်းအားလိမ်လိမ်မာမာနေထိုင်ရစ်ရန် အမျိုးမျိုးပြောဆို၍ ရွာသို့ပြန်သွားသော တစ်လ

ခန့်အတွင်း ငြိမ်းသည်မနေတတ်မထိုင်တတ်ဖြစ်ကာ ကျန်ရစ်ခဲ့ရလေသည်။ ညဘက်များ၌ ငြိမ်းမှာဝမ်းနည်းလာရင်း ငိုလိုက်ရင်းနှင့် မိုးစင်စင်လင်းခဲ့ရသည်သာ ဖြစ်လေ၏။

မိမိအလွန်တရာ ချစ်ခင်မြတ်နိုးသော မိဘနှင့်အိုးအိမ်ရပ်ရွာတို့အား ထိုကဲ့သို့ မသိမသာနှင့် ခဏတဖြုတ်ဆိုသလို ခွဲခွာလာခဲ့ရစဉ်က မိမိ၏ဘဝကြီးတစ်ခုလုံးစတင်၍ ပြောင်းလွဲခြင်းပြုရသည်ဆိုသောအဖြစ်ကိုကား ငြိမ်းသည်ထိုစဉ်က မသိနိုင်ခဲ့ရှာပေ။ ငြိမ်းသည် ထိုကလေးသူငယ်မအရွယ်ကစ၍ မညီမျှလွန်းလှသော တောနှင့်မြို့တို့၏ စီးပွားရေးပဋိပက္ခအကြားသို့ ကျရောက်ခဲ့ရ၏။ မြို့၏စီးပွားရေး ဖိနှိပ်မှုဒဏ်ရာ ဒဏ်ချက်များကြောင့် တောရွာ၏သမီးငယ်ဖြစ်သော ငြိမ်းသည် ဆံရစ်ဝိုင်းကလေးနှင့် ၁၃ နှစ်သမီးခန့်အရွယ်မှစ၍ မြို့၏ကျေးကျွန်မကလေးအဖြစ်သို့ မရုန်းနိုင်မဖယ်နိုင်ရှာဘဲ တစာစာငိုကြွေးရင်း ကျရောက်ခဲ့ရလေ၏။

တကယ်တမ်း စီစစ်လိုက်သောအခါ၌ ငြိမ်း၏ရင်နာစရာကောင်းသော ဝတ္ထုကလေးမှာ မြောက်မြားလှစွာသော တောရွာ၏သမီးငယ်အများအပြားတို့ ကျရောက်ခံစားနေကြရသော ဝတ္ထုရာထောင်ပေါင်းများစွာအနက်မှ တစ်ပုဒ်မျှသာဖြစ်ပေသည်။

ငြိမ်း၏ဝတ္ထုမှာ ထူးခြားဆန်းပြားလှသော အကြောင်းအရာတော့ မဟုတ်လှပေ။ မြို့တော်နှင့်တောရွာ၏အကြား၌ နေ့စဉ်နေ့တိုင်းဖြစ်လျက်ရှိနေကြသည့် ရိုးသားသောသာမန်အကြောင်းအရာလောက်လျှင် ဖြစ်လေ၏။ မြို့၏စီးပွားရေးဖိနှိပ်သွေးစုပ်မှုဒဏ်ကို မသေရုံတမယ်ခံနေရရင်း ငတ်ပြတ်ချို့တဲ့လာနေရသော တောရွာများမှ မိမိတို့၏ရင်သွေးကလေးများကို  လူသုံးကုန်ပစ္စည်းသဖွယ်ရောင်းချပေးကမ်းနေကြရသော အသည်းနာစရာအဖြစ်ဆိုးများမှာ ကြောက်မက်ဖွယ်ရာဆိုးဝါးလျက်သာရှိနေကြပေ၏။

အဘယ်မိဘတို့သည် မိမိတို့၏သားကလေးသမီးကလေးများအား ရက်ရက်စက်စက်ရောင်းချပေးကမ်းနိုင်ကြပါသလဲ။ လူသားများအားမဆိုထားဘိနှင့်၊ အသိဉာဏ်နှင့်စဉ်းစားတတ်ခြင်းမရှိသေးသော တိရစ္ဆာန်တို့သည်ပင် မိမိတို့၏ရင်မှဖြစ်သောသွေးဖြင့်မွေးလာခဲ့ရသော သားသမီးကလေးတို့အား မိမိတို့အသက်နှင့်ပင် ထပ်တူကာကွယ်စောင့်ရှောက်ကြသည်မဟုတ်ပါသလော။ သို့ရာတွင် မြို့၏သံဖနောင့်အောက်ဝယ် လူးလွန့်နေရသောတောသည် မိမိတို့၏သားငယ်သမီးငယ်ကလေးများအား ခြေတော်တင်ရန် မြို့တော်သို့သွားရောက်ပို့ဆောင်ကာ ဆက်သနေကြရရှာပေသည်။ တောရွာ၏သားသမီးများသည် မြို့တော်မှအရှင်သခင်များအတွက် ခြေတော်တင်ရန် ကိုယ်လုပ်တော်များဘဝသို့ ကျရောက်ရပေသည်။ ထို့ကြောင့် ငြိမ်း၏ဝတ္ထုမှာလည်း ထူးခြားဆန်းပြားလှသော အရာတော့မဟုတ်လှဟု ဆိုလိုက်ရခြင်းဖြစ်လေသည်။

ငြိမ်းသည် မြို့သို့ရောက်ခါစက တစ်လသာသာခန့်မျှ ညတိုင်း မိမိ၏အိပ်ရာထက်တွင် ငိုနေခဲ့ရ၏။ သို့ရာတွင် ငိုရဖန်များလာသောအခါ ငြိမ်းသည်ခံနိုင်ရည်ကို ရရှိလာလေ၏။ ငိုရခြင်း၌ အားကိုရရှိစေသည်ဆိုသောစကားမှာ ဟုတ်သလိုလိုရှိလာ၏။

ငြိမ်းသည်ငိုရခြင်းကို တစ်စထက်တစ်စအနိုင်ရရှိကာ မိမိ၏မရှောင်လွှဲနိုင်သောဘဝအား တဖြည်းဖြည်းရင်ဆိုင်နိုင်လာ၏။ မိမိလုပ်စရာရှိသော အစေခံအလုပ်များကို လုပ်နိုင်စပြုလာလေ၏။

မြို့သို့ ငြိမ်းရောက်၍ သုံးလေးလခန့်မျှအကြာတွင် ငြိမ်းသည်၎င်း၏ပတ်ဝန်းကျင်နှင့် အံကျသွားလေသည်။ အိမ်ရှင်များ အိပ်ရာမှမထကြမီ ငြိမ်းသည်အိပ်ရာမှထနှင့်ပြီးဖြစ်ကာ မီးဖိုချောင်၌ ရောက်ရှိနေလေ၏။ ရေနွေးအိုးတည်၊ ကော်ဖီဖျော်၊ အိမ်ရှင်များမျက်နှာသစ်ဖို့ အဆင့်သင့်ပြင်ထားနှင့်ပြီးဖြစ်၏။

ငြိမ်းသည် သည်လိုနှင့်တစ်စထက်တစ်စ မိမိ၏ကျရောက်လာခဲ့ရသော ဘဝကိုခံယူနိုင်စပြုလာလေ၏။ ယခင်ရောက်လာစ တစ်လသာသာခန့်အချိန်များတုန်းကကဲ့သို့ ည ညအိပ်ရာထဲတွင် ငိုမနေတော့ချေ။ လူ့ဘဝဆိုသည်မှာ ကျရောက်ရာနှင့်ဖြစ်ရှိရာတွင် ခံနိုင်ရည်ရှိမှ အသက်ရှင်နိုင်သည့် ဥပဒေသကို အဘယ်တက္ကသိုလ်နှင့် သိပ္ပံကျောင်းကြီးများ၌မှ လူမှုဆက်ဆံရေးဝိဇ္ဇာပညာရပ်များကို မနာယူ မသင်ကြားခဲ့ရသော်လည်း ငြိမ်းသည် သိရှိတတ်မြောက်၍ လာခဲ့ရပေသည်။

ငြိမ်းသည် မြေပိုင်ရှင်အိမ်တွင် မိမိကျွန်ခံနိုင်မှ နောက်ပိုင်း၌ မိမိနှင့်အဘတို့၏ အသက်ရှင်နေနိုင်ကြမည့်အဖြစ်ကိုလည်း ငယ်ငယ်ရွယ်ရွယ်နှင့် နားလည်ခဲ့ပေ၏။ ထိုကဲ့သို့နားလည်သိမြင်ခြင်းသည်လည်း ငြိမ်း၏ခံနိုင်ရည်ကို ပိုမိုအားရှိစေလေ၏။

အိမ်ရှင်များကျေနပ်၍ မိဘများမျက်နှာကောင်းရစေရန် ငြိမ်းသည်အသက်အရွယ်နှင့် မလိုက်အောင် အိမ်အလုပ်များကို မနားမနေလုပ်ကိုင်ပေးတတ်လေသည်။ အိမ်ရှင်များအိပ်ရာမှ မထမီကတည်းက ကြိုတင်ထ၍ အလုပ်လုပ်ရလေရာ ညအိမ်ရှင်များ အိပ်ပျော်သွားကြသည်အထိ ငြိမ်း၏လက်မှာ အလုပ်နှင့် မပြတ်ဘဲရှိနေရသေး၏။

အိမ်တွင်အိမ်ရှင်လင်မယားနှစ်ယောက်နှင့် ငါးနှစ်နှင့် ခုနစ်အရွယ်ကလေးနှစ်ယောက်ရှိကြ၏။ အိမ်၏ဝေယာဝစ္စများအပြင် ငြိမ်းသည်အိမ်ရှင်၏ကလေးများကိုလည်း ထိန်းကျောင်းရသေး၏။ တစ်အိမ်လုံး၏ဝေယျာဝစ္စကို ငြိမ်းတစ်ယောက်ကသာ အဓိကလုပ်ကိုင်ပေးရ၏။ ငြိမ်းအပြင် ခိုင်းစေရန်ငှားရမ်းထားသော လူကြီးတစ်ယောက်ရှိသော်လည်း ထိုလူကြီးမှာ ဈေးဝယ်ထမင်းချက်အလုပ်လောက်သာ တာဝန်ရှိလေသည်။

အလွန်တရာပင်ပန်းကြီးလှသော အလုပ်များကို ဒလက်လည်သလိုလုပ်ကိုင်နေရသော်လည်း ငြိမ်းသည်ညည်းညူခြင်းမပြုဘဲ လုပ်၍မကုန်နိုင်မပြီးနိုင်သော အိမ်၏အလုပ်များကိုသာ လုပ်ကိုင်နေတတ်လေ၏။

ငြိမ်းကို အိမ်ရှင်များဘာမျှပြောစရာ မရှိကြပေ။ သို့ရာတွင် ငြိမ်းအားမျက်နှာကောင်းတော့မပေးကြချေ။ အရှင်သခင်တို့သည် ကျေးကျွန်လူတန်းစားများအပေါ်၌ ငဲ့ညှာထောက်ထားတတ်သည့် စေတနာထားရှိကြသော လူမျိုးများမဟုတ်ကြသဖြင့် ငြိမ်းအဖို့ ဘာမျှအံ့သြစရာတော့မဟုတ်ပေ။

ငြိမ်းသည် ပင်ပန်းကြီးစွာ ဒလက်လည်သလိုလုပ်ကိုင်ပေးနေသည့်အကြားမှပင် သခင်လင်မယားများက ၎င်းတို့စားကြွင်းစားကျန်အရိုးအရင်းကလေးများကိုပင် နေ့ဖို့ညစာချန်၍ကျွေး၏။ ထို့ကြောင့် ငြိမ်းမှာ ဝဝလင်လင်စားရသည်ဟူ၍ မရှိခဲ့ပေ။ အိမ်တွင် ခိုင်းစေထားသော အစေခံမကလေးငြိမ်းအား သင့်တော်၍ကြည့်ကောင်းမည့် အဝတ်အစားကိုဝယ်ချမ်းပေးဖို့ကားဝေးစွ။ ၎င်းတို့ဝတ်၍ ဖွတ်ဖွတ်ကြေနေသည့် အရောင်အဆင်းမရှိသော အဝတ်ဟောင်းကလေးများကိုပင် တစ်ထည်ကုန်၍ဖင်ပေါ်လုနီးကာမှ မပေးချင်ပေးချင်နှင့် ပေးတတ်ကြ၏။ ထို့ကြောင့် ငြိမ်းမှာ စုတ်စုတ်ပြတ်ပြတ်နှင့်သာ နေခဲ့ရလေ၏။

ငြိမ်းသည် သည်ကျွန်ခံနေရသောဘဝမှ လွတ်မြောက်ရေးကို ည ညဘက်များ၌ အိပ်မပျော်သည့်အခါတွင် ယောင်ရမ်းကာ စဉ်းစားတတ်လာလေ၏။ မိမိ၏မိဘများပြန်လည်ချောင်ချိ၍ လယ်ပိုင်နွားပိုင်ဖြစ်လာကြသော တစ်နေ့တွင်ဤဘဝမှ လွတ်မြောက်၍ မိမိချစ်ခင်မြတ်နိုးသော ချုက်မြှုပ်ရာတောဘက်သို့ ပြန်ရလိမ့်မည်ဟု မျှော်ခေါ်မိလေသည်။ ထို့ကြောင့် ညအိပ်ရာဝင်တိုင်း ပြတင်းပေါက်မှ လက်အုပ်ချီကာ လေးဆူဓာတ်ပုံ ရွှေတိဂုံအား အမျိုးမျိုးဆုတောင်းခဲ့လေ၏။

သည်လိုနှင့် နောက်တစ်မိုးကုန်၍ တစ်နွေလည်းသစ်ပြန်ကာ စပါးသာပေါ်ခဲ့ပြီဖြစ်သော်လည်း ငြိမ်း၏မိဘများအခြေအနေမှာ တိုးတက်ကောင်းမွန်သည်ဟူ၍ကား မရှိခဲ့ပေ။ စပါးဈေးမှာ ထူးခြားခြင်းမရှိသော်လည်း ယူထားရသောကြွေးပေါ်တွင် တက်နေသောအတိုးသည် ခေါင်ခိုက်၍လာလေ၏။

ငြိမ်း၏အမေသည် လယ်ထောက်ခနှင့် ယူထားသောအကြွေး၏ အတိုးကိုပေးဆပ်ရန် မြို့သို့လာရောက်စဉ်က ငြိမ်းသည် ၎င်း၏အမေအား ဖက်၍ငိုခဲ့ရလေ၏။ ငြိမ်း၏အမေက သမီးဖြစ်သူအားချော့မော့ပြောဆို၍ နောက်တစ်နှစ်ကြိုးစားလုပ်ကိုင်ရန် ထွက်သွားသောအခါ၌ ငြိမ်းသည်မိမိ၏လွတ်မြောက်ရေးကို မယုံတစ်ဝက်ယုံတစ်ဝက်ဖြစ်လာမိလေ၏။ သို့ရာတွင် ညအိပ်ရာဝင်တိုင်း ပြတင်းပေါက်မှလက်အုပ်ချီကာ မြတ်တိဂုံအား ဝတ်ပြုဆုတောင်းခြင်းအလုပ်ကိုကား ငြိမ်းသည် ကြိုးကြိုးစားစားနှင့် မပျက်မကွက် လုပ်ကိုင်တုန်းပင်ဖြစ်ပေ၏။

သည်လိုနှင့် လွတ်မြောက်ရေးကို စမ်းတဝါးဝါးမျှော်မှန်း ဆုတောင်းရင်း ငြိမ်းသည် နေ့ရက်တို့ကိုညှိုးညှိုးငယ်ငယ်နှင့် ရေတွက်ကုန်လွန်နေစေရာမှ ၎င်းကိုယ်တိုင် အပျိုဖော်ဝင်မှန်းမသိဝင်၍ လာလေ၏။

(၈)

လယ်ကူလီမကလေးဘဝမှ မြို့တော်၏အစေခံမကလေးဘဝသို့ သံသရာလည်ရင်း စုတ်စုတ်ပြတ်ပြတ်နှင့် အပျိုဖော်ဝင်လာရသော ငြိမ်း၏အဖြစ်ကို စဉ်းစားမိရင်း အမေ၏အသည်းထဲ၌ နာကျင်ခြင်းကိုခံရလေ၏။ မိမိအရှက်ကိုမှ ကြည့်ကောင်းအောင် မဖုံးနိုင်မကွယ်နိုင်အောင် စုတ်စုတ်ပြတ်ပြတ်နေခဲ့ရသော ငြိမ်း၏ဘဝမှာ အမေနှင့်လူကလေးမောင်ချစ်ဦးတို့အဖေ ကိုရင်မောင်တို့ မတွေ့ဆုံမီ အမေ၏ဘဝပင်ဖြစ်ပေသည်တကား။

ထိုသူငယ်မငြိမ်း၏ကဖြစ်ကညစ်နိုင်လှသောဘဝမှာ စုတ်စုတ်ပြတ်ပြတ်ကျွန်ခံနေရသည်နှင့် ရပ်၍ကား မနေလိုက်သေး။ အမေမှာ ငြိမ်း၏ဆက်ရန်ကျန်ရှိသေးသော ဝတ္ထုကိုဆက်ရပေဦးမည်ဖြစ်၏။

သည်လို တစ်နှစ်စပါးပေါ်၍ ကြွေးကလေးမြီကလေး ဆပ်နိုင်လျှင် သည်ဘဝမှ လွတ်မြောက်နိုးနိုးနှင့် နေ့တို့ရက်တို့ကိုရေတွက်၍ ညစဉ်ညတိုင်းမြတ်ရှင်တော်အား မာန်လျော့ဆုတောင်းခဲ့ရသော ငြိမ်း၏ကျွန်သက်မှာတစ်နှစ်မှ ၂ နှစ်ကျော်လွန်၍ သုံးနှစ်မြောက်လာအချိန်၌ လွတ်မြောက်ရေးကား ဝေးသည်ထက်ဝေး၍လာခဲ့ရသည်နှင့်ပင် အားမရသေးသကဲ့သို့ ငြိမ်း၏အမေမှာ ပင်ပန်းလွန်းအားကြီးသောဒဏ်ဖြင့် ရုတ်တရက်ဖျားနာကာ ငြိမ်းနှင့်မတွေ့ရဘဲ သေဆုံးသွားလေ၏။

အမေတစ်ယောက်လုံးဆုံးသွားရသည်ကို ငြိမ်းသည်ကျွန်ခံနေရသဖြင့် ကိုယ်တိုင် မတွေ့လိုက်ရပေ။ အမေဆုံးပြီး၍ သုံးရက်လောက်ကြာမှ လူကြုံလာပြောသဖြင့် သိရှိရလေသည်။ ထိုအချိန်၌ ငြိမ်း၏အမေမှာမြေကြီးထဲသို့ ရောက်နေ၏။ ငြိမ်းသည် အမေသေရာကိုပင် မရောက်ခဲ့ရတော့။

အဘယ်မျှရင်နာစရာကောင်းသော ငြိမ်း၏ဘဝပါလဲ။

ငြိမ်းသည် နာကျင်လှသောဘဝဒဏ်ကို ခံနိုင်ရည်ရှိရန် ငိုရပေ၏။ ငိုမှအားရှိ၏။ အားရှိမှ ခံနိုင်ရည်ကရှိပေမည်။ ထို့ကြောင့် အမေတစ်ယောက်လုံး ရွာတွင်သေဆုံးနေရစဉ် မြို့၌ကျွန်ခံနေသောကြောင့် မမြင်လိုက်မတွေ့လိုက်ရသော ငြိမ်းအဖို့ ငိုရခြင်းသာ ရှိပါ၏။ ငို ငြိမ်း ငို ငို။

ငြိမ်းအမေအသုဘအတွက် ဆွမ်းသွတ်ပြီးနောက် ငြိမ်းအဖေသည် ငြိမ်းရှိရာမြို့သို့လိုက်လာ၍ ငြိမ်းအားလာတွေ့လေ၏။

ကြာမြင့်စွာကွဲနေရာမှ ပြန်တွေ့ရသောအဖေ့ကို တအားဖက်၍ ငြိမ်းရှိုက်ကြီးတငင်ငိုချလိုက်မိလေ၏။ သမီးဖြစ်သူငိုနေသည်ကို အဖေဖြစ်သူက သေဆုံးသွားသောအမေ၏နေရာသို့ဝင်ရောက်ကာ ချော့မော့အားပေးရရှာ၏။ ငြိမ်း၏ဖခင်သည် ငြိမ်းနှင့်အတူ တစ်ရက်မျှသာနေထိုင်ပြီးနောက် မပြီးတတ်သေးသော လယ်အလုပ်ကို စိတ်မချသဖြင့် သမီးဖြစ်သူအား နှုတ်ဆက်၍ ပြန်သွားလေ၏။

"ငါ့သမီးဘာမှ အားမငယ်နဲ့နော် ဟုတ်လား။ အဖေဒီနှစ် ကြိုးစားပြီးအကြွေးတွေကိုဆပ်နိုင်အောင် ဆပ်ပါ့မယ်ကွယ်။ ဒီတော့မှပဲ ငါ့သမီးကိုပြန်ခေါ်ပြီး ဒို့သားအဖ အတူတူနေရမယ်"

ထွက်၍သွားခါနီး၌ ပြောကြားသွားသော ငြိမ်း၏ဖခင်စကားများကို ငြိမ်းသည်ကြားယောင်နေမိလေ၏။ သည်စကားများသည်သာ မိမိ၏မျှော်လင့်အားထားရာဖြစ်နေ၏။

ငြိမ်းသည် အမေဆုံးရသည့်အတွက် အဖေနှင့်အတူ ပြန်နေရဖို့မျှော်လင့်ချက်ကိုထားရှိခြင်းဖြင့် နေသာခံသာသလိုရှိမိ၏။ ထို့ကြောင့် အမေဆုံးရသည်ကိုသတိရ၍ရင်နာလာသောအခါ အဖေနှင့်အတူပြန်နေရလုနီးပြီဟူ၍သာ အလုံးဖြင့်ဖြေရလေ၏။

သို့နှင့် မိုးမှဆောင်းသို့ကူး၍ နွေသစ်လုလုဆဲ၌ ငြိမ်း၏ရင်ဝကို လှံနှင့်အထိုးခံရသော ဒဏ်ရာကြီးသည် ဖြစ်ပွားခဲ့လေ၏။ ထိုလှံထိုးခံရသော ဒဏ်ရာကြီးဆိုသည်မှာ ငြိမ်းအဖေပိုးထိ၍ သေဆုံးရခြင်းပင်ဖြစ်တော့၏။

ငြိမ်းသည် လူး၍မဲ၍ငိုနေ၏။

လွတ်မြောက်ရေးနှင့် မှန်းထားရာ နောက်ဆုံးသောထွက်ပေါက်သည် ပိတ်သွားခဲ့လေပြီတကား။

မိမိအားမွေးထုတ်ခဲ့ကြသော အမိနှင့်အဖတို့သည် ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွားသောကာလ၌ ငြိမ်းသည်အဘယ်သူနှင့် အားကိုးအဖော်ပြု၍ အသက်ရှင်နေရစ်ရပါမည်နည်း။

အဘယ်သို့လှမ်း၍ မျှော်ကြည့်လိုက်ကြည့်လိုက် ငြိမ်းကမ္ဘာဝယ်မှောင်မည်း၍သာနေတော့၏။ ထွက်ပေါက်ကားမရှိချေ။

ငြိမ်းသည် ဆွေမျိုးဉာတိဆို၍ သည်မိဘနှစ်ပါးသာရှိ၏။ သည်နှစ်ယောက်ထဲသာရှိသော ဆွေမျိုးတို့ဆုံးပါးသွားခဲ့ကြသည့်နောက်ကွယ်၌ ငြိမ်းသည် ဥတစ်လုံးတစ်ကောင်ကြွက်သာဖြစ်ပေတော့သည်။ ဥတစ်လုံးတစ်ကောင်ကြွက်ဘဝ၌ ငြိမ်းသည် အဘယ်သူအား သွားရောက်မှီခိုကပ်ရပ်၍ မိမိ၏အသက်တစ်ချောင်းကို ရှင်စေရပါမည်လဲ။

ငြိမ်းသည် အလွန်တရာထိတ်လန့်ကြောက်ရွံ့မိ၏။ သည်အပြောကျယ်သော ကမ္ဘာမြေပြင်ဝယ် ငြိမ်းသည်တစ်ယောက်တည်း အသက်ရှင်ဖို့အရေးကို မတွေးဝံ့အောင် ဖြစ်နေမိ၏။ သောင်ပြင်တွင်အလွတ်ခံရသော ခွေးငယ်၏ဘဝနှင့် ငြိမ်း၏ဘဝသည် ဘာများခြားနားခြင်းရှိပါသေးသလဲ။

လယ်ကူလီကလေးဘဝမှ မြို့တော်၏အစေခံမကလေးဘဝသို့ ကျရောက်ခဲ့ရရာမှ ငြိမ်းသည် လွတ်မြောက်ရေးလမ်းစကို စမ်းတဝါးဝါးနှင့် မျှော်မှန်းနေခဲ့ရင်းနှင့်သာ သည်ကမ္ဘာမြေပြင်ဝယ် ဥတစ်လုံးတစ်ကောင်ကြွက်ဖြစ်လာခဲ့ရပြီးလေပြီ။ သည်လိုလွတ်မြောက်ရေးလမ်းစလည်းဆုံး၍ မိဘနှစ်ပါးတို့လည်းမရှိကြပြီးသည့်နောက်၌ ငြိမ်းသည် ထိုမြေပိုင်ရှင်အိမ်တွင်သာ ကျွန်ခံလက်စနှင့်ဆက်လက်ကျွန်ခံရင်း မိမိဘဝတည်တံ့လုံခြုံမှုအတွက် မှီခိုကပ်ရပ်၍နေမြဲသာ နေခဲ့ရလေ၏။ သိမ်သိမ်ငယ်ငယ်နှင့် အလွန်တရာအောက်ကျနောက်ကျဖြစ်ခဲ့ရလေ၏။

သည်လို မိဘနှစ်ပါးဆုံးပါးသွားကြပြီးသည့်အချိန်ဝယ် ငြိမ်းသည်အပျိုကြီးဖားဖားဖြစ်လာ၏။ မိမိကိုယ်ကိုထိန်းသိမ်းကာကွယ်ဖို့လည်း ငြိမ်းသည် တာဝန်ရှိလာလေ၏။ ငြိမ်းသည် လူတစ်ယောက်အဖြစ်နှင့် သည်လူ့ဘောင်ကြီးအတွင်း၌ ဝင်ရောက်လှုပ်ရှားကပြရမည့် မိမိ၏ဇာတ်လမ်းအတွက် ပြင်ဆင်ခြင်းပြုလာရပေ၏။ သို့ရာတွင် ငြိမ်း၏ဝတ္ထုဇာတ်လမ်းသည် ရှေ့လျှောက်အဘယ်သို့သော ဇာတ်ကွက်ဇာတ်လမ်းမျိုးဖြစ်လာဦးမည်ကား မသိနိုင်သေးပေ။ ကပြပြီးသလောက်ကတော့ မျက်ရည်နှင့်မျက်ခွက်သာဖြစ်လေ၏။ ပြုံးသာရယ်သာသောအကွက်ကိုကား ထားလိုက်ပါဘိဦး သက်သာခံသာသောအကွက်သည်ပင် တစ်ကွက်တစ်လေမျှမရှိခဲ့သေး။

ညအိပ်ရာဝင်တိုင်း ပြတင်းပေါက်မှ လက်အုပ်ချီ၍ ငြိမ်းသည် ၎င်းအားထားကိုးကွယ်ရာ မြတ်ရွှေတိဂုံအား ဖူးမြော်ကန်တော့ရင်း "သည်ဘဝမှလွတ်မြောက်ရပါလို၏ အရှင်ဘုရား"ဟု ဆုတောင်း၍သာနေ၏။ ၇ ရက်သားသမီးများကိုလည်း မေတ္တာပို့၍ ၃၁ ဘုံ၌ကျင်လည်နေကြရကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့အားလည်း အမျှပေးဝေ၏။ သို့ရာတွင် လူ့ဘောင်ကြီးအတွင်း၌ ရှိရှိသမျှသော ၇ ရက်သားသမီးများနှင့် သံသရာကြီးတစ်ခုလုံးတွင်ရှိသော သတ္တဝါအပေါင်းတို့အား မေတ္တာပို့ကာ အမျှပေးဝေနေရှာသော ငြိမ်းတစ်ယောက်ကိုကား ၇ ရက်သားသမီးနှင့် ၃၁ ဘုံမှ သတ္တဝါများ ဟုတ်ဟန်မရှိသော မြေပိုင်ရှင်လင်မယားတို့ကတော့ ဆက်လက်၍ညှဉ်းပန်းနှိပ်စက်မြဲ ခိုင်းစေလျက်ပင်ရှိပေသေးသည်တကား။

အသက် ၁၇ နှစ်သာသာ ၁၈ နှစ်သမီးအရွယ်သို့ ငြိမ်း၏ဆက်ရန်က ရှိနေသေးသော ဝတ္ထုကို အမေကပြန်လည်၍စဉ်းစားမိရင်း ဟိုတစ်ကောင်ကြွက်မကလေးအတွက် အမေ့မှာ ကြက်သီးမွေးညင်းများလည်းထနေရပါ၏။

(ဆ)

ဆိုးဝါးသောကုသိုလ်ကံသည် တစ်ခုတည်းမလာသေးဘဲ အပေါင်းအဖော်များနှင့် လာတတ်သည်ဆိုသော ရှေးစကားတစ်ခုသည် ငြိမ်းတစ်ယောက်အတွက် ယိုးမယ်ဖွဲ့ထားခဲ့သလိုရှိလေသည်။ ကံဆိုးမသွားရာ မိုးကလိုက်၍ရွာနေပါပြီကော။

ငြိမ်းသည် အပျိုအရွယ်ဖြစ်လာပြီးဖြစ်သဖြင့် မိမိ၏ကာယိန္ဒြေကို ထိန်းသိမ်း စောင့်ရှောက်ဖို့တာဝန်တစ်ခုသည် ထပ်ဆင့်၍ကြီးလေးလာလေသည်။ သမီးကညာအား ထိန်းသိမ်းစောင့်ရှောက်ရန် မိဘနှင့်မောင်ဖွားတို့မရှိကြ။ သမီးကညာအား အခါမလင့်စေရဆိုသော်လည်း မိမိကဲ့သို့တစ်ကောင်ကြွက်အစေခံမကလေးအား အဘယ်သူတစ်ဦးတစ်ယောက်က ၎င်း၏မယားအဖြစ် မီးဖိုချောင်တွင် အသုံးပြုကြပါမည်လဲ။

ငြိမ်းသည် ၎င်းကိုယ်ကို၎င်းဖာသာ ကာကွယ်စောင့်ရှောက်ခြင်းပြုရပေမည်။ မပြု၍မဖြစ် မိန်းမသားတို့၏ အခန်းသည် လက်ရှိလူနေမှုစနစ်ကြီးအတွင်းဝယ် ဘုန်းသမ္ဘာရှင် ယောက်ျားဆိုသော လူအထီးသတ္တဝါများအတွက် ကိုယ်လုပ်တော်မောင်းမမိဿံအခန်းမှ မတက်ရသေးသည်ဖြစ်သောကြောင့် မိမိအားပုဂ္ဂလိက ကိုယ်ဖော်အဖြစ် အဘယ်လူအထီးသတ္တဝါတစ်ကောင်တစ်လေက လူသိရှင်ကြားအာမခံ မခံမချင်း မိမိ၏ အပျိုရည်ကို ထိန်းသိမ်းစောင့်ရှောက်ရပေလိမ့်မည်။

ငြိမ်းသည် မိမိကိုယ်ကို သိုသိုသိပ်သိပ် ထိန်းသိမ်းထားသော်လည်း အညှီရှိရာ ယင်အုံတတ်သကဲ့သို့ ငြိမ်း၏အပျိုရည်ကို ခြိမ်းခြောက်လာသော ယင်ကောင်ကြီးသည် ပေါ်ပေါက်၍ကားလာခဲ့လေပြီ။

ထိုယင်ကောင်ကြီးမှာ အခြားသူမဟုတ်။ ငြိမ်းကျွန်ခံနေသောအိမ်၏ မြေပိုင်ရှင်ယောက်ျားကြီးပင်ဖြစ်လေ၏။ မြေပိုင်ရှင်စနစ်ဆိုး ဘုန်းတန်ခိုးထွန်းတောက်ခဲ့စဉ်ကာလများက သီးစားတို့၏သမီးနှင့် နှမကညာများကို ဘဏ္ဍာတော်အဖြစ် ခြေတော်တင်ခဲ့ကြသော မြေပိုင်ရှင်တို့၏လူမှုဆက်ဆံရေးအခွင့်ထူးများအရ ယခုအခါ၌ ဘုန်းတန်ခိုးရှိနေသေးသော မြေပိုင်ရှင်က သီးစား၏သမီးဖြစ်သော ငြိမ်းအား ကျွန်မအဖြစ်နှင့်ခိုင်းစေခဲ့ရသည်ကို မရောင့်ရဲနိုင်သေးဘဲ ခြေတော်တင်လိုခြင်းမှာ အဘယ်မျှယုတ်မာလှပါသနည်း။

ထိုကဲ့သို့ ငြိမ်းအားခြိမ်းခြောက်လာသော အန္တရာယ်အား ငြိမ်းသည်သူ့လက်ခုပ်တွင်းမှ အဘယ်သို့များရှောင်ကွင်းပြေးလွတ်ပါမည်နည်း။ ထိုသို့မြေပိုင်ရှင် ယောက်ျားကြီးက ၎င်းတို့အိမ်တွင် ခိုင်းစေထားသော သီးစား၏သမီးအစေခံမကလေးကို မဟုတ်မတရားကြံစည်ရာ၌ မြေပိုင်ရှင်၏မယားဖြစ်သူကပါ မသိလိုက်မသိဖာသာ ခွင့်ပြုလွှတ်ထားပေးခြင်းမှာ သာမန်အားဖြင့်ကြည့်လိုက်လျှင် အံ့ဩစရာကဲ့သို့ ရှိနေလိမ့်မည်ဖြစ်

သော်လည်း ထိုမြေပိုင်ရှင်စနစ်၏ ပုတ်သိုးယုတ်မာလှသော လူမှုဆက်ဆံရေးအရသာ မှုတော့ အံ့သြစရာရှိလိမ့်မည်ကား မဟုတ်ပေ။ မြေပိုင်ရှင်မယားကြီးဖြစ်သူသည် မိမိ လင်သည် အပြင်အပတွင် တွေ့ကရာအလေလိုက်နေခြင်းထက် အိမ်တွင်ကျွေးမွေးခိုင်း စေထားသော အစေခံမကလေးနှင့် လွန်ကျူးဖြစ်ပျက်ခြင်းကို သဘောတူ မနောဖြူနိုင် ပေ၏။ အကယ်၍သာ လင်ဖြစ်သူသည်အပြင်အပ၌ တွေ့ကရာအလေလျှောက်၍လိုက် နေလျှင် ရောဂါလည်းရ ငွေလည်းကုန်ပြီးတော့ လူ၏ဂုဏ်သိက္ခာလည်း ထိခိုက်လိမ့် မည်မဟုတ်ပါသလော။ ထိုသို့အပြင်အပ၌ တွေ့ကရာအလေလိုက်စေမည့်အစား အိမ်တွင် ခိုင်းစေထားသော အစေခံမကလေးဆီသို့ သူ၏အာရုံကိုပြောင်းလဲခွင့် ပြုပေးထားခြင်း ဖြင့် ရောဂါလည်းမစိုးရိမ်ရ၊ ငွေလည်းမကုန်သေးသာမက မိမိလင်သား၏ သိက္ခာကိုပါ ထိန်းသိမ်းဖုံးဖိထားနိုင်ပေလိမ့်မည် မဟုတ်ပါသလော။

သည်လို အစေခံမကလေးများကို ခေါ်ယူမွေးထားပေးပြီးလျှင် တစ်ယောက်ပြီး တစ်ယောက် အပြောင်းအလွဲလုပ်ပေးနေသော ယုတ်မာလှသည့် မြေပိုင်ရှင် အိမ်ထောင်ရေး စနစ်ဆိုးကြီး၏ သားကောင်အဖြစ် အဘယ်မျှရှိနေလိမ့်မည်ကိုကား အဘယ်လူမှု ဆက်ဆံရေး ဝိဇ္ဇာပညာရပ်၏ ပါရဂူနှင့်ပါမောက္ခတို့သည် အရေးတယူဂရုတစိုက် သုတေသနပြုလုပ်ကြဖူးပါလိမ့်။ ထိုကြေးစားပညာရှင်တို့သည် သူတို့အားမြေပိုင်ရှင် တို့က စွန့်ကြဲပေးကမ်းထားသော အရိုးအရင်းနှင့်အရက်ကြွင်းအရက်ကျန်ကလေး များကို တမြှေ့မြှေ့သောက်ရင်း "ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက် ၊ ပြီးမရောက်"လုပ်နေကြပေသည်။ အဘယ်မျှအရက်ကင်းမဲ့ကြသော ပြည့်တန်ဆာ၏ ဆွေမျိုးများပါလိမ့်။ ထားဝယ်ကြိမ်ကောင်းကောင်းနှင့် ဖင်လှန်၍ ခပ်နာနာကလေး ကော့သွားအောင် ရိုက်ပေးဖို့သာကောင်း၏။

ငြိမ်း၏ထပ်လောင်းတွေ့ကြုံရသေးသည့် ဒုက္ခကိုရင်ဆိုင်နေ၍ကား မဖြစ်တော့ ချေ။ သည်ကျားကို ရင်ဆိုင်ဇက်စင်းပေးပါက အရိုးပါမချန် ဝါးမျိုစားသောက်ပစ်လိုက် ပေတော့မည်။ ထို့ကြောင့် ငြိမ်းသည် ယခုအခါ၌ သည်ကျားကချောင်းနေသောတော ဝယ် ဆက်လက်နေထိုင်၍ကား မဖြစ်နိုင်တော့။ အခြားတောတစ်ခုခုသို့ အမြန်ဆုံး ပြောင်းလွဲမှသာ ချမ်းသာနိုင်ပေတော့မည်။

ငြိမ်းသည် ကျားကချောင်းနေပြီဖြစ်၍ ပိုမိုသတိထားကာနေထိုင်ရ၏။ ထိုသို့ သတိထားနေထိုင်ရင်းမှ မိမိအဘယ်သို့ထွက်ပြေးရမည်ကို တွေးတောကြံစည်ခြင်းပြု ရပေမည်။

ပြေးစရာတော့ မြေမရှိ။ ငြိမ်းသည်တစ်ခါတစ်ရံ မိမိ၏ရွာသို့ပြန်ပြေး၍ တစ်ဦးဦး ထံ၌ ကပ်ရပ်မှီခိုနေထိုင်ရက ကောင်းလေမည်လားဟု စဉ်းစားကြည့်မိလေ၏။ သို့ရာတွင်

ထိုအကြံအစည်မှာ လွယ်ကူလှမည်မဟုတ်ပေ။ မိမိတို့တောရွာ၌ သူတို့အဘယ်မျှ ဆင်းရဲကျပ်တည်းနေသည်ကို ငြိမ်း ကောင်းစွာသိရှိလေသည်။ ကိုယ့်တစ်ဝမ်းတစ်ခါးမှ အနိုင်နိုင်နှင့်မသေရုံတမယ်ကလေး ဖြစ်နေကြရသူများအား သွားရောက်ဒုက္ခပေးသလို ကျနေပေလိမ့်မည်။ အကယ်၍ မိမိသည် ဘာပဲဖြစ်ဖြစ် ဖွတ်ပြန်သွားပါက ရွာမှလူများ သည် ငြိမ်းအားဖြစ်သလိုတော့ လက်ခံပြုစုကြမည်ဖြစ်သည်ကိုကား ငြိမ်းသည် သံသယ မဖြစ်မိပေ။ တောသူတောင်သားတို့သည် စိတ်ကောင်းနှလုံးကောင်းထားရှိ၍ လူလူချင်း အလွန်ညှာတာ ကြင်နာတတ်ကြသော လူရိုးလူကောင်းများသာဖြစ်ကြလေ သည်။ သို့ရာတွင် မိမိတစ်ယောက်အတွက် အခြားတစ်ပါးသူတွင် တာဝန်ကြီးလေး ၍ ဆင်းရဲဒုက္ခရောက်ရခြင်းကို ငြိမ်းသည်မကြည့်လိုမမြင်လိုပေ။

ငြိမ်းသည် ညဘက်တစ်ရေးနိုးများတွင် တောင်တွေးမြောက်တွေးနှင့် အပြော ကျယ်လှသော သည်ကမ္ဘာမြေပြင်ဝယ် မိမိမှာနေစရာမရှိသောအဖြစ်ကို ဝမ်းနည်းပက် လက်ဖြစ်နေရပေသည်။ သူ့အိုးနှင့်သူ့ဆန် တန်ရုံဆိုသော စကားသည်ပင် ငြိမ်းအတွက် အဓိပ္ပါယ်ချို့တဲ့သလို ရှိလာပေသည်။

တော၏သားကောင်တို့၌ပင် သားရဲတွင်းနှင့်အသိုက်မြုံများ ရှိကြသော်လည်း ငြိမ်းမှာခြေနှစ်ချောင်းသာလျှင် ရပ်တည်ရာရှိ၏။ အမိုးနှင့်အကာတို့ကား မရှိကြ။ နေပူ လျှင်ခြောက်၍ မိုးရွာသောအခါစိုရပေသည်။

ထိုသို့ခြေသလုံးကိုသာ အိမ်တိုင်ပြု၍ အမိုးနှင့်အကာမရှိသော လဟာပြင်၌ရပ် တည်နေရမည့် မိမိ၏ဘဝကိုစဉ်းစားမိသောအခါ ငြိမ်းသည် ရှောင်ကွင်းရမည်ကိုမတွေး တတ် မကြံဆတတ်အောင်ဖြစ်မိ၏။ ရှေ့သို့တိုးရသောကာလ၌ ထမ်းပိုးကကြီးလေးလှ ၍ နောက်သို့ဆုတ်မည်ဆိုပါက လည်းတုတ်သည်ချမ်းသာပေးတော့မည်ကား မဟုတ်ပေ။

အမေတို့အဖေတို့ရေ၊ ကျုပ်ဖြစ်နေရတဲ့ ဒုက္ခတွေကို ထလို့များကြည့်နိုင်သေးရင် ထကြည့်လှည့်ပါဦးလား။

ငြိမ်းသည် နားအေး၍ မျက်စိမှိတ်သွားကြပြီးဖြစ်သော မိဘတို့အား တိုင်ကြား ပြောဆိုလိုက်ချင်ပါ၏။ သို့ရာတွင် သူတို့ကတော့ ငြိမ်း၏ဒုက္ခကိုမကြားချင်ကြတော့၊ မသိချင်ကြတော့။ ပြောရသော ငြိမ်းသာ သေရပေလိမ့်မည်။

ငြိမ်းသည် မျက်ရည်နှင့်မျက်ခွက်များကို သိမ်းဆည်းပြီးသောအခါတိုင်း လေးဆူ ဓာတ်ပုံအား လက်အုပ်ချီကာ မရနိုင်သေးသောဆုကို မမောမပန်းတောင်းရပြန်၏။

"သည်ဘဝမှ ဘုရားတပည့်တော်မ လွတ်မြောက်ရပါလိုသည် အရှင်ဘုရား"

ငြိမ်းသည် ၎င်း၌အားထားစရာဆို၍ ဘုရားရှင်သာရှိတော့သဖြင့် ဘုရားရှင်ထံ၌ သာ ချဉ်းကပ်၍တိုင်ကြားတောင်းဆိုရပေ၏။ သို့ရာတွင် ဝဋ္ဋလိအား ဆုံးမခဲ့သော

ဘုရား၏ဒေသနာကိုကား ငြိမ်းသည်နလုံးမသွင်းတတ်ရှာသေး။ ကိုယ့်ကိုယ်ကိုယ် မသိသေး၍ ကိုယ့်ကိုယ်ကိုယ် မကယ်နိုင်ဟူသော သွန်သင်ချက်ကို ငြိမ်းသည်လက်ခံရမှန်းမသိရှာသေး။ စိတ်နလုံးအားနည်းတိုင်း ဆုသာတောင်းနေ၏။

သည်လိုဆုတောင်းနေကာမျှနှင့် ဘုရားရှင်သည် နိဗ္ဗာန်မှပြန်ထွက်လာကာ ငြိမ်းကျရောက်နေသော ဘ၀အတွင်းမှလွတ်ကင်းအောင် ကယ်တင်ပေးမှာတဲ့လား။

ငြိမ်းသည်လွတ်မြောက်ရေးလမ်းစကို မသိရှာသဖြင့် များစွာတုန်လှုပ်ချောက်ချားနေပေ၏။ ကြောက်လန့်နေ၏။ ကြောက်လန့်သဖြင့် ငြိမ်းသည်သည်းထန်စွာငိုကြွေးလေ၏။ ကြောက်လန့်သဖြင့် ငြိမ်းသည်ဘုရားရှင်အား အော်ဟစ်ဆုတောင်းလေ၏။

ငြိမ်း၏ထိတ်လန့်ကြောက်ရွံ့စွာ ငိုကြွေးအော်ဟစ်ဆုတောင်းသံကိုကြားသော ငြိမ်း၏ဘုရားရှင်သည် ငြိမ်းအနီးသို့ရောက်မှန်းမသိရောက်၍ နေလေပြီကိုကား ငြိမ်းသည်အဘယ်သို့များ သိနိုင်ပါမလဲ။

၁၉၂၀ ခုနှစ်၊ နို၀င်ဘာလ ၁၁ ရက်နေ့က ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် ဗမာနိုင်ငံအား ဗြိတိသျှနယ်ချဲ့သမားက ကိုလိုနီနိုင်ငံကလေးအဖြစ် သိမ်းပိုက်အုပ်ချုပ်၍ နှစ်ပရိစ္ဆေဒကြာညောင်းစွာ ညှဉ်းပန်းဖိနှိပ်လာခဲ့ခြင်းအား ရှေးဦးစွာအံ့ကြွထကြွ၍ သပိတ်လက်နက်ကို စွဲကိုင်ကာ တိုက်ခိုက်လိုက်ကြသော အမျိုးသားရေးအရေးတော်ပုံကြီးပေါက်ကွဲထွက်ပေါ်လာနေခြင်းအား အစေခံကလေးငြိမ်းသည် အဘယ်သို့နားလည်ပါသနည်း။

ရန်ကုန်တက္ကသိုလ် သပိတ်ကျောင်းသားများ ဗဟန်းဘက်တွင် လာရောက်တပ်စွဲကာ ဗြိတိသျှနယ်ချဲ့သမားအား ခုခံတိုက်ခိုက်နေခြင်းများကိုလည်း ငြိမ်းတစ်ယောက်က ဘာမျှမသိရှာပေ။ ငြိမ်းတို့နေထိုင်ရာ ဗဟန်းဘက်ဇရပ်၌ ဗြိတိသျှနယ်ချဲ့သမားအား ဗမာနိုင်ငံမှတိုက်ခိုက်မောင်းထုတ်ဖို့ရန်အတွက် တပ်စွဲလာသောတက္ကသိုလ် သပိတ်မှောက်ကျောင်းသားများအထဲတွင် ငြိမ်း၏ငိုကြွေးဆုတောင်းသံကို နားညောင်း မည့်ငြိမ်း၏ဘုရားပါလာသည်ကိုလည်း ငြိမ်းသည်ဘယ်လိုသိရှိနိုင်မည်လဲ။

သို့ရာတွင် ငြိမ်း၏ငိုကြွေးဆုတောင်းသံကို နှစ်သိမ့်သာစေမည့် လူကတော့ ငြိမ်း၏အနီးသို့ရောက်၍ လာခဲ့လေပြီ။ ငြိမ်းကသာ အစေခံကလေးဖြစ်၍ မသိရှာသေးခြင်းဖြစ်ပေလိမ့်မည်။

ထိုငြိမ်း၏ဘုရားသည် ငြိမ်း၏အနီး၌လာ၍ရပ်နေ၏။ ငြိမ်းကတော့ ညအိပ်ရာ၀င်တိုင်း ပြတင်းပေါက်မှလက်အုပ်ချီကာ မြတ်တိဂုံအား အော်ဟစ်နေရှာတုန်းဖြစ်ပေသည်။

"ကိုရင်မောင်ရေ တော့်ကိုကျုပ်ဘယ်လိုမေ့နိုင်ပါ့မလဲ ကျေးဇူးရှင်ကြီးရဲ့"

အမေသည် အငြင်းပယ်ခံကလေးငြိမ်းအား အောက်ဆုံးလှူ့အလှူနှင့် ကျားရဲ၏ဘေးရန်မှ ကယ်တင်ခဲ့သော တက္ကသိုလ်သပိတ်မှောက် ကျောင်းသား ကိုရင်မောင်အား လွမ်းဆွတ်တသစွာ ရည်တမ်းလိုက်မိ၏။

ကိုရင်မောင်သည် အမေ၏ရည်တမ်းသံကို ယခုအခါဝယ်မကြားနိုင်ရှာတော့ ။ သူသည်နားအေး၍ မျက်စိလည်းမှိတ်ပြီးသွားခဲ့လေပြီ။

ဘာမျှမသိရှာသော ငြိမ်းတစ်ယောက်သာ ငိုကြွေးနေရှာတုန်းဖြစ်လေ၏။

# တစ်ခုသောဘဝနှင့် ငြိမ်း

## (က)

"ညီမလေးအဖြစ်ဟာ တယ်လဲသနားစရာကောင်းပါကလား မိငြိမ်းရယ်"

ငြိမ်း၏လူမှန်းသူမှန်း သိတတ်လာခဲ့ရသော အသက်အရွယ်မှစ၍ ချစ်သော ကိုရင်မောင်တစ်ယောက်နှင့် မတွေ့ဆုံရမီအချိန်ကာလများ တစ်လျှောက်လုံး၌ ငြိမ်း အသက်ရှင်ခဲ့ရသော နေ့ရက်များကို ပြန်လည်စဉ်းစားလိုက်သောအခါဝယ် အမေသည် ညည်းတွားခြင်းဖြင့်သာ စခဲ့လေသည်။ အဘယ် လူ့ဘဝ၏ သာယာခံစားခွင့်ပျော်ရွှင် ရယ်မောနိုင်ခွင့်တို့သည်ကား ဝေးသေးစွ။ အသက်လေး ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အဆက် မပြတ်ရှူနေနိုင်ဖို့အရေးပင် အဘယ်မျှပင်ပန်းနာကျင်ခဲ့ရပါသနည်း။ ဒုက္ခဆင်းရဲခြင်းများ နှင့်ပင် မရပ်တန့်နိုင်သေးဘဲ မြေရှင်အရင်းရှင်များ၏ ခြေတော်ရင်း၌ အလုပ်အကျွေး လည်းပြုခဲ့သေး၏။ ခြေတော်ရင်း၌ အလုပ်အကျွေးပြုနေခြင်းကိုမှ မတင်းတိမ်နိုင်သေး သော သမ္မာရှင်က ခြေတော်တင်ရန်ပင် ကြံစည်လိုက်ချေသေး၏။ ကံဆိုးမ သွားလေရာ၌ မိုးကလိုက်၍သာ ရွာနေခဲ့သော ငြိမ်း၏ လူ့ဘဝအပျိုအရွယ်သို့သာ တိုင်လာသည်အထိ အဘယ်သက်သာခံသာသော တစ်ကွက်တလေများ ရှိခဲ့ပါသေးသနည်း။

သို့သော်လည်း အမေသည် ယခုအခါ၌ တက္ကသိုလ်သပိတ်မှောက်ကျောင်းသား မောင်ရင်မောင်နှင့် ခိုကိုးရာကင်းမဲ့၍ အတိဒုက္ခရောက်ခြင်းမလှရောက်ရရှာသော အစေခံ ကလေး မိငြိမ်းတို့၏ဝတ္ထုကို စတင်၍စဉ်းစားလာရပေပြီ။

ငြိမ်းနှင့် ကိုရင်မောင်တို့၏တွေ့ဆုံ၍ အစပျိုးခဲ့ရသော အိမ်ထောင်ရေးဇာတ်လမ်း သည် ရိုးသား၍ကျွန်ခြွေလည်းရှိပေသည်။။ ကလေးကလားမဟုတ်။ ကလက်တက်တက် မရှိ။ တစ်ဦးကိုတစ်ဦး လိုအပ်နေခြင်းအား ပွင့်ပွင့်လင်းလင်းဖွင့်ဟပြောကြား၍ နားလည်

စေခဲ့ကြခြင်းဖြစ်၏။ ထိုကဲ့သို့ တစ်ဦးကိုတစ်ဦး နားလည်ကြပြီးသည့်နောက်မှ ရဲရဲဝံ့ဝံ့ စွန့်စားခဲ့ကြသော လူဆန်လှသည့်အိမ်ထောင်ရေးသာ ဖြစ်လေသည်။

သို့ရာတွင် ခိုကိုးရာကင်းမဲ့နေသော အစေခံမကလေးငြိမ်းနှင့် တက္ကသိုလ်သပိတ်မှောက်ကျောင်းသား ကိုရင်မောင်တို့ တွေ့ဆုံချစ်ကြိုက်၍ ညားသွားကြလေသတည်းဟု ဆိုလျှင်တော့ ငြိမ်းနှင့်ကိုရင်မောင်တို့၏ ဝတ္ထုတစ်ပုဒ်မျိုးသာဖြစ်နိုင်ပေလိမ့်မည်။ ယခုခေတ်၌ အဘယ်တက္ကသိုလ်ကျောင်းသားသည် မိဘမဲ့အခြေအနေမရှိသော အစေခံမကလေးတစ်ယောက်ကို သားမယားအဖြစ် ယူငင်ပါမည်နည်း။ တစ်ထောင်တွင် တစ်ယောက်မဆိုထားပါနှင့်။ တစ်သောင်းတွင်တစ်ယောက်မှပင် ဖြစ်နိုင်ရန်ခက်လှပေသည်။ ခြေတော်တင်ရုံလောက်ဆိုလျှင်တော့ အများအပြားရှိနိုင်ပေမည်။

သို့ရာတွင် ငြိမ်းနှင့်ကိုရင်မောင်တို့၏ ဝတ္ထုသည် တွေ့ဆုံချစ်ကြိုက်၍ ညားခဲ့ကြသည်ဆိုသော ကာလပေါ်ဝတ္ထုများထဲမှ လူဖတ်များနေသော ဝတ္ထုဇာတ်လမ်းမျိုးတော့ကား မဟုတ်ခဲ့ပေ။

(ခ)

ကိုရင်မောင်မှာ မိဘများချမ်းသာ၍ အလွန်တရာငွေကြေးအကုန်အကျ များပြားလှသော တက္ကသိုလ်အထက်တန်းပညာရပ်များကို သင်ကြားနိုင်ရှာသူတော့ကား မဟုတ်ပေ။ သူ၏ဖခင်သည် တောနယ်မှာ မြေတိုင်းအင်စပတ်တော်ကလေးမျှသာဖြစ်၍ သားသမီးလည်းများပြားလှသော ၎င်းအိမ်ထောင်ကို အနိုင်နိုင်ကျွေးမွေးထိန်းသိမ်းထားရသူသာဖြစ်သည်။ သို့ရာတွင် ကိုရင်မောင်သည် ဉာဏ်လည်းကောင်း၍ ဝီရိယလည်းရှိသောကြောင့် အစိုးရကထောက်ပံ့သောစားရိတ်ဖြင့် ၇ တန်းမှ ဆယ်တန်းကိုတက်ရောက်သင်ကြား၍ အောင်မြင်ခဲ့ကာ ထိုမှတစ်ဖန် အစိုးရထံမှ ဆက်လက်ရရှိပြန်သော အထောက်အပံ့ကလေး ချို့ချို့တဲ့တဲ့ဖြင့် ရန်ကုန်တက္ကသိုလ်ပညာသင်ကြားနေရှာသော ကျောင်းသားမျှသာဖြစ်သည်။

သို့ရာတွင် ငြိမ်းနှင့်ပေါင်းသင်း၍ သားတစ်ယောက်ကို ရရှိလာကြသည်အထိ ကိုရင်မောင်သည် ၎င်း၏ချစ်သောငြိမ်းအား သူ့မိဘများအကြောင်းကို ဖြူသည်မည်းသည်ဟူ၍ပင် မပြောစဖူးခဲ့ပေ။ ကိုရင်မောင်သည် ၎င်း၏မိဘများနှင့် အကြီးအကျယ်ခွဲခဲ့ရသောကြောင့် ထိုလူကလေးမောင်ချစ်ဦးကို ကျောင်းစ၍ထားသော ငါးနှစ်သားအရွယ်လောက်ကျမှ ဖွင့်၍ပြောပြခဲ့၏။ ထိုစိတ်ကွဲခဲ့ရသော အဓိကအကြောင်းရင်းမှာ ၎င်း သပိတ်မှောက်ခြင်းမှ အစပြုခဲ့လေသည်။

ကိုရင်မောင်ဆယ်တန်းအောင်သည့်နှစ်တွင် ၎င်း၏မိခင်သေဆုံး၍ ဥပစာပထမနှစ်ပြီးစီးသောအခါ ၎င်းဖခင်သည်နောက်အိမ်ထောင်ပြုခဲ့သော်လည်း သားအဖချင်း စိတ်ဝမ်းကွဲမှုသည် မရှိခဲ့ပေ။ ကိုရင်မောင်သည် အကြီးဆုံးသားယောကျ်ားကလေးဖြစ်၍ ၎င်းအောက်၌အငယ်ငါးယောက်ရှိသေး၏။ ထိုကလေးငယ်များနှင့် ၎င်းဖခင်နောက်ထပ်ယူငင်ထားသောမယားနှင့် တကျက်ကျက်ဖြစ်ရစဉ်လည်း သားအဖစိတ်ဝမ်းကွဲခြင်း မရှိခဲ့ပေ။

ကိုရင်မောင်၏ဖခင်က ကိုရင်မောင်အား တက္ကသိုလ်၌ ပညာသင်ကြား၍ ဘွဲ့များရရှိပြီးသောအခါ အစိုးရအမှုထမ်းအရာထမ်းလုပ်စေလိုသော အာသာဆန္ဒရှိ၏။ ထိုစဉ်အစိုးရလခစား အရာရှိများသည် ဂုဏ်အသရေရှိ၍ ခံ့ခံ့ညားညား စားသောက်နေထိုင်နိုင်သော လူတန်းစားများဖြစ်သဖြင့် ၎င်းဖခင်၏စေတနာမှာ မိမိ၏တစ်အိုးတစ်အိမ်လောက်၌သာ ကုန်ဆုံးနေသော်လည်း ကိုရင်မောင်ကတော့ ၎င်း၏ဖခင်ကဲ့သို့ လူ့ဘဝအမြင်မျိုးမဟုတ်ခဲ့ပေ။ သူသည်တစ်အိုးတစ်အိမ်ထက် အများ၏အရေးကိုပါ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာတတ်သော လူငယ်တစ်ဦးဖြစ်လာခဲ့၏။ ရပ်ရေးရွာရေးမှ မြို့ရေးပြည်ရေး၊ သူ၏အမြင်သည် တိုးတက်လျက်ရှိနေခဲ့ပေ၏။ ဗမာနိုင်ငံအား လာရောက်အုပ်ချုပ်ကာ သခင်လုပ်နေသော ဗြိတိသျှနယ်ချဲ့သမား၏ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားအတွင်း၌ အလုပ်အကျွေးပြုရင်း လူများစု၏အရေးကိုဆန့်ကျင်၍ မိမိတစ်အိုး တစ်အိမ်ကောင်းစားချမ်းသာရမည့်အရေးကို ထိုကဲ့သို့တစ်စထက်တစ်စတိုးတက်နေသော အသိအမြင်များရှိလာခဲ့သည့် ကိုရင်မောင်က အဘယ်ကဲ့သို့ ၎င်း၏ဖခင်နှင့် သဘောချင်းသဘာဝချင်းညှိနိုင်း၍ ရနိုင်ပါမည်နည်း။

၎င်း၏ဖခင်က အိုင်စီအက်(စ်)အကြောင်းကို သွားရည်တမြားမြားနှင့် မြိန်ရေယှက်ရည်ပြောနေစဉ်အချိန်များ၌ ပထမကမ္ဘာစစ်ကြီးအပြီး အောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေးကြီး၏ အရှိန်အဝါကြောင့် တစ်ကမ္ဘာလုံးနိုးကြား လှုပ်ရှားနေခြင်းအား ၎င်းတို့၏ အင်ပါယာတွင် ဟန့်တားနိုင်ရန်အတွက် ဗြိတိသျှနယ်ချဲ့သမားက ထုတ်ပြန်ကြေညာလိုက်သော "မွန်တေဂူ"ကြေညာစာတမ်းကို ကိုရင်မောင်သည်လေ့လာနေ၏။ ဘယ်သူ့သားမြို့အုပ်ဖြစ်၍ ဘယ်သူ့သားက ဝန်ထောက်ဖြစ်သွားပြန်ပြီဟု ၎င်း၏ ဖခင်သည် ၎င်း၏အပေါင်းအသင်းများနှင့် ပြောဆိုနေစဉ် ကိုရင်မောင်က အိန္ဒိယအင်ပါယာအတွင်း၌ ရှိသော်လည်း အိန္ဒိယအတွက်သာပေးပြီး ဗမာပြည်အတွက် ဝကွက်ချန်လုပ်ထားခဲ့သော "မွန်တေဂူ ချမ်းစဖော့ဒ်" အုပ်ချုပ်ရေးအား ကန့်ကွက် သောလူထုစည်းဝေးပွဲများ၌ သွားရောက်နားထောင်နေ၏။ ထိုသို့ "မွန်တေဂူ ချမ်းစဖော့ဒ်" အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဗမာပြည်သူတို့က တစ်စထက်တစ်စ နိုးကြားအုံကြွ၍ ကန့်ကွက်နေ

ဆဲမှာပင် ဗမာပြည်၏ လက်ထောက်ဘုရင်ခံ ကရက်ဒေါက်၏ နားလှည့်ပါးရိုက်သော "ကရက်ဒေါက်" အုပ်ချုပ်ရေးအား ထုတ်ပြန်လိုက်ခြင်းကို ကိုရင်မောင်သည် လူငယ်တစ်ဦးအနေနှင့် ပြင်းပြင်းထန်ထန်ကလော်ဆဲခဲ့သူဖြစ်၏။

သည်ကဲ့သို့ ဗြိတိသျှနယ်ချဲ့သမားအား စတင်ဆန့်ကျင်လာသော အမျိုးသားရေးနိုးကြားအုံကြွမှုခေတ်အတွင်းမှ တိုးတက်နေခဲ့သော ကျောင်းသားလူငယ်တစ်ဦးနှင့် ဗြိတိသျှနယ်ချဲ့သမား၏ ဖြူရိုကရက်ယန္တရားကို အထင်ကြီးနေခဲ့သော ဖခင်တို့၏ လူ့ဘဝအမြင်ချင်းကွဲပြားမှုမှာ မည်ကဲ့သို့လျှင်ရင်ကြားစေ၍ကော ရနိုင်ပါဦးမည်နည်း။

ကိုရင်မောင်တက္ကသိုလ်ရောက်ရှိသောအခါ ၎င်း၏ဖခင်က ထိုခေတ်အခါ ပိုက်ဆံချမ်းသာသော မြေပိုင်ရှင်နှင့် ကုန်သည်အစိုးရ သားသမီးများသာ သင်ကြားနိုင်ကြသော တက္ကသိုလ်တွင် ထိုလူတန်းစားသားသမီးများနှင့် ပေါင်းသင်းဆက်ဆံရရင်း ၎င်းလိုချင်သော ပုံသဏ္ဌာန်အဖြစ်သို့ ကူးပြောင်းလိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း ဗြိတိသျှနယ်ချဲ့လောင်းရိပ်အောက်၌ အညွန့်ကျိုးနေကြရသော ကုန်သည်သားသမီးများ၏ အုံကြွနိုးကြားမှုကိုလည်း ထည့်တွက်ခဲ့ဟန်မတူပေ။ ကျောင်းသားနှင့် မိဘတို့သည် ခွဲခွာ၍မရကောင်းသည်ဖြစ်၍ ကျောင်းပရဝုဏ်အပြင်ဘက်၌ မိဘတို့ခံစားမှုများသည် ကျောင်းခန်းအတွင်း၌ စာသင်ကြားနေသော သားသမီးများအားလည်း လာရောက်၍ ရိုက်ခတ်သဖြင့် တက္ကသိုလ်ကျောင်းသားများသည်လည်း ကျောင်းစာကိုအေးအေးမသင်နိုင်တော့သည့် အဖြစ်သို့ရောက်ရှိနေကြ၏။ ကိုရင်မောင်၏ဖခင်သည် ၎င်း၏သားအတွက် ဘီအေအောင်သောအခါ မြို့အုပ်ဖြစ်မှာပဲဟူသော တွက်ကိန်းနှင့်စိတ်အေးလက်အေးရှိနေစဉ် ဗမာပြည်ဘုရင်ခံ ကရက်ဒေါက်အား "ကရက်ဒေါက်ပြန်သွား" ဟု ကြေညာမောင်းထုတ်နေသော အမျိုးသားရေးခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည့် ဆရာတော်အရှင်ဥတ္တမအား မအူပင်၌ဖမ်းဆီး၍ ထောင်တစ်နှစ်ချလိုက်ခြင်းကို ကျောင်းသားများစုဝေးကာ ဗြိတိသျှနယ်ချဲ့သမားအား ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုံ့ချကြသူများတွင် ကိုရင်မောင်သည် တက်ကြွသောကျောင်းသားတစ်ဦးဖြစ်နေ၏။ ဗြိတိသျှနယ်ချဲ့သမား၏ အိန္ဒိယအင်ပါယာထဲသို့ အတင်းအဓမ္မသွတ်သွင်းထားခြင်းခံနေခဲ့ရသော ဗမာပြည်အားအိန္ဒိယကဲ့သို့ အလားတူဒိုင်အာခီအုပ်ချုပ်ရေးပေးရန် ညင်းဆန်နေသော ဗြိတိသျှပါလီမန်ကို ရှုံ့ချကလော်ဆဲနေကြသော ကျောင်းသားအုပ်စုများထဲ၌လည်း ကိုရင်မောင်သည်ထက်သန်လှသော လူငယ်တစ်ဦးဖြစ်လေ၏။

သည်လိုဗြိတိသျှနယ်ချဲ့သမားက ဗမာပြည်အားခေတ်နောက်ပြန်ဆွဲကာ ဖိနှိပ်ချုပ်ချယ်ထားခဲ့သော ကိုလိုနီစနစ်အား တစ်စထက်တစ်စပြည်သူတို့က စတင်သိရှိနိုး

ကြားထကြွစပြုနေဆဲအချိန်ဝယ် ရန်ကုန်ကောလိပ်ကျောင်းသားများသည် ၎င်းတို့အား ဖိနှိပ်ထားသော ကျွန်ပညာရေးဟုခေါ်ဆိုရမည့် ကိုလိုနီစနစ်ပညာရေးအား မကြုံစဖူး ထူးကဲပြောင်မြောက်သော ဖွဲ့သတ္တိတို့ဖြင့်စတင်တိုက်ခိုက်လိုက်ကြသော ဗြိတိသျှနယ်ချဲ့သမားဆန့်ကျင်ရေး အရေးတော်ပုံကြီးသည် ပေါက်ကွဲထွက်ပေါ်လာသောအခါ ထိုနယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံ၌ ကိုရင်မောင်သည်လည်း တပ်သားကြီးတစ်ယောက်ဖြစ်လာရလေသည်။

ကျောင်းသားနှင့်မိဘဖြစ်ကြသော ပြည်သူတို့၏အရေးသည် မည်ကဲ့သို့မျှခွဲခွာ၍ မရစကောင်းသောအရေးကြီးတစ်ရေးဖြစ်သည်ကို ကောင်းစွာသိရှိနားလည်ထားခဲ့သော ကျောင်းသားလူငယ်တစ်ဦးဖြစ်သည့် ကိုရင်မောင်နှင့် တစ်ဦးတစ်ယောက်၏ တစ်အိုးတစ်အိမ်ထောင် ကောင်းစားချမ်းသာရေးလောက်နှင့်သာ လမ်းဆုံးနေရှာသော ဖခင်တို့၏ကွဲလွဲချက်မှာ ရန်ကုန်ကောလိပ်သပိတ်ကြီးတွင် အဘယ်ကဲ့သို့မျှ ရင်ကြားစေ့၍မရနိုင်အောင်ဖြစ်သွားခဲ့လေသည်။

ရန်ကုန်ကောလိပ်ကျောင်းသားများ သပိတ်မှောက်၍ တစ်ပတ်ခန့်ကြာလျှင် ကိုရင်မောင်သည် ၎င်း၏ဖခင်ထံမှအသွားအပြန် ရိုက်ကြားလိုက်သော ကြေးနန်းကို အေးချမ်းစွာဖတ်ကြည့်မိ၏။

"မောင်ရင်မောင် မင်းကျောင်းသို့ အမြန်ပြန်တက်ပြီး စာမေးပွဲဖြေရန်ကြိုးစားပါ"

ဖခင်ထံမှ ထိုကြေးနန်းကို သားဖြစ်သူ ကိုရင်မောင်ကလည်း ပန်ကြားလိုက်လေသည်။

"ကျွန်တော်တို့အရေးသည် မှန်သောအရေးဖြစ်ပါသည်။ အများပြည်သူတို့၏ အရေးလည်းဖြစ်ပါသည်။ နောင်လာနောင်သားများ၏ အရေးပါဖြစ်ပါသည်။ ထို့ကြောင့် ထိုအရေးမအောင်မြင်မချင်း ကျွန်တော်သည် ကျောင်းပြန်မတက်နိုင်သေးပါ။ စာမေးပွဲလည်းဖြေရန် အခွင့်ပါယ်မရှိပါ။ ဤအကြောင်းပြချက်သည် လုံလောက်ပါပြီဟု ကျွန်တော်မျှော်လင့်နေပါသည်"

ထိုသို့ ကြေးနန်းပြန်ရိုက်လိုက်ပြီးနောက် ၃ ရက်ခန့်ကြာသောအခါ ၎င်း၏ဖခင်ထံမှ ထပ်မံရိုက်ကြားလိုက်သော ကြေးနန်းတစ်စောင်ကို ရရှိပြန်လေ၏။

"မင်းသည် အရွယ်ရောက်နေပြီဖြစ်သည့်အတိုင်း မင်းမှန်သည်ထင်ရာကို မင်းသဘောနှင့်လုပ်နေပြီဖြစ်၍ နောက်ထပ်တစ်သက်လုံး မင်းကိုဘာမျှပြောတော့မည် မဟုတ်တော့။ ထိုသို့ပြောရဲအောင် မပြောနိုင်သောမင်း၏ဘဝနှင့် ရွေးချယ်ရမည့်လမ်းကိုလည်း မင်းသည်သိတန်လောက်ပြီဟု ယုံကြည်သည်"

သားနှင့် အဖေတို့၏ ပဋိပက္ခသည် အထွတ်အထိပ်သို့ရောက်ခဲ့၏။ သဘာဝနှင့် လူ့လောကအမြင်ချင်း တောင်နှင့်မြောက်လိုဖြစ်သွားကြပြီဖြစ်သော သားနှင့်အဖေသည် တစ်ခုတည်းသောအိမ်ခေါင်မိုးအောက်တွင် အတူတကွအိပ်စက်ရန်မှာ မဖြစ်နိုင်တော့။

ထိုစကားလုံးများမှာ နင့်သီးလွန်းသည်ဟု ကိုရင်မောင်သဘောရ၏။ သို့ရာတွင် မှန်ကန်သည်ကိုကား သူသည် မငြင်းပေ။ ထို့ကြောင့်လည်း ကိုရင်မောင်သည် ၎င်းဖခင် မမြင်နိုင်မပြောနိုင်သောဘဝနှင့် လမ်းခရီးကိုစိတ်နှလုံးဒုံးဒုံးချ၍ ရွေးချယ်လိုက်ခဲ့ဟန်ရှိပေသည်။

မျက်ရည်နှင့်မျက်ခွက် ဖြစ်နေခဲ့ရသော ငြိမ်းက အခြေအနေမှဲ့ပညာတတ် ကိုရင်မောင်အား သည်ကဲ့သို့ဘဝနှင့် လမ်းခရီးတွင်တွေ့ဆုံခဲ့ရခြင်းသာ ဖြစ်ပေသည်။

တကယ်ဆိုသောအခါ ငြိမ်းသည် မြေပိုင်ရှင်အိမ်တွင် အစေခံကလေးလုပ်နေရရှာသော လယ်သမား၏သားသမီးဖြစ်ခဲ့ရသည့် "နမောတဿ ဘဂဝတော အရဟတော" ထက်လွဲ၍ ဘာမျှတော့မတတ်ပေ။ လုပ်မှကိုင်မှ ထမင်းကိုမသေရုံတမယ် စားရသည်ကိုတော့ ဘဝကချပေးသောကြောင့် သိရှိရပေသည်။ ငြိမ်းအား "ဝိုင်အမ်ဘီအေ" ဆိုသောစာလုံးများကို ပုတ်လောက်ရေးပြ၍ပင် သိလိမ့်မည်ကားမဟုတ်ပေ။ "တူ သာသင်း" နှင့် "ဖေ ပု ရှိန်" ဆိုသောစကားများကို ကြားဖူးလိမ့်မည်လည်းမဟုတ်ပေ။ "ဟုမ္မရူးနှင့်ဒိုင်အာခီ" ဆိုသောလူအများပြောနေကြသော စကားသည် ငြိမ်းအတွက် အဘယ်သို့မှနားမလည်နိုင်သော ဝေါဟာရများဖြစ်နေ၏။ ငြိမ်းသည် သူတစ်ပါးအိမ်တွင် ကျွန်လုပ်ရသောကြောင့် နေ့မအား ညမအားပင်ပန်းနေရသူကလေးဖြစ်ရာ ထိုခေတ်အခါက ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုတွင် ခေါင်းကြီးပိုင်းမှဆောင်ရွက်နေကြသော ဦးဘဖေ၊ ဦးမေအောင်၊ ဦးနုစသော နာမည်များကိုမှပင် မကြားစဖူးခဲ့ပေ။ တကယ်ဆိုသောအခါ အမျိုးသားရေးကြီးထွားလာခဲ့ရာတွင် ပြည်ညီလာခံကြီး၌ ဝိုင်အမ်ဘီအေ အသင်းကြီးအား ဂျီစီဘီအေအဖွဲ့ချုပ်ကြီးဟူ၍ တစ်ဆင့်တိုးတက်ပြောင်းလွဲလိုက်သည်မှာပင် နေ့မအားညမအား ကျွန်ခံ၍နေရရင်း ကျားရဲအချောင်းကိုလည်း ခံနေရသော သားကောင်မကလေး ငြိမ်းကဘယ်လိုများ စိတ်ဝင်စားပြီး သိနိုင်ပါမည်နည်း။

ငြိမ်းသိတာ တစ်ခုပဲရှိ၏။ သားကောင်မကလေးအား စားမျိုရန် ချောင်းနေသော ကျားရဲ။

ငြိမ်းဖြစ်ချင်တာ တစ်ခုပဲရှိ၏။ ထိုချောင်းအုပ်ရန်စောင့်နေသော ကျား၏သားကောင်ဘဝမှ လွတ်မြောက်ရေး။

ငြိမ်း၌ သည်သိတာနှင့် ဖြစ်ချင်တာတစ်ခုစီကလွဲ၍ အခြားဘာမျှမစဉ်းစားနိုင်ရှာပေ။

ထို့ကြောင့် တစ်ဦးတစ်ယောက်တွင် တစ်မျိုးစီကျရောက်နေခဲ့ကြရသော သားကောင်ဘဝတူချင်းဖြစ်သော တက္ကသိုလ်သပိတ်မှောက်ကျောင်းသား ကိုရင်မောင်နှင့် အစေခံမကလေးငြိမ်းတို့၏ ဝတ္ထုသည် လူကြိုက်များနေသော ကာလပေါ်ဝတ္ထုဇာတ်လမ်းမျိုးထဲက မဟုတ်ဟုဆိုလိုက်ရခြင်းပင်ဖြစ်ပေသည်။ သူတို့နှစ်ဦး၏ ဝတ္ထုသည် လူဆန်သောအကြောင်းအရာများတို့ဖြင့်သာ ဆက်စပ်ထားပေသည်။

ကိုရင်မောင်အား ခံညားထည်ဝါလှသော တက္ကသိုလ်ကျောင်းသားပညာတတ်တစ်ယောက်အနေနှင့် အပေါ်ယံကြောမှ ကွက်ကွက်ကလေးကြည့်ခြင်းဖြင့် ပြည့်စုံမှန်ကန်ခြင်းရှိလိမ့်မည်မဟုတ်သကဲ့သို့ ငြိမ်းကိုလည်း ခိုကိုးရာမဲ့၍ အတိဒုက္ခရောက်နေသော အစေခံမကလေးတစ်ယောက်အဖြစ်နှင့် ကြည့်ရှုံမှုနှင့် လုံလောက်လိမ့်မည်မဟုတ်ပေ။ သည်လူအထီးနှင့် အမသတ္တဝါနှစ်ဦးသည် အသွေးအသားအသိဉာဏ်များဖြင့် ဖွဲ့စည်းထားသော သတ္တဗေဒသတ္တဝါများဖြစ်ကြသည့်နည်းတူ ဗြိတိသျှနယ်ချဲ့သမား၏ ကိုလိုနီစနစ်ကြီးအတွင်းမှ အသီးသီးပေါက်ဖွားလာခဲ့ကြသော ရလဒ်များလည်းဖြစ်ကြသည်။ ထို့ကြောင့် ကိုလိုနီစနစ် တည်တံ့ရေးအတွက် ဗြိတိသျှနယ်ချဲ့သမားက ထိန်းသိမ်းစောင့်ရှောက်၍ ကာကွယ်ခြင်းပြုထားသော ဗမာပြည်မြေပိုင်ရှင်စနစ်ကြီး၏ သားကောင်းမကလေးငြိမ်းနှင့် ကိုလိုနီပညာရေးစနစ်၏ သားကောင် ကိုရင်မောင်တို့၏ ဆက်စပ်နီးစပ်လာရမှုမှာ အရင်းစစ်လိုက်သောအခါ ကိုလိုနီလူနေမှု စနစ်ကြီးဘူတာသို့ ဆိုက်ရောက်၍လာရပေသည်။

အကယ်၍သာ ရှေးပဒေသရာဇ်ဗမာဘုရင်မင်းများလက်ထက်မှတစ်ဆင့် လက်ကြွင်းဖြစ်သော မြေပိုင်ရှင်စနစ် အပုပ်အသိုးကြီးအား ဗမာနိုင်ငံ၌အမျိုးသားစက်မှုလုပ်ငန်း မထွန်းကားစေနိုင်ရန်အတွက် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးဝါဒသည် ဆက်လက်ထိန်းသိမ်းခြင်း မပြုခဲ့လျှင် တောရွာနှင့်မြို့တော်၏ ပဋိပက္ခသည် ယခုကဲ့သို့ပြင်းထန်စွာဖြစ်ပွားရန် အကြောင်းမရှိတော့သဖြင့် လယ်ကန်သင်းဘေး၌ ငိုနေခဲ့ရသော ငြိမ်းသည် မြို့တော်မှမြေပိုင်ရှင်အိမ်သို့ ခြေတော်တင်ခံရရေးအတွက် အခစားဝင်ရောက်စရာအကြောင်းမရှိပေ။ ထိုနည်းနှင့်ပင် အမျိုးသားတိုးတက်မှုကို ဖိနှိပ်ချုပ်ချယ်၍ ကိုလိုနီစနစ်ဆက်လက်တည်တံ့စေနိုင်ရေးအတွက် ဗြူရိုကရေစီယန္တရားတွင် ဈေးပေါပေါနှင့် လိုအပ်နေသော ခိုင်းကောင်းရုံ အခိုင်းခံဗြူရိုကရက်ပေါက်စ တက္ကသိုလ်ကိုသာ ဖန်တီးထားရှိခဲ့ခြင်းကြောင့် အမျိုးသားရေးအသိနှင့်စိတ်ဓာတ်များ နိုးကြားပေါက်ကွဲစချိန်ဝယ် ကိုရင်မောင်တစ်ယောက်လည်း မွေးဖွားလာရခြင်းဖြစ်လေသည်။

ထို့ကြောင့် ဗြိတိသျှနယ်ချဲ့သမား၏ ဖိနှိပ်ညှဉ်းပန်းလွန်းမက ညှဉ်းပန်းချုပ်ချယ်လှသော ကိုလိုနီအုပ်ချုပ်ရေးစနစ်အတွင်းဝယ် လယ်ကန်သင်းဘေး၌ ငိုယိုနေခဲ့ရသော

ငြိမ်းနှင့် ကျွန်ပညာရေးကို အာခံတော်လှန်လာခဲ့သော ကိုရင်မောင်တို့သည် ယေဘုယျအားဖြင့် ဘဝတူညီ၍လာကြသော သားကောင်ကလေးများသာ ဖြစ်လေသည်။ ထိုသားကောင်ဖြစ်လာသော သတ္တဗေဒလူအထီးနှင့် အမသတ္တဝါကလေးနှစ်ဦးသည် ကိုလိုနီစနစ်၏ သံဖနောင့်အောက်ဝယ် လူးလွန့်နာကျင်စွာ ခံစားကြရရင်း တစ်ဦးနှင့်တစ်ဦးတွေ့ဆုံခဲ့ကြခြင်းဖြစ်၏။

သို့ရာတွင် သိကြားမင်းက လာရောက်တောင်းပန်သဖြင့်လည်းကောင်း၊ မြေကြီးပေါ်၌ အတိဒုက္ခရောက်ခြင်းမလှရောက်နေရှာသော သူမကလေးအား သနားညှာတာလှ၍လည်းကောင်း မိမိ၏နတ်သက်ကို စတေစိတ်ခံယူကာ မိုးမြင့်ဘုံမှ ကိုရင်မောင်သည် ဆင်းလာခြင်းကားမဟုတ်။ ပင်ကိုသဘာဝအားဖြင့် လူချင်းလူအပေါ် ကြင်နာတတ်သော သဘာဝအလျောက် ဆန့်ကျင်ဘက်လိင်ချင်း သဘာဝအလျောက်ပင်ပေါင်းစပ်ကြခြင်းသာဖြစ်လေ၏။

(ဂ)

တစ်ယောက်နှင့် တစ်ယောက်စ၍ တွေ့ကြမြင်ကြပုံမှာလည်း လူဆန်ဆန်တွေ့မြင်ဖူးကြခြင်းသာဖြစ်၏။

မနက်စောစော အရှင်သခင်များစားသောက်ကြရန်အတွက် ဗဟန်းဈေးသို့ လက်ဆွဲခြင်းကလေးဆွဲကာ ဈေးထွက်၍ဝယ်ရသောငြိမ်းအား ဗဟန်းဈေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ လက်ဖက်ရည်သောက်ရင်း ကိုရင်မောင်က စတင်၍တွေ့မြင်ဖူးခြင်းဖြစ်လေသည်။ ထိုနည်းတူပင် မိမိ မနက်စောစော ဈေးထွက်ဝယ်တိုင်း ထိုတစ်ခုတည်းသောလက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်သောက်၍ သောက်နေတတ်သော ကိုရင်မောင်အားငြိမ်းကလည်း စတင်မြင်ဖူးခြင်းသာဖြစ်လေ၏။

ထိုသို့တစ်ဦးနှင့်တစ်ဦး စတင်တွေ့မြင်ကြဖူးကာစက ငြိမ်းအား မိဘမဲ့အစေခံမကလေးဆိုသည်ကို ကိုရင်မောင်က မသိရှိသေးသကဲ့သို့ ကိုရင်မောင်အားလည်း တက္ကသိုလ် သပိတ်မှောက်ကျောင်းသားတစ်ယောက်ဖြစ်သည်ကို ငြိမ်းသည်မသိရှာသေးပေ။ အရွယ်ရောက်နေကြပြီဖြစ်သော လူ့သားနှင့် လူ့သမီးတို့သည် ကမ္ဘာမြေကြီး ပေါ်ဝယ် စတင်တွေ့မြင်ကြခြင်းသာဖြစ်၏။ ထိုအချိန်က ငြိမ်းသည်အုပ်လုံးသိမ်းခါစ ၁၈ နှစ် သမီးသာသာခန့်မျှရှိသေး၍ ကိုရင်မောင်ကလည်း အသက် ၂၀ သာသာခန့်ရှိသေးသည်။

ငြိမ်းအား ချောမောလှသော မိန်းကလေးတစ်ယောက်ဟု မချီးမွမ်းချင်က နေနိုင်သော်လည်း ကြည့်ရှုကျက်သရေရှိကာ ရိုးရိုးနှင့်ယဉ်စစရှိသော မိန်းမပျိုတစ်ဦးဟူ၍

တော့ ဖွင့်ဟဝန်ခံရပေလိမ့်မည်။ ငြိမ်းသည် ဣန္ဒြေလည်းရှိပေသည်။ တောက်ပြောင်သစ်လွင်သော ပိုး၊ ဖဲ၊ ကတ္တီပါနှင့် ကျောက်မျက်၊ စိန်၊ ရွှေတို့သည် ငြိမ်း၏အဆင်တန်ဆာအဖြစ်သာ မရှိကြသော်လည်း သူတစ်ပါးအကျဖြစ်သော အဟောင်းအနွမ်းကလေးများကိုပင် သန့်သန့်ရှင်းရှင်းနှင့် ဖြူဖြူစင်စင်လျှော်ဖွပ်မီးပူတိုက်၍ သေသေသပ်သပ်နှင့် အဆင်ပြေကြည့်ကောင်းအောင် ဝတ်စားနေထိုင်တတ်ပေသည်။

ကိုရင်မောင်သည် ပညာတတ်မြို့ကြီးသားဆန်ဆန် လက်ဖက်ရည်ဆိုင်တွင် မနက်တိုင်းသွား၍ ထိုင်လေ့ရှိရာ ထိုလက်ဖက်ရည်ဆိုင်ရှေ့မှ ခေါင်းကလေးငုံ့ကာ ဖြတ်၍ ဈေးဘက်သို့လျှောက်သွားတတ်သော ငြိမ်းအား သဘောကျကာ ဂရုပြုလာမိခြင်းဖြစ်လေ၏။ ထိုနည်းအတူပင် ငြိမ်းကလည်း မနက်တိုင်းဈေးထွက်၍ ဝယ်လေ့ရှိရာမှ မိမိဈေးဝယ်သွားသောလမ်းဘေးရှိ လက်ဖက်ရည်တစ်ဆိုင်တွင် သူ့ဘာသာ တစ်ယောက်ထီးတည်း ဣန္ဒြေရရလက်ဖက်ရည်ထိုင်၍ သောက်နေတတ်သော ကိုရင်မောင်အား ကျေနပ်သလို သဘောကျသလိုနှင့် ဂရုစိုက်လာမိခြင်းဖြစ်လေသည်။ သည်လိုနေ့စဉ်နေ့တိုင်းတွေ့နေမြင်နေကျအတိုင်း တစ်ရက်တလေလူချင်း အချိန်လွဲကာ မတွေ့ကြရသောအခါများ၌ နှစ်ယောက်စလုံး အနေရခက်နေခဲ့ကြရသည်အထိ ဖြစ်လာကြ၏။

တက္ကသိုလ်ကျောင်းသားတစ်ယောက်ဟူ၍သာ ဆိုရငြားသော်လည်း ကိုရင်မောင်သည် တောက်တောက်ပြောင်ပြောင်နှင့် ထည်ထည်ဝါဝါတော့မရှိလှပေ။ မိဘ၏အထောက်အပံ့လည်း မရလောက်ဖြစ်သောကြောင့် ချို့ချို့ငဲ့ငဲ့နှင့် ဆင်းရဲစွာနေရပုံရလေသည်။ ချည်လုံချည်ရှပ်အင်္ကျီနှင့် ဘုံဘိုင်ရေဖိနပ်ကလေးလောက်ကိုပင် အနိုင်နိုင်ဆင်ယင်ထားရပုံရသည်။ ထို့ကြောင့် အခြားအခြားသော တက္ကသိုလ်ကျောင်းသားများနှင့် မတူဘဲ အရပ်သားတစ်ယောက်နှင့်သာတူနေသည်။ သို့ရာတွင် သူသည်မိမိ၌ရှိတာကလေးလောက်နှင့် ရောင့်ရဲတင်းတိမ်၍ သေသေသပ်သပ်နှင့် သန့်သန့်ရှင်းရှင်းတော့ဝတ်စားနေထိုင်တတ်လေသည်။ ၎င်း၏တည်ကြည်ခံ့ညားသောရုပ်သွင်နှင့်လေးနက်သောအမူအရာတို့သည် ထည်ဝါလှသည်။

သူ၏မျက်လုံးဝိုင်းကြီးများဖြင့် ငြိမ်းအားဖမ်းလိုက်သောအခါတိုင်း ငြိမ်းသည် ဣန္ဒြေရရခေါင်းငုံ့၍ထားကာ လျှောက်သွားရသော်လည်း သူ့ရှေ့မှအနည်းငယ်လွန်၍လာလျှင်ပင် သူ့အားလှည့်၍မကြည့်ဘဲမနေနိုင်အောင် ရင်ကဲအသည်းထဲက လှုပ်ရှားလာ၏။

"ငါ့နှယ်နော် ဘယ်လိုဖြစ်လာရပါလိမ့်"ဟု ငြိမ်းသည် မိမိကိုယ်ကို အံ့အံ့သြသြပြန်၍မေးယူရလေ၏။

"ငါ မကြည့်ပါဘူးဟယ်" ဟူ၍ စိတ်ကို အဘယ်မျှတင်းကာ ဖွတ်တိုးလျှောက်သော်လည်း ခြေလှမ်းမမှန်တော့ ငြိမ်းသည် မနက်ဈေးထွက်၍ဝယ်ရတိုင်း ရင်ထဲ၌ဖိုရကာ ကိုရင်မောင်အား မကြည့်ဘဲမနေနိုင်အောင် ဖြစ်သွားခဲ့ရ၏။ သူ့အား ငြိမ်းသည် စောင်းငဲ့၍ မျက်လွှာကိုမသိမသာပင့်၍ ကြည့်လိုက်မိသောအခါတိုင်း သူသည်ဣန္ဒြေရရပင် ငြိမ်းအားငေးမော၍ ကြည့်တတ်လေ၏။ သူ့တွင် ကလေးကလား လက္ခဏာမရှိ။ ကျီးကန်းတောင်းမှောက်သော အမူအရာလည်းမရှိ။ သို့ရာတွင် သူ၏မျက်လုံးဝိုင်းကြီးများကတော့ဖြင့် ငြိမ်းအားညို့နေတတ်ကြလေသည်။

"ဘယ်လိုလူတစ်ယောက်များပါလိမ့်နော်" ရင်ထဲ၌ ခပ်တိုးတိုးသာ ညည်းနိုင်ရှာ၏။

"ဒီလူ့အတွက် ငါ့မှာလဲဘာလိုလိုနဲ့ပါကလား" ရင်ထဲ၌သာ ငြိမ်းသည်မိမိကိုယ်ကို ဝန်ခံရလေ၏။

သည်လိုတွေ့ဆုံ၍ စတင်မြင်ဖူးတွေ့ဖူးကြသော အစေခံမကလေးငြိမ်းနှင့် တက္ကသိုလ်သပိတ်မှောက်ကျောင်းသား ကိုရင်မောင်တို့၏ ဝတ္ထုဇာတ်လမ်းမှာ မိုးတိမ်နှင့်အိပ်မက်များမဟုတ်ပေ။ လူသားနှင့် လူ့သမီးတို့သည် မြေကြီးပေါ်ဝယ် လူဆန်ဆန် တွေ့ဆုံကြခြင်းသာဖြစ်ပါ၏။

သည်လိုအရွယ်ရောက်နေပြီဖြစ်သော ဆန့်ကျင်ဘက် လိင်သတ္တဝါနှစ်ဦးတို့သည် နေ့စဉ်နှင့်အမျှတွေ့ရမြင်ရဖန်များလာကြသောအခါဝယ် လူလူချင်းသာ စကားမပြောဖူးကြသော်လည်း မျက်စိချင်း စိတ်ချင်းတော်တော်ကလေး ရင်းနှီးကျွမ်းဝင်ကာ သဘောချင်းလည်းနားလည်၍လာလေ၏။ သည်လိုနှင့်ကြာလာသောအခါ ငြိမ်းဈေးမှဝယ်ခြမ်း၍ ပြန်အလာတွင် ကိုရင်မောင်သည် ငြိမ်းနှင့်မလှမ်းမကမ်းမှ ဣန္ဒြေရရပင် လိုက်ပါ၍လာတတ်၏။ ငြိမ်းကလည်း လှည့်မကြည့်ဘဲလည်း မနေနိုင်၊ မကြာခဏ လှည့်၍ကြည့်မိ၏။ တစ်ခါတစ်ရံ နံနက်ခင်းတွင် လူချင်းမတွေ့ရသောအခါများ၌ ကိုရင်မောင်သည် ငြိမ်းတို့အိမ်ဘက်သို့လျှောက်၍လာတတ်လေ၏။ ထိုအခါများ၌ မျှော်နေရသောမျက်လုံးများနှင့် ကိုရင်မောင်၏မျက်လုံးတို့သည် ဆုံဆည်းကြပြန်လေ၏။ သည်လိုမျက်နှာချင်းဆုံမှပင် ည ညဘက်များ၌ အိပ်ပျော်နိုင်ကြ၏။

ဝင်းခြံရေကန်နှင့် ခံ့ညားထည်ဝါလှသော တိုက်ခံအိမ်ကြီးအတွင်းမှ မနက်တိုင်းဈေးဝယ်ထွက်ရသော ငြိမ်းသည် ထိုအိမ်ကြီးတွင် မှီခိုကပ်ရပ်နေရသူကလေးသာ ဖြစ်နိုင်လိမ့်မည်ကိုကား မြို့ကြီးသားပညာတတ်က အကဲခတ်တတ်ပြီးဖြစ်ပေသည်။ ရိုးသား၍ မိမိအိမ်တွင်းထက် ဘာမျှမသိရှာသော အစေခံမကလေးငြိမ်းတစ်ယောက်ကသာ မိမိအား မျက်လုံးဝိုင်းကြီးများဖြင့် ငေးမောကြည့်ရှုနေတတ်သော လူရွယ်အား တက္ကသိုလ်ကျောင်းသားတစ်ယောက်အဖြစ်နှင့် မသိနိုင်ရှာသေးခြင်းသာလျှင်ဖြစ်လေ၏။ သူလိုငါလို ဆင်းရဲသားသားသမီးထဲက သာမန်တစ်ယောက်ဟု ထင်မှတ်နေခြင်း ဖြစ်လေ၏။

ငြိမ်းသည် ကိုရင်မောင်အားကြည့်၍ ကျက်သရေရှိလှသော ရွယ်တူဆန့်ကျင်ဘက် လိင်သတ္တဝါတစ်ဦးအနေနှင့်သာသိရှိ၏။ သို့ရာတွင် ကိုရင်မောင်ကတော့မူ ငြိမ်းအား အလွန်တရာနှစ်သက်၍ စိတ်ဝင်စားနေပြီဖြစ်သောကြောင့် ငြိမ်းတို့ အိမ်အနီးနားတစ်ဝိုက်တွင် စတည်းချရန် မိတ်ဆွေများစုံစမ်းရှာဖွေကာ ငြိမ်း၏အကြောင်းကို သေသေချာချာသိရှိနိုင်ရန် လေ့လာစုံစမ်းနေခဲ့ပြီးဖြစ်လေပြီ။

ကိုရင်မောင်၏နာမည်ကိုမှ ငြိမ်းတစ်ယောက်က မသိရှာသော်လည်း ငြိမ်းမှာ ကွမ်းခြံကုန်းဘက်မှ တောသူကလေးဖြစ်သည်ကအစ မိဘနှစ်ပါးစလုံးသေဆုံးကာ ထိုမြေပိုင်ရှင်အိမ်တွင် သောင်တင်၍ကျွန်ခံနေရသော အဖြစ်အပျက်များအားလုံးကို ကိုရင်မောင်သည် မေးမြန်းစုံစမ်း၍ သိရှိပြီးသားဖြစ်ပေ၏။ ထို သနားကမားရုပ်ရည်ကလေးနှင့် မိန်းမပျိုအတွက် ကိုရင်မောင်မှာ ဂရုဏာသက်နေရပြီးသူဖြစ်ပေ၏။

သည်လို လူချင်းမျက်မှန်းတန်းမိ၍ လာခဲ့ကြပြီးမှ ငြိမ်းတို့အိမ်ဘေး ခပ်လှမ်းလှမ်းတွင်ရှိသော မုဆိုးမအဒေါ်ကြီးတစ်ဦး၏အိမ်တွင် ငြိမ်းနှင့်ကိုရင်မောင်တို့သည် တစ်ဦးနှင့်တစ်ဦး လူချင်းနီးနီးကပ်ကပ်တွေ့မြင်ဖူးလာကြ၏။ ထိုမုဆိုးမအဒေါ်ကြီးသည် သားသမီးမရှိဘဲ အလွန်တရာလည်း သဘောကောင်း၍ ကြင်နာသနားတတ်ပေသည်။ ငြိမ်းအားအမြဲတစေ ကူညီစောင့်ရှောက်ခဲ့၍ ငြိမ်း၏ဘုရားပေးသောအမေကဲ့သို့ ဖြစ်နေခဲ့လေသည်။ ငြိမ်းအတွက် ၎င်း၏အတွင်းရေးကိစ္စများကို တိုင်ပင်ပြောကြားစရာ အကြံဉာဏ်တောင်းစရာဆို၍ သည်အဒေါ်ကြီးသာရှိလေ၏။ ငြိမ်းနှင့် ထိုမုဆိုးမအဒေါ်ကြီးတို့၏ ဆက်သွယ်ရေးနှင့် ရင်းနှီးမှုကို တစ်စတစ်စစုံစမ်း၍ ရလာခဲ့သော ကိုရင်မောင်သည် မြို့သားပီပီ ထိုအဒေါ်ကြီးအား တဖြည်းဖြည်း အသိမိတ်ဆွေဖွဲ့ခဲ့ရပြီးမှ နောက်ဆုံးထိုအဒေါ်ကြီးအိမ်၌ ငြိမ်းနှင့်ကိုရင်မောင်တို့သည် လူချင်းနီးနီးကပ်ကပ် တွေ့ဆုံလာကြရခြင်းပင်ဖြစ်လေသည်။ လူချင်းနီးနီးကပ်ကပ်တွေ့ဆုံလာရသည်ဆိုသော်လည်း တစ်ယောက်နှင့်တစ်ယောက် ဘာစကားမျှပြောကြရသေးသည်တော့ကား မဟုတ်ပေ။ ကိုရင်မောင်သည် ထိုမုဆိုးမအဒေါ်ကြီးနှင့် စကားစမြည်လာရောက်ပြောဆိုသကဲ့သို့ ငြိမ်းကလည်း အတွက် အားကိုးပြုရသော အဒေါ်ကြီးအား သွားရောက်စကားစမြည် ပြောဆိုခြင်းမှ တစ်ဦးနှင့် တစ်ဦးနီးကပ်စွာတွေ့ဆုံ မြင်ဖူးလာကြခြင်းသာဖြစ်လေသည်။

သည်လိုတစ်အိမ်ထဲတွင် လူချင်းလူ ရင်းနှီးနီးကပ်စွာ တွေ့ရမြင်ရဖန်ကများ၍ လာသောအခါ၌ တစ်ယောက်နှင့်တစ်ယောက်သည် ဘာမျှသာမဖြစ်ကြသေးသော်လည်း စိတ်ချင်းသဘောချင်းကား ရင်းနှီးသည်ထက် ရင်းနှီးလာလေ၏။ တစ်ဦးကတစ်ဦးအား ရဲရဲဝံ့ဝံ့နှင့် ရင်းရင်းနှီးနှီးကြည့်ရဲရှုရဲလာကြရာမှ တစ်ယောက်ကိုတစ်ယောက် တွေ့လျှင် ပြုံးရဲပြုရဲလာကြ၏။ ထိုကဲ့သို့ကိုယ်ဟန်အမူအရာများဖြင့် ရင်းနှီးသည်ထက်

ရင်းနှီးလာခဲ့ကြရပြီးမှပင် တစ်ယောက်နှင့်တစ်ယောက် စကားပြောရဲဆိုရဲရှိလာကြပေသည်။

သားချင်းသမီးချင်းစာနာတတ်၍ ငြိမ်းနှင့်ကိုရင်မောင်တို့၏ ကောင်းစားချမ်းသာရေးကို ကြည့်လိုမြင်လိုလှသော အဒေါ်ကြီးကလည်း တစ်ဖက်လျှင်တစ်မျိုး နားသွင်းပေး၏။ သူငယ်ချင်းကိုလည်း ရင်းရင်းနှီးနှီးလွှတ်ပေး၍ မလှမ်းမကမ်းမှစောင့်ရှောက်တတ်၏။ သည်လိုတစ်ယောက်နှင့်တစ်ယောက် လွတ်လပ်ရင်းနှီးစွာ တွေ့ဆုံစကားပြောကြားနိုင်ခဲ့သော အခြေအနေအထိ ငြိမ်းနှင့် ကိုရင်မောင်တို့သည် တစ်ယောက်နှင့်တစ်ယောက် ဘာမျှဖြစ်ခဲ့ကြသေးသည်ကား မဟုတ်ပေ။

တစ်မိသားနှင့် တစ်မိသားသည် ဤကမ္ဘာမြေကြီးဝယ် လူ့သားနှင့်လူ့သမီးပီပီ တွေ့ဆုံ အကျွမ်းဝင်ကြခြင်းသာမျှ ဖြစ်ပါ၏။

(ဃ)

သည်လိုတစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ရင်းနှီးအကျွမ်းဝင်၍ လာကြရကာ တစ်ဦးကိုတစ်ဦး နီးကပ်စွာလေ့လာနားလည်ခွင့် ပွန်းတီးခွင့်ရှိခဲ့ကြသော ငြိမ်းနှင့် ကိုရင်မောင်တို့၏ အခြေအနေမှာ ကြန္တမြဲမပျက် ရှိနေခဲ့ကြရရာမှ တစ်ညသ၌ ငြိမ်းအား အလစ်ချောင်းနေသော ကျားရဲက ၎င်း၏သားမယားများအား ရုပ်ရှင်သွားကြည့်ခိုင်းပြီးနောက် ငြိမ်းအား ခန်းသာလယ်၌ ဘယ်ခြောက်၍ ညာမှဖမ်းကာ အပိုင်စီးရန် ဗလက္ကာယပြုလုပ်လာသောကြောင့် ငြိမ်းသည်ပြေး၍မလွတ်၊ လှုပ်လည်းမလှုပ်သာတော့သဖြင့် ဆွဲမိဆွဲရာ အနီးရှိဖန်ခွက်နှင့် ထိုကျားသတ္တဝါ၏ ဦးခေါင်းတည့်တည့်ကို ပေါက်၍ ထိုသတ္တဝါသည် သွေးသံရဲရဲဖြင့် လဲကျနေသည့်အခိုက် အိမ်ပေါ်မှ ကမန်းကတန်းဆင်းပြေးခဲ့ရလေ၏။

ငြိမ်းသည် လွတ်မြောက်ရေးအတွက် ရန်းကန်၍ကား လွတ်မြောက်ခဲ့လေပြီ။ သို့ရာတွင် အဘယ်အားကိုးရာနှင့် လုံခြုံမှုရနိုင်ရာ အရပ်ဒေသသို့ ခိုဝင်ရပါမည်နည်း။

ငြိမ်းသည် ၎င်းအား စိတ်နှလုံးငယ်ရစဥ်ကာလများ၌ နှစ်သိမ့်အားပေးတတ်သော အဒေါ်ကြီးကိုသာ သတိရမိ၏။ ဒါသည်သာ ငြိမ်း၏အားကိုးရာ ဖြစ်ပါ၍ သို့ရာတွင် ငြိမ်း၏ လုံခြုံရာကော။

ငြိမ်းသည် မိမိအားလေးစားကြင်နာသမှုကို ပြုခဲ့သောကိုရင်မောင်ကိုသာ သတိရတမ်းတမိ၏။ ငြိမ်း၏ မုန်တိုင်းထန်သော ကပ်ကမ္ဘာဝယ် ရပ်တည်ရာသည် အခြားမဲ့၍မရှိတော့။

ငြိမ်းသည် အဒေါ်ကြီးအိမ်သို့ ညကြီးမင်းကြီးပြေးသွားရကာ အဒေါ်ကြီးအား နားလည်အောင် ဖြစ်ပျက်သမျှကို အကျိုးအကြောင်း ပြောပြပြီးသည့်နောက် ကိုရင်မောင်အား လိုက်လံရှာဖွေခေါ်ယူ ခိုင်းရလေသည်။

အဒေါ်ကြီးကလည်း သားချင်းသမီးချင်း စာနာစွာ ကိုရင်မောင်နေထိုင်ရာ ဗဟန်းဇရပ်တစ်ခုကို ညကြီးမင်းကြီး လိုက်သွားရပြီးနောက် ကိုရင်မောင်ကို တိုးတိုးတိတ်တိတ် လက်ကုတ်ပြောဆို၍ ခေါ်လာပေးလေ၏။

ငြိမ်း၏လူဖြစ်လာရသော ဣန္ဒြေရှင် မိန်းမသားဘဝ၌လည်း ယောကျ်ားတစ်ယောက်အား မျှော်၍နေခဲ့ရခြင်းကား မရှိခဲ့ပေ။ သွား၍ဖမ်းခဲ့ရ၏။ မိမိတစ်ယောက်တည်းသာ သိရှိသော ကိုရင်မောင်၏ ရင်ခွင်ထဲသို့ တိုးဝင်ငိုကြွေး၍ မျက်ရည်ထိုးကာ အသနားခံခဲ့ရ၏။ ယောကျ်ားကြိုက်တော့စိုက်စိုက်လာခဲ့ခြင်းမျိုးမရှိ။ မိန်းမကြိုက်တော့ စိုက်စိုက်သွားခဲ့ရ၏။ ဣန္ဒြေရှင်လုပ်နေ၍ကား မဖြစ်တော့။ ကြိုးစားသွားချေမည်။

ငြိမ်းက အားကိုးအားထားပြု၍ မျှော်လင့်ယုံကြည်သည့်အတိုင်း မှာကြားသည့်အတိုင်း မဆိုင်းမတွပင် ဗဟန်းဇရပ်တစ်ခုမှ ကိုရင်မောင်သည် ပျာပျာသလဲ လိုက်လာပေသည်။ ငယ်ရာမှကြီးလာ၍ သားချင်းသမီးချင်း စာနာတတ်သော အဒေါ်ကြီးက ငြိမ်းနှင့် ကိုရင်မောင်တို့ လွတ်လွတ်လပ်လပ်ပြောချင်ရာပြောနိုင်ကြစေရန် ၎င်း၏အိမ်ကို လူငယ်နှစ်ယောက်အား အပ်ထားခဲ့ပြီးနောက် ရွှေဂုံတိုင်ဘက်ရှိ ၎င်း၏တူနှင့်တူမများ အိမ်သို့သွားရောက် အိပ်စက်ခြင်းပြုလေသည်။

အိမ်ကြီးတစ်ခုလုံးတွင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ငြိမ်းသည် ကိုရင်မောင်၏ ရင်ခွင်ထဲသို့ ဦးခေါင်းကိုတိုးဝင်မြှုပ်နှံကာ မျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီးများကို သည်းထန်စွာသွန်၍ချရင်း ဖြစ်ကြောင်းကုန်စင် ဇာတ်ကိုပြန်၍လှန်ရရှာ၏။ ငြိမ်းသည် ရှက်နေကြောက်နေ၍ မဖြစ်နိုင်တော့။ ဣန္ဒြေရှင်ဖြစ်သော်လည်း သည်အခြေအနေနှင့် သည်ဘဝတွင် ဣန္ဒြေရှင်လုပ်နေလျှင် ရောင်းကုန်ကခံတော့မည်မဟုတ်။ ဈေးခေါင်းက မိုက်ကြေးခွဲပြီးသည့်နောက်၌ ပုပ်ဖို့သာရှိတော့၏။

ငြိမ်းပြောနေသမျှကို ကိုရင်မောင်ကတော့ ငြိမ်သက်စွာကြားနာလျက်ရှိပေသည်။ သူသည် ဘာမျှတော့ ပြန်၍မပြောနိုင်သေး။ ရုတ်တရက်ကြားရသော အကြောင်းအချက်များကို ရုတ်တရက်ပြန်ပြောနိုင်ဟန်မရှိပေ။

ငြိမ်း၏ခံစားနေခြင်းကိုတော့ သူသည် မိမိကိုယ်တိုင် ခံစားနေရသကဲ့သို့ ရှိလေသည်။ အကယ်၍သာ ငြိမ်းသည်သူ၏နှမကလေးဖြစ်ခဲ့လျှင် သူသည်ဘယ်လောက်အထိ ဒေါသထွက်ကာ ခံပြင်းမိလိမ့်မည်နည်း။ သူသည် မိန်းမသားတို့၏ စီးပွားရေးချို့တဲ့မှုကြောင့် လူမလေးခွေးမခန့်သောဘဝကို ကောင်းစွာနှလုံးသွင်းဆင်ခြင်မိလေသည်။ အစေခံမကလေးတစ်ယောက်ကို လူစော်ကားရန်လွယ်ကူသလောက် ကြေးရတတ်သော သမီးမိန်းကလေးကိုကား အဘယ်သူသည် ယခုကဲ့သို့ပမာမခန့်ပြုဝံ့ကြပါသနည်း။

ယခုအခါတွင် ငြိမ်း၏ဘဝလုံခြုံမှုမရှိ၊ မိဘနှင့်မောင်ဘွားတို့မရှိ၊ ခိုကိုးရာလည်း မဲ့နေ၏။ ထို့ကြောင့် ထိုကဲ့သို့အစော်ကားခံရသည့် ငြိမ်း၏ဘက်မှ နာမည့်သူမရှိ။ ထို့ကြောင့် ကာကွယ်မည့်သူလည်း မရှိနိုင်တော့။ သဲသောင်ပြင်မှ ခွေးငယ်မနှင့် ဘာများခြားနားဦးမည်နည်း။ ဗမာပဒေသရာဇ် ဘုရင်များလက်ထက်မှ ရှိနေခဲ့သော မြေပိုင်ရှင်စနစ်၏ လူမှုဆက်ဆံရေးတစ်ရပ်ဖြစ်သော သမီးကညာအား ဘဏ္ဍာတော်အဖြစ် ဆက်သရခြင်းသည် အဘယ်ခေတ်ကာလကျမှ ကုန်ဆုံးအစသတ်နိုင်ကြပါ့မည်နည်း။

ကိုရင်မောင်သည် ငြိမ်းဘက်မှနာမည့်သူ ဖြစ်လာရပေ၏။ ခုခံကာကွယ်မည့်သူလည်း ဖြစ်လာရပေ၏။

ငြိမ်းသည် ကိုရင်မောင်၏ရင်ခွင်တွင်းဝယ် မကုန်နိုင်မခမ်းနိုင်သေးသော မျက်ရည်များကို ထုတ်နေရှာတုန်းဖြစ်လေသည်။

“ကျွန်မကို ဒုက္ခထဲက ကယ်ပါကိုရင့်မောင်ရယ်”

ငြိမ်း၏တစာစာသနားစဖွယ် တောင်းပန်သံသည် ကိုရင်မောင်၏ နှလုံးသားအတွင်းသို့ ထိုးဖောက်မွှေနှောက်လျက်ရှိပေ၏။ သို့ရာတွင် သူသည်ငြိမ်းကို ရုတ်တရက် ဘာမျှပြန်၍မပြောနိုင်သေးဘဲ ငြိမ်း၏နဖူးပြင်မှ ဆံစကလေးများကို ကြင်နာစွာ သပ်၍ သာပေးနေ၏။

“ကျွန်မမှာတစ်ကောင်ကြွက် တစ်မျက်နှာပါရှင်၊ ဒီဒုက္ခကကယ်ပါ”

ငြိမ်းကတော့ တစာစာတောင်းပန်နေရှာတုန်းပင်ဖြစ်ပေသည်။

“ရှင်မှမကယ်ရင် ကျွန်မဟာသောင်ပြင်လွှတ်တဲ့ ခွေးမကလေးလိုဖြစ်တော့မှာပါ”

ဣန္ဒြေရှင်မိန်းမသား၏ တောင်းပန်သံမှာ ကြားရသူအတွက် ခံနိုင်ရက်စကားမရှိတော့။ သည်ဒုက္ခိတမကလေးကို သူသည် သင့်ထိုက်နှင့်သင့်ကံဟူ၍ သဘောထားကာ ပစ်ထားခဲ့ပြီးနောက် ကိုရင်မောင်သည် ထွက်ပြေးသွားနိုင်ပါမည်လား။ ထိုသတ္တိမျိုး သူ့မှာရှိပါမည်လား။

သို့ရာတွင် ကိုရင်မောင်သည် သည်ကမ္ဘာမြေပြင်ဝယ် သူ့ဘာသာတစ်ယောက်ထီးတည်း စွန့်စားလုပ်ကိုင်ရမည့် လုပ်ငန်းနှင့်အဘိဓမ္မာကို ရွေးချယ်ထားပြီးသူဖြစ်ပေသည်။ အခြေအနေမရှိသော ပညာတတ်တစ်ယောက်ဘဝတွင် သူသည်ဝန်ပိုကိုထမ်းနိုင်ပါမည်လား။ သူသည်ရှေ့လျှောက် အဘယ်သို့ နေထိုင်စားသောက်ရမည်ကို သေချာလှသေးသူမဟုတ်။ တစ်ဝမ်းကိုပင် အဘယ်သို့စားရမည်ကို မသေချာလှသူ တစ်ယောက်အတွက် နောက်ထပ်၍ ပါးစပ်တစ်ပေါက်တိုးလာက မခက်သလော။ ထိုပါးစပ်သည် တစ်ပေါက်တည်းနှင့် ရပ်နေလိမ့်မည်လည်းမဟုတ်သေး။ နောက်လိုက်များ ဝင်လာပေဦးမည်။

ငြိမ်း၏အဖြစ်မှာ ခွင့်လွှတ်၍မဖြစ်နိုင်သော ဘဝမျိုးဖြစ်ပေသည်။ သူသည် ငြိမ်းကိုထား၍ ပစ်မသွားနိုင်ပါ။ သနားစရာနှင့် ချစ်စရာကောင်းသော ငြိမ်းအား သူက သနားပါ၏။ သို့ရာတွင် ဝမရှိဘဲဝိလုပ်ရမည့် စွန့်စားရခြင်းဖြစ်သော အလုပ်ကို သူသည် လုပ်နိုင်ပါမည်လား။ သူ၏စွန့်စားရမည့်အလုပ်မှာ တစ်ယောက်အတွက်မဟုတ်၊ ငြိမ်းအတွက်နှင့် အကယ်၍နောက်လိုက်များ ဝင်ရောက်လာခဲ့လျှင် တစ်သီတစ်တန်းကြီးအတွက် စွန့်စားရမည့်အလုပ်ဖြစ်နေ၏။ ထိုစွန့်စားရခြင်း၌ သူသည် အဓိကတာဝန်ရှိသူဖြစ်နေ၏။ ထို့ကြောင့် ငြိမ်း၏တောင်းပန်သံကိုသူသည် ရှေ့နောက်စဉ်းစားချိန်ဆ၍ နားထောင်နေခြင်းဖြစ်ပေသည်။

"ကျွန်မကိုသနားပါ ကိုရင်မောင်ရယ်။ ကျွန်မအဖြစ်ဟာ ဆိုးလွန်းလို့ပါရှင်"

မျက်ရည်တဖြိုင်ဖြိုင်နှင့် ငြိမ်းသည် ၎င်း၏ဝတ္ထုကို ပြောပြတုန်းပင်ဖြစ်လေ၏။

ကိုရင်မောင်သည် မူလက ငြိမ်း၏ဣန္ဒြေရှိ၍ ကျက်သရေလည်းရှိလှသော ဆန့်ကျင်ဘက်လိင်အနေနှင့် နှစ်သက်သဘောကျခြင်းလောက်မျှသာဖြစ်လေသည်။ သူသည် ငြိမ်းအား ယခုကဲ့သို့ ပြုန်းပြုန်းဒိုင်းဒိုင်းနှင့် ယူငင်ရမည့်အရေးကို များစွာမစဉ်းစားခဲ့ရသေးပေ။ စဉ်းစားနိုင်လောက်စရာ အခြေအနေလက္ခဏာနှင့်လည်း သူ့တွင်ရှိသေးသည်ကမဟုတ်။

သို့ရာတွင် ငြိမ်းနှင့်တစ်စထက်တစ်စ နီးစပ်၍ လူချင်းပိုမိုရင်းနှီးနားလည်လာခဲ့သောအခါ၌ ငြိမ်းအား နှစ်သက်သဘောကျခဲ့ခြင်းထက် ပိုလျှံကာ များစွာစာနာသနားကရုဏာရှိခဲ့၏။ ထိုကဲ့သို့ နှစ်သက်ခြင်းနှင့် သနားခြင်းလောက်မျှနှင့်သာ ယခုအခါဝယ် မပြီးစီးနိုင်တော့ဘဲ ငြိမ်းအားမယူလျှင်မဖြစ်တော့သောဘဝသို့ ဆိုက်ရောက်လာလေပြီကို သူသည်သိရှိလာရပေ၏။

သူသည် အကယ်၍များ ငြိမ်းကိုငြင်းဆန်ခဲ့လျှင် ငြိမ်း၏ဘဝသည် အဘယ်သို့ရှိပါမည်နည်း။

သူသည် ငြင်းဆန်ခြင်းကို လုံးဝမတွေးတောဝံ့ပေ။ သူ့ဖာသာသူသည်ကျောချမ်းနေ၏။

"ရှင်မှ ကျွန်မကိုမကယ်ရင် ကျွန်မဘဝဟာ မထူးတော့ပါဘူးရှင်"

ကိုရင်မောင်သည် ငြိမ်းပြောသမျှကို နားထောင်ခဲ့ရခြင်း၌ ပင်ပန်းကြင်နာခဲ့ရလေပြီ။ တကယ်ဆိုသောအခါ ငြိမ်းသည် သူမတစ်ကိုယ်လုံးကို မိမိအားတန်ဖိုးမရှိသော ကျောက်ခဲ့သကဲ့သို့ ထိုးအပ်နေရှာသည်ကို ကိုရင်မောင်သည် အဘယ်မျှသည်းညည်းခံ၍ နေနိုင်ပါမည်နည်း။ သူသည်ငယ်ရွယ်သေးသူဖြစ်သည့်အလျောက် စွန့်စားရခြင်းကို များစွာဂရုပြုမနေနိုင်ပေ။ ငယ်ရွယ်သူ၏ စွန့်စားခြင်းသည်လည်း သူ့အားတစ်နည်းတစ်လမ်းလှုံ့ဆော်လျက်ရှိ၏။

"ငိုမနေပါနဲ့ ငြိမ်းရယ်၊ ကိုရင်မောင်လဲ အနားမှာရှိနေမင့်ဟာကွယ်"

သူသည် ငြိမ်း၏နဖူးပြင်ကို ကြင်နာစွာနမ်းရင်း ဖြည်းညင်းစွာ တစ်လုံးချင်းစီ၍ ပြောလိုက်သည်။

ငြိမ်းသည် သူ့ရင်ခွင်တွင် ရှိုက်၍ရှိုက်၍ငိုနေရာမှ သူ့မျက်နှာကိုမော့်၍ကြည့်လာ၏။

"တကယ်ပြောတာလားဟင်၊ ကိုရင်မောင် ရှင်ကျွန်မကို တကယ်ယူမှာနော်"

မျက်ရည်များအကြားမှ ငြိမ်းသည် အားတက်သရော မေးနေရှာလေသည်။

သူသည်ငြိမ်း၏ မျက်နှာကလေးကို ငေးစိုက်၍ကြည့်နေရင်းက ဦးခေါင်းကို ညိတ်ပြလိုက်၏။

အဘယ်မျှ ရင်နာစရာကောင်းလှသော လူ့သားနှင့်လူ့သမီးတို့၏ ချစ်ခြင်းမေတ္တာနှင့် အိမ်ထောင်ရေးဖြစ်ပါသနည်း။ နှစ်ဦးစလုံး၏ စွန့်စားရသော စွန့်စားခြင်းတစ်ရပ် ပင်ဖြစ်ပါ၏။

အမေသည် အသည်းနာစရာကောင်းလှသော ငြိမ်း၏ဒုက္ခနှင့် ရင်နာစရာကောင်းလှသော ငြိမ်း၏လင်သားတစ်ယောက်အား မျက်ရည်နှင့် မျက်ခွက်ဖမ်းယူခဲ့ရသော အဖြစ်ကို ပြန်လည်စဉ်းစားမိရင်း ရင်ထဲ၌လှုပ်ရှားလာမိပေသည်။ "မိန်းမကြိုက်တော့ မျှော်လိုက်ခါ"ဟူသောစကားမှာ ငြိမ်းအတွက်ဘယ်မှာလဲ။ ဣန္ဒြေရှင် မိန်းမဘဝမှ ကြိုက်သူကိုမျှော်ရသောဘဝတွင် ငြိမ်းသည်မနေခဲ့ရ။ မိမိအားမယားအဖြစ် ယူငင်ထားပေးနိုင်မည့် သူယောကျ်ားတစ်ဦးအား ကမူးရှူးထိုးနှင့် အပြေးအလွှားအလုအယက် ဖမ်းခဲ့ရ ပါ၏။

ဘယ်မှာများ ငြိမ်းအတွက်ကောင်းရာမွန်ရာကို ရှာရပါမည်နည်း။

" ညည်းအဖြစ်ဟာ တယ်လဲအသည်းနာစရာ ကောင်းပါကလား မိငြိမ်းရယ်"

အမေသည် ငြိမ်းအတွက် ညည်းညူလိုက်မိပေသည်။

# အမျိုးသားရေး၏ မုန်တိုင်းပြင်ဝယ်

(က)

ရပ်နားစရာအတွက် အမိုးနှင့်အကာတို့သည်မရှိ။ စားစရာဆန်နှင့် ချက်ပြုတ်စရာ အိုးခွက်တို့သည်လည်း အဘယ်မှာရှိကြပါသနည်း။

အခြေအနေမရှိသော လူငယ်တစ်ဦးနှင့် ခိုကိုးရာကင်းမဲ့နေရှာသော မိန်းကလေးတို့၏ စွန့်စားခဲ့ကြရသော အိမ်ထောင်ရေးသည် သုညဖြင့်စခဲ့ကြရ၏။ သို့ရာတွင် တစ်ဦးကိုတစ်ဦးက နားလည်ခြင်းနှင့် ချစ်ခင်ကြင်နာခြင်းများဖြင့် စတင်ဖွဲ့နှောင်ခဲ့ကြသော အိမ်ထောင်ရေးမှာ အဘယ်ဆိုးဝါးသော ရာသီဥတုဒဏ်ပင်ဖြစ်စေ ကျပ်တည်းခက်ခဲသော ကန္တာရကိုဖြတ်ကျော်ရသည့်ကာလဒဏ်ပင်ဖြစ်စေ အေးအတူပူအမျှသာဖြစ်၏။ ငတ်အတူသာဖြစ်၏။ ထို့ကြောင့် အိမ်ထောင်ရေး၏မုန်တိုင်းပြင်ဝယ် ခံနိုင်ရည်ရှိကာ ရပ်တည်နိုင်ခဲ့ကြပေသည်။

ဤမြေကြီးပေါ်၌ တစ်မိသားနှင့် တစ်မိသားတို့သည် တစ်ဦးကိုတစ်ဦးက ချစ်ခင်ကြင်နာစွာ အသက် ၂၀ ကျော်ကျော်မျှ ပေါင်းသင်း၍နေထိုင်ကာ အသက်ရှင်လာခဲ့ကြရသော ငြိမ်းနှင့်ကိုရင်မောင်တို့၏ အိမ်ထောင်ရေးကို အမေသည် စဉ်းစားလာရပေပြီ။

ငြိမ်းအတွက် ၎င်း၏ချစ်လင်ကိုရင်မောင်သည် ဤကပ်ကမ္ဘာ၌ တစ်ယောက်တည်းသာရှိနိုင်သော လူတစ်ယောက်ဖြစ်လေ၏။ ငြိမ်းကဲ့သို့ ကလေးကလွင့်နှင့် အခြေအမြစ်မရှိသော မိန်းကလေးက ၎င်းအား တကယ်တမ်းကြင်နာမည့် လူသားတစ်ယောက်အား တစ်သက်ပန်အတွက် ဖမ်းဆီးရရှိခဲ့ခြင်းသည် အလျဉ်းသင့်လှသည်။ ထိုကဲ့သို့သာ အလျဉ်းမသင့်ခဲ့ပါက ငြိမ်းဆိုက်ရောက်မည့်ဘဝကို အမေသည် မတွေးဝံ့အောင် ရှိနေရပေလိမ့်မည်။ ငြိမ်းပြောသလိုပင် အမေ၏ဘဝသည် သောင်ပြင်၌လွှတ်နေသော ခွေး

ငယ်မ၏ဘဝနှင့် မည်သို့မျှ ထူးကဲခြားနားလိမ့်မည်ကား မဟုတ်ပေ။ အဘယ်လူမလေး ခွေးမခန့်သော ကလေကချေဘဝ၌ ငြိမ်းသည် စုံးစုံးမြုပ်၍ သွားရတော့မည်သာ ဖြစ်လေသည်။

ထို့ကြောင့် ငြိမ်းသည် ချစ်လင်ကိုရင်မောင်အား ၎င်းကိုးကွယ်သော မြတ်ရှင်တော်နှင့်အတူထား၍ ရှိခိုးဆည်းကပ်ခဲ့၏။ လင်ဖြစ်သူအား ကျေးဇူးတင်၍ ရှိခိုးတတ်သော ငြိမ်းသည် ၎င်း၏အလုပ်ကို ရောင့်ရဲကျေနပ်သော်လည်း တစ်စထက်တစ်စ ကိုရင်မောင်က သိရှိလာသောအခါ ငြိမ်းအားတားမြစ်ပိတ်ပင်တတ်၏။

"ကျုပ်ကိုဘာပြုလို့ ရှိခိုးနေတာလဲ ငြိမ်းရဲ့။ ကျုပ်လည်းပဲ ငြိမ်းလိုလူတစ်ယောက်ပါ"

"အို ကျွန်မဘာသာ ကျွန်မ ကျေနပ်လို့ ရှိခိုးတာ။ ကိုရင်မောင်က ဘာပြုလို့ သဘော မကျရတာလဲ"

"လင်နဲ့မယားဆိုတာ ညီတူတန်းတူ သဘောထားရတယ် ငြိမ်းရဲ့။ ဒီကမ္ဘာရဲ့ ဒီကမ္ဘာမှာ တစ်ယောက်နဲ့တစ်ယောက် အသက်ရှင်နေထိုင်လို့ဖြစ်အောင် တစ်ယောက်ကတစ်ယောက်ကို ကူညီစောင့်ရှောက်ကြတာပဲ။ တစ်ယောက်ကိုတစ်ယောက် ဘာမှ ရှိခိုးစရာမရှိပါဘူးကွယ်"

"ကျေးဇူးရှင်မို့လို့ ငြိမ်းကရှိခိုးတာပဲ၊ ကိုရင်မောင်က မကြိုက်လို့ မရှိခိုးနဲ့ဆိုရင် ကျွန်မ မလုပ်ပါဘူး"

"ဒီလိုကျုပ်မကြိုက်တာနဲ့ ငြိမ်းလုပ်ချင်တာ မလုပ်ရဘူးလို့ ဆိုတာမှမဟုတ်ဘဲ"

"ဒါဖြင့် ကျွန်မဘာသာကျွန်မ စိတ်ထဲကကျေနပ်လို့ ရှိခိုးတာကို ဘာပြုလို့ မကြိုက်ရတာလဲ"

"လယ်တော၏ ယဉ်ကျေးမှုအမွေအနှစ်ကို ဆက်ခံခဲ့ရသော မယားတောသူကလေးအား မြို့သားပညာတတ်လင်ဖြစ်သူက စိတ်ရှည်ရှည်နှင့် သဘောမပေါက်ပေါက်အောင် ရှင်းပြရပြန်လေ၏။ သင်ကြားပြသရပြန်လေ၏။

"ဒီလိုဆိုရင် လင့်ဝတ်ငါးပါးတို့ မယားဝတ်ငါးပါးတို့ဆိုတာ အလကားပေါ့" ဟု ငြိမ်းက ၎င်းသိမှတ်သားထားခဲ့ရသော မြေပိုင်ရှင်စနစ်၏ လင်နှင့်မယားတို့၏ ဆက်ဆံ ရေးကိုမေးလာပြန်၏။

"လင်နဲ့ မယားဆိုတာ တစ်ယောက်နှင့်တစ်ယောက်ကို ဘာလုပ်ပေးရမယ် ညာလုပ်ပေးရမယ်ဆိုတဲ့ ဝတ်ရယ်လို့ တကယ်ရှိတာမှ မဟုတ်ဘဲငြိမ်းရဲ့။ အရင် ရှေးရှေးတုန်းကသာ ယောကျ်ားတွေဟာ ဘုန်းကံရှင်တွေဆိုပြီး မိန်းမသားတွေကို သူတို့ရဲ့အခိုင်းအစေလို အချေအရံလို ဆက်ဆံခဲ့ကြတာကို၊ တကယ်ဆိုတော့ လင်နဲ့မယားဟာ တန်းတူပဲ။ ဘယ်သူကမှ သာတယ်မြတ်တယ်ဆိုတာ မရှိဘူး"

"ဒါဖြင့် မိန်းမတွေဟာ ခွေးထီးလောက်မှ မမြတ်ဘူးဆိုတာကတော့ကော"

"အဲဒီ စကားပြောတဲ့လူဟာ သူ့အမေကိုခွေးကတက်မှာ သိပ်ရဲပါ့မလားငြိမ်းရဲ့"

ငြိမ်းသည် ထိုအမေးကိုပြန်၍ မဖြေနိုင်ရှာပေ။ ထိုမေးခွန်းကိုပင် တော်တော် သဘောကျသလိုလည်း ရှိမိလေသည်။ ထို့ကြောင့် ငြိမ်းသည် ၎င်းစိတ်ထဲ၌ မရှင်းမ လင်းသေးသော အရှုပ်အထွေးတစ်ခုကို ထပ်၍မေးလိုက်မိပေသည်။

"ဒါဖြင့် ဒီစကားပုံဟာ ဘာပြုလို့ ရှိခဲ့ရတာလဲ ကိုရင်မောင်ရဲ့"

"ဒီစကားပုံရှိခဲ့ရတာက ဟိုအရင်တုန်းက ယောကျာ်းတွေဟာ မိန်းမသားတွေ ကိုဘယ်လောက် နှိမ့်ချထားခဲ့တာကို ဖော်ပြထားတာပေါ့။ ယောကျာ်းကောင်းမောင်းမ တစ်ထောင်ဆိုတာလည်း ငြိမ်းကြားဖူးမှာပေါ့။ အဲဒီစကားဟာလည်း ယောကျာ်းတွေ ကမိန်းမသားတွေအပေါ် ဘယ့်လောက်နှိပ်ကွပ်ခဲ့တယ်ဆိုတာကို စဉ်းစားကြည့်ရင်သိ နိုင်သားပဲ"

"ယောကျာ်းတွေဟာ ဘာပြုလို့သူတို့ အမေတွေ နှမတွေကို ဒီလိုလုပ်ခဲ့ရတာလဲ ဟင်"ဟု ငြိမ်းသည် အခံဘက်မှသာနေခဲ့ရသော မိန်းမသားတစ်ယောက်အနေနှင့် စိတ်ဝင်စားစွာမေးလာပုံရ၏။

"ငြိမ်းကကော ဘယ်လိုထင်သလဲ" ကိုရင်မောင်သည် ၎င်း၏မယားတော်သူမ ကလေးအား မိမိ၏ဦးနှောက်ကို အသုံးချတတ်ရန် ငြိမ်း၏အမေးကို လွယ်လင့်တကူ မဖြေကြားဘဲ၊ ထိုမေးခွန်းကိုပြန်၍ မေးခွန်းထုတ်ကာ အစဉ်းစားခိုင်းလေ၏။

ငြိမ်းသည် ကိုရင်မောင်၏ မေးခွန်းကို စဉ်းစားကြည့်လေသည်။ အဘယ့်ကြောင့် မိန်းမသားတို့အား ယောကျာ်းတို့သည် ယခုကဲ့သို့နှိပ်ကွပ်နှိမ်ချထားခဲ့ကြပါသနည်း။ တကယ်ဆိုသောအခါ မိန်းမသားများသည် လူ့ဘောင်၏မိခင်တို့ပင်မဟုတ်ကြပါ သလော။ ငြိမ်းသည် ကိုရင်မောင်၏ မေးခွန်းကိုအတန်ကြာမျှ စဉ်းစားနေပြီးမှ ပြန်၍ဖြေ ကြားနိုင်လေသည်။

"မိန်းမတွေက ယောကျာ်းတွေလောက် အားမှမရှိဘဲကိုးနော်၊ ဟုတ်လား ကိုရင် မောင်"

"ငြိမ်းပြောတာ မှန်သင့်သလောက်တော့မှန်တယ်။ မပြည့်စုံသေးဘူး။ အမှန်က တော့ "စားဝတ်နေရေး"ဆိုတဲ့ အသက်ရှင်ရေးကိစ္စမှာ ယောကျာ်းတွေကသာ အဓိက ရှာဖွေလုပ်ကိုင်ခဲ့ကြရတဲ့အတွက် မိန်းမသားတွေဟာ လူမှုဆက်ဆံရေးမှာ ယောကျာ်း တွေရဲ့ သြဇာကိုခံခဲ့ကြရတာပဲ"

ကိုရင်မောင်ပြောပြသောအကြောင်းကို ငြိမ်းကငြိမ်သက်စွာစဉ်းစားကြည့်နေလေ သည်။ လယ်တောသို့ ဆန်စပါးရရှိဖို့အရေးတွင် အဓိကလုပ်ကိုင်ခဲ့ကြသော ယောကျာ်း

သားများ၏ အကြောင်းကိုလည်း ငြိမ်းသည်စဉ်းစားမိလာ၏။ ထို့ကြောင့် မိန်းမသား များအပေါ်၌ အနိုင်ကျင့်၍ယူတတ်ကြသော အကြောင်းအရာများကိုလည်း ပြန်၍သတိ ရမိပေသည်။

"ကျုပ်ပြောတာသဘောပေါက်ရဲ့လား ဟင် ငြိမ်း"

"ဟုတ်ကဲ့၊ ကျွန်မလဲ အဲဒါကို ကိုရင်မောင်ပြောပြမှ စဉ်းစားမိနေတယ်"

"အဲဒီတော့ ယောကျ်ားနှင့်မိန်းမဟာ ယောကျ်ားက စားဝတ်နေရေးကို လုပ်ကိုင် ရှာဖွေရတဲ့လူဖြစ်လို့ မိန်းမဖြစ်သူက သူလုပ်သမျှခံပြီး သူထားသမျှနဲ့ နေရမယ်ဆိုတာ က တရားမျှတနိုင်ပါဦးမလားဟင်"

"ကိုရင်မောင်ပြောတာ ဟုတ်သားပဲ"

"ပြီးတော့ ယောကျ်ားတစ်ယောက်ထဲက သူ့ဘာသာသူ ရှာဖွေလုပ်ကိုင်ပြီး သူ တစ်ယောက်တည်း နေလို့ကောရပါ့မလား ငြိမ်းရဲ့"

"ဟုတ်တာပေါ့ရှင်"

"သူ့ကို ကူညီဖို့၊ သူရှာဖွေလုပ်ကိုင်ရခဲ့သမျှကို ထိန်းသိမ်းသိုမှီးဖို့ကော မလိုဘူး လား။ အဲဒီ လိုနေတဲ့နေရာဟာ မိန်းမတွေရဲ့နေရာဖြစ်တယ် မဟုတ်လား။ ဒါကြောင့် ယောကျ်ားနဲ့မိန်းမဟာ လင်နဲ့မယားဖြစ်လာတဲ့အခါ တစ်ယောက်ကကူညီရတာပဲ။ ဒီလို ကူညီမှလဲ အသက်ရှင်နေနိုင်ကြမယ်။ ဒါကြောင့် လင်နဲ့မယားဟာ အတူတူပဲ။ ဘယ်သူ ကမှ မသာဘူး။ ဒီတော့ ကျုပ်ကိုငြိမ်းက ကျေးဇူးတင်ပြီး ရှိခိုးတယ်ဆိုတာဟာ ရယ် စရာကောင်းမနေဘူးလားဟင်"

ငြိမ်းကအရိုးခံနှင့် ပြုံးလိုက်လေသည်။

ကိုရင်မောင်သည် အလွန်တရာစိတ်ရှည်သူဖြစ်လေသည်။ သူသည် ငြိမ်းအား အခါခပ်သိမ်း စိတ်ရှည်လက်ရှည်နှင့် ငြိမ်းသဘောမပေါက်မချင်း ရှင်းလင်းပြောပြတတ် ၏။ ငြိမ်းအား ၎င်း၏ဦးနှောက်ဖြင့် ချိန်ဆစဉ်းစားတတ်အောင်လည်း လေ့ကျင့်ပေးတတ် ၏။

ငြိမ်းအဖို့ ကိုရင်မောင်သည် လေးစားအံ့သြစရာကောင်းသော လူတစ်ယောက် ပါ ဖြစ်နေသည်။ သူသည် ငြိမ်း၏အားကိုး ချစ်ခင်ရသော လူသားတစ်ယောက်မျှသာ လျှင်မဟုတ်သေးပေ။ ငြိမ်းအတွက် အလွန်တရာနှစ်လိုဖွယ်ကောင်းသော မိတ်ဆွေ ကဲ့သို့လည်း ဖြစ်ပေသည်။ ဆရာသမားကဲ့သို့လည်း ဖြစ်ပေသည်။

အနှစ် ၂၀ ကျော်ကျော်မျှ ဤမြေကြီးပေါ်၌ အတူတကွပေါင်းဖော်၍ အသက်ရှင် လာခဲ့ရသော အချိန်ကာလတစ်လျှောက်လုံး၌ ကိုရင်မောင်သည် အငြင်းပယ်ခံရသော လူတန်းစားများထဲမှ ငြိမ်းတစ်ယောက်အတွက်သာ အလွန်တစ်ရာ ချစ်ခင်လေးစား

ဖွယ်ရာ လူသားတစ်ယောက်မျှသာမဟုတ်သေးဘဲ၊ လူတိုင်းလူတိုင်း၏ သူရဲကောင်းဖြစ်လာသည်ကို အမေသည် တွေ့မြင်ခဲ့ရပေ၏။ အငြင်းပယ်အနှိပ်ကွပ်ခံသော ထိုလူသား၏ လုပ်ဆောင်ချက်များအား အမေသည် မည်ကဲ့သို့လျှင် မလေးစားမအံ့သြဘဲ နေနိုင်ပါမည်နည်း။

လင်နှင့်မယားစ၍ ညားရခါစက ကိုရင်မောင်သည် ငြိမ်းအတွက်သာ သူရဲကောင်းဟု အမေသည် မှတ်မိခဲ့သော်လည်း ငြိမ်းနှင့်သားတစ်ယောက်ရကာ အနှစ် ၂၀ ကျော်ကျော်မျှ ကြင်နာစွာပေါင်းသင်းသွားခဲ့ရာမှ နောက်ဆုံးရန်သူ၏အကျဉ်းထောင်ထဲ၌ အညှဉ်းပန်းအနှိပ်စက် အမျိုးမျိုးကိုခံရရင်း ၎င်းချစ်မြတ်နိုးသောလူသားတို့၏ မျက်ကွယ်ရာအရပ်၌ တိရစ္ဆာန်တစ်ကောင်နှင့်မခြား သေဆုံးသွားခဲ့ရသော ငြိမ်း၏သူရဲကောင်းကြီးမှာ အငြင်းပယ်ခံတို့၏ သူရဲကောင်းကြီးပါဖြစ်နေသည်ကို နောက်တော့မှ အမေသည် တစ်စစသိ၍ လာခဲ့ရလေ၏။

ထိုသူရဲကောင်းအား ငြိမ်းသည် အဘယ်သို့ မေ့နိုင်ပါမည်နည်း။ ထိုသူရဲကောင်း၏ အရိုးတို့သည်ပင် ယခုအချိန်အခါဝယ် ဆွေးမြည့်နေလောက်ပြီဖြစ်သော်လည်း ထိုသူတစ်ယောက်သည် အမေ၏နှလုံးသားထဲ၌ ထာဝစဉ်အသက်ရှင်လျက်သာ ရှိနေတော့မည်ဖြစ်၏။ အမေ၏နှလုံးသားတို့ ငြိမ်သက်ကြသောနေ့ရက်နှင့် နာရီများအထိ ထိုသူသည် အမေနှင့်အတူတကွ နေထိုင်လျက်ရှိလိမ့်မည်သာဖြစ်၏။

အကယ်၍ ကိုရင်မောင်နှင့် ငြိမ်းတို့ပေါင်းစပ်ခြင်းမှ ရရှိခဲ့ကြသော လူကလေးမောင်ချစ်ဦးသာ မရှိခဲ့လျှင် အမေသည် ချစ်လင်ကိုရင်မောင် သေဆုံးရခြင်းကို ရင်ဆိုင်ရစဉ်ကာလက ၎င်းကိုယ်ကို ဘာလုပ်ပစ်မည်ဟူ၍ပင် မပြောနိုင်ပေ။ ရင်ထဲ၌ရှိသော နှလုံးနှင့်အသည်းတို့ကို အရှင်လတ်လတ် အခွဲအထုတ်ခံရသည်ထက် အမေ့မှာ ခံရခက်ခဲ့ပေသည်။ အမေ၏ကမ္ဘာ၌ ဟင်းလင်းပွင့်သွားခဲ့၏။ ဆောက်တည်ရာမရ ရပ်တည်ရာလည်းမရှိတော့။ ငဲ့ရမည့်လူကလေး မောင်ချစ်ဦးရှိနေသေး၍ ငြိမ်းမှာ မရူးရုံတမယ်သာ ကျန်ရစ်ခဲ့ရလေ၏။

ယခုအခါဝယ် လူ့ဘဝ၏အနှစ် ၂၀ ခရီးကို အမေသည် ပြန်၍ လှည့်ကြည့်မိပေသည်။

## (၁)

တိုတောင်းလှသော လူ့ဘဝ၏ကာလခရီးအတွင်း၌ မိမိ၏ကိုယ်ရေးကိုယ်တာများကို မငဲ့ကွက်ဘဲ၊ လူအများ၏ကောင်းကျိုးချမ်းသာနှင့် လွတ်မြောက်ရေးအတွက် နှစ်ပေါင်း ၂၀ ကျော်ကျော်မျှ အမြဲတစေတိုက်နိုက်ခဲ့သော လူသားတစ်ယောက်၏

အကြောင်းကို ပြန်လည်စဉ်းစားရသောအခါ အမေသည် ရင်ထဲ၌ လှုပ်ရှားတက်ကြွ၍ လာလေသည်။

အဘယ်ကဲ့သို့ပင် ရန်သူ၏နှိပ်စက်ညှဉ်းပန်းခြင်းကို ခံနေခဲ့ရသည်ဖြစ်စေ၊ မိမိနှင့် တကွ သားမယားဖြစ်သူတို့ပင် စုတ်ပြတ်ငတ်မွတ်၍ နေခဲ့ရသည်ဖြစ်စေ ၊ အဘယ်သော အခါကာလကမှ ရန်သူအားတိုက်ခိုက်တွန်းလှန်ခြင်း၌ လျှော့ပေါ့ခြင်းမရှိခဲ့သော ထိုစစ်သားအား လင်သားအဖြစ်ရရှိခဲ့သော အမေ့အတွက် အခြားကြီးမြင့်သော ဂုဏ်သည် မရှိနိုင်တော့။

ခိုကိုးရာကင်းမဲ့၍ တစာစာငိုကြွေးကာ ၎င်းကိုယ်ကိုထိုးအပ်ခဲ့ခြင်းအား မရှောင် နိုင်မဖယ်နိုင်ဘဲ တာဝန်ယူလက်ခံခဲ့သည့်အချိန်မှစ၍ ၎င်း၏သားမယားတို့၏ မျက် ကွယ်ရာ၌ သေဆုံးသွားခဲ့ရသည့် အချိန်ကာလအထိ ထိုသူတစ်ယောက်အပေါ်၌ ငြိမ်း သည် ဘာတစ်ခုမျှ ပြောစရာဆိုစရာမရှိခဲ့။ ထိုသူသည် ငြိမ်းအတွက် အလွန်တရာ ကျေနပ်လောက်စရာ လူသားတစ်ယောက်သာဖြစ်ပေသည်။

ကျားရဲ၏ဘေးရန်မှပြေးထွက်၍ ထိုလူ၏ရင်ခွင်အတွင်းသို့ တိုးဝင်ခိုကပ်ခဲ့ရသော ညက ထိုသူသည် ငြိမ်းအား ၎င်း၏အသိမိတ်ဆွေ လင်မယားအိမ်သို့ ခေါ်ယူသွားကာ အပ်ထားခဲ့၏။ သူသည် ငြိမ်းကိုဖက်ပွေ့နမ်းရှုပ်ခြင်းမျှပင်မပြု အလွန်တရာငြိုးခြံစောင့် ထိန်းပုံရလေသည်။

ငြိမ်းနှင့် ကိုရင်မောင်သည် တော်တော်နှင့်လည်း လင်မယားအရာမမြောက်ခဲ့ကြ ရပေ။ ထိုသူ၏စောင့်စည်းထိန်းသိမ်းခြင်းကို ယခုအခါမှ ပြန်၍တွေးရသော အမေ့ အတွက် အလွန်တရာလေးစားစရာဖြစ်နေ၏။

ကိုရင်မောင်သည် ငြိမ်းအား ၎င်း၏မိတ်ဆွေ လင်မယားအိမ်တွင် ခေတ္တအပ်နှံ ထားခဲ့ပြီးသည့်နောက်မှ သားနှင့် မယားနှင့် သင့်တင့်စွာပေါင်းသင်းနေထိုင်ဖို့အရေးကို စဉ်းစားကြံစည်ခဲ့ရ၏။ ဗြိတိသျှနယ်ချဲ့သမားကို တော်လှန်ပုန်ကန်ခဲ့သော လူငယ် တစ်ဦးအတွက် ကိုလိုနီအုပ်ချုပ်ရေးယန္တရားထဲသို့ဝင်ရောက်ကာ ထမင်းအိုးကို မီးမမွေး နိုင်ပေ။ တစ်ခုခုလုပ်ရအောင်က အရင်းအနှီးမရှိ။ ပြီးတော့ ကိုရင်မောင်သည် တစ်ဦးတစ် ယောက် ကောင်းစားရေးလောက်ကိုသာ လုပ်ချင်သူမဟုတ်သေး။

ဗြိတိသျှနယ်ချဲ့သမား၏ ကိုလိုနီပညာရေးစနစ်ကို စတင်ဆန့်ကျင်၍ တော်လှန် ပုန်ကန်ကြသော တက္ကသိုလ်သပိတ်ကြီး၏ အမျိုးသားရေးအုံကြွမှုကြီးသည် တောမီး ကဲ့သို့ ပျံ့နှံ့လောင်မြိုက်၍ ပြည်သူတို့သည် နိုးကြားနေရပြီဖြစ်ရကား၊ ကိုလိုနီပညာရေး စနစ်နှင့်ဆန့်ကျင်၍ အမျိုးသားပညာရေးကို စတင်လှုံ့ဆော်သော အမျိုးသားကျောင်း များသည် ပြည်သူတို့၏အထောက်အပံ့ဖြင့် ပေါ်ပေါက်၍လာကြလေသည်။ ထိုကဲ့သို့ ဆင်းရဲကျုပ်တည်းစွာ ပေါ်ပေါက်လာခဲ့ရသော အမျိုးသားကျောင်းတစ်ကျောင်း၌ ကိုရင်မောင်

သည် ပြည်သူတို့ကပေးနိုင်သလောက်သော ထောက်ပံ့ကြေးကလေးဖြင့် ကျောင်းဆရာအလုပ်ကို လုပ်ကိုင်ခဲ့လေသည်။

ငြိမ်းအား ၎င်း၏အသိမိတ်ဆွေအိမ်၌ အပ်ထားပစ်ခဲ့ပြီးနောက် သုံးလခန့်ကြာမှ ကိုရင်မောင်သည် ဒိစတြိတ်အမျိုးသားကျောင်းတစ်ကျောင်း၌ ဝင်ရောက်လုပ်ကိုင်ရလေသည်။ ငြိမ်းအား သူသည် လာရောက်မခေါ်မီအတွင်း မှန်မှန်စာရေးခဲ့၏။ သူသည် ဒိစကြိတ်အမျိုးသားကျောင်း၌ တစ်လခန့် နေသားတကျ လုပ်ကိုင်စီမံပြီးကာမှ သူ့အား ရွှေလည်တိုင်ဖော့ရိုးကျိုးမတတ် စောင့်မျှော်နေရှာသော ငြိမ်းအား လာရောက်ခေါ်ငင်နိုင်ခဲ့၏။

မိမိအားကိုးပေါင်းသင်းရမည့်လင်အား စိတ်အားငယ်ငယ်နှင့် လေးလခန့်မျှ စောင့်မျှော်နေခဲ့ရသောငြိမ်းကို ကိုရင်မောင်ကလာခေါ်သောအခါ၌ ငြိမ်းသည် ဝမ်းသာလွန်း၍ မျက်ရည်ပေါက်ကြီးငယ်နှင့် ငိုခဲ့ရ၏။

"အိုး ... ငြိမ်းဘာပြုလို့ ငိုရတာလဲ"

"ကျွန်မဝမ်းသာလွန်းလို့ပါ ကိုရင်ရဲ့"

ဝမ်းသာလွန်း၍ ငိုရသောမယားအား လင်ဖြစ်သူက ဘယ်လိုများနှစ်သိမ့်ချော့မော့ရပါမည်နည်း။

ယခုအခါဝယ် ငြိမ်းသည်အမျိုးသားကျောင်းဆရာကလေး ဦးရင်မောင်၏ဇနီး ဆရာကတော်ဒေါ်ငြိမ်းဖြစ်၍ လာခဲ့ရလေပြီ။ သို့ရာတွင် ဗြိတိသျှနယ်ချဲ့သမား၏ ကိုလိုနီပညာရေးစနစ်အား ပြည်သူတို့၏ ဆင်းရဲလှသောအထောက်အပံ့ကလေးများဖြင့် ခက်ခက်ခဲခဲရပ်တည်တိုက်ခိုက်ရသော အမျိုးသားကျောင်းများသည် ကျောင်းဆရာများအား ထမင်းနပ်မှန်စားရအောင်ပင် အနိုင်နိုင်ကျွေးနေရလေသည်။ အမျိုးသားကျောင်းများသည် အမျိုးသားရေးအုံကြွမှုကြောင့် ပေါက်ကွဲပေါ်ထွက်လာကြရသော်လည်း တစ်ဖက်မှဆက်လက်ဖိနှိပ်နေသော ကိုလိုနီစနစ်၏ဒဏ်ကို အလူးအလဲခံနေကြရသဖြင့် တစ်စထက်တစ်စ အားနည်းလာခဲ့ရလေသည်။

ထိုကဲ့သို့ အမျိုးသားရေးအုံကြွမှုအတွင်းမှာ မွေးဖွားပေါ်ပေါက်၍လာခဲ့ကြသော အမျိုးသားပညာရေးစနစ်ကို အညွန့်ထွက်စပြုလျှင်ပြုချင်း ဗြိတိသျှနယ်ချဲ့စနစ်သည် အမျိုးမျိုးဖိနှိပ်လာသောကြောင့် ထိုထွက်လာသောအညွန့်ကလေး မကျိုးသွားစေရန် အလူးအလဲကြိုးပမ်းရုန်းကန်ခဲ့ကြရသော ပြည်သူတို့နှင့်အတူ အမျိုးသားကျောင်းဆရာ ဆရာမများခမျာတို့သည်လည်း လက်တွဲ၍ရုန်းကန်ခြင်းပြုခဲ့ကြရလေသည်။ ပြည်သူတို့က ထောက်ပံ့ပေးကမ်းကြသော ရန်ပုံငွေကလေးကိုချင့်၍ မိမိတို့၏ဆန်ဖိုးဆေးဖိုးကလေးများပင် အနိုင်နိုင်ယူကြရလေသည်။

ထိုကဲ့သို့ အမျိုးသားပညာရေးအား တည်တံ့ကြီးထွားနိုင်စေရေးအတွက် ပြည်သူတို့နှင့်လက်တွဲ၍ အမျိုးမျိုးသောအဆင်းရဲနှင့် ဒုက္ခကိုခံလာခဲ့ကြသော မျိုးချစ်ဆရာ ဆရာမနှင့် ဆရာကတော်များစာရင်းထဲတွင် ဆရာကိုရင်မောင်နှင့် ဆရာကတော်ငြိမ်းတို့သည်လည်း ပါခဲ့ကြပေသည်။

ကိုရင်မောင်သည် အမျိုးသားကျောင်းတစ်ကျောင်း၌ မလောက်မငသော အထောက်အပံ့လစာကလေးဖြင့် လင်ကိုယ် မယားပင် မဝတစစားနေရသည့်အကြားမှ ဗဟန်းအမျိုးသားတက္ကသိုလ်ကိုလည်း တတ်အားသလောက်ဖံ့ရွှဲ၍ ကူညီထောက်ပံ့ခဲ့သေး၏။ ထိုအချိန်ဝယ် ပြည်သူတို့၏တတ်အားသလောက်သော အထောက်အပံ့ကလေးဖြင့် အနိုင်နိုင်ရပ်တည်နေရရှာသော အမျိုးသားတက္ကသိုလ်ကြီးမှာ နယ်ချဲ့သမား၏ဖိနှိပ်မှုကြောင့် ပြုတ်လုဆဲဆဲဖြစ်နေ၏။ မဝတဝစားနေရသော ကထိကနှင့် ပါမောက္ခတို့သည် တစ်လထက်တစ်လ ခန်းခြောက်နေသော ရန်ပုံငွေကိုချင့်၍ လခပင်မယူကြတော့ဘဲ မိမိတို့၏ အမျိုးသားတက္ကသိုလ်ကြီးကို မပြိုကွဲအောင် အဆင်းရဲအငတ်ငတ်နှင့် လုပ်ကိုင်ပေးနေခဲ့ကြပေသည်။

မိမိတို့ငှားရမ်းနေရသော အိမ်လခကိုမပေးသေးဘဲ ထိုအိမ်လခပေးရမည့်ငွေကလေးအား စာတိုက်မှတစ်ဆင့် အမျိုးသားတက္ကသိုလ်သို့ ကိုရင်မောင်က ပို့လိုက်ခြင်းအား ငြိမ်းက နားမလည်သဖြင့် ကိုရင်မောင်က ၎င်း၏ဆရာကတော်အား ရှင်းလင်း၍ပြရလေ၏။ ထိုသို့ရှင်းလင်းပြ၍ ငြိမ်းသဘောပေါက်လာသောအခါ ထိုအမျိုးသားတက္ကသိုလ်ကြီးအား မဆုံးရှုံးစေရန် မိမိတို့၏လစဉ်ကူညီထောက်ပံ့ဖို့အတွက် ၎င်းသည် တစ်ခုခုလုပ်ကိုင်လိုကြောင်းပင် ပြောလာပေသည်။

" ငြိမ်းကဘာလုပ်မယ် စိတ်ကူးသလဲဟင်း " ဆရာကိုရင်မောင်သည် ၎င်း၏ထက်သန်နေသော ဆရာကတော်အား မေးမိလေသည်။

"ကျွန်မဈေးတော့ရောင်းတတ်သားပဲ ကိုရင်မောင်ရဲ့ "

"ဈေးရောင်းတာကတော့ ဟုတ်ပါရဲ့။ ဘယ်မှာများများစုထားဆောင်းထားတာ အရင်းအနှီးရှိလို့လဲ "

"ကိုရင်မောင်ကသာမသိတာ ကျွန်မတစ်လတစ်လကို ခြစ်ခြစ်ခြုတ်ခြုတ် စုထားတာ အခုဆိုရင် ငွေအစိတ်သုံးဆယ်လောက်တော့ရှိတယ်။ အဲဒါ နောက်ထပ်ငွေကလေး အစိတ်သုံးဆယ်လောက် ထပ်စုနိုင်ရင် ဈေးမှာ ကျွန်မဘာသာ ကုန်ဆိုင်ကလေးတော့ ထွက်နိုင်မှာပဲ "

ကိုရင်မောင်သည် ဈေးထဲ၍ ကုန်ဆိုင်ထွက်မည်ဆိုသော ၎င်း၏ဆရာကတော်ကို သဘောကျမိလေသည်။

"ငွေရင်းကလေးငါးဆယ်လောက်ဆိုရင် ဟိုကလှည့်ဒီကလှည့်နဲ့တော့ ဆိုင်ထွက်နိုင်လောက်ပါတယ် ကိုရင်မောင်ရဲ့"

ကိုရင်မောင်သည် ၎င်းဆရာကတော်၏ အကြံအစည်ကို သဘောကျမိပေသည်။ ထို့ကြောင့် "ငြိမ်း ဈေးရောင်းရင်လည်း ကောင်းသားပဲ"ဟု သဘောတူလိုက်လေသည်။

ယခုအခါဝယ် အမျိုးသားကျောင်းဆရာကတော်သည် တစ်ဖက်တစ်လမ်းမှ အမျိုးသားပညာရေးကို ကူညီထောက်ပံ့ရေးအတွက် ဈေးသည်ဖြစ်လာရ၏။ သည်ကဲ့သို့ လင်ကတစ်ဖက် မယားကတစ်ဖက် အလုပ်လုပ်ကြရစဉ် ငြိမ်း၌လူကလေး မောင်ချစ်ဦး၏ ပဋိသန္ဓေသည် စွဲကပ်၍ မွေးဖွားလာခဲ့ရလေသည်။

ငြိမ်းသည် သားငယ်တစ်ဖက်နှင့်လည်း ဈေးရောင်းနေရခြင်းကို ဆရာ ကိုရင်မောင်က မသင့်လျော်ဟု ထင်မြင်လာသဖြင့် ငြိမ်းအားဈေးဆိုင်ကို ပိတ်လျှင်ကောင်း မှာပဲဟု အကြံပေးလေသည်။ ထိုသို့အိမ်၏ ကိစ္စကတစ်ဖက် ကလေးကိစ္စကတစ်ဖက်နှင့် ပင်ပန်းဆင်းရဲလှသော မယားဖြစ်သူအား သက်ညှာလှ၍သာ ဈေးရောင်းသောအလုပ်ကို ရပ်ရန် ဆရာကိုရင်မောင်သည် အကြံပေးရသော်ငြားလည်း ၎င်း၏အမျိုးသားကျောင်းမှ ရရှိသော ထောက်ပံ့ကြေးလစာမှာ လျော့ပါး၍သာလာနေခဲ့၏။

ထိုအချိန်ဝယ် အမျိုးသားအုံကြွမှုကြီးအား ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့ကြသော ဂျီစီဘီအေ အဖွဲ့ချုပ်ကြီးအား ဗြိတိသျှနယ်ချဲ့သမားက အမျိုးမျိုးဖိနှိပ်၍တစ်ဖုံ ဖြားယောင်း၍တစ်ဖုံ ပြိုကွဲအောင်ပြုလုပ်နေရာမှ ဗမာအမျိုးသားများက တောင်းဆိုနေသော ကိုယ်ပိုင် အုပ်ချုပ်ရေးနှင့် များစွာကွာခြားလှသော ဒိုင်အာခီအုပ်ချုပ်ရေးကိုပင် ခဲခဲယဉ်းယဉ်း ဈေးကိုင်၍ မပေးချင်ပေးချင်နှင့် ပေးနေချိန်ဖြစ်၏။ ထိုကဲ့သို့ ဗမာအမျိုးသားများ၏ လိုလားမျှော်မှန်းချက်နှင့် နံ့သာဆီနှင့်ရေကဲ့သို့ ကွာခြားနေသော ဒိုင်အာခီဆိုသည့် ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို ဂျီစီဘီအေအဖွဲ့ကြီးအတွင်းမှ ၂၁ ဦးဂိုဏ်းသားများသည် အမျိုးသားအုံကြွမှုကြီးကို ခပ်ပြောင်ပြောင်သစ္စာဖောက်ကာ လက်ခံသွားခဲ့ကြ၏။ ထိုကဲ့သို့ အမျိုးသားရေးအုံကြွမှုကြီးအား ခေါင်းဆောင်နေခဲ့သော ဂျီစီဘီအေအဖွဲ့ချုပ်အား ဖြိုခွဲပြီး၍ သစ္စာဖောက်သူများက သစ္စာဖောက်သွားခဲ့သည့်တိုင်အောင် အမျိုးသားရေး အုံကြွမှုကြီးကိုကား ဗြိတိသျှနယ်ချဲ့သမားသည် ချေမှုန်းခြင်းငှာ မတတ်နိုင်ခဲ့ပေ။ ဗြိတိသျှနယ်ချဲ့သမား၏ ကိုလိုနီစနစ်ဖြစ်သော ဒိုင်အာခီ အုပ်ချုပ်ရေးလက်ထက်တွင် တစ်နေ့တခြားကျပ်တည်းလာသော ပြည်သူတို့၏ စားဝတ်နေရေး အခြေအနေများသည် ဆိုးဝါး၍ နေ၏။ ထိုကဲ့သို့ ပြည်သူတို့သည် သေလုမြောပါးခံနေရသည့်အကြားမှ ပြည်သူတို့ထံမှ မတရားသောအခွန်အခများကို အတင်းအဓမ္မ စည်းကြပ်ကောက်ခံပြန်လေသည်။

ထိုကဲ့သို့ ပြည်သူတို့၏ ကျပ်တည်းမှုနှင့် အလူးအလဲခံနေရမှုများသည် ပြည်သူတို့က တည်ထောင်ပေးထားကြရသော အမျိုးသားကျောင်းများတွင် လာရောက်ပုတ်

ခတ်လာလေသည်။ အချို့သောအမျိုးသားကျောင်းများသည် ကျဆုံး၍ပိတ်လိုက်ရလေသည်။ အချို့သောကျောင်းများမှာ အနိုင်နိုင်ရပ်တည်နေကြရရှာ၏။ သည်လိုအမျိုးသားကျောင်းများ အားနည်း၍လာလျှင်ပင် ဗြိတိသျှနယ်ချဲ့သမားသည် ထောက်ပံ့ကြေးများနှင့် အမျိုးသားပညာရေးကို အပြီးအပိုင်ချေမှုန်းထိုးဖောက်၍ ဝင်လာလေ၏။

ကိုရင်မောင်သည် ဗြိတိသျှနယ်ချဲ့သမား၏ ထောက်ပံ့ကြေးကို လက်မခံရန် ပြင်းပြင်းထန်ထန်ဆန့်ကျင်ကန့်ကွက်ခဲ့သော အမျိုးသားကျောင်းဆရာတစ်ဦးဖြစ်ခဲ့၏။ ထိုထောက်ပံ့ကြေးကို လက်ခံရေးနှင့် လက်မခံရေးတွင် အတော်အတန် သဘောကွဲလွဲခြင်းများ ရှိခဲ့လေသည်။ အချို့သောကျောင်းများက အခြေအနေအရ လက်ခံသင့်သည်ဟု ယူဆ၍ လက်ခံကြကာ၊ အချို့ကတော့ လုံးဝလက်မခံကြ။

ဆရာကိုရင်မောင် အလုပ်လုပ်သောကျောင်းသည် အမျိုးသားပညာရေးကို ဖျက်ဆီးမည့် ဗြိတိသျှနယ်ချဲ့သမား၏ အထောက်အပံ့ကိုလက်မခံခဲ့ပေ။ ထို့ကြောင့် ထိုကျောင်းသည် အလွန်တရာဆင်းရဲကျပ်တည်းခြင်းကို ရင်ဆိုင်ရလေသည်။ ပြည်သူတို့မှာလည်းတစ်နေ့တခြားဆင်းရဲကျပ်တည်းလာကြသဖြင့် ၎င်းတို့၏ဝမ်းရေးကိုပင် အနိုင်နိုင်ဖြစ်နေကြသောအခါ ပညာရေးအား မကူညီနိုင်အောင်ဖြစ်လာကြ၏။ ကျောင်း၏ ရန်ပုံငွေမှာတစ်လထက်တစ်လခြောက်ခန်း၍သာ လာလေ၏။ ထို့ကြောင့် "နည်းအမှု"ဆိုသောစကားအတိုင်း ကျောင်းဆရာဆရာမများအတွက် လခဟူ၍ပင် မပေးနိုင်တော့ဘဲရတတ်သလောက်ဝေမျှ၍ပေးရ၏။

ဆရာကိုရင်မောင်၏ရရှိသော ထောက်ပံ့ကြေးမှာ လင်မယားသားအမိသုံးယောက်အတွက် အဘယ်သို့မျှ မလုံလောက်နိုင်သောအခါ ဆရာကတော်ဒေါ်ငြိမ်းသည် ဈေးမရောင်း၍မဖြစ်တော့ပေ။ ကလေးတစ်ဖက်နှင့် ပင်ပန်းလှသော သားမယားတို့အားအဘယ်မျှ ကြင်နာစေကာမူ ဆရာကိုရင်မောင်သည် အကြံပေးနိုင်ရုံလောက်မျှသာပါးစပ်တတ်နိုင်၍ "ကျွန်မဈေးမရောင်းရင် ကိုရင်မောင်တစ်လတစ်လ မရတစ်ချက် ရတစ်ချက်နဲ့ ရနေတဲ့လခကလေးနဲ့ ဘယ်အလျင်မီပါ့မလဲ" ဟူ၍ ငြိမ်းက လက်တွေ့ကိုပြသပြောပြလာသောအခါ အမျိုးသားကျောင်းဆရာသည် ဘာမျှပြန်၍မပြောနိုင်ဘဲ၎င်း၏ဈေးသည်ကိုသာ နှုတ်ပိတ်၍မော်ကြည့်နေရရှာလေ၏။

(ဂ)

ငြိမ်းသည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေကိုရရှိစေရန် ဈေးရောင်းရင်း လူများစုနှင့်တွေ့ဆုံဆက်ဆံလာရသည်နှင့် ထိုခေတ်ထိုအခါက ဗြိတိသျှနယ်ချဲ့သမားအား ဆန့်ကျင်

ကြသော ဝံသာနုလုပ်ငန်းများကို နားလည်၍လာခဲ့ရပေသည်။ ဗမာပြည်အနှံ့အပြား၌ လူထုကန့်ကွက်ပွဲများ ပြုလုပ်ကြခြင်း၏ အကြောင်းရင်းကိုလည်း တဖြည်းဖြည်း သိရှိလာခဲ့၏။

"ကရက်ဒေါက်"အား ဗမာပြည်မှ မောင်းထုတ်သဖြင့် ဗြိတိသျှနယ်ချဲ့သမားက ဖမ်းဆီးထောင်ချခဲ့သော ဆရာတော်အရှင်ဦးဉတ္တမအား ဒုတိယအကြိမ်ထပ်မံဖမ်းဆီးပြန်ကာ ထောင်သုံးနှစ်ချလိုက်သောအချိန်၌ ဗြိတိသျှနယ်ချဲ့သမား၏ မတရားကောက်ခံသော လူခွန်တော်မပေးရေး တိုက်ပွဲများတွင် ဝင်ရောက်လှုံ့ဆော်နေသော မိမိ၏ချစ်လင်ကိုရင်မောင်အား ငြိမ်းသည် ထောက်ခံအားပေးနိုင်သည်အထိ တိုးတက်လာခဲ့ပေပြီ။

ဆရာကိုရင်မောင်သည် ကျောင်းချိန်ကုန်သောအခါများတွင် ရပ်ထဲရွာထဲရောက်နေလေ့ရှိကာ ထိုရပ်ထဲရွာထဲတွင်ဖြစ်ပေါ်နေသော ပြည်သူတို့၏ပြဿနာများကို စိတ်အားထက်သန်စွာဝင်ရောက် ဆွေးနွေးတတ်လေသည်။ ကျောင်းသူကျောင်းသားတို့၏ မိဘများဖြစ်ကြသော ပြည်သူတို့၏အရေးသည် အဘယ်မျှကြီးမားသော အရေးဖြစ်သည်ကို ညမိုးချုပ်၍အိမ်ပြန်ရောက်သောအခါ ကိုရင်မောင်က ၎င်း၏ ဇနီးသည်မအား ပြောပြသည့်နည်းတူ၊ ဇနီးသည်မကလည်း တောမှလယ်သမားများကျပ်တည်း၍ အရောင်းအဝယ်ဆုတ်ယုတ်နေရသည့် အကြောင်းကို ၎င်း၏ကျောင်းဆရာအား ပြန်လည် ပြောပြတတ်လေသည်။

သည်လိုပေါင်းသင်း၍ သားတစ်ယောက်ရကာ ချစ်ချစ်ခင်ခင်နှင့် နေထိုင်လာခဲ့ရသော ငြိမ်းနှင့်ကိုရင်မောင်တို့ အိမ်ထောင်ရေးကို ပြန်လည်တွေးတောရခြင်း၌ အဘယ်မျှပင်ချို့ငဲ့ဆင်းရဲခဲ့သော်လည်း သာယာချမ်းမြေ့ခြင်းများကို အထိုက်အလျောက် တွေ့ရပေသည်။

သို့ရာတွင် တစ်နေ့တခြား ဖိနှိပ်လာခဲ့သော ဗြိတိသျှနယ်ချဲ့သမား၏ ကိုလိုနီစနစ်ကြောင့် ဗမာပြည်၏အဓိကစီးပွားရေးဖြစ်သော ဆန်စပါးထုတ်လုပ်ရေးလုပ်ငန်းတွင် အရေးပါအရာရောက်ဆုံးသော တောသူတောင်သား လယ်သမားများသည် မွဲသည်ထက်မွဲကာ စပါးဈေးများ ကျွမ်းထိုးမှောက်ခုံဖြစ်သွားသော ၁၉၂၀–၃၀ နှင့် ၃၁ ခုနှစ်များတွင် ငတ်ပြတ်သေရတော့မည့် အခြေဆိုးသို့ ဆိုက်ရောက်လာခဲ့ကြရသည့်အတွက် ကိုလိုနီအုပ်ချုပ်ရေးအား လက်နက်စွဲကိုင်တိုက်ခိုက်၍ တော်လှန်ခဲ့ကြလေသည်။

ထိုလယ်သမားသူပုန်ကြီးထကြွသော ၁၉၃၁ခုနှစ်၌ ကိုရင်မောင်သည် အမျိုးသားကျောင်းဆရာ အလုပ်ပြုတ်ခဲ့ရလေသည်။ ပြုတ်ခဲ့ရသောအကြောင်းရင်းမှာ အမျိုးသားကျောင်းပါပြုတ်ခဲ့သောကြောင့် ဖြစ်လေသည်။ ထိုသို့အမျိုးသားကျောင်း အများအပြား

ပြုတ်ခဲ့ရသော ပြည်သူတို့၏အကျပ်အတည်းထဲမှ စတင်ခဲ့သော လယ်သမားသူပုန်ကြီး သည် ပေါ်ပေါက်၍ လာခဲ့လေသည်။

သာယာဝတီလယ်သမားသူပုန်ကြီးသည် အမျိုးသားရေးအုံကြွမှုတွင် ရာဇဝင် ပြောင်းမြောက်လှသော လယ်သမားတို့၏ လက်နက်ကိုင်တော်လှန်ရေးကြီး ဖြစ်လေ သည်။ ဗြိတိသျှနယ်ချဲ့သမားနှင့် မြေပိုင်ရှင်ကြီးများ ပူးပေါင်းထားသော ကိုလိုနီအုပ် ချုပ်ရေးအား လယ်သမားတို့က မခံမရပ်နိုင်တော့၍ လက်နက်စွဲကိုင်ကာ တွန်းလှန် ခဲ့ကြသော ထိုလယ်သမားသူပုန်ကြီးအား၊ ထိုခေတ်ထိုအခါ အမျိုးသားရေးတွင် ဆက် လက်ခေါင်းဆောင်လျက် ရှိသေးသော ဂျီစီဘီအေဂိုဏ်းသားအကြွင်းအကျန်တို့သည် စွမ်းစွမ်းတမံနှင့် တိတိကျကျလည်းရှေ့ဆောင်ရှေ့ရွက်မပြုနိုင်ခဲ့ကြပေ။ ထိုခေတ်ကာ လ ဂျီစီဘီအေတွင် ခေါင်းဆောင်နေကြသူ အများအပြားမှာ နေရှင်ပေါက်စကလေးများ နှင့် ပညာတတ်လူလတ်တန်းစားများသာ ပါဝင်ကြ၍ ဗမာနိုင်ငံ၏ အတိုးတက်ဆုံးသော အလုပ်သမားများသည် အဖွဲ့အစည်းအနေနှင့် ပါဝင်ခြင်းခေါင်းဆောင်ခြင်းများ မတွေ့ မြင်ခဲ့ရသေးပေ။

သာယာဝတီသူပုန်ကြီး ထကြွနေသော ခေတ်ကာလက အလုပ်လက်မဲ့ ကိုရင်မောင် အား ငြိမ်းက တာဝန်ယူဈေးရောင်း၍ ကျွေးမွေးပြုစုခဲ့ရလေသည်။ လူကလေးမောင် ချစ်ဦးကိုလည်း ကျောင်းသို့ခဲခဲယဉ်းယဉ်းကျပ်ကျပ်တည်းတည်းနှင့် ထားခဲ့ရ၏။ သည်လို ငြိမ်းသည် လင်နှင့်သားတို့အား ဈေးရောင်း၍ပြုစုခဲ့ရသည်ကို မောပန်းသည်ဟု မထင်ခဲ့။ ကိုရင်မောင်သည် ဝင်ငွေရှိသောအလုပ်ကိုသာ မလုပ်ရသော်လည်း ဝင်ငွေမရှိဘဲလမ်း စရိတ်ကုန်သော အလုပ်ကား မအိပ်မနေလုပ်ကိုင်ခဲ့သည်။ သို့ရာတွင် ထိုအလုပ်သည် အဘယ်မျှအရေးပါ၍ အရာရောက်သည်ကို ငြိမ်းသည် တိတိကျကျနှင့် "သေသေချာချာ ဂဃနဏ" သာမသိသော်လည်း ကောင်းသောအလုပ်ဆိုသည်ကိုတော့ စိတ်ချယုံကြည် လေသည်။

ငြိမ်းက ဈေးရောင်း၍ ကိုရင်မောင်က ဝင်ငွေမရသော နိုင်ငံရေးလုပ်ငန်းထဲသို့ တစ်စထက်တစ်စ ရောက်ခါစအချိန်က ငြိမ်းတို့လင်မယားသားအမိတို့သည် ချို့ချို့ ငဲ့ငဲ့နေထိုင်စားသောက်ခဲ့ကြရသော်လည်း ပျော်ရွှင်ချမ်းမြေ့ခြင်းကား ရှိမြဲပင်ရှိခဲ့ပေသည်။ ရှိတာကလေးကို မျှတချက်ပြုတ်စားသောက်၍ ရှိတာလေးကို သန့်ပြန့်ဖြူစင်စွာ လျှော် ဖွတ်ဝတ်တတ်ခဲ့ပေသည်။

လယ်သမားတို့ မခံမရပ်နိုင်တော့လွန်း၍ ထကြွခဲ့ရသော သာယာဝတီသူပုန်ကြီး အား တစ်ဖက်မှလက်နက်အားကိုးနှင့် ရက်ရက်စက်စက်နှိမ်နင်းနေစဉ် အခြားနိုင်ငံရေး တိုက်စစ်အနေနှင့် တက်ကြွနေသော အမျိုးသားအုံကြွမှုကြီးကို ဖြိုခွင်းရန်ကောက်ကျစ်

စဉ်းလဲသော ဗြိတိသျှနယ်ချဲ့သမားသည် ကုလား–ဗမာလူမျိုးရေးကို သွယ်ဝိုက်လှုံ့ဆော်၍ ဖန်တီးပေးပြန်လေသည်။ ကုလား–ဗမာအဓိကရုဏ်းကို ဖန်တီးခဲ့ပြီးနောက် တွဲရေးခွဲရေးပြဿနာကို ဖော်ထုတ်လာပြန်လေသည်။ ပါးနပ်ကောက်ကျစ်သော နယ်ချဲ့သမားသည် ၎င်းအားဗမာအမျိုးသားများက ထိုးစစ်ဆင်နေခြင်းကို လူမျိုးရေးသို့ ပြောင်းလွှဲဦးလှည့်ပေးခဲ့လေသည်။

သည်လိုအမျိုးသားရေး အုံကြွမှုနှင့် ဗြိတိသျှနယ်ချဲ့သမားတို့၏ ပဋိပက္ခသည် တစ်စထက်တစ်စပြင်းထန်လာခဲ့လေရာမှ ပါးနပ်သောနယ်ချဲ့သမားသည် ၁၉၃၄ ခုနှစ်တွင် အုပ်ချုပ်ရေးသစ်တစ်ခုကို တီထွင်၍ အမျိုးသားရေးအုံကြွမှုကို ဖြိုခွဲရန်ပြုလုပ်လာပြန်လေ၏။

ထိုအချိန်ဝယ် ကိုရင်မောင်သည် ဗြိတိသျှနယ်ချဲ့သမားအား ဗမာပြည်မှအပြီးအပိုင်မောင်းထုတ်ရန် အားယူနေကြသော လူငယ်အသင်းအဖွဲ့များ၌ နေ့မအားညမအားလုပ်ကိုင်လျက်ရှိနေခဲ့လေပြီ။ ငြိမ်းသည် ၎င်း၏ယုံကြည်ချက်အတိုင်း လုပ်ကိုင်နေသောလင်သည်အား လွတ်လွတ်လပ်လပ်လုပ်ကိုင်စေနိုင်ရန် နောက်ပိုင်းက ဖြစ်သလိုလုပ်ကိုင်စားသောက်ခဲ့လေသည်။ တစ်ခါတစ်ရံ အရောင်းအဝယ်မကောင်း၍ ရှိသော အရင်းကလေးပင်ပြုတ်ခဲ့ရ၏။ ထိုအခါများ၌ ငြိမ်းသည် ဟိုကလှည့် ဒီကလှည့်နှင့် အမျိုးမျိုးကြံဖန်ရပြန်လေသည်။ တကယ်ဆိုတော့ စားရေးနေရေးနှင့် ငြိမ်း၏အလုပ်မှာမပြီးသေး။ လူကလေးမောင်ချစ်ဦးအား ကျောင်း၌စာသင်မပျက်အောင်လည်း အမျိုးမျိုးဖာထေးလုပ်ကိုင်ရသေး၏။

ငြိမ်း၏လင်၊ သားတို့အပေါ် ဝတ္တရားလွန်နေခြင်းကို အများကအံ့သြချီးကျူးရ၏။ နေ့ညမအား အလုပ်လုပ်ပုံကိုလည်း ပြော၍ပင်မဆုံးနိုင်ကြ။ တစ်ဖက်တွင် ဈေးထွက်ရသည့်အကြားမှ အိမ်အလုပ်များကို နိုင်နင်းအောင်လုပ်နိုင်၏။ ထိုမျှနှင့် အလုပ်သည်မပြီးသေး။ ညညဘက်တွင် လူကလေးမောင်ချစ်ဦး သူများနည်းတူ ကျောင်းတက်နိုင်ရေးအတွက် အင်္ကျီကြယ်သီးအင်္ဂါးတပ်လိုက်သေးတော့၏။ ငြိမ်းသည် ညညဘက်တွင် နာရီပြန်တစ်ချက်လောက်အထိ ကြယ်သီးတပ်၍ မနက်ငါးနာရီမထိုးမီ ဈေးထွက်ရ၏။ မျက်လုံးနှစ်လုံးမှိတ်ထားရသော အချိန်ကလွဲလျှင် ငြိမ်းအတွက် အလကားကုန်သော အချိန်သည်မရှိခဲ့။

သို့ရာတွင်ငြိမ်းသည် မိမိကိုယ်ကို ပင်ပန်းဆင်းရဲသည်ဟူ၍ မည်သည့်အခါကမျှ မအောက်မေ့ခဲ့ပေ။ ဒီလင် ဒီသားတို့နှင့် ဖြစ်သလိုလုပ်ကိုင် စားသောက်ရခြင်းသည် ပျော်ရွှင်ချမ်းမြေ့စရာသာ ဖြစ်ခဲ့ပေသည်။

(ဃ)

အမျိုးသားရေးအုံကြွမှုကြီးကို မပြိုကွဲပြိုကွဲအောင် နည်းပရိယာယ်အသွယ်သွယ်တို့နှင့် ဗြိတိသျှနယ်ချဲ့သမားသည် အိန္ဒိယပြည်မနှင့် ဗမာပြည်အားခွဲခွာလိုက်ပြီးနောက် ၉၁ ဌာနအုပ်ချုပ်ရေးဖြင့် ခြေလှမ်းတစ်မျိုးပြင်လာသာခေတ်ဝယ် ဝိုင်အမ်ဘီအေနှင့် ဂျီစီဘီအေခေတ်က ဗြိတိသျှနယ်ချဲ့သမားကို အဆင့်ဆင့်ဆန့်ကျင်လာခဲ့ကြသော နိုင်ငံရေးခေါင်းဆောင်ကြီးများအားလုံးလိုလိုပင် စေ့စပ်ပူးပေါင်းရေးလမ်းသို့လိုက်ပါသွားကြသော်လည်း ဗြိတိသျှနယ်ချဲ့သမားအား ဗမာပြည်မှအပြီးအပိုင် ချေမှုန်းမောင်းထုတ်၍ လွတ်လပ်သော သမ္မတနိုင်ငံကိုထူထောင်ရန် တကယ်တမ်းတိုက်ခိုက်ကြမည့် တို့ဗမာအစည်းအရုံးသည် တိုးတက်သောပညာတတ်လူငယ်များကို စည်းရုံးကာ ပေါ်ပေါက်၍လာခဲ့လေ၏။

တို့ဗမာအစည်းအရုံးသည် ယခင်ဝိုင်အမ်ဘီအေနှင့် ဂျီစီဘီအေများကဲ့သို့ အမျိုးဘာသာသာသနာနှင့် လမ်းမဆုံးမနေတော့ဘဲ ဗမာပြည်၏အရေးကြီးဆုံးသော လူများစုနှင့် လူတန်းစားများဖြစ်ကြသည့် အလုပ်သမားလယ်သမားနှင့် ကျောင်းသားလူငယ်များအား အရေးတကြီးဖွဲ့စည်းကာ ကိုယ်စားပြုရန်ကြိုးပမ်းလာခဲ့၏။

ထိုကဲ့သို့ တို့ဗမာအစည်းအရုံးသည် ဗြိတိသျှနယ်ချဲ့သမားအား ဗမာပြည်မှ အပြီးအပိုင် ချေမှုန်းမောင်းထုတ်ရန် ပေါ်ပေါက်လာခဲ့ခြင်းအား ဗြိတိသျှနယ်ချဲ့သမားသည် ထိတ်လန့်တုန်လှုပ်စွာကြည့်နေခြင်းငှာ မတတ်နိုင်တော့ဘဲ သခင်မှန်သမျှဖမ်းဆီးထောင်ချကာ နှိပ်ကွပ်ခြင်းပြုလာလေသည်။ သို့ရာတွင် အလုပ်သမားလယ်သမားနှင့် ကျောင်းသားလူငယ်စသော တိုးတက်နေသည့်လူတန်းစားများအား ကိုယ်စားပြုသော တို့ဗမာအစည်းအရုံးအား ဗြိတိသျှနယ်ချဲ့သမားသည် အဘယ်မျှကြမ်းတမ်းစွာ နှိပ်ကွပ်ခဲ့သည့်တိုင်အောင် တို့ဗမာအစည်းအရုံးသည် ပြည်သူတို့၏ထောက်ခံအားပေးမှုကို ရရှိစပြုနေပြီဖြစ်၍ ထိရောက်ခြင်းမရှိလှတော့ပေ။

တို့ဗမာအစည်းအရုံးပေါ်ပေါက်လာသောအခါ ငြိမ်း၏ကိုရင်မောင်တစ်ယောက်သည်လည်း သခင်ရင်မောင်ဖြစ်၍လာခဲ့လေသည်။ သခင်ရင်မောင်၏ မယားကတော့ ဈေးရောင်း၍ အကျီကြယ်သီးများတပ်ရသော အလုပ်ကိုလုပ်ရလေသည်။ ငြိမ်းအသောင်းအညာမိ၍ ပင်ပန်းဖျားနာရသောအခါ မီးဖိုချောင်၌ ချက်ပြုတ်စရာ ဆန်များဆီများကုန်သွားတတ်လေ၏။ ထိုအခါ၌ ငြိမ်းသည်ကောင်းစွာ မမာမကျန်းနှင့်ပင် ထ၍ဈေးရောင်းဖို့ရန် ကြိုးစားခဲ့ရပြန်သည်။

ကိုရင်မောင်ကတော့ အိမ်၌နေသည်ဟူ၍ပင်မရှိ။ ၎င်း၏အစည်းအရုံးတွင်သာအမြဲလိုလိုနေတတ်၏။ တစ်ခါတစ်ရံ နယ်သို့ ထွက်နေတတ်၏။ နယ်သို့ထွက်သော

အခါ လေးငါးဆယ်ရက်မျှပင် အိမ်သို့မပြန်တတ်ပေ။ ငြိမ်းတို့သားအမိနှစ်ယောက်သာ မျက်လုံးသူငယ်နှင့် နေခဲ့ရ၏။ သို့ရာတွင် ထိုကဲ့သို့နေခဲ့ရဖန်များလာသောအခါ နေသားကျ၍သွားလေသည်။

ထိုခေတ်က ဗြိတိသျှနယ်ချဲ့သမားး၏ ဇွာ ဌာနအုပ်ချုပ်ရေးကို တို့ဗမာအစည်းအရုံးသာ ပြင်းပြင်းထန်ထန်ရှုံ့ချဆန့်ကျင်ခဲ့သည့်အလျောက် ဗမာပြည်အရပ်ရပ်၌ ဇွာ ဌာနအုပ်ချုပ်ရေး ကန့်ကွက်သောတရားပွဲများကို သခင်တို့သည်ပြုလုပ်ခဲ့ကြ၏။ ဗြိတိသျှနယ်ချဲ့သမား၏ ကလိမ်ဉာဏ်ကို အခက်အခဲအမျိုးမျိုးနှင့် အနှိပ်အကွပ်အမျိုးမျိုးများ၏ အကြားမှပင် မကြောက်မရွံ့ ပြည်သူတို့အား ဖော်ထုတ်ပြောပြခဲ့ကြလေသည်။

ထိုကဲ့သို့ ဟောပြောခဲ့ခြင်းအတွက် ငြိမ်း၏ကိုရင်မောင်သည် စတင်၍အဖမ်းခံခဲ့ရလေသည်။

. ကိုရင်မောင်အား ဖမ်းဆီး၍ ဗြိတိသျှနယ်ချဲ့အလုပ်သမားက ထောင်ချလိုက်သောအခါ ပထမဦးဆုံးအကြိမ်ဖြစ်သဖြင့် ငြိမ်းသည် များစွာထိတ်လန့်အားငယ်၍သွား၏။ ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင်ဖြစ်သွား၏။

ကိုရင်မောင်သည် ထောင်ထဲ၌ ၆ လခန့်အကျဉ်းခံရပြီးနောက် ထွက်လာသောအခါ၌ ၎င်း၏သားမယားများဆီသို့မပြန်သေးဘဲ ဗြိတိသျှနယ်ချဲ့သမား၏ ကိုလိုနီပညာရေးစနစ်အား ဒုတိယအကြိမ်မြောက်ပုန်ကန်တိုက်ခိုက်ကြသော တက္ကသိုလ်ကျောင်းသားများ သပိတ်စခန်းတွင် သွားရောက်နေထိုင်ကာ ကျောင်းသားများ၏ တိုက်ပွဲတွင် ဝင်ရောက်ကူညီနေလေသည်။

လင်ထောင်မှလွတ်သည်ဟူ၍သာ ကြားရပြီး လင်ဖြစ်သူ မိမိဆီသို့ မရောက်လာသဖြင့် ငြိမ်းမှာသားတစ်ယောက်နှင့် စုံနံ့သာမြိုင်ရှာပုံတော်ကြီးကိုသီဆိုရင်း လိုက်ရှာခဲ့ရလေသည်။ အဘယ်သားမယားသည် ကြာမြင့်စွာကွဲကွာနေရသော လင်သားအား မတွေ့ချင် မမြင်ချင်ပဲရှိပါမည်နည်း။

ရန်ကုန်တက္ကသိုလ်သပိတ်ကြီးအား အာဏာပိုင်တို့နှင့် စေ့စပ်၍ သစ္စာဖောက်သွားခဲ့ကြသော ခေါင်းဆောင်ပိုင်း၏ ညံ့ဖျင်းမှုကြောင့် ပြန်လှန်သွားသည့် နောက်ပိုင်းတွင် ကိုရင်မောင်သည် ၎င်း၏သားမယားများဆီသို့ ခေတ္တပြန်ခဲ့လေသည်။

စ၍ညားလာကတည်းက တစ်ကြိမ်တစ်ခါမျှ ယခုကဲ့သို့ ကြာမြင့်စွာ မခွဲခွာဖူးသော ငြိမ်းသည် ကိုရင်မောင်ပြန်လာသောအခါ ငိုလေသည်။

"ကျွန်မစိတ်မကောင်းလို့ပါ"

"ကိုရင်မောင် ထောင်ကျတာဟာ စိတ်မကောင်းစရာအလုပ်မှ မဟုတ်ဘဲငြိမ်းရဲ့"

"ဒါကိုကျွန်မသိပါတယ် ကိုရင်မောင်ရဲ့။ ရှင်နဲ့တစ်ခါမှ ခုလောက်ကြာကြာမခွဲစဖူးခွဲနေရလို့ပါ"

"ခုလောက်ကြာကြာ မခွဲစဖူးခွဲနေရလို့ စိတ်မကောင်းတာပါ"ဆိုသော ငြိမ်းအား ထိုကာလ၏နောက်ပိုင်းများ၌ ကိုရင်မောင် တစ်စထက်တစ်စ ခွဲ၍ခွဲ၍သာသွားခဲ့ပေ တော့သည်။ သူသည် ငြိမ်းတို့သားအမိဆီသို့ တစ်ခါတစ်ခါမှပြန်လာတတ်၍ သူ မလာ သောအချိန်များ၌ ကိုရင်မောင်သည် တို့ဗမာအစည်းအရုံးနှင့် ဗြိတိသျှနယ်ချဲ့သမား ၏ အကျဉ်းထောင်များတွင် တစ်လှည့်စီရောက်ရှိနေတတ်လေ၏။

၉၁ ဌာအုပ်ချုပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့သမား၏ မျက်လှည့်ပြဖြစ်သော ရွေးကောက်ပွဲ၌ ရန်သူ၏အတွင်းသို့ဝင်ရောက်၍ ရန်သူ၏အင်အားကို ဖြိုခွဲရန် တို့ဗမာ အစည်းအရုံးသည် ရွေးကောက်ပွဲအတွင်းသို့ အချုပ်အချယ်အမျိုးမျိုးများ၏ အကြားမှ ပင်ရောက်ခဲ့၏။ ထိုရွေးကောက်ပွဲကာလများက တို့ဗမာအစည်းအရုံးသည် ဗြိတိသျှ နယ်ချဲ့သမားတစ်ဦးတည်းကိုသာ တိုက်ခိုက်ခဲ့ရသည်မဟုတ်သေး။ ဗြိတိသျှနယ်ချဲ့ သမားနှင့် ပူးပေါင်းနေသော မြေပိုင်ရှင်ကြီးများနှင့် ဗြိတိသျှနယ်ချဲ့သမားကို အထင်ကြီး ကာ စေ့စပ်နေကြသော ဓနရှင်ပေါက်စများကိုလည်း ခုခံတိုက်ခိုက်ခဲ့ရသဖြင့် လုပ်အားကို အတော်လိုလားခဲ့လေသည်။

အမျိုးသားဘက်မှ တကယ်တမ်းလှုံ့ဆော်၍ ရှေ့ဆောင်ခဲ့ကြသော သခင်ဂိုဏ်း သားများကို အမြဲတစေပင် နယ်ချဲ့သမားက ပြင်းပြင်းထန်ထန်ညှဉ်းပန်းနှိပ်ကွပ်နေသော ကြောင့် တော်ရုံတန်ရုံစိတ်ဓာတ်ခံနိုင်ရည်များဖြင့် လူတစ်ယောက်သည် သခင်ဂိုဏ်းတွင် မလုပ်ဝံ့ကြပေ။ "သခင်ပေါက်စ ထောင်ခြောက်လ"ဆိုသောစကားမှာ စကားပုံလိုဖြစ်လာ ၏။ ထိုကဲ့သို့ဖွဲ့သတ္တိနှင့် ခံနိုင်ရည်ရှိပါမှ လုပ်ကိုင်နိုင်သော တို့ဗမာအစည်းအရုံး တွင် လုပ်အားကား လိုလျက်သာရှိနေခဲ့၏။

ကိုရင်မောင်သည် လုပ်အားလိုနေသောတို့ဗမာအစည်းအရုံးတွင် လုပ်နေရသူ ဖြစ်သောကြောင့် သက်သာနားနေခွင့်မရခဲ့ပေ။ သားပစ်မယားပစ်နှင့် အငတ်ငတ်အ ပြတ်ပြတ်လုပ်နေရသည့်အကြားမှပင် ပေါ်ပေါက်၍လာနေသော ပြဿနာများကို အလျဉ် မီအောင် မရှင်းနိုင်ခဲ့ပေ။ အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသားလူငယ်တို့၏ ပြဿနာများနှင့် အရေးအခင်းများသည် အမြဲတစေဖြစ်ပေါ်နေသည်ဖြစ်၍ ထိုပြဿနာ များကို လိုက်လံရှင်းလင်းနေသည့်အကြားမှ ၉၁ ဌာနအုပ်ချုပ်ရေး၏ ရွေးကောက်ပွဲ ကို တို့ဗမာအစည်းအရုံးသည် ဝင်ရောက်ယှဉ်ပြိုင်သောအခါ သခင်ဂိုဏ်းသားများတို့ သည် သားမေ့မယားမေ့ဖြစ်ခဲ့ကြရလေသည်။ ၎င်းတို့၏ နောက်ပိုင်းမှသားမယားတို့ သည် ငတ်ပြတ်ခဲ့ကြရပေသည်။

၉၁ ဌာနအုပ်ချုပ်ရေးထိုးစစ်ဖြင့် ကိုလိုနီစနစ်ဆန့်ကျင်ရေး အမျိုးသားအုံကြွမှု ကြီးကို ဗြိတိသျှနယ်ချဲ့သမားသည်ဟန့်တားဖြိုခွဲရန် မတတ်နိုင်ခဲ့ပေ။ တစ်နေ့တခြား

ဆိုးဝါးကျပ်တည်းသည်ထက် ကျပ်တည်းနေသော တောသူတောင်သားလယ်သမားတို့၏ စားဝတ်နေရေးအခြေအနေမှာ လူ့အဆင့်အတန်းထက်များစွာယုတ်လျော့ ကျဆင်းနေ၏။ မြေပိုင်ရှင်ကြီးများ၏ ပြင်းပြင်းထန်ထန် ဖိနှိပ်သွေးစုပ်ခံနေရခြင်းအား အနူအား ဝဲဆေးပေးသကဲ့သို့ အရေးပေါ်စီမံခဲ့သော သီးစားဥပဒေဖြင့် လယ်သမားတို့၏ စားဝတ်နေမှုကို သက်သာအောင်မတတ်နိုင်ခဲ့ပေ။ လယ်သမားတို့နည်းတူ အလုပ်သမားလူတန်းစားများ၏ စားဝတ်နေမှုအခြေအနေမှာ ကြောက်မက်ဖွယ်ဆိုးဝါးနေ၏။ နေထိုင်မှုအဆင့်အတန်းသည် အလွန်တရာနိမ့်ကျနေ၏။ ထို့ကြောင့် ဗြိတိသျှနယ်ချဲ့သမား၏ ရေနံ၊ သတ္တုနှင့် လျှပ်စစ်အားပေးရေးလုပ်ငန်းလုပ်ခွင်များတွင် တိရစ္ဆာန်တို့နှင့်မခြား လုပ်ကိုင်နေကြရသော အလုပ်သမား ထောင်ပေါင်းများစွာတို့သည် မငြိမ်မသက်ဖြစ်နေကြလေ၏။ သည်လိုလယ်သမားနှင့် အလုပ်သမားတို့၏ အခြေအနေသည် တစ်နေ့တခြား ကျဆင်းဆိုးဝါးနေသော ကာလ၌ အခြားကုန်သည်ပွဲစားဈေးသည်တို့သည်ကော အဘယ်သို့လျှင်သက်သာနိုင်စရာရှိပါမည်နည်း။ ထိုကဲ့သို့ မိဘများဖြစ်ကြသည့် ပြည်သူတို့၏အခြေအနေသည် ကျွမ်းထိုးမှောက်ခုံဖြစ်နေကြရသောကာလ၌ စာအံနေရသောကျောင်းသူကျောင်းသား လူငယ်များသည်လည်း လှုပ်လှုပ်ရွရွဖြစ်လာကြရပေသည်။

ထိုကဲ့သို့ ပြည်သူတို့ အကျပ်အတည်းဖြစ်နေရသည့်အကြားမှ ဗြိတိသျှနယ်ချဲ့သမားသည် ဝံသာနုအဖွဲ့အစည်းများကို မတရားသင်းကြေညာ၍ ကုလား–ဗမာလူမျိုးရေးအဓိကရုဏ်းကို ကောက်ကျစ်စဉ်းလဲစွာဖန်တီးခဲ့ပြန်လေ၏။ အာဏာရှင်စနစ်ဖြင့် နှိပ်ကွပ်၍ ကိုလိုနီဆန့်ကျင်ရေးအား လူမျိုးရေးအဓိကရုဏ်းအသွင်သို့ လမ်းပြောင်းလဲပေးလိုက်ခြင်းဖြင့် ဗမာတစ်မျိုးသားလုံး၏ နိုးကြားအုံကြွနေသော အမျိုးသားရေးလွတ်မြောက်မှုကြိုးပမ်းမှုကို တစ်ခါတည်းချေမှုန်းဖျက်ဆီးနိုင်ခဲ့လိမ့်မည်ဟု တွက်ချက်ခဲ့သော ဗြိတိသျှနယ်ချဲ့သမားအား ၎င်း၏တွက်ကိန်းမှာ အဘယ်မျှ မှားယွင်း၍ ၎င်း၏ စဉ်းလဲကောက်ကျစ်သောဉာဏ်ကို ဗမာ့တစ်မျိုးသားလုံးက အဘယ်မျှသိရှိနားလည်နေကြပြီဆိုခြင်းကို ၁၉၃၈ ခုနှစ်ကုန်လုနီးတွင် ဗမာပြည်ရာဇဝင်၌ ထူးကဲစွာပေါ်ပေါက်လာခဲ့သော "အမျိုးသားရေးအုံကြွမှုအရေးတော်ပုံကြီး" ဖြင့် ပြောင်မြောက်စွာတုံ့ပြန်ပြလိုက်လေသည်။

အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသားများအား တို့ဗမာအစည်းအရုံးက ခေါင်းဆောင်ခဲ့သော ထောင့်သုံးရာပြည့်အရေးတော်ပုံကြီးသည် ဗြိတိသျှနယ်ချဲ့သမား၏ ဖိနှိပ်သွေးစုပ်လွန်းလှသော ကိုလိုနီစနစ်ကို အကြီးဆုံးဆန့်ကျင်ပေါက်ကွဲလိုက်သော အမျိုးသားအုံကြွမှုကြီးသာဖြစ်လေသည်။

ထိုအမျိုးသားအုံကြွမှုကြီးအား ဗြိတိသျှနယ်ချဲ့သမားသည် သွေးရူးသွေးတန်းနှင့် တရကြမ်းနှိပ်ကွပ်ဖြိုခွဲခဲ့လေသည်။ ကျောင်းသားများ စည်းကမ်းသေဝပ်စွာ လှည့်လည်ဆန္ဒပြကြသည်ကို မြင်းတပ်နှင့်တိုက်၍ တရကြမ်းရိုက်နှက်ဖြိုခွဲခဲ့ရာတွင် ကျောင်းသားသူငယ်တို့၏ သွေးသည်မြေကြီးပြင်၌ အစွန်းအကွက်ထင်၍ တက္ကသိုလ် ကျောင်းသားကိုအောင်ကျော်တစ်ယောက်လည်း မရှုမလှကျဆုံးခဲ့ရလေသည်။ အထက်ဗမာပြည်မြို့တော် မန္တလေး၌ စည်းကမ်းသေဝပ်စွာ လှည့်လည်ဆန္ဒပြကြသော ပြည်သူတို့အား ဗြိတိသျှနယ်ချဲ့သမားသည် ရက်စက်ရိုင်းစိုင်းစွာ လက်နက်ကိုင်စစ်တပ်များနှင့် နှိပ်ကွပ်ပစ်ခတ်ခဲ့ရာတွင် ရဟန်းကျောင်းသားအရပ်သူအရပ်သားစသော ပြည်သူ့သားကောင်း ၁၇ ဦးတို့ မရှုမလှကျဆုံးခဲ့ရ၏။ သပိတ်မှောက်သော အလုပ်သမား၊ ကျောင်းသားများအား တရကြမ်းဖမ်းဆီးရိုက်နှက်ခြင်းများပြုလုပ်ခဲ့၏။ မျက်ရည်ယိုဗုံးများဖြင့်လည်း ပစ်ခတ်ခဲ့လေ၏။

အလုပ်သမား၊ လယ်သမားနှင့်ကျောင်းသားလူငယ်တို့ စည်းရုံးညီညွတ်စွာ ဗြိတိသျှနယ်ချဲ့သမားအား တွန်းလှန်တိုက်ခိုက်ခဲ့ကြသော ထိုထောင့်သုံးရာအရေးတော်ပုံကြီးအတွင်းဝယ် ကိုရင်မောင်သည်လည်း အဖမ်းခံခဲ့ရပြီးနောက် ထောင်ထဲ၌ တစ်နှစ်သာသာနေခဲ့ရလေ၏။

ထိုကဲ့သို့ လင်ဖြစ်သူထောင်ကျနေရသည့်အခိုက် ပင်ပန်းလွန်းမကပင်ပန်းလာခဲ့သော ငြိမ်းသည် မမာမကျန်းဖြစ်ကာ အိပ်ရာထဲတွင်လဲလေသည်။ အနေအထိုင်ကလည်း ဆင်းရဲချို့ငဲ့၍ အာဟာရကလည်း မကောင်းရသည့်အထဲ နေ့မအားညမအားလုပ်ကိုင်ရှာဖွေနေသော ငြိမ်းသည် သံတိုင်သံခဲမဟုတ်သောကြောင့် သွေးသားဆုတ်ယုတ်ကာ မကျန်းမာရခြင်းဖြစ်လေသည်။ ခါတိုင်းတော်ရုံတန်ရုံဖျားနာခြင်းလောက်ကို ငြိမ်းသည် များစွာပမာဏမထားလှသော်လည်း ယခုတစ်ခေါက်နာမကျန်းရခြင်း၌ ငြိမ်းသည် ၎င်း၏ရောဂါကို ရိပ်စားမိလေ၏။ ထို့ကြောင့် ငြိမ်းသည် ၎င်း၏သားမောင်ချစ်ဦးအား ကျောင်းသို့မသွားစေတော့ဘဲ ၎င်း၏အနီးတွင်နေစေခဲ့သည်။

ထိုအချိန်ဝယ် မောင်ချစ်ဦးသည် ၁၆ နှစ်သားသာသာခန့် လူပျိုပေါက်ကလေးဖြစ်နေလေပြီ။ သို့ရာတွင် ကျောင်းမနေရတစ်ချက် နေရတစ်ချက်နှင့် ဖြစ်သောကြောင့် ၈ တန်းသို့သာရောက်သေး၏။ အရွယ်ကလည်း စကောစက၊ ပညာကလည်း တစ်ပိုင်းတန်းလန်းနှင့် ရှိနေသောသားဖြစ်သူအတွက် တစ်ဖက်၌လည်းငြိမ်းသည် တွေးတောပူပန်ရလေသည်။

မိဘကဆင်းရဲသောကြောင့် ငြိမ်း၏သားမောင်ချစ်ဦးသည် ကျိုးနွံခြင်းရှိလေသည်။ ၎င်း၏ဆင်းရဲသောမိဘများကိုလည်း ညာတာကူညီရမှန်းကို ၎င်း၏ဘဝကပင် သင်ကြားသောကြောင့် သိရှိနားလည်ခဲ့ပုံရလေသည်။

၎င်း၏ဖခင်ထောင်ကျ၍ မိခင်ဖြစ်သူလည်း မမာမကျန်းဖြစ်သောအခါ ငြိမ်း၏ သားမောင်ချစ်ဦးသည် ၎င်းအား ကျောင်းမှ အဘယ့်ကြောင့်နုတ်၍ အိမ်တွင်သာနေထိုင်စေသည်ကို ၎င်းဘာသာပင် စဉ်းစားတတ်လေသည်။ ကျောင်းမှထွက်၍ အိမ်၌နေရသောအခါ ဆန်အိုးထဲ၌ ဆန်မရှိသောအဖြစ်ကို မောင်ချစ်ဦးသည် တွေ့ရပေသည်။ အိပ်ရာထဲတွင်လဲနေသော ၎င်း၏မိခင်အား ဆန်မရှိသဖြင့် ထမင်းဘာနှင့်ချက်ရမည်လဲဟု သူသည်မေးမြန်းခြင်းမပြု။ မစားဘဲနေလိုက်၏။ သို့ရာတွင် မိဘတို့အားညာတာသောသားဖြစ်သဖြင့် ၎င်းထမင်းမစားရသည်ထက် အိပ်ရာထက်တွင်လဲနေရသည့်အကြားမှ ဆေးတစ်ခွက်မျှမသောက်ရသေးသော မိခင်အတွက် စိတ်မကောင်းဖြစ်နေတတ်၏။ ပူပန်နေတတ်၏။

ကျောင်းမှသင်ပေးလိုက်သော မဖြစ်စလောက်ရေးတတ်ဖတ်တတ်ကာမျှနှင့် အလုပ်တစ်ခုခုကိုရှာဖွေလုပ်ကိုင်၍ ပိုက်ဆံရှာရန်မောင်ချစ်ဦးသည် စဉ်းစားလာရပေသည်။ သို့ရာတွင် ၎င်း၏မိခင်ကိုတော့ သူသည်ပြောပြခြင်း မပြုတော့ပေ။ သူသည်မကြာခဏ အလုပ်ထွက်၍ ရှာဖွေစုံစမ်းကြည့်လေသည်။

အလုပ်လက်မဲ့တွေပေါများနေသော ခေတ်ဆိုးကြီးထဲတွင် မောင်ချစ်ဦးကဲ့သို့ တောင်မရောက်တတ်မြောက်မရောက်တတ် သူငယ်ကလေးတစ်ဦးအား မည်ကဲ့သို့သော အလုပ်ရှင်က အသုံးချပါ့မည်နည်း။ သို့ရာတွင် မောင်ချစ်ဦးကတော့ ဇွဲကောင်းကောင်းနှင့်သာ ၎င်းအားခိုင်းစေမည့် အလုပ်ရှင်ကို ကြိုးကြိုးစားစားနှင့် မမောမပန်းလိုက်လံရှာဖွေနေတတ်လေသည်။ သူသည်စိတ်ပျက်နေ၍ မဖြစ်ပေ။ လောလောဆယ်ဆယ်စားဖို့နှင့် ၎င်းမိခင်အတွက် ဆရာခေါ်ဖို့က အပူတပြင်းလိုနေပေသည်။

သည်လို ငြိမ်းတို့သားအမိနှစ်ယောက်သည် ဒုက္ခရောက်ခြင်းမလှရောက်နေကြရသည့်အတွင်း ကိုရင်မောင်နှင့်အတူ တို့ဗမာအစည်းအရုံးတွင် လုပ်ဖော်ကိုင်ဖက်များထဲမှ ပုလိပ်ရန်အနည်းငယ်ဝေးသူများက မကြာခဏဆိုသကဲ့သို့ လာ၍တော့ကြည့်ရှုမေးမြန်းတတ်ကြလေသည်။ သို့ရာတွင် ထိုသူများသည် လာရောက်ကြည့်ရှုမေးမြန်းခြင်းထက်တော့ ပို၍ကား ဘာမျှမတတ်ရာကြ။ သူတို့ခမျာများသည်လည်း မိမိတို့ကိုယ်ကိုမှအနိုင်နိုင်ဖြစ်နေကြသူများသာဖြစ်လေသည်။

ထိုကဲ့သို့ အတိဒုက္ခရောက်နေရသော ငြိမ်းတို့သားအမိနှစ်ယောက်သည် တဲအနီးအနားပတ်ဝန်းကျင်မှ ပေးတာကမ်းတာကလေးများနှင့် မစားရတစ်ချက် မသေရုံတမယ်ကလေးသာ အသက်ရှင်နေခဲ့ရပေသည်။

သို့နှင့် မောင်ချစ်ဦးအား ၎င်းဖခင်နှင့် လုပ်ဖော်ကိုင်ဖက်သခင်တစ်ဦးက နောက်ဆုံး၌ သတင်းစာတိုက်တစ်တိုက်တွင် သတင်းစာလပေးကြည့်သူများအား လိုက်လံပို့

ပေးရသော အလုပ်တစ်ခုကို တစ်လ ၂၀ နှင့် ပြောဆိုသွင်းပေးသဖြင့် မောင်ချစ်ဦးသည် အားတက်ဝမ်းသာ ဝင်ရောက်လုပ်ကိုင်ခဲ့ရလေသည်။ ထိုသို့ မောင်ချစ်ဦးအလုပ်လုပ်၍ ရသော လခကလေးဖြင့် ငြိမ်းမှာဆေးဝါးကုသခဲ့ရလေသည်။ ထိုသို့သာ မောင်ချစ်ဦး မှာ အလုပ်မရခဲ့လျှင် ငြိမ်းအတွက် အဘယ်မျှခက်ခဲမည်မသိ။

(င)

မြေကြီးပေါ်၌ အနှစ် ၂၀ ကာလခရီးသည် လူ့ဘဝသက်တမ်းအားဖြင့်သာ ကြာ မြင့်ရှည်လျားလှသည်ဟု ထင်မြင်အောက်မေ့ရသော်ငြားလည်း လူ့ရာဇဝင်နှင့် နှိုင်းယှဉ် ချိန်ထိုးလိုက်သောအခါဝယ် တစ်ခဏတာမျှလောက်သာ ရှိပေသည်။

အမေသည် အနှစ် ၂၀ ကျော်ကျော်မျှ ဤမြေကြီးပေါ်၌ တစ်ဦးကိုတစ်ဦးက ကြင်နာနားလည်စွာ ဖေးကူပေါင်းသင်း၍ နေထိုင်လာခဲ့ကြသော ငြိမ်းနှင့် ကိုရင်မောင် တို့၏ ကြေကွဲလွမ်းဆွတ်စရာ ဝတ္ထုကို စဉ်းစားစပြုရပေပြီ။

ရကတည်းက မျက်ရည်နှင့် မျက်ခွက်ဖြစ်လာခဲ့ရသော ငြိမ်း၏ဝတ္ထုမှာ အဆုံး သို့သာ တိုင်လာခဲ့ရသည်၊ သက်သာနားနေကွက်ကိုကား မတွေ့ရခဲ့။ ပြေးလွှားလုပ် ကိုင်ရင်း အဆင်းဆင်းအရဲရဲသာ နေခဲ့ရပေသည်။ ထိုသို့ဆင်းရဲပင်ပန်း လာခဲ့ရသော် ငြားလည်း ငြိမ်းသည်ဘယ်သောအခါကမျှတော့ ညည်းညူခြင်းမပြုခဲ့ရှာပေ။

အိပ်သောမျက်စိ၌သာ နားနေရခြင်းကိုသိရှိ၍ မျက်လုံးနှစ်လုံးပွင့်နေသော အချိန် ကာလများ၌ အလုပ်လုပ်နေနိုင်မှ မငတ်ရုံတမယ် စားသောက်ကာ အသက်ရှင်နေနိုင် မည့်အရေးကို ငြိမ်းသည် ကောင်းကောင်းကြီး သိရှိခဲ့ရပေပြီ။

ငြိမ်း၏သား မောင်ချစ်ဦး၏လုပ်စာကို မမှာမကျန်းစဉ်သာ ငြိမ်းစားသောက်ရ သော်လည်း ထနိုင်ထိုင်နိုင်ရှိသည်နှင့်တစ်ပြိုင်နက် ငြိမ်းသည်ဈေးရောင်းခဲ့ရပြန်လေ သည်။ ထိုသို့ ဈေးရောင်းနိုင်သည်နှင့် တစ်ပြိုင်နက် လူကလေးမောင်ချစ်ဦးအား ၎င်း အလုပ်လုပ်နေသော သတင်းစာတိုက်မှ အလုပ်ထွက်ခိုင်းကာ အတင်းအဓမ္မဆူပူကြိမ်း မောင်း၍ ကျောင်းပြန်နေစေခဲ့လေ၏။

သည်လို ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲနှင့် နေထိုင်စားသောက်၍ နေခဲ့ရာမှ ကိုရင်မောင် ထောင်မှ လွတ်လာပြန်သောအခါ မိသားဖသားသုံးယောက်မှာ ခေတ္တမျှလောက်သာ အတူတကွနေရပြီးနောက် ကိုရင်မောင်သည် ၎င်း၏သားနှင့် မယားတို့ကို ပစ်ထားခဲ့ပြီး နောက် တို့ဗမာအစည်းအရုံးကို ပြန်သွားပြန်လေသည်။

ထောင့်သုံးရာပြည့် အရေးတော်ပုံကြီးအား နှိပ်ကွပ်ဖြိုခွဲခဲ့ရပြီးနောက် ဗြိတိသျှ နယ်ချဲ့သမား၏ ညှဉ်းပန်းနှိပ်ကွပ်မှုကို တိုးတက်ခံစားနေရသော ပြည်သူတို့သည် ငြိမ် သက်၍တော့မသွားကြပေ။

စားဝတ်နေရေးသည် တစ်နေ့တစ်ခြား ကျပ်တည်းသည်ထက် ကျပ်တည်းနေကြရသော ပြည်သူတို့သည် ပြင်းပြင်းထန်ထန် ဖိနှိပ်လိုက်သော ခဏဌ်သာ ခေတ္တခဏ ငြိမ်ကွဲသွားသည် ထင်မှတ်ရငြားသော်လည်း မကြာမီအတွင်းတာစူ၍သာ လာမြဲလာကြပေ၏။

သည်လိုဗမာတစ်မျိုးသားလုံး၏ အုံကြွမှုကြီးကို နှိပ်ကွပ်ရင်ဆိုင်နေသော ဗြိတိသျှနယ်ချဲ့သမားအား အကျပ်ကိုင်မည့် ဒုတိယကမ္ဘာစစ်ကြီးသည် ဥရောပတိုက်၌ စတင်ဖြစ်ပွားလာသောအခါဝယ် ဗြိတိသျှနယ်ချဲ့သမားအား အကျပ်ကိုင်၍ မိမိတို့၏ လွတ်မြောက်မှုကို မရအရယူရန် စိုင်းပြင်းလာကြသော အမျိုးသားအင်အားစုများကို ဗြိတိသျှနယ်ချဲ့သမားသည် တရကြမ်းနှိပ်ကွပ်ချေမှုန်းရန် စီမံပြုလုပ်လာပေတော့သည်။

ထိုကာလက ဗြိတိသျှနယ်ချဲ့သမား ဘေးကျပ်နံကျပ်ဖြစ်နေခိုက် ဗမာ့လွတ်လပ်ရေးကို ဖြစ်သည့်နည်းနှင့် အရယူရန် တို့ဗမာအစည်းအရုံးနှင့် ဆင်းရဲသားအဖွဲ့များသည် ပူးပေါင်းကာ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးကို ဖွဲ့စည်း၍လှုပ်ရှားလာကြ၏။ အချို့မျိုးချစ်စိတ်ထက်သန်လွန်းသွားသော တို့ဗမာအစည်းအရုံး ဂိုဏ်းသားများသည် ဗြိတိသျှ နယ်ချဲ့သမား လက်အောက်မှလွတ်မြောက်လျှင်ပြီးရောဟူ၍သာ စေတနာဖြင့် ဖက်ဆစ်ဂျပန် နယ်ချဲ့သမားနှင့်ပင် နားလည်မှုယူကာ လျှို့ဝှက်ပူးပေါင်းခဲ့ကြ၍၊ အချို့ကွန်မြူနစ်ဝါဒကို လက်ခံကျင့်သုံးစပြုနေပြီဖြစ်သော တို့ဗမာအစည်းအရုံးလက်ဝဲဂိုဏ်းသားများကတော့မူ ဗြိတိသျှနယ်ချဲ့သမား၏ လက်အောက်မှ လောလောဆယ်လွတ်မြောက်နိုင်ရေးထက် ဖက်ဆစ်နယ်ချဲ့သမား ဂျပန်၏အန္တရာယ်က သာလွန်၍ အရေးကြီးကြောင်းကို ထောက်ပြ၍ ဗြိတိသျှနယ်ချဲ့သမားနှင့် အထိုက်အလျောက်ပူးပေါင်းတန်က ပူးပေါင်း၍ ဂျပန်အန္တရာယ်ကို ကာကွယ်ရန်လှုံ့ဆော်ခဲ့ကြ၏။

သို့ရာတွင် ထိုအချိန်က လောလောဆယ် အနှိပ်ကွပ်ခံနေရသော ဗြိတိသျှနယ်ချဲ့သမား၏ အန္တရာယ်ကို ကြာရှည်လေးမြင့်ခံနေခဲ့ကြရသော ပြည်သူတို့သည် လက်တွေ့မခံရသေးသော ဖက်ဆစ်ဂျပန်၏ အန္တရာယ်ကို နားမလည်နိုင်ကြသေးပေ။ ပြည်သူတို့သည် နှစ်ပေါင်းနှစ်ရာကျော်ကျော်မျှ မိမိတို့၏ဦးခေါင်းကို ရိုက်နှက်၍နံရိုးကို စစ်ဖိနပ်ဖြင့် ဆောင့်၍ဆောင့်၍ကန်ကျောက်နေခဲ့သော ဗြိတိသျှနယ်ချဲ့သမား၏ညှဉ်းပန်းနှိပ်စက်မှုများ၊ လုယက်သတ်ဖြတ်မှုများကိုသာ နာခြင်းကြီးမကနာနေကြလေ သည်။ နောက်လာမည့် မောင်ပုလဲကို စဉ်းစားမနေနိုင်ကြသေးပေ။ ၎င်းအပြင် ထိုအချိန်က အမျိုးသားလွတ်မြောက်ရေးကို တကယ်တန်းခေါင်းဆောင်နိုင်သည့် ကွန်မြူနစ်ပါတီသည်လည်း တရားဝင်သောလူတန်းစားအဖွဲ့အစည်းအဖြစ်ဖြင့် မလုပ်ကိုင်၊ မလှုပ်ရှားနိုင်အောင် ဗြိတိသျှနယ်ချဲ့သမားက ပြင်းပြင်းထန်ထန်ဖိနှိပ်ချုပ်ချယ်ထားခဲ့လေသည်။

ထိုကဲ့သို့ ပါးစပ်ပိတ်လက်ရိုက်ချိုး၍ အတုတ်အနှောင်ခံနေခဲ့ရသော ကွန် မြူနစ်များသည် လွတ်လပ်လိုသော ကမ္ဘာသူကမ္ဘာသားတို့က တိုက်ခိုက်ရမည့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင် ရေး စစ်ပွဲကြီးအကြောင်းကို ပြည်သူတို့အား လှုံ့ဆော်ဟောပြောခွင့်နှင့် စည်းရုံးခေါင်း ဆောင်နိုင်ခွင့်လည်း မရခဲ့ကြပေ။

ထိုကဲ့သို့ ဥရောပတိုက်တွင် အကျပ်အတည်းတွေ့နေရာမှ ၎င်း၏ကိုလိုနီများ ရှိရာ အာရှတိုက်တွင်ပါ ဂျပန်၏ခြိမ်းခြောက်ခြင်းကို ခံလာရသောအချိန်ဝယ် ဗြိတိသျှ နယ်ချဲ့သမားသည် ဗမာနိုင်ငံတွင် ၎င်း၏အန္တရာယ်ဟူ၍ သဘောထားသော ဗမာ့ထွက် ရပ်ဂိုဏ်းနှင့် အမျိုးသားအင်အားစုများအားလုံးအား အရေးပေါ်ဥပဒေများဖြင့် ပိုက်စိပ် တိုက်ကာ တရကြမ်းဖမ်းဆီးချုပ်နှောင်ခြင်း ပြုခဲ့လေရာ ထိုအဖမ်းအဆီးခံခဲ့ရသော မျိုးချစ်သားကောင်းပေါင်းအမြောက်အမြားထဲတွင် ငြိမ်း၏ယောက်ျား ကိုရင်မောင်သည် လည်းပါလေ၏။ သို့ရာတွင် ယခုအကြိမ် ကိုရင်မောင်အား ဖမ်းဆီးခြင်းမှာ ဗြိတိသျှ နယ်ချဲ့သမားက နောက်ဆုံးသောဖမ်းဆီးခြင်းနှင့် အဆုံးကိုစီရင်လိုက်ခြင်း ဆိုသည်ကို ငြိမ်းတစ်ယောက်ကတော့ မည်ကဲ့သို့ကြိုတင်၍ မြင်နိုင်ပါ့မည်နည်း။

ယခုအကြိမ် ကိုရင်မောင်အား ဖမ်းဆီးခြင်းမှာ ရန်ကုန်တွင်မဟုတ်ဘဲ နယ်ထောင် တွင်ဖြစ်ရာ ငြိမ်းမှာတော်တော် ဒုက္ခရောက်ခဲ့ရလေသည်။ ရန်ကုန်ထောင်တွင်ဆိုက သွားရောက်တွေ့ဆုံကြည့်ရှုရန် လွယ်ကူပေသည်။ သို့ရာတွင် မြောင်းမြထောင်တွင် ဖမ်းထားသဖြင့် သွားရောက်တွေ့ဆုံကြည့်ရှုရန်မှာ ငြိမ်းအတွက် ခက်ခဲလှလေသည်။ ထိုကဲ့သို့ ခက်ခက်ခဲခဲအကြားထဲမှပင် ငြိမ်းသည် ကိုရင်မောင်အား ဖမ်းဆီးထားပြီး နောက် တစ်လတစ်ကြိမ်လောက် သွားရောက်တွေ့ဆုံကြည့်ရှု၍ ၎င်းအတွက် စား သောက်ဖွယ်ရာကလေးများကို တတ်အားသလောက်ဝယ်ချမ်းကျွေးမွေး ခဲ့ရလေသည်။

ကိုရင်မောင်က ငြိမ်းအား ၎င်းထံသို့ ထိုမျှဒုက္ခခံ၍ မလာရောက်ရန်တားမြစ်လေ သည်။ သူသည် ၎င်း၏သားမယားများ နောက်ပိုင်းမှဒုက္ခကို ကောင်းကောင်းကြီး နားလည်ပေသည်။ ကျပ်ကျပ်တည်းတည်းနှင့် ခဲခဲယဉ်းယဉ်းလုပ်ကိုင်စားသောက် နေရ သည့်အကြားမှ အသိအကျွမ်းမရှိသောရပ်ဝေးတွင် လာရောက်တွေ့ဆုံရခြင်းမှာ အဘယ်မျှ ပင်ပန်းခက်ခဲလှပါသနည်း။

" ငြိမ်း ခဏခဏဘာလို့လာရတာလဲကွယ် "

"ကျွန်မ မလာဘဲ မနေနိုင်လို့ပေါ့ ကိုရင်မောင် "

"သားကိုကျောင်းထားရတာကတစ်ဖက်၊ စားဖို့သောက်ဖို့ကို လုပ်ကိုင်ရှာဖွေရ တာကတစ်ဖက်နဲ့ မင်းမှာပင်ပန်းလှပါပြီငြိမ်းရယ် "

"ကျွန်မ မပင်ပန်းပါဘူး ကိုရင်မောင်ရဲ့။ ဒါထက် ရှင်လည်း ပိန်ပိန်လိုက်လာ သလိုပဲ "

"ဟုတ်ကဲ့ ကျုပ်လဲလေးဆယ်ထဲ ရောက်လာပြီပဲလေ"

"ထောင်ထဲမှာ ဆင်းဆင်းရဲရဲနေရတဲ့အတွက် ကိုရင်မောင်မမာမကျန်းဖြစ်မှာ တစ်ခုကိုတော့ ကျွန်မသိပ်စိုးရိမ်တာပဲ"

တစ်ဦးနှင့်တစ်ဦး သံတိုင်များခြားကာ ခဏတဖြုတ်မျှ တွေ့ဆုံစကားပြောဆိုကြရစဉ်လည်း တစ်ယောက်ကို တစ်ယောက် ငဲ့ညှာကြင်နာနေကြရခြင်းများဖြင့်သာ အချိန်စေ့၍ ငြိမ်းသည် လင်ဖြစ်သူကို အုတ်နံရံလေးဘက်ချထားသော ထောင်ထဲတွင် ထားရစ်ခဲ့ရပြီးနောက် စိတ်မကောင်းလက်မကောင်းနှင့် သားရှိရာသို့ပြန်လာခဲ့ရလေ၏။

သည်လိုတစ်ဖက်က ကျပ်ကျပ်တည်းတည်း လုပ်ကိုင်ရောင်းချစားသောက်၍ သားကလေးတစ်ယောက်ကို ဖြစ်တတ်သလိုကျောင်းထားနေရာမှ တစ်ဖက်တွင်လည်း ရပ်ဝေးထောင်တွင် အချုပ်အနှောင်ခံနေရသောလင်အား တစ်လတစ်ခေါက်လောက် သွားကြည့်ရှုနေခဲ့ရာက ဖက်ဆစ်နယ်ချဲ့သမားဂျပန်သည် ဗြိတိသျှနယ်ချဲ့သမားအား စစ်ကြေညာခြင်းကို ငြိမ်းသည် တွေ့ကြုံလာလေ၏။

ရန်ကုန်မြို့ကို ဂျပန်များပထမအကြိမ် ဗုံးကြဲတိုက်ခိုက်ပြီးနောက် ငြိမ်းသည်၎င်း၏သား ကျောင်းလည်းအကန့်အသတ်မရှိ ပိတ်လိုက်သဖြင့် ၎င်းနှင့်တကွ မြောင်းမြထောင်သို့ခေါ်သွားခဲ့လေသည်။

ထိုအကြိမ်သည် သည်သားအမိသားအဖ တစ်စုတစ်ဝေးတည်း နောက်ဆုံးတွေ့ဆုံခဲ့ကြရသော အကြိမ်သာဖြစ်ပေသည်။

ထိုအခေါက်ဝယ် ငြိမ်းသည် ၎င်း၏ယောက်ျားအား စကားများများမပြောနိုင်ရှာပေ။ မောင်ချစ်ဦးနှင့် သူ့ဖခင်တို့သားအဖချင်း စကားပြောကြသည်ကိုသာ ဘေးမှ စိတ်မကောင်းလက်မကောင်းနှင့် ကြည့်နေခဲ့ရ၏။ သူတို့သားအဖကတော့ တွေ့လိုက်တိုင်း နိုင်ငံရေးအကြောင်းလောက်ကိုသာ ပြောတတ်ကြ၏။ ကိုရင်မောင်သည် ၎င်း၏တစ်ယောက်တည်းလုပ်ရခြင်းကို အားမရနိုင်သေး၍ သားဖြစ်သူကိုပါ ၎င်းကဲ့သို့ အလွန်တစ်ရာလုပ်ကိုင်စေလိုသော အာသာဆန္ဒရှိခဲ့သဖြင့် လေးငါးတန်းလောက်မှစ၍ အားပေးအားမြှောက်ပြုခဲ့လေသည်။

မောင်ချစ်ဦးမှာ ကျောင်းမှစာမေးပွဲ ဖြေကြားရန် ပြဋ္ဌာန်းထားသော စာအုပ်များအပြင် ၎င်းဖခင်ကပြဋ္ဌာန်းထားသည့် နဂါးနီအသင်းမှထုတ်ဝေသော စာအုပ်ကောင်းများကို ၁၃ နှစ်သားလောက်မှစ၍ ဖတ်ခဲ့ဖူးသူဖြစ်လေသည်။ ကိုရင်မောင်သည် အိမ်၌ရှိသောအခါများတွင် ၎င်း၏သားနှင့်အတူ "ဗမာ့အရေး၊ ဗမာ့တော်လှန်မှု၊ ဆိုရှယ်လစ်ပါတီ၊ ခနရှင်လောကနှင့် လူမွဲတို့၏ထွက်ရပ်လမ်း"စသော စာအုပ်များတွင် ရေးသားထားသော အကြောင်းအရာများကို ညဥ့်နက်သန်းခေါင်အထိ အပြန်အလှန်ဆွေးနွေးတတ်၏။

## မြန်နန္ဒာစာအုပ်တိုက်

သားအဖချင်း မတွေ့ကြသည်မှာ ကြာပြီဖြစ်သော ယခုနောက်ဆုံးတွေ့ကြရသည့် အခေါက်ဝယ် ငြိမ်းသည်သူတို့ သားအဖချင်း ရင်းရင်းနှီးနှီးပြောဆိုနေကြသော အကြောင်းအရာများကို အလုံးစုံနားမလည်သော်လည်း စိတ်မကောင်းလက်မကောင်းနှင့် ဂရုစိုက်၍ နားထောင်နေမိ၏။

"ဒါထက် သခင်တင်မောင်ရေးတဲ့ လင်းယုန်နီဆိုတဲ့ စာအုပ်ကိုကော မင်းဖတ်ပြီးပြီလား"

"ဘာအကြောင်းရေးထားတာလဲ အဖေ၊ ကျွန်တော်မတွေ့မိသေးလို့ မဖတ်ရသေးဘူး"

"ဆိုဗီယက်ယူနီယံက သော့ပြင်အလုပ်သမားကလေး ဘဝကနေပြီး စစ်ဗိုလ်ချုပ်ကြီးအထိဖြစ်သွားတဲ့ မာရှယ်ဗိုရိုရှီလော့ရဲ့ အတ္ထုပ္ပတ္တိပဲကွ။ အဲဒီစာအုပ်ထဲမှာ အောက်တိုဘာတော်လှန်ရေးကြီးအကြောင်းလဲ သေသေချာချာဖော်ပြထားတယ်"

"ဒါဖြင့် ဒီတစ်ခေါက်ပြန်ရင် ကျွန်တော်ရအောင်ရှာပြီး ဖတ်ကြည့်ဦးမယ်"

"နောက်ပြီး သခင်ဗိုလ်ရေးတဲ့ စာအုပ်တွေလည်း မင်းဖတ်ကြည့်ဖို့လိုလိမ့်မယ်"

"ဟုတ်ကဲ့"

"သခင်နုရေးတဲ့ လူမွဲတို့၏ထွက်ရပ်လမ်းကိုတော့ မင်းဖတ်ဖူးပြီထင်တယ်"

"ကျွန်တော့်ဆီမှာရှိတယ် ခဏခဏပြန်ဖတ်ကြည့်နေသားပဲ"

သူတို့သားအဖကတော့ နဂါးနီကထုတ်သော စာအုပ်များအကြောင်းကိုသာ ပြောနေကြစဉ် ယခင်တစ်ခေတ်ကထက် ပိန်သလိုရှိနေသော ၎င်း၏လင်ဖြစ်သူကို ဘေးမှ ငြိမ်းသည် ငြိမ်သက်စွာကြည့်ရှုနေမိ၏။ ထောင်ဝင်စာအချိန်စေ့၍ ပြန်ရခါနီး၌ ကိုရင်မောင်သည် ၎င်းအားထောင်ပြောင်းမည့်အကြောင်းကို ငြိမ်းအားပြောပြလေသည်။

"ကိုရင်မောင်ကို ထောင်ပြောင်းရင် ဘယ်ကိုပြောင်းမှာတဲ့လဲဟင်"ဟု ငြိမ်းက ပူပန်စွာမေးမိ၏။

"ကျုပ်လဲ အသေအချာမသိရသေးဘူး။ သရက် ပြောင်းမလား မန္တလေး ပြောင်းမလားမဆိုနိုင်ဘူး။ ပြောင်းတော့ပြောင်းမှာပဲ"

"ဘယ်ကိုပြောင်းမှန်းမသိဘဲနဲ့ ကျွန်မတို့ ဘယ်လိုစုံစမ်းပြီး ဘယ်ကိုလိုက်ရမှာလဲဟင်"

ချစ်သောဇနီး၏ပူပင်စွာမေးမြန်းနေခြင်းအား ကိုရင်မောင်သည် မဖြေနိုင်ပေ။ သူသည် အဘယ်အရပ်သို့ရောက်၍ ဘာဖြစ်ရဦးမည်ကိုလည်း မသိနိုင်ပေ။

ဘာမှုရေရေလည်လည်မသိရဘဲ ငြိမ်းတို့သားအမိသည် ပြန်ထွက်လာကြရသော အခါ၌ ထိုတွေ့ဆုံရခြင်းသည် နောက်ဆုံးသောတွေ့ဆုံကြခြင်းဖြစ်သည်ကိုကား ငြိမ်း

ရော လူကလေးမောင်ချစ်ဦးပါ မသိရှိနိုင်ခဲ့ကြသလို ကိုရင်မောင်လည်း သိရှိနိုင်ရှာလိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ထိုတွေ့ဆုံရခြင်းသည် ငြိမ်းတို့လင်မယား သားအဖတစ်စုတို့၏ နောက်ဆုံးသောတွေ့ဆုံရခြင်းမျှသာ ဖြစ်လေသည်။ အကြောင်းမူကား ထိုနောက်ဆုံးတစ်ခေါက် တွေ့ဆုံခဲ့ရပြီးသည့်နောက် ဂျပန်စစ်တပ်များဗမာပြည်ထဲသို့ဝင်ရောက်လာကာ ဗမာပြည်လုံးတပ်ဖွဲ့သိမ်းပိုက်သွားသည်အထိ နောက်ထပ်၍ငှင်း၏ယောက်ျားကို ထပ်မံမတွေ့ဆုံရသည်သာမက သတင်းမျှပင်မကြားခဲ့ရတော့ချေ။

ဖက်ဆစ်ဂျပန်များ ဗမာပြည်အား ဝင်ရောက်သိမ်းပိုက်၍ ရုပ်သေးအစိုးရကို ထူထောင်နေစဉ်ကာလဝယ် ကိုရင်မောင်၏လုပ်ဖော်ကိုင်ဖက် အများအပြားသည် ပြန်ရောက်လာကြသော်လည်း ကိုရင်မောင်၏သတင်းကို တိတိကျကျမည်သူကမျှ မပြောနိုင်ကြပေ။ အချို့က သရက်ထောင်တွင်နောက်ဆုံးတွေ့ခဲ့ရသည်ဟုပြော၍ အချို့က စစ်တွေထောင်သို့ ပါသွားသည်ဟုလည်း ပြောကြပြန်သေး၏။ မည်သည့်အချက်က အမှန်ဆိုသည်ကို ငြိမ်းသည်မသိခဲ့ရပေ။ နောက်ဆုံး စစ်တွေထောင်မှ လွတ်လာကြသူအချို့က ကိုရင်မောင်အား ဗြိတိသျှနယ်ချဲ့သမားက အိန္ဒိယသို့ပင်ခေါ်၍သွားသည်ဟု ပြောဆိုလာကြပြန်၏။

ဂျပန်တစ်ခေတ်လုံး ငြိမ်းသည်ပျောက်ဆုံးနေရသော လင်ဖြစ်သူအတွက် ပူပင်သောကဖြစ်နေခဲ့ရရာမှ ဂျပန်များအား ဗမာပြည်မှမောင်းနှင်ထုတ်ကာ အင်္ဂလိပ်စစ်တပ်များ ပြန်လည်ဝင်ရောက်လာတော့မှ ကိုရင်မောင်၏သတင်းအမှန်ကို တိတိကျကျသိရှိရလေ၏။ ကိုရင်မောင်သည် အိန္ဒိယပြည်ရှိ မဒရပ်ထောင်ကြီးထဲ၌ သေဆုံးသွားခဲ့ရှာလေပြီတကား။

(စ)

ရပ်နားစရာအတွက် အမိုးနှင့်အကာတို့သည်မရှိ။ စားစရာဆန်နှင့် ချက်ပြုတ်စရာအိုးခွက်တို့သည်လည်း အဘယ်မှာရှိကြပါသနည်း။

အခြေအနေမရှိသော လူငယ်တစ်ဦးနှင့် ခိုကိုးရာကင်းမဲ့နေရှာသော မိန်းကလေးတစ်ဦးတို့၏ စွန့်စားခဲ့ကြရသော အိမ်ထောင်ရေးသည် သုညဖြင့်စခဲ့ကြရ၏။

ဤမြေကြီးပေါ်၌ တစ်မိသားနှင့်တစ်မိသားတို့သည် တစ်ဦးကိုတစ်ဦးက ချစ်ခင်ကြင်နာစွာ အနှစ် ၂၀ ကျော်ကျော်မျှ ပေါင်းသင်း၍နေထိုင်ကာ အတူတကွအသက်ရှင်လာခဲ့ကြရသော ငြိမ်းနှင့်ကိုရင်မောင်တို့၏ အိမ်ထောင်ရေးကို အမေသည် စဉ်းစားခဲ့ရပြီးလေပြီ။

ထိုအနှစ် ၂၀ ကာလခရီး၌ သက်သာညှင်းညင်းပြောင်းသော နေ့ရက်များကိုကား မတွေ့ခဲ့ရ။ ဆိုးဝါးပြင်းထန်သော ရာသီဥတုများနှင့် မုန်တိုင်းထန်နေသော ညများဖြင့်သာ ပြည့်နှက်နေ၏။ သက်သာနားနေခွင့်သည် မရှိသလောက်ဖြစ်ခဲ့၏။ အမြဲတစေ

အလုပ်ကိုပင်ပန်းခြင်းကြီးစွာ လုပ်ကိုင်နေရသည့်အကြားမှပင် မီးဖိုချောင်မှမီးခိုးသည် တိတ်ခဲ့ရသောနေ့ရက်များသည်လည်း ရှိခဲ့ရသေးသည်။

ကိုရင်မောင်သည် ကျောင်းဆရာအလုပ်ဖြင့် နေခဲ့ရစဉ်ကလည်း ငြိမ်းမှာသက်သာလှသည်ဟူ၍တော့မရှိခဲ့။ လင်ကတစ်ဖက်၌ ဝင်ငွေနည်းပါးရသည့်အထဲ အမျိုးသားရေးဘက်တွင် ကူညီထောက်ပံ့ခဲ့ရသောကြောင့် ငြိမ်းသည်ကျောင်းဆရာကတော် ဘဝ၌လည်း ဈေးသည်မတစ်ဖက်လုပ်ရသေးသည်။ လင်ဖြစ်သူ အလုပ်မရှိခဲ့ရသော ကာလပတ်လုံး၌ကား ငြိမ်းသည်သာ အဓိကရှာဖွေလုပ်ကိုင်ရသူဖြစ်ခဲ့၏။ စားဝတ်နေရေးပင် ရှိလာသော သားတစ်ယောက်အား ပညာသင်ဖို့ ငြိမ်းမှာ နေ့အလုပ်အပြင် ညအလုပ်များလည်းမညောင်းမညာ မပင်မပန်းနှင့်လုပ်ခဲ့ရလေသည်။

သည်လိုပင်ပန်းဆင်းရဲခြင်းကြီးစွာ လုပ်ကိုင်စားသောက်၍ နေထိုင်လာခဲ့ရသော်လည်း ငြိမ်းသည်အဘယ်အခါကမျှ လင်သားတို့အပေါ်စိတ်ငြိုငြင်မှုမရှိခဲ့။ ၎င်း၏လင်ယောကျ်ားသည် ပိုက်ဆံမရသောအလုပ်များကို မနားမနေလုပ်ကိုင်နေခြင်းမှာ အများပြည်သူတို့၏ ကောင်းကျိုးချမ်းသာအတွက်သာ လုပ်ကိုင်နေသည်ဆိုခြင်းကို ငြိမ်းသည် ယေဘုယျလောက်တော့ သိရှိလေသည်။

တစ်ခါတစ်ခါ "ကျုပ်ကိုများ စိတ်မပျက်မိဘူးလား ငြိမ်းရဲ့" ဟု မေးမြန်းတတ်သည့်အခါ ငြိမ်းသည် ၎င်း၏လင်ယောကျ်ားအား စကားပြန်၍မပြောနိုင်လောက်အောင် စိတ်ဆိုးမိတတ်လေသည်။

"ကျုပ်ကအရိုးခံနှင့် မေးမိတာပါငြိမ်းရဲ့။ ဘယ်လိုမှ ဝင်ငွေမရတဲ့အလုပ်ကို သားပစ်မယားပစ်လျှောက်လုပ်နေတဲ့ လင်သားအပေါ် ကြာရှည်သဖြင့် သည်းညည်းခံလာရတော့ ငြိမ်းစိတ်ပျက်မလားလို့ပါ"

"မဟုတ်တာတွေ လျှောက်မေးမနေပါနဲ့ ကိုရင်မောင်ရယ်"

"ကျုပ်မေးတာ မဟုတ်တာမှမဟုတ်ဘဲငြိမ်းရဲ့။ သဘာဝကျတဲ့ပြဿနာကိုသာ မေးတာပဲ"

"ဒါလောက်ပေါင်းသင်းလာပြီးမှ ကျုပ်အပေါ် စိတ်မပျက်ဘူးလားလို့ ကိုရင်မောင်ပဲမေးတတ်တယ်"

"ကျုပ်က ကျုပ်အဆိုးကျုပ်သိလို့ မေးမိတာပါ"

"ရှင့်အဆိုးက ဘာလဲဟင် ကိုရင်မောင်"

"သားမယားကို တာဝန်မကျေပွန်တာပေါ့ဗျ"

"ရှင် ဒါလောက်မွန်မြတ်တဲ့ အလုပ်ကိုလုပ်နေတာ ကျွန်မတောသူပေမဲ့ နားလည်ပါသေးတယ် ကိုရင်မောင်ရယ်"

တစ်ခါတစ်ရံလင်မယားချင်း သည်လိုအတိုင်နှင့်အဖောက်ကလေးများတော့ ရှိခဲ့ကြပေသည်။ သည်လိုအငြင်းအခုံကလေးများထက်လွဲ၍ တစ်ယောက်နှင့်တစ်ယောက် စိတ်ဆိုးလောက်အောင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ကြရစဖူးပေ။

ထိုကဲ့သို့ ဆင်းရဲဒုက္ခအမျိုးမျိုးကို ကျော်နင်းလျက်ပေါင်းသင်းနေထိုင် လာခဲ့ကြသော ငြိမ်းနှင့်ကိုရင်မောင်တို့ အိမ်ထောင်ရေးသည် အနှစ် ၂၀ ကျော်မျှတည်တံ့ခဲ့လေသည်။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် နောက်ဆုံးခွဲခွာချိန်၌ တစ်ဦးကိုတစ်ဦး ခွဲခွာသွားမှန်းမသိခဲ့ကြပေ။

ငြိမ်းသည် တစ်နေ့သော် ပြန်လာလိမ့်နိုးနိုးနှင့် ၎င်း၏ချစ်လင်အား မျှော်ကိုးစောင့်စားနေရစဉ်၊ ငြိမ်း၏ချစ်လင်ကိုရင်မောင်သည် ငြိမ်းနှင့်အလွန်ဝေးလံ၍ ပင်လယ်သမုဒ္ဒရာခြားနေသော အရပ်ဒေသရှိ အကျဉ်းထောင်ထဲဝယ် ညည်းညူသွေးအန်နေခဲ့ရ၏။ ထိုသို့ ညည်းညူသွေးအန်ရင်း ၎င်း၏နောက်ဆုံးသော ထွက်သက်ကိုရှုထုတ်သွားရစဉ်၌လည်း ဗြိတိသျှနယ်ချဲ့သမား၏ တရားခံဖြစ်သော သခင်ရင်မောင်သည် ၎င်း၏သားမယားများကို တွေ့မြင်သွားချင်၍မှ မမြင်သွားခဲ့ရရှာပေ။

အမေအတွက် သည်တစ်သက်နှင့်တစ်ကိုယ်ဝယ် အဘယ်သို့ကျေချမ်းမေ့ပျောက်၍ ရနိုင်ပါဦးမည်နည်း။

အတိဒုက္ခရောက်ခြင်းမလှရောက်နေသော မိဘမဲ့အစေခံမကလေးအား ကြင်နာယုယစွာ ထွေးပိုက်ခဲ့ပြီးနောက် တစ်ကိုယ်ကောင်းချမ်းသာကောင်းစားရေးကို ကျောခိုင်းစွန့်လွှတ်ကာ ၎င်းချစ်မြတ်နိုးသော အမျိုးသားများအား ညှဉ်းပန်းနှိပ်စက်နေသော ဗြိတိသျှနယ်ချဲ့သမား၏ သံဖနောင့်အောက်မှ လွတ်မြောက်ကယ်တင်နိုင်ရေးအတွက် အနှစ် ၂၀ ကျော်ကျော်မျှ အဆင်းရဲအဒုက္ခအမျိုးမျိုးကို လူးလိမ့်ခံယူရင်း ၎င်း၏နောက်ဆုံးထွက်သက်ကိုလည်း ရန်သူ၏သံဖနောင့်အောက်ဝယ် ရှုထုတ်သွားခဲ့ရရှာသော ထိုသူရဲကောင်းကြီးအား အမေသည်၎င်း၏နောက်ဆုံးသော ထွက်သက်ကိုရှုထုတ်ရသည့် အချိန်ကာလအထိ တသသဖြစ်နေရတော့မည်သာဖြစ်ပေသည်။

ထိုသူသည် လူချင်းလူအပေါ် လူသားဆန်ဆန်ကြင်နာတတ်သူဖြစ်၏။ လေးစားအံ့သြတတ်သူလည်းဖြစ်၏။ သို့ရာတွင် ထိုသူသည် ၎င်းချစ်မြတ်နိုးသော အမျိုးသားများ၏ နားမျက်စိနှင့် ဝေးလံရာအရပ်ဒေသ၌ စတေးခံခဲ့ရပေသည်။ လုပ်ကြံခြင်းခံရသည် ဖြစ်သောကြောင့် အများပြည်သူတို့ မသိခဲ့ရကြ။

အမေကသာ ချစ်သောလူသားဖြစ်၍ ထိုသူ၏တစ်တိုင်းတစ်ပြည်၌ သေဆုံးရခြင်းအတွက် ရင်နာပေသည်။

တကယ်ဆိုသောအခါ အမေသည် ယခုအချိန်၌ ရင်နာနေကာမျှနှင့်မပြီးသေး ချစ်လင်နှင့်ပေါင်းစပ်ခြင်းမှ ရရှိခဲ့သော လူကလေးမောင်ချစ်ဦးနှင့် အသက်ရှင်နေထိုင်ရဖို့အရေးသည် ရှိနေသေး၏။ ထိုချစ်သားအတွက် အမေ့မှာအသက်ရှင်စရာရှိသေး၏။

အမေသည် ချစ်လင်အကြောင်းကို ပြန်လည်စဉ်းစားခဲ့ရပြီးနောက် ယခုအခါဝယ် ချစ်သားကြောင်းကိုလည်း ပြန်လည်စဉ်းစားဖို့ရှိလာပေပြီ။ ယခုအချိန်ဝယ် သူ့အဖေနည်းတူ အကျဉ်းထောင်၏ကြိုးတိုက်အတွင်းဝယ် ပြည်သူတို့နှင့်အာဏာပိုင်တို့ တိုက်ပွဲမှ ရလဒ်ကို အနာဂတ်အဖြစ်စောင့်စားနေရသော ချစ်သားမောင်ချစ်ဦး၏ အကြောင်းကို အမေသည်စဉ်းစားရစပြုလေပြီ။

သူ့အမေနှင့် သူ့သားမှာ တစ်ယောက်ထီးတည်းသာ ဖြစ်နေ၏။ အမေကတစ်ခေတ်စော၍ သားကတစ်ခေတ်နောက်ကျရခြင်းသာ ဖြစ်လေရကား သူ့အဖေအကြောင်းကို အမေသည်ပြန်လည်စဉ်းစားခဲ့ရစဉ်က –

ရန်ကုန်ကောလိပ်ကျောင်းသားများသပိတ်။

ဒိုင်အာခီ။

အမျိုးသားကျောင်းများ။

ဂျီစီဘီအေနှင့် ၂၁ ဦး။

ဝံသာနုအသင်းများနှင့် သာယာဝတီသူပုန်ကြီး။

ခွဲရေးတွဲရေးနှင့် ကုလား–ဗမာလူမျိုးရေး။

၉၁ ဌာနအုပ်ချုပ်ရေးနှင့် တို့ဗမာအစည်းအရုံး။

ထောင့်သုံးရာပြည့်အရေးတော်ပုံနှင့် ဗမာ့ထွက်ရပ်ဂိုဏ်းစသော အကြောင်းအရာများနှင့် ခွဲခွာ၍မရသကဲ့သို့ သူ့အဖေ၏ သားအကြောင်းကို ယခုတစ်ဖန်ပြန်လည်စဉ်းစားရမည်ဆိုသောအခါဝယ်။

ဗမာ့လွတ်လပ်ရေးတပ်မတော်။

ဖက်ဆစ်ဂျပန်ခေတ်။

ဖက်ဆစ်တော်လှန်ရေး။

ကန္ဒီစာချုပ်နှင့် နေသူရိန်။

စက္ကူဖြူနှင့် ဆင်းမလားစီမံကိန်း။

အောင်ဆန်း–န–အက်တလီစာချုပ်များနှင့် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးစသော အကြောင်းအရာများသည် တစ်ကွက်ပြီးတစ်ကွက် အစီအရီဆက်စပ်ပူးတွဲလျက်ပါဝင်၍သာ လာပေတော့သတည်း။

# ဖက်ဆစ်တော်လှန်ရေး ထို့နောက်

(က)

နာကျင်၍ငိုယိုရခြင်းများနှင့် မွတ်သိပ်ဆာလောင်၍ ပင်ပန်းရခြင်းများသည်သာပင် ငြိမ်း၏ဘဝလောဟု အမေက စဉ်းစားကြည့်မိလေ၏။

လယ်ကန်သင်းဘေးတွင် တစ်ယောက်တည်းသာ ရှိုက်ကာငင်ကာနှင့် ဝမ်းနည်းပက်လက်ငိုနေခဲ့ရခြင်းများ၊ သူတစ်ပါးအိမ်တွင် မျက်လုံးသူငယ်နှင့် အစေခံကလေးလုပ်ခဲ့ရစဉ် မိဘနှစ်ပါးသေဆုံး၍ ခိုကိုးရာကင်းမဲ့ကာ သားကောင်ဘဝ၌ ငိုကြွေးနေခဲ့ရခြင်းများမှာ လင်တစ်ယောက်ရပါမည့်အရေးအတွက်ပင် မျက်ရည်မျက်ခွက်နှင့် ကပြခဲ့ရသော ငြိမ်း၏ဘဝတစ်လျှောက်လုံးဝယ် အဘယ်မှာများ သက်သာပျော်မွေ့ဖွယ်ရှိခဲ့ပါသေးသနည်း။

မိန်းမသားတို့၏ အသက်မွေးဝမ်းကြောင်းသည် လင်ယူရေးသာဖြစ်နေခဲ့သော ခေတ်ကာလကြီးအတွင်း၌ လင်တစ်ယောက်ကို ငိုကြွေးအသနားခံခဲ့ရသည့်နောက်ပိုင်းများ၌မှာကော ငြိမ်းအတွက်အဘယ်နားနေသက်သာကွက်များ ရှိပါသနည်း။ လင်တစ်ယောက်ကို ရပြန်ပါလည်း လင်ကိုမှီခို၍မဖြစ်သေး။ လင်နှင့်အတူသာ ဦးပုံထမ်းခဲ့ရ၏။ လင်ကတစ်ဖက်၌ အများအတွက်လုပ်ကိုင်နေခဲ့စဉ် ငြိမ်းသည်မီးဖိုချောင်အတွက်ဈေးရောင်းခဲ့ရ၏။ လင်ဖြစ်သူထောင်ကျနေစဉ် ငြိမ်းသည်သားတစ်ယောက်ကိုလည်း ဈေးတောင်းခေါင်းရွက်၍ ကျောင်းကိုပို့ခဲ့ရ၏။ လုပ်ကိုင်စားသောက်ခဲ့ရ၏။

ဆံရစ်ဝိုင်းကလေးနှင့် လယ်ကန်သင်းဘေးဝယ် ငိုယိုနေရသော ကလေးမ၏ ဘဝမှ သားလူပျို၏မိခင်မုဆိုးမဒေါ်ငြိမ်းဘဝအထိ အမေသည်တစ်ခန်းပြီးတစ်ခန်း စဉ်းစားလာခဲ့ရပြီးဖြစ်၍ ကျန်ရှိသေးသော လူကလေးမောင်ချစ်ဦး၏ မိခင်ဘဝကို စဉ်းစားစရာရှိပေသေး၏။

(ခ)

ဗြိတိသျှနယ်ချဲ့သမားက လင်ဖြစ်သူ ကိုရင်မောင်အား ဖမ်းဆီးခေါ်ဆောင်၍သွားရာမှ သေသည်ရှင်သည်ဟူ၍ ဘာမျှရေရေရာရာမသိရသည်အတွက် ပူပန်သောကရောက်နေရသည့်အကြားမှ ဂျပန်စစ်တပ်များ ဗမာပြည်အားဝင်ရောက်သိမ်းပိုက်လာချိန်၌ အမေ့တွင်လင်အတွက် ပူရသည်နှင့်မပြီးသေးဘဲ သားအတွက်တစ်မျိုး ပူပန်ခြင်းဖြစ်စရာအကြောင်းများ ဖြစ်ပေါ်လာခဲ့ရပြန်၏။

ဗြိတိသျှနယ်ချဲ့သမား၏ သံဖနောင့်အောက်မှ ဂျပန်နယ်ချဲ့သမားက ဗမာအမျိုးသားများအား ကယ်တင်လိမ့်မည်ဟူသော ယုံမှားချက်နှင့် ဂျပန်နယ်ချဲ့သမားက ၎င်းတို့၏ရုပ်သေးအဖြစ် အသုံးချရေးအတွက်လောက်သာ ဖွဲ့စည်းခွင့်ပြုပေးခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်စစ်တပ်များနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီဖြစ်ရာ မျိုးချစ်စိတ်ထက်သန်နေကြသော ဗမာလူငယ်လူရွယ်အမြောက်အမြားတို့သည် ထိုလွတ်လပ်ရေးတပ်မတော်အတွင်းသို့ သူ့ထက်ငါအားကြိုးမာန်တက် ဝင်ရောက်ကြခြင်း၌ အမေသည် လူကလေးမောင်ချစ်ဦးအား တားမြစ်ခြင်းမပြုရက်နိုင်ဘဲ ခွင့်ပေးခဲ့ရခြင်းကပင် စတော့၏။

၎င်းချစ်မြတ်နိုးသော အမျိုးသားလွတ်မြောက်ရေးအတွက် အငတ်ငတ်အပြတ်ပြတ်နှင့် ထောင်ကျတန်းကျခံကာ ရန်းကန်တိုက်ခိုက်ခဲ့သော လူတစ်ယောက်၏သားက သူ၏အမေကဲ့သို့ပင် ၎င်းချစ်မြတ်နိုးသော အမျိုးသား၏လွတ်မြောက်ရေးတပ်မတော်အတွင်းသို့ ဝင်ရောက်၍လိုက်ပါသွားခြင်းကို အမေသည်မတားရက်နိုင်ရှာပေ။ အမေသည် ၎င်းအားခွဲခွာ၍ စစ်ထဲသို့လိုက်ပါသွားသော သားဖြစ်သူအား ရင်တမမနှင့် ခွင့်ပေးခဲ့ရ၏။

အမေတစ်ခု သားတစ်ခုဖြစ်၍ အမေသည် အဘယ်မှာသွားနေရပါမည်နည်း။ အမေ့သားမောင်ချစ်ဦးသည် ထိုစဉ်က ၁၈ နှစ်သာသာ ၁၉ နှစ်သားခန့်မျှသာ ရှိသေးသော ကျောင်းသားအရွယ် လူငယ်မျှသာဖြစ်၏။ သို့ရာတွင် ကျောင်းသားအရွယ်လူငယ်က တစ်ခါမျှမခွဲစဖူးသော အမေဖြစ်သူကိုခွဲ၍ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် လိုက်ပါသွားချေ၏။

အမေသည် မျက်လုံးသူငယ်နှင့် ကျန်ရစ်ခဲ့ရပြန်၏။ လင်ကလည်း သေသည်ရှင်သည်မသိ၊ သားကလည်းစစ်ထဲသို့ လိုက်သွားပြန်ချေပြီ။ သည်လို လင်တကွဲသားတကွဲနှင့် ကျန်ရစ်ခဲ့သော အမေ၏အဖြစ်မှာ ရင်နာစရာကောင်းပါ၏။ သို့ရာတွင် အမေကတော့ ရင်နာနာနှင့်ပင် ထမင်းတစ်လုတ်စားရဖို့ လုပ်စရာကိုင်စရာက ရှိနေသေး၏။ မလုပ်မကိုင်၍ ဘယ်သူလာကျွေးလို့ ဘာနှင့်အမေ့မှာ စားရပါမည်နည်း။

လင်နှင့်သားတို့၏အတွက် နေ့စဉ်နှင့်အမျှ ပူပန်နေခဲ့ရသည့်အကြားမှ အမေသည် မှီခိုကပ်ရပ်နေထိုင်စရာကိုရှာခဲ့ရ၏။ နေ့စဉ်တစ်လုတ်မှန်မှန်ကလေးစားရဖို့အရေးအတွက် ရောင်းလက်စဈေးတောင်းကို ရွက်ရပြန်၏။

ဈေးတောင်းကိုခေါင်း၌ရွက်၍ ထမင်းကလေးတစ်လုတ် နပ်မှန်မှန်စားရဖို့အရေး အတွက် အမေသည် ပြေးလွှားလုပ်ကိုင်နေရစဉ် အမေ၏လင်နှင့်သားတို့သည် အမေနှင့် တကွ ၎င်းတို့ချစ်မြတ်နိုးသော ဗမာအမျိုးသားများ၏ ငတ်မွတ်ဆင်းရဲတွင်းနက် ရခြင်းမှ လွတ်မြောက်ရေးအတွက် အမေ့ကိုပစ်ထားခဲ့ကြရကာ ရန်းကန်တိုက်ခိုက်လျက်နေကြ ၏။

သည်လိုလင်၊ သားတို့နှင့် တကွဲတပြားစီဖြစ်ကာ ပင်ပင်ပန်းပန်းဈေးရောင်းစား သောက်နေရခြင်းအတွက် အမေ့တွင်အားငယ်သောစိတ်တော့မရှိပေ။ လင်နှင့်သားတို့၏ မွန်မြတ်သောအလုပ်ကို အမေသည်ကောင်းစွာသိရှိနားလည်သဖြင့် ၎င်းထမ်းလျက် နေရသောဝန်ပိုးကို သေးသည်ဟုသဘောမထားခဲ့ပေ။ သေလုမြောပါးလုပ်ကိုင် နိုင်ပါမှ မသေရုံတမယ်ကလေး အသက်ရှင်နိုင်မည့်အရေးကို လယ်ကန်သင်းဘေးမှာ ငိုယိုနေ ခဲ့ရသော အမေက ကောင်းကောင်းကြီးပဲသိရှိပါ၏။

သည်လို ပင်ပင်ပန်းပန်း ဈေးရောင်းသွားလာရသဖြင့် တစ်စထက်တစ်စ အသက် အရွယ်ကရင့်လာပြီဖြစ်သော အမေ့တွင် တစ်ခါတစ်ရံ မောပန်း၍လာတတ်၏။ တစ်ခါ တစ်ရံလည်း နေထိုင်မကောင်းဖြစ်လာတတ်၏။ ထိုသို့နေထိုင်မကောင်း ဖြစ်လာသော အခါများ၌ အမေ့အားပြုစုမည့်သူမရှိ၊ မိမိနေထိုင်ရသော ဆင်းရဲသားရပ်ကွက်မှ နီးစပ် ရာများကိုသာ ဆေးပေးမီးယူပြုခိုင်းရလေ၏။

အမေကဲ့သို့ ဈေးတောင်းခေါင်းရွက်သော အဘွားကြီးတစ်ဦးတစ်ယောက်အား သည်လိုလုပ်မှ မသေရုံကလေး စားနေကြရရှာသော ဆင်းရဲသားရပ်ကွက်ကသာ ညီ တူညီမျှသဘောထား၍ လက်ခံပြုစုကြပေသည်။ လုပ်နိုင်ကိုင်နိုင်ပါမှ အလျင်မီရုံကလေး စားသောက်နေကြရရှာသော ဆင်းရဲသားများဖြစ်ကြသဖြင့် သူတို့ခမျာများက လည်း အလုပ်ပစ်အကိုင်ပစ်နှင့်တော့ အမေ့အားသပ်သပ်မပြုစုနိုင်ကြရှာပေ။ ရရှိသော အချိန်ပိုကလေးများ၌သာ လာရောက်မေးမြန်းကြည့်ရှုခြင်း၊ ရေနွေးတည်ပေးခြင်းနှင့် ဆန်ပြုတ်ပေးခြင်းစသော ကိစ္စကလေးများကို ပြုလုပ်ပေးနိုင်ကြရှာလေသည်။

မာမာချာချာနှင့်လုပ်နိုင်ကိုင်နိုင်၍ သွားနိုင်လာနိုင်စဉ် အမေသည် အားငယ်တတ် ခြင်းမရှိသည်မှန်သော်လည်း ယခုကဲ့သို့မမာမကျန်းဖြစ်လာတတ်သော အချိန်ကာလ များတွင် အနီးအနား၌ လင်နှင့်သားတို့မရှိကြသည့်အတွက် ဝမ်းနည်းအားငယ်ခြင်း တော့ ရှိလာလေသည်။ အသက်အရွယ်ကရင့်၍ သွေးလေတို့ကမမှန်တော့ဘဲ ခမ္မတာ

အလျောက် နာမကျန်းဖြစ်လာသောအခါ၊ လင်နှင့်သားတို့သာ မိမိဘေး၌ရှိလျှင် ဘယ်လောက်ကောင်းမည်လဲဟု အမေကစဉ်းစားကြည့်တတ်လေသည်။ အဘယ်မိန်းမသားသည် ကြီးသည်ငယ်သည်ပင်ဖြစ်စေ လင်သားတို့၏ပြုစုယုယခြင်းကို မခံလိုဘဲရှိကြပါမည်နည်း။ နာမကျန်းတတ်သော ကာလများ၌ ပြုစုယုယမှုသည် သာ၍အလိုရှိကြစမြဲပင် ဖြစ်ကြပေသည်။

သည်ကဲ့သို့ အမေ့မှာမျက်လုံးသူငယ်နှင့် နာမကျန်းဖြစ်နေရစဉ် အမေ၏ချစ်လင်ကိုရင်မောင်သည် ဗြိတိသျှနယ်ချဲ့သမား၏ အကျဉ်းထောင်ထဲ၌ ကြာရှည်လေးမြင့်စွာ ညှဉ်းပန်းခံခဲ့ရသောဒဏ်ရာချက်များကြောင့် သွေးများတပွက်ပွက်အန်နေရရှာ၏။ သည်လိုတကွဲတပြားစီဖြစ်၍ သည်လိုအသီးသီး ဒုက္ခဆိုက်ရောက်နေခဲ့ကြရသော လင်နှင့်မယားတို့သည် တစ်ဦး၏အဖြစ်ကို တစ်ဦးက မသိနိုင်မမြင်နိုင်ရှာကြ၊ မီးယပ်ချမ်းထ၍ မေးခိုက်ခိုက်တုန်ကာ အဖျားတက်နေရသောအမေ၏နှုတ်မှ "ကိုရင်မောင်ရေ ...ကိုရင်မောင်"ဟု ကယောင်ကတမ်းရည်ရွယ်ခေါ်ဝေါ်နေစဉ် ကျဉ်းမြောင်းသောအချုပ်ခန်းကလေးတစ်ခုအတွင်း၌ သွေးများအန်နေရှာသော ကိုရင်မောင်တစ်ယောက်ကလည်း " ငြိမ်းရေ ... ငြိမ်း"ဟု တမ်းတခေါ်ဝေါ်နေ၏။ သို့ရာတွင် တစ်ယောက်၏အဖြစ်ကို တစ်ယောက် မသိမြင်နိုင်ရှာကြသကဲ့သို့ပင် တစ်ယောက်၏မြည်တမ်းသံကိုလည်း တစ်ယောက်က အဘယ်သို့ကြားနာနိုင်ပါ့မည်နည်း။ သည်လို လင်နှင့်မယားတို့ တကွဲတပြားစီ ဖြစ်ကာ အတိဒုက္ခရောက်ခြင်းကြီးမလှ ရောက်နေရချိန်၌ သည်လင်နှင့်မယားတို့ ချစ်ခင် ပေါင်းစပ်ခြင်းမှ ဖြစ်လာခဲ့သော သားတစ်ယောက်က သေနတ်ကိုစွဲကာ သူ့မိဘများနှင့် ဝေးလံရာအရပ်ဒေသ၌ သူချစ်မြတ်နိုးသော အမျိုးသားများ၏လွတ်မြောက်ချမ်းသာရေးအတွက် ရန်သူတို့ကိုလိုက်လံတိုက်ခိုက်လျက်ရှိနေ၏။

"သား ... သား ... သား" အမေနှင့် အဖေဖြစ်သူတို့၏ မြည်တမ်းသံကိုမှပင် သား ဖြစ်သူသည် မကြားနိုင်တော့။

(၈)

ဂျပန်စစ်တပ်များ ဗမာပြည်အား ထိထိရောက်ရောက် ဝင်ရောက်သိမ်းပိုက်မိပြီးသောအချိန်ဝယ် ဗြိတိသျှနယ်ချဲ့သမား၏ သံဖနောင့်အောက်မှ ဗမာအမျိုးသားများအား ကရုဏာကြီးစွာဖြင့် ကယ်တင်လွတ်မြောက်စေမည်ဟု လိမ်လည်ဝါဒဖြန့်ခဲ့သော ဂျပန်နယ်ချဲ့သမားသည် ၎င်း၏အစစ်အမှန်ဖြစ်သော ဖက်ဆစ်ရုပ်လုံးကို ဖော်ပြလာတော့၏။

ဗမာအမျိုးသားများအား စတင်၍ပါးရိုက်လုယက်စော်ကား ညှဥ်းပန်းခြင်းများ ပြုလုပ်လာသည်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်အား ရန်ကုန်မြို့တော်မှလွဲလျှင် အနယ်နယ်အရပ်ရပ်၌ နှိပ်ကွပ်ဖြိုခွဲ၍ဖျက်ဆီးရန်ပြုလုပ်လာခဲ့၏။

ဂျပန်နယ်ချဲ့သမား၏ အကူအညီဖြင့် မိမိတို့သည် ဗြိတိသျှနယ်ချဲ့သမား၏ သံဖနောင့်အောက်မှ လွတ်မြောက်ပြီးသည့်ကာလ၊ လွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဖြစ်သော နိုင်ငံတော်ကိုတည်ထောင်လိမ့်မည်ဟု မှားယွင်းစွာ ယုံကြည်မျှော်လင့်ခဲ့သော မျိုးချစ်စိတ်လွန်ကဲစွာရှိကြသူများသည်ပင် "ဂျပန်ကင်ပေ"တို့သည် အဘယ်မျှ စက်ဆုပ်ရွံရှာဖွယ် ဆိုးဝါးလှကြောင်းကို သိရှိစပြုလာကြလေ၏။ ဗြိတိသျှနယ်ချဲ့သမား၏ သံဖနောင့်အောက်တွင် နှစ်ပေါင်းတစ်ရာကျော်မျှ အလူးအလဲခံနေကြရသော ဗမာအမျိုးသားများအား "သာတူညီမျှ"ဖြစ်ပါမည်ဟု မက်လုံးပေးခဲ့ကြသော ဂျပန်စစ်တပ်သည် ဘဝတူညီမျှခြင်းထက်ပင် ပိုမိုလွန်ကဲခဲ့၏။ ဝင်ဝင်ချင်းဆောက်နှင့်ထွင်းဆိုသော စကားအတိုင်း "နိပ္ပွန်"အတူတူရှိတကားဟုပြောကာ ပါးရင်းနားရင်း ရိုက်တော့၏။ ၎င်းတို့လိုချင်သောပစ္စည်းကို အတင်းလုယက်လာတော့၏။

ဂျပန်စစ်တပ်များ ဗမာပြည်ကိုသိမ်းပိုက်ခဲ့လျှင်ပင် ဗမာပြည်အနှံ့အပြား၌ ဂျပန်အား မကျေနပ်ခြင်းများသည်လည်းကောင်း၊ ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်များသည်လည်းကောင်း ပေါ်ပေါက်၍လာကြ၏။ ဂျပန်နှင့်ပူးပေါင်း၍ အင်္ဂလိပ်အား ဗမာပြည်မှ မောင်းထုတ်ရေးကို လှုံ့ဆော်စည်းရုံး၍ ကြိုးပမ်းလာခဲ့ကြသည့် "တို့ဗမာနှင့်ဆင်းရဲသား"တို့ပေါင်းစပ်ထားသော ဗမာ့ထွက်ရပ်ဂိုဏ်းထဲမှ အများအပြားပင် ဂျပန်ဆန့်ကျင်ရေးကို သဘောတူလာကြ၏။ ဂျပန်ဆန့်ကျင်ရေးကို တီးတိုးဝါဒဖြန့်လာကြ၏။

ထိုသို့ "နောက်လာမည့် မောင်ပုလဲသည် ဒိုင်းဝန်ထက်ကဲမည်"ဆိုသော အချက်ကို ဂျပန်နှင့်မပူးပေါင်းမီကပင် တင်ကြို၍သတိပေးခဲ့သော ဗမာပြည်ကွန်မြူနစ်များသည် ဂျပန်၏အကြီးဆုံးသော ရန်သူကြီးများဖြစ်နေကြသဖြင့် ဂျပန်သည်ဗမာပြည်သို့ ဝင်ရောက်သိမ်းပိုက်ပြီးချိန်တွင် ယခင်ဗြိတိသျှနယ်ချဲ့သမားခေတ်ကအတိုင်းပင် မြေအောက်၌လျှို၍သာနေမြဲနေခဲ့ရ၏။ ထိုသို့လျှို့ဝှက်ပုန်းလျှိုး၍သာ နေခဲ့ရသည့်တိုင်အောင် လက်တွေ့ဂျပန်၏ကျူးကျော်စော်ကားခြင်းများ၊ ယုတ်မာခြင်းများကို ထောက်၍ပြသရင်း ဂျပန်ဆန့်ကျင်ရေးကို လိုက်လံလှုံ့ဆော်ခဲ့လေသည်။ စည်းလုံးပြင်ဆင်ခဲ့လေသည်။

ဤကဲ့သို့ ဗမာပြည်သို့ ၎င်းဝင်ရောက်၍ ဘာမျှမကြာမီပင် ၎င်းအားမုန်းတီးဆန့်ကျင်ရေးနှင့် တော်လှန်ရေးပြဿနာများကို ရင်ဆိုင်လာရသော ဂျပန်နယ်ချဲ့သမားသည် "ကင်ပေတိုင်"ခေါ် အထူးကြမ်းကြုတ်ရက်စက်လှသော စစ်ပုလိပ်တပ်ဖွဲ့များနှင့် ဗမာအမျိုးသားများအား ခြောက်လှန့်နှိပ်ကွပ်ပြုလုပ်လာလေ၏။ ဂျပန်ကင်ပေတိုင်များသည်

၎င်းတို့၏အကြီးမားဆုံးဖြစ်သော ရန်သူကြီးများအဖြစ် မြေအောက်၌ပုန်းလျှိုးနေသော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် လက်နက်ကိုင်ဗမာ့တပ်မတော်ဖြစ်သော ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ကိုစတင်၍ နှိပ်ကွပ်ဖြိုခွဲရန် တွေ့ရှိလာကြ၏။

ဗမာပြည်ကွန်မြူနစ်ပါတီသည် လျှို့ဝှက်ပိရိစွာ ဂျပန်ဆန့်ကျင်ရေးတပ်ဦးကို စည်းရုံးဖွဲ့စည်းနေပြီဖြစ်၍ ဂျပန်ကင်ပေတိုင်များသည် ကွန်မြူနစ်ပါတီရဲဘော်များအား တွေ့ရာသချိုင်းစားမဆိုင်း လိုက်လံရှာဖွေကာ သုတ်သင်ချေမှုန်းရန်ကြိုးပမ်းလာရ၏။ သို့ရာတွင် ဂျပန်နယ်ချဲ့သမား၏ သာတူညီမျှရေးအရသာကို ဝင်ဝင်ချင်း ဆောက်နှင့်အထွင်းခံခဲ့ရသော ဗမာအမျိုးသားများက ၎င်းတို့အား ဂျပန်ဖက်ဆစ်များ၏ ဓားလွတ်အောက်မှ လွတ်မြောက်နိုင်ရေးအတွက် အသက်ကိုပင် ပဓာနမထားဘဲ ပြေးလွှားလုပ်ကိုင်နေကြသော ကွန်မြူနစ်များအား ကောင်းစွာစောင့်ရှောက်ကာကွယ်၍ ထားပေးသဖြင့် ဂျပန်သည် ၎င်းအားဆန့်ကျင်တော်လှန်မည့် ဗမာအမျိုးသားတပ်ပေါင်းစု၏ အဓိကတပ်ဦးကြီးဖြစ်သော ဗမာကွန်မြူနစ်များကို လေဖမ်း၍မရသကဲ့သို့ မည်ကဲ့သို့မျှမတတ်နိုင်ဘဲ ရှိခဲ့ရလေသည်။ ထိုသို့ကင်ပေတိုင်များသည် ကွန်မြူနစ်ပါတီအား ဖျက်ဆီး၍မရနိုင်သောအခါ ဗမာအမျိုးသားများ၏ လက်နက်ကိုင် တပ်မတော်ကြီးဖြစ်လာခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖြိုခွဲရန် နှိပ်ကွပ်ဖမ်းဆီးမှုများစလာ၏။ ဘီအိုင်အေတပ်သားများကို အနယ်နယ်၌ ဖမ်းဆီးသတ်ဖြတ်မှုများဖြင့် ကင်ပေတိုင်တို့စလာသော ထိုးစစ်ကို ဗမာအမျိုးသားများက မခံမရပ်နိုင်ကြောင်း ပြသလာကြသောအခါ ဂျပန်နယ်ချဲ့သမားသည် ထိုပြဿနာကို ကင်ပေတိုင်နှင့်ဖြေရှင်းခြင်းအား ချို၍ထားပြီးနောက် နိုင်ငံရေးအရဖြေရှင်းမှုကို ကောက်ကျစ်စွာပြုလုပ်လာ၏။

ဗမာပြည်ရှိ ဂျပန်စစ်အုပ်ချုပ်ရေး အာဏာပိုင်များက ဗမာပြည်အား လွတ်လပ်ရေးကြေညာခွင့် ပေးတော့မည်ဖြစ်၍ လွတ်လပ်သောနိုင်ငံ၌ရှိအပ်သော ကာကွယ်ရေးစစ်တပ်တစ်ခုကို စည်းစနစ်ကျစွာ တည်ထောင်ထားရှိရေးအတွက် လက်ရှိဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းခိုင်းလာ၏။ ထိုသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း၍ ၎င်း၏ဩဇာကို တသွေမတိမ်းနာခံရမည့် ဗမာ့ကာကွယ်ရေးစစ်တပ် တစ်ခုကို ထူထောင်ရန် ဂျပန်နယ်ချဲ့သမား၏ ကောက်ကျစ်လှည့်ဖြားချက်ကို မခံမရပ်နိုင်ဖြစ်မိကြသော်လည်း လောလောဆယ်အခြေအနေအရ ဂျပန်ကို တွန်းလှန်မောင်းထုတ်ရေးမှာ မစွမ်းသာမဖြစ်သာသေးသောကြောင့် မျိုးချစ်လူငယ်အများအပြားသည် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ထွက်သူများထွက်ရကာ ကာကွယ်ရေးတပ်မတော်သို့ ဝင်သူများလည်း ဆက်လက်ဝင်ရောက်ခဲ့ကြရလေသည်။ ထိုကဲ့သို့ ၎င်းချယ်လှယ်ချင်သလို ချယ်လှယ်နိုင်ရလိမ့်မည်ဟုထင်ရသော ဗမာ့ကာကွယ်ရေးတပ်မတော်ကို အကန့်အသတ်နှင့် ဖွဲ့စည်းတည်ထောင်၍ ဂျပန်စစ်တပ်များ ကိုယ်တိုင်ကြပ်မတ်လေ့ကျင့်ပေးပြီး

နောက် ဗမာနိုင်ငံရှိ လူငယ်အများအပြားကို ၎င်းစိတ်ထင်တိုင်း သိမ်းသွင်းချယ်လှယ်ရန် ဂျပန်နယ်ချဲ့သမားသည် လူငယ်အစည်းအရုံးများ ကာကွယ်ရေးအဖွဲ့များ စသည်ဖြင့် တည်ထောင်ပေးလာ၏။

ထိုကဲ့သို့နိုင်ငံရေးအရလည်းကောင်း၊ စိတ်တိုင်းကျ စစ်တပ်များ၊ ကာကွယ်ရေးအသင်းအဖွဲ့များနှင့် လူငယ်အစည်းအရုံးများကို တည်ထောင်ပေးပြီးနောက်လည်းကောင်း ခိုင်းရာကိုတစ်သဝေမတိမ်းနာခံမည့်အစိုးရကိုဖွဲ့ခိုင်း၏။

ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဤကဲ့သို့ဖြိုခွဲဖျက်ဆီး လက်ကိုင်တုတ်အဖြစ် အသုံးချနိုင်မည့်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများကို တည်ထောင်ပေးပြီးသည့်နောက်ပိုင်း၌ ဂျပန်နယ်ချဲ့သမားသည် ဗမာနိုင်ငံအား ၎င်းစိတ်ထင်သလို သွေးစုတ်ချယ်လှယ်ရန် ခြေလှမ်းသာရှိ၏။ စစ်မက်ဖြစ်ပွားနေသော ကာလအတွင်းမှာပင် ဂျပန်အရင်းရှင်ကုမ္ပဏီကြီးများသည် ၎င်းတို့စစ်တပ်နှင့် ကင်ပေတိုင်များ၏ အစောင့်အရှောက်အကာအကွယ်ဖြင့် ဗမာ့တောသူတောင်သား ဆင်းရဲသားများ ပင်ပန်းကြီးစွာလုပ်ကိုင်ထားသော ဆန်၊ ဆီ၊ ဆေး၊ ဝါဂွမ်း၊ ပဲနှမ်း၊ ချည် စသည် တို့ကို ခြိမ်းခြောက်လုယူလာကြ၏။ ယခင်စစ်မဖြစ်မီက ဗြိတိသျှအရင်းရှင်ကုမ္ပဏီကြီးများ ပိုင်ဆိုင်သော သစ်တော၊ ရေနံနှင့်သတ္တု လုပ်ငန်းကြီးများကို လက်ဝါးကြီးအုပ်၍ ယူကြ၏။

ထိုကဲ့သို့ ဂျပန်အရင်းရှင်ကုမ္ပဏီကြီးများက ဗမာအမျိုးသားများ၏ သဘာဝပစ္စည်းနှင့်လုပ်ကိုင်ထားရသောပစ္စည်းများကို လုယက်ယူငင်နေကြစဉ် ဂျပန်စစ်တပ်များနှင့် ကင်ပေတိုင်များက ဗမာအမျိုးသားများအား ကြမ်းကြုတ်ရက်စက်နည်း အဖုံဖုံဖြင့်ရိုက်နှက်ညှဉ်းပန်းနေကြလေ၏။ ဗမာ့လယ်သမားပေါင်းမြောက်မြားစွာကို ဆိတ်ကလေးနွားကလေးများ ဖမ်းသကဲ့သို့ ခြောက်လှန့်ဖမ်းဆီးကာ တောင်ကုတ်လမ်းနှင့် သေမင်းရထားလမ်းများ ဖောက်လုပ်ရန် ချွေးတပ်သားလုပ်ခိုင်းလာ၏။

ဂျပန်နယ်ချဲ့သမား၏ဒဏ်ကို ဗမာလယ်သမားများသည် အများဆုံးခံခဲ့ကြရပေသည်။

ဆန်စပါး၊ ဆေး၊ ပဲ၊ နှမ်းနှင့် ချည်များ၊ ဝါများကို အလုခံရသည်နှင့်မပြီးသေး။ ကြက်၊ ဝက်၊ ဆိတ်၊ နွားစသည်တို့လည်း အလုခံရ၏။ လူကိုယ်တိုင် ချွေးတပ်လိုက်ရရုံနှင့်မပြီးသေး။ သားပျို၊ သမီးပျိုများကို ဂျပန်စစ်သားများက စော်ကားလိုက်ကြသေး၏။

ဂျပန်နယ်ချဲ့သမားသည် "အာရှတိုက်သာတူညီမျှရေး" ကြွေးကြော်သံကို ဗမာပြည်အတွင်းသို့ ဝင်ရောက်လာပြီးနောက် တစ်နှစ်ခန့်အတွင်း ၎င်း၏လက်တွေ့သာတူညီမျှရေးစနစ်ကြီးကို ဗမာတစ်မျိုးသားလုံးက စက်ဆုတ်ရွံရှာကာ နှလုံးအနာကြီးနာခဲ့ကြလေပြီတကား။

**မြန်နန္ဒာစာအုပ်တိုက်**

(ဃ)

အမေ့သားမောင်ချစ်ဦးသည် ၎င်း၏မိခင်အားခွဲခွာ၍ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်လိုက်ပါသွားပြီးနောက် အထက်ဗမာပြည်တိုက်ပွဲများတွင် လိုက်ပါတိုက်ခိုက်ရင်း စစ်ပညာများကို လေ့ကျင့်သင်ယူခဲ့ရ၏။ စိတ်အားထက်သန်သောငယ်ရွယ်သူသာဖြစ်သောကြောင့် နာကျင်မောပန်းရခြင်းများနှင့် ကြောက်ရွံ့ရမည့်သေဘေးကိုများစွာဂရုမထားလှ။ ဗြိတိသျှနယ်ချဲ့သမားကို ဗမာ့မြေမှ အပြီးအပိုင် မောင်းထုတ်နိုင်သောအခါ လွတ်လပ်သောနိုင်ငံကြီးကို တည်ထောင်၍ လွတ်လပ်သော အမျိုးသားတပ်မတော်ကြီးကိုလည်း ဖွဲ့စည်းတည်ထောင်နိုင်လိမ့်မည်ဟူသော မျှော်လင့်ယုံကြည်ခြင်းဖြင့် မောင်ချစ်ဦးသည် ဗန်းမော်၊ မြစ်ကြီးနားစသော ဗမာပြည်၏ မြောက်အစွန်းဒေသများအထိ ဂျပန်စစ်တပ်များနှင့် ပုခုံးချင်းယှဉ်ကာ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ချီတက်လိုက်ပါရင်း တိုက်ခိုက်ခဲ့လေသည်။ ထိုကဲ့သို့ မျိုးချစ်စိတ်ဓာတ်ထက်သန်စွာဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော ဗမာလူငယ်အများအပြားပင် ကျဆုံးပျက်စီးခဲ့ရ၏။

သို့ရာတွင် ဗမာပြည်မကြီးအတွင်းမှ ဗြိတိသျှနယ်ချဲ့သမား၏ လက်နက်ကိုင်စစ်တပ်များကို မောင်းထုတ်နိုင်ပြီးသည့်နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဂျပန်နယ်ချဲ့သမားက ဖမ်းဆီးဖျက်ဆီးခြင်းများပြုလုပ်၍ လာသောအခါ အမေ့သားမောင်ချစ်ဦးသည် ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဆက်လက်ဝင်ရောက်ခွင့်မရခဲ့သဖြင့် ပင်ပန်းဆင်းရဲစွာနှင့် ၎င်း၏မိခင်နာမကျန်းဖြစ်နေရာသို့ ပြန်လာခဲ့ရလေ၏။

တစ်ကြိမ်တစ်ခါမျှ မခွဲမခွာကြဖူးသော သားနှင့်အမိတို့သည် သားစစ်ထဲသို့ လိုက်ပါသွားပြီးနောက် တစ်နှစ်နီးပါးခန့်ကြာမှ ပြန်၍တွေ့ဆုံကြ၏။ သားဖြစ်သူသည်လည်း ၄က်ဖျားစွဲကပ်၍ အသားအရေ ဖြူဖတ်ဖြူရော်နှင့် မမာမကျန်း၍ အိပ်ရာထက်တွင် လဲနေရှာသော အမေ့အနီးတွင် လေးကန်စွာလာ၍ရပ်၏။

အမေသည် အဖျားကျကာစဖြစ်၍ ငြိမ်သက်စွာမှိန်းနေ၏။ စစ်ထဲသို့လိုက်၍သွားရာမှ ပြန်လာသော သားအနီးသို့ရောက်မှန်းကိုမှပင်မသိရှာ။ အားကလည်း နည်းနေပုံရ၏။

"အမေ"ဟု သားဖြစ်သူက ခပ်တိုးတိုးလေး ခေါ်ကြည့်၏။

အမေသည် မှိန်း၍နေရာမှ မျက်လုံးကိုအနိုင်နိုင်ဖွင့်၍ကြည့်၏။

"အမေ" သားဖြစ်သူက ကြာမြင့်စွာကွဲကွာနေရသော မိခင်အား လေးလေးမြတ်မြတ်ထပ်၍ခေါ်ရှာ၏။

"သား သား မင်းပြန်လာပြီးလားဟင်" အမေသည် အားနည်းနေသော်လည်း သားကိုပြန်တွေ့ရသောကြောင့် အားပြန်၍ပြည့်ကာ အားရဝမ်းသာပြောရင်း အိပ်ရာထက်တွင်ထ၍ထိုင်လေ၏။

အမေ့ဘေးတွင် သားကငြိမ်သက်စွာ ထိုင်လေသည်။

"မင်းမှာလဲ ပိန်လို့ပါလားသားရယ်။ ငါ့သား နေမကောင်းလာဘူးလားဟင်" ဟု အမေသည် သားဖြစ်သူ၏နဖူးပြင်နှင့် လက်ဖျားများကို စိုးရိမ်ပူပန်စွာ စမ်းသပ်ရင်း မေးလေ၏။

"အမေကော ခုလိုမမာနေတာကြာပြီထင်တယ်"

အမေနှင့်သားတို့သည် တစ်ဦးကိုတစ်ဦးကသာ စိုးရိမ်စွာမေးကြ၏။ သို့ရာတွင် တစ်ဦးကိုတစ်ဦးက ပြန်၍တော့မဖြေကြ။

ထိုကဲ့သို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းကာ စစ်သားဦးရေအကန့်အသတ်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော်ကို တည်ထောင်သဖြင့် မောင်ချစ်ဦးသည် တပ်ထဲမှထွက်လာခဲ့ရပြီးနောက် ၎င်း၏မိခင်နှင့်အတူ ပြန်လည်နေထိုင်ခဲ့လေ၏။ ထိုကဲ့သို့ ပြန်လည်နေထိုင်သောအခါ သူသည် ၎င်း၏မိခင်အား ဈေးရောင်းခြင်းအလုပ်ကို မပြုလုပ်စေတော့ဘဲ ၎င်းသည်သာ ယခင်တပ်မတော်တုန်းက စစ်ဗိုလ်တစ်ယောက်၏ ကူညီဆောင်ရွက်ပေးချက်ဖြင့် အစိုးရ၏ရုံးတစ်ရုံးတွင် အလုပ်ဝင်လုပ်၍ မိခင်အားလုပ်ကျွေးခဲ့လေ၏။

မောင်ချစ်ဦးသည် ထိုကဲ့သို့အလုပ်လုပ်ကိုင်နေရသည့်အကြားမှ လူငယ်အဖွဲ့အစည်းများ၊ ရပ်ကွက်ကာကွယ်ရေးအဖွဲ့အစည်းများတွင် ဝင်ရောက်ဆောင်ရွက်တတ်၏။ သူသည် အဖေကဲ့သို့ပင် အများ၏ကောင်းကျိုးချမ်းသာအတွက် ဆောင်ရွက်လိုသော လူတစ်ယောက်ဖြစ်သည်ကို အမေကတော့ မွေးမိခင်ဖြစ်၍ သိရှိပြီးဖြစ်လေသည်။

အလုပ်မှပြန်လာပြီးနောက် သူသည်လူစုလူဝေးများရှိရာသို့သွား၍ အများနှင့်လုပ်ရသောရပ်ရေးရွာရေးကိစ္စများကို ပြုလုပ်ဆောင်ရွက်တတ်လေ၏။ ထိုကဲ့သို့ အများ၏အကျိုးအတွက် ရွက်ဆောင်တတ်သောကြောင့် ပတ်ဝန်းကျင်ကလည်း သူ့ကိုချစ်ခင်လေးစားခြင်း ရှိလာလေသည်။

မောင်ချစ်ဦးသည် စားချိန်နှင့်အိပ်ချိန်မှလွဲလျှင်အချိန်ပိုများရှိသ၍ အများအတွက် လုပ်ကိုင်ဆောင်ရွက်ရင်း အချိန်ကုန်နေ၏။ ထို့ကြောင့် ပင်ပန်းလှသော သားဖြစ်သူအား အမေသည် မသက်မသာကြည့်မိရင်း "မင်းမှာ အေးအေးဆေးဆေး နားရတဲ့အချိန်လို့များ ထားပါဦးလားသားရယ်"ဟု သတိပေးပြောကြားယူရပေသည်။

"လူအများနဲ့နေရတာအမေ၊ အဲဒီလူအများမှာ မသက်သာရင် ကျွန်တော်တို့သားအမိလည်း ဘယ်သက်သာနိုင်ပါ့မလဲ။ အဲဒီတော့ အများအတွက် လုပ်ကိုင်နေတာဟာ ကျွန်တောတို့သားအမိအတွက် ပါလုပ်နေတာပဲအမေ"

"မင်းလုပ်နေတဲ့အလုပ်ကို အမေကောင်းကောင်းနားလည်ပါတယ်သားရဲ့။ အမေပြောတာက ငါ့သားအတွက်နားချိန်ကလေး ဘာကလေးတော့ ထားပေးဦးမှပေါ့လို့ပြောတာပါကွယ်"

"အမေပြောတာကလဲ ဟုတ်တာပါပဲ။ ဒါပေမယ့် ဒီဂျပန်တွေရောက်လာလို့ အုပ်စိုးကာမှ လူတွေဟာ တစ်နေ့တခြား ဘယ်လောက်ဒုက္ခဖြစ်နေရသလဲအမေ။ အစစအရာရာရှားပါး၊ ကုန်တွေကလည်း အဆမတန်ဈေးတက် ငွေစက္ကူကတန်ဖိုးမရှိ၊ ပြီးတော့ရှာရတာကကော ဘယ်လောက်ခက်သလဲ"

"ဂျပန်မကောင်းကြောင်းပြောတာ သတိထားပြောပါသားရယ်။ ခုနေခါ သူတို့က မိုးကောင်းနေတော့ လူတစ်ယောက်ကိုနှိပ်စက်သတ်ဖြတ်တဲ့အထိ သူတို့မှာဘာမှအပန်းကြီးတာမဟုတ်ဘူးကွဲ့"

"ဒီကောင်တွေ ဘယ်လောက်ကြာကြာ မိုးကောင်းနေနိုင်မှာတဲ့လဲ အမေရယ်"

"အမေကတော့ ငါ့သားအတွက်ပူလို့ သတိပေးရတာပါကွယ်"

မောင်ချစ်ဦးသည် ၎င်းမိခင်အား နောက်ထပ်၍ စိုးရိမ်ထိတ်လန့်ခြင်းဖြစ်အောင် ဘာမှမပြောတော့ဘဲ ၎င်းလုပ်ချင်တာများကိုသာ ပိပိရိရိနှင့်လုပ်ကိုင်နေခဲ့လေ၏။

ထိုအချိန်၌ ဂျပန်ဖက်ဆစ်များသည် ဗမာအမျိုးသားများအား လှည့်ဖြားကောင်းအောင် လွတ်လပ်ရေးများကို ဟိတ်ကြီးဟန်နှင့် ကြေညာခိုင်းပြီးနောက် "စစ်ကြီးအတွက် အရေးကြီးသည်" ဟု အကြောင်းပြုကာ ဗမာတစ်မျိုးသားလုံးအား ရက်ရက်စက်စက်သွေးစုပ်ညှဉ်းပန်း၍ နိုင့်ထက်စီးနင်းပြုလုပ်သည်ထက် ပြုလုပ်လာလေ၏။ ယခင်ဗြိတိသျှနယ်ချဲ့သမားထက်ပင် ဂျပန်နယ်ချဲ့သမားသည် ဗမာအမျိုးသားများအား ကြမ်းကြုတ်ရက်စက်လှစွာ ညှဉ်းပန်းနှိပ်စက်ခြင်းများ လုယက်သတ်ဖြတ်ခြင်းများကို တစ်စထက်တစ်စ ပြုလုပ်လာသောအခါ ဂျပန်မုန်းတီးရေးနှင့် ဆန့်ကျင်ရေးစိတ်ဓာတ်များသည် အတွင်း၌လှိုက်၍ ကြီးမားသည်ထက် ကြီးမားလာလေ၏။

တစ်ကြိမ်သောအခါက ဂျပန်နယ်ချဲ့သမား၏ လှည့်ဖြားချက်ကို မှားယွင်းစွာအားကိုးခဲ့ကြသော လူများသည် နှာခေါင်းကျည်ပွေ့တွေ့တော့မှ ရှုံ့ရှုံ့ရှားရှားဖြစ်လာကြလေ၏။ သို့ရာတွင် ဂျပန်စစ်တပ်ကြီးများသည် လက်နက်အပြည့်အစုံနှင့် ဗမာပြည်တစ်ဝန်းလုံး၌ အခိုင်အမာတပ်စွဲထားခဲ့ကြလေပြီ။ ဗမာတို့ အားကိုးရမည့် လွတ်လပ်ရေးတပ်မတော်ကြီးကိုလည်း ချုပ်နှောင်ထားခဲ့ကြလေပြီ။

(င)

ဂျပန်ဖက်ဆစ်များ၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ဂျပန်မုန်းတီးရေးနှင့် ဆန့်ကျင်ရေးစိတ်ဓာတ်များသည် ဂျပန်စစ်တပ်နှင့် မီခိုကပ်ရပ်ပြီးအာဏာရနေသူများ၊ စားသောက်ဝပြိုးနေကြသူများ လက်တစ်ဆုပ်စာလောက်ကလွဲလျှင် ဗမာအမျိုးသား တိုင်း၌ ရှိနေကြ၏။

မြို့နေလူတန်းစားများသည်လည်း ဂျပန်၏ရိုင်းစိုင်းယုတ်မာမှုများ စော်ကားရိုက် နှက်မှုများကို နေ့စဉ်နှင့်အမျှ ခံနေကြရသဖြင့် မခံမရပ်နိုင်ဖြစ်လာကြရသကဲ့သို့၊ တော ဘက်တွင်ရှိကြသော ဆင်းရဲသားများခများတို့သည်လည်း ၎င်းတို့၏လုပ်ကိုင်ထားသော ပစ္စည်းကလေးများကို အတင်းအဓမ္မလုယက်ယူငင်ခြင်း ရိုက်နှက်စော်ကားခြင်းနှင့် ချွေးတပ်ဆွဲခြင်းများကြောင့် ဆက်လက်၍ငုံ့ခံမနေနိုင်တော့လောက်အောင်ဖြစ်လာကြ လေသည်။

သည်လိုဂျပန်ဖက်ဆစ်များ၏ ဖားမိုးအုပ်ချုပ်ခြင်းကို မကျေမနပ်ခံနေရသော ဗမာ အမျိုးသားများအား ဂျပန်ဖက်ဆစ်များလက်အောက်မှ လွတ်မြောက်ရေးအတွက် မား မားမတ်မတ်နှင့် ခေါင်းဆောင်ပေးမည့် ဗမာတစ်မျိုးသားလုံး၏အားကိုးရာ ဗမာပြည် ကွန်မြူနစ်ပါတီမှာလည်း ခက်ခဲကြမ်းတမ်းလှသော မြေအောက်စခန်းမှတပ်သားလက် ရွေးစင်များကို ရွေးထုတ်၍ စစ်တပ်များ၊ ကာကွယ်ရေးအဖွဲ့များနှင့် အစိုးရအုပ်ချုပ်ရေး အဖွဲ့များတွင်လည်းကောင်း၊ လူငယ်ကျောင်းသားစသော လူထုအဖွဲ့အစည်းများအ တွင်းသို့လည်းကောင်း ထိုးဖောက်ဝင်ရောက်စေပြီးလျှင် ဖက်ဆစ်ဆန့်ကျင်ရေးအတွက် လှုံ့ဆော်စည်းရုံးနေ၏။ မျိုးချစ်စိတ်ရှိသော လူများအား ရေနွေးပူလောင်း၊ လက်သည်း ခွာ၊ ဆေးလိပ်မီးနှင့်ထိုး၊ ထုပ်တွင်ဖောက်ထိုးဆွဲ၍ ရိုက်နှက်ညှဉ်းပန်းခြင်း သတ်ဖြတ် ခြင်းများကို ရက်ရက်စက်စက်ပြုလုပ်နေသော ဂျပန်ကင်ပေနှင့် သူလျှိုများ၊ သစ္စာဖောက် များအကြားမှ ၎င်းတို့၏မျက်စိအောက်၌ ၎င်းတို့အားဆန့်ကျင်တော်လှန်ရေး လုပ်ငန်း ကြီးကို လှုံ့ဆော်စည်းရုံးရသော ကွန်မြူနစ်များ၏လုပ်ငန်းမှာ တော်ရုံတန်ရုံမျိုးချစ် စိတ်နှင့်တော့ လုပ်ဝံ့လုပ်ရဲကြလိမ့်မည်ကားမဟုတ်။ အသက်နှင့်ရင်း၍ သေနတ်ပြောင်းဝ များအကြား၌ လှုပ်ရှားသွားလာနေရသော လုပ်ငန်းကို ဗမာ့တစ်မျိုးသားလုံး ဖက်ဆစ် ဂျပန်များလက်အောက်မှ လွတ်မြောက်ရေးအတွက် လုပ်ကိုင်ခဲ့ကြသော ကွန်မြူနစ်များ သည် အဘယ်မျှမျိုးချစ်စိတ်ရှိသော လူစားမျိုးဖြစ်သည်ကို စဉ်းစားနိုင်ပေသည်။ ရံဖန်ရံခါ ကင်ပေသူလျှိုများနှင့် သစ္စာဖောက်များ၏လက်ချက်ဖြင့် ဂျပန်ကင်ပေတို့သည် ကွန်မြူနစ်တစ်ယောက်တလေကို ဖမ်းဆီးရရှိသွားသောအခါ၌ ထိုသူမှာ ရိုးရိုးတစ်ခါ တည်း ကိစ္စတုံးအောင် အသက်မသတ်ခံရသေးဘဲ ရက်ရှည်လများ အမျိုးမျိုးအညှဉ်းပန်း

အနှိပ်စက်ခံရပြီးမှ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးခဲ့ရ၏။ ဂျပန်ကင်ပေတို့သည် မျိုးချစ်စိတ်ရှိသော ကွန်မြူနစ်များအား သီးသန့်အချုပ်ခန်းကလေးများတွင် သပ်သပ်ထားကာ ညှဉ်းပန်းသောနည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းပြုလေ၏။

ကွန်မြူနစ်များသည် ထိုကဲ့သို့သော ဘေးအန္တရာယ်နှင့် ညှဉ်းပန်းနှိပ်စက်ခြင်းအမျိုးမျိုးများ၏အကြားမှပင် ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းကြီးအား ဂျပန်၏စုံထောက်ပုလိပ်များ၊ သူလျှိုများ၊ သတင်းပေးများနှင့် သစ္စာဖောက်များ၏အကြားမှပင် အသက်ဆံဖျားသွားလာလှုပ်ရှားရင်း လှို့ဆော်စည်းရုံးနိုင်အောင် စည်းရုံးခေါင်းဆောင်မှုကို ပေးခဲ့ကြ၏။

ဂျပန်ဖက်ဆစ်များအား တော်လှန်ဆန့်ကျင်ရေးအတွက် မဟာမိတ်များကို ပြည်ပ၌လည်း စွန့်စွန့်စားစားသွားရောက်ကာ ညှိနှိုင်းရာဖွေခဲ့၏။ ဝေးလံသောတောတောင်ခရီးများကို အသက်တဖျားစွန့်စား၍ သွားခဲ့ကြ၏။

ထိုကဲ့သို့ ဗမာအမျိုးသားများ ဖက်ဆစ်ဂျပန်တို့၏လက်အောက်မှ လွတ်မြောက်ရေးအတွက် အသက်ကိုပင် ပမာဏမပြုဘဲ ကွန်မြူနစ်တို့က အဆင်းရဲဒုက္ခအမျိုးမျိုးများ၏အကြားမှ လှုံ့ဆော်စည်းရုံးခဲ့သည့်အတွက်ကြောင့်သာလျှင် စစ်တပ်များ၊ ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးဌာနများတွင်လည်းကောင်း၊ လူထုအဖွဲ့အစည်းများတွင်လည်းကောင်း ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အရေးတော်ပုံကြီးသည် တစ်စထက်တစ်စ သန္ဓေတည်ကာ ကြီးရင့်၍လာခဲ့ရပေသည်။

(စ)

ဂျပန်များကြမ်းကြုတ်ရက်စက်လှသည်ကို နေ့စဉ်နှင့်အမျှတွေ့မြင်ကြားသိရ သည့်၏အကြားမှပင် ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းထန်နေသော မောင်ချစ်ဦးအတွက် အမေ့မှာ မကြာခဏ ပူပန်သောကရောက်ရလေသည်။

"ဂျပန်မိုးကောင်းနေတဲ့အခါ ဂျပန်မကောင်းကြောင်းကို ငါ့သား တွေ့ကရာနေရာမှာ လွှတ်ခနဲ လွှတ်ခနဲ မပြောမိပါစေနဲ့ကွယ်"ဟု အမေသည် သားမောင်ချစ်ဦးအား စိုးရိမ်စွာမကြာခဏ မှာကြားခြင်းပြုရလေ၏။

"တခြားမှာ ကျွန်တော်မပြောပါဘူး အမေရဲ့။ ကျွန်တော် သတိထားပါတယ်" ဟု မျက်နှာမကောင်းဖြစ်နေသော အမေ့မျက်နှာကိုကြည့်ရင်း မောင်ချစ်ဦးသည် သူ၏မိခင်အား စိတ်သက်သာရာရအောင် ပြောတတ်၏။ သည်ကဲ့သို့ သားနှင့်အမေတို့သည် တစ်ဦးကတစ်ဦးအတွက် စိုးရိမ်လျက်အားပေးလျက်နေထိုင်ခဲ့ကြရာမှ မောင်ချစ်ဦးသည် တစ်နေ့သ၌ အလုပ်မှပြန်လာပြီးနောက် ရေမိုးချိုးအဝတ်အစားလဲရင်း ထိုနေ့

ညတွင် ၎င်းတို့တဲသို့ သူ၏အဖော် ၄၊ ၅ ယောက်လာကြမည်ဖြစ်ကြောင်းကို အမေ့အား ပြောပြလေ၏။

"မင်းအလုပ်လုပ်တဲ့ ရုံးကသူငယ်ချင်းတွေလားသားရဲ့။ ဒီလိုဆိုရင် လက်ဖက်ရည်ကလေး မုန့်ကလေးတော့ကျွေးဖို့ လုပ်ထားဦးမှထင်ပါရဲ့ကွယ်"

"အိမ်မှာသကြားကုန်နေလို့ ကျွန်တော်အပြင်ခဏသွားတုန်း ရှာခဲ့ရဦးမယ် အမေ။ သကြားမှမရရင်လဲ ကြံထညက်ပဲဝယ်ခဲ့ရမှာပဲ"

"ဒီခေတ်မှာတော့ ရတာပေါ့သားရယ်၊ ဒါထက် မင်းသူငယ်ချင်းတွေက ဘယ်အချိန် လာကြမှာလဲကွဲ့"

"နည်းနည်းမိုးချုပ်မှလာကြမှာပါ အမေ။ ၈ နာရီလောက်စောများ ကြိုပြီးရောက်နှင့်လို့ ကျွန်တော့်နာမည်ကိုမေးရင်လဲ အမေကပဲ ဧည့်ခံစကားပြောထားနှင့်တာပေါ့"

"ဒီလိုဧည့်သည်လာမယ့်ဟာ ငါ့သားကဘယ်များသွားရဦးမှာလဲကွယ်"

"ဒီအပြင်လူတစ်ယောက်ကို သွားခေါ်ရဦးမှာမို့ အမေ။ နောက်ပြီး အမေသိထားဖို့ပြောထားရဦးမှာပဲလေ။ ခုညကျွန်တော်တို့ အိမ်ကိုလာမဲ့ လူတွေထဲမှာ ဂျပန်လိုက်ဖမ်းလို့ ပုန်းနေရတဲ့ လူလည်းပါတယ်။ အဲဒီတော့ အမေကအခြေမပျက် ခါတိုင်းလို ဣန္ဒြေမပျက်နေဖို့ပဲ"

"ဂျပန်လိုက်ဖမ်းလို့ ပုန်းနေရတဲ့လူလည်းပါမှာတဲ့လား ဟင် သား" မျက်လုံးသူငယ်နှင့် အမေက ပူပန်စွာမေးမိ၏။

"ဣန္ဒြေရရသာနေပါအမေရဲ့၊ ဘာမှတော့ စိုးရိမ်စရာမရှိပါဘူး"ဟူ၍သာ ပြောထားခဲ့ပြီးနောက် မောင်ချစ်ဦးသည် အမေ့ကိုတဲတွင် တစ်ယောက်တည်း ထားပစ်ခဲ့ပြီးနောက် သူသွားစရာရှိသောလမ်းများဘက်သို့ ထွက်သွားလေ၏။

မောင်ချစ်ဦးထွက်သောအခါ၌လည်း စိုးရိမ်ပူပန်စိတ်မပြေသေးဘဲ အမေသည် ဂျပန်လိုက်ဖမ်းသဖြင့် ပုန်းနေရသော လူလားဆိုသည့်အကြောင်းကို ငိုင်ရင်းတွေးနေမိလေသည်။ ထိုဂျပန်လိုက်ဖမ်း၍ ပုန်းနေရသောလူသည် ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းထန်နေသော မိမိသားနှင့် အခြားလူများကိုပါခေါ်၍ မိမိတဲတွင် ဘာတွေလုပ်ကြပါမည်နည်း။ အမေသည်အသက်ကလည်းရင့်လာပြီဖြစ်၍ တွေးမိတွေးရာ တသီတတန်းကြီးလျှောက်၍ တွေးမိ၏ ထိုကဲ့သို့တွေးရင်းနှင့် စိုးရိမ်ခြင်းများလည်းရှိလာ၏။

"ဒီသူငယ်တစ်ယောက် ဘာတွေများလျှောက်လုပ်နေပါလိမ့်နော်"ဟု အမေသည် မောင်ချစ်ဦးလုပ်နေသောအလုပ်ကို ကောင်းစွာနားမလည်ရှာသောကြောင့် ညည်းညူလိုက်မိ၏။

မောင်ချစ်ဦးထွက်သွားပြီးနောက် တစ်နာရီနီးပါးခန့် အမေသည်တစ်ယောက်တည်း ငိုင်ကာ စဉ်းစားနေရာက နေဝင်မိုးချုပ်၍ တော်တော်ကလေးမှောင်လာခါမှ ဧည့်သည်များ လာမည့်အရေးအတွက် ပြင်ဆင်တန်သရွေ့များကို ပြင်ဆင်ပြုလုပ်၍ထားဖို့ သတိရလာ၏။

အမေသည် သား၏အရွယ် သူငယ်ချင်းများအား ယခုညတွင် အိမ်ရှင်အဖြစ် ဧည့်ခံရန်စဉ်းစားလာရပေသည်။ သားက သကြားရလျှင်ရ မရလျှင် ကြံထည်က်ဖြစ်ဖြစ် ဝယ်လာခဲ့မည်ဆိုသည့်အတွက် လက်ဖက်ရည်အတွက် ပူပန်ရန်မရှိသော်လည်း လက်ဖက်ရည်အပြင် ကျွေးမွေးချင်သေးသော အမေက ဘာများကျွေးရလျှင်ကောင်းမလဲဟု စဉ်းစားကြည့်လေသည်။ ကောက်ညှင်းပေါင်းကအစ ဂျပန်ကလက်ဝါးကြီးအုပ် ၍ ဂျပန်ခေတ်၌ သိမ်းနေသောကြောင့် လက်ဖက်ရည်နှင့်တိုက်ဖို့ရန် မုန့်အတွက်ပင်များစွာ ခက်ခဲ၍ နေသလိုရှိလေ၏။

ထိုကဲ့သို့ မုန့်အတွက်အစဉ်းစားရခက်နေစဉ် အမေသည်အိမ်၌ ကျန်နေသေးသော ငှက်ပျောသီးတစ်ဖီးကိုသွား၍ သတိရမိသဖြင့် ငှက်ပျောသီးနှင့်ပင် လက်ဖက်ရည်တိုက်တော့မည်ဟု အောက်မေ့ကာ မီးဖိုချောင်ထဲသို့ဝင်၍အကြည့် "ကိုချစ်ဦးတို့အိမ် ဒီအိမ်လားခင်ဗျာ" ဟူသော လူတစ်ယောက်၏အပြင်မှ မေးသံကိုကြားလိုက်ရသဖြင့် အမေသည်တဲရှေ့သို့ထွက်လာရလေသည်။

အသက် ၂၃၊ ၂၄ နှစ်ခန့် သန့်ပြန့်မွန်ရည်သော လူငယ်တစ်ဦးသည် မောင်ချစ်ဦးအားမေးလာ၏။

"ဟုတ်တယ် မောင်ရင် လာလေ အထဲကိုဝင်ထိုင်ပါဦး။ မောင်ချစ်ဦးအပြင်ထွက်သွားလို့ ခုတင်ပြန်လာပါလိမ့်မယ်ကွယ်"ဟု အမေက သား၏သူငယ်ချင်းဆိုသူအား မသိမမြင်ဖူးသော်လည်း အတွင်းသို့ဖိတ်ခေါ်ရလေသည်။

"ကိုချစ်ဦးပြောပြောနေတဲ့ ကိုချစ်ဦးအမေပဲထင်တယ်"

"ဟုတ်ပါတယ်မောင်ရင်၊ မောင်ရင်ကတော့ လူကလေးရဲ့ သူငယ်ချင်းဆိုတာ ထင်ပ။ ကနေ့လာကြလိမ့်မယ်ဆိုတာ လူကလေးပြောပြသွားလို့ အမေသိပြီးပါပြီ။ ကဲ အထဲမှာပဲ အေးအေးဆေးဆေးဝင်ထိုင်ပေါ့ကွယ်"

မောင်ချစ်ဦးသူငယ်ချင်းသည် အတွင်းသို့ဝင်၍လာကာ မောင်ချစ်ဦးအိပ်သော အိမ်ရှေ့ခန်းရှိ စားပွဲခုံတွင် ဣန္ဒြေရရဝင်၍ထိုင်ပြီးနောက် ကျဉ်းမြောင်းသောအိမ်ကလေးကို အကဲခပ်ကြည့်ရှုနေပြီးမှ "သားအမိနှစ်ယောက်ထဲဆိုတော့ နေလောက်ပါတယ် နော်"ဟု သူ့ဘာသာသူပြောနေလေ၏။

"မောင်ရင်က ဆေးလိပ်သောက်တတ်သလားဟင်" ဟု အမေက ဧည့်သည်အား ဆေးလိပ်တည်ရမည့်အရေးကို ယခုမှသတိရလာသကဲ့သို့ မေးမိ၏။

"ပါပါတယ်အမေ ကိစ္စမရှိပါဘူး"ဟု ထိုသူငယ်က ရိုသေစွာပြန်၍ပြောလေ၏။

"ဒီလိုဆိုရင် ထိုင်ဦးနော် မောင်ရင်"ဟု အမေသည် ဧည့်သည်အား မှာကြားကာ မီးဖိုချောင်ဘက်သို့ဝင်သွားပြီးနောက် ငှက်ပျောသီးကို ပန်းကန်တစ်ခုနှင့်အဆင်သင့်ထည့်၍ ရေနွေးအိုးကိုတည်လေ၏။ အမေသည် ရေနွေးအိုးတည်နေစဉ် တဲရှေ့မှလူသံများကို ကြားရပြန်လေ၏။ ထို့ကြောင့် ရေနွေးအိုးတည်ပြီးသောအခါ အမေသည် အိမ်ရှေ့သို့ထွက်လာခဲ့၏။

အိမ်ရှေ့တွင် စောစောကသူငယ်အပြင် နောက်ထပ်၍ ၎င်းနှင့်မတိမ်းမယိမ်း သက်တူယောက်ျားကလေးတစ်ဦးနှင့် သေးသွယ်နွဲ့နှောင်းသော မိန်းကလေးတစ်ဦးတိုးနေ၏။

လူငယ်များသည် အမေ့အားချစ်ကြည်လေးစားစွာ ဝိုင်း၍ကြည့်နေကြသဖြင့် အမေကပင် "စောင့်နေကြရတာ ပျင်းနေပြီးလာကွဲ့"ဟု မေးလိုက်ရသည်။

"မပျင်းပါဘူး၊ ကိုချစ်ဦးတို့အမေက သိပ်မှမကြီးသေးပဲနော်"ဟု လူငယ်များသည် အမေ့အားပြောရာမှ ၎င်းတို့အချင်းချင်းပြော၍နေကြလေသည်။

အမေသည် ထိုငယ်ရွယ်၍ သနားကမားရှိသော လူငယ်များကို အကဲခတ်ကြည့်ရှုရင်း မောင်ချစ်ဦးပြောသွားသော ဂျပန်လိုက်ဖမ်း၍ပုန်းနေရသည့်လူဆိုသူနှင့် ဆက်စပ်၍စဉ်းစားကြည့်မိလေသည်။ ဤကလေးများသည် ဂျပန်လိုက်ဖမ်း၍ ပုန်းနေရလောက်အောင် အဘယ်သို့ဖြစ်နိုင်ကြပါမည်နည်း။ သူတို့သည် သူလိုငါလိုကျောင်းသားသာသာ အရွယ်များသာဖြစ်ကြလေသည်။

ထိုအခိုက် ၎င်းတို့အချင်းချင်း တိုးတိုးစကားပြောနေရာမှ သူငယ်မသည် အမေ့ဆီသို့ ထလာခဲ့ပြီးလျှင် အမေနှင့်အာလာပ သလ္လာပ စကားလာပြောသည်။ သူငယ်မသည် ဈေးဝယ်စားရသည်မှာ အစစအရာရာရှားပါး၍ ဈေးကြီးကြောင်းများကိုစပြောရာမှ ဂျပန်များမကောင်းကြောင်းကို ရောက်လာသဖြင့် ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းထန်နေသော အမေ့သားမောင်ချစ်ဦးနှင့် ထိုသူငယ်မကပြောလာသော ဂျပန်မကောင်းကြောင်းများကို ဆက်စပ်ကြည့်ရင်းနားထောင်မိလေသည်။

"ဒီဂျပန်တွေ ကျွန်မတို့တိုင်းပြည်ရောက်လာမှ လူတိုင်းဒုက္ခရောက်ရတော့တာပဲ" ဟု သူငယ်မက ပြောလေ၏။

အမေသည် ထိုငယ်ရွယ်သော သူငယ်မပြောနေသည့် စကားကိုအငေးသားနားထောင်နေမိ၏။

"ကြည့်ပါလား သူတို့ရောက်လာမှ ကျွန်မတို့ဗမာတွေကို ပါးရိုက်နားရိုက်လုပ်လိုလုပ်၊ ချေးတပ်ဆွဲလိုဆွဲနဲ့ လူတွေဘယ်လောက်ဒုက္ခရောက်ကြရသလဲ။ တောမှာဆိုရင် လူတွေဟာ အဝတ်မဝတ်ရအောင်တောင် ဖြစ်နေကြပြီ"

အမေကတော့ ပါးစပ်အဟောင်းသားနှင့် နားထောင်နေရ၏။

"ဒီဂျပန်တွေ ကြာကြာနေရင် ကျွန်မတို့ဒုက္ခရောက်သထက် ရောက်ကုန်ကြမှာ ပဲ။ ဒါကြောင့် ဒီဂျပန်တွေကို ကျွန်မတို့မောင်းထုတ်မှဖြစ်တော့မယ်"

အမေသည် ဂျပန်အားမောင်းထုတ်မည်ဆိုသော ထိုမိန်းကလေးကို မျက်စိအပြူး သား ငေးကြည့်နေမိ၏။ သို့ရာတွင် ထိုသူငယ်မကိုကား အမေသည်များစွာသဘော ကျလာ၏။ ကျေနပ်သလိုဖြစ်လာ၏။

သည်အခိုက်မှာပင် မောင်ချစ်ဦးသည် အသက်အစိတ်သာသာခန့်ရှိသော လူငယ် တစ်ဦးနှင့်ရောက်လာလေ၏။ ရောက်လာလျှင်ရောက်လာခြင်း အမေ့အား လက်ဖက် ရည်ဖျော်ဖို့အတွက် ၎င်းရှာဖွေလာခဲ့သော ကြံထန်းလျက်ထုပ်ကိုပေးပြီးနောက် ၎င်းတို့ သူငယ်ချင်းအချင်းချင်း ဖျာပေါ်တွင်ဝိုင်း၍ထိုင်ကာ စည်းဝေးကြလေ၏။

အမေသည် ရေနွေးအိုးကိုဆူအောင်တည်နေရင်းက လူငယ်များစူးစိုက်ထက်သန် စွာ တိုးတိုးတိတ်တိတ်စည်းဝေး ဆွေးနွေးနေကြရာသို့ မကြာခဏလှမ်း၍လှမ်း၍ကြည့် ရင်း သူတို့ပြောနေကြသော စကားများကိုလည်း ဂရုစိုက်၍နားထောင်ကြည့်မိ၏။ သို့ရာ တွင် လူငယ်များပြောနေကြသော စကားမှာ တိုးတိုးမျှသာဖြစ်၍ ကောင်းကောင်း မကြား ရပေ။ တစ်ချက်တစ်ချက်ကြားရသော စကားများအနက် စတာလင်ဂရက်တိုက်ပွဲ၊ ကိုင်ရိုညီလာခံစသော စကားများကိုလည်း အမေသည်ဘာမျှတော့ နားမလည်နိုင်ပေ။

အမေသည် လက်ဖက်ရည်ဖျော်ပြီးသောအခါ ထိုကလေးများကို ငှက်ပျောသီး တစ်ဖီးနှင့် ကျွေးမွေးလေသည်။ အမေကျွေးမွေးသော လက်ဖက်ရည်နှင့် ငှက်ပျောသီးကို လူငယ်များသည် မြိန်ရည်ရှက်ရည်နှင့် စားသောက်ကြပြီးနောက် ည ၉ နာရီခွဲ ၁၀ နာရီခန့်အထိ ဆက်လက်၍ ဝိုင်းထိုင်ကာ တီးတိုးတီးတိုးနှင့် ပြောကြပြန်လေ၏။

အမေသည် မလှမ်းမကမ်း၌ထိုင်၍ သူတို့ပြောနေကြသော စကားများကို ဂရုစိုက် ၍ နားထောင်နေမိ၏။ လူငယ်များသည် အတ္တလန်တိတ်စာချုပ်၊ တီဟီရန်စာချုပ်နှင့် ဥရောပစစ်ပွဲများအကြောင်းကို ပြောဆိုနေကြရာမှ ဂျပန်ဆန့်ကျင်ရေးနှင့် တော်လှန်ရေး အကြောင်းများကို စိတ်အားထက်သန်စွာ ပြောဆိုနေကြပြန်လေ၏။ သူတို့ပြောသမျှ ကို ဂရုစိုက်၍သာ နားထောင်နေရသော်လည်း အမေသည် ဆက်စပ်နားလည်ခြင်းမရှိ။ အမေသိတာ တစ်ခုက ထိုလူငယ်များအားလုံးသည် ဂျပန်ဆန့်ကျင်ရေးအကြောင်းကို ပြောနေကြခြင်းသာဖြစ်၏။ စစ်တပ်ကြီးများနှင့် အင်အားကြီးမား၍ ရက်စက်ကြမ်း ကြုတ်လှသော ဂျပန်များအား ဆန့်ကျင်တော်လှန်ရေးအတွက် မကြောက်မရွံ့ဘဲ စိတ် အားထက်သန်နေသော လူငယ်များအား အမေသည် ရင်တမမနှင့်အံ့ဩနေ၏။ ထိုကဲ့ သို့ အသက်နှင့်ရင်း၍ အင်အားကြီးမားသော ဂျပန်စစ်တပ်များအား တွန်းလှန်ရေးတွင် ပါဝင်နေသောမိန်းကလေးဖြစ်သူအား အမေသည်အံ့ဩ၍လည်း မဆုံးနိုင်တော့။

ညမိုးချုပ်၍ လူစုခွဲကာ အသီးသီးပြန်သွားကြသောအခါ အမေသည် သားမောင်ချစ်ဦးအား ထိုသူငယ်မကလေး၏အကြောင်းကိုလည်း စူးစမ်းမေးမြန်းကြည့်မိလေသည်။

"အဲဟိုသူငယ်မကလေးက ဘယ်သူ့သားသမီးများလဲသားရဲ့၊ မိန်းကလေးတန်မဲ့ တယ်သတ္တိကောင်းလှပါလား"

"မိဘမရှိတော့ဘူး အမေ။ အဒေါ်များနဲ့ နေရတယ် နာမည်က မခင်လှတဲ့"

"သူ့အဒေါ်သားချင်းများက ဒီလိုလုပ်တာ ကိုင်တာကိုတော့ ခွင့်ပြုသတဲ့လားကွယ်"

"ခွင့်ပြုတယ်လို့တော့ ဘယ်ဟုတ်မလဲ အမေရဲ့။ သူယုံကြည်တာ သူလုပ်တာဖြစ်မှာပေါ့"

"အမေက ဒီကလေးမလေးကို သိပ်အံ့ဩနေတာပဲ"

"မခင်လှက မျိုးချစ်စိတ်ရှိတယ်အမေရဲ့။ ပြီးတော့ သတ္တိလဲကောင်းတယ်"

"ကလေးမက ကြည့်လိုက်တော့ ဖယောင်းကလေးလိုပဲ။ မာတာကတော့ သံမဏိချောင်းရှုံးလောက်ပါတယ်ဟယ်"

"တစ်ခါက ဂျပန်ကုမ္ပဏီမှာ စာရေးလုပ်နေတုန်း ဂျပန်တစ်ယောက်က မခန့်လေးစားလုပ်တာနဲ့ ပါးရိုက်ပြီး အလုပ်ကထွက်လိုက်တယ်။ ဒီနောက် အာရှလူငယ်အမျိုးသမီးဌာနမှာ ဝင်ရောက်လုပ်ခဲ့တာပဲ အမေရဲ့"

"သြော် သြော် သြော်"

အမေသည် ငယ်ရွယ်နုနယ်သော မိန်းကလေးများ ပါဝင်လာကြသည့် ဂျပန်တော်လှန်ရေး လျှို့ဝှက်လုပ်ငန်းကို ဤကဲ့သို့တွေ့ရှိလာခဲ့ရပေသည်။ ထိုကဲ့သို့ စည်းဝေးကြပြီးနောက် ထိုလူငယ်များသည် ဆယ်ရက်တစ်ကြိမ် ဆယ့်ငါးရက်တစ်ကြိမ်လောက် အမေ့တဲတွင်လာရောက်၍ စုဝေးကြပြီးလျှင် ၎င်းတို့၏ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများအကြောင်းကို တိုးတိုးကြိတ်ကြိတ်စည်းဝေးတတ်ကြလေသည်။

ဤကဲ့သို့လာရောက်စည်းဝေးကြသော လူငယ်များနှင့် အမေသည် တစ်စထက်တစ်စရင်းနှီးကျွမ်းဝင်၍လာ၏။ လူငယ်များသည် အမေနှင့်ရင်းရင်းနှီးနှီး ဖြစ်လာကြသည်။ ထို့ကြောင့်အမေသည် တစ်ခါတစ်ရံ သူတို့ဆွေးနွေးကြသော ဝိုင်းအနီး၌ငြိမ်သက်စွာထိုင်၍ နားထောင်ရင်း ၎င်းသိလိုသောအချက်များကို စိတ်ဝင်စားစွာမေးမြန်းတတ်လာကြ၏။ လူငယ်များကလည်း အမေ့အားစိတ်ရှည်လက်ရှည်နှင့် ရှင်းလင်းပြောပြကြသဖြင့် အမေနားမလည်ခဲ့သော အကြောင်းတရားများသည် ရှင်းလင်းနားလည်သွားလေသည်။

ထိုကဲ့သို့ လူငယ်များလာရောက် စည်းဝေးကာပြန်သွားကြပြီးနောက် အမေသည် ၎င်းစိတ်ထဲတွင် သံသယရှိနေသော အချက်အလက်များကို သားဖြစ်သူအား တီးတိုး မေးကြည့်တတ်လေသည်။

"အမေမသိလို့ဘဲ မေးပါရစေသားရယ်။ တကယ်လို့ မင်းတို့က အင်္ဂလိပ်တွေကို မဟာမိတ်ဖွဲ့ပြီး ဂျပန်ကိုမောင်းထုတ်လိုက်လို့ အင်္ဂလိပ်တွေပြန်ဝင်လာတော့ကော ဘယ်လိုလုပ်ကြဦးမလဲ"

"အခုတော့ အင်္ဂလိပ်က ဂျပန်တိုက်ရေးမှာ မဟာမိတ်ပဲအမေ။ သူ ဗမာပြည်ဝင်လာတဲ့အခါ မဟာမိတ်လို မဆက်ဆံရင်တော့ ဂျပန်ကိုလုပ်သလို လုပ်လွှတ်ရမှာပဲ"

"ဒါဖြင့် မင်းတို့လုပ်ရမယ့်အလုပ်ဟာ အင်မတန်ကြီးလေးတာပဲ"

"ကြီးလေးတာကဖြင့် ပြောမဆုံးဘူးပေါ့အမေ။ ဒီလိုမှမလုပ်ရင်လဲ ကျွန်တော်တို့တစ်သက် ဘယ်လူဖြစ်တော့မလဲ"

အမေသည် သက်ပြင်းကိုခပ်လေးလေးချရင်း ၎င်း၏အိပ်ခန်းဘက်သို့လှည့်၍ ထွက်သွားလေသည်။

## (ဆ)

ကွန်မြူနစ်ပါတီ ဦးဆောင်လှုံ့ဆော်၍ စည်းရုံးခဲ့ရသော ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့အစည်းသည် တစ်စထက်တစ်စကျယ်ပြန့်ကာ ကြီးထွား၍လာလေသည်။

ဂျပန်ဆန့်ကျင်ရေးအဖွဲ့အစည်းများသည် ပုန်းလျှိုးဝှက်လျှိုးနှင့်ပင် စစ်တပ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်လူထုအဖွဲ့အစည်းများအတွင်း၌ တစ်နေ့တခြား ရင့်သန်ကြီးထွားလာ၏။ ထိုကဲ့သို့ ကြီးထွားလာသော အဖွဲ့အစည်းများကို ဂျပန်ကင်ပေများသည် အပူတပြင်းလိုက်လံထောက်လှမ်း၍ တွေ့ရာသချိုင်းခါးမဆိုင်းပြုလုပ်လာ၏။ အမျိုးသားသစ္စာဖောက် သတင်းပေးနှင့် ဂျပန်သူလျှိုများ၏လက်ချက်ဖြင့် ဂျပန်ကင်ပေလက်တွင်းသို့ ကျရောက်သွားခဲ့ကြရသော ကွန်မြူနစ်များနှင့် မျိုးချစ်သားကောင်းအများအပြားပင် ရက်စက်စွာညှဉ်းဆဲသတ်ဖြတ်ခြင်းခံခဲ့ကြရ၏။ အသက်မသေဘဲ ဂျပန်ကင်ပေလက်တွင်းမှ ထွက်လာရသူများမှာ တစ်သက်လုံးအတွက် လူစဉ်မမီနိုင်တော့။ ရုပ်ပျက်ဆင်းပျက်နှင့် ကျိုးကန်းပဲ့ရွဲ့၍ လူရုပ်လည်းမတူတော့။

ဂျပန်ဆန့်ကျင်ရေး မျိုးချစ်သားကောင်းများကို ဂျပန်ကင်ပေများက အပူတပြင်းလိုက်လံရှာဖွေသောအခါ၌ အမေသည် ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းကြီးကို လုပ်နေသော သားဖြစ်သူနှင့် ၎င်း၏ရဲဘော် ရဲဘော်မများကို သတိရှိဖို့အမြဲလိုလို သတိပေးခဲ့လေသည်။ အမေ၏တဲ၌ သူတို့စည်းဝေးကြသောအခါ အမေသည် ခါတိုင်းကဲ့သို့ သူတို့

အနီး၌ သွားရောက်၍ နားမထောင်နိုင်တော့ဘဲ တဲ၏အပြင်ဘက်၌ သူ့ဘာသာသူ ကင်းစောင့်သလို အရိပ်အခြည်ကို စောင့်ကြည့်နေတတ်လေ၏။

သည်လိုနှင့်အမေသည် လင်ဖြစ်သူ၏ပါရမီကို ကူညီဖြည့်တင်းပေးခဲ့ရာမှ ယခု တစ်ဖန်သားဖြစ်သူ၏ပါရမီကို ကူညီဖြည့်တင်းပေးရင်း အမျိုးသားလွတ်မြောက်ရေးမှ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး အရေးတော်ပုံကြီးအတွင်းသို့ တစ်စထက်တစ်စ ပါဝင်လာခဲ့လေ၏။

ရန်ကုန်မြို့တွင် ဂျပန်ကင်ပေများ လိုက်လံရှာဖွေနေသော ဂျပန်ဆန့်ကျင်ရေးသမား များအား တစ်စထက်တစ်စ အမေသည်သိကျွမ်း၍လာကာ ထိုအာဇာနည်သားကောင်း များအား ဂျပန်ဘေးရန်မှ လွတ်ကင်းအောင် အမေသည် ရက်စက်ကြမ်းကြုတ်လှသော ဂျပန်များကိုပင် မကြောက်မရွံ့ဘဲ ၎င်း၏တဲ၌ ဝှက်ထားပေးပြီးလျှင် ကျွေးမွေး ပြုစုထား လာ၏။ အမေ့ကို ဂျပန်ဆန့်ကျင်ရေးသမား အများအပြားသည် သိရှိလာကြ၏။ သူတို့ အားလုံးက အမေ့အား အမေဟူ၍ ရိုသေလေးမြတ်စွာ အားထားချစ်ခင်စွာ ခေါ်ဝေါ်ကြ၏။ သူတို့အားလုံးသည်လည်း အမေ၏သားများဖြစ်လာကြလေ၏။

သည်လို ဂျပန်ဆန့်ကျင်ရေး လျှို့ဝှက်လုပ်ငန်းကြီးအတွင်း၌ အမေသည် မျိုးချစ် သားကောင်းများကို အမျိုးမျိုးကာကွယ်စောင့်ရှောက်ကူညီနေခဲ့ရာမှ တစ်နေ့သ၌ ဂျပန် ကင်ပေများနှင့် စကားပြန်တို့သည် ၎င်းတို့ထင်ကြေးနှင့် ရပ်ကွက်တကာ၌ ဝင်ရောက် မွှေနှောက်ရင်း အမေ့သားအလုပ်သွားနေသည့်အခိုက်၊ အမေ၏တဲအတွင်းသို့ ဝင်ရောက် ရှာဖွေခြင်းပြုလာ၏။

အမေသည် ဣန္ဒြေရရပင် အရှာခံလေ၏။

ဘေးမှလူများသည် ဂျပန်ကင်ပေများ ရှာဖွေသည့်အတွက် ကြောက်လန့်နေ ကြ၏။ ၎င်းတို့ ကြောက်လန့်နေသလောက် အမေ၏ ဣန္ဒြေရလှခြင်းကိုလည်း အံ့သြ နေကြလေသည်။

ဂျပန်ကင်ပေများသည် အမေ့သားမောင်ချစ်ဦးစာအုပ်ခန်းမှ နဂါးနီစာအုပ် ၃–၄ အုပ်ကို သိမ်းယူသွားကြပြီးနောက် အမေ့အားမျက်လုံးပြူးမျက်ဆံပြူးနှင့် ခြောက်လှန့် ၍ တောင်မေးမြောက်မေး မေးကြသေး၏။ သို့ရာတွင် အမေကတော့ အခြေမပျက်ဘဲ သူတို့မေးသမျှ ဘာမျှမသိကြောင်းကို ခပ်အေးအေးပြန်၍ ပြောလေ၏။

သည်လို ဂျပန်ကင်ပေများ မွှေနှောက်ရှာဖွေသွားပြီးနောက် အမေ့သားမောင်ချစ် ဦး၏ စီမံချက်အရအမေသည် ထိုရပ်ကွက်မှပြောင်းရွှေ့၍ အခြားရပ်ကွက်တစ်ခု၌ နေထိုင်ခဲ့ရပြန်လေသည်။ ဂျပန်တော်လှန်ရေးသည်လည်း နီးကပ်လာပြီဖြစ်သောကြောင့် အမေ့သားချစ်ဦးသည် သက်ဆိုင်ရာမှညွှန်ကြားချက်နှင့် ဆောင်ရွက်ပေးချက်အရ ရုံး

အလုပ်မှထွက်ကာ စစ်တပ်ထဲသို့ဝင်ရောက်ခဲ့ရလေသည်။ အကယ်၍ စစ်တပ်ထဲသို့ မဝင်ရောက်မိပါက ဂျပန်ကင်ပေများ၏လက်တွင်းသို့ ကျရောက်သွားရန် နီးကပ်လျက်ရှိနေ၏။

မောင်ချစ်ဦး စစ်တပ်ထဲသို့ ဝင်ရောက်သွားရသောအခါ၌ အမေမှာ မည်ကဲ့သို့မျှ တားဆီးဟန့်တားခြင်းပြု၍လည်း မဖြစ်သောကြောင့် တစ်ယောက်တည်းကျန်ရစ်ခဲ့ရပြန်ကာ ဖြစ်တတ်သလို နေထိုင်ခဲ့ရလေသည်။ မောင်ချစ်ဦးစစ်တပ်မှရသော ထောက်ပံ့ကြေးနှင့် တစ်နေ့တခြားစားကုန်သောက်ကုန်များ ဈေးတက်နေသလောက် ငွေစက္ကူဈေးကျနေသဖြင့် အမေသည် စား၍မလောက်သောကြောင့် ဈေးရောင်းခဲ့ရသေး၏။ ထိုသို့ဈေးရောင်းရင်း တစ်ဖက်မှပင် အမေသည် ဂျပန်ဆန့်ကျင်ရေးမျိုးချစ်သားကောင်းများကို တတ်နိုင်သလောက်ကူညီစောင့်ရှောက်ခဲ့လေသည်။

(၀)

၁၉၄၂ ခု မတ်လ ၂၇ ရက်နေ့သည်ကား ကွန်မြူနစ်ပါတီက ဂျပန်ဓားလက်အောက်မှ အသက်ဆံဖျားလှူဆော်စည်းရုံးခဲ့သော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးက ဦးဆောင်၍ ဖက်ဆစ်ဂျပန်များကို စတင်တော်လှန်ပုန် ကန်ခဲ့ကြသောနေ့ရက်ပင်ဖြစ်လေသည်။

ဗြိတိသျှနယ်ချဲ့သမား၏ သံဖနောင့်အောက်မှလွတ်မြောက်ကယ်တင်ပြီးနောက် "အာရှတိုက် သာတူညီမျှရေး "မက်လုံးဖြင့် ဗမာအမျိုးသားများအား လှည့်ဖြားလိမ်လည်၍ ဗမာ့နယ်မြေအား ဗမာအမျိုးသားများ၏အကူအညီဖြင့် သိမ်းပိုက်မိလျှင်ပင် ပစ္စည်းယူ လူညှဉ်းခဲ့သော ဖက်ဆစ်ဂျပန်များအား လွတ်လပ်ရေးကို အသက်နှင့်ထပ်တူ စုံမက်ချစ်မြတ်နိုးသော ဗမာတစ်မျိုးသားလုံးက တညီတညွတ်တည်း ထကြွတိုက်ခိုက်ခဲ့ကြလေသည်။ လက်နက်အားကိုးနှင့် ဗမာအမျိုးသားများအား ညှဉ်းပန်းဖိနှိပ်၍ ထားလျှင်ရလိမ့်မည်ဟု မှားယွင်းစွာယုံကြည်ခဲ့သော ဂျပန်စစ်တပ်များကို ဗမာ့မျိုးချစ်တပ်မတော်သားများနှင့် ရဲခေါင်ပြောက်ကျားများက တွေ့သည့်နေရာတွင် တရကြမ်းဝင်ရောက်တိုက်ခိုက်၍ ဗမာ့နယ်မြေအတွင်းမှ မောင်းထုတ်ခဲ့ကြ၏။

ဖက်ဆစ်ဂျပန်တို့သည် အင်္ဂလိပ်နယ်ချဲ့သမားနည်းတူ သူရသတ္တိရှိလှသော ဗမာအမျိုးသားများအား လက်နက်အားကိုးနှင့်နှိပ်ကွပ်၍ရလိမ့်မည်ဟု မိုက်မဲစွာထင်မှတ်ခဲ့ကြရှာသည်တကား။

တစ်ကြိမ်သောအခါက တောသူတောင်သားဆင်းရဲသား လယ်သမားတို့အား ညှဉ်းပန်းခြိမ်းခြောက်၍ မယားတကွဲသားတကွဲနှင့် ချေးတပ်ဖမ်းခဲ့ကြသော ဖက်ဆစ်

ဂျပန်များအား မည်ကဲ့သို့မျှ မခံနိုင်မရပ်နိုင်တော့သော ဆင်းရဲသားတောသားများသည် ၎င်းတို့တွင်ရှိသော တုတ်ဓားများဖြင့် ဂျပန်များအား တိုက်ခိုက်မောင်းထုတ်ခဲ့ကြ၏။

အသက်ငယ်ရွယ်နုပျိုသော လူငယ်အမြောက်အမြားသည် ပြောက်ကျားတပ်များဖွဲ့စည်းကာ ဗမာ့မျိုးချစ်တပ်မတော်ကြီးနှင့် လက်တွဲ၍ဖက်ဆစ်ဂျပန်များအား တိုက်ခိုက်မောင်းထုတ်ခဲ့ကြ၏။

ဖက်ဆစ်ဂျပန်များသည် ၎င်းတို့အားတော်လှန်ပုန်ကန်ကြပြီဖြစ်သော ဗမာ့နယ်မြေအတွင်းမှ ဖရိုဖရဲဆုတ်ခွာပြေးကြရ၏။

ထိုသို့ဆုတ်ခွာထွက်ပြေးရစဉ် ထွက်ကန်ကန်သည့်သဘောမျိုးနှင့် အပြစ်မဲ့သော ဗမာအမျိုးသား၊ အမျိုးသမီးနှင့် ရဟန်းသံဃာတော် အများအပြားကိုပင် ရက်ရက်စက်စက်သတ်ဖြတ်၍ မြို့ရွာနှင့်အိုးအိမ်များကိုလည်း မီးရှို့ဖျက်ဆီးသွားကြ၏။ ဆန်စပါးနှင့်ဘုရားကျောင်းကန်များကိုလည်း ဖျက်ဆီးသွားခဲ့ကြသေး၏။

ဤကဲ့သို့ ကွန်မြူနစ်ပါတီဦးဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးက ဗမာ့တစ်မျိုးသားလုံးအား ဖက်ဆစ်ဂျပန်များ လက်အောက်မှ လွတ်မြောက်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအတွက် ဖက်ဆစ်ဂျပန်များအား တော်လှန်တိုက်ခိုက်၍ ဗမာပြည်မှမောင်းထုတ်နေစဉ် ကောက်ကျစ်စဉ်းလဲလှသော ဗြိတိသျှနယ်ချဲ့သမားသည် ဗမာအမျိုးသားများ၏ ဗမာမိတ်ဟန်ဆောင်၍ ဗမာနိုင်ငံအတွင်းသို့ လက်နက်ကိုင်စစ်တပ်ကြီးများဖြင့် တရကြမ်းလိုမ့်၍ဝင်လာခဲ့လေ၏။

တစ်ဖက်မှဖက်ဆစ်ဂျပန်အား ခုခံတိုက်ခိုက်နေကြရသည့်အခိုက် မဟာမိတ်ဟန်ဆောင်၍ ဗမာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြသော ဗြိတိသျှနယ်ချဲ့သမား၏ လက်နက်ကိုင်စစ်တပ်ကြီးကို ရိုးသားသောဗမာအမျိုးသားများက တကယ်တမ်းယုံမှတ်ကာ ၎င်းတို့တိုက်ခိုက်နေကြသော ပြည်သူ့လွတ်လပ်ရေးအား နှောင့်ယှက်ဖျက်ဆီးမည့်ရန်သူများဟူ၍ သဘောမထားခဲ့ကြပေ။ ၎င်းတို့ကဲ့သို့ ဖက်ဆစ်ဂျပန်များအား ဆန့်ကျင်တိုက်ခိုက်နေကြသော မဟာမိတ်များဟူ၍ ရိုးသားစွာယုံမှတ်ကာ အမျိုးမျိုးကူညီခဲ့ကြလေသည်။

သို့ရာတွင် ကောက်ကျစ်စဉ်းလဲသော ဗြိတိသျှနယ်ချဲ့သမားသည် လွတ်လပ်ရေးကို ချစ်မြတ်နိုးစွာအသက်ပေး၍ တိုက်ခိုက်နေကြသော ဗမာအမျိုးသားများ၏ မဟာမိတ်ကား မဟုတ်ခဲ့ပေ။ ဗြိတိသျှနယ်ချဲ့သမားသည် အင်အားကြီးမားသော စစ်တပ်ကြီးများဖြင့် ဗမာနိုင်ငံအတွင်းသို့ ယခုတစ်ခေါက်ပြန်လည်ဝင်ရောက်လာခြင်းမှာ ဗမာအမျိုးသားများ ချစ်မြတ်နိုးသောလွတ်လပ်ရေးကို အသာတကြည်နှင့်ပေးလို၍ကား မဟုတ်ပေ။

ထိုကဲ့သို့ တစ်ကြိမ်သောအခါက နှစ်ပေါင်းတစ်ရာကျော်မျှ ဗမာအမျိုးသားများအား အမျိုးမျိုးအဖုံဖုံရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်၍ ကျွန်လုပ်ထားခဲ့သော ဗြိတိသျှနယ်ချဲ့သမားသည် နောက်ထပ်တစ်ဖန် ဆက်လက်ညှဉ်းပန်းနှိပ်စက်၍ ကျွန်လုပ်ရန်အတွက် အင်အားကြီးမားလှသော စစ်တပ်ကြီးများဖြင့် ဝင်ရောက်လာခြင်းကိုပင် တစ်ဖက်၌ ဖက်ဆစ်ဂျပန်များအား တိုက်ခိုက်မောင်းထုတ်နေရသော ဗမာအမျိုးသားများက ရိုးသားစွာ မဟာမိတ်များအနေဖြင့် ဆီးကြိုကူညီခဲ့ကြ၏။ သို့ရာတွင် ဗမာနိုင်ငံအနှံ့အပြား၌ စစ်တပ်များတပ်စွဲမိ၍ ဖက်ဆစ်ဂျပန်များ လက်နက်ချအပ်ကြလျှင်ပင် ဗမာအမျိုးသားများလိုလားနေသော လွတ်လပ်ရေးကိုနှောင့်ယှက်ဖျက်ဆီးမည့် ဗြိတိသျှနယ်ချဲ့သမား၏ ပြည်သူ့ဆန့်ကျင်နှိပ်ကွပ်ရေးလုပ်ငန်းများသည် မဖုံးနိုင်မဖိနိုင်ပေါ်ပေါက်၍လာတော့၏။

ဗမာ့လွတ်လပ်ရေးအတွက် တိုက်ခိုက်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်အား ဂျပန်တို့ကဖျက်သိမ်း၍ ၎င်းတို့ချယ်လှယ်နိုင်သော လက်အောက်ခံစစ်တပ်တစ်ခုကို ဟန်ပြလောက်ဖွဲ့စည်းပေးခဲ့သည့်နည်းအတိုင်း ဖက်ဆစ်တော်လှန်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် အသက်သွေးခဲပေါင်း မြောက်မြားစွာအဆုံးရှုံးခံ၍ ဗမာအမျိုးသားများကဖွဲ့စည်းတည်ဆောက်ထားခဲ့ရသော ဗမာ့မျိုးချစ်တပ်မတော်ကြီးကို လက်နက်များသိမ်း၍ ဖျက်ဆီးခဲ့ပြီးလျှင် ၎င်းတို့ချယ်လှယ်ချင်သလို ချယ်လှယ်နိုင်မည့် ဟန်ပြစစ်တပ်ကလေးများကို ၎င်းတို့လက်အောက်တွင် ကန္ဒီစာချုပ်အရ ဖွဲ့စည်းပေးခဲ့၏။ ထိုကဲ့သို့ ဗမာ့လက်နက်ကိုင် မျိုးချစ်တပ်မတော်ကြီးအား ဗြိတိသျှနယ်ချဲ့သမားသည် ပရိယာယ်ဝေဝုစ်ဖြင့် ဖျက်ဆီးချိုးနှိမ်ခဲ့ပြီးသည့်နောက်၌ ကွန်မြူနစ်ပါတီ ဦးဆောင်နေသော ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးအား အနုအကြမ်းနည်းမျိုးစုံဖြင့် ဖြိုခွဲဖျက်ဆီးရန်ပြုလုပ်လာခဲ့ပေသည်။

ကန္ဒီစာချုပ်အရ ဗမာ့မျိုးချစ်တပ်မတော်ကြီးကို ရှေးဦးစွာဖြိုခွဲဖျက်ဆီးခဲ့ပြီးနောက် ဗြိတိသျှနယ်ချဲ့သမား၏ စစ်အုပ်ချုပ်ရေးအာဏာပိုင်တို့သည် ကွန်မြူနစ်ပါတီနှင့် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်တို့အား အကြမ်းအနုနည်းမျိုးစုံဖြင့် ခြိမ်းခြောက်ဖမ်းဆီးခြင်းများ ဖြားယောင်းလှည့်ပတ်ခြင်းများ အမျိုးမျိုးကိုပြုလုပ်လာ၏။

လွတ်လပ်ရေးကို ချစ်မြတ်နိုး၍ အသက်အသေခံကာ နှစ်ပေါင်းတစ်ရာကျော်မျှ တိုက်ခိုက်ခဲ့ကြရသော ဗမာအမျိုးသားများသည် ဗြိတိသျှနယ်ချဲ့သမား၏ သံဖနောင့်အောက်သို့ ယခုတစ်ဖန် ကျရောက်ခဲ့ရပြန်လေပြီတကား။

# သစ္စာဖောက်လွတ်လပ်ရေး

## (က)

ဖက်ဆစ်ဆန့်ကျင်ရေး ပြီးဆုံးသွားသော ကာလ၏နောက်ပိုင်း၌ ပြည်သူတို့ မွတ်သိပ်တောင့်တနေကြသော လွတ်လပ်ရေးကားမလာ။ ဗြိတိသျှနယ်ချဲ့သမား၏ နိုပ်ကွပ်မှုသာရောက်လာ၏။

ထိုနှိပ်ကွပ်ခံရမှုတွင် အမေတစ်ယောက်မှာ အနာဆုံးဖြစ်ခဲ့ရပေသည်။

၎င်းတို့ဆုတ်ခွာထွက်ပြေးသွားစဉ်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော အမေ၏ချစ်လင် ကိုရင်မောင်ကို ဗြိတိသျှနယ်ချဲ့သမားများသည် ၎င်းတို့ပြန်၍လာသောအခါ အမေ့ဆီသို့ပြန်မခေါ်လာ။ အိန္ဒိယပြည်ရှိအကျဉ်းထောင်တစ်ခုတွင် ညှဉ်းပန်းသတ်ဖြတ်၍ ဝေးလံရာတစ်တိုင်းတစ်ပြည်၌ သူ၏အလောင်းကို ဖုံးဖိမြှုပ်နှံထားခဲ့၏။ ဤကဲ့သို့ ဗြိတိသျှနယ်ချဲ့သမား ဂျပန်ပြေး၍ပြန်ဝင်လာတော့မှ အမေသည် ချစ်လင်မရှိရှာတော့ပြီဆိုသော သတင်းကို သေသေချာချာသိရပေ၏။

အဘယ်မျှ အမေ့အတွက်ကြေကွဲရင်နာစရာကောင်းလှပါသနည်း။ ငယ်စဉ်တောင်ကျေးကစ၍ ဆင်းရဲဒုက္ခအမျိုးမျိုးခံကာ ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာပေါင်းသင်းလာခဲ့ရသော ချစ်သောသူကိုသာ အမေ့မှာ နားမျက်စိကွယ်ရာ၌ ဆုံးရှုံးခဲ့ရခြင်းမဟုတ်သေး။ အမေနှင့်တကွ ၎င်းချစ်မြတ်နိုးသော အမျိုးသားများအတွက်ပါ ကြီးစွာသောထိခိုက်နစ်နာဆုံးရှုံးခဲ့ရခြင်းလည်း ဖြစ်လေ၏။ အမေသည် ချစ်လင်မရှိရှာတော့ပြီဆိုသော သတင်းကိုကြားလိုက်ရခါစက ရင်ထု၍အော်ငိုလိုက်ရတော့မလောက် ဖြစ်သွားခဲ့ရ၏။ သို့ရာတွင် အမေ့မှာငို၍မဖြစ်သေး။ အမေ့လင်ကိုသတ်ပစ်ခဲ့သော ဗြိတိသျှနယ်ချဲ့သမားသည် ယခုတစ်ဖန်အမေ့သားကို ညှဉ်းဆဲသတ်ဖြတ်ရန် ဖမ်းဆီးလိုက်ပြန်ပကော။

**မြန်မာ့စာအုပ်တိုက်**

ဟုတ်သည်။ မဟာမိတ်ဆိုသော ဗြိတိသျှနယ်ချဲ့သမားက ယခင်ငင်းတို့ပြေးလွှားသွားရစဉ်က ငင်းတို့အားလိုက်လံတိုက်ခိုက်ခဲ့သော ရန်ငြိုးနှင့် အမေ့သားကို ဓားပြမသင်္ကာမှုနှင့် ပဲခူးဘက်တွင်ဖမ်းဆီးလိုက်သောသတင်းကိုကြားရသောအမေ့မှာ လမ်းစရိတ်ကလေးများ ရှာဖွေစုဆောင်း၍ ပဲခူးဘက်သို့ လိုက်ခဲ့ရပြန်လေ၏။ ပင်ပန်း ခက်ခဲစွာနှင့်ပဲခူးသို့ ရောက်ရပြန်သောအခါ အမေသည်ခဲခဲယဉ်းယဉ်းနှင့် လိုက်လံစုံစမ်းမေးမြန်းရပြန်၏။ ပဲခူးပုလိပ်များက အမေ့သားချစ်ဦးအား မန္တလေးရာဇဝတ်ဌာနက ဓားပြမသင်္ကာမှုဖြင့် အလိုရှိသည်ဆို၍ မန္တလေးသို့ပို့လိုက်ပြီဖြစ်ကြောင်းလောက်ကိုသာ ပေါ့ပေါ့တန်တန်ပြောဆိုလွှတ်လိုက်၏။ အမေသည် မသွားတတ်မလာတတ် မျက်လုံးသူငယ်နှင့်ဒုက္ခဖြစ်ခဲ့ရ၏။ သည်အမယ်ကြီးသည် သားရှိရာမန္တလေးသို့ အဘယ်သို့လိုက်နိုင်ပါမည်နည်း။ လမ်းခရီးကလည်း မလွယ်ကူ။ လမ်းစရိတ်ကလည်းမရှိ။

အမေသည် ပဲခူးဘက်တွင်ရှိသော မျိုးချစ်တပ်မတော်တပ်သားကောင်းများကိုလိုက်လံရှာဖွေ၍ အကျိုးအကြောင်းပြောကာ အကူအညီတောင်းခဲ့ရ၏။ ထိုအချိန်ဝယ်ဂျော့ဘုရင်မင်းမြတ်နှင့် နန်းလျာတို့ကို သစ္စာတော်ခံထားရသော ယခင်ဗမာ့မျိုးချစ်တပ်မတော်သားကြီးက ငင်းတို့ကိုယ်တိုင်လည်း ဘာမျှမတတ်နိုင် ရှာကြသောကြောင့်ကွန်မြူနစ်ပါတီနှင့် ဖဆပလအဖွဲ့လူကြီးများဆီသို့ အမေ့ကိုတိတ်တဆိတ်လမ်းညွှန်ပေးလိုက်ကြသဖြင့် အမေသည်သားအတွက်နှင့် လိုက်ပြန်ရလေ၏။ ဖဆပလအဖွဲ့၌လူကြီးများကိုမတွေ့ရ။ တွေ့ရသောလူငယ်အချို့က ငင်းတို့ကိုယ်တိုင်ပင် နေ့အဖမ်းခံရမည်လား ညအဖမ်းခံရမည်လား မသိနိုင်သောကြောင့် သတိနှင့်နေရကြောင်းများကိုပြောဆိုလွှတ်လိုက်ကြ၏။ ထို့ကြောင့်အမေသည် ကွန်မြူနစ်ပါတီရှိရာသို့ လိုက်ရပြန်လေ၏။ သို့နှင့်ကွန်မြူနစ်ပါတီမှ ရဲဘော်သုံးလေးယောက်က ငင်းတို့ရဲဘော်ချစ်ဦး၏မိခင်အား လမ်းစရိတ်များစုဆောင်းရှာဖွေ၍ စိတ်ချရသောကားကြုံနှင့် ပို့ဆောင်ပေးလိုက်သောကြောင့် အမေသည် သားအားဖမ်းဆီးချုပ်နှောင်ထားရာ မန္တလေးသို့ မရောက်စဖူးဘဲ ခဲခဲယဉ်းယဉ်းရောက်ခဲ့ရလေ၏။

အမေသည် မန္တလေးသို့ရောက်သောအခါ ရှေးဦးစွာ ကွန်မြူနစ်ပါတီကို လိုက်လံရှာဖွေခဲ့ရလေသည်။ ထိုကွန်မြူနစ်ပါတီမှ ရဲဘော်များ၏လိုက်လံဆောင်ရွက်ပေးမှုကြောင့် အမေသည်သားမောင်ချစ်ဦးအား မန္တလေးထောင်ကြီးထဲ၌ ခဲခဲယဉ်းယဉ်းထောင်ဝင်စာခံ၍ တွေ့ခဲ့ရ၏။

ယခင်အခါများက လင်ဖြစ်သူကို သံတိုင်များနောက်ကွယ်၌တွေ့ခဲ့ရသော အမေသည် ယခုတစ်ဖန်သားဖြစ်သူအား သံတိုင်များနောက်ကွယ်၌ တွေ့လိုက်ရသောအခါ

မျက်ရည်များကျလာ၏။ အမေသည် လူမမာရုပ်ပေါက်နေသော သားဖြစ်သူအား စကားမပြောနိုင်ရှာပေ။ ရင်ထဲ၌ဆို့နေ၏။

"မငိုပါနဲ့ အမေရယ်" သားဖြစ်သူက အမေ့ကိုအားပေးရှာ၏။

အမေသည် မျက်ရည်များကိုသဘက်စနှင့် သုတ်ရင်း"အမေမငိုပါဘူးသားရယ်" ဟု အနိုင်နိုင်ပြောရှာ၏။

"ကျွန်တော့်အတွက် ဘာမှမပူပါနဲ့အမေ။ ဒီကောင်တွေ ဗမာပြည်မှာ ကြာကြာ တော့ မနေနိုင်ပါဘူး"ဟု အမေအားရှိသွားစေရန် မောင်ချစ်ဦးက နယ်ချဲ့သမား၏ အကျဉ်းသားဘဝမှ အားပေးနေရသော်လည်း မိမိ၏အခြေအနေကိုတော့ သိရှိပေသည်။

"ငါ့သားလဲ ရုပ်ပျက်ဆင်းပျက်နဲ့ ပိန်လှပါကလား"

"တော်လှန်ရေးတုန်းက သရဲသမိန်ဘက်မှာ ဖျားလို့ပါအမေ"

"အခုငါ့သားကို သူတို့ဖမ်းထားတာ ဘယ်အခြေရောက်နေပြီလဲကွယ်"

"အခုလိုအဖမ်းခံရတာတော့ ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘူးအမေရဲ့။ ကျွန်တော်တို့ရဲဘော်တွေ အများကြီးပဲ။ နိုင်ငံရေးအရ ဖမ်းထားတော့ သူတို့အခြေမ ခိုင်မချင်း ကျွန်တော်တို့ရဲဘော်တွေကို ဘယ်လွတ်ပါ့မလဲ"

"ဒါဖြင့် ငါ့သားကိုသူတို့ ဖမ်းချင်သလောက်ဖမ်းထားမှာတဲ့လား"

"ဒါကတော့ သူခိုးကို ကျွန်တော်တို့က ဓါးရိုးကမ်းခဲ့မင့်တာကိုး အမေ။ ကျွန်တော် တို့ကမ်းတဲ့ ဓားရသွားပြီးတဲ့ သူခိုးကတော့ သူလုပ်ချင်သလို လုပ်တော့မပေါ့"

ဒီတော့အမေက "ငါ့သားလွတ်အောင် ဘယ်လိုကြံရမလဲကွယ်"

"ခုနေခါတော့ အမေဘယ်လိုလုပ်ချင်ပေမဲ့ လုပ်လို့ကမရနိုင်သေးဘူးအမေ။ တစ်နေ့ တိုင်းပြည်ထကြွလာရင် သူတို့လွတ်ပစ်ရမှာပါပဲ"

"ဒါဖြင့် အမေဘယ်မှာနေရမလဲသားရယ်။ ငါ့သားနဲ့ နီးနီးပဲနေချင်တယ်"

"ကျွန်တော်နဲ့ နီးနီးနေဖို့က အမေ့မှာခက်လိမ့်မယ်။ ရှာစားဖို့တစ်ဖက်ကရှိသေး တယ် မဟုတ်လား အမေ။ ပြီးတော့ ကျွန်တော့်ကို မန္တလေးထောင်မှာ အမြဲထားမှာ မဟုတ်သေးဘူး။ ဟိုထောင်ပို့ ဒီထောင်ပို့နဲ့ လုပ်နေတော့ ကျွန်တော်ပြောင်းနေရတဲ့ ထောင်တွေကို အမေတစ်ကောက်ကောက်လိုက်နေလို့ ဖြစ်မှာမဟုတ်ဘူး"

အမေသည် သက်ပြင်းကိုချလိုက်မိ၏။

"အဲဒီတော့ အမေလုပ်စားကိုင်စားဖို့ ချောင်တဲ့တစ်နေရာရာမှာ ကြည့်ပြီးဖြစ်သလို နေဦးပေါ့အမေ။ တစ်နေ့ ကျွန်တော်လွတ်လာတော့မှ တစ်ဆင့်ကြည့်လုပ်ရမှာပဲ"

"အမေက ရန်ကုန်မှာပြန်ပြီး ဖြစ်သလိုဈေးရောင်းစားနိုင်ပါတယ်သားရယ်။ ဒါ ပေမယ့် မမာရေးမချာရေးဖြစ်လာတဲ့အခါ ငါ့သားကိုအမေက လာတွေ့နိုင်ဖို့ခက်သလို အမေ့သတင်းကိုလဲ ငါ့သားသိနိုင်မှာမဟုတ်ဘူး"

"ဒါတွေကတော့ တွေးပူနေလို့ဘယ်ဆုံးနိုင်မှာလဲ အမေရယ်"

"ပြီးတော့ မင်းအဖေရဲ့သတင်းကို အမေမပြောချင်ပေမယ့် ပြောရဦးမယ်သားရယ်"

"အဖေ ... ဟင်အဖေ မသေသေးဘဲ ပြန်လာသတဲ့လား အမေရဲ့။ ပြောစမ်းပါ အမေ"

အမေသည် မျက်နှာကိုတဘက်နှင့်အုပ်၍ ငိုချလိုက်လေသည်။ ပါးစပ်ကလည်း အာစေးဆို့ထားသကဲ့သို့ ဘာမျှပြော၍ မထွက်နိုင်တော့။

"မငိုပါနဲ့အမေရယ် အဖေသေပြီဆိုလဲ သေပြီပေါ့။ အဖေ ဒီလိုသေရတဲ့အတွက် အမေရောကျွန်တော်ပါ ဂုဏ်ရှိပါတယ် အမေရယ်။ ငိုမနေပါနဲ့"

အမေသည် သားဖြစ်သူအား ၎င်း၏ဖခင်အကြောင်းကို မပြောနိုင်ရှာတော့။ ပြော၍လည်းမထွက်နိုင်တော့။

ဖက်ဆစ်ဆန့်ကျင်ရေး ပြီးဆုံးသွားသောကာလ၏ နောက်ပိုင်း၌ ပြည်သူတို့က မွတ်သိပ်တောင့်တနေကြသော လွတ်လပ်ရေးကားမလာ။ ဗြိတိသျှနယ်ချဲ့သမား၏ နှိပ်ကွပ်မှုသာရောက်လာ၏။

ထိုနှိပ်ကွပ်မှုတွင် အမေတစ်ယောက်သည်လည်း အနာဆုံးဖြစ်ခဲ့ရပေသည်။

ကြည့်စမ်းပါ။

ဗြိတိသျှနယ်ချဲ့သမားသည် ဗမာအမျိုးသားများ၏ လွတ်မြောက်ရေးအတွက် တိုက်ခိုက်ခဲ့ကြသော အမေ၏ချစ်လင်အား ဖမ်းဆီးညှဉ်းပန်း၍ သတ်ဖြတ်ပြီးသည်နှင့်ပင် အားမရသေး၍ အမေ့သားကိုလည်း ဖမ်းဆီးညှဉ်းပန်းနေပြီ မဟုတ်ပါသလော။

သူ့အဖေသည် နယ်ချဲ့သမားသတ်၍ သေဆုံးခဲ့ရသောအကြောင်းကိုပင် သူ့သားအား မပြောနိုင်တော့ဘဲ အမေသည်တရှုံ့ရှုံ့သာငိုနေရှာ၏။ ထိုကဲ့သို့ ခံလာခဲ့ရသော အမေသည် အဘယ်သို့နယ်ချဲ့သမားနှင့် ကျေချမ်းခြင်းရှိနိုင်ပါဦးမည်နည်း။ အဘယ်သို့လျှင် ထိုနယ်ချဲ့သမားအားခွင့်လွှတ်နိုင်ပါဦးမည်နည်း။

အမေ့အတွက် ဗမာတစ်မျိုးသားလုံး၏ ရန်သူဖြစ်သော ဗြိတိသျှနယ်ချဲ့သမားနှင့် စေ့စပ်ရေးသည် မရှိနိုင်တော့။ အပြတ်အသတ်တိုက်ခိုက်မောင်းထုတ်ရေးသည်သာ တစ်ခုတည်းသော တုံ့ပြန်မှုအဖြစ်ဖြင့်ရှိတော့၏။

"မင်းအဖေသေရတာနဲ့ မင်းဒီလိုခံနေရတာအတွက် အမေကဂုဏ်ယူပါသေးတယ် သားရယ်။ အမေမငိုတော့ပါဘူး။ ဘယ်တော့မှလဲ မငိုတော့ပါဘူးကွယ်"

အံကိုကြိတ်ရင်းက အမေကသားကို ကတိပေးပြောကြားလိုက်ရှာလေ၏။

***ဤအခန်းတစ်ခုလုံးကိုအခြေအနေအရ စေတ္တဖြုတ်ပယ်၍ချန်လှပ်ထားခဲ့ရပါကြောင်း။**

**ထုတ်ဝေသူ**

(ဂ)

ဗြိတိသျှနယ်ချဲ့သမားက ဗမာအမျိုးသားများအား ဆက်လက်သွေးစုပ်ခြယ်လှယ်ရေးအတွက် လုပ်ကြံစီမံထားသော စက္ကူဖြူခေါ် ကျွန်လုပ်ရေးစီမံကိန်းကြီးအား ရှေးယခင် ဒိုင်အာခီ ကျွန်လုပ်ရေးစီမံကိန်းကြီးကို ၂၁ ဦးတို့လက်ခံ၍ အမျိုးသားရေးအား ပြောင်ပြောင်ကြီးသစ္စာဖောက်ခဲ့သလို ဗမာတစ်မျိုးသားလုံးက လွတ်မြောက်ရေးတိုက်ပွဲအတွက် ထောက်ခံအားပေးခဲ့သော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်ကြီးက ဗြိတိသျှနယ်ချဲ့သမားနှင့် ပူးပေါင်းစေ့စပ်၍ လက်ခံသွားကြသည်နှင့်တစ်ပြိုင်နက် ဗမာနိုင်ငံရှိ အလုပ်သမားလူထုကြီးအား ကိုယ်စားပြုလျက် ဖက်ဆစ်ဆန့်ကျင်ရေးနှင့် လယ်သမားအမျိုးသားလွတ်မြောက်ရေးအား ရှေ့ဆောင်လှုံ့ဆော်၍ ဦးစီးခေါင်းဆောင်ခဲ့သော ကွန်မြူနစ်ပါတီသည် ဗြိတိသျှနယ်ချဲ့သမား၏အလိုတော်အတိုင်း အမျိုးသားတပ်ပေါင်းစုကြီးအတွင်းမှ ထုတ်ပယ်ခြင်းခံခဲ့ရလေသည်။

ဗမာအမျိုးသားတို့၏ လွတ်မြောက်ရေးကို တကယ်တမ်းတိုက်ခိုက်ရယူမည့် ကွန်မြူနစ်ပါတီအား ဖက်ဆစ်ဂျပန်များနည်းအတိုင်း ဗြိတိသျှနယ်ချဲ့သမားသည် အမျိုးသားရေးအုံကြွမှုကြီးအတွင်းမှ အမျိုးသားသစ္စာဖောက် ခေါင်းဆောင်များနှင့်စေ့စပ်နားလည်မှုယူကာ ခွဲထုတ်လိုက်နိုင်ပြီးသည့်နောက်၌ ဗမာနိုင်ငံအလုပ်သမားနှင့် လယ်သမားလူထုကြီးကို ဆက်လက်ခေါင်းဆောင်နေသေးသော ကွန်မြူနစ်ပါတီအား ချေမှုန်းဖျက်ဆီးရန် ၎င်း၏ဘက်တော်သား အမျိုးသားရေးသစ္စာဖောက်များနှင့် အပေးအယူစာချုပ်များချုပ်ဆိုကာ ၎င်း၏မဟာမိတ်ဘက်တော်သားများကို အင်အားဖြည့်တင်းပေးခဲ့လေ၏။

ဖက်ဆစ်တော်လှန်ရေးပြီးစီးခါစက ၎င်း၏အခြေမခိုင်သေး၍ စိတ်မချရသဖြင့် တရကြမ်းဖမ်းဆီးထားခဲ့သော ဗမာ့မျိုးချစ်သားကောင်းများကို ဗြိတိသျှနယ်ချဲ့သမားက တစ်စထက်တစ်စ ၎င်း၏အခြေအနေခိုင်မြဲလာသောအခါ လွှတ်ပေးခဲ့လေရာ ထိုအထဲတွင် အမေ့သားမောင်ချစ်ဦးသည်လည်း ပါလာခဲ့လေသည်။

---

*ထိုအခန်းသည် ၁၉၅၃ခုနှစ်တွင် ဒုတိယအကြိမ်ထုတ်ဝေစဉ်ကတည်းကပင် ယခင်ထုတ်ဝေသူက ချန်လှန်ဖြုတ်ပယ်ထားခဲ့သည့် အခန်းဖြစ်သည်။

မောင်ချစ်ဦးသည် ဗြိတိသျှနယ်ချဲ့သမား၏ အကျဉ်းထောင်အတွင်းမှ လွတ်မြောက်လာသောအခါ ရှေးဦးစွာ ၎င်း၏ရဲဘော်ဟောင်းများရှိကြရာ ကွန်မြူနစ်ပါတီသို့ သွားရောက်ပြီးမှ အလုပ်သမားသမဂ္ဂတွင် တာဝန်ယူ၍ လုပ်ကိုင်နေကြသော ရဲဘော်များ၏ အကူအညီဖြင့် ၎င်း၏မိခင်အား လိုက်လံရှာဖွေစုံစမ်းရလေ၏။

မန္တလေးထောင်၌ ၎င်းအားလာရောက်တွေ့ဆုံငိုယိုပြီးနောက် ရန်ကုန်သို့ပြန်သွားသော ၎င်း၏မိခင်အားအသိများရှိသော ရပ်ကွက်များတွင် လိုက်လံစုံစမ်းရှာဖွေသော်လည်း တော်တော်နှင့်မတွေ့ရပေ။ မောင်ချစ်ဦးသည် အမေ့ကိုတစ်လနီးပါးမျှ လိုက်လံရှာဖွေစုံစမ်းခဲ့သည့်တိုင်အောင် သတင်းအစအနကိုမျှပင်မရသဖြင့် အမေ့အတွက် များစွာ ပူပန်မိလေသည်။ အမေသည် မမာမကျန်းဖြစ်နေရာမှ ကြည့်ရှုစောင့်ရှောက်မည့်သူမရှိသဖြင့် ငတ်၍များသေလေပြီလားဟု မောင်ချစ်ဦးသည် တွေးတောမိ၏။ အကယ်၍သာ အမေသည် မမာမကျန်းဖြစ်ခဲ့လျှင် အမေ့ကိုအဘယ်သူတစ်ဦးတစ်ယောက်က တာဝန်ယူပါ့မည်နည်း။ အမေသည် အငတ်ငတ်အပြတ်ပြတ်နှင့် သေများသေဆုံးသွားရရှာပြီလော။

မောင်ချစ်ဦးသည် အလုပ်သမားသမဂ္ဂတွင် တာဝန်ယူနေကြသော ယခင်ရဲဘော်ဟောင်းများနှင့်အတူ နေထိုင်လုပ်ကိုင်ခြင်း အမေ့ကိုလိုက်လံစုံစမ်းရှာဖွေခဲ့ရာမှ ၎င်းတို့ ထင်သလို ခြယ်လှယ်ချုပ်ကိုင်ရသည့် ပုံမပေါ်သော ဖက်ဆစ်ဆန့်ကျင်ရေး ခေါင်းဆောင်ကြီးဦးအောင်ဆန်းအား ဗြိတိသျှနယ်ချဲ့သမားက လုပ်ကြံသတ်ဖြတ်ခြင်း မပြုမီကလေး အချိန်လောက်တွင် ဇရပ်တစ်ခု၌ကပ်ရပ်နေထိုင်ရင်း ပဲပြုတ်၊ ကောက်ညှင်း ပေါင်းရောင်းနေရသော အမေ့အားပြန်လည်တွေ့ဆုံခဲ့ရပေသည်။

ယခုတစ်ခေါက် အမေ့ကိုပြန်လည်၍ တွေ့ဆုံရခြင်း၌ အမေသည်၎င်း၏ကတိကို ထိန်းသိမ်းပေသည်။

လင်သေဆုံး၍ တစ်ယောက်တည်းသော သားသည်လည်း ရန်သူလက်တွင်းမှ ပြန်လည်လွတ်မြောက်လာသည့်အတွက် အမေသည်မငိုတော့။ အမေသည် သားဖြစ်သူအား ဣန္ဒြေရရပင်တွေ့ဆုံလေ၏။

"အမေ … အမေ … အမေ" ဟု သူကအားရဝမ်းသာခေါ်နေသော်လည်း အမေကတော့ ဝမ်းသာလှသည်လည်းမဟုတ်၊ ဝမ်းနည်းလှသည်လည်းမဟုတ်သော အမူအရာနှင့်သာ သားဖြစ်သူကို အေးချမ်းစွာကြည့်နေ၏။

"လေးလလောက်ရှိသွားပြီအမေရဲ့။ ကျွန်တော် ရန်ကုန်ရောက်ရောက်ချင်း အမေ့ကို လိုက်ရှာရတာ"

"ငါ့သား အခုဘယ်မှာနေသလဲ၊ ဘယ်သူနဲ့များနေသလဲ"

"အလုပ်သမားသမဂ္ဂမှာနေတယ် အမေရဲ့၊ အမေကောဘယ်မှာနေသလဲ"

"အမေနဲ့နေမှာပေါ့အမေ"

"အမေနဲ့ဖြစ်သလိုပဲ နေပေါ့သားရယ်။ ပြီးတော့လည်း မင်းသဘောအတိုင်း မင်းယုံကြည်ရာကိုလဲ လုပ်တာပေါ့"

လေးမြတ်ခင်တွယ်ဖွယ်ရာ ကောင်းလှသော အမေသည် ၎င်း၏မိခင်သာလျှင် မဟုတ်တော့ဘဲ ၎င်းအလုပ်လုပ်နေသော အလုပ်သမားသမဂ္ဂနှင့် ဆက်သွယ်ထားသည့် ဗမာနိုင်ငံအလုပ်သမားများအားလုံးတို့၏ မိခင်ပါဖြစ်နေပြီကို မောင်ချစ်ဦးသည် ဝမ်းသာအားရတွေ့ခဲ့ရလေ၏။

တစ်ကြိမ်သောအခါကာလက အမျိုးသားလွတ်မြောက်ရေးအတွက် မိမိ၏လင်ယောကျ်ားကို ပေးလှူခဲ့သော ဗမာ့သမီးကြီးဒေါ်ငြိမ်းသာက ယခုတစ်ဖန်လည်း မပြီးဆုံးသေးဘဲနှင့် သစ္စာအဖောက်ခံခဲ့ရသော အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် တစ်ယောက်တည်းသာရှိသော သားယောကျ်ားကိုပေးလှူခဲ့ပြန်လေသည်။

(ဃ)

အမေသည် ယခုအခါ၌ လင်ယောကျ်ားသေဆုံး၍ သားတစ်ယောက်နှင့် မုဆိုးမဖြစ်ခဲ့ရလေပြီ။ အမေ၏သားမှာ လူလားမြောက်နေသောအရွယ်ပင် ဖြစ်သော်လည်း သူသည် သူ့အဖေနည်းတူ မိမိတစ်ယောက်တည်း၏ ကြီးပွားချမ်းသာရေးထက် သူများ၏ကြီးပွားချမ်းသာရေး တရားမျှတရေးကိုသာ ဆက်လက်လုပ်ဆောင်နေသဖြင့် အမေသည် စားဝတ်နေရေးအတွက် တစ်ဖက်၌ဈေးရောင်းခဲ့ရပြန်လေသည်။

ယခုအခါ၌ အမေသည် တစ်စထက်တစ်စ အသက်အရွယ်ကလည်း ကြီး၍လာသည့်အပြင်၊ ငယ်စဉ်မှစ၍ မနားမနေအလုပ်ကိုပင်ပန်းကြီးစွာ လုပ်ကိုင်လာခဲ့ရသောကြောင့် အသားအရေများလည်း လျော့ပါးကာ တော်တော်ပင်အိုမင်းလာခဲ့၏။ ထိုသို့အမေသည် အိုမင်းနေပြီဖြစ်သော်လည်း လင်ဖြစ်သူအား အမျိုးသားလွတ်မြောက်ရေးအရေးတော်ပုံကြီးအတွက် ပေးလှူသွားခဲ့ပြီဖြစ်သဖြင့် ၎င်း၏အသက်ကလေးတစ်ချောင်းရှင်နိုင်ပါမည့် အရေးအတွက် မနားမနေရှာဖွေလုပ်ကိုင်၍ စားသောက်နေရရှာပေသည်။

အမေက ထိုသို့ဈေးရောင်း၍နေသဖြင့် သားဖြစ်သူသည် ၎င်း၏လုပ်ငန်းကို အတားအဆီးမရှိ လုပ်ကိုင်နိုင်ခဲ့ခြင်းဖြစ်လေရာ အမေသည်ပင် တစ်စထက်တစ်စ အလုပ်သမားအရေးအခင်းများနှင့် နီးစပ်၍လာခဲ့ရလေ၏။ ယခင်ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကာလများက အမေသည်လင်ဖြစ်သူအား

မီးဖိုချောင်နောက်ပိုင်းမှ ကူညီခဲ့ရာမှ ယခုဒုတိယကမ္ဘာစစ်ကြီးအပြီး အမျိုးသားရေး တိုက်ပွဲများတွင် အမေသည် သားဖြစ်သူအား မီးဖိုချောင်မှသာလျှင်မကတော့ဘဲ ရဲဖန်ရံခါ ရှေ့တန်းမှပါဝင်ကူညီခဲ့လေသည်။

သားဖြစ်သူလုပ်ဆောင်နေသော အလုပ်သမားအရေးအခင်းများ တိုက်ပွဲများတွင် အမေသည် ဈေးတောင်းခေါင်းရွက်ရင်း တစ်စထက်တစ်စ ပါဝင်လာခဲ့သဖြင့် အလုပ်သမားရပ်ကွက်များ၌ အမေ့ကိုအလုပ်သမားများသည် သိရှိကျွမ်းဝင်၍လာကြ၏။ အမေကလည်း အလုပ်သမားများအား မိမိ၏သားအရင်းကဲ့သို့ စောင့်ရှောက်ကူညီခဲ့၏။

အမေသည် အလုပ်သမားရပ်ကွက်၌ သူတို့ကဲ့သို့ နေထိုင်ရင်း ဈေးရောင်းခဲ့ရပေသည်။ စက်ရုံအလုပ်ရုံများ၌ အမေသည် အလုပ်သမားများ ဝယ်စားနိုင်ကြရာသော အညံ့စားမုန့်ပဲသားရေစာများကို လိုက်လံရောင်းချခဲ့ရပေသည်။

သားနှင့်ဆက်စပ်၍ အမေသည် အလုပ်သမားရပ်ကွက်များသို့ ရောက်ခဲ့ရ၍ အလုပ်သမားများ၏ နေ့စဉ်နှင့်အမျှခံစားနေရသော ဆင်းရဲငတ်ပြတ်ခြင်းများ မလောက်မငဖြစ်ရခြင်းများကို တွေ့မြင်နားလည်ခဲ့ရ၏။

"ဘယ်လောက်ရင်နာစရာကောင်းလဲဆိုတာ အမေမျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား အမေ။ ဒီအလုပ်သမားတွေဟာ မိုးမလင်းကျီးမနိုးခင်ကနေ မီးထွန်းတဲ့အထိ နေ့ရှိသမျှ တစ်နေကုန်တစ်နေခမ်း ပင်ပင်ပန်းပန်းလုပ်ကိုင်နေကြရပေမယ့် သူတို့တဲကလေးတွေထဲမှာ မြင်ရတဲ့အတိုင်း လူတန်းစေ့အောင်မှ မနေရမစားကြရရှာပဲ အမေရယ်"

သားမောင်ချစ်ဦးက လက်တွေ့ပြသရင်း ပြောတတ်လေ့ရှိသော စကားများကို အမေသည် မကြာခဏကြားရပေသည်။

"ကျွန်တော်တို့ဗမာပြည်မှာ လယ်သမားနှင့်အလုပ်သမားတွေ လူတန်းစေ့စေ့နဲ့ ထမင်းဝဝမစားရမချင်း ငြိမ်းချမ်းရေးဟာ ဘယ်တော့မှရမှာမဟုတ်ဘူးအမေ။ ဒါလောက်လုပ်ကိုင်နေကြရတဲ့အထဲကမှ ဒီလူတွေကို မတရားခေါင်းပုံဖြတ်ပြီး အငတ်ထားနေသ၍ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ ဘယ်တော့မှမလွတ်လပ်နိုင်ဘူး။ ဘယ်သူက ဘာကြီးပဲ ပြောနေပြောနေ၊ လူ့အဆင့်အတန်းမမီဘဲ ငတ်နေရတဲ့ ဒီလူတွေဟာ ဘယ်လိုငြိမ်သက်နိုင်ပါ့မလဲ"

အမေ့သားဖြစ်သူက ညဘက်တွင် ထမင်းအတူစားရင်း ပြောတတ်၏။

တစ်ခါတစ်ရံ အားလပ်သောနေ့ရက်များ၌ အမေ့သားမောင်ချစ်ဦးက အမေ၏ လူ့ဘဝကြီးတစ်လျှောက်လုံးကို ရှင်းလင်းဝေခွဲ၍ ပိုင်းခြားပြောပြတတ်၏။ အမေငယ်စဉ်က လယ်ကန်သင်းဘေးတွင် ငိုယိုနေခဲ့ရခြင်းကို ဖန်တီးပေးခဲ့သော ဗမာပြည်၏ လယ်မြေစနစ်ကို အသေးစိတ်ရှင်းလင်းပြောပြ၏။ လယ်သမားများ အဘယ့်ကြောင့်

ကြေးတင်ကျွန်ဖြစ်ခဲ့သော အကြောင်းများကို သားဖြစ်သူက ရှင်းလင်းပြောပြတော့မှ အမေသည် သဘောပေါက်နားလည်လာခဲ့ရ၏။

အမေ၏အဖြစ်သနစ်များကို ရှင်းလင်းပြောပြတတ်သည့်နည်းတူ ကွယ်လွန်သွားလေပြီဖြစ်သော အမေ၏ချစ်လင်ဖြစ်သူ ၎င်း၏ဖခင်အဖြစ်ကိုလည်း သားဖြစ်သူက ရှင်းပြပြန်၏။

ယခင်ကာလများက ဇဝေဇဝါလောက်သာ သဘောပေါက်နားလည်ခဲ့သော အမေသည် ယခုအခါ၌ ကျကျနနသဘောပေါက်ရှင်းလင်း၍ နားလည်ခဲ့ရ၏။ ထို့ကြောင့် အမေသည် သား၏လုပ်ငန်းကို ယုံကြည်ခြင်းရှိသည်ထက်ရှိကာ ကူညီခဲ့လေသည်။

သို့ရာတွင် ဗြိတိသျှနယ်ချဲ့သမားက စစ်ကြီးအပြီး ပေါက်ကွဲလုမတတ် အုံကြွနေသော ဗမာ့အမျိုးသားအရေးတော်ပုံကြီးအား တစ်စထက်တစ်စဖဲ့၍ ဖြိုခွဲလာခဲ့ရာမှ အပြီးအပိုင်ချေမှုန်းလုပ်ကြံပြင်ဆင်နေသော ခြေလှမ်းကိုတော့ အမေသည် မသိလိုက်ရှာချေ။

"တစ်နေ့ ကျွန်တော်တို့ တောထဲကိုထွက်ပြေးပြီး ပုန်းနေချင်နေရဦးမယ် အမေရဲ့" ဟု သားဖြစ်သူက လွတ်လပ်ရေးမကြေညာမီကလေးက မကြာခဏပြောဆို လေ့ရှိသောစကား၏ အဓိပ္ပါယ်ကို မငုံခဲ့မိရှာပေ။

ဗြိတိသျှနယ်ချဲ့သမားသည် ကောက်ကျစ်စဉ်းလဲစွာဖြင့် ၎င်းထင်သလို ချုပ်ကိုင်ရပုံမပေါ်သော၊ တစ်ကြိမ်က ဖက်ဆစ်ဆန့်ကျင်ရေး အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်းအား လုပ်ကြံသတ်ဖြတ်လိုက်ပြီးနောက် ၎င်း၏အမိန့်သြဇာကို တစ်သဝေမတိမ်းနာယူမည်ဖြစ်သော ဘက်တော်သားအမျိုးသား သစ္စာဖောက်များနှင့် အပေးအယူများပြုလုပ်ကာ တစ်ဖက်သတ်နိုင့်ထက်စီးနင်း စာချုပ်ကြီးများချုပ်ဆိုပြီးခဲ့လေ ပြီ။ နှစ်ပေါင်းတစ်ရာကျော်မျှ ဗမာအမျိုးသားများ၏ အသွေးအသားအဆီအနှစ်တို့ကို ရစရာမရှိအောင် သွေးစုပ်ချင်တိုင်းသွေးစုပ်၍ ဗမာအမျိုးသားများအား ရက်ရက်စက်စက်နှိပ်ကွပ်ကာ သတ်ဖြတ်ညှဉ်းပန်းခဲ့သော ဗြိတိသျှနယ်ချဲ့သမားက ဗမာအမျိုးသားများအား အလွန်တရာ စေတနာမေတ္တာထား၍ လွတ်လပ်ရေးပေးအပ်ကာ ဘိလပ်သို့ပြန်ပါတော့မည်ဟု လုပ်နေခြင်းကို အမေကပင် ရယ်မောလိုက်ချေ၏။ ဗမာ့ပစ္စည်းကို လုယူ၍ ဗမာ့ပါးကိုရိုက်ခဲ့သော ဂျပန်ပေးသည့် လွတ်လပ်ရေးကိုရခဲ့ဖူးသောကြောင့် အမေရိကန်ဗြိတိသျှနယ်ချဲ့သမားပေးမည်ဆိုသော လွတ်လပ်ရေးကို ဘယ်လိုယူရမည်လဲ။ ဂျပန်ကင်ပေတိုင်များက ထုပ်ဆွဲ၍ရိုက်သော လွတ်လပ်ရေးနှင့် ချွေးတပ်ဖမ်းသော လွတ်လပ်ရေးမျိုးကိုတော့ အမေကကြောက်ပါ၏။

ထို့ကြောင့် မကြာမီ လွတ်လပ်ရေးရတော့မည်ဆိုသောအကြောင်းနှင့် ပတ်သက်၍ မည်ကဲ့သို့မျှ မယုံကြည်နိုင်ရှာသော အမေက သားဖြစ်သူအား အကျိုးအကြောင်း မေးကြည့်မိလေသည်။

"ပစ္စည်းလိုချင်လို့ပဲ လူကိုသတ်ပစ္စည်းကိုလည်းယူသွားတဲ့ ဓားပြဆီက ကိုယ့်ပစ္စည်းကို ပြန်ပေးလိမ့်မယ်လို့ ယုံနေတဲ့ လူမိုက်နဲ့ ဘာထူးဦးမှာလဲအမေရဲ့။ ဒီဓားပြတိုက်တဲ့ အိမ်သားထဲက ရမယ်လို့ ပြောတဲ့လူဟာ ဓားပြနဲ့ပေါင်းပြီးလက်ထောက်ချတဲ့လူမို့သာ သူနဲ့ဆိုင်သလောက် ဝေစုကိုရတာပဲဖြစ်တော့မပေါ့"

"ငါ့သားပြောတာ အမေသဘောကျတယ်။ ဒါထက်တစ်နေ့က မင်းတို့သမဂ္ဂက အိမ်မှာ လာထမင်းစားသွားတဲ့ မင်းသူငယ်ချင်းတွေ ပြောပြောနေကြတဲ့ န–အက်တလီ စာချုပ်တွေ၊ ဖရီးမင်း–လက်ျာ စာချုပ်တွေဆိုတာက ဘယ်လိုဟာတွေလဲ သားရဲ့။ ပြီးတော့ လွတ်လပ်ရေးပေးမယ်ဆိုပေမယ့် အင်္ဂလိပ်စစ်တပ်တွေထားခဲ့ဦးမယ်ဆိုတာ ကကော ဘယ်လိုဟာများလဲ"

"အခုပေးမယ်ဆိုတဲ့ လွတ်လပ်ရေးက ဗမာပြည်က လူတစ်ရာမှာကိုးဆယ်လောက်ရှိတဲ့ အလုပ်သမားတွေ၊ လယ်သမားတွေမပါတဲ့ လွတ်လပ်ရေးအမေရဲ့။ ဖဆပလနဲ့ ဆိုရှယ်လစ်ခေါင်းဆောင်တွေရယ်၊ စော်ဘွားကြီးဒူးဝါးကြီးတွေရယ် သူတို့နဲ့ နီးစပ်ရာလူစုတွေအတွက်လောက် ရမယ့်လွတ်လပ်ရေးပဲ"

"ဒါဖြင့် အခုလွတ်လပ်ရေးရမှာက ဂျပန်ပါးရိုက်၊ ချွေးတပ်ဆွဲတဲ့ လွတ်လပ်ရေးထက် ဘာများသာပါဦးမလဲကွယ်"

***ဤ တစ်ခန်းလုံးကိုလည်း ဖြုတ်ပါယ်ထားခဲ့ရပါကြောင်း။**

**ထုတ်ဝေသူ**

(၈)

ဗြိတိသျှနယ်ချဲ့သမားက အလောင်းတော်ဝေသန္တရာမင်းကြီး၏ စေတနာထက်ပင် လွန်ကဲစွာနှင့် ဗမာပြည်အား လွတ်လပ်ရေးပေးသည်ဟု ကြားသိရပြီးသည့်နောက် မကြာမီပင် အမေ့သားမောင်ချစ်ဦးသည် အမေ့ကိုတစ်ယောက်တည်း ထားပစ်ခဲ့ရပြီးနောက် ရန်ကုန်မြို့မှ ပုန်းလျှိုးပျောက်ကွယ်သွားရခြင်းတော့မဟုတ်။ ဖက်ဆစ်တော်

---

*ထိုအခန်းသည် ၁၉၅၃ခုနှစ်တွင် ဒုတိယအကြိမ်စာအုပ်ထုတ်ဝေစဉ်ကတည်းကပင် ယခင်ထုတ်ဝေသူက ချန်လှပ်ဖြုတ်ပယ်ထားခဲ့သည့်အခန်းဖြစ်သည်။

လှန်ရေးအား လှုံ့ဆော်ခေါင်းဆောင်ခဲ့ပြီးနောက် အမျိုးသားလွတ်မြောက်ရေးကို ဦးစီး ရှေ့ဆောင်လာခဲ့သော ကွန်မြူနစ်ပါတီတစ်ခုလုံးပါ ဖြိုတိသျှနယ်ချဲ့သမားပေးသည် ဆိုသော လွတ်လပ်ရေးကြေညာပြီးနောက် ၃ လသာသာခန့်အတွင်း ပုန်းလျှိုးပျောက် ကွယ်သွားရခြင်းဖြစ်လေသည်။ ထိုကဲ့သို့ မပုန်းလျှိုး၍လည်း မဖြစ်တော့။ အကြောင်း မူကား ထိုကဲ့သို့မှ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် အပြေးမကောင်းခဲ့လျှင် လွတ်ရက်မရှိသော အကျဉ်းထောင်၌ ချုပ်နှောင်ညှဉ်းပန်းခြင်း ခံရမည်ဖြစ်သောကြောင့် ဖြစ်ပေသည်။

ထိုကဲ့သို့ အမျိုးသားရေးသစ္စာဖောက်မှုကြီးကို ခံခဲ့ရပြီးနောက် ဗမာအမျိုးသား တို့၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသည် အဘယ်သို့ နှိပ်ကွပ်ဖျက်ဆီးခံခဲ့ရသည့် တိုင်အောင် ပြိုကွဲ၍မသွားခဲ့ပေ။ ကွန်မြူနစ်ပါတီသည် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကို ဆက်လက်ခေါင်းဆောင်သွားမြဲသွားလျက်ရှိ၏။

အမေသည် ယခုကဲ့သို့ အသက်အရွယ်အိုမင်းရှိန်၌ သားကပစ်ထားခဲ့၍ တစ်ယောက် တည်းဖြစ်တတ်သလို ဈေးတောင်းခေါင်းရွက်၍ လုပ်ကိုင်စားသောက်နေရသော်လည်း ၎င်းကိုယ်ကို ပင်ပန်းနာကျင်သည်ဟု မထင်ခဲ့။ အမေသည် ၎င်း၏သားသည် အဘယ်မျှ မြင့်မြတ်သောအလုပ်ကို လုပ်နေကြောင်းနားလည်ပေ၏။ ထိုလုပ်ငန်း၌လည်း စိတ်ချ ယုံကြည်ပေ၏။ အမေသည် သက်ရွယ်အိုမင်းမစွမ်းရှိခါမှ ဈေးတောင်းခေါင်းရွက်၍ ပင်ပင်ပန်းပန်းလုပ်ကိုင်စားသောက်နေရခြင်းသည် ၎င်း၏ အသက်တစ်ချောင်းအတွက် သာ လုပ်ကိုင်နေရခြင်းမဟုတ်ဘဲ၊ ဗမာတစ်မျိုးသားလုံး၏ လွတ်မြောက်ရေးတိုက်ပွဲ အတွက်ပါ လုပ်ကိုင်နေရခြင်းဆိုသည်ကို ကောင်းစွာစဉ်းစားနားလည်ခဲ့၏။ အမေသည် ထို့ကြောင့် ၎င်းလုပ်ခဲ့ရသောအလုပ်အတွက် ပင်ပန်းသည်ဟု မအောက်မေ့ခဲ့။

သားသည်အမေ့အနီး၌ မရှိသော်လည်း အမေသည် သားလုပ်ကိုင်နေသော အလုပ် ကို ကူညီလုပ်ကိုင်ပေးနေ၏။ သားလုပ်နေရသောအလုပ်နှင့် မိမိဈေးရောင်းနေရသော အလုပ်ကို အမေသည် အဘယ်ကဲ့သို့ ဆက်စပ်ထောက်ကူလျက်ရှိသည်ကို ကောင်း စွာသိရှိ၏။

ထို့ကြောင့် အမေ့သားသည် အမေ့အားတစ်ယောက်တည်းထားပစ်ခဲ့၍ ပုန်းလျှိုး ပျောက်ကွယ်သွားသောအချိန်မှစ၍ အမေသည် ၎င်း၏တာဝန်ဖြစ်သော ဈေးတောင်း ကိုခေါင်းရွက်ရင်း အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို မညည်းမညူတိုက်ခိုက်ခဲ့၏။

မြန်မာ့စာအုပ်တိုက်

"အင်္ဂလိပ်အစိုးရက အမေ့ကိုဖမ်းပြီး ထောင်ချထားလို့ အမေဈေးရောင်းပြီးစားနေရတာလဲ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲထဲမှာ အမေကိုယ်တိုင်ဝင်တိုက်နေတာပဲ အမေရဲ့"

ယခင်ကသားဖြစ်သူ မကြာခဏပြောပြတတ်သော စကားကလေးများကို အမေသည် ကြားယောင်နေ၏။

"အမေရိကန် ဗြိတိသျှနယ်ချဲ့သမားဆန့်ကျင်ရေးလုပ်နေလို့ အမေကနောက်ပိုင်းမှာ အငတ်ငတ်အပြတ်ပြတ်နေခဲ့ရတာတွေကို တစ်နေ့ဗမာအမျိုးသားတွေက ဂုဏ်ပြုကြပါလိမ့်မယ်။ အမေ့လူတွေဟာ သူတို့ကိုပြုခဲ့ဖူးတဲ့ လူတစ်ယောက်ရဲ့ဆောင်ရွက်ချက်ကို ဘယ်တော့မှမမေ့တတ်ကြပါဘူး။ အထူးသဖြင့် ကျွန်တော်တို့ ဗမာအမျိုးသားတွေဟာ သူတထူးရဲ့ကျေးဇူးကို အင်မတန်သိတတ်ကြပါတယ်"

သားဖြစ်သူရှိစဉ်က နှစ်သိမ့်အားပေးခဲ့သော စကားများကိုလည်း အမေသည် မမေ့နိုင်ပါ။

အမေသည် ငယ်စဉ်ကလည်း ဆင်းရဲပင်ပန်းခဲ့ရပြီးနောက် ယခုကဲ့သို့ သက်ရွယ်အိုမင်းချိန်၌လည်း ငြိမ်းချမ်းရေးကို မရနိုင်သေးဘဲ ဆက်လက်၍ဆင်းရဲပင်ပန်းမြဲ ပင်ပန်းနေရခြင်းအတွက် ဝမ်းနည်းအားငယ်ခြင်းတော့ မဖြစ်မိ။ သားဖြစ်သူ အမေ့အားပစ်ထားထွက်ပြေး၍ ပျောက်ကွယ်သွားခဲ့သည်မှာ နှစ်ပရိစ္ဆေဒတော်တော်ပင် ကြာညောင်းလာခဲ့ပြီဖြစ်သည့်တိုင်အောင် အမေသည်ဖြစ်သလိုနေထိုင်၍ လုပ်ကိုင်စားသောက်ခဲ့ပေသည်။

တစ်ယောက်ထီးတည်း နေထိုင်ရသည့်အတွက် အမေ့မှာအားငယ်စိုးရိမ်စရာလည်း မရှိပေ။ အမေကိုးလလွယ်၍ ဆယ်လ၌မွေးခဲ့ရသော သားဖြစ်သူ မောင်ချစ်ဦးသည် အမေ့အနီး၌မရှိသော်လည်း အမေ့မှာသားသမီးအမြောက်အများရှိနေခဲ့ပေပြီ။ အညှဉ်းဆဲခံ ပစ္စည်းမဲ့နှင့် အမေတို့သည် အမေ၏သမီးများပင် မဟုတ်ပါသလော။

စက်ရုံအလုပ်ရုံမှ အလုပ်သမားများသည် အမေ့သားများဖြစ်ကြ၏။

မှောင်ရိပ်နှင့်နောက်ဖေးလမ်းကြားများထဲ၌ အမေ၏ဆွေမျိုးများရှိကြ၏။ ဆောင်ကြာမြိုင်လယ်မှ သားကောင်မကလေးများသည်လည်း အမေ့၏သမီးငယ်များပင် မဟုတ်ပါသလော။

အမေသည် တစ်ယောက်ထီးတည်းနေရသည်မဟုတ် အမေ့မှာဆွေမျိုးများရှိ၏။ သားများသမီးများလည်း ရှိပါ၏။ သည်ဆွေမျိုးဉာတကာနှင့် သားသမီးတို့၏ပတ်ဝန်းကျင်၌ ဈေးတောင်းကိုခေါင်းရွက်ရင်း အမေသည်အသက်ရှင်နေနိုင်ခဲ့ပြီ မဟုတ်ပါသလော။

"ပဲပြုတ် ... ကောက်ညှင်းပေါင်း"

အမေ၏ ဈေးခေါ်သံကိုကြားရလျှင် အမေ၏ သားသမီးများနှင့် ဆွေမျိုးများသည် အမေရှိရာသို့ ဝိုင်းအုံ၍လာကြသည်ဖြစ်၏။ ထိုသို့ဝိုင်းအုံလာကြသူများအထဲ၌ အမေ၏ မြေးများပင်ပါလာကြသေး၏။ ထိုအမွေမဲ့မြေးငယ်များ၏ ချစ်သောဖွားဖွားလည်း အမေသည်ဖြစ်ခဲ့ရလေပြီ။

ဒါသည်ပင် အမေ၏ မြင့်မြတ်သော ဘဝဖြစ်တော့သည်တကား။

ဒါသည်သာ အမေ့ဘဝဟုဆိုရလိမ့်မည်ပါတကား။

# ချစ်လှစွာသောအမေ

## (က)

အမေသည် မိမိကျရောက်နေသော အချုပ်ခန်းထဲမှ သားကောင်ဘဝကို တွေ့ထိစပြု လာခြင်းနှင့် နာကျင်ခြင်းသည် ရိုးတွင်းခြင်ဆီထဲ၌ ငုပ်လျှိုးနေရာမှ လူးလွန့်လှုပ်ရှား လာ၏။ ရင်ထဲအသည်းထဲက ပွက်လာ၏။

ကျဉ်းမြောင်းညစ်ပေလှသော အချုပ်ခန်းကလေးထဲတွင် ဖျာကြမ်းကလေးပေါ်၌ အမေသည် မောပန်းနာကျင်စွာ ပက်လက်မှိန်း၍နေရရင်း မိမိ၏ဘဝတစ်လျှောက်လုံး၌ နာကျင်ခဲ့ရသောအကြောင်းအရာများနှင့် ငိုယိုပင်ပန်းခဲ့ရသော အဖြစ်အပျက်များကို တစ်ခုပြီးတစ်ခု အစီအရီပြန်၍ သတိရစဉ်းစားမိခဲ့ပေသည်။

လူမှန်းသူမှန်းသိတတ်လာခဲ့သော အသက်အရွယ်မှစ၍ လူ့ဘဝဆိုသည်မှာ အမေ့အတွက် သာယာပျော်မွေ့စရာဆို၍ကား ဝေးလေစွ။ သက်သာခံသာသော အကွက်ကလေးများပင် တစ်ကွက်တစ်လေမျှမရှိခဲ့ရပါကလား။ လူ့ဘဝဆိုသည်မှာ တိရစ္ဆာန်တစ်ကောင်၏ ဘဝထက်ဘာမျှလည်း ထူးခြားကောင်းမွန်ခြင်းမတွေ့မိ သက်သာခံသာခြင်းလည်းမရှိခဲ့။ ဘယ်မှာလဲ ဒုလ္လဘ။

လယ်ကန်သင်းဆောင်တွင် တစ်ယောက်တည်း ငိုနေရှာသောမိန်းကလေး။ မြေပိုင်ရှင်အိမ်တွင် ကျွန်ခံရင်း လင်တစ်ယောက်ကို ငိုယိုတောင်းပန်၍ အသနားခံယူခဲ့ရသော သားကောင်မကလေး။ ဘယ်မှာများ ရယ်မောရခြင်းရှိခဲ့ပါသနည်း။

လင်တစ်ယောက်ရပြန်ပါလည်း အဆင်းရဲအငတ်ပြတ်ခံခဲ့ရ၏။ ဈေးတောင်းခေါင်းရွက်ခဲ့ရ၏။ လင်ထောင်ကျနေသော ကာလများတွင် သားတစ်ကောင်နှင့်ဖြစ်သလို လုပ်ကိုင်စားသောက်ခဲ့ရသေး၏။ ဘယ်မှာများ သာယာကြည်နူးစရာသည် ရှိခဲ့ပါသေးသနည်း။

လင်သေ၍ မုဆိုးမဖြစ်ရပြန်သောကာလ၌လည်း သားကိုအားမကိုးခဲ့ရ။ သားကို ပေးလှူရ၍ မိမိဝမ်းစာကို အိုကာမင်းကာနှင့်လည်း ဈေးတောင်းခေါင်းရွက်၍ ရှာဖွေခဲ့ရ ၏။ လူ့ဘဝဆိုသည်မှာ ဒါလောက်ပဲလား။

ရာစုနှစ်၏ တစ်ဝက်ကျော်မျှ အမေနေထိုင်လာခဲ့ရပြီးသော လူ့ဘဝသည်ကား ငတ်မွတ်ဆာလောင်၍ချို့တဲ့ရခြင်းများနှင့် ပင်ပန်းနာကျင်ရခြင်းများဖြင့် သံသရာလည် ၍နေ၏။ အညှဉ်းဆဲခံနေရခြင်းများနှင့် စိုးရွံ့ထိတ်လန့်နေခဲ့ရခြင်းများဖြင့်သာ ချာချာ လည်၍နေခဲ့၏။ မနုဿတ္တဒုလ္လဘတဲ့လား။

လူ့ဘဝဆိုသည်မှာ"စားဝတ်နေရေး"အတွက် အလုပ်လုပ်ရခြင်းဆိုသည်ကို အမေ က ကျေကျေနပ်နပ်လက်ခံပါ၏။ သို့ရာတွင် အလုပ်ကိုနေထွက်မှနေဝင်အထိ ပင်ပန်း ကြီးစွာ လုပ်ကိုင်နေခဲ့ရသည်၏ အကြားမှပင်ငတ်မွတ်ဆာလောင်၍ အမြဲတစေ ချို့တဲ့ ဆင်းရဲနေရခြင်းများသည် အမေ၏လူ့ဘဝမှ ဘယ်အခါကမှထွက်ခွာသွားခြင်း မရှိခဲ့။ ငတ်မွတ်ဆာလောင်၍ ချို့တဲ့နေရခြင်းများအကြားမှလည်း အညှဉ်းပန်းအနှိပ် စက်ကို နာကျင်စွာခံလိုက်ရချေသေးတော့၏။ ထိုကဲ့သို့ အသက်ရှင်လာခဲ့ရသော အမေ၏ ဘဝ သည် တိရစ္ဆာန်တစ်ကောင်၏ဘဝထက် ဘာများကောင်းမွန်ထူးခြားပါသေးသနည်း။

တိရစ္ဆာန်တစ်ကောက်ထက်များစွာ ထူးခြားခြင်း၊ သက်သာကောင်းမွန်ခြင်းမရှိလှ သောဘဝဖြင့် အမေသည်ရာစုနှစ်၏ တစ်ဝက်ကျော်မျှနေထိုင်ရှန်းကန်လာခဲ့ရပြီးနောက် ထိုဘဝဆိုးမှလွတ်မြောက်ရေးအတွက် လမ်းစကိုတွေ့ရှိနားလည်ကာ ထိုလမ်းစအတိုင်း လျှောက်လိုက်လာခဲ့ရင်း ယခုကဲ့သို့သားကောင်အဖြစ်သို့ တစ်ဖန်ကျရောက်လာခဲ့ရ သော အဖြစ်အပျက်များကို အမေသည် တစ်ခုပြီးတစ်ခု အစီအရီစဉ်းစားကြည့်ပြီးခဲ့ လေပြီ။

အမေသည် သတိရမိသ၍ ပြန်လည်စဉ်းစားကြည့်လာခဲ့ရသော အဖြစ်အပျက် အကြောင်းအရာများသည် အမေ၏အကြောင်းအရာမျှသာဖြစ်သော်လည်း အမေ၏ အကြောင်းအရာနှင့် ဆက်စပ်နေသော အခြားလူများ၏အကြောင်းအရာအဖြစ်အပျက် များသည် သူ့ဟာနှင့်သူ အစီအရီပါဝင်၍လည်း လာခဲ့ကြ၏။

ကွမ်းခြံကုန်းဘက်ရှိ လယ်ကန်သင်းဘေးတွင် တစ်ယောက်တည်းငိုယိုနေခဲ့ရာ မှ မြေပိုင်ရှင်အိမ်သို့ ဆက်စပ်ရောက်ရှိလာခဲ့ရသည့်နည်းတူ မြေပိုင်ရှင်၏အငယ်အနှောင်း အဖြစ် ခြေတော်အတင်ခံရမည့်ဘဝဆိုးမှ လွတ်မြောက်ရေးအတွက် ပြေးမိပြေးရာကို ပြေးလွှားရင်း သဘောကောင်းသော တက္ကသိုလ်သပိတ်မှောက်ကျောင်းသား ကိုရင်မောင် အား မရအရဖမ်းဆီးခဲ့ရပေသည်။ လယ်တောသူကလေးတစ်ယောက်နှင့် အမျိုးသား ရေး အရေးတော်ပုံကြီးတို့သည် ဤကဲ့သို့ဆက်စပ်ခဲ့ရ၏။ ထိုသို့ ဆက်စပ်ရေးရသည့် အချိန်ကာလမှစ၍ တစ်နေ့တခြားကြီးထွားလာသော အမျိုးသားလွတ်မြောက်ရေး

အရေးတော်ပုံကြီးအတွင်း၌ အမေသည်မထင်ရှားမသိသာ ပါဝင်ခဲ့ရ၏။ ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်ပွားမီ ဗမာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေး အရေးတော်ပုံကြီးအတွင်းမှ အမြဲတစေတိုက်ခိုက်ခဲ့သော မျိုးချစ်သားကောင်းတစ်ယောက်၏ ဇနီးအဖြစ်နှင့် အမေသည် ပါရမီဖြည့်ရင်း ကူညီခဲ့ရပြီးသည်နှင့် မပြီးဆုံးသေးဘဲ ဖက်ဆစ်တော်လှန်ရေးနှင့် ဒုတိယကမ္ဘာစစ်ပြီး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင် ဆက်လက်တိုက်ခိုက်နေခဲ့သော မျိုးချစ်သားကောင်းတစ်ယောက်၏ မိခင်အဖြစ်နှင့်လည်း အမေသည်ပါဝင်တိုက်ခိုက်ခဲ့ရ၏။

ယခုတစ်ဖန်အမေသည် ပြည်သူ့သားကောင်းကြီးမောင်ချစ်ဦးအား ကြိုးတိုက်အတွင်းမှ ထုတ်ယူလွတ်မြောက်ရေးအတွက် ၎င်း၌ကျန်ရှိနေသေးသော အားခွန်ကလေးများကိုဖျစ်ညှစ်စိုက်ထုတ်ကာ လှုံ့ဆော်တိုက်ခိုက်ရင်း နောက်ဆုံး၌သားကောင်းအဖြစ်ဖမ်းဆီးကျရောက်၍ အချုပ်ခန်းကလေးအတွင်း၌ ရောက်ရှိခဲ့ရခြင်းပင်ဖြစ်လေသည်တကား။

(ခ)

အမေသည် မိမိ၏အဖြစ်အပျက် အကြောင်းအရာများကို စဉ်းစားနေခဲ့ရာမှ မနက်ဖြန် ဗန္ဓုလပန်းခြံ၌ ပြည်သူတို့က ဆန္ဒပြကန့်ကွက်ကြမည့် လူထုစည်းဝေးပွဲကြီးကို သတိရစဉ်းစားလာမိပြန်၏။

အမှန်တရားကိုသိရှိကြပြီဖြစ်သော ပြည်သူတို့က ၎င်းတို့၏သားကောင်းကြီးချစ်ဦးအား ကြိုးတိုက်အတွင်းမှ တောင်းဆိုထုတ်ယူကြမည့် လူထုစည်းဝေးပွဲကြီးကို သားကောင်းကြီးချစ်ဦး၏ မိခင်မြတ်ဖြစ်သော အမေသည်တက်ရောက်ခွင့်ကား မရှိတော့။ ထိုကဲ့သို့တက်ရောက်ပါဝင်ခွင့် မရခြင်းအတွက် ဝမ်းနည်းစရာဖြစ်သော်လည်း အမေသည်များစွာတော့ ဝမ်းမနည်းလှပေ။ အမေ၏တက်ရောက်ပါဝင်ရေးထက် အဓိကဖြစ်သော ပြည်သူတို့၏စုဝေးဆန္ဒပြ ကန့်ကွက်ပွဲကြီးကား မနက်ဖြန်တွင် ဗန္ဓုလပန်းခြံ၌ အောင်မြင်စွာပြုလုပ်နိုင်ကြပေတော့မည်။ ထိုကဲ့သို့ ပြည်သူ့အာဏာပြပွဲကြီး ချောမောအောင်မြင်ရေးအတွက် အမေသည်တက်ရောက်ကြားနာခွင့်နှင့် ပါဝင်ခွင့်ကို မရသည်ဖြစ်စေ၊ အချုပ်အနှောင်အတွင်း၌ ဖမ်းဆီးညှဉ်းပန်းခြင်းခံနေရငြားလည်းဖြစ်စေ အမေသည် အဓိကလုပ်ငန်းကိုလုပ်ဆောင်ခဲ့ရပြီဖြစ်၍ နှစ်သိမ့်မှုကိုရရှိခဲ့ပေပြီ။

ပြည်သူတို့၏အာဏာကို အလွဲသုံးစားပြု၍ ပြည်သူတို့အားပြောင်ပြောင်ကြီး သစ္စာဖောက်ကာ နယ်ချဲ့သမားများနှင့်ပူးပေါင်း၍ ၎င်းတို့အား အာဏာအပ်နှင်းခဲ့ မှားမိကြသော၊ ပြည်သူတို့အား အမျိုးမျိုးဖိနှိပ်ညှဉ်းပန်းခြင်း၊ ခြိမ်းခြောက်ခြင်းပြုနေကြသူများအား ယခုအခါ၌ ပြည်သူတို့က အာဏာပြကြပေတော့မည်။ ကန့်ကွက်ဆန္ဒပြကြပေတော့မည်။ ပြည်သူတို့သည် တောင်းဆိုသမှုများပြုလုပ်လာကြပေတော့မည်။

ပြည်သူတို့သည် မှန်သောတရားကို သိရှိလာကြပြီဖြစ်၍ ၎င်းတို့၏သားကောင်းကြီး မောင်ချစ်ဦးအား ကြိုးတိုက်အတွင်းမှ ယခုချက်ချင်းပင်လွှတ်ပေးရန် ဆန္ဒပြတောင်းဆိုကြပေတော့မည်ဖြစ်၏။ ပြည်သူတို့ယခုကဲ့သို့ ဆန္ဒပြတောင်းဆိုလာကြသောအခါ၌ အဘယ်ဘုန်းသမ္ဘာရှင်သည် ဆန့်ကျင်ဝံ့ရဲပါမည်နည်း။ ဘုန်းကြီးသောဝေဿန္တရာမင်းကြီးသည် ပြည်သူတို့ကို ဆန့်ကျင်ခဲ့မိ၍ ဝင်္ကပါသို့ပြေးခဲ့ရပေ၏။ လှီနှင့်ဇာဘုရင်တို့သည် ပြည်သူတို့၏ ဓားစက်တွင် ခေါင်းနှင့်ကိုယ် အိုးစားကွဲခဲ့ရ၏။ ပြည်တင်းလျှင် အဘယ်မင်းခံနိုင်ပါအံ့နည်း။

အမေသည် ယခုအချိန်အခါ၌ အချုပ်ခန်းအတွင်း၌ ညှဉ်းပန်းချုပ်နှောင်ခြင်းကို ခံနေရသော်ငြားလည်း ၎င်း၏စိတ်သည် မနက်ဖြန်ဗန္ဓုလပန်းခြံ၌ ပြည်သူတို့က ပြုလုပ်ကြတော့မည့် လူထုစည်းဝေးပွဲကြီးသို့ ရှေ့ပြေးရောက်ရှိသွားပြန်၏။

အမေသည် မျက်လုံးကိုအသာမှေး၍ထားလိုက်သည်။

ဗန္ဓုလပန်းခြံ ပြည်သူ့စည်းဝေးပွဲကြီးသို့အမေသည် ရောက်ရှိ၍သွားပေပြီ။

ဧရာမလူထုကြီးသည် စည်းကမ်းသေဝပ်စွာဖြင့် မိမိတို့သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အလံတော်အောက်၌ အသီးသီးရှိနေကြလေ၏။ သူတို့အားလုံး၏မျက်နှာသည် တစ်ခုတည်းသောဆန္ဒကိုသာ ဖော်ပြတောင်းဆိုလျက်ရှိကြပေသည်။ လူထုအဖွဲ့အစည်း၌ လူတန်းစား လူမျိုးစုအဖွဲ့အစည်းအသီးသီးတို့ကလည်း မိမိတို့၏သက်ဆိုင်ရာ အလံတော်များအပြင် ကြွေးကြော်သံစာတန်းကြီးများကိုလည်း တက်တက်ကြွကြွ လွှင့်ထူ၍ ကိုင်ဆောင်ထားကြလေသည်။

အမေသည် အားရွှင်မြူးစွာ ထိုလွှင့်ထူထားသောကြွေးကြော်သံစာတမ်းများကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ လျှောက်၍ လိုက်လံကြည့်ရှုနေမိ၏။

လူထုအဖွဲ့အစည်းများ၊ လူတန်းစားနှင့် လူမျိုးစုအဖွဲ့အစည်းများ အသီးသီးတို့၌ မိမိတို့သက်ဆိုင်ရာဆန္ဒပြတောင်းဆိုချက်များ၌ ဘဝအခြေအနေအရ မတူညီကြသော်လည်း တစ်စုံတစ်ရာ၌မူကား အားလုံးတစ်စိတ်တစ်ဝမ်းတည်း တစ်သဘောတည်းတောင်းဆိုဆန္ဒပြကြသည်ကိုကား အမေသည်တွေ့ရှိရလေ၏။ ထိုတူညီသော ဆန္ဒပြတောင်းဆိုချက်သည်ကား" ပြည်သူ့သားကောင်းကြီးချစ်ဦးအား မတရားမသတ်နဲ့ လွှတ်လော့"ဟူသောအချက်ပင်ဖြစ်၏။

အလုပ်သမားအဖွဲ့အစည်းများသည်"အလုပ်သမားများတို့ ညီညွတ်ကြလော့" ဟူသော တောင်းဆိုချက်ကို ပြလာ၏။

လူငယ်အဖွဲ့အစည်းများက "လူငယ်များညီညွတ်စွာနှင့် တတိယကမ္ဘာစစ်ကြီးကို တားဆီးကြလော့"ဟု လှုံ့ဆော်ထားကြ၏။

အမျိုးသမီးထုကြီးက "လင်သား မောင်ဖားများကို အမြောက်စာအဖြစ်မခံကြစေနှင့်"ဟု ကြွေးကြော်လာ၏။

လူမျိုးစုများက" ပြည်နယ်နှင့်ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ပေးလော့"ဟူ၍ တောင်းဆိုနေကြ၏။

လယ်သမားများက" စပါးဈေးတိုးမြှင့်ပေးလော့"ဟု တောင်းဆိုကြ၏။

နောက်ဆုံးပြည်သူတို့ကိုကိုယ်စားပြုနေကြသော နိုင်ငံရေးပါတီများက"တတိယကမ္ဘာစစ်ကြီးနှင့် နယ်ချဲ့သမား၏အန္တရာယ်ကို အချိန်မီတားဆီးနိုင်ရေးအတွက် အချင်းချင်းတိုက်ခိုက်မှုကို ရပ်စဲ၍ အမျိုးသားညီညွတ်ရေးကို တည်ဆောက်ကြလော့"ဟူသော တောင်းဆိုချက်များကို ပြုလာကြလေသည်။

အမှန်စင်စစ် အမေသည် ဗန္ဓုလပန်းခြံလူထုစည်းဝေးပွဲကြီးသို့ တကယ်မရောက်ရှိပေ။ လူထုစည်းဝေးပွဲသည် မနက်ဖြန်မှကျင်းပမည်ဖြစ်၍ အမေမှာမူကား အချုပ်ခန်းထဲ၌ အညှဉ်းပန်းခံနေရသောသားကောင်ဘဝ၌ ကျရောက်နေရခြင်းဖြစ်လေ၏။ ယခုကဲ့သို့ သားကောင်ဘဝ၌ ကျရောက်ညှဉ်းပန်းခြင်းခံနေရသောအမေသည် မနက်ဖြန်လူထုစည်းဝေးပွဲသို့ကား တက်ရောက်ခွင့်မရှိနိုင်ပေ။

စိတ်ကူး၌သာထင်မြင်၍ရသော လူထုစည်းဝေးပွဲကြီးကို အဘယ်သို့မျှတက်ရောက်ခွင့်မရှိသော မိမိ၏လောလောဆယ်ကျရောက်ဖြစ်ရှိနေရသောဘဝကို အမေသည် ပြန်လည်သတိရကာ စဉ်းစားလာသောအခါ ဝမ်းနည်းပက်လက်ဖြစ်မိပေ၏။ အမေ၏သား သူရဲကောင်း"ချစ်ဦး"အတွက် ဆန္ဒပြကန့်ကွက်ကြသော စည်းဝေးပွဲသို့တက်ရောက်ခွင့်မရတော့သည့် အမေ၏အဖြစ်မှာ အဘယ်မျှအသည်းနာစရာ ကောင်းလိုက်ပါသနည်း။ အဘယ်မျှရင်နာစရာလည်းကောင်းလိုက်ပါသနည်း။

အမေ၏မျက်လုံးအိမ်မှ မျက်ရည်ပေါက်များသည် တလိမ့်လိမ့်စီးဆင်း၍ကျလာ၏။

သည်အခိုက်မှာပင် အချုပ်ခန်းတံခါးသည်ပွင့်၍သွားကာ တံခါးဝ၌ ညဦးပိုင်းက အမေ့အားညှဉ်းပန်းစစ်ဆေးခဲ့သော ရုပ်နက်တပ်သားသုံးယောက်သည်လျှောက်နေ၏။

"အိပ်နေသလား အဒေါ်ကြီး ထ ထ" အကြီးအကဲနှင့်တူသူက အမေ့အားအမိန့်ပေးလာချေ၏။

အမေသည် မျက်ရည်ကိုလျင်မြန်စွာ သုတ်ပစ်လိုက်ပြီးနောက် ပက်လက်လှဲနေရာမှထ၍ ထိုင်လိုက်လေသည်။

"ဘယ်လိုလဲ ကျုပ်တို့မေးတာကို ပြောမလားမပြောဘူးလား"

"မောင်ရင်တို့လုပ်ချင်သလို လုပ်ကြပေါ့ကွယ်၊ အမေကတော့ဘာမှ မသိတာမသိ ဘူးပဲ"ဟု အမေသည် ဣန္ဒြေရရပြန်၍ ပြောပြလိုက်လေ၏။

"ကဲဒါလောက်ခေါင်းမာတဲ့ အဒေါ်ကြီးထုတ်ခဲ့ကြစမ်းကွာ။ ဒီတစ်ခေါက်တော့ နံပါတ်သရီးနဲ့ကြိတ်လိုက်ရသေးတာပေါ့"ဟု အကြီးအကဲနှင့်တူသူက သူ၏ငယ်သား နှစ်ယောက်အား အမိန့်ပေးကာထွက်၍သွားလေ၏။

ရုပ်နက်တပ်သားနှစ်ယောက်သည် အချုပ်ခန်းအတွင်းသို့ ဝင်လာကြပြီးနောက် အမေ့အားလက်တစ်ဖက်တစ်ချက်စီမှ ဆွဲထူ၍ နံပါတ်သရီးနှင့်ကြိတ်မည်ဆိုသော လူသတ်ကုန်းသို့ခေါ်ဆောင်သွားကြခဲ့လေပြီတကား။

(၈)

သုံးရက်ခန့်ကြာသောအခါ ယမ်းတောင့်နှင့် လက်နက်ခဲယမ်းမီးကျောက်များအား ဓာတ်တော်မွေတော်များဖြစ်ပါသည်ဟူ၍လည်းကောင်း၊ "အီးစီအေ"ခေါ် အမေရိကန် နယ်ချဲ့သမား၏နယ်ချဲ့ကျူးကျော်ရေးနှင့် တတိယကမ္ဘာစစ်တိုက်ခိုက်ရေး စီမံကိန်း ကြီးသည် ဆရာသမားမိဘဂုဏ်ကျေးဇူးထက် ကြီးမားမြင့်မြတ်လှပါသည်ဆို၍လည်း ကောင်း မဟုတ်ကဟုတ်ကတို့နှင့် မရှက်မကြောက် လုပ်ကြံရေးသားလေ့ရှိကြသော ရန်ကုန်ထုတ်နေ့စဉ်သတင်းစာများနှင့် မထင်မရှားသော ချောင်ကျကျသတင်းကော်လံ၌ သတင်းအတိုကလေးသုံးခုကို မလွှဲသာမရှောင်သာ ဖော်ပြကြသည်ကို ပြည်သူတို့ သည်တွေ့ရှိကြပေသည်။

ထိုကဲ့သို့မလွှဲသာမရှောင်သာ၍ ပုံနှိပ်ဖော်ပြကြသော သတင်းတိုကလေးသုံးခု အနက်

ပထမသတင်းတိုကလေးမှာ

**အတိုက်အခံများ၏ ဗန္ဓုလပန်းခြံမှဆဲသံ**

**တစ်နေ့က ရန်ကုန်မြို့ဗန္ဓုလပန်းခြံအတွင်း၌ လက်ရှိပြည်ထောင်စု အစိုးရ အား အမြဲတစေအပြစ်ပြောလေ့ရှိကြသော အတိုက်အခံနိုင်ငံရေးသမားများသည် ထုံးစံအတိုင်း တရားဥပဒေအရ ထူထောင်ဖွဲ့စည်းထားသော ပြည်ထောင်စု အစိုးရ အား မတရားပုတ် ခတ်ဆဲရေးကြပြန်ကြောင်း။ ၎င်းတို့၏ဆဲရေးပွဲသို့ ၎င်းတို့၏ နောက်လိုက်နောက်ပါ အဖွဲ့အစည်းများ တက်ရောက်ကြသည်ဆိုသော်လည်း လူထုမှဘာမျှမရှိကြောင်း။**

**ဗန္ဓုလပန်းခြံလူထုစည်းဝေးပွဲက နိုင်ငံတော်လုပ်ကြံပုန်ကန်မှု၊ သစ္စာဖောက် ဥပဒေ၊ လက်နက်ဥပဒေများဖြင့် ကြိုးမိန့်ချထားသော သောင်းကျန်းသူချစ်ဦးဆို သူအား အမြန်ဆုံးလွှတ်ပစ်ရန် ဆုံးဖြတ်တောင်းဆိုကြသေးသည်ဟု ကြားသိရ ကြောင်း။**

ထိုကဲ့သို့သတင်းအမှန်ကို အမျိုးမျိုးလုပ်ကြံဖျက်ဆီးရေးသားဖော်ပြခြင်းနှင့် အား မရနိုင်သေးဘဲ ထိုသတင်းနှင့်ဆက်၍ အောက်ခြေနားတွင် အယ်ဒီတာမှတ်ချက်အနေနှင့် **"သောင်းကျန်းသူ ချစ်ဦးအား ကြိုးပေးသတ်ဖြတ်မှသာလျှင် ကျန်ရှိသေးသော သောင်းကျန်းသူများမှာ ၎င်းတို့၏အမှားကိုနောင်တတရားရရှိကာ လက်နက်ချကြလိမ့်မည်ဖြစ်ကြောင်း"** စသည်ဖြင့် လောကွတ်ချော်ထားလိုက်ကြသေး၏။

ထိုသတင်းစာ၏ မထင်မရှားသော အခြားသတင်းကော်လံတစ်ခု၌ကား ဒုတိယ သတင်းတိုကလေးတစ်ခုကို ဖော်ပြထားလေသည်။

**အစိုးရ၏မဟာကရုဏာ**

**ယခင်တောရိုသောင်းကျန်းခဲ့သူ ချစ်ဦးဆိုသူအား အောက်တရားရုံးမှ ကြိုးမိန့်နှင့် တစ်သက်တစ်ကျွန်းချမှတ်ခဲ့သော နိုင်ငံတော်သစ္စာဖောက်မှုကြီးကို အထက်တရားရုံးမှ ပယ်ဖျက်၍ ချစ်ဦးဆိုသူအား မနေ့ကပင် ရန်ကုန်ထောင်ကြီးမှ လွှတ်လိုက်ပြီဟု သတင်းတစ်ရပ်ရရှိကြောင်း**

ထိုသတင်းနှစ်ခုနှင့် ဆက်စပ်နေသော တတိယသတင်းတိုကလေးတစ်ခုကိုကား ကြော်ငြာကော်လံများနှင့်ရောရှ၍ ဖော်ပြထားသောကြောင့် အချို့သတင်းစာဖတ်သူများသည် ထိုသတင်းအားဖတ်မိမှ ဖတ်မိကြပေလိမ့်မည်ဖြစ်၏။

ထိုသတင်းမှာ –

**လေသင်တုန်းဖြတ်၍သေဆုံးသွားသော**
**တရားခံမကြီးတစ်ဦး**

**ရန်ကုန်မြို့၏ အထူးတာဝန်ကျသော ဂါတ်တစ်ဂါတ်၌ မြေအောက်သောင်းကျန်းသူများနှင့် ဆက်သွယ်သည်ဟု မသင်္ကာစရာ စာရွက်စာတမ်းများနှင့် ဖမ်းမိသော ပဲပြုတ်၊ ကောက်ညှင်းပေါင်းသည် ဒေါ်ငြိမ်းဆိုသောအဖွားကြီးအား စစ်ဆေးနေရာမှ ထိုတရားခံမကြီးသည် လေသင်တုန်းဖြတ်၍ သေဆုံးသွားသဖြင့် ရန်ကုန်ဆေးရုံကြီးက မြှုပ်နှံလိုက်ရသည်ဆိုသော သတင်းတစ်ရပ်ကိုလည်း ကြားသိရကြောင်း။**

ထိုကဲ့သို့ မလွဲသာမရှောင်သာ၍ ပုံနှိပ်ဖော်ပြကြသော သတင်းတိုကလေးသုံးခုသည် တစ်ခုနှင့်တစ်ခု အဘယ်ကဲ့သို့ ဆက်စပ်ထောက်ပံ့၍နေကြသော အဖြစ်အပျက်အမှန်အကန်များကိုမူကား အတိအကျအတိုင်း ပြည်သူတို့သည် အဘယ်နေ့အဘယ်နေ့ရက်ကာလကြာမှ သိရှိနိုင်ကြပါမည်နည်း။

**ဇန်းမော်တင်အောင်**

# နောက်ဆက်တွဲ
## မှောင်မိုက်သောညများ
### (က)

၁၉၅၂ခု၊ ဩဂုတ်လ ၂၉ရက်နေ့က ကာကွယ်ရေးပုဒ်မငါးဖြင့် ကျွန်တော်အား ဖမ်းဆီးကြ၏။ နေရောင်မမြင်ရသော ဘားလမ်းအချုပ်ထောင်၌ ကြွက်၊ ခြင်၊ ပိုးဟပ်များနှင့် (၇)ရက်မျှအတူနေထိုင်ခိုင်းပြီးနောက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စာရေးဆရာအသင်းကြီးက ရန်ကုန်ထောင်ကြီးသို့ ပို့ပေးရန် ဝိုင်း၍ဆူဆူညံညံလုပ်ပေးကြသဖြင့် စက်တင်ဘာလ (၅)ရက်နေ့တွင် ကျွန်တော်သည် ရန်ကုန်ထောင်ကြီးသို့ ရောက်ရှိခဲ့ရ၏။

ပြည်တွင်းစစ်၊ ပြည်တော်သာ၏ နေ့တစ်နေ့၊ သူပုန်ကြီး၊ အမေနှင့် ပြည်တော်သာ ခင်ခင်ဦးစသော စာအုပ်များရေးသားခဲ့သည့်အတွက် နိုင်ငံတော်အစိုးရမင်းများက တရားလိုပြုလုပ်၍ ကျွန်တော့်အား တစ်မှုပြီးတစ်မှု အလီလီအလာလာ တရားစွဲဆို၏။ အမေဆိုသော စာအုပ်မှာ တစ်အုပ်တည်းသာဖြစ်သော်လည်း နှစ်ကြိမ်ပုံနှိပ်ရသဖြင့် အမှု (၂)မှုလုပ်၍ တရားစွဲဆိုသည့်အထိဖြစ်၏။ ပြည်တွင်းစစ်နှင့် ပြည်တော်သာနေ့တစ်နေ့စသော ဝတ္ထုတိုကလေးများအား . . . အရေးပေါ်အက်ဥပဒေဖြင့် တရားစွဲဆို၍ ကျန်သူပုန်ကြီး ပထမနှင့် ဒုတိယနှိပ်ခြင်းများနှင့် ပြည်တော်သာ ခင်ခင်ဦးစာအုပ်များအား ရာဇသတ်ကြီးပုဒ်မ ၁၂၄(က)နှင့် စွဲဆို၏။ ထိုအချိန်က ပုဒ်မ ၁၂၄(ခ)ကို နောက်ထပ်၍ အစိုးရသည် မပြုလုပ်ရသေးပေ။

ပြည်တွင်းစစ်၊ ပြည်တော်သာ နေ့တစ်နေ့နှင့် သူပုန်ကြီးစသော အမှုအခင်းများအတွက် ကျွန်တော်သည် တရားဥပဒေ၏လမ်းကြောင်းအတိုင်း နိုင်ငံတော်အစိုးရ၏ စွပ်စွဲချက်များကို တရားရုံးတော်၌ထုချေခြင်းပြုခဲ့၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းနှင့် ရက္ခန်းဦးလှထွန်းဖြူ (ယခုဘဏ္ဍာရေးဌာနပါလီမန်အတွင်းဝန်)စသော ပုဂ္ဂိုလ်များက ကျွန်တော်၏ဘက်မှ ဝိုင်းဝန်းပြီး သက်သေခံခဲ့ကြ၏။

သို့ရာတွင် ဤအမှုအခင်းများပြီးသည့်နောက်၌လည်း တရားလိုဖြစ်သော နိုင်ငံတော်အစိုးရသည် ကျွန်တော့်အပေါ်၌ ရန်ငြိုးမပြေနိုင်သေး သကဲ့သို့ နောက်ထပ်၍ တစ်မှုပြီး တစ်မှု တရားစွဲဆိုခြင်း ပြုလာပြန်၏။ အမေဆိုသော စာအုပ်တစ်အုပ်တည်းကိုပင် စာအုပ်တစ်အုပ်တည်းဖြစ်ပါလျက် နှစ်ကြိမ်ပုံနှိပ်ခြင်းပြုရသဖြင့် အမှု (၂)မှုခွဲ၍ တရားစွဲဆိုသည် အထိပြုလုပ်လာ၏။

အားထားစရာဆို၍ ကျွန်တော်၏အတွက် တရားရုံးမင်းသာလျှင် ရှိတော့၍ တရားလိုဖြစ်သော နိုင်ငံတော်အစိုးရမင်းများက ဤကဲ့သို့ တစ်မှုပြီးတစ်မှု အလီလီအလာလာ ပြုလုပ်နေသောကိစ္စကို တားမြစ်၍ တရားစွဲဆိုရန်ရှိသော ကိစ္စများအားလုံးကိုတစ်ပါတည်း တရားစွဲဆိုခြင်းပြုရစေရန် တောင်းပန်ပြောဆိုခြင်းပြုရတော့၏။ သို့ရာတွင် တရားရုံးမင်းသည် ကျွန်တော်၏ တောင်းဆိုချက်ကို မကြားယောင် မသိယောင်ပြုလုပ်နေခဲ့၏။ ထို့ကြောင့် အမေနှင့်ပြည်တော်သာ ခင်ခင်ဦးစသော စာအုပ်များကို တရားစွဲဆိုသော အခါ ကျွန်တော်သည် တရားရုံးတော်သို့ တက်ရောက်ထုချေခြင်း အလျဉ်းမပြုခဲ့တော့ပေ။ ကျွန်တော်၏ ပျက်ကွက်ရာ၌သာလျှင် ထိုအမှုများကို စစ်မေး၍ အပြစ်ပေးခြင်း ခံခဲ့ရ၏။

တရားရုံးမင်းက ကျွန်တော့်တွင် ပြစ်မှုထင်ရှားသည်ဟုဆိုကာ ပြည်တွင်းစစ်အတွက် ထောင်ဒဏ် (၂)နှစ်၊ သူပုန်ကြီးအတွက် ထောင်ဒဏ် (၁)နှစ်၊ အမေအတွက် ပထမနှိပ်ခြင်း (၂)နှစ်၊ ဒုတိယနှိပ်ခြင်း (၂)နှစ်နှင့် ပြည်တော်သာခင်ခင်ဦးအတွက် (၂)နှစ် သုံးခုပေါင်း အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၉)နှစ်အပြစ်ပေးလိုက်၏။ သို့အတွက် ပြည်တွင်းစစ်နှင့် သူပုန်ကြီးပြစ်မှုများ၊ အမေ ပထမနှိပ်ခြင်းနှင့်ဒုတိယနှိပ်ခြင်း အမှုများအားတစ်ပါတည်းပေးလိုက်သဖြင့် (၃)ခုပေါင်း ထောင်ဒဏ် (၆)နှစ်မျှ သက်ညှာစွာဖြင့်ပင် ပေးလိုက်၏။

သို့ရာတွင် ကျွန်တော်သည် တရားရုံးမင်း၏ စီရင်ချက်အတိုင်း (၆)နှစ်ကြာမျှ ရန်ကုန်ထောင်ကြီးအတွင်း၌ နေထိုင်ခြင်းကား မပြုခဲ့ရပေ။ ပဲခူးရွှေမော်ဓောဘုရားထီးတင်ပွဲတော်ကြောင့်လည်းကောင်း၊ သာသနာတော် ၂၅၀၀ပွဲတော်ကြောင့်လည်းကောင်း၊ အကျင့်စာရိတ္တကောင်းမွန်သော အကျဉ်းသားများအား ပေးရိုးပေးစဉ်လျှော့ရက် (ဆုမှတ်ရက်ဟုလည်း ခေါ်သည်)များကြောင့်လည်းကောင်း၊ ကျွန်တော့်အား စတိဖမ်းဆီးခြင်းပြုခဲ့သော ၁၉၅၂ ခုနှစ်၊ ဩဂုတ် ၂၈ရက်နေ့မှစ၍ ကျွန်တော်ပြန်လည် လွတ်လပ်ခွင့်ရရှိခဲ့သော ၁၉၅၇ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့အထိ စုစုပေါင်း (၄)နှစ်၊ (၄)လနှင့် (၆)ရက်ကြာမျှသာ နိုင်ငံတော်အစိုးရ၏ အကျဉ်းသားဖြစ်ခဲ့ရ၏။ ထိုအကျဉ်းခံခဲ့ရသော အချိန်ကာလကို လက်ချိုးရေတွက်မည်ဆိုလျှင် ရက်ပေါင်း (၁၅၆၉)ရက်မျှရ၏။

**မြန်မာ့စာအုပ်တိုက်**

ဘားလမ်းအချုပ်နှင့် ရန်ကုန်ထောင်ကြီးများအတွင်း၌ နိုင်ငံတော်အစိုးရ၏ ရာဇဝတ်သားတစ်ယောက်အဖြစ်ဖြင့် အကျဉ်းခံနေခဲ့ရသော ထိုရက်ပေါင်း (၁၅၆၉)ရက် သည် ကျွန်တော်၏အတွက် မှောင်မိုက်သောညများသာ ဖြစ်သည်ဟု ဆိုရလိမ့်မည် ထင်၏။ ထိုနေ့ရက်များသည် အလင်းရောင်မရှိ၊ သာယာမှုမရှိ။

မိမိ၏ယုံကြည်မှုကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ခွင့်မရတော့ဘဲ လက်ချိုးခြေချိုး ခြင်း ခံနေခဲ့ရသောနေ့ရက်များသည် မည်သူတစ်ဦးအတွက် အလင်းရောင်ရှိသော နေ့ရက် များ ဖြစ်နိုင်ပါဦးမည်နည်း။ သားမယား၊ ဆွေမျိုး ဉာတကာတို့နှင့်လည်းကောင်း၊ အပေါင်းအသင်း မိတ်သဟာအများနှင့်လည်းကောင်း၊ အသက်ရှင်လျက်နှင့် ကွေကွင်း၍ နေထိုင်ခြင်း ပြုလာခဲ့ရသော နေ့ရက်များ၌ သာယာမှုသည် မည်ကဲ့သို့များ ရှိနိုင်ပါဦး မည်းနည်း။

ထို့နေ့ရက်ပေါင်း (၁၅၆၉)ရက်သည် မှောင်မိုက်သော ညများသာလျှင်ဖြစ်၏။ ကျွန်တော့်အား လူ့လောကနှင့် လုံးဝဖြတ်တောက်ထားသော နေ့ရက်များဖြစ်၏။ အုတ်နံရံ လေးဘက်ချ၍ ပိတ်လှောင်ထားခြင်းခံခဲ့ရသော နေ့ရက်များလည်းဖြစ်၏။ မိမိနှစ်သက် ၍ ဖတ်ရှုလိုသော သတင်းစာများနှင့် စာအုပ်စာတမ်းကိုပင်လျှင် မိမိသဘောနှင့်မိမိ၊ မိမိပိုက်ဆံနှင့်မိမိ လွတ်လွတ်လပ်လပ် ဖတ်ခွင့်မရှိ။ မိမိနှင့်လာရောက်တွေ့ဆုံစကားပြော ဆိုခြင်းပြုလိုကြသော အသိမိတ်ဆွေများကိုလည်း အေးအေးချမ်းချမ်းနှင့် လွတ်လွတ် လပ်လပ် ပြောဆိုခွင့်မရ။ ဖခင်တရားလို၏ ‌ နံ့ထောက်များက ဘေးမှကြည့်နေ၏။ နားထောင်နေ၏။ ထို့နောက်မှတ်နေ၏။

သဘာဝကပေးထားသော လရောင်ကိုပင်လျှင် လွတ်လွတ်လပ်လပ်ကြည့်ရခွင့် မရ။ လ၏မွန်းတည့်ခြင်းကို ထိုရက်ပေါင်း ၁၅၆၉ရက်အတွင်း ကျွန်တော်သည် တစ်ကြိမ် တစ်ခါမျှ မတွေ့မမြင်ခဲ့ရပေ။ ည (၆)နာရီမှ နံနက် (၆)နာရီအထိ (၁၂)နာရီတိတိမျှ သော့ပိတ်ထားခြင်းကိုခံရ၏။ လဝင် လဝင်ထွက်ကိုပင်လျှင် သံတိုင်များအကြားမှ မနည်း ဖြဲ၍ကြည့်ရ၏။ သို့ရာတွင် ရေးရေးလောက်သာ မြင်နိုင်၏။

ကျဉ်းမြောင်းလှသော အုတ်ရိုးကာအတွင်း လူပေါင်းမြောက်မြားစွာ စုဝေးနေထိုင် ခြင်းပြုရသဖြင့် စိတ်နှလုံးနောက်ကျိစရာများနှင့် နားမချမ်းမြေ့စရာ သတင်းများကို တစ်ဦး မဟုတ်လျှင် တစ်ဦးထံမှ နေ့စဉ်နေ့တိုင်းဆိုသလို ကြားရ၏။ တွေ့နေမြင်နေရ၏။ သို့ရာတွင် မိမိကလည်း ဘာမှတတ်နိုင်သည်မဟုတ်။ လက်ပိုက်၍သာ ကြည့်နေရ၏။

ကျွန်တော်နှင့်ပြည်တော်ခင်ခင်ဦးဝတ္ထုတွင် အမှုတွဲဖြစ်သော ဆန်းညွှန့်ဦး ဦးလှခင် ၏ မိခင်သည် သားဖြစ်သူ အချုပ်ခံနေရခိုက် လူကြီးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်

သွား၏။ သို့ရာတွင် မိခင်တစ်ယောက်လုံး အပြင်ဘက်တွင် သေဆုံးနေရသည့်အခိုက် အပြင်သို့ ခေတ္တခဏလောက်မျှထွက်၍ မိခင်ဖြစ်သူ၏အလောင်းကို ဦးလှခင်သည် ဝတ္တရားရှိသည့်အတိုင်း သဂြိုဟ်ခွင့် မရရှိခဲ့ပေ။ ဦးလှခင်အတွက် ကျွန်တော်သည် စိတ်မကောင်းဖြစ်နေရသည့်အခိုက် ကျွန်တော်နှင့်အတူ အမှတ် (၅)အဆောင်တွင် နေထိုင်လျက်ရှိသော အထူးတန်းအကျဉ်းသားလူကြီးလူကောင်းတစ်ဦးသည် ၎င်းထောင်ကျနေခိုက်၎င်း၏ ဇနီးက နောက်အိမ်ထောင်ပြုလို၍ ကွာရှင်းစာလာတောင်းသောကြောင့် ၎င်းကိုယ်ကို သေကြောင်းကြံလျက်ရှိ၏။

သို့ရာတွင် ဤလူ့လောကနှင့် သဘာဝကြီးအတွင်း၌ အဆိုးနှင့်အကောင်းတို့သည် ဒွန်တွဲလျက်ရှိနေ ဖြစ်နေတတ်သည့်အတိုင်း ထိုမှောင်မိုက်သောညများကို ကုန်လွန်နေထိုင်ခဲ့ရစဉ် အချိန်ကာလက အဆိုးများကို တွေ့ကြုံခြင်းပြုခဲ့ရသည့်နည်းတူ အကောင်းများနှင့်လည်း တွေ့ဆုံခဲ့ရ၏။ အမိုက်များနှင့်လည်း ကျွမ်းဝင်ခဲ့ရသည့်နည်းတူ အလိမ္မာများနှင့်လည်း ရင်းနှီးခွင့်ကို ကျွန်တော်ရရှိခဲ့၏။ ကျွန်တော်၏အတွက် အရှုံးထဲက အမြတ်များဟူ၍ ဆိုရလိမ့်မည်ထင်၏။

## (ဂ)

ရန်ကုန်ထောင်ကြီးအတွင်း၌ ချစ်စရာကောင်းလှသော သဘာဝတစ်ခုသည်ကား အကျဉ်းထောင်အတွင်းသို့ ကျရောက်ခဲ့ပြီးနောက် လူတို့သည် ပြင်ပလောကမှာတုန်းက ကဲ့သို့ ဘာမျှဟန်လုပ် ဖုံးကွယ်ခြင်း မရှိကြတော့ဘဲ မိမိတို့၏ စိတ်ပကတိအတိုင်း ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်း ဆက်ဆံနေထိုင်တတ်ကြခြင်းပင် ဖြစ်၏။ ဤအရပ်၌ ရေဆေး၍ ဆေးခြယ်သော အတတ်ပညာနှင့် အလေ့အထသည်မရှိ။ နှုတ်ဖျားကလေးမှ မထွက်ချင်ထွက်ချင်နှင့် ထွက်လာသော စကားကိုလည်း အလျဉ်းကြားရလိမ့်မည် မဟုတ်။ လူတို့သည် မိမိတို့၏ သဘာဝနှင့်ပင်ကိုယ်ဇာတိကို လျှို့ဝှက်ခြင်းအလျဉ်းမပြုတတ်ဘဲ တင်းပြည့်ကျပ်ပြည့် နေထိုင်ခြင်းသာပြုကြ၏။ အင်မတန် လူဆန်သည်ဟု ပြောဆိုရလိမ့်မည်ထင်၏။

အကျဉ်းအကျပ်အတွင်းသို့ အတူတကွကျရောက်နေရသူများ အချင်းချင်းဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး ခင်မင်၍ သက်ညှာတတ်ကြ၏။ တစ်ဦးတစ်ယောက်၌ ဝမ်းနည်းစရာရှိလာသောအခါ ဘေးကဝိုင်းအုံ၍ ဝမ်းနည်းကူကြ၏။ ထို့အတူ တစ်ဦးတစ်ယောက်၌ ဝမ်းမြောက်စရာ ရှိသောအခါလည်း အနားကဝိုင်း၍ ဝမ်းမြောက်ကူကြ၏။

ရန်ကုန်ထောင်ကြီးအတွင်း၌ တရုတ်၊ ကုလား၊ မြန်မာ၊ ရှမ်း၊ ကရင်စသော လူမျိုးပေါင်းစုံရှိကြ၏။ သို့ရာတွင် အစ္စလာမ်ဘာသာဝင်များ၏ “အစ်”နေ့သို့ရောက်ရှိ

သောအခါ ရန်ကုန်ထောင်ရှိ အကျဉ်းသားအားလုံးကို တမန်တော်မိုဟာမက်၏ နောက်လိုက်များဖြစ်ကြ၏။ ထို့အတူ ရန်ကုန်ထောင်တွင်း သင်္ကြန်ပွဲတော်၌ အိုးစည်ဗုံမောင်းတီး၍ မြူးထူးကခုန်ခြင်း ပြုကြသော ဖထီးနှင့် အပ္ပဒူကရင်တို့ကို လွမ်းဆွတ်ဖွယ်ရာတွေ့မြင်ရ၏။ ကရင်အမျိုးသားများ၏ နှစ်သစ်ကူးပွဲတော်နေ့များရောက်ရှိလာသောအခါ၌လည်း ရန်ကုန်ထောင်ကြီးအတွင်း၌ အကျဉ်းသားအားလုံးလိုလို ဖထီးလုပ်ခါသင်တိုင်းဝတ်ကုန်ကြ၏။

ထိုအားလပ်ခွင့် ပေးအပ်ခြင်းခံခဲ့ရသော နေ့ရက်ကာလများအတွင်းက ကျွန်တော်သည် ရန်ကုန်ထောင်ကြီးအတွင်း၌ အမျိုးမျိုးသောအကြောင်းများကြောင့် ဒေသအသီးသီးနှင့် ဘဝအသီးသီးများမှ ရောက်ရှိနေကြသော ဘဝတူလူသားများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရ၏။ ထိုလူသားတို့၏ သဘာဝနှင့်ဇာတ်ကြောင်းတို့ကိုလည်း ၎င်းတို့၏ဇာတိပကတိအတိုင်း ကျွန်တော်သည် ချဉ်းကပ်လေ့လာခွင့်ကို ရရှိခဲ့၏။ ထိုကဲ့သို့သော အခွင့်အရေးကို ကျွန်တော်သည် ရန်ကုန်ထောင်ကြီး၏ အပြင်ဘက်၌ကား မည်သည့်နည်းနှင့်မျှ ရရှိနိုင်ဖွယ်ရာ အကြောင်းမမြင်မိပေ။

သွင်းကုန်လိုင်စင်များ ထုတ်ပေးနိုင်သော တန်ခိုးအာဏာရှိသည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးကျော်မြင့်ကလေးအား ယခင်ဝန်ကြီးဘဝနှင့်တုန်းက ရန်ကုန်ထောင်၏ အပြင်ဘက်တွင် လူချင်းတွေ့ဆုံ၍ စကားပြောဆိုရမည့်အရေးသည် အဘယ်မျှကျပ်တည်းခက်ခဲလှသည့်အကြောင်းကို လိုင်စင်တောင်းရသော ကုန်သည်ကြီးငယ်တိုင်းသိရှိကြ၏။ သို့ရာတွင် ရန်ကုန်ထောင်တွင်း၌ကား ဦးကျော်မြင့်ကလေးကို မည်သည့်အကျဉ်းသားမဆို အချိန်မရွေးဝင်ရောက်တွေ့ဆုံနိုင်၏။ လိုင်စင်တောင်း၍ မရတော့စေကာမူ မိမိပြောဆိုလိုသော စကားကို လွတ်လွတ်လပ်လပ် ပြောဆိုခြင်းပြုနိုင်၏။ ဦးကျော်မြင့်ကလေးကလည်း အယုတ်၊ အလတ်၊ အမြတ်မရွေး လူတိုင်းအား အတွေ့ခံ၏။ ကော်ဖီတိုက်၍ ဧည့်ခံ၏။ ရေဒီယိုဖွင့်ပြ၏။ ထိုမျှသာလျှင်မကသေး၊ သူကိုယ်တိုင်သီချင်းတစ်ပုဒ်တလေကို ဆိုပြလိမ့်ဦးမည်ဖြစ်၏။ ယခင်တုန်းက ကဲ့သို့ . . . ဦးကျော်မြင့်ကလေးနှင့် တွေ့ဆုံလိုသူ၏အကြားတွင် သံဆူးကြိုး အကာအရံများ၊ သက်တော်စောင့်၊ လက်နက်ကိုင်များနှင့် သူ၏အတွင်းရေးအတွင်းဝန် ဦးတင်လှတို့သည်လည်း မရှိကြတော့ပေ။ သူ့အားသာမန်လူတစ်ယောက်ကဲ့သို့သာ တွေ့ရမည်ဖြစ်၏။ သူသည်လည်း သာမန်အကျဉ်းသားတစ်ဦးကဲ့သို့ နေထိုင်လျက်ရှိသည်ကိုသာတွေ့ရ၏။ ဘာမျှဟန်လုပ်ခြင်းမရှိ။ ဘဝတူ အကျဉ်းသားများနှင့် ရောထွေးသွားလာ၏။ ဆက်ဆံပေါင်းသင်း၏။

မြန်မာ့စာအုပ်တိုက်

ဝန်ကြီးဟောင်း ဦးကျော်မြင့်ကလေးနည်းတူ ရန်ကုန်ထောင်အတွင်းသို့ ရောက်ရှိလာခဲ့ကြသော အစိုးရအထက်တန်းအရာရှိကြီးများကိုလည်း တွေ့ဆုံခဲ့ရ၏။ ကျွန်တော့်အား ဖမ်းဆီးခြင်း ပြုခဲ့သော ရန်ကုန်ရဲမင်းကြီးဦးကျော်မြင့်သည် ရန်ကုန်ထောင်အပြင်ဘက်၌သာ ကျွန်တော့်အား ဖမ်းဆီးခဲ့သော်လည်း ရန်ကုန်ထောင်အတွင်း၌ကား ကျွန်တော်နှင့် မိတ်ဆွေဖြစ်ခဲ့၏။ သူသည် ပျဉ်းမနား၌ ရာဇဝတ်ဝန်ကြီးဘဝနှင့် အစိုးရတာဝန်ဝတ္တရားများကို ထမ်းရွက်ခဲ့ရစဉ်က ကျွန်တော်၏ မိတ်ဆွေများဖြစ်ကြသော ကွန်မြူနစ်ခေါင်းဆောင်များအား တိုက်ခိုက်နှိမ်နင်းခဲ့ရဖူးသည့် သူ၏စွန့်စားမှုများကိုပင် ရင်းရင်းနှီးနှီး ဖွင့်ဟပြောဆိုသွား၏။ ဘာမျှဖုံးကွယ် ဟန်လုပ်ခြင်းကား ဦးကျော်မြင့်ကြီး၌ ကျွန်တော်ရှာဖွေ၍ မတွေ့ခဲ့မိပေ။ သူသည်လည်း သာမန်လူတစ်ယောက်လို ဘဝတူအကျဉ်းသားများနှင့် ပေါင်းသင်းနေထိုင်သွားခဲ့၏။

ရဲမင်းကြီးဦးကျော်မြင့်ကဲ့သို့ပင် အစိုးရအထက်တန်း အရာရှိကြီးများဖြစ်ကြသော အတွင်းဝန် အိုင်စီအက်(စ်) ဦးကျော်သိန်း၊ ကူးသန်းရောင်းဝယ်ရေးခွန်မင်းကြီး ဦးဘတူ၊ မကွေးတိုင်းမင်းကြီးဟောင်း ဦးဘစိန်နှင့် တိရစ္ဆာန်ဆေးဝါကုသရေးဘက်ဆိုင်ရာမင်းကြီး မစ္စတာဘာတာချာဂျီ စသူတို့ကိုလည်း လူချင်းရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခွင့်နှင့် လေ့လာခွင့်များကိုရရှိခဲ့၏။ ရန်ကုန်ထောင်အပြင်ဘက်၌ ဤဧရာမပုဂ္ဂိုလ်ကြီးများသည် အဘယ်ကဲ့သို့သော အခမ်းအနားအဆောင်အယောင်များနှင့် နေထိုင်ကြသည်ကို ကျွန်တော် မသိရှိသော်လည်း ရန်ကုန်ထောင်ကြီးအတွင်း၌ကား ဘဝတူအကျဉ်းသားများအားလုံးနှင့် ပခုံးချင်းတိုးဖော့ရောထွေးကာ ရင်းရင်းနှီးနှီးပေါင်းသင်း ဆက်ဆံနေထိုင်သွားကြသည်ကိုသာတွေ့ရ၏။ သူတို့၏ အတွေ့အကြုံအများအပြားကို ကျွန်တော်သည် ကြားနာမှတ်သားခြင်းပြုခဲ့ရသကဲ့သို့ သူတို့၏ ပင်ကိုယ်သဘာဝများကိုလည်း ချဉ်းကပ်လေ့လာခွင့်ရခဲ့၏။

ဤကဲ့သို့သော ပုဂ္ဂိုလ်ကြီးများအပြင် ကျွန်တော်တွေ့ဆုံသိကျွမ်း၍ ရင်းနှီးခင်မင်ခွင့်ရရှိခဲ့သော ပုဂ္ဂိုလ်အများအပြားသည် ရှိသေး၏။ ရန်ကုန်ရဲအဖွဲ့ကြီး၏ လူဆိုးစာရင်းဝင် နာမည်ကြီးများဖြစ်ကြကုန်သော ဗိုလ်ထိန်ဝင်း၊ ဦးနီ၊ ကျော့ထွန်းလွင်စသောသူများကိုလည်းကောင်း ဣတိပိတော ခင်မောင်၊ ကြပ်ငွေး၊ မင်းညို၊ ကျင်စိန်နှင့် ဒေါက်အုန်းမောင်တို့ကိုလည်းကောင်း ကျွန်တော်သည် သူတို့၏ရှိရင်းစွဲ သဘာဝအတိုင်း တွေ့မြင်လေ့လာခွင့်ကိုရရှိခဲ့၏။ ရန်ကုန်ရဲအဖွဲ့ကြီးက ဤမိတ်ဆွေများကို ရန်ကုန်ထောင်ကြီး၏ အပြင်ဘက်ရှိ ဧရာမလူဆိုးကြီးများအဖြစ်ဖြင့် စာရင်းသွင်း သတ်မှတ်ထားစေခဲ့ကာမူလည်း ရန်ကုန်ထောင်အတွင်း၌ကား ထိုပုဂ္ဂိုလ်များအား အင်မတန် ခင်မင်စရာ၊ သနားစရာကောင်းသော လူသားများအဖြစ်ဖြင့်သာလျှင် ကျွန်တော်တွေ့မြင် လေ့လာလာခဲ့

ရ၏။ ရန်ကုန်ထောင် အုတ်ရိုးအပြင်ဘက်၌ အကြောင်းအမျိုးမျိုးကြောင့် သူတို့သည် တရားဥပဒေကို ချိုးဖျက်ကောင်းချိုးဖျက်ခဲ့ကြလိမ့်မည်။ သို့ရာတွင် ရန်ကုန်ထောင်၏ အုတ်ရိုးအတွင်း၌ကား ထိုလူသားများကို လူဆန်ဆန် လူပီပီသာ တွေ့မြင်ခဲ့ရ၏။

ထိုမျှသာလျှင် မကသေး။ တိုင်းပြည်၏ကောင်းစားရာ ကောင်းစာကြောင်းနှင့် တိုးတက်ရာ တိုးတက်ကြောင်းအတွက် ၎င်းတို့၏ ခံယူချက်များအတိုင်း လုပ်ဆောင်ရင်း ရန်ကုန်ထောင်ကြီးအတွင်းသို့ ရောက်ရှိနေကြရသော နိုင်ငံရေးခေါင်းဆောင်အများအပြားနှင့် ကျွန်တော်သည် တွေ့ဆုံသိကျွမ်းခွင့်၊ ခင်မင်ရင်းနှီးခွင့်နှင့် ၎င်းတို့အား လေ့လာနိုင်ခွင့်များကိုပါ ရရှိခဲ့သေး၏။ ထိုနိုင်ငံရေးခေါင်းဆောင်များထဲတွင် ဘကြီးဘဖေကဲ့သို့သော ပုဂ္ဂိုလ်ကြီးကအစ ကွန်မြူနစ်ပါတီမှ သခင်အုန်းမောင်၊ အလံနီပါတီမှ သခင်ဖေငြှေး၊ ပြည်သူ့ရဲဘော်အဖွဲ့မှ ဗိုလ်စက်စိန်နှင့် ဗိုလ်မြင့်သိန်းစသော ပုဂ္ဂိုလ်များလည်း ပါဝင်၏။ ယခင် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဂဠုန်ဦးစော လုပ်ကြံသတ်ဖြတ်ခြင်းပြုစဉ်က မှားယွင်းပါဝင်မိခဲ့ကြသော ကိုခင်မောင်ရင်၊ ကိုသုခနှင့် ကိုနီစသောပုဂ္ဂိုလ်များနှင့်လည်း ကျွန်တော်သည် တွေ့ဆုံရင်းနှီးခွင့် လေ့လာခွင့်များကို ရရှိခဲ့သေး၏။

ရက်ပေါင်း (၁၅၆၈)ရက်မျှ ရန်ကုန်ထောင်ကြီးအတွင်း၌ နေထိုင်ကုန်လွန်လာခဲ့ရသည့် အချိန်ကာလအတွင်း ကျွန်တော် တွေ့ဆုံသိကျွမ်းခွင့်နှင့် လေ့လာခွင့်ရရှိခဲ့သော ဘဝဟူလူသားများ၏ အကြောင်းကို ကျွန်တော်သည် ရေးသားဖော်ပြခြင်း ပြုလို၏။ ကျွန်တော်နှင့် အရင်းနှီးဆုံး လူသားတစ်ဦးဖြစ်သော အညတြအောင်သန်း၏အကြောင်းကိုကား ကျွန်တော်သည် ရန်ကုန်ထောင်မှ လွတ်မြောက်ခါစကပင် ရှုမဝမဂ္ဂဇင်း၌ ရေးသားဖော်ပြခဲ့ပြီးလေပြီ၊ သို့အတွက် ဖော်ပြသင့် ဖော်ပြထိုက်သော ဘဝတူများ၏အကြောင်းကား အများအပြားပင် ရှိနေသေး၏။ သို့ရာတွင် ရန်ကုန်ထောင်ကြီးအတွင်း၌ အသက်အရွယ်အားဖြင့်၎င်း၊ လူ့လောကအတွေ့အကြုံအားဖြင့်၎င်း၊ အရင့်ကျက်ဆုံးနှင့် အကြွယ်ဝအများပြားဆုံးဖြစ်သော ဘကြီးဘဖေ၏ အကြောင်းမှစတင်၍ ကျွန်တော်သည် မိမိလေ့လာတွေ့မြင်ခဲ့ရသမျှလောက်ကို ရေးသားဖော်ပြလို၏. . . ။ . . .

**ဗန်းမော်တင်အောင်**

---

၁၉၅၈ခု၊ အောက်တိုဘာလထုတ် ရှုမဝမဂ္ဂဇင်း အတွဲ (၁၂)၊ အမှတ် (၃၇)ပါ ဆရာဗန်းမော်တင်အောင်၏မှောင်မိုက်သောညများဆောင်းပါးမှ အပိုင်းတစ်ပိုင်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။ "သူပုန်ကြီး"၊ "ပြည်တော်သာခင်ခင်ဦး"၊ "အမေ" စသည့် စာအုပ် (၃)အုပ်နှင့်ပတ်သက်ပြီး အဖြစ်အပျက်များကို ဆက်စပ်နားလည်နိုင်စေရန် ရည်ရွယ်၍ ထိုဆောင်းပါး၏ တစ်စိတ်တစ်ပိုင်းကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာ့စာအုပ်တိုက်

ဗမာတစ်မျိုးသားလုံး လွတ်မြောက်ရေးအတွက် တိုက်ခိုက်ခဲ့ကြသော လင်၊ သား၊ မောင်ဖွားများ၏ နောက်ပိုင်းတွင် ဖြစ်သလို ကြံဖန်နေ၍ အငတ်ငတ်အပြတ်ပြတ်နှင့် ကူညီကာ အမျိုးမျိုး ပါရမီဖြည့် ခဲ့ကြရသော အမျိုးသမီးများအား အမေဝတ္ထုဖြင့် ရိုသေ လေးမြတ်စွာ ဦးညွှတ်ဂုဏ်ပြုပါ၏။

